


မောင်ထွန်းသူ

# တိုဘယာမြေ

# TOBACCO ROAD

Erskine Caldwell

ဒုတိယအကြိမ်

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၁၄၂/၂၀၀၁ (၂) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၅၀/၂၀၀၁ (၂) |
| မျက်နှာဖုံးဒီဇိုင်း | ကဇ၀ |
| ပုံနှိပ်သူ | ဦးကျော်ငွေမင်း<br>(၀၅၉၉၂)<br>အောင်သိန်းသန်းပုံနှိပ်တိုက်<br>၄၄၊ သိမ်ဖြူလမ်း<br>ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးအောင်ကြီး<br>ရွှေပုရပိုက်စာပေ<br>အမှတ် ၅၊ တင့်ဆန်းလမ်း၊ ဥတ္တလစ်<br>ဗဟန်းမြို့နယ်၊ ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ်<br>ဧပြီလ၊ ၂၀၀၁ ခုနှစ် |
| အုပ်ရေ | |
| တန်ဖိုး | |

# မြန်မာပြန်သူ၏ အမှာ

ကျွန်တော်မမေ့သေးပါ...။ ၁၉၆၁ ခုနှစ်က ဖြစ် သည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်ကဟု ပြောလျှင် ရနိုင်အုံ ထင်ပါသည်။ ထိုစဉ်က ကျွန်တော်တို့အိမ်ထောင်တွင် သားလေး တစ်ယောက်သာရသေးသည်။ မိသားစုသုံးယောက် ကျောက် ကုန်း ဖိုးရာဇာလမ်း၌ နေထိုင်လျက်ရှိကြသည်။ ထိုနှစ် ဇူလိုင်လ ထဲတွင် MRDC ခေါ် ဓာတ်သတ္တုပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း၌ ဘူမိဗေဒအရာရှိပေါက်စ ဖြစ်နေသော ကျွန်တော့် ညီသည် ထားဝယ်ခရိုင် ဟိန္ဒားသတ္တုတွင်း၌ တာဝန်ကျနေရာမှ ကျွန်တော့်ထံသို့ ရောက်လာသည်။

သူသည် ဟိန္ဒား၌ တာဝန်ကျနေစဉ်အတွင်း ငှက်ဖျား မိလာရာမှ ထားဝယ်ဆေးရုံသို့ ရောက်သွားသည်။ ဆေးရုံ၌ ဆေးအလုံးပေါင်းမြောက်များစွာ ထိုးရာမှ နောက်ဆုံးတွင် အင်ဂျက်ရှင်းအက်ဘ်ဆက် Injection Abscess ဖြစ်ကာ ဆေးရုံတွင် လနှင့်ချီ၍နေခဲ့ရ၏။ ထို့နောက် ခွင့်နှစ်လရသဖြင့် ကျွန်တော့်ထံရောက်လာခြင်း ဖြစ်လေသည်။

ကျွန်တော်တို့တွင် ညီအစ်ကိုနှစ်ယောက်ထဲ ရှိသဖြင့် တစ်ယောက်ကိုတစ်ယောက် အလွန်တွယ်တာကြသည်။ ဝါသနာ ချင်းကလည်း တူကြသည်။ သူသည် ဘူမိဗေဒအရာရှိဘဝဖြင့် နယ်တွင်အနေများသူ ဖြစ်သော်လည်း တစ်ခါတရံ အလုပ်ကိစ္စဖြင့် ကြုံရာကျရာမှ ရလာတတ်သော စာအုပ်များ ပါလာတတ်၏။ ကျွန်တော့်အတွက် ယူလာခြင်းဖြစ်သည်။

ယခုတစ်ခေါက်လည်း သူ့တွင်စာအုပ် ရှစ်အုပ် ကိုးအုပ် ခန့်ပါလာသည်။ ထိုအထဲမှ ကျွန်တော်ကြိုက်လိမ့်မည်ဟု ယူဆ ထားသော စာအုပ်သုံးအုပ်ကို တစ်သီးတခြား ပြောပြသည်။ သုံးအုပ်စလုံးမှာ အမေရိကန်စာရေးဆရာ **'အာစကင်းကော့ဒ်ဝဲလ်'**[၁]၏ စာအုပ်များဖြစ်သည်။ တစ်အုပ်မှာ **'အာစကင်းကော့ဒ်ဝဲလ်၏ ဝတ္ထုတိုပေါင်းချုပ်'**[၂] ဖြစ်၍ ကျန်နှစ်အုပ်မှာ **'ဘုရားမြေ'**[၃] ဝတ္ထုနှင့် **'ဆေးရွက်ကြီးလမ်း'**[၄] ဝတ္ထုများဖြစ်သည်။ထိုသုံးအုပ် စလုံးကို ကျွန်တော်ကြိုက်လိမ့်မည်ဟု သူတွက်ထားသည်။

သူယူလာသည့်အထဲမှ ကျွန်တော် အတော်သဘော ကျနေသည့် စာအုပ်မှာဝတ္ထုတိုပေါင်းချုပ်ဖြစ်၏။ ပုဒ်ရေ မည်မျှ ပါသည်ကို အတိအကျ မမှတ်မိသော်လည်း ကျွန်တော့်စိတ်ထင် အနည်းဆုံး အပုဒ် ၃၀ တော့ ကျော်လိမ့်မည်ဟု ယူဆသည်။ အမေရိကန်တောင်ပိုင်း ပြည်နယ်များမှ လက်လုပ် လက်စားများ၊ ယာသမားများ၊ ခြေသလုံးအိမ်တိုင်လုပ်ကာ ခြေဦးတည့်ရာ လျှောက်သွားနေကြသူများတို့၏ ဘဝများကို သရုပ်ဖော်ထား သော ဝတ္ထုတိုများဖြစ်သည်။

သူ့ဝတ္ထုတိုများထဲမှ ဇာတ်ကောင်များသည် အလွန် အောက်တန်းကျသည့် ဆင်းရဲသား နင်းပြားတွေဖြစ်သည်။

---

၁။ Erskine Caldwell
၂။ The Coomplete Short Stories of Erskine Caldwell.
၃။ God's Little Aere
၄။ Tobacco Road

စာမတတ်ပေမတတ်နှင့် အသိဉာဏ်ဗဟုသုတ မရှိသလောက် နည်းပါးသည့် လူ့အနွံနှင့် လူ့ငတုံးများဖြစ်၏။ အများအားဖြင့် သူ့ဇာတ်ကောင်များသည် တောင်ပိုင်းသားများဖြစ်သည်။ ဂျော်ဂျီယာပြည်နယ်သူ ပြည်နယ်သား လူဖြူများနှင့် ကပ္ပလီကျွန် များသည် အများဆုံးဖြစ်၏။

သူ့ဝတ္ထုတိုများမှာ အသောအထေ့ကို အသားပေး သော ဝတ္ထုတိုများဖြစ်၍ ပြုံးရရယ်ရသည်။ တစ်ခါတရံတွင် သနားစရာကောင်းအောင် ရေးဖွဲ့ထားသည့်ကြားမှပင် ပြုံးရ ရယ်ရ သည့် အဖြစ်များနှင့် ကြုံရတတ်၏။ သူ့ဇာတ်ကောင်များထဲတွင် သူခိုးလည်းပါသည်။ ဓားပြတွေလည်းပါသည်။ သူခိုးဟုဆိုရာ၌ ထဘီသူခိုးမှသည် ကြက်သူခိုး မြင်းသူခိုးအထိပါသည်။ သူတွေ့ခဲ့ ရသည့် လူလိမ်–လူညာ–လူ့မသမာများမှာလည်း အမျိုးစုံလှ သည်။ ယင်းအထဲတွင် မိန်းမရှင်တွေလည်းပါ၏။ လင်တွေ ဟောတစ်ယောက်–ဟောတစ်ယောက် ထည်လဲနှင့်ယူနေသော အကျင့်ပျက် မိန်းမတွေလည်းပါ၏။သူ့လက်ရာများမှာ နှစ်သက် စဖွယ်ကောင်းသော ဝတ္ထုတိုများဖြစ်၍ ကျွန်တော်များစွာ နှစ်သက် စွဲလန်းရပါသည်။

ကျန်နှစ်အုပ်တွင် နှစ်အုပ်စလုံးသည် ဝတ္ထုရှည်များ ဖြစ်၏။ ပထမတစ်အုပ်မှာ ၁၉၃၂ ခုနှစ်က ရေးသားခဲ့သော ဝတ္ထုဖြစ်၍ ဂျော်ဂျီယာပြည်နယ်တွင်းရှိ ဖာဂျီးနီးယား ဆေးရွက် ကြီးများ စိုက်ပျိုးနေကြသော ယာသမားတို့၏ ဒုက္ခမျိုးစုံနှင့် ပြဿနာမျိုးစုံကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဤစာအုပ်သည် စာရေးဆရာ အာစကင်းကော့ဒ်ဝဲလ်အား အကြီးအကျယ် အောင်မြင်မှုရစေခဲ့သည်ဟု ဆိုသည်။ သူ၏ ဤဝတ္ထုကို နယူးယောက်မြို့ရှိ ကမ္ဘာကျော် ဘရော့ဒ်ဝေးဇာတ်ရုံ၌ ပြဇာတ် အဖြစ် စင်တင်ခဲ့ရာ (၇) နှစ်နီးပါးမျှ ဆက်တိုက်ကပြခဲ့ရ သည်ဟု ဆိုကြသည်။

ဒုတိယအုပ်ဖြစ်သော God's Little Aere သို့မဟုတ် 'ဝတ္ထုကမြေ' သို့မဟုတ် 'ဘုရားမြေ'ဝတ္ထုမှာ ၁၉၃၃ ခုနှစ်တွင် ရေးခဲ့ခြင်းဖြစ်သည်။ ထိုစာအုပ်မှာလည်း များစွာရောင်းရသော စာအုပ်အဖြစ် ထင်ရှားကျော်ကြားခဲ့သည်။ ဤဝတ္ထု၏ အဓိက ဇာတ်ကောင် တီတီသည် ရွှေတွင်းရူး–ရူးနေသူဖြစ်သည်။ တီတီသည် သူပိုင်မြေများပေါ်၌ ရွှေတွင်းတူးလျှင် မလွဲမသွေ ရွှေရ လိမ့်မည်ဟု အစွဲရှိနေသူဖြစ်လေသည်။

ထိုအစွဲကြောင့် သူသည် သူ့သားသမီးများကိုပါ ရွှေတွင်းတူးရန် အားပေးလျက်ရှိသည်။ တစ်ဖက်တွင်လည်း ဘာသာရေးကိုင်းရှိုင်းသူဖြစ်သည့် အားလျော်စွာ သူ့မြေတစ်ဧက ကို ဘုရားကျောင်းမြေအဖြစ် လှူဒါန်းခဲ့၏။ ထိုမြေပေါ်တွင်မူ သူသည်ရွှေမတူးပဲ ထားရုံမျှမက သူကိုယ်တိုင် အမြဲတစေ သန့်ရှင်းရေးလုပ်ပေးသည်။ အာစကင်းကော့ဒ်ဝဲသည် တီတီအား အဓိကထားကာ သူ့ပတ်ပတ်လည်တွင် ဇာတ်ကောင် အများ အပြားကို မွေးခဲ့သည်။

ဤဝတ္ထုတွင် သူ့ဇာတ်ကောင်များ၏ အသိပညာ ကင်းမဲ့မှုများ၊ မသိနားမလည်မှုများ၊ ရက်စက်ဆိုးသွမ်းမှုများ၊ ကောက်ကျစ်မှုများကို အညာအတာကင်းမဲ့စွာဖြင့် ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ရေးဖွဲ့ထားသည်။ အမေရိကန် စာပေပညာရှင် အများ စုကမူ ဤဝတ္ထုဇာတ်လမ်းနှင့် အရေးအသားကို လူကြိုက်များလှ ပေသည်ဟု မှတ်ချက်ချခဲ့ကြ၏။ သို့သော်လည်း အချို့ကမူ ရုန့်ရင်းကြမ်းတမ်းလွန်းလှသည်ဟု ဝေဖန်ကာ နှာခေါင်းရှုံ့ကြ သည်။ ကျွန်တော့်အနေဖြင့်မူ (ကျွန်တော့်ညီ ကြိုတင်တွက်ဆ ထားသည့်အတိုင်း) သူယူလာခဲ့သော စာအုပ်များထဲမှ ဤဝတ္ထုကို သာမက အားစကင်းကော့ဒ်ဝဲလ်၏ လက်ရာအားလုံးကို ကြိုက် နှစ်သက်ခဲ့သည်ဖြစ်ရာ သူ့အထင် မှန်သည်ဟု ဆိုရမည်ဖြစ်ပါ သည်။

၁၉၈၅ ခုနှစ်တွင်ဖြစ်၏။ ၁၉၆၁ ခုနှစ်မှစတင် ရေတွက်မည်ဆိုပါက နှစ်ပေါင်းနှစ်ဆယ်ကျော်၍ လေးနှစ်ပင် ရှိန်းခဲ့လေပြီ၊ ထိုအချိန်ကာလအတွင်း ကျွန်တော့်ဘဝသည် သိသိ သာသာကြီး ပြောင်းလဲသွားခဲ့သည်။ ကျွန်တော်သည် ဝန်ထမ်း ဘဝမှ လွတ်မြောက်ခဲ့ရပြီ၊ ကိုယ်လုပ်ချင်သော စာရေးဆရာ အလုပ်ကိုလည်း တတ်အားသရွေ့ လုပ်နိုင်နေပြီ။ ဤအချိန်တွင် စာဖတ်ပရိသတ်ကလည်း အထိုက်အလျောက် အသိအမှတ် ပြုလာပြီဖြစ်၍ ကိုယ်ကြိုက်သော စာအုပ်ကလေးများကို ပြန်ဆို၍ ရနေပြီ။

ထိုအချိန်တွင် ကျွန်တော်သည် ဘာသာပြန် စာရေး ဆရာတစ်ယောက်အနေဖြင့် ကမ္ဘာကျော်နိုဗယ်ဆုရ အမေရိကန် စာရေးဆရာကြီးဖြစ်သော **'ဂျွန်စတိန်းဘက်**[1]**'** ၏ **'ဒေါသမာန်**[2]**'** **'တို့ပိုင်တဲ့မြေ**[3]**'** နှင့် **'တို့ဘဝတို့ကမ္ဘာ**[4]**'** စသော ဝတ္ထုများကို ဘာသာပြန်ဆိုပြီးခဲ့ပြီ။ အားလုံးကို စာဖတ်ပရိသတ်က နှစ်သက် လက်ခံခဲ့သဖြင့် ကျွန်တော့်အနေဖြင့် များစွာမှပင် ဝမ်းမြောက် ဝမ်းသာ အားတက်ခဲ့ရပါသည်။

ဂျွန်စတိန်းဘက်၏ 'ဒေါသမာန်'သည် စနစ်၏မှားယွင်း မှုကြောင့် ဖရိုဖရဲ ပြိုကွဲပျက်စီးသွားခဲ့ရသော၊ လယ်ယာလုပ်ငန်းခွင် မှ ထွက်ခွာလာခဲ့ရသော လယ်သမားမိသားစု ဘဝကို ဖော်ပြ သည်။ အလုပ်အကိုင်မရှိဖြစ်ကာ၊ လမ်းပေါ်ရောက်လာခဲ့ရသော မိသားစုသည် မိမိတို့၏ဘဝ ပြန်လည်တည်ငြိမ်ရေးအတွက် ရုန်းကန်လှုပ်ရှားကြသည်။ သို့သော်လည်း သူတို့လိုလားသည့် ပုံစံအတိုင်းဖြစ်မလာဘဲ၊ ကစင့်ကလျားဖြစ်ကာ ဒုက္ခပေါင်းစုံနှင့် ရင်ဆိုင်ခဲ့ကြရ၏။ ယင်းအချက်ကို မီးမောင်းထိုးပြသော ဝတ္ထု သည် 'ဒေါသမာန်' ဝတ္ထုပင်ဖြစ်ပေသည်။

---

၁။ John Steinbeck
၂။ The Grapes of Wrath
၃။ Of mice and Men
၄။ Tortilla Flat

'တို့ပိုင်တဲ့မြေ' မှာ လယ်ယာလုပ်ငန်းခွင်၌ အခြေချ၍ မရတော့သဖြင့် ခြေသလုံးအိမ်တိုင် ဖြစ်လာခဲ့ရသော လယ်ယာလုပ်သားနှစ်ဦး၏ ကြေကွဲဖွယ်ရာဘဝကို ရေးဖွဲ့ထားသည်။ 'တို့ဘဝ တို့ကမ္ဘာ' မှာမူ လောကတွင် မည်သည့်အရာကိုမှ အလေးအနက်မထားသော လူတစ်စု၏ဘဝကို နားလည်ခွင့်လွှတ်သော အမြင်ဖြင့် ရေးဖွဲ့ထားခြင်းဖြစ်၏။

ဤဝတ္ထုများကို ဖတ်ရသောကျွန်တော်သည် ၁၉၆၁ ခုနှစ်က ဖတ်ခဲ့ရသော Tobacco Road နှင့် God's Little Aere ဝတ္ထုများကို သတိရမိပါသည်။ ယင်းနှစ်အုပ်အနက် Tobacco Road သည် ကျွန်တော်ရော ကျွန်တော့်ညီပါ ပို၍ သဘောကျခဲ့သော ဝတ္ထုဖြစ်သည်။ ဤဝတ္ထုသည် မြေအပေါ်တွင် သံယောဇဉ်ကြီးရုံမျှမက မြေအပေါ်တွင် ယုံကြည်စိတ်ချမှု အလွန်ကြီးမားသော ယာသမားမိသားစု၏ဘဝကို ရေးပြထားသော ဝတ္ထုဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ တောင်ပိုင်းသားနှင့် မြောက်ပိုင်းသားတို့သည် တစ်မြေတည်းနေ၍ တစ်ရေတည်းသောက် နေကြသည်မှာ မှန်သော်လည်း အခြေစိုက်နေထိုင်ခဲ့ကြရသည့် နယ်မြေဒေသနှင့် ပတ်ဝန်းကျင်တို့သည် တစ်ထပ်တည်း တူညီကြသည် မဟုတ်ပေ။ လူများဖြစ်သည့်အလျောက် လူ့အခြေခံ သဘောသဘာဝများသည် တူညီကြသော်လည်း နေထိုင်မှု ဘဝနှင့် အကျင့်စရိုက်များတွင်မူကား သိသာထင်ရှားစွာ ကွဲပြားခြားနားလေသည်။

တကယ်တော့ ယင်းကွဲပြားခြားနားမှုများသည် သဘာဝကျသော ကွဲပြားခြားနားမှုများဟု ကျွန်တော်ထင်ပါသည်။ ယင်းကွဲပြားခြားနားမှုများကို 'ဂျွန်စတိန်းဘက်'၏ ဝတ္ထုတွင်ရော ... အာစကင်းကော့ဒ်ဝဲလ်၏ ဝတ္ထုများ၌ပါ ကျွန်တော်တို့ တွေ့မြင်ကြရသည်။ မတူညီသော ပတ်ဝန်းကျင် အခြေအနေအရ မတူညီသော အယူအဆနှင့် အတွေးအမြင်များ ဖြစ်ပေါ်တည်ရှိလာခြင်းဖြစ်ရာ ယင်းတို့ကို တစ်ထပ်တည်းဖြစ်အောင် လုပ်ရမည်ဟူသော မူဝါဒဖြင့် အတင်းဆွဲစေ့နေပါမူကား ရူးမိုက်ခြင်းသာ ဖြစ်ဖွယ်ရာရှိသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော် Tobacco Road ကို ဒုတိယအကြိမ် ပြန်ဖတ်သည်။ ၁၉၆၁ ခုနှစ်က ရရှိခဲ့သော စိတ်နှင့် ပတ်ဝန်းကျင်အရ ဖတ်ခြင်းမဟုတ်ပါ။ ထိုအခါ ဟိုတုန်းကနှင့် မတူသော အတွေးများ၊ အမြင်များနှင့် အယူအဆများသည် ဖြစ်ပေါ်လာသည်။ ကျွန်တော်ငယ်ငယ် စစ်ကြီးအတွင်းက လက်ပွန်းတတီး နေထိုင်ခဲ့ရဖူးသော မိတ္ထီလာခရိုင်၏ အနောက်ဘက်ဒေသမှ 'အနောက်ကုန်းသား'ဟု (ကျွန်တော့် အဖိုးအဖွားများက ခေါ်လေ့ရှိသောအမည်) ခေါ်သော ယာသမားမိသားစုများကို ပီပီပြင်ပြင် ပြန်၍မြင်ယောင်လာသည်။

သူတို့တတွေ၏ ကြမ်းတမ်းခက်ထန်သော ပတ်ဝန်းကျင်၊ သူတို့တတွေ၏ အသိဉာဏ်ဗဟုသုတ ကင်းမဲ့သော အတွေးအမြင်နှင့် ကြမ်းတမ်းလွန်းလှသော ရုန်းကန်လှုပ်ရှားမှု ဘဝ စသည်တို့သည် ကျွန်တော့်ရင်ကိုသာမက ဦးနှောက်ကိုပါ ရိုက်ခတ်လာသည်။ ၁၉၆၁ ခုနှစ်က Tobacco Road ဝတ္ထုအပေါ်၌ ထားရှိခဲ့သော သဘောထားအမြင်များနှင့် မတူညီသော အမြင်များသည် တည်ရှိလာသည်။ ဤသို့ဖြင့် ကျွန်တော်သည် Tobacco Road အား ၁၉၈၅ ခုနှစ် ဇွန်လတွင် မြန်မာဘာသာသို့ ပြန်ဆိုဖြစ်ခဲ့သည်။ Tobacco Road ဟူသော အမည်ကိုလည်း 'တို့ယာမြေ' ဟု အမည်ပေးခဲ့လေသည်။

■

'တို့ယာမြေ' ဖြင့် နာမည်ကြီးခဲ့သော စာရေးဆရာ အာစကင်းကော့ဒ်ဝဲသည် အမေရိကန်တောင်ပိုင်း ဂျော်ဂျီယာပြည်နယ်တွင် မွေးဖွားခဲ့သည်။ သူသည် ဂျော်ဂျီယာတွင် မွေးဖွားခဲ့

သော်လည်း ထိုပြည်နယ် တစ်ပြည်နယ်တည်းသာ နေထိုင်ခဲ့ရသည်မဟုတ်။ ဖခင်ဖြစ်သူ သင်းအုပ်ဘုန်းကြီးနှင့်အတူ ဖလော်ရီဒါ၊ အတ္တလန္တိတ်နှင့် မစ်ဆစ်စပီ စသော ပြည်နယ်များ၌ပါ လှည့်လည် နေထိုင်ခဲ့ရသူဖြစ်၏။

ကော့ဒ်ဝဲ၏ ဖခင်မှာ နယ်လှည့်သင်းအုပ်ဆရာတစ်ဦးဖြစ်သည့်အားလျော်စွာ တစ်ပြည်နယ်မှ တစ်ပြည်နယ်၊ တစ်မြို့မှ တစ်မြို့သို့ အမြဲတစေ ရွှေ့လျားသွားလာနေရသူ ဖြစ်သည်။ တစ်နေရာတွင် ခြောက်လထက်ပို၍ နေထိုင်ရသည်မရှိပေ။ ဖခင်နောက်မှ တစ်ကောက်ကောက်လိုက်နေရသော ကော့ဒ်ဝဲသည် ဒေသန္တရဗဟုသုတကို များစွာရရှိခဲ့၏။ သူ့ဘဝသည် နေရာအတည်တကျမရှိသည့် ခြေသလုံးအိမ်တိုင်သမားတစ်ဦး၏ ဘဝမျိုး ဖြစ်လေသည်။

ကော့ဒ်ဝဲ၏ ငယ်ဘဝသည် ဂျွန်စတိန်းဘက်နှင့် တူသယောင်ယောင်ရှိသည်။ သူသည် ရောက်လေရာအရပ်ဒေသတွင် ကြုံရာကျရာ အလုပ်ပေါင်းစုံကို လုပ်ကိုင်ခဲ့သူဖြစ်၏။ ထမင်းချက်၊ သက်တော်စောင့်၊ မြင်းလှည်းသမား၊ ကုန်တင်ကုန်ချ အလုပ်သမား၊ စတိုးဆိုင်စာရေး၊ သတင်းစာပို့လုလင်၊ ကြေးစားဘောလုံးသမား၊ စစ်သတင်းထောက်၊ စားပွဲထိုး၊ ဇာတ်ညွှန်းရေးဆရာ၊ အယ်ဒီတာ စသည်ဖြင့် အလုပ်မျိုးစုံကို လုပ်ကိုင်ခဲ့ဖူးသည်။ တစ်နေရာတည်းတွင် နှစ်ကာလကြာရှည်စွာ မနေခဲ့ရသော ကော့ဒ်ဝဲသည် အိမ်ထောင်လေးဆက်မျှ ကြုံခဲ့ရလေသည်။

၁၉၃၂ ခုနှစ်တွင် ရေးသားခဲ့သော Tobacco Road သို့မဟုတ် 'ဂိုးယာမြေ'သည် အာစကင်းကော့ဒ်ဝဲအား အကြီးအကျယ် အောင်မြင်စေခဲ့သော စာအုပ်ဖြစ်၏။ ထို့နောက် ၁၉၃၃ ခုနှစ်တွင် 'ဝတ္ထုကမြေ' သို့မဟုတ် God's Little Aere ထွက်လာခဲ့ရာ ယင်းစာအုပ်မှာလည်း အကြီးအကျယ် လူကြိုက်များသော စာအုပ်ပင်ဖြစ်ခဲ့သည်။

ထိုစာအုပ်ဖြင့် နာမည်တက်နေစဉ် အတွင်းမှာပင် အာစကင်းကော့ဒ်ဝဲသည် သူ့အတွေ့အကြုံများကို အခြေပြုသည့် ဝတ္ထုတိုအများအပြားကို ရေးသားခဲ့သည်။ အထေ့အငေါ့ဖြင့် ဘဝကိုပြက်ရယ်ပြုတတ်သော ကော့ဒ်ဝဲ၏လက်ရာ ဝတ္ထုတိုများသည် လူအများအတွက် ပြုံးရရယ်ရသော ဝတ္ထုများ ဖြစ်သဖြင့် များစွာမှပင် ထင်ရှားကျော်ကြားခဲ့လေသည်။

ကော့ဒ်ဝဲ၏ နောက်ပိုင်းလက်ရာများသည် လူကြိုက်များသည်ချည်းဖြစ်၏။ သူ၏ 'ဂျော်ဂျီယာသား (၁၉၄၃)[၁]' နှင့် 'ကြေကွဲစရာမြေ (၁၉၄၄)[၂]' တို့သည်လည်းကောင်း 'ဒါလား... ကွ...အမေရိက[၃]' နှင့် 'အမေရိကတစ်ခွင် လှည့်လည်ခဲ့စဉ်က[၄]' စသော စာအုပ်များသည်လည်းကောင်း များစွာနာမည်ကြီးသည်။ ယင်းတို့အနက် နောက်ဆုံးနှစ်အုပ်သည် အမေရိကန်လူမျိုးတို့၏ ကောင်းသောအကျင့်စရိုက်နှင့် မကောင်းသော အကျင့်စရိုက်များကို ဝေဖန်သုံးသပ် တင်ပြထားသော စာအုပ်များဖြစ်၍ အမေရိကန်တို့အတွက်သာမက အမေရိကန်တို့အပေါ် စိတ်ဝင်စားသော အခြားနိုင်ငံသားများ အတွက်ပါ အလွန်စိတ်ဝင်စားစရာကောင်းသောစာအုပ်များ ဖြစ်လေသည်။

ကော့ဒ်ဝဲသည် စာရေးရာ၌ ရဲရင့်ပြတ်သားသည် ပွင့်လင်းရိုးစင်းသည်။ အရှိကိုအရှိအတိုင်း ပီပြင်အောင် ရေးဖွဲ့လေ့ရှိ၏။ အထူးသဖြင့် လူဖြူများက လူမဲများအပေါ် နိုင်လိုမင်းထက်ပြုခြင်းများကို မညှာမတာ ဖော်ပြလေ့ရှိသည်။ အမေရိကန်တို့၏ အားနည်းသူကို ကူညီချင်တတ်သော စရိုက်များ၊ အရုပ်ဆိုးအကျည်းတန်သည့် အကျင့်များ၊ လူတို့၏ ဖောက်ပြန်တတ်သော သဘာဝများကို ဖော်ပြရာ၌ ပေါ်လွင်အောင် ဖော်ပြ

---

၁။ Georgia Boy - 1943
၂။ Tragic Ground - 1944
၃။ Say is thene the U.S.A.
၄။ Around About America

တတ်သော စာရေးဆရာဖြစ်လေသည်။

■

'တို့ယာမြေ' သည် အမေရိကန်နိုင်ငံ တောင်ပိုင်းသားယာသမားတို့၏ ၁၉၃၀ ပြည့်လွန်နှစ်များအတွင်းက ရင်ဆိုင်ဖြတ်သန်းခဲ့ကြရသည့် ပြဿနာပေါင်းစုံနှင့် ဒုက္ခပေါင်းစုံကို ရေးဖွဲ့ထားသော ဝတ္ထုဖြစ်သည်။ ဤဝတ္ထုတွင် အချစ်၊ အလွမ်းနှင့် စိတ်ကူးယဉ်စရာများကို တွေ့ရလိမ့်မည် မဟုတ်ပါ။ လူ့သဘာဝအလျောက် ပေါ်ပေါက်တည်ရှိလာသည့် ရမက်ဆန္ဒများအကြောင်းကိုတော့ တွေ့ကောင်းတွေ့ကြရလိမ့်မည် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ တို့ယာမြေသည် မြေကိုချစ်သော၊ မြတ်နိုးသော၊ သံယောဇဉ်ကြီးသော၊ အလွန်ယုံကြည်စိတ်ချလျက်ရှိသော ယာသမားတို့၏ဘဝကို ရေးဖွဲ့ပြသော ဝတ္ထုဖြစ်သည်။ မြေမှရရှိသော အကျိုးကောင်းများနှင့် ဒုက္ခများကြား၌ အပြင်းအထန် ရုန်းကန်လှုပ်ရှားနေရသည့် သူတို့၏ ဘဝကို ဖော်ပြသော ဝတ္ထုဖြစ်၏။ သို့ဖြစ်ရာ နိုင်ငံတကာရှိ ယာသမားများအဖို့ 'တို့ယာမြေ'မှ သင်ခန်းစာများသည် (တစ်နည်းမဟုတ် တစ်နည်းအားဖြင့်) အကျိုးပြုနိုင်ဖွယ်ရာရှိသည်ဟု ထင်ပါသည်။

မောင်ထွန်းသူ

၁၊ အောက်တိုဘာ၊ ၂၀၀၀

# ကြော်ငြာ

**စာရေးဆရာတစ်ယောက်အနေဖြင့် လွန်ခဲ့သော ဆယ်နှစ်ခန့်က မိမိရေးခဲ့သည့် ဝတ္ထုတစ်ပုဒ်ဘယ်လိုက စပြီးရေးဖြစ်သွားသည်ကို ပြန်၍စဉ်းစားရသည်မှာ ကြည်နူးစရာကောင်းလှသည်၊ အထူးသဖြင့် 'တို့ယာမြေ'ဝတ္ထု ပေါက်ဖွားလာရခြင်း၏ အစကိုပြန်၍ စဉ်းစားဆင်ခြင်ရသည်မှာ အလွန်လွယ်ကူပြီး ရိုးရိုးစင်းစင်း ရှိလှပါသည်၊**

**ဂျော်ဂျီယာပြည်နယ်၏ ပူပြင်းလှသော နွေလယ်ရာသီ၏ နေ့တစ်နေ့တွင် ကျွန်တော်သည် အလွန်ဖုန်ထူပြီး ဘေးတစ်ဖက်တစ်ချက်မှ ပေါင်းပင်မြက်ပင်များ အနှံ့အပြားသတ်ထားသည့် လှည်းလမ်းကြောင်းကြီးထင်နေသော လမ်းမကြီးပေါ်တွင် လျှောက်သွားလျက်ရှိသည်၊ ဤနေရာသည် ကျွန်တော်၏ မွေးရပ်ဇာတိဖြစ်ပါ၏၊ ရေတိုက်စားထားသော ရွှံ့စေးမြေကုန်းတန်းများနှင့် သစ်ပင်၊ ဝါးပင် မပေါက်နိုင်သည့် သဲမြေဆန်သော တောင်ကုန်းများထူထပ် ပေါများရာနယ်မြေဖြစ်၍ ဘဝတစ်လျှောက်လုံး ကျွန်တော် တရင်းတနှီးသိကျွမ်းလာခဲ့သောမြေ ဖြစ်ပါ၏၊**

ကျွန်တော်၏ ဝဲယာပတ်ပတ်လည်တွင် ကြီးထွားဖွံ့ဖြိုးခြင်း ထင်းသော ကြံ့လုံသေးကွေးပြီး မညီမညာမသပ်မရပ် နိုင်လွန်းလှသော ဝါးပင်များသည် အဆီအနှစ် ပျက်ပြုန်းကုန်ခန်းနေသည့် မြေပေါ်၌ရှင်သန်ရပ်တည်နိုင်ရန် အားထုတ်ရုန်းကန်လျက်ရှိကြပါသည်။

တဖြည်းဖြည်းချင်း ပျက်သုန်းတိမ်ကောနေသည့် ယာမြေများဖြစ်ပါ၏။

ထိုယာမြေများ၏ တစ်ဖက် မလှမ်းမကမ်းတွင်နေအိမ်အများအပြား တည်ရှိပါသည်။ အိမ်များမှာအငှားချ၍ စားသောအိမ်များဖြစ်၍ မြင်မကောင်းအောင်ပင် စုတ်ချာနေကြသည်။ မပြင်မဆင်ဘဲ ပစ်ထားခဲ့သည်မှာ ကြာပြီဖြစ်၍ ပျက်စီးယိုယွင်းနေကြလေပြီ။ နှစ်ခန်းတွဲ သစ်သားအိမ်များဖြစ်၍ အောက်ခံဆင့်များကမနိုင်တော့သဖြင့် ခေါင်မိုးများသည်အောက်ဘက်သို့ အိကာပိကျနေလေပြီ။ အဆောက်အအုံများ၏ ပတ်ပတ်လည်တွင်မူ လူများသည် အစုလိုက်အပြုံလိုက် ရှိနေကြသည်။ ကလေးများသည် သဲများပေါ်တွင် ကစားနေကြ၏။ လူငယ်လူရွယ် အမျိုးသားအမျိုးသမီးများသည် အိမ်များ၏ဘေးတွင် မှီ၍ရပ်နေကြသည်။ သက်ကြီးရွယ်အိုများကတော့ ထိုင်နေကြသည်။ လူတိုင်းသည် ဝါသီးများရင့်မှည့်ပြီး ပွင့်လာမည့်အချိန်ကို စောင့်မျှော်နေကြခြင်းဖြစ်ပါသည်။

သူတို့သည် ဝါအပေါ်တွင် ယုံကြည်စိတ်ချမှု အပြည့်အဝရှိနေကြဆဲဖြစ်သည်။ တချို့လူများဘုရားသခင်ကို ယုံကြည်ကြသည့်နည်းတူ သူတို့သည် ဝါကိုယုံကြည်စိတ်ချနေကြသည်။ သူတို့သည် သူတို့အမှီပြုရာ မြေကြီးနှင့် ထိုမြေကြီးထဲမှ ပေါက်လာသောအပင်များအပေါ်တွင် ယုံကြည်စိတ်ချနေကြသည်။

မနှစ်က ဤမြေ၏အရှုံးလုပ်ခြင်းကို သူတို့ခံခဲ့ရပြီးပြီ။ ဟိုအရင့်အရင်ကလည်း နှစ်ပေါင်းများစွာ အရှုံးလုပ်ခြင်းကို ခံခဲ့ရဖူးပြီ။ သို့သော်လည်း သူတို့သည် ဤမြေပေါ်၌ မိုးရေ အလုံ



အလောက်ရကာ ဝါပင်များပေါက်လာပြီး ဝါသီးများသီး၍ ဝါပွင့်များ ဖွေးဖွေးလှုပ်မျှပွင့်လာသဖြင့် ပြီးပြီးပြက်ပြက်နှင့် အရောင်တလက်လက် ထွက်နေလိမ့်မည်ဟု အခိုင်အမာ ယုံကြည်နေကြဆဲဖြစ်ပါ၏။

ကျွန်တော် ဤလမ်းပေါ်တွင် လွန်ခဲ့သော ဆောင်းဦးပေါက် အချိန်က တစ်ကြိမ်လျှောက်ခဲ့ဖူးပြီ။ ဤအနီးအနား တစ်ဝိုက်၌ ရပ်ကာ ဤမြေကွက်များကို ကြည့်ခဲ့ဖူးပြီ။ အရင့်အရင်ကလည်း အကြိမ်ပေါင်းများစွာလျှောက်ခဲ့ဖူး၊ ကြည့်ခဲ့ဖူးပြီး ကျွန်တော်ရောက်ခဲ့သည့် ဆောင်းဦးပေါက်ပေါင်း မည်မျှရှိခဲ့သည်ကိုပင် ကျွန်တော်မမှတ်မိတော့ပါ။ ဤမြေပေါ်မှ မိမိအတွက် ဝမ်းဝပြီးခါးလှအောင် ဝါအလုံအလောက်ကောက်၍ ရသည့်လူကိုလုံးဝ မတွေ့ဖူး မမြင်ဖူးခဲ့ပါ။

ရာသီဥတု ပူပူနွေးနွေးရှိသည့် နွေရာသီအချိန်နှင့် ဝါများပွင့်ရန် အားယူစပြုနေသည့် ဆောင်းဦးပေါက် အချိန်များတွင်မူ ဤနေရာ ဤဒေသ၌ အသက်မွေးဝမ်းကျောင်းပြုရသည်မှာ မခက်ခဲလှပါ။ လူတစ်ယောက်အနေဖြင့် သူ့ပတ်ဝန်းကျင်တွင် စားလို့ရသည့် အလေ့ကျပေါက် အရိုင်းသီးများအပြင် တစ်ခါတစ်ရံ ယုန်များကိုပင် အစဉ်အမြဲလိုလို ရှာဖွေရရှိတတ်သောကြောင့် သူ့ဘဝအတွက် အခက်အခဲ သိပ်မရှိလှဟုဆိုနိုင်သည်။

သို့သော်လည်း ဆောင်းဦးပေါက်ကာလ၊ ဆောင်းတွင်းကာလနှင့် နွေဦးပေါက်စောစောပိုင်း ကာလများတွင်မူ အခြေအနေကခြားနားလျက်ရှိသည်။ ဆောင်းဥတုအလယ်လောက်တွင် ကျွန်တော် ဤလမ်းမပေါ်၌ လျှောက်ခဲ့ဖူးသည်။ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ဆာလောင်မွတ်သိပ်နေသောလူများကို ကျွန်တော်မြင်တွေ့ခဲ့ရ၏။ သူတို့သည် ဘယ်ကိုသွား၍ ဘယ်လိုလာရမည်မသိ ဖြစ်နေကြသည်၊ အစားအစာနှင့် နွေးနွေးထွေးထွေးရှိမှုကို လိုက်လံရှာဖွေ နေကြခြင်းဖြစ်၏။ ဤကမ္ဘာလောကကြီးထဲ၌ အစားအစာနှင့် နွေးထွေးမှုဟူသော အရာများတည်ရှိနေသေးသည့် နေရာကို သိလိုစိတ်၊ တွေ့လိုစိတ်

မြင်းမြဲလျက် ရှိကြလေသည်။

သူတို့သည် နွေဦးပေါက်ရာသီအထိ အသက်နှင့်ကိုယ် ကျန်းမာရေးအတွက် လုံလောက်သည့်အစားအစာကို လိုက်လံ ရှာရှာဖွေဖွေကြခြင်းဖြစ်သည်။ သူတို့အဖို့ နွေဦးပေါက်အချိန်ထိသာ အသက်ရှင်နေလျှင် နောက်နှစ်အတွက် ဝါထပ်၍ စိုက်နိုင်ကြလိမ့် မည်ဟု ယုံကြည်နေကြသည် မဟုတ်ပါလော။

သူတို့သည် သဘာဝအပေါ်တွင် များစွာယုံကြည်စိတ်ချ ကြသည်။ မြေပေါ်တွင်လည်း များစွာ ယုံကြည်စိတ်ချကြသည်။ မြေကြီးထဲမှပေါက်လာသည့် အပင်များအပေါ်တွင်လည်း များစွာ ယုံကြည်စိတ်ချကြသည်။ ထို့ကြောင့်လည်း မြေကသူတို့အပေါ် ဘယ်ပုံဘယ်နည်း တာဝန်ပျက်ကွက်သည်ကို သူတို့နားမလည်နိုင်ကြ ခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မြေကတော့ သူတို့အပေါ် ပျက်ခဲ့သည် မှာအမှန်။ သူတို့ကတော့ ဘယ်တုန်းကမှဖြစ်မလာသည့် ဆောင်းဦး ပေါက် ဝါသိမ်းချိန်ကာလကိုသာ တစ်နေ့လုံးထိုင်၍ စောင့်မျှော်နေကြ လေသည်။

တစ်ချိန်သောအခါက ဤအဖြစ်မျိုးဖြစ်ခဲ့ဖူးပြီ။

ယခုမြင်တွေ့နေရသည့် လူတွေတော့မဟုတ်၊ သူတို့၏ ဘိုးဘွားဘီဘင်များဖြစ်သည်။

သူတို့၏ ဘိုးဘွားဘီဘင်များသည် ဤမြေယာပေါ်၌ ပေါက်ရောက်ဖွံ့ဖြိုးကြီးထွား စည်ပင်ခဲ့သည့် ဆေးရွက်ကြီးများကို မြင်ခဲ့ဖူးကြပြီ။

သို့သော်လည်း တစ်ရာသီပြီးတစ်ရာသီ ကုန်လွန်ခဲ့ပြီးသည့် နောက် မြေဆီမြေနှစ် ပျက်သုဉ်းကုန်ခန်းသွားပြီဖြစ်သော ဤမြေပေါ် ၌ ဆေးပင်များ ဖြစ်ထွန်းမလာတော့ပေ။

ဤသို့ဖြင့် ယာမြေများပေါ်သို့ 'ဝါ' ရောက်လာသည်။

ဝါသည် ဆွေစဉ်မျိုးဆက်ပေါင်း အမြောက်အမြားကို



စီးပွားဖွံ့ဖြိုးစေခဲ့သည်။ ထို့နောက်မြေများသည် မြေဆီမြေနှစ် မြေဩဇာများ ပျက်သုဉ်းကုန်ခမ်းလာခဲ့ရာ ဝါစိုက်၍ ဖြစ်ထွန်းမလာ သည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရပြန်သည်။

ပထမ 'ဆေးရွက်ကြီး'၊ ထို့နောက် 'ဝါ'။

နှစ်မျိုးစလုံး ဤမြေပေါ်သို့ ရောက်လာခဲ့ကြပြီး နှစ်မျိုး စလုံးပင် ပြန်လည်ထွက်ခွာသွားကြပြီ။

သို့သော်လည်း ဤမြေပေါ်တွင် လူများ၏ယုံကြည်ချက် ကတော့ အနိုင်အမာ တည်ရှိနေဆဲပင်။

အာစကိုကော့ဒ်ဝဲလ်

ဒေရီယင်မြို့
ကွန်နက်တီးကပ်ပြည်နယ်။

## ( ၁ )

လပ်စ်ဘင်းဆေးသည် မုန့်လာဥအိတ်ကြီးကို ကျောပိုးကာ အိမ်ဘက်သို့ ဦးတည်၍ အစဉ်အမြဲ ချောင်းရေတိုက်စားခြင်း ခံရထားသဖြင့် သဲပြင်လိုဖြစ်နေသည့် 'ဆေးရွက်ကြီးလမ်း' အတိုင်း တပင်တပန်း လျှောက်သွားလျက်ရှိသည်။ သူသည် ဤမုန့်လာဥများ ရရှိရေးအတွက် သူ့ကိုယ်သူ ဒုက္ခကြီးစွာရောက်အောင် လုပ်မိသလို ဖြစ်လျက်ရှိသည်။ တကယ်တော့ ဖူးလားနှင့် သူ့အိမ်အသွားအပြန် ခရီးမှာ နီးလှသည်မဟုတ်၊ အတော်ကြီးဝေးသဖြင့် ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်သွားအောင် လျှောက်ရသည့်ခရီးတစ်ခုဖြစ်သည် မဟုတ်ပါလော။

ဖူးလားဘက်တွင် လူတစ်ယောက် ဆောင်းရာသီထွက် မုန့်လာဥများ ဈေးပေါပေါနှင့် ရောင်းနေသည်ဟူသော သတင်းကို မနေ့ကသူကြားခဲ့ရ၏။ တစ်ဘွတ်ရှဲလ်*မှ ဆင့်ငါးဆယ်သာ ပေးရသည်ဟုဆိုသည်။ ထို့ကြောင့် ယနေ့မနက် အစောကြီးထကာ လက်ထဲတွင် ငွေဒေါ်လာတစ်ဝက်ဆောင်၍ မုန့်လာဥအဝယ် ထွက်ခဲ့

---

* ဘွတ်ရှဲလ် (Bushel) ကုန်ခြောက်များချိန်ရာ၌ အသုံးပြုသော အလေးချိန်၊ တစ်ဘွတ်ရှဲလ်လျှင် ရှစ်ဂါလံနှင့်ညီမျှသည်။

ခြင်းဖြစ်သည်၊ သူလျှောက်ခဲ့သည်မှာ ခုနစ်မိုင်ခွဲအထိ ပေါက်ခဲ့ပြီ။ ယခု သူရောက်လာသည့် ကျောက်မီးသွေးလျှောစင်မှ သူ့အိမ်အရောက် နောက်ထပ်တစ်မိုင်ခွဲ လျှောက်ရလိမ့်ဦးမည်။

လက်စတာတို့အိမ်ရှေ့ ရောက်သည့်အခါ လပ်စ်သည် ကျောပေါ်မှ မုန်လာဥအိတ်ကြီးကိုချ၍ ရပ်လိုက်သည်။ ခြံဝင်းထဲ၌ ရပ်နေကြသော လက်စတာမိသားစုသည် လပ်စ်ကိုလှမ်း၍ ကြည့်နေကြသည်။ သူတို့လပ်စ်ကို စောင့်ကြည့်နေကြသည်မှာ ကြာပြီ။ လွန်ခဲ့သော တစ်နာရီခန့်ကတည်းကဖြစ်သည်၊ သူတို့အိမ်နှင့် နှစ်မိုင်နီးပါးခန့်အကွာရှိ သဲသောင်ကုန်းပေါ် ရောက်ကတည်းက မျက်ခြည်မပြတ် ကြည့်နေကြခြင်းဖြစ်သည်။ ယခုဆိုလျှင်တော့ လပ်စ်သူတို့နှင့် လက်တစ်ကမ်းအကွာသို့ရောက်နေပြီ။ မုန်လာဥများကို ဆက်၍သယ်မသွားအောင် တားဆီးဖို့သူတို့ စဉ်းစားပြင်ဆင်နေကြလေ၏။

လပ်စ်မှာ သူတစ်ဦးတည်းမဟုတ်။ ကျွေးရမွေးရမည့်မိန်းမရှိသည်။ အစားအစာဆိုလျှင် နှစ်ယောက်စာရှိမှဖြစ်သည်။ သူသည် သူ၏ မုန်လာဥအိတ်ကြီးအနားသို့ လက်စတာမိသားစုကပ်မလာအောင် သတိကြီးစွာထားသည်။ သူ့အနေဖြင့် မုန်လာဥသို့မဟုတ် ကန်စွန်းဥ သို့မဟုတ် စားစရာ အခြားပစ္စည်းတစ်ခုခုကို သယ်လာတိုင်း လက်စတာတို့အိမ်ကို ရှောင်ကွင်းသွားလေ့ရှိသည်။ ထိုအခါမျိုးတွင် သူသည် လက်စတာတို့အိမ်နှင့် မိုင်ဝက်ခန့်အကွာကတည်းက လမ်းမကြီးပေါ်မှ ဘေးသို့ဖဲ့ဆင်းကာ လက်စတာတို့အိမ်နှင့် အလွန်အလှမ်းဝေးသည့် လယ်ကွင်းများထဲမှ ဖြတ်လျှောက်သည်။ လွတ်လောက်ပြီဟု စိတ်ချရသည့်နေရာရောက်မှ လမ်းမပေါ်ပြန်တက်သည်။ ဤကား တစ်နေရာရာမှ စားစရာတစ်ခုခု သယ်ယူလာတိုင်း သူ မပျက်မကွက် လုပ်နေကျအလုပ်ဖြစ်သည်။

သို့သော်လည်း ယနေ့တော့ဖြင့် သူလုပ်နေကျအတိုင်း မလုပ်နိုင်၊ ဂျိုတာနှင့် အလွန်အရေးကြီးသော ကိစ္စတစ်ခု ပြောစရာ





ရှိနေသည်။ ထို့ကြောင့်လည်း သူသည် ခါတိုင်းလိုမလုပ်တော့ဘဲ ရဲဆေးတင်ကာ အိမ်ရှေ့အထိ လာခဲ့ခြင်းဖြစ်သည်။ လပ်စ်၏ မိန်းမမှာ ဂျိုတာလက်စတာ၏ အငယ်ဆုံးသမီး ပါးလ်ဖြစ်သည်။

ခြံဝင်းထဲမှ လက်စတာမိသားစုသည် လမ်းလယ်ကောင်၌ ရပ်နေသော လပ်စ်ကိုလှမ်းကြည့်နေကြသည်။ လပ်စ်ကတော့ သူ့ပခုံးပေါ်မှ မုန်လာဥအိတ်ကို အောက်သို့ချလိုက်သော်လည်း အိတ်၏ လည်ပင်းကိုမူ မလွှတ်။ သူ့လက်နှစ်ဖက်ဖြင့် စုစည်းပြီး တစ်အားဆုပ်ကိုင်ထားသည်။

ခြံဝင်းထဲမှလူစုသည် လပ်စ်ကို လှုပ်လှုပ်ရှားရှား ဖြစ်သွားအောင်မလုပ်၊ ဆယ်မိနစ်ခန့်ကြာသည်အထိ မည်သူကမှ စ၍ နှုတ်ဆက်ခြင်းမပြု၊ လပ်စ်ဘက်က လှုပ်ရှားမှုသာဖြစ်တော့မည့် အခြေအနေသို့ ဆိုက်လျက်ရှိ၏။

လပ်စ်သည် ခြံဝင်းထဲသို့ဝင်လာပြီး အိမ်ရှေ့၌ လာရပ်၏။ လုံလောက်သော အကြောင်းရှိ၍ အခုလိုဝင်လာခြင်းဖြစ်၏။ အကြောင်းသာမရှိပါမူ လက်စတာမိသားစုက သူ့ကိုနှုတ်ဆက်နိုင်လောက်သည့် နေရာသို့ သူဘယ်တော့မှ လာလေ့မရှိ။ အခုတော့ သူ့တွင် ပြောစရာစကားက ရှိနေသည်။ သူ့မိန်းမ ပါးလ်အကြောင်းကို ဂျိုတာသိအောင် ပြောပြချင်နေသည်။

သူ့မိန်းမပါးလ်သည် စကားလုံးဝမပြော။ လပ်စ်က ပါးလ်စကားပြောလာအောင် အမျိုးမျိုးအဖုံဖုံ ကြိုးစား၏။ သူက ဘယ်လောက်ပဲချော့ချော့၊ ဘယ်လောက်ပဲ စိတ်ဆိုးစိတ်ဆိုး ပါးလ်ကတော့ တစ်လုံးတလေမျှပင်မပြော။ သူ့အလုပ်ရှိရာ ကျောက်မီးသွေးလျှောစင်မှပြန်လာသည့် အခါတွင်လည်း ပါးလ်သည် ပုန်းရှောင်နေတတ်သည်။

သူကလိုက်ရှာ၍ တွေ့သောအခါတွင်လည်း သူ့လက်မှ အတင်းအဓမ္မရုန်းကန်ပြီး ထွက်ပြေးသွားတတ်သည်။ ပြီးတော့ ချုံကြိုချုံကြားသို့ ပြေးဝင်ပျောက်ကွယ်သွားတတ်၏။ တစ်ခါတစ်ရံ

တစ်ညလုံး ထိုချုံထဲမှာပင်နေ၍ နောက်တစ်နေ့မနက် လပ်ဇ်အလုပ်ဆင်းသွားသည့်အခါကျမှသာ ထွက်လာတတ်သည်။

ပါးလ်စကားမပြောသည်မှာ အမှန်ပင်ဖြစ်သည်။ စကားမပြောခြင်းမှာ အနေ၍မဟုတ်၊ ပြောချင်စိတ်မရှိ၍ မပြောခြင်းသာဖြစ်သည်။ လပ်ဇ်နှင့်လက်မထပ်မီ သူ့အိမ်တွင်နေစဉ်ကတည်းက သူသည် အစြားညီအစ်ကို မောင်နှမများနှင့် အရောတဝင်နေလေ့မရှိ၊ သူ့ဘာသာသူ တစ်ယောက်တည်း နေလေ့ရှိရုံမက ပါးစပ်ကိုပင် ပိတ်ထားလေ့ရှိသည်။ သူ့အမေအောဒါ တစ်ယောက်သာလျှင် သူနှင့် စကားပြောလို့ရ၏။

သူ့အမေနှင့်ကျမှ စကားပြောသည်ဟု ဆိုရ၍လည်း "မဟုတ်ဘူး"၊ "ဟုတ်တယ်"ဟူသော အဖြေစကားများသာ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ အောဒါကိုယ်တိုင်လည်း ပါးလ်ကဲ့သို့ပင် ဖြစ်သည်။

လွန်ခဲ့သော ဆယ်နှစ်အတွင်းကမှ အောဒါစကားပြောလာခြင်းဖြစ်သည်။ ဟိုတုန်းကတော့ ဂျိတာကိုယ်တိုင်လည်း၊ အောဒါနှင့်ဆက်ဆံရာ၌ အခု လပ်ဇ်နှင့် ပါးလ်တို့ဖြစ်သလို အဖြစ်မျိုးနှင့် ကြုံခဲ့ရဖူးပြီ။

လပ်ဇ်သည် ဤစကားမပြောမှုအတွက် ပါးလ်အား မေးခွန်းတွေမေး၏။ ခြေထောက်နှင့်ကန်သည်၊ ဖနောင့်နှင့်ပေါက်သည်၊ တစ်ကိုယ်လုံး ရွှဲရွဲစိုအောင် ခေါင်းမှနေ၍ရေနှင့်လောင်းသည်၊ ကျောက်ခဲတွေ တုတ်တွေနှင့်ပစ်သည်။ လပ်ဇ် စကားပြောလာအောင် လုပ်နိုင်လိမ့်မည်ဟု ထင်သည့်အရာမှန်သမျှလုပ်သည်။

သို့သော်လည်း၊ ပါးလ်ထံမှ စကားပြောသံထွက်မလာ၊ တစ်ခါတစ်ရံ မခံမရပ်နိုင်လောက်အောင် ထိခိုက်နာကျင်သွားသည့်အခါ ပါးလ်သည် အော်ကြီးဟစ်ကျယ်ငိုတတ်သည်။ သို့သော်လည်း ငိုယိုခြင်းသည် ငိုယိုခြင်းမျှသာဖြစ်၍ စကားပြောခြင်းမဟုတ်ဟု လပ်ဇ်ကယူဆသည်။ လပ်ဇ်အနေဖြင့် သူ့ကျောရောင်နေသည့်အခါ ပါးလ်က "ဘာဖြစ်လို့လဲ"ဟု မေးစေချင်သည်။ "ရှင်ဆံပင်ဘယ်တော့ညှပ်မှာလဲ"၊ "မိုးဘယ်တော့လောက် ထပ်ရွာမလဲ" စသော မေးခွန်းများကိုလည်း မေးစေချင်သည်။ သို့သော် ပါးလ်က စကားတစ်ခွန်းမှ မပြော။

လပ်ဇ်သည် ပါးနှင့်ပတ်သက်၍ ကြုံနေရသည့် သူ့ဒုက္ခကို အရင်ကလည်း သူ့ယောက္ခမထံ၊ ဂျိတာအား အကြိမ်ပေါင်းများစွာ ပြောပြခဲ့ဖူးပြီ။ ဂျိတာကိုယ်တိုင်ကလည်း သူ့သမီးပါးလ် ဘာဖြစ်လို့ စကားမပြောမှန်းမသိ၊ "သူ့ပုံစံက ကလေးဘဝကတည်းက အတိုင်းကွ" ဟုသာ ပြောနိုင်သည်။

တကယ်တော့ ဂျိတာ၏မိန်းမ အောဒါသည်လည်း၊ လွန်ခဲ့သော နှစ်အနည်းငယ်ခန့်အထိ စကားပြောသူမဟုတ်။ ဂျိတာသည် အခုလပ်ဇ်ကြုံနေရသည့် အဖြစ်မျိုးနှင့် ရင်ဆိုင်ခဲ့ရဖူးသည်။ သူသည် အောဒါ စကားပြောလာအောင် နည်းအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရဖူးသည်။ နောက်ဆုံး မရ၍ နှစ်လေးဆယ်တိတိမျှ လက်မြှောက်အရှုံးပေးထားခဲ့ရ၏။

ဇော်မွတ်ခြင်းနှင့် ကြုံလာရသည့်အခါတွင်မှ အောဒါဘက်က အရှုံးပေးခဲ့၏။ ဇော်မွတ်ခြင်းသည် အောဒါ၏ လျှာကိုချည်နှောင်ထားရာမှ ဖြေပေးလိုက်၏။ ထိုအချိန်မှစ၍ အောဒါသည် ဇော်မွှပြတ်မှုနှင့် ဆာလောင်မွတ်သိပ်မှုများအတွက် မကျေနပ်မှုများကို ပြောခြင်း၊ ညည်းညူခြင်း၊ မြည်တွန်တောက်တီးခြင်း စသည်များ ပြုလာ၏။

မည်သို့ပင်ဖြစ်စေ၊ အခု လပ်ဇ်၏ကိစ္စတွင် သူ့သမီးပါးလ်ကို အငတ်ထားကြည့်ပါလားဟု အကြံမပေးရဲ၊ အဘယ်ကြောင့်ဆိုသော် အကယ်၍ လပ်ဇ်က အငတ်ထားလိုက်ပါက ပါးလ်သည် တခြားတစ်နေရာသို့သွား၍ အစားတောင်းလိမ့်မည်ဖြစ်ပြီး သူတောင်းသည့်အစာကိုလည်း အလွယ်တကူ ရသွားနိုင်သည်ဟု သိသောကြောင့်ဖြစ်သည်။

"တစ်ခါတလေ ကျုပ်ထင်တယ်ဗျသိလား၊ သူ့ကို

ကောင်ဆိုးဝါးကပ်နေသလိုပဲ" ဟူသော စကားကို လပ်ဇ် အကြိမ်ပေါင်းများစွာပြောခဲ့သည်။ "ဘာသာရေးမှာတော့ သူ့အသိဟာ သုညပဲ သေရင်တော့ ငရဲအိုးထဲဇောက်ထိုးကျမှာ သိပ်သေချာတယ်"

"အခုဟာက ဒီလိုရှိတယ်လေကွာ၊ အိမ်ထောင်ကျတာကို မကျေနပ်လို့ ဖြစ်ချင်ဖြစ်မှာပေါ့"ဟု ဂျိုတာက ထင်မြင်ချက်ပေးသည်။ "မင်းပေးကျွေးလုပ်ကိုင်နေတာကို သဘောမကျတာ ဖြစ်ချင်ဖြစ်မယ်"

"သူ သဘောကျလိမ့်လို့ထင်တဲ့ဟာ မှန်သမျှ ကျုပ်အကုန်လုပ်ပေးနေတာပဲဗျ၊ ဖူးလားကို ကျုပ်အပတ်တိုင်း လခသွားထုတ်တယ် မဟုတ်လား၊ အဲဒီနေ့ဆိုရင် အပြန်မှာသူ့ဖို့ပစ္စည်းလှလှလေးတစ်ခုလောက်တော့ ဝယ်လာတာချည်းပဲ။ ဒါပေမဲ့ သူကမယူဘူး။ သရက်ထည်စတို့ဘာတို့ ဝယ်လာပြီးပေးတော့လည်း ချုပ်မဝတ်ဘူး။ ကျုပ်မှာမရှိတဲ့ဟာမျိုးနဲ့ ကျုပ်ရအောင် လုပ်မပေးနိုင်တဲ့ ဟာမျိုးမှ လိုချင်နေသလားတော့ မသိဘူး၊ သူဘာလိုချင်နေတယ် ဆိုတာ သိရရင်လည်း အကောင်းသား၊ သူက လှတော့အတော့်ကို လှတဲ့ ကောင်မလေးပဲဗျ... သိလား။ သူ့ကျောပေါ်မှာ ခွေလိပ်ပြီး ကျနေတဲ့ ဆံပင်လေးတွေကိုကြည့်ပြီး တစ်ခါတလေ ကျုပ်မှာ ရူးမတတ်ခံရတယ်။ ကျုပ်မှာဘာတွေများ ဆက်ဖြစ်ဦးမယ်ဆိုတာ မပြောတတ်တော့ပါဘူးဗျာ"

"အသက်ကသိပ်ငယ်နေတော့ ဘာကိုမှ နားမလည်ဘူးနဲ့ တူပါတယ်ကွာ"ဟု ဂျိုတာကပြောခဲ့ဖူးသည်။ "သူက အယ်လီမေတို့၊ လစ်စီဘဲယ်တို့၊ ကလယ်ရာတို့လို အရွယ်ကလည်း ရောက်သေးတာ မဟုတ်ဘူး၊ ပါးလ်က ခုထက်ထိပေါက်စနလေးပဲ ရှိသေးတာ။ အရွယ်ရောက်နေတဲ့ မိန်းမတစ်ယောက်ပုံမျိုးနဲ့ လုံးလုံးကို မတူသေးဘူး"

"တကယ်လို့ သူ့အခြေနေက ဒီလိုရှိနေတယ်ဆိုတာကို ကျုပ် စောစောကသိရရင် ကျုပ်လက်မထပ်ခဲ့ပါဘူး၊ ကျုပ်ကို လက်ထပ်ချင်တဲ့ တခြားမိန်းမတစ်ယောက်ကိုရှာပြီး လက်ထပ်မှာ





ပေါ့။ အခုကျတော့လည်း ကျုပ်မှာ ပါးလ်ကို မခွဲနိုင်တော့ဘူး။ ကျုပ်နဲ့ နီးနီးကပ်ကပ် နေလာတာက ကြာနေပြီဆိုတော့ ခက်တာပေါ့။ သူ့ကျောပေါ်မှာဝဲကျနေတဲ့ ဆံပင်ခွေအလိပ်ကလေးတွေကို ကျုပ်မမြင်ရရင် မနေနိုင်တော့ဘူးဗျ၊ ခက်တယ်ဗျာ... သူက အတော့်ကို လှတဲ့ ကောင်မလေးတစ်ယောက်ဆိုတော့ ခွကိုကျတာပဲ"

ထိုစဉ်က လပ်ဇ်သည် အိမ်ပြန်ရောက်လျှင်ရောက်ချင်း ဂျိုတာပြောသမျှကို တစ်လုံးမကျန် ပါးလ်အားပြောပြသည်။ သူပြောသမျှကို ကုလားထိုင်ပေါ်မှထိုင်၍ နားထောင်နေသော ပါးလ်သည် စကားပြန်ပြောမည့် အရိပ်လက္ခဏာ နည်းနည်းလေးမှမပြ၊ လပ်ဇ်အနေဖြင့် ဘာဆက်ပြော၍ ဘာဆက်လုပ်ရမှန်း မသိတော့။ သို့သော် ...ထိုအချိန်မှစ၍ ပါးလ်သည် အလွန်နုနယ်ငယ်ရွယ်သေးသည့် မိန်းကလေးတစ်ယောက်မျှသာ ဖြစ်သည်ဟူသော အချက်ကိုတော့ နားလည်ခဲ့သည်။

သူတို့နှစ်ယောက် လက်ထပ်ပြီးသည့်နောက် ရှစ်လမျှ ကာလအတွင်း ပါးလ်၏အရပ်သည် သုံးလေးလက်မခန့်သာ မြင့်လာသည်။ ကိုယ်အလေးချိန်ကျတော့ ဆယ့်ငါးပေါင်ခန့်သာ တက်ခဲ့၏။ နေ့စဉ်နှင့်အမျှ သူ့အရပ်နှင့် ကိုယ်အလေးချိန် မြင့်တက်နေသည်မှာ မှန်သော်လည်း လက်ရှိကိုယ်အလေးချိန်ကတော့ ပေါင်တစ်ရာထက် ပိုမတက်သေး။

အခုတစ်ကြိမ် ဂျိုတာကို သူတိုင်ပြောချင်နေသည့် ကိစ္စမှာမူ အလုပ်ကိစ္စမဟုတ်။ ပါးလ်က သူနှင့်အတူတူအိပ်ရန် ငြင်းဆန်နေသည့်ကိစ္စဖြစ်၏။ သူတို့ လက်ထပ်ခဲ့သည်မှာ တစ်နှစ်နီးပါး ရှိခဲ့ပြီး အခုအချိန်အထိ ပါးလ်သည် သူ့ဘာသာသူ တစ်ယောက်တည်းအိပ်ဆဲ၊ လက်ထပ်သည့် ပထမဆုံးညကအတိုင်းပင် ဖြစ်၏။

သူ့ဘာသာသူ တစ်ယောက်တည်း ကောက်ရိုးဖျာစုတ်တစ်ချပ်ခင်း၍ ကြမ်းပေါ်မှာအိပ်သည်။ လပ်ဇ်က နှမ်းဖို့ကြိုးစားသည်။ တစ်ခြားသောနည်းများဖြင့် ထိဖို့ကိုင်ဖို့ ကြိုးစားသည်။

အထိမခံ အကိုင်မခံ ထိုအခါ လပ်ဇ်က နွားမများသည် [illegible] နွားကောင်းဟု မသတ်မှတ်နိုင်ကြောင်း ရှင်းပြသည်။ သူ့ကိုလက်ထပ်ခဲ့ခြင်းမှာ နမ်းလို၍ဖြစ်ကြောင်း၊ လှပသော ဆံစ ကလေးများကို ကိုင်လို၍ဖြစ်ကြောင်း၊ အတူတူအိပ်လို၍ဖြစ်ကြောင်း ရှင်းပြသည်။

သို့သော်လည်း ပါးလ်သည် လပ်ဇ်၏ စကားများကို နားထောင်သည့်လက္ခဏာလည်းမပြ၊ ဘာတွေပြောနေသည်ကို ကြား သည့် လက္ခဏာလည်းမပြ။ လပ်ဇ်က ပါးလ်၏ မျက်လုံးများကို ကြည့်ချင်သည်ဟုဆိုသည်။

ဤမျှလောက်ပင် ပါးလ်က ခွင့်မပြု၊ အကြည့်မခံ။ သူ့ အနီးသို့ လပ်ဇ်ရောက်လာလျှင်၊ သို့မဟုတ် သူ့ရှေ့၌လာရပ်လျှင် ပါးလ်၏ ခပ်ဖျော့ဖျော့ အပြာရောင်မျက်လုံးများသည် အခြား တစ်နေရာသို့ ကြည့်နေတတ်သည်။

လပ်ဇ်သည် လမ်းလယ်ကောင်မှရပ်ကာ ခြံဝင်းထဲမှ ဂျိုတာ နှင့် သူ့မိသားစုကို လှမ်းကြည့်နေသည်။ သူတို့မိသားစုကလည်း လပ်ဇ်၏ဘက်မှ စတင်လှုပ်ရှားခြင်းကို စောင့်စားနေကြသည်။ ဖော်ရွေသည့် အပြုအမူနှင့်ပဲစေ၊ ရန်လိုသည့် အပြုအမူနှင့်ပဲစေ သူတို့အဖို့ အရေးမကြီး။ လပ်ဇ်ထမ်းလာသည့် အိတ်ထဲ၌ မုန်လာဥ တွေရှိနေသမျှကာလပတ်လုံး ဘယ်လိုပဲစေ လပ်ဇ်ဘက်က စဖို့သာ လိုသည်။

"ဒီအကောင် မုန်လာဥတွေ ဘယ်ကများရလာပါလိမ့်" ဟု ဂျိုတာကတွေးသည်။ ဤမုန်လာဥများကို ပိုက်ဆံနှင့်ပေး၍ ဝယ်လာခြင်းတော့ မဟုတ်တန်ရာဟု သူထင်သည်။ ဤမျှလောက် များသော မုန်လာဥများကိုလည်း ရနိုင်သည့်နည်းမှာ ခိုးယူခြင်းမှ တစ်ပါး တခြားနည်းမရှိဟု ကောက်ချက်ချသည်။

သို့သော်လည်း ဤအအနီးအနား ငါးမိုင် ခြောက်မိုင် ပတ်ပတ်လည်တွင် မုန်လာဥခင်းတစ်ခင်းမျှမရှိ။ မနှစ်က ပီဘော်ဒီ





အရပ်ဘက်တွင် မုန်လာဥနှစ်ဧကေ စိုက်ခင်းတစ်ခင်း ရှိခဲ့ဖူးသည်။ အကယ်၍ ထိုနေရာ၌ရှိခဲ့သည် ဆိုဦးတော့ ပီဘော်ဒီအရပ်မှ သူများ သည် သူတို့စိုက်ခင်းများကို သေနတ်နှင့်စောင့်သူများဖြစ်သည်။

"ဟေ့ လပ်ဇ်၊ မင်းကဘာပြုလို့ ခြံထဲဝင်မလာတာလဲ" ဟု ဂျိုတာကလှမ်းမေးသည်။ "အဲဒီလမ်းပေါ် ငူငူကြီးရပ်နေလို့ ဘာ အဓိပ္ပာယ်ရှိမှာလဲ၊ အထဲဝင်ပြီး စကားတစ်ဖြုတ် အမောဖြေပါလား"

လပ်ဇ်က အဖြေမပေး။ လှုပ်ရှားခြင်းလည်းမရှိ၊ ခြံဝင်းထဲ ဝင်သွားလျှင် ကြုံရမည့်အန္တရာယ်နှင့် လမ်းပေါ်၌ရပ်နေလျှင် လုံခြုံ မည့်အရေးကိုတွေးကာ စိတ်နှစ်ခွဖြစ်နေသည်။

လွန်ခဲ့သောရက်များအတွင်းက လပ်ဇ်သည် ပါးလ်အပေါ် ခပ်ကြမ်းကြမ်းနည်းကို အသုံးပြုရန် တွေးတောခဲ့မိ၏။ ညပိုင်းတွင် ပါးလ်ကို အိပ်ရာပေါ်ဆွဲတင်ပြီး ကြိုးနှင့်တုပ်ထားရလျှင် ကောင်းလေ မလားဟူသော အတွေးဖြစ်၏။

သူ့အနေဖြင့် အမှန်နည်းတစ်နည်းမှလွဲ၍ ကောင်းလိမ့်မည် ဟု ထင်ရသော နည်းပေါင်းများစွာကို သုံးခဲ့ပြီးပြီ။ ယခုဆိုလျှင် သူ့တွင် ဤနည်းမှတစ်ပါး အခြားနည်းမရှိတော့ဟုပင် ထင်သည်။ ပြီးတော့... မယားတစ်ယောက် လိုက်နာလုပ်ကိုင်သင့်သည်များကို မလုပ်လုပ်အောင် မရမနေ ခိုင်းသွားမည်ဟုလည်း သူဆုံးဖြတ်ထား သည်။

အကယ်၍ သူဤနည်းကို အသုံးပြုတော့မည် ဆိုပါက ဂျိုတာထံမှ အကြံတော့ယူလိုသည်။ ဂျိုတာသည် သူ့အဖြစ်မျိုးနှင့် ရင်ဆိုင်ခဲ့ရသူဖြစ်၍ အတွေ့အကြုံရှိနေသည်။ တစ်ချိန်က ဂျိုတာ၏ မယား အေဒါသည် အခု ပါးလ်လုပ်သလို လုပ်နေခဲ့ဖူးကြောင်း သူသိထား၏။

သို့သော်လည်း ဂျိုတာ၏အဖြစ်မှာ သူ့အဖြစ်လောက် မဆိုး။ အေဒါသည် ဂျိုတာ့အတွက်က လေးဆယ့်ခုနစ်ယောက် လောက်အထိ မွေးပေးခဲ့သည်။ ပါးလ်ကတော့ အခုအချိန်ထိ

တစ်ယောက်မှ မမွေးသေး၊ မွေးဖို့မဆိုထားနှင့် ဗိုက်ထဲလွယ်ဖို့ပင် အစစခံသေး၊

အကယ်၍ ဂျိုတာက ပါးလ်ကို အိပ်ရာထဲကြိုးနှင့်တုပ်ထားမည့် အလုပ်သည် ကောင်းသည်ဟုဆိုခဲ့ပါမူ သူလုပ်မည်၊ ဤကိစ္စမျိုးကို သူ့ထက် ဂျိုတာက ပို၍နားလည်သည်ဟု သူထင်၏၊ ဂျိုတာသည် အေဒါနှင့်အိမ်ထောင်သက် အနှစ်လေးဆယ်ရှိခဲ့ပြီ မဟုတ်ပါလား၊

ကျောက်မီးသွေးလျှောစင်ဘက်ရှိ သူ့အိမ်သို့ ဂျိုတာကိုယ်တိုင်လိုက်လာပြီး ပါးလ်ကို ကြိုးနှင့်တုပ်ရာ၌ ပါဝင်ကူညီလိမ့်မည်ဟုလည်း သူမျှော်လင့်မိ၏၊ ပါးလ်ကို သူဖမ်းဖို့ကြိုးစားခဲ့ဖူးပြီ၊ ကြိုးစားတိုင်း နည်းမျိုးစုံသုံးကာ အကြောက်အကန် ရုန်းတတ်၏၊ အကယ်၍ ဂျိုတာ့ အကူအညီကိုသာ မရခဲ့လျှင် ပါးလ်ကို ဖမ်း၍ ကြိုးနှင့်ချည်ထားဖို့ကိစ္စမှာ အောင်မြင်မည်မထင်၊

ဂျိုတာလက်စတာ မိသားစုသည် အိမ်ရှေ့ဆင်ဝင်မှရပ်ကာ လပ်ဗ် ဘာလုပ်မည်ကို စောင့်ကြည့်နေကြဆဲ၊ ထိုနေ့အဖို့ သူတို့အိမ်ထဲတွင် စားစရာအနည်းငယ်မျှသာရှိ၏၊ စားကြသောက်ကြတော့မည် ဆိုပါက ဆားတွေအများကြီးသည့်ကာ ရေဖုံးပေါလအောနှင့် ပြုတ်ထားသော ဟင်းချိုတစ်ခွက်နှင့် ပေါင်မုန့်ကြမ်းနည်းနည်းသာ ရှိသည်၊

နည်းလွန်းသဖြင့် မိသားစု လူစေ့တက်စေ့ပင် ဝေငှ၍ စားသောက်နိုင်မည်မဟုတ်၊ ထို့ကြောင့်လည်း မီးဖိုဆောင်ထဲသို့ ဝင်ရန် အားထုတ်နေသော ဘွားအေကြီးအား အထဲသို့ ရောက်မသွားအောင် မနည်းဆွဲထုတ်ထားခဲ့ကြရ၏၊

သစ်ပင်တစ်ပင်နောက်၌ ရပ်နေသော အယ်လီမေသည် ပစ်စည်တစ်ဖက်မှ ခေါင်းပြူထွက်ကာ လပ်ဗ်ကို ချောင်းကြည့်နေသည်၊ သူ့ခေါင်းသည် ငြိမ်ငြိမ်မနေ၊ ပင်စည်၏ ဟိုဘက်မှ ပေါ်လာလိုက် ပျောက်သွားလိုက်၊ နောက်တစ်ဖက်မှ ပြန်ပေါ်လာ





လိုက်နှင့် လပ်ဗ်က သူ့အပေါ် အာရုံစိုက်လာစေရန် အားထုတ်လျက် ရှိသည်၊

ဂျိုတာလက်စတာတို့ မိသားစုတွင် သားသမီးဆို၍ အယ်လီမေနှင့် ဒူဒီတို့နှစ်ယောက်သာ အိမ်မှာရှိတော့သည်၊ ကျန်သားသမီးများမှာ ဝေးရာသို့ ရောက်ကုန်ကြပြီ၊ အိမ်ထောင်နှင့်ဖြစ်ကုန်ကြပြီ၊ အချို့မှာ အိမ်မှနေ၍ ကုန်တင်မီးရထားများ ကြည့်ရန်ဟုဆိုကာ ကျောက်မီးသွေးလျှောစင်ကြီးဘက်သို့ လမ်းလျှောက်ထွက်ရာမှ အမှတ်မထင် ပျောက်သွားကြခြင်းဖြစ်၏၊ နှစ်ရက်သုံးရက်ကြာသည်အထိ အိမ်ပြန်ရောက်မလာသည့်အခါကျမှ သူတို့တစ်တွေ အိမ်မှ အပြီးအပိုင်ထွက်သွားကြပြီဟု သိကြရခြင်းဖြစ်သည်၊

ဒူဒီသည် ဘော့စ်ဘော ဘောလုံးတစ်လုံးဖြင့် အိမ်နံရံကို ပစ်ပေါက်ကစားလျက်ရှိသည်၊

သူ့လက်ထဲမှဘောလုံးကို ပစ်ပေါက်လိုက် ပြန်ခုန်ထွက်လာသည့်အခါ ဆီးဖမ်းလိုက်၊ ပြီးတော့... ပြန်ပစ်လိုက်၊

ထိုဘောလုံးထိမှန်သော အသံသည် မိုးချုန်းသံတမျှ ကျယ်လောင်သည်၊ ဘောလုံးထိမှန်သော အရှိန်ကြောင့် တစ်အိမ်လုံးမှာ ယိမ်းထိုးလှုပ်ယမ်းလျက်ရှိ၏၊ ဘယ်လိုပဲဖြစ်ဖြစ် ဒူဒီကတော့ ဘောလုံးကိုမရပ်မနား ပစ်ပေါက်လျက်ပင် ရှိလေသည်၊

အခန်းသုံးခန်းရှိသောအိမ်သည် ထောင့်လေးထောင့်မှ ထုံးကျောက်အုတ်ဖိနပ် တိုင်လေးတိုင်ပေါ်၌ ဒယီးဒယိုင် ရပ်လျက်ရှိသည်၊

စရိုက်စက အကုန်သက်သာအောင် အလွယ်တကူနှင့်ဖြစ်ကတတ်ဆန်း ဆောက်လုပ်ထားသည်မှာ မြင်ရုံမျှဖြင့် သိသာထင်ရှားလျက်၏၊

အိမ်၏ အလယ်ဗဟိုတည့်တည့်မှ ခေါင်မိုးသည် ဘေးထုပ်တန်းများနှင့် တစ်ပြေးညီဖြစ်သည်အထိ အိကျလျက်ရှိသည်၊

ရွှေသို့ ဓိတ်ကျလျက်ရှိသော အိမ်ရှေ့ဆင်ဝင်ခေါင်မိုးသည် အိမ်မကြီးနှင့် ကွာလျက်ရှိလေပြီ။

မူလတည်ရှိခဲ့သောနေရာထက် အောက်ဘက်သို့ တစ်ပေခန့် သို့မဟုတ် တစ်ပေကျော်ကျော်ခန့်အထိ ငိုက်ကျလျက်ရှိသည်။ အလယ်တည့်တည့်မှ ကျွံကျနေသော ခေါင်မိုးကို ဖြစ်ကတတ်ဆန်း စုစည်းထားသော ဒိုင်းမြားက မညီမညာ မသပ်မရပ် ခံထားသည်။

အုတ်ကြွပ်မိုးများမှာ ဆွေးမြည့်ကျိုးပဲ့ ပျက်စီးနေကြလေပြီ။ လေပြင်းပြင်းတိုက်လိုက်သည့်အခါတိုင်း အုတ်ကြွပ်မိုးပြားအစအနများသည် အိမ်ခြံဝင်းအတွင်း နေရာအနှံ့အပြားသို့ လွင့်စဉ်ကျလာတတ်၏။ မိုးယိုသည့်အခါများတွင် လက်စတာမိသားစုသည် တစ်ထောင့်မှတစ်ထောင့်သို့ ရွှေ့ပြောင်း၍ အိပ်ကြရသည်။

ရွှေ့လွန်းသဖြင့် နောက်ဆုံးမိုးတိုက်သွားခါမှ အရွှေ့ရပ်ရလေတော့၏။ အိမ်ကို လုံးဝဆေးသုတ်ထားခြင်း မရှိသဖြင့် အရောင်အဆင်းမှာ မွဲခြောက်ခြောက်။

ဂျိုတာသည် မော်တော်ကားအိုကြီး တစ်စီးကိုမှီ၍ ကျွတ်ဟောင်းတစ်ခု၏ အပေါက်တစ်ပေါက်ကိုဖာဖို့ ကြိုးစားလျက်ရှိ၏။ ဤကားအိုကြီးအတွက် တာယာအသစ်လေးလုံးသာရလျှင် စက်များကိုပြင်ပြီး ထိုကားဖြင့် ထင်းများဝယ်၍ ဩဂတ်စတာမြို့အထိ တက်ရောင်းမည်ဟု သူကြုံးဝါးခဲ့ဖူး၏။

ထင်းခုတ်သမားများ မြို့ပေါ်သို့သွား၍ ထင်းရောင်းလျှင် မြို့ပေါ်မှ ထင်းရှူးသားများ လှည်းတစ်စီးတိုက်ကို နှစ်ဒေါ်လာအထိ ပေး၍ဝယ်ကြ၏။ သို့သော်လည်း ဂျိုတာရောင်းသည့် ထင်း အမျိုးအစားကျတော့ ဆင့်ငါးဆယ် သို့မဟုတ် ခုနစ်ဆယ့်ငါးဆင့်ထက် ပိုမပေးကြချေ။

သံပိုက်လုံးများထက် ပို၍မာနေသော ဂျိုတာ၏ ထင်းများကို အမိုက်ခံ၍ ဝယ်မည့်လူတစ်ဦးတလေမျှပင် ရှိပုံမပေါ်ပေ။ ဤထင်းမျိုးလာရောင်းသည့် ဂျိုတာနှင့် ထင်းဝယ်သူများသည် အမြဲ





တစေ အငြင်းအခုံ ဖြစ်ကြ၏။

ဂျိုတာကလည်း သူတို့စကားကို လက်မခံ။ သူ့အနေဖြင့် သူ့မြေပေါ်တွင် ပြန်လည်စိုက်ပျိုးလို၍ မြေပေါ်၌ အလေ့ကျပေါက်နေသော သစ်ပင်၊ ဝါးပင်၊ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ရာမှ ရလာသည့် ထင်းများဖြစ်၍ ဤထင်းမျိုးကိုသာ ရောင်းနိုင်သည်ဟု ပြန်ပြောသည်။

ထိုအချိန်တွင် လပ်ဗ်သည် ခြံဝင်းနားသို့လျှောက်လာပြီး လမ်းဘေး၌ ဖင်ချထိုင်ကာ ခြေထောက်များကို လမ်းဘေးရေမြောင်းထဲသို့ တွဲလောင်းချထား၏။ သူ့လက်တစ်ဖက်ကတော့ ကြိုးတစ်ချောင်းဖြင့် ပူးချည်ထားသော မုန်လာဥအိတ်လည်ပင်းကို တင်းကျပ်စွာဆုပ်ကိုင်ထားဆဲ။

အယ်လီမေကတော့ သစ်ပင်နောက်မှ ပြူတစ်ပြူတစ်လုပ်ကာ လပ်ဗ်၏ မျက်လုံးများ သူ့ဆီရောက်လာစေရန် အားထုတ်နေဆဲ။ သို့သော် လပ်ဗ်က သစ်ပင်ဘက်သို့ လှမ်းကြည့်လိုက်သည့်အခါတိုင်း ဖျတ်ခနဲသစ်ပင်နှင့်ကွယ်ကာ လပ်ဗ်မမြင်အောင် လုပ်ထား၏။

"အဲဒီအိတ်ကြီးထဲက ဘာတွေလဲဟ"

ဂျိုတာက အော်မေး၏။

"မင်းအိတ်ကြီးကျောပိုးပြီး လာနေတာကို ငါအဝေးကြီးကတည်းကမြင်တယ်။ အဲဒီထဲဘာတွေ ထည့်လာတယ်ဆိုတာ ငါသိချင်လိုက်တာ။ ငါ သတင်းကြားထားတာတစ်ခုကတော့ တချို့လူတွေ ဒီနှစ်မုန်လာဥတွေ တော်တော်ရကြတယ်ဆိုပဲ"

လပ်ဗ်၏လက်သည် အိတ်ကိုတိုး၍ တင်းကျပ်စွာဆုပ်ကိုင်လိုက်ပြီး ဂျိုတာဘက်သို့လှမ်းကြည့်၏။ ထိုအခိုက်မှာပင် သစ်ပင်နောက်မှနေ၍ သူ့ကိုချောင်းကြည့်နေသော အယ်လီမေကို မြင်သွားသည်။

"အိတ်ထဲပါလာတဲ့ ပစ္စည်းကို မင်းသယ်လာရတာ

တော်တော်ကြီး ဝင်ဝန်းဖုံပဲ၊ မင်းကြည့်ရတာ အသက်ရှုတောင် မှန်ဘူး"ဟု ဂျိုတာက ထပ်ပြောပြန်သည်။

"ကျုပ် ခင်ဗျားကို ပြောစရာတစ်ခုရှိလို့ ဝင်လာတာဗျ"ဟု ထပ်စ်ကပြော၏။ "တခြားကိစ္စမဟုတ်ပါဘူး၊ ပါးလ်အကြောင်း ပြောချင်လို့"

"ဒီကောင်မလေး ဘာလုပ်ပြန်လို့တုံးဟ၊ နောက်ထပ် မင်းကို မဟုတ်တယုတ်အလုပ်တွေ လုပ်ပြန်ပြီလား"

"လုပ်တာတော့ သူလုပ်နေကျအတိုင်းပါပဲဗျာ၊ ကျုပ်က ဒီတစ်ခါတော့ အတော့်ကိုစိတ်ကုန်သွားလို့ပါ။ သူလုပ်နေတာတွေကို ကျုပ်အစကတည်းက မကြိုက်ဘူးဆိုတာ ခင်ဗျားလည်းသိနေသားပဲ။ ဒါပေမဲ့ သူ့ဟာက တစ်နေ့တခြား ပိုပိုပြီး ဆိုးလာတယ်ဗျ။ သူ ကျုပ်အပေါ် လုပ်နေတာတွေကိုကြည့်ပြီး လူမည်းကောင်တွေက ကျုပ်ကိုဝိုင်းပြီး သရော်ကုန်ကြပြီ"

"ပါးလ်က သူ့အမေနဲ့ တူနေတာကိုးကွ" ဟု ဂျိုတာက ပြောသည်။ "သူ့အမေကလည်း သူ့အရိုန်တုန်းက အထူးဆန်းဆုံး အလုပ်တွေ လုပ်ခဲ့တာပဲ မဟုတ်လား"

"ကျုပ်က သူ့ကိုကျုပ်အနားမှာ နေစေချင်တယ်၊ သူက မနေဘူး၊ အမြဲတမ်းထွက်ပြေးနေတယ်။ ကျုပ်ကခေါ်တော့လည်း မလာဘူး။ ကျုပ်အခုပြောချင်တာက တခြားမဟုတ်ပါဘူး။ ဘာ တစ်ခုမှ အကျိုးမခံစားရဘဲနဲ့ မိန်းမတစ်ယောက်ယူထားရတဲ့ အလုပ် ဟာ ဘယ်ကောင်းမလဲဗျာ။ ဘုရားသခင်ကတော့ ဒီလိုဖြစ်လာဖို့ ရည်ရွယ်မယ်မထင်ပါဘူး။ ယောကျ်ားတစ်ယောက် ဒီလို အလုပ်ခံရ တာမျိုးကိုတော့ သူလည်းကြိုက်မှာမဟုတ်ပါဘူး။ မိန်းမတစ်ယောက် က ယောကျ်ားတစ်ယောက်ကို အရူးလုပ်တဲ့သဘောမျိုးဆိုရင်လည်း ခံသာပါသေးတယ်။ အခု ပါးလ်လုပ်နေပုံက ဒီသဘော၊ ဒီပုံစံမျိုး လည်း မဟုတ်ဘူးဗျ။ ဒါပေမဲ့ လုပ်တာကတော့ လုပ်နေတာပဲ၊ အခုတော့ ကျုပ်စိတ်ထဲမှာ...."





"မင်းအိတ်ကြီးထဲက ဘာတွေလဲလပ်စ်ရ" ဟု ဂျိုတာက ဖြတ်မေး၏။ "မင်း ဟိုးတောင်ကုန်းပေါ် ရောက်ကတည်းက ငါမြင် တာ"

"အရေးထဲခုက္ကပါပဲ၊ မုန်လာဥတွေပါဗျာ" ဟု လပ်စ်က ပြောပြီး အမျိုးသမီးများဘက် လှမ်းကြည့်သည်။

"တယ်ဟုတ်ပါလား၊ မုန်လာဥတွေ ဘယ်ကရလာတာလဲ"

"သိချင်မနေစမ်းပါနဲ့ဗျာ"

"ဒီလိုရှိတယ်ကွာ၊ ငါတစ်ခု တွေးမိထားလို့ပါ၊ ငါနဲ့ မင်းနဲ့ ကုန်ကူးသလိုဟာမျိုး တစ်ခုလုပ်ရင် ကောင်းမလားလို့ပါ။ အပေးအယူလေးတစ်ခုပေါ့။ အခုလောလောဆယ် ငါက မင်းအိမ်ကို သွားပြီး ပါးလ်ကို အိပ်ရာထဲမှာ မင်းနဲ့အတူတူအိပ်ဖို့ ပြောပေးမယ်၊ မင်းအခု ငါ့ကိုပြောဖို့ စိတ်ကူးလာတာဟာ ဒီအကြောင်းပဲ မဟုတ် လား။ မင်းက ပါးလ်ကို မင်းအိပ်ရာထဲဝင်ပြီး အိပ်စေချင်နေတယ် မဟုတ်လား"

"သူက လုံးဝအိပ်ရာပေါ်မှာ မအိပ်ဘူးဗျ၊ ကြမ်းပြင်ပေါ်မှာ ဖျာစုတ်ကြီးနဲ့ပဲ အိပ်အိပ်နေတယ်၊ ညတိုင်း အဲသလိုချည်းအိပ်တာဗျ၊ အဲ့သလို သူနောက်ထပ်မလုပ်အောင် ခင်ဗျားကများ တားပေးနိုင် မလားလို့ပါ"

"သူ မလုပ်တဲ့အလုပ်ဟာ လုပ်လာအောင်ပြောဖို့ ကိစ္စမှာ အားတစ်ခုလောက်တော့ ဖြည့်ပေးဖို့လိုတယ်ကွ။ အဲသဟာကလည်း မင်းဘက်က အဲဟိုမုန်လာဥတွေကို အပေးအယူသဘော လုပ်ချင်ရင် ဖြစ်သွားဖို့ရှိပါတယ်ကွာ"

"ကျုပ်ပြောဖို့လာတာကတော့ အဲဟိုကိစ္စပါပဲ၊ ဒါပေမဲ့ မုန်လာဥတွေကိုတော့ လက်ဖျားနဲ့တောင် အထိမခံနိုင်ဘူး၊ ဒီမုန်လာ ဥတွေကို ကျုပ် ဆင့်ငါးဆယ်ပေးဝယ်လာခဲ့ရတာ၊ ပြီးတော့ ဈေးလား ကို အသွားအပြန် လျှာထွက်မမန်း လမ်းလျှောက်လာခဲ့ရတာ၊ ခင်ဗျားက ပါးလ်ရဲ့အဖေပဲဟာ၊ ကျုပ်ဆီက ဘာမှမယူဘဲ ကိုယ့်

သားသမီးကိုယ် ဆုံးမပေးသင့်တာပေါ့။ ခင်ဗျားသမီးက ကျုပ်ဘာ ပြောပြော နားမထောင်ဘူး။ ကျုပ်ဘာခိုင်းခိုင်း လုပ်လည်းမလုပ်ဘူး။ ဒီအဖြစ်ကြီးကို ဒီလိုပဲပစ်ထားသင့်သလား"

"ဒါကတော့ ဘုရားသခင် အလိုတော်အတိုင်းပဲ လပ်ဗ်ရေ။ ငါ ဒီနှစ်စိုက်တဲ့ မုန်လာဥတွေအားလုံး ပိုးကျကုန်တယ်လေကွာ။ ဟိုးတစ်နှစ်နွေဦးပေါက်ကတော့ မုန်လာဥပင်တွေ ကောင်းခဲ့သား။ အဲဒီနောက်တော့ လုံးလုံးကို အဆင်မပြေတော့ဘူး၊ ပိုးကျတာနဲ့ပဲ ငါ့အပင်တွေအားလုံး ပျက်ကုန်တယ်။ ဘာပြုလို့များ ဘုရားသခင်က မုန်လာဥပိုးတွေကို ဖန်ဆင်းပေးခဲ့တာလဲလို့ ငါစဉ်းစားမိသေးတယ်၊ စဉ်းစားလို့ မရပါဘူးကွာ....။

"ငါကတော့ ဘုရားသခင်ဟာ ပိုးတွေကို ကောင်းတာ လုပ်ပေးပြီး ဆင်းရဲသားတွေကို ဒုက္ခကြီးအောင် လုပ်တာပဲလို့ ထင်တယ်။ မနှစ်က ဆောင်းဝင်လာတော့ ငါ့မှာမြေကို တူးလိုက် ဆွလိုက်ရတာ၊ နားရတယ်လို့ မရှိဘူး။ ပင်ပန်းလိုက်တာလည်း မပြောပါနဲ့တော့၊ မုန်လာဥခင်းလုပ်မလို့ဆိုတဲ့ စိတ်ကူးနဲ့အပင်ပန်း ခံရတာပါ၊ နိုက်တော့လည်း အဖြစ်သားဟ...သိလား၊ ဒါပေမဲ့ မုန်လာဥတွေ စားလောက်သောက်လောက်အရွယ် ဖြစ်လာလို့ နုတ်မယ်လည်းလုပ်ရော တစ်ခါတည်းပိုးကျပါလေရော...။

"ဘုရားသခင်လုပ်ပုံက ပိုးတွေအတွက် ကောင်းပေမဲ့ တို့ ဆင်းရဲသားတွေကျတော့ ဒုက္ခဖြစ်တာပေါ့၊ ဒါပေမဲ့ ငါ သူ့ကို အပြစ်မတင်တော့ပါဘူး၊ အေး... စကားတစ်ခွန်းတော့ ပြောမိတယ်၊ 'ကောင်းမြတ်တဲ့ဘုရားသခင်ဟာ မုန်လာဥအကြောင်း ကောင်းကောင်း ကြီး သိနေတာပဲလေ'လို့၊ အဲသလိုပြောတော့ ပြောလိုက်မိတယ်။ မင်းလည်းအသိပါ လပ်ဗ်ရာ၊ ဒီခေတ်ကြီးမှာ ဘုရား သခင်ကလည်း ငါတို့မင်းတို့ ဆင်းရဲသားတွေ စားချင်ဝတ်ချင်တာ လေးတွေကို မစားရမဝတ်ရအောင် ဖျက်ဆီးပစ်နေတယ်ကွသိလား၊ အေးလေ တစ်ခုတော့ရှိပါတယ်။ စစ်ကြီးပြီးသွားကတည်းက နှစ်စဉ်





ဆိုးလာခဲ့ပေမဲ့ အခုလိုတစ်သက်လုံးတော့ ဆိုးသွားမယ်မထင်ပါဘူး။ ဘုရားသခင်အနေနဲ့ တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ သူ အခုလုပ်နေတဲ့ အလုပ်မျိုးကိုရပ်ပြီး ချမ်းသာတဲ့ကောင်တွေ ငါတို့ဆင်းရဲသားတွေဆီက ယူသွားသမျှပစ္စည်းတွေ ပြန်ပေးချင်လာမှာပါ။ ဘုရားသခင်ကက မင်းတို့ငါတို့အပေါ် မုန်မုန်ကန်ကန်နဲ့ ရှုရှုတတတော့ လုပ်ပေးကောင်းပါရဲ့လေကွာ၊ အခု ဖြစ်ပျက်နေသလိုချည်းတော့ တောက်လျှောက်ဖြစ်နေအောင် သူလည်းလွှတ်ထားမယ် မထင်ပါဘူး။

"ဒါပေမဲ့ဟေ့၊ မင်းတို့ငါတို့ကလည်း စားစရာမရှိတိုင်း သူ့ကိုချည်း ကော်ဆဲနေလို့မဖြစ်ဘူးကွ သိလား၊ ငါတို့ဘက်ကလည်း ရပ်တန်းကရပ်မှဖြစ်မှာ။ အဲဒါမျိုးဆက်လုပ်နေရင်လည်း သူက လူတစ်ယောက်ကို ငရဲအိုးထဲဖောက်ထိုးကျအောင် လုပ်ပစ်လိမ့်မယ်၊ ပြီးတော့ မကောင်းဆိုးဝါးတွေလွှတ်ပြီး ငါတို့ကို ဒုက္ခပေးလိမ့်မယ်"

လပ်ဗ်သည် မုန်လာဥအိတ်ကြီးကို ပြောင်းထဲချထားရာမှ မနိုင့်တနိုင်ဖြင့် အပေါ်သို့ဆွဲတင်ပြီး သူ့ဘေး၌ချထားလိုက်သည်။ ဂျိတာကတော့ သူ့လက်ထဲမှ ဖာလက်စ ကားကျွတ်ကို သူ့ဘေးမှာ ချထားလိုက်ပြီး လပ်ဗ်ထံမှတုံ့ပြန်မှုကို စောင့်စားလျက်ရှိ၏။

■

# ( ၂ )

လပ်ဗ်သည် အိတ်ကိုဖွင့်၍ အထဲမှ ကြီးမေ့ဆိုသည့် မုန်လာဥ တစ်ခုကိုဆွဲထုတ်ကာ အညစ်အကြေးနှင့် သဲမှုန့်ဖုန်မှုန့်များ ကင်းစင်သွားစေရန် လက်နှစ်ဖက်ဖြင့် ပွတ်သပ်ပစ်သည်။ ပြီးတော့ တစ်ကိုက်ပြီး တစ်ကိုက် သုံးကိုက်မျှကိုက်၍ အားရပါးရဝါးစား၏။

မြဲဝင်းထဲမှမိန်းမများသည် မုန်လာဥဝါးနေသော လပ်ဗ်ကို လှမ်းကြည့်နေကြ၏။ အယ်လီမေသည် သစ်ပင်နောက်ကွယ်မှ ထွက်လာပြီး လပ်ဗ်နှင့် မနီးမဝေးရှိ ထင်းရှူးပင်ငုတ်တိုတစ်ခုပေါ် ထိုင်ချလိုက်သည်။ ဆင်ဝင်အောက်၌ ရပ်နေကြသည့် အဒေါ်နှင့် ဘွားအေကြီးတို့ကတော့ လပ်ဗ်လက်ထဲမှ မုန်လာဥ တစ်ကိုက်ပြီး တစ်ကိုက် သေးသေးသွားသည်ကို မျက်ခြည်မပြတ် ကြည့်နေကြလေသည်။

"တကယ်လို့သာ ပါးလ်ဟာ အယ်လီမေနဲ့တူခဲ့ရင် အခုလို ဟာမျိုးတွေ ဘယ်လုပ်မလဲ" ဟု လပ်ဗ်ကပြောသည်။

"အစကတည်းက ကျုပ်အယ်လီမေကို ယူလိုက်ရ အကောင်းသားဗျာ၊ အင်း ခက်တော့လည်း အခက်သားပဲ၊ မျက်နှာကြောင့်ဗျ...သိလား၊ မျက်နှာကြောင့်။ အယ်လီမေကို ယူပြန်ရင်လည်း

သူနဲ့အတူတူအိပ်တဲ့အခါ ကောင်းကောင်း အိပ်နိုင်မှာမဟုတ်ဘူး။ နောက်တစ်နေ့ နေ့ခင်းဘက်ကျရင် မြင်ရမယ့် သူ့မျက်နှာကို တွေးတွေးပြီး ကျုပ်အိပ်နိုင်မှာမဟုတ်ဘူး။ မျက်နှာကျတော့ ပါးလ်က ချောတယ်ဗျ။ ဒါပေမဲ့ ခွကျနေတာက ညတိုင်းကြမ်းပေါ်က ဖျာစုတ်ပေါ်အိပ်နေတဲ့ ကိစ္စပဲ....။

"ဂျိုတာရာ၊ ခင်ဗျား ကျုပ်နဲ့လိုက်လာပြီး ခင်ဗျားသမီး ပါးလ်ကို ဒီလိုမလုပ်ဖို့ ဆုံးမပေးပါလား၊ ကျုပ်သူနဲ့ လက်ထပ်ခဲ့တာ တစ်နှစ်တောင် ပြည့်ကာနီးနေပါပြီဗျာ၊ နေ့ရောညပါ အချိန်ရှိသမျှ ကျောက်မီးသွေးလျှော့စင်ကြီးဆီ သွားပြီးဂေါ်ပြားတစ်ချောင်းနဲ့ ကျောက်မီးသွေးတွေပဲ မနားတမ်းကော်နေရတော့မှာလား။ အဲသလို ချည်းဖြစ်နေရမယ်ဆိုရင်တော့ ကျုပ်အဖို့ ကောင်းပါဦးမတဲ့လားဗျာ။ ယောကျ်ားတစ်ယောက်အနေနဲ့ ညမှောင်လာရင် သူ့မိန်းမအိပ်ရာထဲ ဝင်အိပ်စေချင်တာဟာ လင်တစ်ယောက်ရဲ့ အခွင့်အရေးပါဗျ၊ ခင်ဗျားပဲ စဉ်းစားကြည့်စမ်းပါ ဂျိုတာရယ်၊ တစ်နှစ်လုံးလုံး ကိုယ့်လင်နဲ့ မအိပ်ဘဲ ကြမ်းပေါ်အိပ်နေတဲ့ မိန်းမမျိုး ကျုပ်တစ်သက်မှာ လုံးဝ မကြားဖူးခဲ့ပါဘူး။ ခင်ဗျားသမီး ပါးလ်လုပ်ပုံက သဘာဝမကျပါဘူးဗျာ"

"ဟော့ကောင် ခူဒီ၊ မင်း အိမ်နံရံကို ဘောလုံးနဲ့ပေါက်နေတာ မရပ်တော့ဘူးလား၊ ဆွေးနေတဲ့ အုတ်စအုတ်နတွေ ပြုတ်ပျက်ကျကုန်အောင် လုပ်သလိုဖြစ်နေတာ မင်း မမြင်ဘူးလား ' မင်း အလုပ်ကို ရပ်တန်းကမရပ်ရင် တစ်အိမ်လုံး ပြိုကျတော့မယ်"

ဂျိုတာက သူ့ဘာသာသူ ခူဒီအား လှမ်း၍ဟန့်သည်။ ထို့နောက် ... စောစောက သူချထားသော ကားကျွတ်ဟောင်းကို ပြန်ကောက်ကာ အပေါက်ကိုဆက်ဖာသည်။

သူမှီ၍ ထိုင်နေသော ကားအိုကြီးသည် သူပိုင် နောက်ဆုံး ပစ္စည်းဖြစ်၏။ မနှစ်က နွားမကြီးသေသွားကတည်းက သူပိုင်ဆို၍





ဤကားအိုကြီးတစ်စီးသာလျှင် ကျန်တော့၏။ အရင်တုန်းကတော့ သူသည် သူပိုင်ပစ္စည်းများအတွက် အမြဲကြွားဝါလေ့ရှိသည်။ နွားမကြီး မရှိတော့သည့်အခါတွင်ကား အကြွားရပ်ထား၏။ လက်ကျန်ပစ္စည်းဖြစ်သော ဤကားအကြောင်းကိုပင် စကားထဲထည့်မပြောတော့ချေ။ သူ့ကိုယ်သူလည်း ဆင်းရဲသားတစ်ယောက် ဖြစ်သွားပြီဟု တွေးစပြုလာခဲ့သည်။

တကယ်တော့လည်း သူသည် နွေဦးပေါက်ရာသီရောက်၍ စိုက်ချိန်ပျိုးချိန်ကျတိုင်း ဝါမျိုးစေ့နှင့် မြေဩဇာဝယ်ဖို့ ငွေလိုတတ်သည်။ ထိုအခါသူ့တွင်ရှိနေသည့် ပစ္စည်းများကို ပေါင်နှံရသည်။ ဟိုတုန်းကတော့ ပေါင်နှံစရာပစ္စည်းများရှိခဲ့၏။ အခုတော့ သူ့တွင် ပေါင်စရာပစ္စည်း ဘာမှမရှိတော့။ သို့သော်လည်း ထင်းကတော့ ရောင်းစရာကျန်နေသေးသည်။

တကယ်တော့ သူရောင်းသည့်ထင်းမှာ သူ့အိမ်နောက်ဖေး တွင်ပေါက်သော အပင်များမှရခြင်းဖြစ်၍ အလွန်မာ၏။ အခု သူ ကျွတ်ဟောင်းကြီးကို ဖာနေခြင်းမှာ ထိုအပတ်အတွင်း သင့်တော်သည့် တစ်ရက်ရက်၌ ဩဂတ်စတာမြို့သို့ ထင်းသွားရောင်းရန် ဖြစ်သည်။

သူ့မိန်းမအေဒါက အိမ်တွင်စားစရာကုန်ပြီဟု သူ့ကို ပြောနေပြီမဟုတ်ပါလား။ အခုဆိုလျှင် အရင်တုန်းက အသီးအရွက် အခွံများနှင့် အရိုးများကို ဖြစ်သလို ရေလုံပြုတ်၍ စားသောက်နေကြရသည်မှာ ရက်ပေါင်းများစွာ ကြာခဲ့သည်။

မည်သို့ပင်ဖြစ်စေ အခု စားသောက်နေကြရသည့် အခွံ အရိုးအရွက်များ ကုန်ပြီဆိုပါက သူတို့တွင် စားသောက်စရာ ဘာမှရှိတော့မည်မဟုတ်။ သူ့ထင်း ကားတစ်စီးတိုက်စာကို ဩဂတ်စတာသို့ သွားရောင်းလျှင် ဝယ်သူနှင့်တွေ့ပါက ဆင့်ငါးဆယ် ခုနစ်ဆယ့်ငါးဆင့်တော့ ရနိုင်သည်။

သူ့နွားမကြီး သေဆုံးစဉ်ကတော့ နွားသေကောင်ကို

ပြောတော်တောမြို့အထိ သယ်ယူသွားပြီး ဓာတ်မြေပြဲစာစက်ရုံ၌ ဝင်ရောင်းရာ နှစ်ဒေါ်လာနှင့် နှစ်ဆယ့်ငါးဆင့်ရခဲ့သည်။ ထို့နောက်တော့ သူ့ထံတွင် အလွန်မာကြောသည့် ထင်းများမှ တစ်ပါးတခြား ရောင်းစရာပစ္စည်း မရှိတော့။

"ဘောလုံးနဲ့ ပေါက်နေတာကို ရပ်လိုက်ပါတော့ဟာ ဒူဒီရ" ဟု ဂျိုတာကအော်၏။ "ငါက မလုပ်ပါနဲ့လို့ပြောရင် မင်းဘယ်တော့မှ မရဘူး၊ မင်းအဖေကို မင်းဒီလိုပဲ ဆက်ဆံနေတော့မှာလား၊ ငါ့ကိုဒေါသမဖြစ်ဖြစ်အောင် လုပ်နေမယ့်အစား ကူညီနိုင်တာကူညီမှပေါ့ကွ"

"ခင်ဗျား မမြင်ချင်ရင် ငဲ့ပြည်သွားနေပေါ့ဗျ" ဟု ဒူဒီက လက်ထဲမှဘောလုံးဖြင့် အိမ်နံရံကို တစ်အားကုန် ပစ်ပေါက်လိုက်ပြီး ပြန်ပြော၏။ "ဘယ်သူကမှ ခင်ဗျားကိုမနှောင့်ယှက်ဘူး"

ဂျိုတာ၏မိခင် ဘွားအေကြီးသည် ဆင်ဝင်အောက်သို့ ဝင်လာပြီး အိတ်ဟောင်းတစ်လုံးကိုယူကာ ဆေးရွက်ကြီးလမ်းကို ဖြတ်၍ တစ်ဖက်ရှိ တောအုပ်ဆီသို့ ထင်းခြောက်များကောက်ရန် ထွက်သွားသည်။ သူထွက်သွားခြင်းကို မည်သူကမှ ဂရုမစိုက်ကြ။

မီးဖိုချောင်အတွက် ထင်းကို ဘယ်တော့မှ ခုတ်ခြင်း၊ သယ်ယူခြင်းမပြု၊ ဤအလုပ်ကို ဂျိုတာလုပ်လေ့မရှိ။ ဤအလုပ်မျိုးကို ဒူဒီလုပ်အောင်လည်း ဂျိုတာမနိုင်းနိုင်၊ ဂျိုတာ၏မိခင် အဘွားကြီး လက်စတာသည် သူတို့အိမ်တွင် ချက်စရာပြုတ်စရာ ဘာမှမရှိကြောင်း သိသည်။

တောအုပ်ထဲသို့သွား၍ ထင်းခြောက်ကောက်ခြင်းနှင့် မီးဖိုချောင်ထဲ၌ မီးမွှေးခြင်းသည် သက်သက်မဲ့ အချိန်ဖြုန်းသည့် အလုပ်မှန်းလည်း သူသိနေသည်။

သို့သော် သူ့ဝမ်းထဲ၌ အစာမရှိ၍ ဆာလောင်နေသည်က တစ်ကြောင်း၊ အစာစားချိန်တွင် မီးဖိုချောင်ထဲသို့ဝင်၍ မီးမွှေးလိုက်လျှင် ဘုရားသခင်က ချက်စရာပြုတ်စရာ တစ်ခုခု လာပေးလိမ့်မည်





ဟု ယုံကြည်နေသည်ကတစ်ကြောင်း၊ ထို့ကြောင့် စိတ်မပျက် လက်မပျက် ထင်းအကောက် ထွက်ထွက်နေခြင်းဖြစ်သည်။

လပ်ဗ်၏ အိတ်ကြီးထဲ၌ မုန်လာဥများ ရှိနေမှန်းသိနေသော အဘွားကြီးသည် ယခုတစ်ကြိမ်တွင် ဆာလောင်မှုဝေဒနာကို အပြင်းအထန် ခံစားရသည်။

အိမ်တွင် စားစရာဘာမှမရှိဟူသောအသိ ဝင်နေချိန်တွင် အဘွားကြီးသည် သူ့ဗိုက်ထဲမှ နာကျင်မှုဝေဒနာကို တစ်ခါတစ်ရံ အောင့်အည်းသည်းခံနိုင်သည်။ အခုလို သူ့ရှေ့တည့်တည့်၌ထိုင်၍ အိတ်ကြီးထဲမှ မုန်လာဥများကိုထုတ်၍ ဝါးနေသော လပ်ဗ်ကို မြင်နေရသည့်အခါတွင်မှုကား သူသည် အရူးအမူး ဆာလောင်လျက် ရှိလေသည်။

အဘွားကြီးသည် ပထမလမ်းကိုဖြတ်ကူး၏။ ထို့နောက် ခြောက်နှစ်ကျော်ကျော် ခုနစ်နှီးပါးမျှ မစိုက်မပျိုးဘဲ စွန့်ပစ်ထားသည့် ဝါခင်းအဟောင်းကြီးပေါ်မှဖြတ်၏။ သူလျှောက်သွားနေပုံမှာ ဒယီးဒယိုင်။ ဤဝါခင်းကြီးပေါ်တွင် ပထမဆုံး ပိတ်စွယ်မြက်များပေါက်ခဲ့၏။

အခုကျတော့ ဆူးပင်ချုံပင်များစွာ ဖုံးလွှမ်းနေပြီ။ အဘွားကြီးသည် လူသွားလမ်းတစ်လျှောက်တွင် အကြိမ်ပေါင်းများစွာ လဲသည်။ သူ့ကိုယ်ပေါ်မှ အဝတ်များမှာ မြင်မကောင်းအောင် ပေါက်ပြဲစုတ်ပြတ်နေကြသည်။ ဝတ်ထားသည့်အဝတ်များက အနက်ရောင်။ လျှောက်သွားနေပုံက ယိုင်တီယိုင်တိုင်။ အဘွားကြီး၏ ပုံသည် စာချောက်ရုပ်ကြီးနှင့် တူနေ၏။

ဖေဖော်ဝါရီလ၏ လေသည် တရှီးရှီးအော်မြည်ကာ ခပ်ကြမ်းကြမ်း တိုးဝှေ့တိုက်ခတ်လျက်ရှိသည်။ အဘွားကြီး၏ အစိတ်စိတ်အမြွာမြွာ ဖွာရရာကြနေသော အကျီက အနားစများသည် လေတွင် တလွင့်လွင့်။ အဘွားကြီးလျှောက်သွားနေပုံမှာ သွက်ချာပါဒ လိုက်နေသူတစ်ဦး လမ်းလျှောက်ပုံနှင့်တူသည်။

ခြေအိတ်မရှိသဖြင့် သူ့ခြေထောက်နစ်ဖက်ကို အနက်ရောင် အဝတ်စုတ် အပိုင်းအစများဖြင့် အထပ်ထပ်ရစ်ပတ်ကာ သူ့အစနှင့်သူ ပြန်၍ချည်ပြီးထုံးထား၏။ ဖိနပ်မရှိသဖြင့် မြင်းလည်ပတ်ဟောင်းကို လေးထောင့်စပ်စပ်လှီးကာ ခြေထောက်နှစ်ဖက်တွင် ကြိုးများဖြင့် အသေချည်ထား၏။

အဘွားကြီးသည် မနက်ခင်းနှင့် နေ့လယ်ခင်းသာ ထင်းကောက်ထွက်သည်မဟုတ်၊ ညခင်း၌ပါထွက်၍ ထင်းခြောက်ကောက်လေ့ရှိသည်။ ဤအလုပ်မှာ သူ၏ နိစ္စဓူဝအလုပ်ဖြစ်နေပြီး အိမ်ပြန်လာသည့်အခါတိုင်းတွင်လည်း သူသည် မီးဖိုထဲဝင်၍ မီးမွှေးသည်။ ပြီးတော့ မီးဖိုအနီးတွင်ထိုင်ကာ တစ်စုံတစ်ရာ ရောက်လာလိုလာငြား တမျှော်မျှော်လုပ်နေတတ်လေသည်။

အေဒါသည် ပါးစပ်နှင့်ကိုက်ထားသည့် သွားကြားထိုးတံကို တစ်ဖက်ထောင့်မှ အခြားထောင့်သို့ပြောင်း၍ ကိုက်လိုက်ပြီး လပ်ဗ်နှင့် လပ်ဗ်၏ မုန့်လာဥအိတ်ကြီးကို မျှော်လင့်ချက်ကြီးစွာဖြင့် လှမ်းမျှော်ကြည့်နေသည်။

ဖေဖော်ဝါရီလ၏ အေးမြသော လေဒဏ်မှ ကာကွယ်နိုင်ရန်အတွက် သူ့ကိုယ်အထက်ပိုင်းကို သရက်ထည် အဝတ်ဟောင်းစတစ်စဖြင့် ဖုံးထား၏။ သူသည် နေရောင်အောက်တွင် ရပ်လိုက် ထိုင်လိုက် ပြန်၍ရပ်လိုက်နှင့် ဂနာမငြိမ်။

အယ်လီမေသည် ထင်းရှူးငုတ်တို့အပေါ်တွင် ထိုင်နေရာမှ ထလာပြီး မြေကြီးပေါ်တွင် ပြန်ထိုင်သည်။ ပြီးတော့ မာကျောသော သဲပြင်ပေါ်တွင် ဖင်ရွှေ့ဖင်ရွှေ့လုပ်၍ လပ်ဗ်နှင့် နီးသည်ထက်နီးလာအောင် တိုးတိုးလာ၏။

"ဘယ့်နှယ်လဲ လပ်ဗ်၊ မုန့်လာဥတွေနဲ့ အပေးအယူလုပ်ချင်စိတ် မရှိဘူးလား" ဟု ဂျီတာက မေးမြန်း၏။ "ငါမုန့်လာဥတော့ လိုချင်နေတာအမှန်၊ သိပ်ပြီးလိုချင်စိတ် ရှိနေတယ်ဆိုတာ ဘုရားသခင်ပဲ သိပါတယ်ကွာ"





"မုန့်လာဥတွေကို ကျုပ်ဘယ်သူနဲ့မှ အပေးအယူ မလုပ်ဘူး" ဟု လပ်ဗ်ကပြောသည်။

"ဟုတ်သေးပါဘူးကွာ၊ ဒီလိုကြီးပြောလို့ ဘယ်ဖြစ်ပါ့မလဲ၊ ငါဆိုရင် မနှစ်ကနွေဦးပေါက်ကတည်းက မုန့်လာဥကောင်းကောင်း မစားရတော့ဘူးကွာ သိလား၊ ငါစားခဲ့ရတဲ့ မုန့်လာဥတွေဟာ ပိုးတွေနဲ့ချည်းပဲ၊ အပုပ်တွေပေါ့ကွာ၊ အခုဆိုရင် မုန့်လာဥကောင်းကောင်း စားချင်တာအလွန်ပဲ၊ ငါစားရတဲ့ မုန့်လာဥပိုးကိုက်တွေဟာ လူတွေစားဖို့ မသင့်တော်ဘူးကွ"

"ဒီလိုဆိုလည်း ဖူးလားကို ခင်ဗျားဘာသာခင်ဗျား သွားဝယ်ပေါ့ဗျ"

လပ်ဗ်က သူ့လက်ထဲမှ လေးလုံးမြောက်မုန့်လာဥ လက်ကျန်ကို ပါးစပ်ထဲထိုးထည့်ပြီး ဝါးနေရာမှ ပြန်ပြောသည်။

"ကျုပ်ဆိုရင် ကျုပ်ဘာသာကျုပ် သွားပြီးဝယ်လာတာပဲ"

"ငါမင်းအပေါ် ကောင်းခဲ့တယ်ဆိုတာ မင်းသိသားပဲ မဟုတ်လား လပ်ဗ်ရာ၊ ဒီလိုအပြောမျိုးတော့ မပြောသင့်ပါဘူး၊ ငါ့မှာ ပိုက်ဆံလည်းမရှိဘူးဆိုတာလည်း မင်းအသိသားနဲ့၊ ငါ့မှာ ငွေဝင်စရာနေရာလည်း ရှိမှမရှိတာ၊ မင့်မှာကတော့ အလုပ်ရှိတော့ ငွေအများကြီးရတာပေါ့။ မင်းကသာ အပေးအယူလုပ်လိုက်ရင် ငါ့မှာ စားစရာရှိသွားမယ်၊ ဒါဆိုရင် ငတ်ပြီးမသေတော့ဘူး၊ မင်း အဲဒီနေရာကထိုင်ပြီး ငါငတ်နေတာကို ကြည့်နေနိုင်ပါ့မလားကွာ"

"ကျောက်မီးသွေးလျှောစင်မှာ အလုပ်လုပ်လို့ရတာက တစ်နေ့မှ တစ်ဒေါ်လာတည်းပါ၊ အိမ်လခပေးရတာနဲ့ပဲ ကုန်သလောက် ဖြစ်နေပါပြီ၊ မဖြစ်စလောက် ငွေအကျန်လေးနဲ့ စားရသောက်ရတာပါ"

"ငါက ဝင်ငွေတစ်ပြားမှမရှိဘူး၊ မင်းကရှိသေးတယ် မဟုတ်လားကွာ"

"ဒါကတော့ ကျုပ်လည်း မတတ်နိုင်ဘူးဗျာ၊ ဘုရားသခင်

တစေတော့ ကျုပ်တို့ကို တန်းတူညီမျှ ကြည့်ရှုစောင့်ရှောက်နေတယ်လို့ အများကပြောနေကြတာပဲ။ ကျုပ်ကိုတော့ ဘုရားသခင်က ပေးနေသားပဲ၊ တကယ်လို့ ခင်ဗျားရသင့်တာမရရင်တော့ ပြောကြည့်ပေါ့။ အဲဒါအကောင်းဆုံးနည်းပဲ၊ ခင်ဗျားဒုက္ခက ကျုပ်ဒုက္ခမှမဟုတ်တာ၊ ကျုပ်မှာလည်း ကိုယ်ပိုင်ဒုက္ခတွေ အများကြီးရှိနေတာပဲဟာ၊ ပြီးတော့ ဝါးလ်ကလည်း..."

"ဟေ့...ဒူဒီ၊ မင်းဘောလုံးနဲ့ အိမ်ကိုပေါက်နေတာ အခုချက်ချင်း ရပ်မလား မရပ်ဘူးလား"ဟု ဂျိုတာကထအော်သည်။

"မင်းလုပ်နေတဲ့အသံကြောင့် ငါ့ခေါင်းနစ်ခြမ်းကွဲတော့မယ်"

ဒူဒီလည်း ဘောလုံးနှင့်အိမ်နံရံကို အားကုန်ထုတ်၍ ပစ်ပေါက်လိုက်သည်။ ဆွေးမြည့်နေသော သစ်သားအကျိုးအပဲ့ အစအနများသည် မြဝင်းထဲသို့ တဖြောဖြောကျလာသည်။

ခေါင်မိုးပေါ်မှ အုတ်ကြွပ်မိုး အတုံးအခဲများသည် အိမ်ဘေးမြေကြီးပေါ်သို့ လွင့်စဉ်၍ကျလာကြသည်။ ဒူဒီကတော့ ဘောလုံးကို အပစ်မရပ်။ တစ်ချက်ပြီးတစ်ချက် အားကုန်ထုတ်၍ပစ်သည်။ ဘောလုံးသည် နံရံများကို ထုတ်ချင်းခတ်ဖောက်၍ ထွက်သွားလိမ့်မည်ဟုပင် ထင်ရ၏။

ဘုရားသခင် မိုးပေါ်ကနေပြီး မုန့်လာဥတွေ ချပေးလိမ့်မယ်လို့များ ထင်နေသလား၊ ဝေးပါသေးတယ်ဗျာ... ဘယ်တော့မှ ချမပေးဘူး၊ ခင်ဗျားနဲ့ အရှုးလုပ်တမ်းကစားဖို့ သူ့မှာအချိန်မရှိဘူးဆိုတာ ခင်ဗျားသိရဲ့လား၊ တကယ်လို့ ခင်ဗျားဟာ ငပျင်းကြီးမဟုတ်ရင် ဒီအိမ်မှာ တစ်နေ့လုံးထိုင်ပြီး ဆဲနေမယ့်အစား တစ်ခုခုဖြစ်အောင်





လုပ်မှာပေါ့ဗျာ"

"တွေ့တယ်မဟုတ်လား လပ်ဗ်၊ ဘုရားသခင်က ငါ့ကို ဆင်းရဲတဲ့ကောင်ဖြစ်အောင် လုပ်လိုက်တော့ သားသမီးတွေကပါ ငါ့ကိုဝိုင်းပြီး အပြစ်တင်တာ ခံရတာပေါ့ကွာ" ဟု ဂျိုတာက ပြောသည်။

"ငါတို့မှာ စားစရာမရှိတာနဲ့ဘဲ သားသမီးတွေကရော သူတို့အမေကြီးကပါ ငါ့ကိုဝိုင်းပြီး ကျိန်ဆဲနေကြတယ်ကွ၊ ငါ့မှာ လုပ်စရာအလုပ်ကလည်း မရှိတော့ဘူး...။

"ကပ္ပတိန်ဖွန်က အလုပ်ပိတ်ပြီး ငါတို့ကို ရိက္ခာပေးနေကျ ထုတ်မပေးတော့တာဟာ ငါ့အပြစ် မဟုတ်ပါဘူး လပ်ဗ်ရာ၊ ဒါက ကပ္ပတိန်ဖွန်ရဲ့ အပြစ်ပါကွ၊ ငါ့ဘဝတစ်လျှောက်လုံး ကပ္ပတိန်ဖွန်အတွက် အလုပ်လုပ်ပေးခဲ့တာပါ၊ လယ်ကွင်းတွေထဲက သူ့ရဲ့ သူရင်းငှား လူမည်းလေးကောင်ထက် ငါကပိုပြီး အပင်ပန်းခံခဲ့ပါသေးတယ်၊ ငါမှတ်မိသလောက် ပြောရရင် တစ်မနက်ခင်းမှာ သူဒီကိုရောက်လာတယ်။ သူ့ဆီက အစားအစာ မပေးနိုင်တော့ဘူးလို့ ပြောသွားတယ်...။

"အဲဒီနောက်တော့ လားတွေအကုန်လုံး ရောင်းပစ်ခဲ့ပြီး ဩဂတ်စတာမြို့ကို ရွှေ့သွားတာပဲကွာ၊ ငါ ငွေရအောင် မရှာနိုင်တာက အလုပ်ပေးမယ့်လူတစ်ယောက်မှ မရှိတော့လို့ပါ၊ လက်ထောက်ပေးပြီး အငှားချမယ့်လူလည်း တစ်ယောက်မှမရှိတော့ဘူး။ ငါပိုင်တဲ့ မြေပေါ်မှာ ငါ့ဘာသာငါတောင် မစိုက်နိုင်တဲ့ အပြစ်မျိုးပါ လပ်ဗ်ရာ၊ မစိုက်နိုင်တာကလည်း ငါ့မှာ ထွန်ဖို့ယက်ဖို့ လားမရှိဘူး၊ မျိုးစေ့နဲ့ မြေဩဇာဝယ်ဖို့လည်း ပိုက်ဆံမရှိဘူး၊ အကြွေးရောင်းဖို့ပြောတော့လည်း မရောင်းကြဘူး၊ အခုဆိုရင် ငါ့မှာ စားစရာဘယ်ကမှ မရကြဘူး...။

"တစ်ခါတလေ ထင်းကားတစ်စီးတိုက်စာလောက်ရှိလို့ ဩဂတ်စတာမြို့ပေါ် သွားရောင်းပါမှ ငွေစကလေး မမြင်စလောက်

ရှာတာ အဲဒီအချိန်မျိုးကျမှပဲ စားစရာလေးဘာလေး အနည်းအကျဉ်း ပေါ်ရှာတာ၊ ထင်ဝှတ်နီ်ရွှန်ဆိုတဲ့ ကောင်ကြီးကလည်း ဖူးလားက ကုန်သည်တွေဆီသွားပြီး သူ့စာရင်းနဲ့ ငါ့စားစရာပစ္စည်းတွေ အကြွေး လာဝယ်ရင် မရောင်းပါနဲ့လို့ ပိတ်ထားတယ်လေကွာ၊ အဲဒီတော့ ငါ့မှာ ရစရာနေရာဆိုလို့ တစ်နေရာမှမရှိတော့ဘူးပေါ့…။

"တကယ်လို့ တစ်ဦးဦးက မျိုးစေ့တို့ မြေသြဇာတို့ ဝယ်နိုင်အောင် အာမခံစာချုပ်လေးဘာလေး လုပ်ပေးမယ်ဆိုရင်တော့လည်း ကိုယ့်မြေပေါ် ကိုယ်စိုက်ချင်တာလေးစိုက်ပြီး အဆင်ပြေအောင် လုပ်လို့ရမှာပါ၊ အခုတော့ အဲသလို လုပ်ကိုင်ပေးမယ့်လူကလည်း တစ်ယောက်မှမရှိဘူး၊ အခု ငါရချင်နေတာက ဒီ အခွင့်အရေးပဲကွ၊ ဆောင်းဝင်လာရင် မြေပေါ်ကချုံပုတ်တွေကို မီးရှို့ရတော့မယ်….။

"အခုဆို တချို့ယာသမားတွေ မီးရှို့နေကြပြီ၊ ငါလေ ချုံးပွဲချုပြီး ငိုချင်တဲ့စိတ်တောင် ပေါက်လာတယ် လပ်ဗ်ရာ၊ ငါ အားကိုးနေတာ ငါ့မြေပါကွာ၊ အခုလိုရာသီမျိုးမှာ ချုံပုတ်တွေကို မီးရှို့လို့ထွက်လာတဲ့ အနံ့ရှူရရင် ငါ့မှာရူးမတတ် ခံစားရပါတယ်၊ မကြာခင်မှာ တခြားလူတွေ ထွန်ကြ၊ ယက်ကြတော့မယ်၊ ဒီအသိဝင်လေ ငါရင်နာလေပဲ။ ငါ့ဘဝက ဆိုးပါတယ်ကွာ၊ သူတို့လူစု ထွန်ကြရင် မြေကြီးထဲကနေ မြေနံ့အသစ်ထွက်လာတော့မယ်…

"ဒီအနံ့ဟာ ငါ့ကို စိတ်ထိခိုက်အောင် လုပ်နေတာပဲကွ၊ ဒီအနံ့ရှူရရင် ငါ့တစ်ကိုယ်လုံး နုံးချွေသွားတာပဲ၊ ငါ့အသွေး ငါ့အသားတွေ ခန်းခြောက်သွားသလို ခံစားရပါတယ်ကွာ၊ ငါ ဒီမြေကို အားထားပြီး စိုက်ပျိုးစားလာတာ နှစ်ငါးဆယ်နီးပါးရှိပြီကွ၊ ငါ့အဖေနဲ့ ငါ့အဖေရဲ့ အဖေရယ်၊ ပြီးတော့ သူတို့မတိုင်ခင်က လူတွေရယ်… အားလုံး ဒီမြေကြီးပေါ်မှာ ယုံကြည်ကိုးစားပြီး နေလာခဲ့ကြတာကွ၊ ငါတို့လက်စတော မိသားစုအနေနဲ့လည်း ရာသီချိန်ကျလာရင် ဒီမြေကြီးပေါ်မှာ ထွန်ချင်ယက်ချင်ကြတယ်…။

"စိုက်ချင်ပျိုးချင်ကြတယ်၊ ဒီမြေကြီးကိုစွန့်ခွာပြီး ဘယ်





အရပ် ဘယ်ဒေသကိုမှ မသွားချင်ကြဘူး၊ တခြားလူတွေ လုပ်သလို ဝါကြိတ်စက်ရုံတွေမှာ ဝင်ပြီးတော့လည်း အလုပ်မလုပ်ချင်ကြဘူးကွ ဒီမြေကြီးဟာ ငါ့ကို အလွန်ခိုင်မြဲတဲ့ သံယောဇဉ်ကြိုးနဲ့ တုပ်နှောင်ထားသလိုပါပဲ။

"မိန်းမတွေနဲ့ ကလေးတွေဆိုတာကတော့ စားစရာမရှိရင် နွားတွေအော်သလို အော်ကြတာပဲ၊ ငါ့မှာ ဝယ်စရာပိုက်ဆံ မရှိဘူး ဆိုလို့လည်း သူတို့နားမလည်ကြဘူး၊ ငါ့အနေနဲ့ကတော့ ဘုရားသခင်ကလွဲပြီး အားကိုးစရာမရှိတော့ဘူး၊ ဘုရားသခင်က ငါရချင်တာ ပေးလိမ့်မယ်လို့ မျှော်လင့်ပြီးစောင့်နေရတာပဲ၊ သူတို့ကတော့ ပြောကြတာပဲ၊ ဘုရားသခင်ဟာ သူ့နောက်လိုက်တွေကို စောင့်ရှောက်ပါတယ်တဲ့၊ အဲဒီတော့ ဘုရားသခင်က ငါ့ကို သတိထားမိလာအောင် စောင့်ရုံကလွဲပြီး ငါလည်း ဘာမှမလုပ်တတ်တော့ဘူး…။

"ဩဂတ်စတာမြို့နဲ့ တို့အရပ်ကြားမှာ ငါ့လောက် အဖြစ်ဆိုးတဲ့လူဟာ ရှိမယ်မထင်ပါဘူးကွာ၊ တို့အရပ်နဲ့ မက်ကွိုင်းမြို့ကြားမှာလည်း ငါ့လိုဒုက္ခကြီးတဲ့လူမျိုး ရှိမယ်မထင်ဘူး၊ ငါကလွဲပြီး လူတိုင်းမှာ လိုအပ်နေတဲ့ပစ္စည်းတွေ ပြည့်စုံကြလိမ့်မယ်လို့ ငါကတော့ထင်တာပဲ၊ အခုလို အဖြစ်မျိုးနဲ့ ဘာကြောင့်ကြုံရတယ်ဆိုတာ ငါဖြင့် မပြောပြတတ်တော့ပါဘူးကွာ၊ ဘုရားသခင်နဲ့၊ ငါနဲ့လည်း ဘာမှမဖြစ်ပါဘူး၊ အမြဲတမ်း မှုမှုတတ ဆက်ဆံနေကြတာပါ…။

"ငါ့ဘက်က အမြဲတမ်း ရိုရိုသေသေ ဆက်ဆံခဲ့ပါတယ် ငါဘယ်လို အဖြစ်မျိုးရောက်နေပြီဆိုတာ သူသတိပြုမိဖို့ အချိန်တော်နေပါပြီ၊ အစားအစာကို သူများဆီက တောင်းဖို့ဆိုတာကတော့ မဖြစ်ပါဘူး၊ ဒီအပိုင်းမှာ ငါအကူအညီတောင်းခဲ့ပြီးပါပြီ၊ ဒါပေမဲ့ ဘယ်သူကမှ ဂရုမစိုက်ပါဘူး၊ သူတို့မှာလည်း စားစရာဘာမှ မရှိပါဘူးလို့ ပြောကြတယ်၊ ဘာကြောင့်အဲ့သလို ဖြစ်ကုန်ကြရတာလဲ ဆိုတာ ငါဖြင့် နားမလည်နိုင်တော့ဘူး….။

"လူတိုင်းလိုလို ဆင်းရဲမွဲတေကုန်တာဟာ စက်ရုံတွေဆီ

အလုပ်သွားမလုပ်ဘဲ မြေပေါ်မှာဆက်ပြီး နေကြလို့များလား၊ ဒီလိုလည်း ဟုတ်မယ်မထင်ဘူးကွ၊ ငါမကောင်းမှု ဒုစရိုက်တွေများလုပ်ခဲ့လို့လားဆိုပြီး စဉ်းစားပြန်တော့လည်း ငါဘာလုပ်ခဲ့မိတယ်ဆိုတာ စဉ်းစားလို့ကိုမရဘူး၊ မမှတ်မိတော့လို့များလားတော့ မသိပါဘူး။ ဖူးလားမှာရှိတဲ့ ကုန်သည်တွေက ငါ့ကို အကြွေးပေးချင်လွန်းလို့ နန့်နန့်တက်နေတဲ့အချိန်ကို ငါပြန်ပြီးသတိရမိတယ်...။

"အဲဒီတုန်းက ငါ့လက်ထဲမှာလည်း သုံးချင်ရာသုံးဖို့ ငွေကရှင်သကိုးကွာ၊ ဝါဈေးကလည်း ကောင်းတယ်လေကွာ၊ တစ်ပေါင်ကိုဆင့်သုံးဆယ်ရတာ၊ ကြွေးတောင်းမယ့်လူလည်း တစ်ကောင်မှပေါ်မလာဘူး၊ အဲ...နောက်ပိုင်းကတော့ ဖြူန်းခနဲ ဖူးလားကကုန်သည်ကြီးတွေ ငါ့ကို ပစ္စည်းအကြွေး မပေးကြတော့ဘူး...။

"အဲဒီနောက် ထပ်မကြာလိုက်ပါဘူး၊ ပုလိပ်တွေရောက်လာပြီး ငါပိုင်သမျှ ပစ္စည်းအားလုံးကို ယူတာကွ သိလား၊ နွားမကြီးကျတော့ အသုံးမဝင်တော့ဘူးလို့ ပြောတယ်၊ မော်တော်ကားကြီးကျတော့လည်း တာယာတွေက စုတ်ပြတ်နေပြီတဲ့။

"အခုအချိန်ကျတော့ ငါ့မှာ ကြွေးယူလို့လည်းမရ၊ အခကြေးငွေနဲ့ငှားပြီး အလုပ်လုပ်နိုင်းမယ့်လူကလည်း မရှိ၊ လက်ထောက်ခယူပြီး လယ်လုပ်နိုင်းမယ့်လူလည်း မပေါ်၊ တကယ်လို့ ဘုရားသခင်ကငါ့ကို မြန်မြန်ဆန်ဆန် မကူညီရင် ဒုက္ခတွင်းထဲက ငါရုန်းထွက်နိုင်ဖို့ မလွယ်တော့ဘူး၊ သိပ်ကို နောက်ကျသွားလိမ့်မယ်"

ဂျီတာသည် စကားကိုဖြတ်၍ ရပ်လိုက်ပြီး သူပြောသမျှအပေါ် လပ်ဗ် စိတ်ဝင်တစား နားထောင်ခြင်း ရှိမရှိ အကဲခတ်သည်။ လပ်ဗ်၏ ဦးခေါင်းသည် အခြားတစ်ဖက်သို့ လှည့်လျက်ရှိသည်။ သူသည် အယ်လီမေကို လှမ်းကြည့်နေခြင်းဖြစ်သည်။

အယ်လီမေသည် လပ်ဗ်ဆီသို့ တဖြည်းဖြည်း တိုးသွားလျက်ရှိ၏။ သူသည် လပ်ဗ်က သူ့အပေါ် ပို၍စိတ်ဝင်စားလာစေရန် မျက်နှာကို အစွမ်းကုန်ပြုံးထားသည်။ သူ့အနေဖြင့် သူ့ဆီသို့





လပ်ဗ်အလာကို စောင့်မနေနိုင်၊ ထို့ကြောင့် သူက လပ်ဗ်ထံသို့ သွားနေခြင်းဖြစ်သည်။ သူ၏ မွေးရာပါ နှုတ်ခမ်းကွဲသည် သူ့အပေါ်သွားများကို ထင်းထင်းကြီးပေါ်နေအောင် လှစ်ဟပြထားသည် ဖြစ်ရာ သူ့ပါးစပ်တွင် အထက်နှုတ်ခမ်း လုံးဝမပါသလို ဖြစ်လျက်ရှိသည်။

သာမန်အားဖြင့် တွက်မည်ဆိုပါက ဤနှုတ်ခမ်းကွဲကြောင့် ယောကျ်ားများက အယ်လီမေအပေါ် စိတ်ဝင်စားစရာအကြောင်း မရှိပေ။ သို့သော် အသက်ဆယ့်ရှစ်နှစ်မျှရှိပြီဖြစ်သော အယ်လီမေသည် မွေးရာပါ နှုတ်ခမ်းကွဲကြောင့် သူ့မျက်နှာ အရုပ်ဆိုးမှန်းသိနေသည့်ကြားမှပင် ယောကျ်ားတစ်ယောက်ကို အလွယ်တကူရနိုင်သည့် အခြားအရည်အချင်းများ သူ့တွင်ရှိနေကြောင်းကို ရှာဖွေတွေ့ရှိစပြုနေပြီဖြစ်၏။

"ငါ မုန်လာဥကောင်းကောင်းလေးတော့ သိပ်စားချင်တယ်ကွာ" ဟု ဂျီတာက ဆက်ပြောသည်။ "ဒီနှစ်ဆောင်းတွင်း တစ်တွင်းလုံး ဟင်းသီးဟင်းရွက် အရိုးနဲ့အခွံကလွဲပြီး ငါဘာမှမစားရဘူး၊ ဒါကြောင့်မို့ မုန်လာဥကောင်းကောင်းလေး အရသာခံပြီး စားချင်နေတာပါ၊ ဟိုတုန်းက နောက်ဆုံးစားခဲ့ရတဲ့ မုန်လာဥတွေကျတော့လည်း ပိုးကိုက်တွေချည်းပဲ၊ အခုယူလာတဲ့ မုန်လာဥတွေကို မင်းဘယ်ကရလာလဲ လပ်ဗ်ရဲ့...။

"တို့နှစ်ယောက် နားလည်မှုရှိရင် ဖြစ်ပါတယ်ကွ၊ ငါ မင်းနဲ့ဆက်ဆံရင် ဘယ်တော့မဆို မျှမျှတတ ဆက်ဆံခဲ့တာချည်းပဲ မဟုတ်လား၊ မင်းက ငါ့ကိုမုန်လာဥ နည်းနည်းပါးပါးတော့ ပေးသင့်ပါတယ်။ ဒါမှ ငါကလည်း မင်းအိမ်ကို မနက်အစောကြီး သွားပြီး ပါးလ်ကို ဒီလိုဟာမျိုးတွေ နောက်မလုပ်နဲ့တော့လို့ ဆုံးမပေးမှာပေါ့ ဟုတ်ဘူးလားကွာ၊ မိန်းကလေးတစ်ယောက်အနေနဲ့ မင်းကို အခုလိုလုပ်နေတာကတော့ ရှက်စရာတကယ်ကောင်းတာပဲ..."

"မင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကိုပေးဖို့ ငါသူ့ကို

ပြောပါတော့၊ သူ့လင်က သူ့အတွက် အိပ်ရာလုပ်ပေးထားပါလျက် ကြမ်းပေါ်ဆင်းပြီး အိပ်နေတဲ့ မိန်းကလေးမျိုး ငါတစ်သက် ကြားဖူးပေါင်ကွာ၊ ငါပြောလိုက်ရင်တော့ ပါးလ်က နားထောင်မှာပါ၊ အခု အချိန်လောက်ဆိုရင် သူကလည်း သဘောပေါက်နေလောက်ပါပြီ၊ ငါ မနက်အစောကြီးထသွားပြီး မင်းနဲ့အတူ အိပ်ရာထဲဝင်ဖို့ ဆက်ဆက်ပြောပေးပါ့မယ်"

လပ်ဇ်ကတော့ ဂျိုတာကို လုံးဝဂရုမစိုက်၊ သူ့ဆီသို့ ဖြည်းဖြည်းချင်း တိုးကပ်လာနေသော အယ်လီမေကိုသာ မျက်ခြည်မပြတ်ကြည့်နေသည်။ အယ်လီမေ သူနှင့် မနီးမဝေးသို့ ရောက်လာသည့်အခါ လပ်ဇ်သည် အိတ်ကြီးထဲသို့ လက်တစ်ဖက်နှိုက်ပြီး မုန့်လာဥတစ်ဥကို ဆွဲထုတ်သည်။ ပြီးတော့ ပါးစပ်နှင့် ဆတ်ခနဲ ကိုက်၍ ဝါးစားသည်။ ဤတစ်ကြိမ်တွင် မုန့်လာဥ၌ ကပ်နေသည့် သဲများကိုမသုတ်။

အေဒါကတော့ ပါးစပ်တွင်ကိုက်ထားသည့် သွားကြားထိုးတံကို နှုတ်ခမ်းထောင့် တစ်ဖက်မှ အခြားတစ်ဖက်သို့ ရွှေ့လိုက်၏။ ထို့နောက် အယ်လီမေနှင့် လပ်ဇ်တို့ကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသည်။

ဒူဒီကလည်း မတ်တတ်ရပ်နေရာမှ အယ်လီမေကိုပင် စောင့်ကြည့်နေသည်။

"ဘုရားသခင် မတော်မူပါ" ဟု ဂျိုတာကရေရွတ်၏။

"တပည့်တော် မုန့်လာဥပဲ စားချင်ပါတယ်၊ အခုအချိန်ကစပြီး ညအိပ်ရာမဝင်ခင်အချိန်မှာ တပည့်တော် မုန့်လာဥအိတ်တစ်လုံးစာလောက်ကို စားရဖို့နီးနေပါပြီဘုရား"

■

( ၃ )

ဂျိုတာ၏ မေတ္တာရပ်ခံချက်သည် လပ်ဇ်အပေါ်၌ ထိရောက်ခြင်းမရှိ၊ တဖြည်းဖြည်းနှင့် ပို၍ပင်အားနည်းလာသည်။ လပ်ဇ်သည် သူ့ကို ဘယ်သူက ဘာပြောနေမှန်းပင် မသိ၊ သူ၏ စိတ်ဝင်စားမှုသည် အယ်လီမေတစ်ဦးတည်း အပေါ်၌သာ ရောက်နေပြီဖြစ်၏။

ဂျိုတာအပေါက်ဖာရန် ကြိုးစားနေသော ကျွတ်သည် ကိုင်ရင်းတွယ်ရင်းနှင့်ပင် ဆွေးနေသည့်နေရာများမှာ အပေါက်တွေ ဗရပွဖြစ်ကာ တစ်ပိုင်းတစ်စစီ ဖြစ်လာ၏။ တကယ်တော့ တာယာများကလည်း ကောင်းသည်မဟုတ်။ တာယာလေးလုံးစလုံး၏ အခြေအနေသည် သူ အခုဖာနေသော ကျွတ်ထက်အဆများစွာပိုဆိုး၏။ ဂျိုတာ၏ကားမှာ ဖို့ဒ်ကားဖြစ်၍ သက်တမ်းဆယ့်လေးနှစ် ရှိခဲ့ပြီ။

တာယာများကို ပြန်တပ်ဖို့ဆိုသည်မှာလည်း လက်တွေ့အားဖြင့် လွယ်ကူလှသည်မဟုတ်၊ ဤကားနှင့် ဤတာယာများသည် မူလက အတူတူဖြစ်သည်ဟု ထင်နိုင်ရန်ပင် ခက်ခဲလျက်ရှိ၏။ ဤကားနှင့် ဩဂတ်စတာမြို့သို့ ထင်းတစ်ခေါက်တိုက်ဖို့မှာ ဖြစ်နိုင်ဖို့မလွယ်၊ မော်တော်ကားအမိုး ပျောက်ဆုံးသွားသည်မှာလည်း ခုနစ်နှစ် ရှစ်နှစ်ခန့်ရှိခဲ့ပြီ။

ကျွန်ရစ်ခဲ့သည့် မော်တော်ကားအမိုး ဘေးကာတစ်ဖက်ကို ရှု ဘော်ဒီနှင့်တွဲ၍ သံချေးအထပ်ထပ် တက်နေသော ဝိုင်ယာကြိုးတစ်ချောင်းဖြင့် ချည်ထား၏။ ထိုင်ခုံကူရှင်မှ စပရိန်များနှင့် ခြင်းမွေးများမရှိတော့သည်မှာလည်း ကြာပြီ။ အထဲတွင် ပစ္စည်းတစ်ခုခုရှိသည်ဟူသော အထင်ကလေးများက ဖျက်ဆီးရှာဖွေကြရာမှ တစ်ခုစီတစ်စစီဖြစ်ကာ ပျောက်ဆုံးကုန်ခြင်း ဖြစ်လေသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက မော်တော်ကားသည် သွားရင်းလာရင်းနှင့် တပ်ဆင်ထားသည့်ပစ္စည်းများ လမ်းတွင်ကျ၍ ပျောက်ဆုံးသွားခဲ့၏။ ထိုအချိန်မှစ၍ မော်တော်ကား၏ ရုပ်ဆင်းအင်္ဂါသည် ပို၍ပျက်လာခဲ့၏။ အောက်ဖက်မှပေါက်နေသော ရေတိုင်ကီကို အင်ဂျင်ထိပ်ရှိ ရေပိုက်နှင့်တွဲ၍ ဝိုင်ယာကြိုးတစ်ချောင်းဖြင့် ချည်ထားသည်။

ဤသို့ဖြင့် တိုင်ကီသည် မော်တော်ကား၏ လိုအပ်ချက်ကို ဖြည့်ဆည်းမပေးနိုင်တော့ချေ။ သို့သော် ဂျိုတာက 'ဘာမှမရှိခြင်းထက် တစ်ခုခုရှိနေခြင်းက ကောင်းသည်' ဟု တွက်ကာ ယခုကဲ့သို့ လုပ်ထားခြင်းဖြစ်၏။

မော်တော်ကားဖြင့် တစ်နေရာရာသို့ သွားစရာပေါ်လာသည့်အခါ ဂျိုတာသည် ရှေးဦးစွာ ရေတိုင်ကီထဲသို့ ရေလျှံသွားအောင် ဖြည့်လိုက်၏။ ထို့နောက် ကားပေါ်သို့ ဖြန်းခနဲ ခုန်တက်ပြီး ကားကို အမြန်ဆုံးမောင်းသည်။ ရေတိုင်ကီထဲမှ ရေများဆူပြီး အင်ဂျင်ပူလာကာမှ ကားကိုရပ်လိုက်သည်။

ထို့နောက် ကားပေါ်မှခုန်ဆင်းပြီး ပတ်ဝန်းကျင် အနီးအနားတွင် ချောင်းငယ်မြောင်းငယ် ရှိမရှိကြည့်၏။ ရှိလျှင် အပြေးအလွှားဆင်းသွားပြီး ရေကိုခပ်၍ ရေတိုင်ကီတဲရေထပ်ဖြည့်သည်။ တကယ်တော့ ဂျိုတာ၏ကားမှာ ကားနှင့်မတူအောင် ရုပ်ဆင်းအင်္ဂါ ပျက်နေသည့် ကားတစ်စီးဖြစ်ပေသတည်း။

ဂျိုတာတို့အိမ်တွင် ကြက်များရှိခဲ့စဉ်က ဂျိုတာ၏ မော်တော်





ကားသည် ကြက်များအိပ်တန်းတက်ရာ 'ကြက်ဂေဟာ' ဖြစ်၏။ ထိုစဉ်ကတော့ သူ့ကားသည် ကြက်ချေးများဖြင့်ပြည့်ကာ ကျက်သရေတက်နေလေ့ရှိ၏။

အခုကျတော့ ကြက်များမရှိတော့သဖြင့် ကြက်ချေးများ သုတ်သင်ရှင်းလင်းရသည့် ဒုက္ခမှကင်းဝေးသွားခဲ့ပြီ ဖြစ်သည်။ တကယ်တော့ ကြက်များရှိခဲ့စဉ်ကလည်း ကြက်ချေးများသုတ်သင်ရှင်းလင်းသည့် အလုပ်မျိုးကိုလုပ်ဖို့ ဂျိုတာလုံးဝစိတ်ကူးခဲ့သည်မဟုတ်။ သူသာလျှင်မဟုတ် သူ့အိမ်သားများကလည်း ထိုအလုပ်မျိုးကိုလုပ်ဖို့ လုံးဝစိတ်မကူး။

အယ်လီမေသည် ခြံဝင်း၏ တစ်ဖက်အစွန်းမှနေ၍ မျက်နှာချင်းဆိုင်ဘက်သို့ တိုးလာသည်။ အခုဆိုလျှင် သူသည် မုန်လာဥအိတ်ကြီးဘေး၌ ကပ်၍ထိုင်နေသော လပ်ဗ်နှင့် လက်တစ်ကမ်းအကွာသို့ ရောက်နေခဲ့လေပြီ။ လပ်ဗ်သည် သူ့ကို စူးစူးရဲရဲ ကြည့်နေ၏။ သူ၏ နှုတ်ခမ်းကွဲကို လပ်ဗ် သတိထားမိပုံမရ၊ ထို့ကြောင့်သူသည် ပို၍ အတင့်ရဲလာ၏။

အယ်လီမေ၏ အပေါ်နှုတ်ခမ်းသည် တစ်လက်မ၏ လေးပုံတစ်ပုံခန့် ဟနေသည်ဖြစ်ရာ ပါးစပ်၏ ဘေးတစ်ဖက်ကို မညီမျှသော စိတ်အပိုင်းများဖြစ်အောင် ခွဲပေးထားသလို ဖြစ်နေသည်။ နှုတ်ခမ်းအကွဲကြောင်းသည် သူ့ဘယ်ဘက်နှာခေါင်းပေါက် အောက်နားရောက်လျှင် ရပ်သွားပြီး အပေါ်သွားဖုံးသည် အောက်သို့ နိမ့်ကျလျက်ရှိ၏။

သွားဖုံးမှာ အမြဲတစေ နီမြန်းလျက်ရှိသဖြင့် ရုတ်တရက်ကြည့်လိုက်လျှင် သွေးများ အဆမတန်ထွက်နေသည်ဟု ထင်ရ၏။ ဂျိုတာသည် သူ့သမီးအယ်လီမေ၏ မွေးရာပါနှုတ်ခမ်းကွဲကို ချုပ်ပေးမည်ဟု မကြာခဏပြောခဲ့၏။ ထိုစကားကို ပြောခဲ့သည်မှာ ဆယ့်ငါးနှစ်တိတိ ရှိခဲ့ပြီဖြစ်သော်လည်း ယနေ့အထိ ဘာမှမလုပ်ရသေး။

ဒူဒီသည် အုပ်ကြွပ်စတစ်စနှင့် သူ့အဖေကို လှမ်းပေါက်

လိုက်သည်။ သို့သော် သူ့အကြည့်ကတော့ အယ်လီမေနှင့် လပ်ဗ်တို့ ထံမှမခွာ၊ သူတို့နှစ်ယောက်၏ အပြုအမူများ အထူးသဖြင့် အယ်လီမေ၏ အပြုအမူသည် သူ့ကိုညို့ထား၏။

"မင်းက ဘာလုပ်ချင်လို့တုန်း ခူဒီ" ဟု ဂျီတာကမေး၏။

"မင်းက ဘာဖြစ်လို့ ငါ့ကို အခုလိုခဲ့နဲ့ ပေါက်ရတာတုံး"

"လယ်လီမေကို ကြည့်စမ်းပါဦး" ဟု ခူဒီကပြော၏။

ဂျီတာက တစ်ယောက်နှင့်တစ်ယောက် ပူးကပ်၍ထိုင်နေသော လပ်ဗ်နှင့် အယ်လီမေတို့ကို လှမ်းကြည့်၏။ သစ်ပင်တစ်ပင်၏ ပင်စည်က မကွယ့်တကွယ်ဖြစ်နေသဖြင့် ဘာတွေဖြစ်နေသည်ကို ပြတ်ပြတ်ထင်ထင် မမြင်ရ။ လပ်ဗ်သည် သူ့ဘေး၌ချထားသည့် အိတ်ကြီးထဲမှ မုန့်လာဥတစ်ဥကို နှိုက်ယူပြီး အယ်လီမေအား လှမ်းပေးနေသည်ကို သူတွေ့ရ၏။

"အယ်လီမေဘာလုပ်တယ်ဆိုတာ အမေပြင်ရဲ့ မဟုတ်လား" ဟု ခူဒီကပြော၏။

"အေးပါကွာ၊ ပါးလ်ကို လဗ်ပ်နှင့် အိမ်ထောင်ချပေးလိုက်မိတာ ငါ့အမှားပဲ"ဟု ဂျီတာက ညည်း၏။ ပါးလ်က လပ်ဗ်နဲ့ မတော်ဘူးကွ၊ သူက လဗ်ပ်ရဲ့ဆန္ဒကို စိတ်မဝင်စားဘူး၊ သူက လပ်ဗ်ရဲ့ မယားဖြစ်သင့်တဲ့ မိန်းကလေးမျိုးမှ မဟုတ်တာ၊ သူက ခပ်ဆန်းဆန်းရယ်၊ သူ့ကြည့်ရတာ တခြားမိန်းကလေးတွေ အခုတလော လုပ်နေကြသလို ဩဂတ်စတာမြို့မှာပဲ သွားချင်နေပုံရတယ်...။

"အခုခေတ် ကောင်မလေးတွေကလည်း ဒီအရပ်ဒေသမှာ နေရတာ ကျေနပ်ကြတာမဟုတ်ဘူးလေကွာ၊ သူတို့က ငါ့စိတ်မျိုးမှ မရှိကြတာကိုး၊ ငါကတော့ ဝါကြီတ်စက်ရုံမှာ နေရတာထက် ဒီမြေပေါ်မှာ နေရတာကိုပိုကြိုက်တာ၊ မင်း မြို့ပေါ်သွားနေပြီဆိုပါတော့၊ တောင်ယာမီးရှို့လို့ထွက်လာတဲ့ မီးခိုးနံ့ကို ရှုရပါတော့မလား၊ စိုက်ဖို့ပျိုးဖို့အတွက် မြေကိုထွန်ရယက်ရတော့မယ် ဆိုပါ





တော့၊ မင်းမှာ ဘာမှလုပ်စရာမရှိဘူး....။

"အဲဒီတော့ မင်းစိတ်ထဲမှာ တစ်ခုခု လိုအပ်နေသလို ဘာလိုလိုနဲ့ ဟာတာတာကြီး ဖြစ်နေမှာပေါ့၊ ကိုယ့်ကိုယ်ကို ဘာဖြစ်လို့ ဖြစ်မှန်းလဲ သိမှာမဟုတ်ဘူး။ လူတွေက ငါ့ကိုပြောပြဖူးတယ်၊ ဝါကြီတ်စက်မှာ အလုပ်လုပ်နေကြတဲ့ အလုပ်သမားတွေဟာ နွေဦးပေါက်လာရင် စိတ်လက် မကြည်မလင်ဖြစ်တဲ့ ရောဂါရတတ်ကြသတဲ့၊ ဒါပေမဲ့ မြေပေါ်မှာနေရင်တော့ အဲဒီရောဂါမျိုး ခံစားရမှာ မဟုတ်ဘူးဆိုတာ ငါပြောရဲတယ်...။

"ဘာဖြစ်လို့လဲဆိုတော့ မြေပေါ်နေရင် မြေရနံ့ကို ရှူနေရမယ်၊ မြေပေါ်က ချုံနွယ်ပိတ်ပေါင်းတွေကို မီးရှို့လို့ထွက်လာတဲ့ မီးခိုးနံ့ကို ရှူနေရမယ်၊ ထွန်ယက်ထားတဲ့ လယ်ယာတွေရဲ့ ပတ်ပတ်လည်မှာ တိုက်ခတ်နေတဲ့ လေကောင်းလေသန့်ကို ရှူရမယ်၊ အဲဒီတော့ မင်းစိတ်ဟာ မကြည်မလင် မဖြစ်တော့ဘူး၊ ဝါကြီတ်စက်ရုံမှာ ခံစားရတဲ့ ရောဂါမျိုးလည်း မရတော့ဘူး။ ဒီမြေပေါ်မှာဆိုရင် လူတစ်ယောက်ဟာ ပိုပြီးကျန်းမာမယ်၊ ပိုပြီး စိတ်ပျော်မယ်...။

"ဝါကြီတ်စက်ရုံထဲမှာ အလှောင်ခံထားရသလို ဖြစ်နေတဲ့အတွက် နွေဦးပေါက်တိုင်းခံစားရတဲ့ ရူးကြောင်ကြောင် ရောဂါမျိုးလည်း ဖြစ်မှာမဟုတ်တော့ဘူး၊ မင်းစိတ်ချမ်းသာ ကိုယ်ချမ်းသာ နေချင်လို့ကတော့ မြေပေါ်မှာသာနေ၊ တကယ်တော့ ဝါကြီတ်စက်ရုံတွေကို တည်ဆောက်ကြတာ လူတွေကွ၊ ဘုရားသခင်မဟုတ်ဘူး၊ တို့ဘုရားသခင်က မြေကိုသာဖန်ဆင်းတည်ဆောက်ပေးတာ၊ ဘုရားသခင်က ဝါကြီတ်စက်ရုံတွေ တည်ဆောက်ပေးတာများ မင်းမြင်ဖူးသလား၊ ဒါကြောင့်မို့လည်း ငါဟာ တခြားလူတွေလို မြို့တက်မနေဘဲ ဘုရားသခင်ကပေးထားတဲ့ နေရာမှာပဲနေတာပေါ့ကွာ"

အေဒါသည် နေရာပြင်၍ ရပ်လိုက်သည်။ သူသည် လပ်ဗ်ခြံထဲ ဝင်လာစကရပ်နေသည့် နေရာမှာပင် ရပ်လျက်ရှိသည်။ သူ့မျက်လုံးများသည် တခြားကိုဘယ်မှမကြည့်၊ လပ်ဗ်နှင့် အယ်လီ

တော့ဘိုသာ စူးစူးစိုက်စိုက် ကြည့်နေသည်။

"ဘုရားသခင်ကိုယ်က အဲသလိုအဖြစ်မျိုး ရောက်စေချင်မှာနဲ့ တူပါတယ်ကွာ" ဟု ဂျိုတာက ဆက်ပြောသည်။ "ငါတို့လို သာမန်လူသားတွေ သူက အရာရာပိုပြီးသိလို့သာ အခုလို လုပ်တာဖြစ်မှာပေါ့ ဘုရားသခင်ဆိုတာက ပညာရှိပုဂ္ဂိုလ်ကြီးတစ်ဦး မဟုတ်လား။

"မင်းသူ့ကိုသွားပြီး အရှုံးထင်လို့ ဘယ်ရမလဲ၊ သူက ငါတို့လူသားတွေကို အခံသေးအဖွဲ့ကစပြီး မစောင့်ရှောက်ပေမဲ့ တွေးတတ်အောင်တော့ အမြဲလုပ်ပေးထားတာကွ သိလား၊ ဒါကြောင့်မို့လည်း ငါ ဩဂတ်စတာမြို့က ဝါကြိတ်စက်ရုံမှာ သွားမနေဘဲ ဒီမြေပေါ်မှာ ဆက်နေတာပေါ့၊ ဘုရားသခင်က ငါ့ကို ဒီနေရာမှာ ထားခဲ့တာ၊ သူက ဒီမြေကိုစွန့်ပြီး မြို့ပေါ်သွားနေဖို့ ဘယ်တုန်းကမှ မပြောခဲ့ဘူး...။

"တကယ်လို့ ငါက သွားနေမယ်ဆိုရင်လည်း သူ စိတ်ဆိုးလွန်းလို့ ငါ့ကို သေအောင်လုပ်ချင် လုပ်ပစ်မှာ၊ တကယ်လို့ သေအောင်မလုပ်ဘဲ ငါမြို့ပေါ်မှာနေသမျှ ကာလပတ်လုံး မကောင်းတာတွေချည်းဖြစ်အောင် လုပ်ချင်လုပ်နေမှာ၊ တစ်ခါတလေ ဘုရားသခင်ဟာ အဲဒီလိုပြစ်ဒဏ်မျိုးတွေ ခတ်တတ်တယ်ကွ၊ ငါဆိုလိုတာက ငါတို့ကို မြို့ပေါ်မှာနေချင် နေပါစေတော့လို့ လွှတ်ပေးထားမယ်...။

"ဒါပေမဲ့ ငါတို့လုပ်သမျှကိုင်သမျှ ဘာတစ်ခုမှ အဆင်မပြေအောင် လုပ်ထားမယ်၊ နောက်ဆုံး ငါတို့စိတ်ထဲမှာ မြိန်မြိန်သေပြီး မြိန်မြိန်မြေကြီးထဲ ရောက်ချင်တဲ့စိတ်တွေ ပေါက်လာတဲ့အထိ ဒုက္ခပေးမှာပေါ့၊ ဒါကြောင့်မို့လည်း ဒီဖူးလားတစ်ဒိုက်ကလူတွေ မြို့ပေါ်တက်ပြီး ဝါကြိတ်စက်တွေမှာ အလုပ်ဝင်လုပ်နေသလို ငါ မလုပ်တာပေါ့....။

"သူတို့လူစုက မြို့ပေါ်သွားနေကြပေမဲ့ စိတ်ကတော့





မြေကိုပဲ စွဲလန်းတမ်းတပြီး စိတ်ဆင်းရဲနေကြတာ၊ ဘယ်လောက်ပဲ စိတ်ဆင်းရဲပေမဲ့ ဒီလိုလည်း ပြန်မလာနိုင်ကြဘူး၊ ဟိုမှာ ဆက်နေကြရမှာပဲ၊ တကယ်တော့ အဲသလိုဖြစ်တာဟာ သူပေးထားတဲ့မြေကို စွန့်ပစ်သွားလို့ ဘုရားသခင်က အပြစ်ဒဏ်ခတ်တာပေါ့ကွ၊ အေး အဲဒါ သူတို့သေကာနီးအချိန်ထိ ဘုရားသခင်က ဒုက္ခရောက်အောင် လုပ်သွားမှာ။

"ဟေး အဲဒီမုန်လာဥတွေက ဘယ်လိုလဲ၊ ဟိုတုန်းက ငါစိုက်ခဲ့တဲ့ မုန်လာဥတွေလို ပိုးတွေနဲ့ပဲလား" ဟု ဂျိုတာက လှမ်းအော်၏။

"မနှစ်က နွေဦးပေါက်ကတည်းက ငါမုန်လာဥစားချင်နေတာကွ၊ တကယ်လို့ ကပ္ပတိန်ဂျွန်ကသာ သူ့လားတွေကို အကုန်ရောင်းမပစ်ဘူး၊ ငါတို့ကိုလည်း အစားအသောက်ကျွေးဖို့ မပိတ်ဘူးဆိုရင် ဒီနှစ်ငါကိုယ်တိုင် မုန်လာဥစိုက်နိုင်မှာ သေချာတာပေါ့ကွာ၊ သူ့လားတွေကိုရောင်းပြီး ဩဂတ်စတာမြို့ကို ပြောင်းကာနီးမှာ သူကပြောတယ်...။

"ငါတို့မြေငှားတွေ သူ့နှာမည်နဲ့ စာရင်းဖွင့်ပြီး ပစ္စည်းတွေ ကြွေးဆက်ယူခွင့် ပြုနေဦးမယ်ဆိုရင် သူ့ကိုယ်သူ ပျက်စီးအောင် လုပ်သလို ဖြစ်တော့မှာတဲ့၊ ဒီယာလုပ်ငန်းကို ဆက်လုပ်ဖို့ အားထုတ်နေဦးမယ်ဆိုရင်လည်း သူဟာ အသိဉာဏ်မရှိတဲ့ လူတစ်ယောက်ဖြစ်တော့မယ်တဲ့၊ တစ်တုံးထွန်ပဲလုပ်လုပ်၊ ထွန်ငါးဆယ်နဲ့ပဲလုပ်လုပ် အကျိုးမရှိနိုင်တော့ဘူးတဲ့၊ သူ့အနေနဲ့ ယာလုပ်ငန်းကနေပြီး ငွေများများရအောင်လုပ်တဲ့ နေရာမှာ အရကလို ထွန်ယက်စရာ မလိုတော့ဘူးတဲ့....။

"အဲဒါကြောင့် သူက တို့ကို အစားအသောက်တို့ မျိုးစေ့တို့ ပစ္စည်းတို့ ကြွေးယူခွင့်မပေးတော့တာကွ၊ အေးခါက သူ့မှာ နွားဘူးလေးဘူး အမြဲရှိနေမှဖြစ်မှာလို့ ပြောနေတယ်၊ ဘာကြောင့်လဲဆိုတော့ နွားဘူးက ဆာတာကိုမေ့သွားအောင် လုပ်ပေးနိုင်လို့တဲ့၊ သူပြောတာ

ဟုတ်တယ်ကွ၊ နွားဘူးက အဆာပျောက်အောင် လုပ်ပေးတာအမှန်ပဲ၊ ငါ့ထင်းရောင်းလို့ရလာတဲ့အခါမှာ နွားဘူးတစ်ဒါဇင်လောက်တော့ ဝယ်ဝယ်လာရတယ်…။

"အစားအစာဝယ်ဖို့ ငွေမပြည့်တောင် နွားဘူးကိုတော့ ဝယ်ဖြစ်အောင် ဝယ်ရတယ်၊ နွားဘူးဟာ လူတစ်ယောက်မှာ မရှိမဖြစ်တဲ့ ပစ္စည်းတစ်ခုဖြစ်နေပြီကွ သိလား၊ ငါ့မှာ ဆာလွန်းလို့ ဗိုက်ထဲက နာလာရင် နွားဘူးနည်းနည်းရှူလိုက်တာပဲ၊ ချက်ချင်း အဆာပြေသွားရုံတင် မကဘူး၊ တစ်နေ့လုံးမဆာတော့ဘူးဗျ၊ နွားဘူးဟာ လူတစ်ယောက် အသက်ရှင်ဖို့အတွက် အလွန်ထက်မြက်တဲ့ အကူတစ်ခုပဲဟေ့….

"ဒါပေမယ့်ကွာ ငါဒီနှစ် မုန်လာဥမစိုက်နိုင်တာကတော့ ဒုက္ခကြီးနာတာပဲ၊ ငါ့မှာ လားကလဲမရှိ၊ မြေသြဇာကလဲမရှိ၊ ယာသမားတစ်ယောက်မှာ ထွန်ဖို့ယက်ဖို့ လားတစ်ကောင်လောက်မှ မရှိရင် စိုက်လို့ပျိုးလို့ ဘယ်ရတော့မှာလဲ၊ ပေါက်ပြားဆိုတာကလည်း ဝါပင်၊ ပြောင်းပင်တွေပေါက်ပစ်ဖို့လောက်ပဲ အသုံးဝင်တာ၊ မုန်လာဥကို ပေါက်ပြားတစ်လက်နဲ့ ရအောင်စိုက်နိုင်ဖို့ ကြိုးစားရင် ကြိုးစားတဲ့ကောင်ဟာ အရူးဖြစ်တော့မှာပေါ့၊ အဲဒါကြောင့် ငါမနှစ်က စိုက်ခဲ့တဲ့ မုန်လာဥတွေမှာ ပိုးဝင်တာထင်ပါရဲ့၊ ငါကလည်း လားမရှိလို့ရှိတာနဲ့ လုပ်လိုက်မိတာကွ၊ အေးလေ၊ ဒါကြောင့်လည်း ပိုးကျကုန်တာဖြစ်မှာပေါ့။

"ဟော့ကောင် လပ်ဗ်၊ ငါပြောနေတာတွေကို ကြားရဲ့လား၊ ငါပြောနေတဲ့ မုန်လာဥကိစ္စအတွက် မင်းအခုထက်ထိ အဖြေမပေးသေးဘူး၊ ငါ့ဗိုက်ထဲမှာ တစ္စီးစ္စီးမြည်နေပြီ၊ ငါက ဆောင်းမုန်လာဥဆိုရင် အသေအလဲကြိုက်တာပါ၊ လူမည်းတစ်ယောက် ဖရဲသီးကြိုက်သလို ကြိုက်တာပါကွာ၊ ငါသိသမျှ အစားအစာတွေထဲမှာတော့ မုန်လာဥဟာ အကောင်းဆုံးအစားအစာတစ်ခုပဲကွ"

လပ်ဗ်ကတော့ မော့၍ပင်မကြည့်၊ သူသည် အယ်လီမေကို





တစ်စုံတစ်ခု ပြောနေ၏။ ပြီးတော့ အယ်လီမေက ပြန်ပြောနေသည့် စကားကို နားထောင်နေ၏။

ဟိုတုန်းကတော့ လပ်ဗ်သည် အယ်လီမေတွင် နှုတ်ခမ်းကွဲကြီး ရှိနေသဖြင့် သူစိတ်ဝင်စားခြင်းမရှိဟု အမြဲတစေ ပြောခဲ့သည်၊ ထိုစဉ်က ပါးလ်နှင့် လက်ထပ်ခွင့်ရဖို့ ဂျိတာနှင့် ဈေးဆစ်နေချိန် ဖြစ်သည်။

အကယ်၍ ဂျိတာက အယ်လီမေကို ဩဂတ်စတာမြို့သို့ ခေါ်သွားပြီး ဆရာဝန်တစ်ယောက်ထံအပ်နှံ၍ နှုတ်ခမ်းကွဲကို ချုပ်ပေးမည်ဆိုပါက သူ အယ်လီမေကိုယူဖို့ စဉ်းစားမည်ဟု ပြောခဲ့ဖူး၏၊ သူ့စကားကို ဂျိတာက အလေးအနက်ထား၍ စဉ်းစားခဲ့သည်၊ ထို့နောက် လပ်ဗ်ကို ပါးလ်နှင့် ယူခွင့်ပေးလိုက်ခြင်းသည် အကောင်းဆုံးဖြစ်လိမ့်မည်ဟု ဆုံးဖြတ်ခဲ့သည်။

ယင်းသို့ ဆုံးဖြတ်ခဲ့ခြင်းမှာလည်း အကြောင်းမဲ့မဟုတ်၊ အယ်လီမေ၏ နှုတ်ခမ်းကွဲကို ချုပ်ပေးရမည့် ကုန်ကျစရိတ်ကို တွက်ချက်ကြည့်လိုက်သောအခါ သူတတ်နိုင်သည်ထက် အဆများစွာ ပိုနေ၍ဖြစ်၏။ သူ့သမီးငယ်ပါးလ်ကို လပ်ဗ်အား ပေးလိုက်သည့်အတွက် ဂျိတာတွင် အကျိုးအမြတ်ကတော့ ရှိခဲ့သည်။

လပ်ဗ်က သူ့ကို ဂွမ်းစောင်များနှင့် ကြက်ဆီတစ်ဂါလံဖျ ပေးခဲ့ပြီး သူ၏လုပ်ခ တစ်ပတ်စာ ခုနစ်ဒေါ်လာကိုပါ ပေးခဲ့သည်၊ ထိုခုနစ်ဒေါ်လာဟူသောငွေသည် သူ့အတွက် အခြားသောပစ္စည်းများထက် အဆပေါင်းများစွာ ပို၍လိုအပ်နေသောအရာဖြစ်၏၊ မည်သို့ပင်ဖြစ်စေ… တကယ်တမ်းကျတော့ အခြားပစ္စည်းများလည်း သူ့အတွက် မရလျှင် မဖြစ်လောက်အောင် အကြီးအကျယ်လိုအပ်နေသည့် ပစ္စည်းများပင် ဖြစ်လေသည်။

ဂျိတာသည် အယ်လီမေသုံးလေးနှစ်သမီး အရွယ်ခန့်ကတည်းက ဆရာဝန်တစ်ယောက်ထံအပ်၍ နှုတ်ခမ်းကွဲကို ချုပ်ပေးမည်ဟု စိတ်ကူးခဲ့ဖူးသည်၊ ဤနှုတ်ခမ်းကွဲကို ခပ်ငယ်ငယ်ကတည်း

ထ ချွမ်ပေးထားပါမှ အရွယ်ရောက်လာ၍ ယောကျ်ားတစ်ယောက်နှင့် ထေတိထပ်သည့်အခါ ပြောစရာအဖြစ် ရှာမတွေ့ဖြစ်မည်ဟု သူ တွေ့ဆနခဲ့သည်။

သို့သော်... မကြာခဏဆိုသလို ပြဿနာတွေက တစ်ခုပြီး တစ်ခု ပေါ်လာနေသဖြင့် အယ်လီမေ၏ကိစ္စကို မလုပ်ပေးနိုင် ဖြစ်ခဲ့ရ၏။ တစ်နေ့ကျလျှင် လုပ်ပေးမည်ဟူ၍ကား အမြဲတစေ စဉ်းစားခဲ့သည်။

ပါးလ်ကို လက်ထပ်ခဲ့စဉ်က လပ်ဗ်သည် သူ့သဘောထား ကို ပွင့်လင်းစွာထုတ်ဖော်ခဲ့သည်။ သူ့အနေဖြင့် ပါးလ်ထက် အယ်လီ မေကို ပို၍သဘောကျကြောင်း၊ သို့သော်လည်း နှုတ်ခမ်းကွဲကြီးနှင့် မိန်းမတစ်ယောက်ကိုတော့ မယားအဖြစ် မယူလိုကြောင်း ဖွင့်ပြောခဲ့ ၏။

အကယ်၍ ယူခဲ့ပါကလည်း လူမည်းတွေက သူ့ကို ဝိုင်း၍ ရယ်ကြလိမ့်မည်ဟု သူသိနေသည်။ မည်သို့ပင်ဖြစ်စေ... သူ ပါးလ်ကို အလွန်အကျွံ သဘောမကျသေးခင် ရက်ပေါင်းများစွာ ကတည်းက ပါးလ်ကို ကြမ်းပေါ်၌မအိပ်အောင် သူကောင်းသည် ထင်သမျှ အရာရာတိုင်း လုပ်ပေးခဲ့သည်။ ဤကြားထဲမှပင် သူသည် ပါးလ်အား အလွန်အကျွံ သဘောကျလာခဲ့သည်။

ပါးလ်၏ ကျောထက်သို့ဝဲပျံ၍ ကျနေသော အဝါရောင် ဆံပင် အခွေအလိပ်ကလေးများနှင့် အပြာရောင်ဖျော့ဖျော့ မျက်လုံး များသည် လပ်ဗ်၏ ဦးခေါင်းကို ချာချာလည်အောင် လုပ်နေပြီ။ ဤကမ္ဘာပေါ်တွင် ပါးလ်လောက်လှ၍ ပါးလ်လောက်ချောသည့် မိန်းကလေးရှိအုံ့မထင်ဟူသော အစွဲသည်လည်း သူ့ဦးနှောက်အတွင်း သို့ ဝင်လာသည်။

တကယ်တော့ ပါးလ်ကို မြင်ဖူးတွေ့ဖူးသည့် ယောကျ်ား တိုင်းသည် သူထင်သလိုပင် ထင်ကြလိမ့်မည်ဟု ယူဆဖွယ်ရာရှိ၏။ အဘယ့်ကြောင့်ဟူမူ သူ့မိန်းမပါးလ်သည် တစ်နေ့တခြား အလှ





ကျက်သရေ တိုး၍တိုး၍ လာနေခြင်းကြောင့်ပေတည်း။

သို့သော်လည်း လပ်ဗ်ဆန္ဒအားလုံးမှာ လျစ်လျူရှုခြင်း ခံရသည်။ ပါးလ်သည် သူနှင့်ဝေးနိုင်သမျှဝေးပြီး ကင်းနိုင်သမျှ ကင်းအောင် နေလျက်ပင်ရှိ၏။ အခုဆိုလျှင် လပ်ဗ်၏ စိတ်ထဲတွင် သူ့အနီး၌ ထိုင်နေပြီဖြစ်သည့် အယ်လီမေတစ်ဦးတည်းသာလျှင် ရှိတော့၏။ နှုတ်ခမ်းကွဲနေသည်မှတစ်ပါး အခြား ချွတ်ယွင်းချက် ဟူ၍ ဘာတစ်ခုမှမရှိသော အယ်လ်မေသည် ဖူးလားမြို့တစ်ဝိုက်၏ သဲသောင်ထူထပ်သော ဤတောပိုင်းအရပ်ဒေသရှိ အခြားမိန်းကလေး များလိုပင် ချစ်ခင်နှစ်လိုဖွယ်ရာ ကောင်းသည်မဟုတ်ပါလော။ ထိုအချက်ကိုတော့ လပ်ဗ်ကောင်းကောင်းကြီးသိထားသည်။ သူသည် မိန်းကလေးအားလုံးကို ကြိုးစားကြည့်ခဲ့ဖူးပြီ။ ထိုအားလုံးထဲတွင် လူဖြူမိန်းကလေးရော လူမည်းမိန်းကလေးတွေပါ ပါ၏။

"ခင်ဗျားသမက်လပ်ဗ်က မုန်လာဥအကြောင်း မတွေးပါဘူး ဗျာ" ဟု ခွဲဒီက သူ့အဖေအားလှမ်းပြောသည်။ "အယ်လီမေကလွဲပြီး သူ ဘာမှမသိတော့ဘူးဗျ"

"ဟော့ကောင်...မင်းအိမ်နံရံကို ဘောလုံးနဲ့ပေါက်နေတာ အခုချက်ချင်းရပ်လိုက်စမ်း" ဟု ဂျီတာက ဒေါသတကြီးပြောသည်။

"အခုလိုသာ တောက်လျှောက်လုပ်နေရင် တစ်အိမ်လုံး တစ်ခြမ်းကွဲပြီး ပြိုကျတော့မယ်၊ ဒီအိမ်အိုကြီးက ခိုင်တော့တာမဟုတ် ဘူး၊ မင်းပေါက်နေပုံနဲ့ဆိုရင် ဒီအိမ်ဟာ တစ်နေ့နေ့မှာ ပြိုကျတော့မှာ သေချာနေပြီ၊ မင်းဟာ အစဉ်းစားအဆင်ခြင် အတော်နည်းတဲ့ ကောင်ပါလား၊ မင်းမှာ အခုရှိနေတဲ့ အသိဉာဏ်ထက် နည်းနည်း လောက်များ ပိုပြီးရှိရင် ဘယ်လောက်ကောင်းလိုက်မလဲ"

အဘွားအိုကြီးသည် ထင်းခြောက်များကို ကျောပိုးထား ယာခင်းထဲမှ ဒယီးဒယိုင်ဖြင့် ထွက်လာသည်။ သူ့ခြေထောက်များ သည် သဲထူသော လမ်းမပေါ်တွင် ဒယီးဒယိုင်။

သူသည် ခြံဝင်းထဲရောက်လာချိန်အထိ ဇီယာကိုမကြည့်

ရှေ့ကိုသာကြည့်ပြီး ခိုက်ခိုက်ခိုက်ခိုက်နှင့် လျှောက်သွား၏။ အိမ်ရှေ့ လှေကားသို့ရောက်သောအခါ ထင်းစည်းကိုပစ်ချလိုက်ပြီး ခဏမျှ ဆိုင်း၍ အမောဖြေ၏။ သူ၏ အသက်ရှူသံမှာ ကျယ်လောင်သည်။

လှေကားအောက်ဆုံးထစ်၌ ထိုင်နေသော အဘွားကြီး၏ ခြေထောက်နှစ်ဖက်သည် သဲထဲ၌မြုပ်နေပြီး ခါးကတော့ သူ့ရင်ဘက်နှင့် ဒူးနှစ်ဖက် ထိမိသည်အထိ ကုန်းလျက်ရှိ၏။

ကြည့်ရသည်မှာ လူတစ်ယောက် ထိုင်နေသည်နှင့်မတူ၊ ညစ်ပတ်ပေရေနေသော အဝတ်အထည် အစုတ်အပြတ်များကို လျော့တိလျော့ရဲစုစည်းပြီး အထုပ်လိုက်ချထားသည်နှင့်တူ၏။

သူသည် သူ့ပတ်ဝန်းကျင်မှ လူများအပေါ် လုံးဝ ဂရုမစိုက်၊ ပတ်ဝန်းကျင်ရှိ လူများကလည်း သူဘယ်သွား၍ ဘာလုပ်နေသည်ကို သတိမထား၊ ဘယ်အချိန်သွား၍ ဘယ်အချိန်ပြန်ရောက်သည်ကို အာရုံလည်းမပြု၊ အကယ်၍ သူ ချုံကြိုချုံကြားသွား၍ ထင်းခြောက်ကောက်ရင်း သေနေပါကလည်း မည်သူကမျှ သိကြမည်မဟုတ်။

ဂျိတာသည် လက်ထဲမှကျွတ်ကို နောက်တစ်ပေါက်ဖောရန် အားထုတ်နေရင်းက မျက်စိများထောင့်ကပ်ပြီး လပ်ဗ်၏အရိပ်အခြည်ကို အကဲခတ်၏။ လပ်ဗ်သည် သူ၏မုန်လာဥအိတ်နှင့် ကိုက်ပေါင်းတော်တော်များများ ကွာနေပြီ၊ သူ့အနေဖြင့် နောက်ထပ်ပို၍ပို၍ ကွာသွားသည်အထိ စိတ်ရှည်လက်ရှည် စောင့်နေရန်သာလို၏။

အခုဆိုလျှင် လပ်ဗ်သည် သူ့မုန်လာဥအိတ်၏ လုံခြုံမှုကို မေ့နေပြီဖြစ်၏။ အယ်လီမေကသာ အခုပုံစံအတိုင်း သူ့ခေါင်းမှ ဆံပင်များကို လက်ဖြင့်ထိုးဖွပြီး ဆက်၍ဆော့ကစားနေဦးမည် ဆိုပါက သူ့တွင် မုန်လာဥများရှိနေသည်ဟူသော အချက်ကိုပင် သတိရတော့မည် မဟုတ်။ အယ်လီမေသည် သူ့အား အရာရာတိုင်းကို မေ့သွားအောင် လုပ်နေပြီ။

တစ်ချိန်လုံး ဆင်ဝင်ရှေ့၌ မတ်တပ်ရပ်နေသော အဒေါ





သည် သူ့ကိုယ်ပေါ်မှ တွန့်ကြေလိမ်ခေါက်နေသည့် အဝတ်အစားများကို လုံလုံခြုံခြုံ ဖြစ်သွားအောင် ဆွဲဆန့်လိုက်၏။ ဖေဖော်ဝါရီလ၏ အေးမြသောလေသည် အဒေါ်ကို နေရောင်အောက်မှ မထွက်ထွက်အောင် တွန်းပို့နေပြီ။ ဆင်ဝင်အောက်အရိပ်ထဲမှာ ဆက်၍ နေလျှင် အရိုးကွဲမတတ် အအေးဒဏ်ကိုခံရလိမ့်မည်ဖြစ်၏။

အဒေါသည် မကြာခဏ အအေးမိပြီး ဖျားတတ်နေသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ၊ နွေရာသီအလယ်လများမှလွဲ၍ ကျန်အချိန်များတွင် အမြဲတစေ အေးနေပါသည်ဟု အဒေါက ပြောလေ့ရှိသည်။

လူမည်းတစ်အုပ်သည် ဖူးလားမြို့ဘက်သို့ ဦးတည်ပြီး လမ်းမပေါ်အတိုင်း လျှောက်လာနေကြသည်။ ကိုက်ပေါင်းရာပေါင်းများစွာကတည်းက ခြံဝင်းထဲရှိ လက်စတာမိသားစုနှင့် လက်ဗ်တို့ကို လှမ်းမြင်သည်။

သို့သော် လပ်ဗ်နှင့် အယ်လီမေတို့ သစ်ပင်တစ်ပင်အနီး၌ ဘာလုပ်နေကြသည်ကိုမူ အိမ်ရှေ့ရောက်ခါမှ မြင်ကြခြင်းဖြစ်၏။ သူတို့သည် စကားတပြောပြောနှင့် ရယ်မောလာနေကြရာမှ မီးကို ရေနှင့်ငြိမ်းလိုက်သည့်နှယ် ချက်ချင်းငြိမ်းသွားကြသည်။ ရောက်သည့် နေရာတွင် ဖြုန်းခနဲရပ်နေကြသည်။

ဒူဒီက လူမည်းများ၏ နာမည်များကိုခေါ်ကာ ပေါက်တတ်ကရတွေ အော်ပြောသည်။ လူမည်းများထံမှ ဘာသံမှ ပြန်မကြားရ။ သူတို့သည် ငြိမ်သက်စွာရပ်ပြီး လှမ်းကြည့်နေကြသည်။

"နေကောင်းရဲ့လား ဗိုလ်ကြီးလပ်ဗ်" ဟု သူတို့အထဲမှ တစ်ဦးက လပ်ဗ်အား နှုတ်ဆက်သံပေးသည်။

လပ်ဗ်ကတော့ နှုတ်ဆက်သံကိုမကြား။ လက်စတာမိသားစုကလည်း လူမည်းများကို ဂရုမစိုက်။ ဤအိမ်ရှေ့မှ ဖြတ်သွားဖြတ်လာ လုပ်လေ့ရှိကြသော လူမည်းများကတော့ လက်စတာမိသားစုကို မကြည့်ဘဲမနေကြ။ သို့သော်လည်း သူတို့အထဲမှ

သထ်တော်မိသားစုကို လှမ်း၍ နှုတ်ဆက်စကားပြောသူမှာ အနည်းငယ်မျှသာပါသည်။

စည်သို့ပင်ဖြစ်စေ… သူတို့အချင်းချင်းကျတော့ လက်စတော မိသားစုအကြောင်းကို အတင်းအဖျင်းလုပ်၍ ပြောကြဆိုကြသည်။ ရယ်မောကြသည်။ ပြီးတော့… သူတို့နှင့် ရင်းနှီးသော လူဖြူများထံ သွား၍ ဖောက်သည်ချတတ်၏။ လပ်ဗ်သည် သူတို့နှင့်ခင်မင်ရင်းနှီးသော လူဖြူများထဲမှ တစ်ဦးဖြစ်သည်။ ထို့ကြောင့် လှမ်း၍ နှုတ်ဆက်ခြင်းဖြစ်၏။

ဂျိုတာသည် လေထိုးပိုက်ခေါင်းကို ကျွတ်၏ထိပ်ဝ၌တပ်၍ လေဖြည့်သည်။ လေထိုးတံတစ်ခုလုံး သံချေးများတက်နေခြင်း၊ ထိပ်ပိုင်းတစ်ပိုင်းလုံး ကွေးနေခြင်းနှင့် ပိုက်၏ အောက်ပိုင်းတစ်နေရာ၌ အပေါက်တစ်ပေါက်ရှိနေခြင်း စသည်တို့ကြောင့် ထိုးသမျှလေသည် ကျွတ်အတွင်းသို့ ဝင်သည်မရှိ။ အပြင်သို့သာ ထွက်ကုန်သည်ကများ၏။

တစ်ခါတစ်ရံတွင် ဂျိုတာသည် သူ၏ မော်တော်ကား တာယာများကို ပါးစပ်ဖြင့် လေဖြည့်ရန်အားထုတ်လေ့ရှိရာ ထိုအခါမျိုးတွင် လေပေါင်သုံးဆယ်ရဖို့အတွက် ရက်သတ္တပတ်တိတိမျှ မှုတ်ရလေသည်။

"အနုပုံကြည့်ရတာတော့ဖြင့် နောက်တစ်ပတ်မတိုင်ခင် ဩဂတ်စတာကို ထင်းသွားရောင်းဖို့ဆိုတာ ဖြစ်နိုင်မယ်မထင်တော့ပါဘူးကွာ" ဟု ဂျိုတာကညည်းသည်။

"ငါ့မှာ လားတစ်ကောင် ရှိချင်တယ်ကွာ၊ လားတစ်ကောင်သာ ရှိလို့ကတော့ နေ့တိုင်းထင်းသွားရောင်းလို့ရမှာ။ နောက်ဆုံးတစ်ခေါက် ဒီကားနဲ့ဩဂတ်စတာကို သွားတုန်းကများ ဟိုမရောက်ခင် တာယာတွေက ပြားကုန်တာ၊ တာယာတွေချွတ်ပြီး မောင်းတာကမှ ကောင်းဦးမယ်ထင်ပါရဲ့ကွာ၊ ငါ့ကားကို မြင်တဲ့လူတွေကတော့ အဲသလိုပဲ ပြောနေကြတာပဲ။ ကျွတ်တွေရော တာယာတွေရော





မကောင်းတော့ပါဘူးကွာ"

လူမည်းသုံးယောက်သည် လမ်းမအတိုင်း ဆက်လျှောက်သွားပြီး ရပ်နေပြန်သည်။ လပ်ဗ်ဘာလုပ်နေသည်ကို ကြည့်ရန်အတွက် ခြံဝင်းအတွင်းသို့ မြင်သာသည့်နေရာ၌ ရပ်နေကြခြင်းဖြစ်၏။ စောစောက သူတို့လပ်ဗ်ကို လှမ်း၍နှုတ်ဆက်ခဲ့သော်လည်း လပ်ဗ်ထံမှ အဖြေမရ။ လပ်ဗ်က သူ့ကိုနောက်ထပ် မနှောင့်ယှက်စေချင်သည့် အရိပ်လက္ခဏာဖြစ်သည်ဟု လူမည်းများက ယူဆကြသည်။

ဒူဒီသည် လက်ထဲမှဘောလုံးကို ပစ်ချလိုက်ပြီး အယ်လီမေနှင့် လပ်ဗ်တို့ထံလျှောက်သွားသည်။ သူတို့နှင့် အနီးဆုံးတစ်နေရာ မြေကြီးပေါ်ထိုင်ချလိုက်ပြီး သူတို့နှစ်ယောက်ဘာ ဆက်လုပ်မည်ကို စောင့်ကြည့်သည်။ လပ်ဗ်သည် မုန်လာဥအစားရပ်နေပြီး အယ်လီမေကတော့ မုန်လာဥစားလက်စ တစ်ပိုင်းကို စားနေဆဲ။

■

## ( ၄ )

ဂျိုတာသည် သူ့လက်ထဲမှ ကားလေထိုးပိုက်ကို သူ့ဘေးသို့ အသံမထွက်အောင် အသာကလေးချထားလိုက်ပြီး အိမ်ထောင့်သို့ လေးဘက်ထောက်၍ နိုးကြောင်နိုးဝှက်သွားသည်။ ပြီးတော့ အသာထပြီး အိမ်နံရံကိုမှီ၍ ရပ်လိုက်သည်။ သူရပ်နေသောနေရာမှ ကြည့်လိုက်လျှင် အရာရာတိုင်းကို ပီပီပြင်ပြင် မြင်နေရ၏။

ရှေ့တည့်တည့်သို့ ကြည့်လိုက်သောအခါ အယ်လီမေနှင့် လပ်ဇ်တို့သည် သူ့မြင်ကွင်းထဲတွင် အပြည့်၊ အကယ်၍ သူအခေါကို ကြည့်ချင်ပါမူ သူ့ခေါင်းကို တစ်ဖက်သို့ မသိမသာလောက် ငဲ့လိုက်လျှင် ဆင်ဝင်ဝဲ၌ရပ်မနေသော အဒေါ်ကိုမြင်၏။ အခုအချိန်မှာတော့ စောင့်ကြည့်နေရုံမှတစ်ပါး ဘာမှလုပ်၍မရသေး။ လပ်ဇ်ကတော့ သူ့မှန်လာဥထုပ်ကြီးနှင့် တဖြည်းဖြည်း ဝေးဝေးသွားနေပြီ။

အဒေါ်သည် ပါးစပ်တွင် ကိုက်ထားသည် သွားကြားထိုးတံကို ပါးစပ်၏ တစ်ဖက်ထောင့်မှ အခြားတစ်ဘက်သို့ ရွှေ့၍ ကိုက်လိုက်သည်။ သူသည်လည်း လပ်ဇ်နှင့် အယ်လီမေတို့ ဆုံမိစအချိန်ကတည်းက မျက်ခြည်မပြတ်အောင် စောင့်ကြည့်နေ၏။ သူတို့ချင်း နီးကပ်သွားလေလေ သူ့စိတ်သည် အေးဆေးလာလေလေ၊

သူကလည်း သူ့သမီးပါးလ်ကို သူ့ဆီအလည်လွှတ်လိုက်ဖို့ လစ်ဇ်အား မှာရန်စောင့်နေခြင်းဖြစ်၏။

ပါးလ်သည် လက်ထက်ပြီးကတည်းက ယနေ့အထိ အိမ်ကို အလည်ကလေး တစ်ခေါက်ပင်ရောက်မလာသေး။

ပါးလ်သည် အေဒါနှင့်တူသော သမီးဖြစ်၏။ ရုပ်ရော အကျင့်ရော၊ အပြုအမူရော တူခြင်းဖြစ်၏။ တူလွန်းလှသဖြင့် မည်သူမဆို အမေနှင့်သမီးကို အမှတ်မှားနိုင်သည်။ ပါးလ်နှင့် လပ်ဇ်တို့ လက်ထပ်ခဲ့စဉ်က အေဒါသည် သူ့သမီးအား ကလေးမရှိ လပ်ဇ်ထံမှ ထွက်ပြေးပြီး ဩဂတ်စတာမြို့သို့သွားကာ ဝါကြီတ်စက်ရုံများ၌ အလုပ်လုပ်ဖို့ ကျိတ်၍မှာလိုက်သည်။

သို့သော်လည်း ပါးလ်သည် တစ်ယောက်တည်း ထွက်ပြေးရဲသည့် သတ္တိမရှိ၊ ကြောက်လန့်နေ၏။ ဝါကြီတ်စက်ရုံသို့ ရောက်လျှင် ဘာတွေဖြစ်လာလိမ့်မည်ကို သူမသိ၊ သူကြားခဲ့ဖူးသည့် မြို့ပေါ်မှ ဘဝအကြောင်းများကိုလည်း သူကောင်းစွာနားမလည်၊ သူသည် အခုအချိန်အထိ အမှောင်ကိုကြောက်ဆဲ၊ ကြမ်းပေါ်၌ အိပ်နေရင်း တစ်ကိုယ်လုံးတုန်ယင်ကာ မကြာခဏ ငိုနေတတ်သည်။

လပ်ဇ်က အခန်းထဲမှာ တံခါးတွေအလုံပိတ်၍ အိပ်နေ၏။ အမှောင်ထုသည် သူ့ကိုမွန်းကျပ်ပြီး အသက်ရှူ၍မဝအောင် လုပ်ထားဟန်ရှိ၏။ ထို့ကြောင့် သူ ဘာကြောင့် ဤမျှလောက်အထိ ငိုကြွေးနေရသည်ကို နားမလည်ကြခြင်းဖြစ်၏။

လပ်ဇ်ကတော့ စိတ်နှင့်ပတ်သက်သော ချွတ်ယွင်းချက် တစ်ခုခုရှိ၍သာ အခုလိုဖြစ်နေသည်ဟု တွေး၏။ သူ ထိုကဲ့သို့ တွေးခြင်းမှာ အကြောင်းမဲ့မဟုတ်၊ သူသိထားသည့်အတိုင်း ဆိုပါမူ ဒူဒီသည် အသိဉာဏ်နည်းသူဖြစ်၏။ သူ့ညီအစ်ကိုမောင်နှမထဲမှ အခြားတစ်ယောက်နှစ်ယောက်မှာလည်း ဒူဒီလိုပင်ဖြစ်သည်။

ထိုအသိကြောင့် ပါးလ်သည်လည်း ဒူဒီတို့လိုပင် အသိဉာဏ်နည်းပြီး ခပ်ကြောင်ကြောင်ဖြစ်နေသည်ဟု လပ်ဇ်က တွေးခြင်း





ဖြစ်သည်။ သို့သော် အမှန်အတိုင်းဆိုပါက ပါးလ်သည် လက်စတာ မိသားစုထဲတွင် အခြားလူများထက် အသိဉာဏ်ပိုနေခြင်းကြောင့်သာ အခုလိုဖြစ်နေခြင်းပေတည်း။

တကယ်တော့ ပါးလ်၏စိတ်သည် သူ့ဆံပင်နှင့် မျက်လုံးများကဲ့သို့ပင် သူ့ဖခင်ထံမှ အမွေရထားခြင်းဖြစ်၏။ ပါးလ်၏ ဖခင်ဆိုသောလူသည် တစ်ရက်တွင် ဤတောပိုင်းဒေသမှ ဖြတ်သွားခဲ့သည်။ ထို့နောက် ပျောက်သွားခဲ့ရာ ယနေ့အထိ ပေါ်မလာတော့ပေ။

သူသည် ကာရိုလိုင်းနားပြည်နယ်မှ လာခဲ့ခြင်းဖြစ်၍ တက္ကဆပ်ပြည်နယ်သို့အသွား လမ်းသင့်၍ အခုလိုဝင်ရောက်လာခြင်း ဖြစ်ကြောင်း၊ အေဒါအား ပြောပြသွားခဲ့၏။ ထိုလူနှင့် ပတ်သက်၍ အေဒါသိသမျှမှာ ဤမျှသာဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နောက်ပိုင်းတွင် ပါးလ်၏ကြောက်စိတ်သည် လျော့နည်းစပြုလာ၏။ လပ်ဇ်၏အိမ်တွင် ရှစ်လမျှနေပြီးသည့်နောက်တွင် တဖြည်းဖြည်းနှင့် ရဲစိတ်ဝင်လာသည်။ သူ့အနေဖြင့် တစ်နေ့ကျလျှင် ဩဂတ်စတာသို့ ထွက်ပြေးမည်ဟုပင် တွေးစပြုလာသည်။

သဲထူထပ်သော ဤအရပ်ဒေသတွင် နေလိုစိတ်မရှိတော့။ တစ်ဖက်တွင် ရွံ့နွံထူထပ်သောနွံမြေများ၊ အခြားတစ်ဖက်တွင် အလွန်ဖုံထူပြီး မည်းနက်သော ကျောက်မီးသွေးလျှောစင်၊ ဤမြင်ကွင်းသည် သူတစ်ခါတုန်းက ဩဂတ်စတာမြို့တွင်း၌ မြင်ခဲ့ရသည့် အရာဝတ္ထုများလို မလှ၊ တစ်ချိန်ကသူသည် ဂျိုတာ၊ အေဒါတို့နှင့်အတူ ဩဂတ်စတာသို့ ရောက်ခဲ့ဖူးသည်။ သူမြင်ခဲ့ရသည့် မိန်းကလေးများသည် ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောနှင့် အဝတ်အစား အကြောင့်အကြ ကင်းကင်းဖြင့် နေထိုင်လျက်ရှိကြ၏။

သူတို့တစ်တွေ ဝါကြီတ်စက်ရုံများ၌ အလုပ်လုပ်ကြသလား၊ ဘာလားဆိုတာတော့ သူမသိ သူနှင့်မတူသည့် အဖြစ်ကို

တော့ သူသိခဲ့၏။ ဤဘက်ဒေသရှိ ဆေးရွက်ကြီးလမ်းတစ်လျှောက်မှာတော့ဖြင့် ရယ်နိုင်သူမရှိ၊ ဤအရပ်ဒေသမှ မိန်းကလေးများသည် နေ့ရာသီရောက်လျှင် ဝါပင်များကို ခုတ်ထွင်ရှင်းလင်းထားကြရသည်။

ဆောင်းဦးပေါက်သည်နှင့် တစ်ပြိုင်နက် ဝါကောက်ကြရ၏၊ ဆောင်းတွင်းကျတော့ ထွင်းခွေထွက်ကြရပြန်သည်။ သို့ဖြစ်ရာ သူတို့ဓမ္မာတွင် အားချိန်၊ နားချိန်ဟူ၍ ရှိကြသည်မဟုတ်။

ဂျိုတာသည် ကိုယ်ကို ခပ်မတ်မတ်ထား၍ အိမ်ထောင့်မှ အသာကလေးထွက်လိုက်ပြီး ဖြည်းဖြည်းသာသာလေး ခြံဝင်းကို ဖြတ်လျှောက်၏။ သူသည် ခြေတစ်ဖက်မြှောက်လိုက်သည့် အခါတွင် ရုတ်တရက်ပြန်မချ၊ လေထဲတွင် စက္ကန့်အတော်ကြာမျှ မြှောက်ထားသည်။ ပြီးခါမှ သူ့ရှေ့တည့်တည့် မြေပြင်ထက်သို့ အသာလေးပြန်ချ၏။

သူသည် တောကြိုတောကြား၊ ချုံကြိုခြုံကြားသို့ဝင်၍ ယုန်များလိုက်သည့်အခါတိုင်း ဤပုံစံမျိုးဖြင့် သွားလေ့ရှိကြသည်။ ယုန်များသည် သစ်ခေါင်းတွင်း၌ဖြစ်စေ၊ ကျင်းထဲ၌ဖြစ်စေ ထိုင်နေတတ်ကြ၏။ သူက သူတို့ထံ အသံမထွက်အောင် ကပ်သွားပြီး ဖျတ်ခနဲဖမ်းလိုက်လျှင် သူတို့ကိုယ်သူတို့ ဘယ်လိုအဖမ်းခံလိုက်ရသည်ကို မသိဘဲ ဖြစ်သွားတတ်သည်။ ယခုလည်း သူသည် လပ်စ်ကို ယုန်တစ်ကောင်ဖမ်းသည့်အခါ လျှောက်သွားသည့်နည်းကို သုံးလျက်ရှိလေသည်။

ခရီးတစ်ဝက်လောက်အရောက်တွင် ဂျိုတာသည် မုန်လာဥအိတ်ဆီသို့ ရုတ်တရက်ခုန်၍ အုပ်လိုက်သည်။ အမှန်တော့ သူ နောက်ထပ် မိနစ်အနည်းငယ်မျှစောင့်နေပြီး ယုန်များဖမ်းသကဲ့သို့ အသာကလေး ခုန်ဖမ်းသင့်၏။ သို့သော်… ယုန်တစ်ကောင်ကို ဖမ်းစဉ်ကလို စိတ်ထက် အခုမုန်လာဥအိတ်ကို ရလိုစိတ်က ပို၍ ပြင်းပြလျက်ရှိရာ လက်ထဲမှ လွတ်ထွက်သွားမည်ကို အလွန်စိုးရိမ်လျက်ရှိ၏။ ထို့ကြောင့်လည်း ယခုကဲ့သို့ ရှေ့လောဘကြီး





ခုန်အုပ်လိုက်ခြင်းဖြစ်သည်။

သူသည် မုန်လာဥအိတ်ကို လက်နှစ်ဖက်ဖြင့် အငမ်းမရ တအားကုန်ဖက်ထားလိုက်သည်။ အထဲမှ မုန်လာဥများကို အားကုန်ညှစ်လိုက်သလို ဖြစ်သွားသဖြင့် အိတ်ပေါက်မှအရည်များ ပန်းထွက်လာသည်။ အချို့အရည်သည် ဂျိုတာ၏ မျက်လုံးများထဲသို့ ဝင်သွားသဖြင့် ဘာကိုမှ မမြင်ရဘဲဖြစ်သွားသည်။ သို့သော် သည်အတွက်ကတော့ အကြောင်းမဟုတ်၊ နွေခေါင်ခေါင်တွင်ရွာသည့် မိုးပေါက်များနှင့် အပက်ဖျန်းခံရသည့်နယ် ရင်ထဲတွင်အေး၍ပင် သွားသေးသည်။

ထိုအခိုက်မှာပင် အေဒါသည် ဖျက်ခနဲ ရှေ့သို့တစ်လှမ်းတိုး၍ ရုပ်လိုက်၏။ သစ်ပင်အနီးမှ ဒူဒီကလည်း သစ်ကိုင်းတစ်ကိုင်းကို ခုန်ဆွဲပြီး မတ်တတ်ရပ်လိုက်သည်။

လပ်စ်က နောက်သို့ ဖျတ်ခနဲလှည့်ကြည့်သည်။ သူလှည့်အကြည့်နှင့် ဂျိုတာက မုန်လာဥအိတ်ကို အပွေ့သည်ကြုံကြိုက်နေသည်။ အယ်လီမေက လပ်စ်ကိုလှမ်းဆွဲသည်။ သို့သော်လည်း လပ်စ်သည် အယ်လီမေလက်တွင်းမှ တွန့်လိမ်ပြီးရုန်းထွက်နိုင်ခဲ့၏။

သူသည် ဂျိုတာနှင့် မုန်လာဥအိတ်ကိုမိရန် လှမ်း၍ခုန်အုပ်လိုက်သည်။ အယ်လီမေကလည်း အလျှော့မပေး၊ အလျားမှောက်ဖြစ်နေရာမှ ဖျတ်ခနဲပက်လက်လှန်ပြီး လပ်စ်၏ ခြေထောက်တစ်ဖက်ကို လှမ်းဆွဲသည်။ ဂျိုတာသည် မုန်လာဥအိတ်ဆီ မရောက်တော့ဘဲ လမ်းခုလတ်မှာ တန့်ခနဲဖြစ်သွားပြီး မြေကြီးပေါ်သို့ ဒိုင်းခနဲလဲကျသွားလေ၏။

လက်စတာမိသားစု အားလုံးသည် တစ်ယောက်နှင့် တစ်ယောက် ကြိုတင်တိုင်ပင်ထားခြင်း မရှိပါဘဲလျက်နှင့် ဤကိစ္စအတွက် တစ်ပြိုင်တည်း လှုပ်ရှားကြသည်။ ဒူဒီသည် ခြံဝင်းကိုဖြတ်၍ သူ့အဖေဆီသို့ ခုန်းစိုင်းပြေးသည်။ အေဒါလည်း ဆင်ဝင်

လှေကားထစ်များအတိုင်း ပြေးဆင်းလာသည်။ ဘွားအေကြီးကလည်း အော်ခြောက်မှ ဒယီးဒယိုင်ဖြင့် လိုက်လာသည်။ အယ်လီမေသည် လပ်စ်၏ခြေထောက်ကို အရအမိဆွဲထားဆဲ။ လပ်စ်ကလည်း ဂျိုတာကို လှမ်းဆွဲနိုင် အားရှိသလောက် ရုန်းကန်ဆဲ။ သို့သော်လည်း လပ်စ်၏ လက်ချောင်းများသည် မှန်လာဥအိတ်နှင့်ထိရန် သုံးပေအကွာထက် ပို၍မရောက်။

ဂျိုတာသည် သူ့မေးစေ့ကို မှန်လာဥအိတ်ပေါ် တင်လိုက်ပြီး လပ်စ်ကို လှမ်းကြည့်သည်။ လပ်စ်၏မျက်လုံးများ နီရဲလျက်ရှိ၏။ သူသည် မနက်ကလျှောက်ခဲ့ရသည့် စုနစ်မိုင်ခွဲခရီးကို သတိရနေသည်။ ဖူးလားအသွားအပြန်ခရီးမှာ နီးလှသည်မဟုတ်။ အခုလိုအဖြစ်နှင့် ကြုံရသည့်အခါတွင်မူ ရင်နာစရာကောင်းလှပါဘိခြင်း။

အယ်လီမေသည် လပ်စ်ကို သူ့ဘက်ပြန်ရောက်လာအောင် အားရှိသမျှ ညစ်ထုတ်ပြီး ဆွဲနေသည်။ လပ်စ်ကလည်း အတင်းရုန်းကန်ကာ သူ့မှန်လာဥအိတ်ကို ကာကွယ်နိုင်ရန် ကြိုးစားအားထုတ်နေဆဲ။

သူ ဤအိမ်ပေါက်ကို ရောက်စကတည်းက အလွန်သတိထားခဲ့သောကိစ္စသည် သူမထိန်းနိုင်တော့သည့် အခြေအနေသို့ ဆိုက်ရောက်သွားခဲ့ရလေပြီ။ ဖြစ်ပျက်သွားပုံမှာ မြန်ဆန်လွန်းသဖြင့် ဘယ်လိုလုပ်ရမှန်းပင် မသိနိုင်တော့လောက်အောင် ဖြစ်ခဲ့ရလေပြီ။

မည်သို့ပင်ဖြစ်စေ... သူ သတိရှိခဲ့သည်မှာ အယ်လီမေ သူ့ဆီ ရောက်မလာခင်ကသာဖြစ်၏။ အယ်လီမေရောက်လာ၍ အယ်လီမေ့အပေါ် စိတ်ဝင်စားလိုက်မိသည်နှင့် တစ်ပြိုင်နက် သူ့သတိသည် မှန်လာဥအိတ်ပေါ်၌ မရှိတော့။ သူ အရူးတစ်ယောက်ဖြစ်သွားရသည်ကို အခုမှပင် သဘောပေါက်လာရ၏။ အမှန်တော့ သူသည် တခဏ်မျှ အသိကင်းမဲ့သွားသဖြင့် မှန်လာဥများကို မေ့သွားရခြင်းဖြစ်သည်။

လူမည်းသုံးယောက်သည် ခြံဝင်းပြင်မှနေ၍ အတွင်းမှ ဖြစ်ပျက်နေသမျှ မြင်နိုင်ရန် လည်ပင်းများကိုဆန့်၍ ကြည့်နေကြသည်။ သူတို့သည် အယ်လီမေနှင့် လပ်စ်တို့ကို စိတ်အားထက်သန်စွာဖြင့် စောင့်ကြည့်နေခိုက် မှန်လာဥအိတ်ကြီးပေါ်သို့ ဂျိုတာခုန်အုပ်လိုက်သည်ကို မြင်လိုက်ကြရခြင်းဖြစ်၏။ အခုကျတော့ ခြံဝင်းထဲ၌ နောက်ထပ်ဘာဆက်ဖြစ်မည်ကို စောစောကထက်ပို၍ စိတ်ဝင်စားနေကြလေပြီ။

အေဒါနှင့် ဘွားအေကြီးတို့သည် ကြီးမားလေးလံသော ထုတ်ကြီးနှစ်ချောင်းကို ကောက်ယူလိုက်ကြပြီး လပ်စ်၏ကျောပေါ်မှ မိုးထားလိုက်ကြသည်။

သို့မှသာလျှင် လပ်စ်ကို အယ်လီမေက မိမိရရ ဆွဲထားနိုင်မည် မဟုတ်ပါလား။ လပ်စ်ကတော့ သူ့မှန်လာဥအိတ်ကို အကာအကွယ် ပေးနိုင်ဖို့အတွက် အစွမ်းကုန်ကြိုးစား၏။

အဘယ်ကြောင့်ဆိုသော ဂျိုတာနှင့်သူ ခြေလှမ်းနှစ်ဆယ်ခန့်သာ ကွာသွားလိုက်ပါက မှန်လာဥအားလုံးကို စားမပစ်မီ မိဖို့မလွယ်သောကြောင့်ပေတည်း။

ဂျိုတာသည် သူ့ထက်အသက်ကြီးပြီး လူအိုတစ်ယောက်ဖြစ်သည်မှာမှန်သော်လည်း သူ့တွင်အရေးကြုံလာပါက ယုန်တစ်ကောင်ကဲ့သို့ ပြေးနိုင်စွမ်းရှိသူဖြစ်သည်။

"အယ်လီမေကို မကြောက်ပါနဲ့ဟဲ့ လပ်စ်ရဲ့" ဟု အေဒါကပြောသည်။

"အယ်လီမေက နင့်ကိုနာအောင် မလုပ်ပါဘူး၊ သူက မိန်းမကြမ်းတစ်ယောက် မဟုတ်ပါဘူး"

အေဒါသည် လပ်စ်ကို တုတ်ဖြင့်ထိုးကာ အယ်လီမေလက်ထဲမှ မရုန်းနိုင်အောင်လုပ်သည်။ သူသည် အောက်နှုတ်ခမ်းကို ကိုက်ကာ အားစိုက်ပြီး လပ်စ်၏နံကြိုနံကြားများကို တုတ်ဖြင့်လျှောက်ထိုးနေ၏။

"ဟိုလူမည်းကောင်တွေက ခြံထဲဝင်လာပြီး လပ်စ်ကို

ကျည်လိမ့်မယ်ထင်တယ်ဗျ" ဟု ဒူဒီကပြောသည်။

"တကယ်လို့များ ဒီကောင်ကြီးတွေ ဒီအထဲဝင်လာလို့ကတော့ ကျုပ်က ခဲနဲ့ဆီးထုမှာပဲသိလား၊ လပ်ဇ်ကို သူတို့ဝင်ကူစရာ အကြောင်း ဘာမှမရှိဘူး"

"ဒီကောင်တွေ ဝင်လာဖို့စိတ်ကူးမယ် မထင်ပါဘူး၊ ဝင်လာရဲမယ် မထင်ပါဘူး"

အယ်လီမေ၏ တစ်ကိုယ်လုံးတွင် ချွေးများဖြင့်နစ်နေသည်။ လပ်ဇ်တစ်ကိုယ်လုံးတွင် သဲအလူးလူးဖြစ်နေသည်။ လပ်ဇ်သည် အယ်လီမေ့လက်ထဲမှလွတ်ရန် နောက်ဆုံးအကြိမ် အနေဖြင့် အားကုန်ထုတ်၍ ရုန်းပြန်သည်။ သူသည် မုန်လာဥအိတ်နှင့် တစ်ပေခန့်ပို၍ နီးကပ်လာ၏။

သို့သော် အေဒါက သူ့လက်တွင်းမှတုတ်ကြီးဖြင့် ခေါင်းကို ရိုက်လိုက်သဖြင့် မြေကြီးပေါ်သို့ လဲကျသွားသည်။ အယ်လီမေကလည်း ထိုအခွင့်ကောင်းကိုယူကာ လပ်ဇ်ပေါ်သို့ တစ်ချက်တည်းနှင့် ခုန်အုပ်၍ဖမ်း၏။ လေးလံလှသော အယ်လီမေ၏ ကိုယ်ခန္ဓာသည် အကာအကွယ် ကင်းမဲ့နေသော လပ်ဇ်၏ဝမ်းဗိုက်ပေါ်သို့ အရှိန်ပြင်းစွာကျလာ၏။

ဤဒဏ်ကြောင့် လပ်ဇ်သည် အသက်မရှူနိုင်အောင် ဖြစ်သွား၏။ အယ်လီမေ၏ ဒူးခေါင်းများသည် သူ့ရင်ဝကိုပစ်၍ဆောင့်မိကြသဖြင့် တိုး၍ပင် အသက်ရှူကျပ်သွားသည်။ လပ်ဇ်သည် အယ်လီမေလက်ထဲတွင် မလှုပ်နိုင်အောင် ဖြစ်လျက်ရှိ၏။ အယ်လီမေက သူ့ကိုချုပ်ကိုင်ထားနိုက်တွင် အေဒါက သူထလာလျှင် ဆက်ရိုက်ဖို့လက်ထဲမှ တုတ်ကြီးဖြင့် ခေါင်းကိုအသင့်ရွယ်ထားသည်။

အဘွားကြီးကလည်း လပ်ဇ်၏ ဘေးတစ်ဖက်မှရပ်ကာ လက်ထဲမှ တုတ်ကြီးကို အဆင်သင့်မြှောက်ထား၏။ တစ်ချိန်လုံး သူ့ပါးစပ်သည် တလှုပ်လှုပ်။ သူ ဘာတွေပြောနေသည်ကို မည်သူကမျှ ဂရုမစိုက်။





"ဟေ့ကောင်...လပ်ဇ်၊ မင်းမုန်လာဥတွေက ပိုးတွေနဲ့ပဲလားကွ" ဟု ဂျိုတာကမေးသည်။

"တကယ်လို့ ပိုးတွေသာပါမယ်ဆိုရင်တော့ ငါ ဘာလုပ်ရမှန်း သိမှာမဟုတ်တော့ပါဘူးကွာ၊ ပိုးဖောက်ထားတဲ့ မုန်လာဥတွေကို စားရတာဟာ စိတ်ကုန်စရာကောင်းတယ်ကွ၊ ငါတော့ကွာ ဘာသာကိုတောင် မယုံချင်သလိုဖြစ်နေပြီ၊ မုန်လာဥတွေထဲ ပိုးတွေရောက်အောင် ဖန်ဆင်းတာဟာ ဘုရားသခင်အနေနဲ့ သိပ်ကိုရှက်ဖို့ကောင်းတဲ့ ကိစ္စပါကွာ...။

"ငါတို့ ဆင်းရဲသားတွေ ဘယ်တော့မဆို မကောင်းဆုံးဆိုတဲ့ ပစ္စည်းတွေပဲရတယ်၊ ဘုရားသခင်က မုန်လာဥတွေကို လူတွေချည်းစားဖို့ မရည်ရွယ်ဘူးနဲ့တူတယ်။ သူက ဝက်တွေကိုပါ စားစေချင်တဲ့ဆန္ဒ ရှိနေဟန်တူတယ်။ ဒါပေမဲ့ သူက ဒီယာမြေပေါ်မှာ မုန်လာဥကလွဲပြီး အခြားအသီးအပင်တွေ စိုက်လို့ဖြစ်အောင် ကျတော့လည်း လုပ်မပေးဘူး"

အယ်လီမေနှင့် လပ်ဇ်တို့ကတော့ မြေပြင်ပေါ်တွင် လိမ့်နေကြသည်။ အကြိမ်ပေါင်းတစ်ဒါဇင်ပင် ကျော်လောက်ပြီ။ နောက်ဆုံးရပ်သွားချိန်တွင် လပ်ဇ်က အပေါ်ကျသည်။ အေဒါနှင့် အဘွားကြီးတို့သည် တလိမ့်လိမ့်ဖြစ်နေသော လူနှစ်ယောက်နောက်မှ ထက်ကြပ်မကွာလိုက်နေသည်။ အယ်လီမေလက်ထဲမှ လပ်ဇ်လွတ်လာပြီးလျှင် အပေါ်စီးမှရိုက်နိုင်ရန် တုတ်များကို အသင့်မြှောက်ထားကြသည်။

တခြားသူများ သူနှင့် အလှမ်းဝေးသည့် ခြံထောင့်သို့ ရောက်သွားကြသည်ကို မြင်သည်နှင့်တစ်ပြိုင်နက် ဂျိုတာသည် မုန်လာဥအိတ်ကို ရင်ခွင်တွင်ပိုက်၍ ခြံဝင်းအပြင်သို့ ကဆုန်ပေါက်၍ ပြေးထွက်သည်။

ဆေးရွက်ကြီးလမ်းကိုဖြတ်၍ ဝါခင်းဟောင်းတစ်ဖက်ဆီသို့ ပြေး၏။ သူသည် မိုင်ဝက်လောက် ခရီးမပေါက်မချင်း နောက်သို့

လှည့်ကြည့်၊ နောက်တစ်ခဏမျှအကြာ၌ ဂျိုတာသည် တောအုပ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

လူမည်းများက အားရပါးရရယ်ကြ၏။ သူတို့ရယ်နေကြသည်မှာ လပ်စ်ကိုမဟုတ်၊ လက်စတာမိသားစု လုပ်ကိုင်နေပုံများကိုကြည့်ပြီး ရယ်နေကြခြင်းဖြစ်သည်၊ လက်စတာမိသားစု လုပ်ကိုင်နေပုံများသည် သူတို့အတွက် ရယ်စရာဖြစ်နေ၏။

သူတို့သည် ခြံဝင်းထဲမှ လူများငြိမ်ဆိတ်သွားသည်အထိ စောင့်ကြည့်နေကြသေး၏။ ထို့နောက်တော့ ဖူးလားဘက်သို့ ဦးတည်၍ လမ်းမကြီးအတိုင်း ဆက်လျှောက်သွားကြ၏။ တစ်လမ်းလုံး သူတို့မြင်ခဲ့ရသည့် လက်စတာမိသားစုအကြောင်းကို ပြောသွားကြ၏။

အေဒါနှင့် အဘွားကြီးတို့သည် ဆင်ဝင်လှေကားထစ်များပေါ် ပြန်၍ထိုင်ကာ အယ်လီမေနှင့် လပ်စ်တို့ကိုကြည့်နေ၏။ လပ်စ်ခြံဝင်းထဲမှ ပြေးထွက်သွားမည်ကို စိုးရိမ်စရာမလိုတော့။ အခုဆိုလျှင် လပ်စ်သည် ပြေးနိုင်ဖို့မဆိုထားနှင့် လဲကျနေသည့်နေရာမှပင် မထနိုင်။

"ဒီမယ် လပ်စ်၊ ခင်များတို့ ဟိုနံပါတ် (၁၇) ကုန်ရထားခေါင်းတွဲကြီးထဲကို မနက်တိုင်း ကျောက်မီးသွေးဘယ်လောက်များများ ထည့်ပေးရသလဲ"ဟု ဒူဒီက လှမ်းမေး၏။

"ကျုပ်ထင်တာကတော့ လူစီးရထားထက် နှစ်ဆလောက်ပိုပြီး ထည့်ပေးရတယ်လို့ ထင်တာပဲ၊ ဟုတ်ရဲ့လား၊ ဒါပေမဲ့ဗျာ ကုန်ရထားခေါင်းတွဲက မီးထိုးသမားတွေက တစ်လမ်းလုံး လူမည်းတဲတွေနားရောက်ရင် ကျောက်မီးသွေးချချပေးသွားကြတယ်၊ ဒါကြောင့်မို့ သူတို့ ကုန်ရထားတွေက လူစီးရထားတွေထက် ကျောက်မီးသွေးတွေ ပိုကုန်တာဖြစ်မယ်၊ ခင်များလည်း သိသားမဟုတ်လား၊ လူစီးရထားတွေက စုတ်တာသိပ်မြန်တော့ လမ်းမှာ ကျောက်မီးသွေးတွေ ချပေးဖို့ အချိန်မရကြဘူးဗျ၊ ကျုပ်မြင်တာတော့





ဖြင့် ကုန်ရထားခေါင်းတွေထဲက မီးထိုးသမားတွေ ချချပေးနေတဲ့ ကျောက်မီးသွေးဟာ တစ်ခါချရင် နည်းနည်းနောနော မဟုတ်ဘူး၊ ခင်များတို့မီးရထား ကုမ္ပဏီကလူတွေ ဒီကိစ္စကို မသိကြဘူး၊ တကယ်လို့သိရင်တော့ မလုပ်အောင်တားမှာပေါ့၊ ကျုပ် သိရသလောက်တော့ ခေါင်းတွဲအင်ဂျင်အတွက်က ကျောက်မီးသွေး သိပ်ကုန်တာ မဟုတ်ဘူး၊ တစ်လမ်းလုံးအောက်က လူမည်းတွေအတွက် ချပေးသွားတာက ပိုပြီးကုန်နေတာ၊ ဒါကြောင့်မို့လည်း လူမည်းတွေက ဘယ်တော့မှထင်းခွေ ထင်းခုတ် လုပ်စရာမလိုဘူး၊ သူတို့က ဆယ့်နှစ်ရာသီပတ်လုံး ကျောက်မီးသွေးရှိနေကြတာကိုးဗျ"

လပ်စ်ကတော့ မောနေသဖြင့် ဘာတစ်ခွန်းမှပြန်မပြောနိုင်။

"ခင်များကော ဘာပြုလို့ ကျောက်မီးသွေးမသုံးတာလဲဗျ၊ သုံးရင်လည်း ဘယ်သူမှမသိပါဘူး၊ ခင်များလုပ်မယ်ဆိုရင် ရဲရဲသာလုပ်ပါ၊ ကျုပ်က ဘယ်သူ့ကိုမှ မပြောပါဘူး၊ ကျောက်မီးသွေးသာသုံးလို့ကတော့ နေ့စဉ်ထင်းခုတ်ရ၊ ခွဲရတဲ့အလုပ်က အများကြီးကိုသက်သာသွားမှာ"

အဘွားကြီးလက်စတာသည် သူ့ထင်းခြောက်စည်းဘေး၌ထိုင်ကာ သူ့နံဘေးကို လက်နှင့်နှိပ်၍ ညည်းညူလျက်ရှိသည်၊ ခဏကြာတော့ ထိုင်ရာမှထကာ ထင်းစည်းကိုကောက်၍ သူလုပ်နေကျအတိုင်း မီးမွှေးသည်၊ ပြီးတော့ မီးဖိုဘေး၌ထိုင်ကာ ထင်းတွေကုန်အောင် လောင်ကျွမ်းသည်အထိ စောင့်ကြည့်နေသည်၊

တောထဲသို့ဝင်သွားသော ဂျိုတာသည် ဘယ်နည်းနှင့်မှ သူ့ကို မုန်လာဥလာပေးလိမ့်မည်မဟုတ်၊ သူ့ဘာသာသူ တစ်ယောက်တည်း အဝအပြဲ စားပစ်လိမ့်မည်မှာ သေချာသည်၊ သူသည် မွှေးထားသည့်မီးဖို ငြိမ်းသွားသည်အထိ စောင့်ကြည့်နေရင်း နာထည်သည်အိုးကို မျက်စိပြူးအောင်ရှာ၏။ သူရှာနေသောအိုးသည် စင်ပေါ်၌ ရှိနေ၏။

သို့သော်အထဲ၌ ဘာမှမရှိ၊ ပြောင်တလင်းခါနေပြီ၊ နာမှုန့်

ကို သူရှာသည့်အခါတိုင်း ဘယ်တော့မှမတွေ့၊ တွေ့သည့်အခါများ တွင်လည်း တစ်စုံတစ်ဦးက အမှတ်တမဲ့ မေ့ပြီးချထားခဲ့သဖြင့် သူက အမှတ်တမဲ့သွား၍ တွေ့သည့်အခါများ၌သာ ဖြစ်သည်။ တွေ့ပြန်တော့လည်း တစ်စုံတစ်ယောက်မျှဝင်၍ မတားမီ၊ အလု အယက် ယူရခြင်းဖြစ်၍ ဘယ်တော့မှ များများစားစား ရလိုက်သည် မရှိ၊ ရပြန်တော့လည်း သက်သောင့်သက်သာမဟုတ်။

ဂျိုတာနှင့် ပက်ပင်းပါ တိုးမိသည့်အခါများတွင် ကိုယ်ထိ လက်ရောက် တွန်းလားထိုးလားလုပ်၍ တားမြစ်တတ်သည်။ နောက် တစ်ကြိမ် ထပ်၍ခိုးလျှင် သတ်ပစ်မည်ဟုလည်း ကြိမ်းမောင်း ဆူပူတတ်၏။

"ခေါင်းတွဲမောင်းသမားတွေက ဘာဖြစ်လို့များ ရထားဥဩ ကို ဘာပြုလို့ များများစားစား မဆွဲတာလဲဗျာ" ဒူဒီက ပြောပြန် သည်။

"ဒီလူတွေ ရထားဥဩကို သိပ်မဆွဲကြဘူး၊ ကျုပ်သာ စက်ခေါင်းမောင်းဖြစ်လို့ကတော့ဗျာ၊ တစ်ချိန်လုံး ဥဩပဲ ဆွဲနေမှာ သိလား၊ ဥဩသံက မော်တော်ကားဟွန်းသံလို သာယာတာပဲဗျ"

ဒူဒီသည် ထင်းရှူးပင်ငုတ်တိုပေါ်မှထိုင်၍ စကားများ နေခြင်းဖြစ်၏။ လပ်ဗ်သည် လဲနေရာမှထရပ်ပြီး ဆေးရွက်ကြီး လမ်းဘက်သို့ ဒယီးဒယိုင်ဖြင့် လျှောက်သွား၏။ သူသည် အရပ် လေးမျက်နှာသို့ လှည့်ပတ်ကြည့်နေ၏။ သူနှင့် အနီးအနားတွင် ဂျိုတာပုန်းနေလိမ့်မည်ဟုထင်၍ ကြည့်နေခြင်းဖြစ်သည်။ သို့သော် ဂျိုတာသည် ဝါခင်းဟောင်းကြီး၏ တစ်ဖက်ရှိ ထင်းရှူးတောကြီးထဲ သို့ ဝင်သွားလိမ့်မည်ကိုတော့ သူသေချာပေါက် သိထား၏။ ဤ အနီးအနားတစ်ဝိုက်၌ ရှာနေခြင်းသည် သက်သက်မဲ့ အချိန်ဖြုန်း နေခြင်းမျှသာ ဖြစ်သည်ကိုလည်း ကောင်းစွာသဘောပေါက်နေ၏။ အခုမှ လိုက်ဖမ်းလို့ကတော့ ရတော့မည်မဟုတ်။ နောက်ကျသွားပြီ။

အယ်လီမေကတော့ သူလဲကျနေသည့် နေရာမှမထသေး။





မြေကြီးပေါ်ကျောခင်းကာ စန့်စန့်ကြီး လဲလျက်ပင်ရှိသေးသည်။ ချွေးများဖြင့်စိုရွှဲနေသော ဆံပင်များသည် လည်ပင်းနှင့်နဖူးတွင် ကပ်ကာ ရစ်ပတ်နေကြ၏။

ပန်းရောင်ဂါဝန်သည် တွန့်ကြေလိမ်ကောက်ကာ သူ့ ပခုံးများနှင့် ခေါင်းအောက်တွင်ရောက်နေ၏။ သူ့ပါးစပ်သည် ပြဲလျက်ရှိသဖြင့် အပေါ်သွားဖုံးနီရဲရဲသည် ပေါ်လျက်ရှိလေသည်။

"ခင်ဗျားမဝတ်တော့ဘူးဆိုတဲ့ အချိန်ကျရင် ခင်ဗျား အပေါ် အင်္ကျီ ကျုပ်ကိုပေးဗျာ"ဟု ဒူဒီကလှမ်းပြောပြန်၏။

"အပေါ်အင်္ကျီအသစ်များ ကျုပ်တစ်ခါမှ မဝတ်ဖူးသေး ပေါင်ဗျာ၊ အဖေက သူထင်းရောင်းပြီးရင် ဝယ်ပေးမယ်လို့ ခဏခဏ ပြောတယ်၊ လက်တွေ့ကတော့ မရပါဘူး၊ အခုဆိုသူလည်း ထင်းကို ဟုတ်တိပတ်တိ မရောင်းတော့ပါဘူး…။

"ကျုပ်ဖြင့် ကျုပ်အဖေလောက် လိမ်ပြောတဲ့လူ တစ်ယောက်မှ မတွေ့ဖူးသေးဘူး၊ လူကလည်း လူပျင်းကြီးဗျ၊ တစ်ခါတလေ မတော်တဆ ချော်လဲသွားရင်တောင် မြေကြီးပေါ်က ပြန်ထရမှာပျင်းတဲ့လူ။ အိပ်ရာကနိုးလာရင်တောင် ဖြန့်ခနဲမထဘဲ အိပ်ရာထဲမှာ တစ်နာရီနီးနီးလောက် နေတဲ့လူစားဗျ၊ ကျုပ်တွေ့ဖူး သမျှ လူတွေထဲမှာ အပျင်းဆုံးလူကြီးတစ်ယောက်ပါဗျာ"

လပ်ဗ်သည် လမ်းလယ်ကောင်တွင်ရပ်ကာ နဝေ တိမ်တောင် ဖြစ်လျက်ရှိ၏။ သူသည် သူ့ကိုယ်သူဟန်နိုင်ရန် ခြေထောက်နှစ်ချောင်းကို ကားထား၏။ ခန္ဓာကိုယ်သည် အရက်မူး သမား တစ်ယောက်သဖွယ် ရှေ့တိုးနောက်ငင် ယိမ်းထိုးလှုပ်ရှား လျက်ရှိသည်။

သူသည် အင်္ကျီတွင် ကပ်နေသည့်သဲများကို လက်ဖြင့် ခါချနေသည်။ ဆံပင်ထဲရောက်နေသည့် သဲများကိုလည်း လက်ဖြင့် ဖွ၍ ခါထုတ်သည်။ သဲများစွာ သူ့အင်္ကျီအိတ်ကပ်များနှင့် ဖိနပ်များ အတွင်း၌ပင် ဝင်နေကြ၏။ သူ၏ နားရွက်များထဲတွင်လည်း

အပြည့်။

"ခင်ဗျားကြီး ဘယ်တော့လောက် ကိုယ်ပိုင်ကား ဝယ်မလဲ" ဟု ဒူဒီကမေး၏။

"ခင်ဗျား ကျောက်မီးသွေးစင်မှာ အလုပ်လုပ်တာ ငွေအများကြီး စုမိနေပြီပဲဟာ၊ ကားတစ်စီးတော့ ဝယ်ပေါ့ဗျာ။ ဟို... ဩဂတ်စတာမြို့က သူဌေးတွေလိုပေါ့ ဟုတ်ဘူးလား၊ ကျုပ်က ကားကိုဘယ်လိုမောင်းရမယ်ဆိုတာ ပြပေးမယ်၊ ကျုပ်က ကားတွေအကြောင်းတော့ ကောင်းကောင်းနားလည်တဲ့ကောင်ပါဗျာ...။

"အဖေ့ရဲ့ဖို့ဒ်ကားက အခုဆိုသိပ်ကျသွားပြီ၊ ကောင်းနေတုန်းကဆိုရင် တစ်ခါတလေ ကျုပ်မောင်းတာပဲ၊ ခင်ဗျား ကားဝယ်ရင် အသံကျယ်ကျယ်မြည်တဲ့ ဟွန်းတစ်ခုတော့ တပ်ပါဗျာ၊ ရထားဥသြသံတို့ ကားဟွန်းသံတို့ဆိုတာ သိပ်နားထောင်လို့ကောင်းတာ၊ ကဲဗျာ... ခင်ဗျားမော်တော်ကား ဘယ်တော့ဝယ်မှာလဲ"

လပ်ဇ်သည် နောက်ထပ် ဆယ်မိနစ် ဆယ့်ငါးမိနစ်ခန့် လမ်းလယ်တွင်ရပ်ကာ ဂျီတာရှိနေလိမ့်မည်ဟု ခန့်မှန်းရသော ထင်းရှူးတောများကြားမှ ပိတ်စွယ်မြက်တောကြီးဆီသို့ လှမ်းမျှော်ကြည့်ရုံမှတစ်ပါး အခြားဘာမှ မလုပ်နိုင်။

ပါးလ်၏ အနီးသို့ကပ်၍ ရမည်လည်းမဟုတ်။ အကယ်၍ သူက အနားကပ်ဖို့ အားထုတ်လိုက်ပါမူ ပါးလ်သည် အပြင်သို့ ထွက်ပြေးပြီး ပိတ်စွယ်တောကြီးများကြားသို့ ဝင်၍ပုန်းအောင်းနေလိမ့်မည်ဖြစ်သည်။

အေဒါနှင့် ဒူဒီတို့သည် ယိုင်တိယိုင်နဲ့ဖြင့် ထွက်ခွာသွားသော လပ်ဇ်ကို မျက်စိတစ်ဆုံး လိုက်ကြည့်နေကြသည်။ အထက်သို့ ထိုးထွက်နေသည့် ကုန်းစောင်းတစ်ခု၏ နောက်ကွယ်သို့ဝင်ရောက်ပျောက်ကွယ်သွားကာမှပင် နောက်သို့ပြန်လှည့်ကာ အယ်လီမေကို လှမ်းကြည့်ကြသည်။

အယ်လီမေသည် ထိုပုံစံအတိုင်း ပွန်းသော ဖေဖော်ဝါရီလ





နေရောင်အောက်တွင် တစ်နာရီနီးပါးမျှ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက်ရှိ၏။ သူ အိပ်ရာမှနိုးလာသောအခါ သူ့ညာဘက်လက်သည် သူ့ပါးစပ်ကို အုပ်လျက်သားဖြစ်နေသည်ကို တွေ့ရ၏။ သူ့အဖေ မှန်လာဥတွေကို ကုန်အောင်စားမပစ်မီ အမိလိုက်မည်ဖြစ်သော စိတ်ကူးဖြင့် ခြံထဲမှထွက်သွားသော ဒူဒီက သူမသွားမီ ဤလက်ကို သူ့အစ်မ၏ပါးစပ်ပေါ် တင်ပစ်ခဲ့ခြင်းဖြစ်လေသည်။

■

# ( ၅ )

ဂျိတာပုန်းနေသော ချုံပုတ်သည် လေးပေခန့်အမြင့်ရှိသော ဝိတ်စွယ်မြက်ပင်ကြီးများနောက်ကွယ်၌ ရှိသဖြင့် အိမ်နှင့်လမ်းမပေါ်မှ မမြင်နိုင်ပေ၊ ချုံပုတ်အတွင်း၌ဝပ်နေသော ဂျိတာသည် ယခုအခါတွင် သူ့လိပ်ပြာ သူမလုံဘဲဖြစ်လျက်ရှိ၏။ သူ၏ ဆာလောင်မှုသည် အနိုက်အတန့်တော့ဖြင့် ပျောက်ကွယ်သွားခဲ့လေပြီ။

မုန်လာဥများ ထိုးကြိတ်ထည့်ထားသဖြင့် သူ့ အပေါ် အင်္ကျီအိပ်ကပ်များမှာ ပြည့်ဖောင်းနေကြ၏။ သို့သော် သူသည် သူ့သမက်၏ အစားများကို ခိုးယူခဲ့ခြင်းဖြစ်သည်ဟူသော အသိကြောင့် စိတ်ရောကိုယ်ပါ ပင်ပန်းဆင်းရဲလျက်ရှိသည်၊ အရင်အရင်က သူသည် အစားအစာများကိုသာမက အခါအခွင့်သင့်လျှင် သင့်သလို အခြားပစ္စည်းများကိုပါ ခိုးခဲ့ဖူး၏။

ခိုးပြီးသည့် အခါတိုင်းလည်း ယခုလိုပင် သူ လုပ်ခဲ့မိသည့် အလုပ်အတွက် ဝမ်းနည်းကြေကွဲခြင်းဖြစ်ရ၏။ သူ့အနေဖြင့် လွန်စွာဆိုးရွားသော ခုစရိုက်မှုများကို အရင်က မကျူးလွန်ခဲ့ဖူး ဟူသော အတွေးဖြင့် သူ့စိတ်သူဖြေသိမ့်၍ မရမချင်း စိတ်ထိခိုက်မှု

သည် မေ့ပြေပျောက်ခဲ့၊ သူစိတ်သူဖြေရာ၌လည်း၊ တစ်ခါတစ်ရံတွင် မိနစ်အနည်းငယ်မျှနှင့် ရတတ်သော်လည်း၊ တစ်ခါတစ်ရံတွင် ရက်ပေါင်းများစွာ ကြာသည့်တိုင်အောင် မရဘဲဖြစ်နေတတ်၏။

တစ်ခါတစ်ရံတွင်မူ ဘုရားသခင်က သူ့ကို ခွင့်လွှတ်လိုက်ပြီဖြစ်၍ အပြစ်များများစားစား ပေးတော့မည်မဟုတ်ဟု သူ့စိတ်က အနိုင်အမာယုံကြည်ပြီဆိုပါမှ သူ့စိတ်က ပြေသည်ဖြစ်ရာ ထိုအခါမျိုးတွင် သီတင်းပတ်ပေါင်းများစွာ ကြာတတ်လေသည်။

သူ့နောက်ဘက်ရှိ တောအုပ်အတွင်းမှ ဒူဒီ၏ အော်ခေါ်သံသည် ဘုရားသခင်က သူ့ကိုပြစ်ဒဏ်ခတ်ဖို့ ခေါ်လိုက်သည့်အသံနှင့်တူနေ၏။ ဒူဒီသည် ချုံကြိုချုံကြားမှ တိုးဝှေ့ဖြတ်သန်းလာနေခြင်းဖြစ်၍ သူ့လက်ထဲမှ တုတ်ကြီးတစ်ချောင်းဖြင့် ချုံနွယ်ပိတ်ပေါင်းများကို လွှဲ၍လွှဲ၍ ရိုက်လာ၏။ သူသည် မုန်လာဥများမကုန်မီ ဂျိုတာကိုမီဖို့သာ စိတ်စောလျက်ရှိ၏။

ဂျိုတာ၏ ပတ်ပတ်လည်ရှိ တောအုပ်တစ်ခုလုံး ငြိမ်တိတ်နေသည်။ အော်ခေါ်သံများမှတစ်ပါး အခြားဘာသံမှ မကြားရ၊ ဂျိုတာ၏စိတ်သည် နောင်တတရားကြောင့် နုံးညံ့လျက်ရှိ၏။ စောစောက မုန်လာဥများလှီးထားသဖြင့် ပေရေနေသောဓားသွားကို ဂရုတစိုက်သုတ်လိုက်ပြီး အကျႌအိတ်ထဲ ထိုးထည့်လိုက်၏။

ထို့နောက် ခုန်၍ထလိုက်ပြီး ချုံပုတ်အတွင်းမှ ထွက်ကာ ပိတ်စွယ်မြက်ပင်ကြီးများဆီသို့ ပြေး၏။ ထိုနေရာရောက်တော့ အိမ်ခေါင်မိုးနှင့် ခြံဝင်းထဲမှ သစ်ပင်ထိပ်များများကို ကောင်းကောင်းကြီး မြင်နေရ၏။ သို့သော် လပ်ဗ်တစ်ယောက် သူ့အိမ်ကို ပြန်မပြန်တော့ အတိအကျသိနိုင်သည့် လမ်းမရှိ။

ဂျိုတာ ချုံပုတ်အတွင်းမှ ပြေးထွက်လာသည်ကို မြင်လိုက်ရသော ဒူဒီသည် နောက်မှနေ၍ အပြေးလိုက်၏။

"ခင်ဗျားက ဘယ်ကိုများပြေးဦးမလို့လဲ"

ဂျိုတာ ယာခင်းထဲမှ ဖြတ်ပြေးပြီး အိမ်ဘက်အကူးတွင်





ရှေ့မှ ပိတ်ဖမ်းရန်အားထုတ်နေသော ဒူဒီကလှမ်းအော်၏။

ဂျိုတာသည် ဆက်မပြေးတော့ဘဲ ဒူဒီကိုရပ်စောင့်နေ၏။ သူသည် အသေးဆုံးမုန်လာဥ ဒါဇင်ဝက်ခန့်ကို ထုတ်လိုက်ပြီး ဒူဒီ၏ ဖြန့်ထားသောလက်ဖဝါးထဲသို့ ထည့်လိုက်လေ၏။

"အခုလိုထွက်ပြေးပြီး မုန်လာဥတွေကို တစ်ယောက်တည်း စားပစ်ဖို့လုပ်တာတော့ မကောင်းပါဘူးဗျာ" ဟု ဒူဒီကပြောသည်။

"မုန်လာဥကြိုက်တာ ခင်ဗျားတစ်ယောက်တည်းလို့များ အဖေထင်နေသလား၊ ကျုပ်လည်းကြိုက်တာပေါ့ဗျ၊ ကျုပ်ဆိုရင် ဒီတစ်ပတ်ထဲမှာ မုန်လာဥ စားကိုမစားခဲ့ရဘူး"

"ဘုရားသခင်က ခိုးတာကိုမကြိုက်ဘူးကွ" ဟု ဂျိုတာက ပြောသည်။

"ဘုရားသခင်က ခိုးတဲ့ပစ္စည်းကို အနာဂတ်ကာလမှာ သုံးဖို့ သိုလှောင်မထားနိုင်အောင် လုပ်ထားတယ်၊ အခုဆိုရင် ငါ ဘုရားသခင်ဆီမှာ ငါ့အပြစ်ကိုဝန်ခံတော့မလို့၊ ကနေ့ ငါ မကောင်းမှု တစ်ခုလုပ်ထားတယ်၊ ဘုရားသခင်က သူ့တပည့်၊ သားမြေးတွေ ဒီလိုလုပ်တာကို မကြိုက်ဘူး၊ ခုစရိုက်သမားတွေဆိုရင် သူကလုံးဝ မစောင့်ရှောက်တော့ဘူး၊ ခိုးတာလည်း လူသားတစ်ယောက် လွယ်လွယ်နဲ့ ကျူးလွန်နိုင်တဲ့ အဆိုးရွားဆုံး အပြစ်အမှုတစ်ခုပဲကွ"

"တော်စမ်းပါ အဖေရာ" ဟု ဒူဒီကရေရွတ်သည်၊ "ပစ္စည်း တစ်ခုခုခိုးပြီးတိုင်း အဖေဒီစကားမျိုးပြောတယ်၊ ပြီးတော့လည်း ကိုယ့်စကားအတိုင်း အတိအကျ လိုက်နာတာလည်း မဟုတ်ဘူး၊ အဖေက ကျုပ်တို့ကို မုန်လာဥထပ်မပေးရအောင် ညာနေတာပါဗျ၊ ကျုပ်သိပါတယ်"

"ဘုရားသခင်က ငါ့ဘက်မှာ ရှိနေတယ်နော် ဒူဒီ၊ လူတွေက ငါ့ကို အခုပြောနေသလိုမျိုးပြောတာ ဘုရားသခင်က နားထောင်ချင်တာ မဟုတ်ဘူး၊ မင်းလည်းငါ့ကို အခုလို မပြောသင့်ဘူးကွ ဒူဒီရ၊ မင်းမှာ အသိဉာဏ်မရှိတော့ဘူးလား"

"ကျုပ်ကို နည်းနည်းထပ်ပေးပါဦး" ဟု ဒူဒီက ထပ်တောင်းသည်။ "ဒီစကားမျိုးတွေ လာပြောပြီး ထပ်မပေးရအောင် ညောနဲ့အဖေရာ၊ ဒါမျိုးက ကျုပ်အဖို့ရှိးနေပြီ"

"မင်း ငါးခုတောင် စားပြီးပြီပဲကွ" ဟု ဂျိုတာက သူ့အိတ်ကပ်ထဲမှ မုန့်လာဥများကို ရေတွက်နေရင်းမှ ပြန်ပြောသည်။ "မင်းနောက်ထပ်ရဖို့ မမျှော်နဲ့တော့"

ဒူဒီက သူ့လက်နှင့်အနီးဆုံး အိပ်ကပ်ထဲသို့ စွတ်နှိုက်ကာ သူ့လက်နှင့်ဆုပ်၍ ရသမျှမုန့်လာဥများကိုယူသည်။ ဂျိုတာသည် သူ့တံတောင်များဖြင့် ဆီး၍တွတ်၏။ ဒူဒီကတော့ ဘာမှုလောက်ကို ဂရုမစိုက်၊ ဂျိုတာသည် သူ့ကိုနာကျင်အောင် လုပ်နိုင်သည့် စွမ်းအားရှိတော့သည်မဟုတ်။

"တော်လောက်ပြီ ဒူဒီ၊ မင်း ဒီထက်ပိုပြီး ယူလို့မဖြစ်တော့ဘူး၊ ငါ့မှာကျန်တာကို အေဒါနဲ့ အယ်လီမေတို့အတွက် ချန်ထားဦးမှဖြစ်မှာ၊ သူတို့လည်း ငါ့ဆာသလို ဆာနေကြမှာပဲကွ၊ သူတို့ကလည်း ငါပြန်အလာကို မျှော်နေကြမှာပဲ၊ လပ်ဗ်ကော အခုထက်ထိ မပြန်သေးဘူးလား"

"သူပြန်သွားတာဖြင့် ကြာလှပြီ" ဟု ဒူဒီကပြောသည်။

သူတို့သည် ပိတ်စွယ်မြက်များကြားမှ ဖြတ်ကာ အိမ်ဘက်သို့ ပြန်လျှောက်ကြသည်၊ လမ်းပေါ်သို့မရောက်မီ ခပ်လှမ်းလှမ်းကတည်းက ခြံဝင်းထဲမှ စောင့်မျှော်နေကြသော အေဒါနှင့် အယ်လီမေတို့ကို မြင်နေရသည်။

ဘွားအေကြီးကတော့ တံခါးဝ၌ရပ်ကာ ပြူတစ်ပြူတစ် လုပ်နေသည်။ အပြင်ကိုတော့ မထွက်ရဲ။

"အမျိုးသမီးတွေလည်း အတော့်ကိုဆာနေကြလိမ့်မယ်လို့ ကျုပ်ကတော့ ထင်တာပဲ" ဟု ဒူဒီကပြောသည်။ "မနေ့ညကဆိုရင် အယ်လီမေ့ဗိုက်ထဲက တစ်ညလုံးတဂွီးဂွီး မြည်နေတာ၊ ကနေ့မနက် အဲဒီမြည်သံကြောင့် ကျုပ်နိုးလာတာ"





အယ်လီမေနှင့် အေဒါတို့သည် ဒူဒီနှင့်ဂျိုတာကို မြင်သောအခါ ဆင်ဝင်လှေကားထစ်ပေါ် ထိုင်ချလိုက်ကြ၏။ ပိတ်စွယ်မြက်များကြားမှ တိုးဝှေ့၍ထွက်လာနေကြသော ဒူဒီနှင့် ဂျိုတာတို့ကို စိတ်ရှည်လက်ရှည် စောင့်နေကြသည်။

သူတို့နှစ်ယောက် အိမ်ဘက်သို့ နီးလာသောအခါ အေဒါသည် လှေကားထစ်ပေါ်သို့ ပြောင်းထိုင်သည်။ ဘွားအေကြီးသည် တံခါးပေါင်ကို လက်နှစ်ဖက်ဖြင့်အားပြုကာ ရပ်နေဆဲ။

ဆာသည့်နေရာတွင် မည်သူမှ သူ့လောက်ဆာလိမ့်မည် မထင်။ ဆင်ဝင်အောက်တွင် သူစိမ်းတစ်ရံဆံ အမျိုးသမီး တစ်ယောက် ရောက်နေသည်။ သူသည် ရှေ့တိုးနောက်ငင်လုပ်လျက်ရှိသည်။ ပါးစပ်မှလည်း ဓမ္မတေးသီချင်းတစ်ပုဒ်ကို သံကုန်ဟစ်၍ဆိုနေသည်။

ဂျိုတာသည် လမ်းဘေးရေမြောင်းကို ခုန်ကျော်ပြီး ခြံထဲသို့ဝင်လာသည်။ ဒူဒီသည် သူ့နောက်မှ ကပ်၍လိုက်လာသည်။ လှုပ်ကုလားထိုင်ပေါ်မှ အမျိုးသမီးကို မြင်သောအခါ ဂျိုတာ၏ မျက်နှာသည် ဝင်းထိန်သွားသည်။

သူသည် ထိုအမျိုးသမီးထံ အမြန်ဆုံးရောက်လိုစောဖြင့် အလျင်အမြန်သွားလေရာ ခလုတ်တိုက်ပြီး လဲတော့မလိုပင် ဖြစ်သွားသည်။

"ဘုရားသခင်ကို ချီးကျူးပါ၏" ဆင်ဝင်ရှေ့မှ ဘက်ဆီရိုက်စ်ကိုမြင်လိုက်သော ဂျိုတာကအော်လိုက်သည်။ "ဘုရားသခင်က ငါ့ရဲ့မကောင်းမှု ခုစရိုက်တွေကို ဝေးရာသယ်သွားဖို့အတွက် သူ့ရဲ့တမန်တော်တစ်ယောက်ကို လွှတ်ပေးလိမ့်မယ်ဆိုတာ ငါသိနေတယ်၊ ဒီမယ် စွတာဘက်ဆီ... ဘုရားသခင်က ငါ့မှာဘာလိုအပ်နေတယ်ဆိုတာသိတယ်၊ သူက ငါ့ရဲ့ခုစရိုက်မှုတွေကို စွန့်လွှတ်စေချင်ပြီကွဲ"

အေဒါနှင့် အယ်လီမေသည် ဂျိုတာ၏ အပေါ်အကျီအိပ်ကပ်များထဲသို့နှိုက်ကာ ကျန်နေသော မုန့်လာဥများကို ကသော

အရော ထုတ်ယူကြသည်။ ဂျီတာက အသေးဆုံးမုန့်လာဥ သုံးဥကို တံခါးပေါက်ဆီသို့ ပစ်ပေးလိုက်၏။

ဘွားအေကြီးသည် ဒူးထောက်ထိုင်ချလိုက်ပြီး မုန့်လာဥများ ကိုကောက်၍ သွားဖုံးများဖြင့် အငမ်းမရ ဝါးစားလျက်ရှိလေသည်။

"ဘုရားသခင်က ကျွန်မကို လက်စတာမိသားစုအိမ်ကို သွားရမယ်ပြောလို့ ကျွန်မရောက်လာတာ"ဟု အမျိုးသမီးမွဲဆရာက ပြောသည်။

"ကျွန်မ မီးဖိုထဲမှာ တံမြက်စည်းလှည်းနေတုန်း ဘုရားသခင်ရောက်လာပြီး 'စနွတာဘက်ဆီ၊ ဂျီတာလက်စတာ ဒုစရိုက်မှု တစ်ခုကို လုပ်နေတယ်၊ မင်းသူ့အိမ်ကို အခုချက်ချင်းသွားပြီး အချိန်နောက်မကျခင် သူ့အတွက် ဆုတောင်းပေးလိုက်ပါ၊ သူ ဒုစရိုက်တွေဆက်မလုပ်အောင် တားဆီးပေးပါ'လို့ အမိန့်ရှိတယ်...။

"ကျွန်မကလဲ ဘုရားသခင်ကို ပြန်ကြည့်ပြီး...'အရှင်ဘုရား ဂျီတာလက်စတာဟာ အင်မတန်ပြင်းထန်တဲ့ ဒုစရိုက်သမားကြီး တစ်ယောက်ပါ၊ ဒါပေမဲ့ သူ့ဆီမှာကပ်နေတဲ့နတ်ဆိုး ငရဲပြည်ပြန် သွားအောင် တပည့်တော်မ ဆုတောင်းပေးပါ့မယ်" လို့ ပြောလိုက် တယ်၊ အဲဒါဟာ ဘုရားသခင်ကို ကျွန်မပြောလိုက်တဲ့စကားပဲ၊ အဲဒီစကားအရ အခုကျွန်မ ဒီကိုရောက်လာတာပါ၊ ကျွန်မ ရှင့်မိသားစု အတွက် ဆုတောင်းပေးဖို့ ရောက်လာတာပါ ဂျီတာလက်စတာ၊ ရှင် ဘုရားသခင်ရဲ့ ဘက်တော်သားပြန်ဖြစ်ဖို့ နောက်မကျသေးပါဘူး လို့ ထင်ပါတယ်၊ ရှင့်လိုလူစားတွေဟာ ဒုစရိုက်မှုပြုဖို့ အားပေးမယ့် နတ်ဆိုးကို အပူးအကပ်မခံဘဲ ကောင်းအောင်နေသင့်ပါတယ်"

"မြတ်သောဘုရားသခင်က ငါ့ကို နတ်ဆိုးနတ်မိစ္ဆာ လက် ထဲ အရောက်မခံဘူးဆိုတာ ငါလဲသိပါတယ်၊ ငါဟာ မွေးရာပါ ဒုစရိုက်သမား မဟုတ်ပါဘူး စနွတာဘက်ဆီရယ်...။

"ငါ့ကို မကောင်းတာလုပ်အောင် လှုံ့ဆော်နေတာက နတ်မိစ္ဆာပါ၊ ဒါပေမဲ့ ငါက သူလှုံ့ဆော်တိုင်းလည်း လုပ်ဖို့





စိတ်မကူးပါဘူး၊ ငါဟာ သေတဲ့အခါ ကောင်းကင်ဘုံကိုသာ ရောက် ချင်တဲ့သူပါ"

"ရှင် ကျွန်မကို မုန့်လာဥတစ်ဥလောက် မပေးတော့ဘူး လားရှင်" ဟု စနွတာဘက်ဆီကပြော၏။

"ကျွန်မလည်း ဘာမှ ဟုတ်တိပတ်တိ မစားရသေးဘူး၊ ခေတ်ကာလကြီးကလည်း လူကောင်းတွေအတွက်ရော လူဆိုးတွေ အတွက်ပါ မကောင်းဖြစ်နေသလို ဖြစ်နေပြီ၊ တစ်ခါတလေ ကျွန်မ တောင်မှ အခုလိုကြီး ဖြစ်နေတာကတော့ဖြင့် မှန်တယ်မထင်ဘူးလို့ တွေးမိတယ်၊ လူဆိုးတွေမှာ အချိန်ရှိသမျှ ဆင်းရဲဒုက္ခရောက်နေသလို လူကောင်းတွေမှာလည်း ဒုက္ခသုခရောက်နေတာကတော့ မသင့်လျော် ဘူးပေါ့ရှင်"

"သိပ်ဟုတ်တာပေါ့ ဘက်ဆီရယ်"

ဂျီတာက မုန့်လာဥများကို ဘက်ဆီလက်ထဲ လှမ်းပေးရင်း ထောက်ခံ၏။ သူသည် မုန့်လာဥများထဲမှ အကြီးဆုံးတစ်ဥကို ရွေးယူလိုက်၏။

"မင်းဘယ်လောက်အထိ စားချင်နေတယ်ဆိုတာ ငါသိပါ တယ်လေ၊ မင်းလည်း ငါတို့လိုပဲနေမှာပေါ့၊ ငါက မင်းကိုအိမ်မှာ စားဖို့ပါ ပေးလိုက်ချင်ပါတယ်ကွယ်၊ ငါ့လက်ထဲမှာ ပေါများနေတုန်း ကဆိုရင် ဘရားသားရိုက်စ်ကို ကြက်သားတွေ၊ ကန်စွန်းဥတွေ အများကြီးပေးလိုက်တာချည်းပဲ၊ အခုကျတော့လည်း ငါ့မှာက ဘာမှ မရှိတော့ဘူး၊ သေးသေးကွေးကွေး မုန့်လာဥလက်တစ်ဆုပ်စာ လောက်လည်း ဘာမှအရာရောက်တာ မဟုတ်ဘူး"

မစ္စတာဘက်ဆီက အလွန်ဝမ်းသာရွှင်မြူးနေသော မျက်နှာ ထားဖြင့် ဂျီတာကိုရော သူ့မိသားစု တစ်ခုလုံးကိုပါ ပြုံးပြုံးကြီး ကြည့်နေ၏။ သူသည် ဒုစရိုက်သမားတစ်ယောက်အတွက် ဆုတောင်းပေးရသည့်အခါတိုင်း ရွှင်မြူးနေတတ်၏။

ဒုစရိုက်သမားတစ်ယောက်ကို နတ်မိစ္ဆာလက်ထဲမှ

ကယ်တင်ပေးရမည်ဆိုလျှင် အလွန်ဝမ်းသာနေတတ်၏။ တစ်ချိန်က သူကိုယ်တိုင် ခုစရိုက်သမားတစ်ယောက် ဖြစ်ခဲ့ဖူး၏။ ဘုရားသာ ရှိတ်စ်က သူ့တွင် ပူးကပ်နေသည့် နတ်မိစ္ဆာကို မောင်းထုတ်ကာ သူ့အား လပ်ထပ်ပြီး ကယ်တင်ခဲ့သည် မဟုတ်ပါလား။ ယခုအခါ သူ့ယောကျ်ားကွယ်လွန်သွားပြီဖြစ်ရာ သူကပင် သူ့ယောကျ်ား၏ အလုပ်ကို လက်ခံ၍ ဤသဲတောင်ကုန်းဒေသ၌ ဆက်လက် ဆောင်ရွက်နေရသည် မဟုတ်ပါလား။

သူ့ယောကျ်ားသည် မနစ်က နွေရာသီတွင် ကွယ်လွန်ခဲ့၏။ ကွယ်လွန်သည့်အခါက၊ သူ့အတွက် အသက်အာမခံငွေ ပေါ်လာရစ်ရာထားခဲ့၏။ ထိုငွေကို အခုအချိန်အထိ သူမသုံးသေး၊ မသုံးလျှင် မဖြစ်တော့သည့် အခြေအနေနှင့် အချိန်အခါရောက်မှ သုံးမည်ဟု ဆုံးဖြတ်ကာ မထိမတို့ဘဲထားခဲ့၏။ ယခုအခါ ထိုငွေ သည် ဩဂတ်စတာမြို့က ဘဏ်တစ်ခုတွင် ခြေရာလက်ရာ မပျက် ရှိနေသေးသည်။

သဲတောင်ကုန်းဒေသရှိ လူတချို့ကတော့ စစ္စတာ ဘက်ဆီ ဟောနေသော ဘာသာရေးတရားသည် ဘုရားသခင်၏ အတွေး အခေါ်များနှင့် အလှမ်းကွာဝေးသည်ဟု ပြောကြသည်။ လူတွေက အမြတ်တနိုးထား၍ ပြောနေပြုနေကြသော အရာများနှင့် မတူဟု ဆိုကြ၏။ ဤစကားကို ကြားရသည့်အခါတိုင်း ဘက်ဆီက လူ အများသည် အမျိုးသား ဓမ္မဆရာဟောသည့် တရားစကားများမှလွဲ၍ ဘုရားသခင်၏ တရားအများအပြားကို နားမလည်ကြ၍သာ အခုလို ပြောနေကြခြင်းဖြစ်သည်ဟု ချေပလေ့ရှိသည်။

ဤအရပ်ဒေသရှိ လူအများစုမှာ ဂိုဏ်းဂဏရှိကြသည် မဟုတ်။ ဘက်ဆီတွင် သူ့နောက်လိုက်များ စုဝေးဖို့အတွက် ဘုရား ရှိခိုးကျောင်းမရှိ၊ သူ့တရားကို သူ့ကိုယ်စားဟောပြောပေးမည့် အဖွဲ့ အစည်းလည်းမရှိ၊ ဆေးရွက်ကြီးလမ်း၏ ပတ်ဝန်းကျင်ရှိ တောင်ကုန်း တောင်စွယ်များနှင့် သဲတောများတစ်လျှောက်မှ အိမ်များကို သူ





တစ်ယောက်တည်း တစ်အိမ်ဝင်တစ်အိမ်ထွက် လှည့်လည်သွားလာ ပြီး ဟောပြောခြင်းသာဖြစ်သည်။

ဆုတောင်းပေးဖို့ လိုအပ်လာလျှင်၊ သို့မဟုတ် ဆုတောင်း ပေးပါဟု ဖိတ်လာလျှင် ဆုတောင်းပေး၏။ စစ္စတာဘက်ဆီသည် အသက်သုံးဆယ်ကျော်၍ လေးဆယ်ပင်နီးနေပြီ၊ ဤသဲသောင်ကုန်း ဒေသတစ်ဝိုက်ရှိ မိန်းမအများအပြားထက် ကြည့်ပျော်ရှုပျော်ရှိသည်။ သူ့တွင် အပြစ်ပြောစရာဆို၍ နှာခေါင်းတစ်ခုသာလျှင်ရှိ၏။

ဘက်ဆီ၏ နှာခေါင်းသည် ပုံမှန်ဖွံ့ဖြိုးလာရန် ပျက်ကွက် ခဲ့သည့်နှာခေါင်းဖြစ်သည်။ သူ့နှာခေါင်းတွင် အရိုးမရှိ၊ နှာသီးများမရှိ၊ နှာခေါင်းပေါက် နှစ်ပေါက်သာလျှင် ပြူးပြူးကြီးပေါ်နေသည်။

တစ်ကြိမ်တွင် ဒူဒီက ဘက်ဆီ၏ နှာခေါင်းကိုကြည့်ပြီး နှစ်လုံးပြူးပြောင်းတိုသေနတ်၏ အပေါက်နှစ်ပေါက်နှင့် တူသည်ဟု ပြောခဲ့ဖူး၏။ ဘက်ဆီသည် သူ့နှာခေါင်းကို ကြာကြာအကြည့် မခံနိုင်၊ လူတွေက သူ့နှာခေါင်းကို ကြာကြာမကြည့်အောင် အမြဲတမ်း ကြိုးစားလေ့ရှိသည်။

အေဒါက ဘက်ဆီအား လပ်ဗ်ထံမှ ဂျီတာမုန့်လာဥတွေ ခိုးသွားကြောင်း ပြောပြခဲ့ပြီးပြီဖြစ်၏။ ဘက်ဆီကလည်း ဂျီတာ အတွက် ဆုတောင်းပေးဖို့ အသင့်ပြင်ထားပြီးပြီဖြစ်၏။ မည်သို့ပင် ဖြစ်စေ ဂျီတာအတွက် ဆုတောင်းပေးရမည့် ကိစ္စတွင် မကောင်းမှုကို အတိအကျ သိထားရသဖြင့် ဝမ်းသာနေသည်၊ အတိအကျ သိထား ရသော ကိစ္စအတွက် ဆုတောင်းပေးရခြင်းသည် ကာယကံရှင် အတွက် ပို၍ အကျိုးသက်ရောက်မှု ရှိနိုင်သည်ဟု သူတို့အားလုံး ယုံကြည်နေကြသည် မဟုတ်ပါလား။

သို့သော် ဘက်ဆီသည် ရှေးဦးစွာဂျီတာက သူ့အား ပေးထားသည့် မုန့်လာဥများကိုစားသည်။

"ငါလေ အခုအချိန်မှာ လပ်ဗ်ရှိစေချင်သကွာ၊ ဒါမှ သူ့ဆီက ခွင့်လွှတ်မှုကို ငါတောင်းနိုင်မှာ" ဟု ဂျီတာကပြောသည်။

"ငါ မနက်ဖြန် မနက်စောစော သူ့အိမ်သွားပြီး ငါ သိပ်စိတ်မကောင်းဖြစ်ရတဲ့အကြောင်း၊ ပြောရင်ကောင်းမလားလို့ စဉ်းစားမိတယ်၊ သူ့အနေနဲ့ ငါ့ကိုသိပ်ပြီး ဒေါ်မပွရင်တော့ ရိုက် မောင်းပုတ်မောင်းလုပ်ဖို့တောင် အားထုတ်မယ် မထင်ပါဘူး၊ သူက စိတ်ဆိုးပြီဆိုရင်တော့ ဒေါ်သက အလွန်ကြီးတဲ့ကောင်ကွ"

"ကဲ…ကဲ၊ ကျွန်မတို့ ဆုတောင်းကြရအောင်" ဟု ဘက်ဆီက နောက်ဆုံး မုန့်လာဥအပိုင်းကို ဝါးမျိုချလိုက်ပြီး ပြောသည်။

"ဘုရားသခင်ဂုဏ်ကျေးဇူးကို ချီးကျူးပါ၏"ဟု ဂျိုတာက ရေရွတ်၏။

"မင်း အခုလို အချိန်ကောင်းမှာ ရောက်လာလိုက်တဲ့ အတွက် ငါ သိပ်ဝမ်းသာသကွယ်၊ ငါ့မှာ ဆုတောင်းပေးမယ့်လူ လိုနေတာ၊ ကနေ့ ငါ့ခုစရိုက်မှုတစ်ခု ကျူးလွန်ထားမိတယ်၊ ဘုရား သခင်ကတော့ မိုးတဲ့ကောင်ဆိုရင် ဘယ်လက်ခံမလဲ၊ ငါ့ကို ဆိုးသွား အောင် ဘယ်ကောင်ကများ လုပ်လိုက်တယ် မပြောတတ်ပါဘူး၊ ငါထင်တာတော့ နတ်ဆိုးကြီးတစ်ကောင် ဖြုန်းခနဲရောက်လာပြီး ငါ့ကို အနိုင်ယူသွားတာပဲဖြစ်မယ်"

အယ်လီမေနှင့် ဒူဒီတို့နှစ်ဦးမှလွဲ၍ ကျန်သူအားလုံး မြေကြီးပေါ် ဒူးထောက်ထိုင်လိုက်ကြသည်။ အယ်လီမေတို့ မောင်နှမ ကတော့ ဆင်ဝင်လှေကားထစ်များပေါ်၌ မုန့်လာဥများကို ဝါးရင်း ကြည့်နေကြသည်။

"ရှင်တို့သိတဲ့အတိုင်းပဲ" ဟု ဘက်ဆီက စကားစသည်။

"တချို့လူတွေက အိမ်အပြင်မှာ ဒူးထောက်ထိုင်ပြီး ဆုတောင်းပေးတာကို လုံးဝ သဘောမကျကြဘူး၊ သူတို့က ပြောကြ တယ်၊ 'စွာတာဘက်ဆီရယ်၊ ကျုပ်တို့လူသူလေးပါး မမြင်နိုင်အောင် အိမ်ထဲမှာဝင်ပြီး ဆုတောင်းရရင် မကောင်းပေဘူးလား'တဲ့၊ အဲဒီတော့ ကျွန်မ ဘယ်လိုပြန်ပြောလိုက်သလဲ သိလား၊ 'အစ်ကိုတို့၊ အစ်မတို့၊ ကျွန်မကတော့ လူမြင်ကွင်းမှာထွက်ပြီး ဆုတောင်းပေးရတာကို





ရှက်စရာအလုပ်လို့ မထင်ဘူး။ အိမ်ရှေ့က ဖြတ်သွားဖြတ်လာ လုပ်နေကြတဲ့လူတွေကမြင်ပြီး ကျွန်မဟာ ဘုရားသခင်ရဲ့ တပည့် တစ်ယောက်ဖြစ်တယ်ဆိုတာ သိသွားစေချင်တယ်၊ ကျွန်မဆုတောင်း နေတာကို လူအများမြင်တာဟာ ရှက်စရာမဟုတ်ပါဘူး။ လူအများ မမြင်နိုင်တဲ့ အိမ်ထဲဝင်ပြီး ဆုတောင်းဖို့ဆိုတာ နတ်မိစ္ဆာတွေရဲ့ တီးတိုးဝါဒဖြန့်မှုတွေပါ'လို့ ပြန်ပြောလိုက်တယ်။

"အဲဒါဟာ ဘုရားသခင် အလိုတော်အတိုင်း၊ ကျွန်မ တိတိကျကျ လိုက်နာတဲ့ကိစ္စပဲ၊ ကျွန်မအနေနဲ့ လမ်းမကြီးတစ်ခုရဲ့ အလယ်ကောင်မှာ ဒူးထောက်ထိုင်ပြီး ကျောင်းတစ်ကျောင်း။ အခန်း တစ်ခုထဲမှာ ဆုတောင်းသလို အော်ကြီးဟစ်ကျယ် ဆုတောင်းရဲ့ပါ တယ်၊ မြို့ဝင်းထဲမှာဖြစ်ဖြစ်၊ ဆင်ဝင်ရှေ့မှာပဲဖြစ်ဖြစ် ဆုတောင်းဖို့ လည်း ဝန်မလေးပါဘူး။ လူတွေမမြင်နိုင်တဲ့ အိမ်ထဲမှာ ဆုတောင်းပွဲ လုပ်သင့်တယ်ဆိုတဲ့ စကားက မာရ်နတ်ရဲ့ လက်သုံးစကားပါ"

"မှန်မြတ်သော ဘုရားသခင်ကို ချီးကျူးပါ၏"ဟု ဂျိုဘာက ရေရွတ်သည်။

"ကဲ…ကဲ…ဆုတောင်းဖို့ ပြင်ကြတော့" ဟု ဘက်ဆီက ပြောသည်။

အေဒါနှင့် ဂျိုတာတို့က ဦးခေါင်းများကို ညွတ်လိုက်ကြပြီး၊ မျက်စိများကို စုံမှိတ်ထားကြသည်။ ဘွားအေကြီး လက်စတာကတော့ တံခါးဝမှာပင် ဒူးထောက်လျက်၊ သို့သော် မျက်လုံးများကိုတော့ မမှိတ်၊ ဘွားအေကြီးသည် သူ့ရှေ့တည့်တည့်တွင် မြင်နေရသည့် ပိတ်စွယ်မြက်များ ပေါက်ရောက်နေသော ယာခင်းကိုသာ ငေးကြည့် နေသည်။

"ချစ်မြတ်နိုးလှစွာသော ဘုရားသခင်၊ ခုစရိုက်သားတား ပုထုဇဉ်လူသားတွေဖြစ်တဲ့ ဂျိုတာလက်စတာနဲ့ သူ့မိသားစုအတွက် တပည့်တော်မအား နောက်ထပ်တစ်ခန်း ဆုတောင်းခွင့်ပြုတော်မူပါ၊ ဂျိုတာ လက်စတာနဲ့ သူ့မိသားစု တပည့်တော်မကို သူတို့အတွက်

ဆုတောင်းပေးစေချင်တဲ့ ဆန္ဒရှိနေကြပါတယ်၊ နောက်ဆုံးအကြိမ် ဆုတောင်းခဲ့တဲ့အတွက် သူတို့မှာ အများကြီးသက်သာရာရခဲ့ပါတယ်၊ တကယ်လို့သာ ဂျိုတာဟာ ကနေ့ကျူးလွန်ခဲ့တဲ့ မကောင်းမှုကို မပြုခဲ့ဘူးဆိုရင် အခုလို ချက်ချင်းထပ်ပြီး ဆုတောင်းဖို့ လိုမယ် မဟုတ်ပါဘူး၊ ဒါပေမဲ့ ဂျိုတာဟာ နတ်မိစ္ဆာရဲ့ အဖမ်းအချုပ်ကို ခံခဲ့ရပြန်ပါတယ်၊ သူဟာ ဆိုးရွားတဲ့ ဒုစရိုက်မှုတစ်ခုကို ကျူးလွန် မိခဲ့ပြန်ပါတယ်၊ သူဟာ လပ်ဗ်ရဲ့မုန်လာဥတွေကို ခိုးယူပြီး ပြန်မပေး ပါဘူး၊ အခုဆိုရင် မုန်လာဥတွေကို ခိုးယူပြီး အားလုံး သူတို့မိသားစု စားလို့ကုန်သွားပါပြီ၊ လပ်ဗ်ကို ပြန်ပေးဖို့ကိစ္စဟာ သိပ်ကို နောက်ကျ သွားပါပြီ...။

"ဒါကြောင့်မို့ တပည့်တော်မတို့က ဂျိုတာအတွက် ဆုတောင်းကြရတာပါ၊ အရှင်မြတ်က ဂျိုတာကို နောက်ထပ်မခိုး အောင် တားမြစ်သင့်ပါတယ်၊ သူဟာ ခိုးတဲ့အလုပ်ကို တပည့်တော်မ တို့ လူသားတွေထမင်းစား ရေသောက်တဲ့အလုပ်တစ်ခုလို သဘော ထားနေဟန်တူပါတယ်၊ ဒါပေမဲ့ ဂျိုတာဟာ ဆုတောင်းပွဲလုပ်ပြီး တာနဲ့ တစ်ပြိုင်နက် နောက်ထပ်ခိုးဦးမယ့် လက္ခဏာမျိုး ရှိနေပေမဲ့ ခိုးတဲ့အလုပ်ကို စွန့်ချင်နေပါတယ်...။

"ဒီတစ်ခါတော့ဖြင့် သူ့ကို ခိုးတဲ့အလုပ် စွန့်လွှတ်နိုင်အောင် လုပ်ပေးတော်မူပါ။ တစ်သက်လုံး ဒီလို မကောင်းမှုကို လုပ်နေတဲ့ ဒုစရိုက်သမားတစ်ယောက် ဖြစ်သွားအောင်တော့ လွှတ်မထားပါနဲ့၊ သူ့ကို တားမြစ်ပိတ်ပင်တော်မူပါ၊ နောက်ထပ် လုပ်ခွင့်မပေးပါနဲ့ တော့၊ အရှင်မြတ်ကို မာရ်နတ်ကတိုက်တွန်းတာ လုပ်ခွင့်မပေးပါနဲ့ တော့၊ ဒီလုပ်ငန်းဟာ ဘုရားသခင် လုပ်ထိုက်တဲ့အလုပ် မဟုတ်ပါ ဘူး၊ ဘုရားသခင်အနေနဲ့ မာရ်နတ်ကို ဝေးရာသွားဖို့နဲ့ လူကောင်း တွေ ဖျက်ဆီးနေတဲ့အလုပ်ကို ရပ်တန့်ကရပ်ဖို့ ပြောပေးတော်မူပါ...။

"စစ္စတာအေဒါမှာလည်း အဆုတ်ရောင်ရောဂါ ထပ်ဖြစ်နေ ပါတယ်။ ဒီတစ်ခါ တော်တော်လေးဆိုးပါတယ်၊ ဒီတစ်ကြိမ်တော့ဖြင့်





သူ့ရောဂါသက်သာအောင် လုပ်ပေးသင့်ပါပြီ၊ နောက်ဆုံးအကြိမ် ဆုတောင်းခဲ့တုန်းကတော့ ရောဂါဟာ သိပ်ပြီးမသက်သာပါဘူး၊ သူ့မှာ ဒီရောဂါဝင်လာရင် သူ့ခမျာ အိမ်မှုကိစ္စတွေကို မလုပ်နိုင် တော့ပါဘူး၊ တကယ်လို့ အရှင်မြတ်ကသာ သူ့ကိုရောဂါ သက်သာ အောင် လုပ်ပေးမယ်ဆိုရင် သူဟာမကောင်းမှုတွေကို ရှာသက်ပန် ရှောင်ကြဉ်သွားပါလိမ့်မယ်၊ ရှောင်ကြဉ်သွားမယ် မဟုတ်လား စစ္စတာအေဒါ"

"ရှောင်ကြဉ်ပါ့မယ်"

"အမေအိုကြီး လက်စတာမှာလည်း နံဘေးထဲက နာတဲ့ ရောဂါဖြစ်နေပါတယ်၊ အချိန်ရှိသမျှ နားနေတာပါ၊ အခုဆို သူလည်း ဒူးထောက်ပြီး အာရုံပြုနေပါတယ်၊ ဒါပေမဲ့ သူ့မှာ သိပ်သိပ်ပြီး နာနေရင်တော့ အခုလို ခဏခဏထိုင်ပြီး အာရုံပြုနိုင်တော့မှာ မဟုတ်တော့ပါဘူး...။

"အရှင်မြတ်အနေနဲ့ အယ်လီမေကိုလည်း မတော်မူသင့်ပါ ပြီ၊ အယ်လီမေမှာ နတ်ခမ်းကြီးကွဲနေတဲ့အတွက် မြင်ရတာ သိပ်ပြီး အရုပ်ဆိုးနေပါတယ်၊ တကယ်လို့ အရှင်မြတ်ကသာ..."

"ပါးလ်အတွက် ဆုတောင်းပေးဖို့လည်း မေ့မသွားပါနဲ့ စစ္စတာဘက်ဆီ"

ဂျိုတာက လှမ်းပြောသည်။ "ပါးလ်မှာလည်း တောင်းပေးဖို့ လိုအပ်နေတဲ့ ကြောက်စရာကိစ္စတစ်ခု ရှိနေပါတယ်"

"ပါးလ်က ဘယ်လို မကောင်းမှုမျိုး လုပ်ထားပါသလဲ ဘုရားသာ ဂျိုတာ"

"ကနေ့ ငါ့ကို လပ်ဗ်က ပြောချင်တယ်ဆိုတာ အဲဒီကိစ္စ ပေါ့ကွယ်၊ သူကပြောတယ်၊ ပါးလ်က သူ့ကို စကားမပြောဘူးတဲ့၊ ပြီးတော့...သူ့ကို အကိုင်မခံ၊ အထိမခံ ဖြစ်နေတယ်တဲ့၊ ညရောက်ပြီ ဆိုရင် ကြမ်းပေါ်မှာ ဆင်းအိပ်တယ်တဲ့၊ လပ်ဗ်က သူတစ်ယောက် တည်း အိပ်ရာပေါ်မှာ အိပ်ရသတဲ့၊ သူ့ကို စိတ်ဝင်စားလာအောင်

လုပ်လို့လည်း မရဘူးတဲ့၊ မယားတစ်ယောက် အနေနဲ့ဆိုရင် သိပ်ဆိုးတဲ့ အလုပ်ပဲ၊ ဘုရားသခင်က ဒါမျိုးတွေ ဆက်မလုပ်အောင် ပါးလ်ကို အားပေးသင့်ပါတယ်၊ မယားတစ်ယောက်အနေနဲ့ ကိုယ့်ယောကျ်ားနဲ့ အတူမအိပ်ဘဲ ကြမ်းပေါ်ဆင်းအိပ်တာဟာ နည်းလမ်းဘယ်ကျမလဲကွယ်"

"သူ့အကြောင်းသူသိလို့ ဆင်းအိပ်တာဖြစ်မှာပေါ့ ဘရာသာဂျီတာရယ်" ဟု ဘက်ဆီက ပြောသည်။ "ပါးလ်မှာ ကလေးတစ်ယောက်ရဖို့ နီးချင်နီးနေမှာပေါ့။ သူ အခုလို ဆင်းပြီးအိပ်နေတာဟာ ဒီအကြောင်းကို လပ်စ်သိအောင် ပြောတဲ့နည်းတစ်နည်းဖြစ်ချင်ဖြစ်မှာပေါ့"

"အဲသလိုတော့ မဟုတ်သေးဘူး စစ္စတာဘက်ဆီရဲ့၊ လပ်စ်က ပြောတယ်၊ သူ အခုအချိန်အထိ ပါးလ်နဲ့တွဲပြီး မအိပ်ရသေးဘူးတဲ့၊ ပါးလ်ရဲ့အသားကိုလည်း ထိတောင်မထိရသေးဘူးတဲ့၊ ဒါကြောင့် သူသိပ်ပြီး စိတ်ညစ်နေတာပေါ့၊ ကြမ်းပေါ်ဆင်းအိပ်တဲ့အလုပ်ကို ရပ်စေချင်နေတယ်၊ လိုရင်းကတော့ ကြမ်းပေါ် ဆင်းဆင်းအိပ်နေတာ ရပ်သွားအောင် ဆုတောင်းပေးဖို့ပါ စစ္စတာဘက်ဆီရယ်"

"ဒီလိုရှိတယ် ဘရာသာဂျီတာရယ်၊ အသက် သိပ်ငယ်တဲ့ ပါးလ်လို မိန်းကလေးမျိုးဟာ အရွယ်ရောက်တဲ့ မိန်းမကြီးတွေလို ဘယ်နားလည်မလဲ၊ ဒီကိစ္စမှာ ဘုရားသခင်ဆီ ပြောနေမယ့်အစား ကျွန်မဘာသာ ပါးလ်ကိုပြောလိုက်ရင် သူ့စိတ်ပြောင်းသွားမှာပါ၊ ဒါမျိုးကျတော့ ဘယ်လိုပြောရမယ်ဆိုတာ ဘုရားသခင်ထက် ကျွန်မကပိုပြီး သိလိမ့်မယ်ထင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မက ကျွန်မရဲ့ယောကျ်ားမဆုံးခင် နေ့ရာသီအထိ အိမ်ထောင်သည်တစ်ယောက် မဟုတ်လား၊ ကျွန်မက အစစအရာရာ သိတာပေါ့၊ ဘုရားသခင်ကတော့ ဘယ်လိုပြောရမယ်ဆိုတာ ဘယ်သိပါ့မလဲ"

"စစ္စတာဘက်ဆီက ပြောပေးရင်လည်း နည်းနည်းပါးပါး





တော့ အဆင်ပြေချင်ပြေသွားမှာပေါ့၊ ဒါပေမဲ့ ငါက ဆုတောင်းမှ ကျေနပ်တဲ့ လူစားဆိုတော့ ဘုရားသခင်ကို ဒီကိစ္စသိစေချင်တယ်၊ သူကလည်း ကောင်းသွားအောင် ကူညီမှာပါ၊ သူလည်း အစဉ့်အရင်တုန်းက ပါးလ်လို မိန်းကလေးမျိုးတွေကို တွေ့ဖူးချင်တွေ့ဖူးခဲ့မှာပေါ့၊ ဒါပေမဲ့ ပါးလ်လို ကိုယ့်ယောကျ်ားနဲ့ကိုယ် အတူတူ မအိပ်ဖူးတဲ့ မိန်းကလေးမျိုးတော့ ဒီတစ်နယ်လုံးမှာ နောက်တစ်ဦး ရှိလိမ့်မယ်လို့ ငါမထင်ဘူး"

ခူဒီသည် ဘော့စ်ဘောဘောလုံးကို ပြန်ကောက်ပြီး ဆင်ဝင်ခေါင်မိုးပေါ် ပစ်တင်လိုက်သည်။ ပြီးတော့...ခေါင်မိုးပေါ်မှ ပြန်လိမ့်ဆင်းလာသည့် ဘောလုံးကို ဆီး၍ဖမ်းသည်။ ဘောလုံးထိမှန်သော အရှိန်ဖြင့် ဆွေးမြည့်နေသည့် အုပ်ကြွပ်အစအနများ မြဝင်းထဲသို့ တဖြောဖြောကျလာသည်။ အယ်လီမေက ဘက်ဆီနှင့်ဂျီတာတို့ ပြောနေကြသည့် ပါးလ်အကြောင်းကို နားထောင်ရင်း နောက်ထပ် ဆုတောင်းပွဲကိုကြည့်ရန် စောင့်စားလျက်ရှိလေသည်။

"ဒီကိစ္စကို အသံထွက်ပြီးစွတ်ရင် ဘယ်သူ့ကိုမှထိနိုက်မယ် မထင်ပါဘူးနော်"ဟု ဘက်ဆီကပြောသည်။

"မထိနိုက်ပါဘူး"ဟု ဂျီတာကပြောသည်။ "မင်းက ဒီကိစ္စကို ဘုရားသခင်ကို ပြောပြပြီးရင် သူနဲ့မင်းတွဲပြီး တစ်ခုခုတော့ လုပ်ပေးတတ်ပါတယ်"

"အဘ...ဘုရားသခင်၊ တပည့်တော်မမှာ အထူးကိစ္စတစ်ခုအတွက် ဆုတောင်းပေးဖို့ ရှိနေပါတယ်၊ ကိစ္စက သိပ်အဆိုးကြီးမဟုတ်ရင်တော့ တပည့်တော်မ အရှင်မြတ်ထံ ကူညီစောင့်ရှောက်ဖို့ နားမပူပါဘူး၊ ဒီတစ်ခါတော့ ပါးလ်ကို ကူညီဖို့တောင်းခံချင်ပါတယ်၊ ဘရာသာလပ်စ်က အိပ်ရာပေါ်အိပ်နေချိန်မှာ ပါးလ်က ကြမ်းပြင်ပေါ်ဆင်းပြီး အိပ်နေပါတယ်၊ မအိပ်အောင် တားမြစ်ပေးတော်မူပါ၊ ပါးလ်ကို အိပ်ရာထဲရောက်အောင် လုပ်ပေးတော်မူပါ...။

"သူ့ကို ပိုင်ဆိုင်တဲ့နေရာမှန် ပြန်ရောက်အောင် ဆုံးမ

ပေးတော်မူပါ၊ သူ့ယောကျ်ားလပ်ဗ်က သူ့ကိုအိပ်ရာပေးထားလျက်နဲ့ ပါးလ်က အခုလို ကြမ်းပေါ်ဆင်းအိပ်နေတာ မတော်ပါဘူး၊ အဲဒါ ညညကျရင် သူ့ကိုအိပ်ရာထဲရောက်အောင် ပို့ပေးတော်မူပါ၊ တပည့် တော်မဟာ အရင်ယောကျ်ားအတွက် မယားကောင်းတစ်ယောက် ဖြစ်ခဲ့ပါတယ်၊ တပည့်တော်မ လုံးဝကြမ်းပြင်ပေါ်ဆင်းပြီး မအိပ်ခဲ့ပါ ဘူး၊ စစ္စတာအေဒါဟာလည်း အခု ပါးလ်လုပ်နေတဲ့ အလုပ်မျိုး မလုပ်ခဲ့ပါဘူး...။

"ပြီးတော့ တပည့်တော်မ နောက်ယောကျ်ားတစ်ယောက် ထပ်ယူရင် အခုပါးလ်လုပ်သလိုမျိုး မလုပ်ပါဘူး၊ တပည့်တော်မရဲ့ ယောကျ်ားနဲ့အတူ တစ်အိပ်ရာထဲမှာ အိပ်မှာပါပဲဘုရား၊ ဒါကြောင့်မို့ ဒီအလုပ်ကို စွန့်လွှတ်ဖို့ ပါးလ်ကိုနားချပေးတော်မူပါ...။

"တပည့်တော်မတို့လို အရွယ်ရောက်တဲ့ မိန်းမတွေနေနဲ့ ဒီကိစ္စမှာ ဘယ်လိုလုပ်သင့်တယ်ဆိုတာ သိပေမဲ့ အသက်ငယ် သေးတဲ့ ပါးလ်ကတော့ မသိပါဘူး၊ ဒါကြောင့် သူ့ကို ပြောပေးပါ၊ တကယ်လို့ ဒီကိစ္စဟာ...။

"မင်းပြောနေတဲ့ ဟို...ဟို... နောက်ထပ် လက်ထပ်မယ် ဆိုတာက ဘာများပါလိမ့် စစ္စတာဘက်ဆီ"ဟု ဂျိုတာက ကြားဖြတ် မေး၏။

"မင်း ယောကျ်ားတစ်ယောက် ထပ်ယူမယ်လို့ ပြောလိုက် သံ ကြားမိသလိုလိုပဲ ဟုတ်ရဲ့လား၊ မင်း ဘယ်သူ့ကို ယူမလို့လဲ"

"အင်း ဒါကတော့ ကျွန်မစိတ်ကို ပိုင်ပိုင်နိုင်နိုင် မဆုံး ဖြတ်ရသေးပါဘူး၊ ဒါပေမဲ့ ရှာတော့ရှာနေပါတယ်၊ အခုချက်ချင်း ကတော့ ဘယ်လိုလုပ်ပြီး ဆုံးဖြတ်နိုင်မှာလဲ၊ ကျွန်မဆန္ဒကတော့ ပစ္စည်းလေးဘာလေး အထိုက်အလျောက်ရှိနေတဲ့ ယောကျ်ား တစ် ယောက်ကိုရချင်တာ၊ ဒါပေမဲ့ ဒီတစ်ဝိုက်မှာတော့ ကျွန်မရချင်တဲ့ လူစားမျိုး ရှိမယ့်ပုံမပေါ်ပါဘူး၊ ဒီဒေသမှာရှိနေတဲ့ ယောကျ်ားတွေ မှန်သမျှ လူဆင်းရဲတွေချည်း ဖြစ်နေပြီ"





"ဟုတ်ပါ့ကွယ်၊ အင်း...တကယ်လို့ အေဒါသာ မရှိလို့ ကတော့ ငါ..."

"ဘုရားသခင်ဂျိုတာရယ်၊ ရှင့်ပါးစပ်ပုပ်ကြီးကို ပိတ်ထားစမ်း ပါ"

ဘက်ဆီက ခိုးခိုးခစ်ခစ် အသံဖြင့်ရယ်သည်။

"ရှင် ဒီစကားမျိုးပြောလိုက်တာဟာ ကျွန်မအဖို့ ရယ်စရာ ဖြစ်နေပြီ၊ ကျွန်မကရှင့်ကို ယူရလိမ့်မယ်လို့ ဘယ်လိုလုပ်ပြီးများ ထင်လိုက်တာလဲ၊ ရှင်က အိုလှပြီပဲဟာ"

"မင်း... ဆုတောင်းနေတာကို အပြီးသတ်လိုက်ရင် ကောင်းမယ်ထင်တယ်ကွဲ့" ဟု ဂျိုတာကပြော၏။

"ငါက နောက်မိန်းမတစ်ယောက် ယူမယ်လို့ ပြောလိုက်မိ တာနဲ့ပဲ အေဒါ နာကောက်သွားပြီ"

"တပည့်တော်မတို့အားလုံးကို နတ်ဆိုးနတ်မိစ္ဆာတွေ လက် ထဲက လွတ်အောင်ကယ်မပြီး ကောင်းကင်ဘုံကို ပို့ပေးတော်မူပါ ဘုရား...အာမင်"

■

( ၆ )

"မင်းက ခူဒီအတွက် နည်းနည်းပါးပါး ဆုတောင်းပေးဖို့ မေ့သွားပြီ"ဟု ဂျိုတာက ရုတ်တရက်ပြောလိုက်၏။

"မင်းက ခူဒီကျတော့ ချန်ထားခဲ့သကိုး။ ခူဒီကမှ တကယ့်ခုစရိုက်ကောင်၊ သူလည်း ငါတို့လိုပဲ၊ ဘာမှထူးတာ မဟုတ်ဘူး"

ဘက်ဆီသည် ဒူးထောက်ထိုင်နေရာမှ ဖြုန်းခနဲ ထလိုက်ပြီး ခြံဝင်းထဲသို့ပြေးသွား၏။ ခူဒီ၏လက်ကို အဆင်းဆွဲပြီး ဆင်ဝင်ရှေ့ ခေါ်လာ၏။ ဆင်ဝင်ရှေ့ရောက်တော့ သူက အရင်ဒူးထောက်၍ကာပ်ထိုင်၏။ ပြီးတော့ ခူဒီကိုအတင်းဆွဲကာ သူ့ဘေး၌ကပ်၍ထိုင်နိုင်း၏။

"ကျုပ်...မထိုင်ချင်ဘူး"ဟု ခူဒီက ခေါသတကြီးပြောသည်။

"ကျုပ်အတွက် ဆုတောင်းပေးမှာလည်း မလိုချင်ဘူး။ ကျုပ်ဘာမှ မကောင်းတာမလုပ်ဘူး။ လပ်ခ်ရဲ့ မုန်လာဥတွေကို ခိုးတာ ကျုပ်မဟုတ်ဘူး။ အဖေခိုးတာ၊ ခိုးပြီး တောထဲဝင်ပြေးတာ သူ..."

ဘက်ဆီက ဒူဒီ၏ လက်များကိုဆွဲကိုင်ပြီး မိနစ်အတန်ကြာမျှ ပွတ်သပ်ချော့၏။ ထို့နောက် ထိုင်နေရာမှထကာ ဒူဒီဘေးတွင်ကပ်၍ ရပ်လိုက်ပြီး ဒူဒီ၏ခေါင်းကို သူ့လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာဖက်ထား၏။ တစ်အားညှစ်ထားခြင်းဖြစ်၍ ခန္ဓာကိုယ်မှ သွေးသည် သူ့ခေါင်းဆီသို့ တိုးဝင်ကာပူထူသွား၏။

"ဘက်ဆီက မင်းအတွက် ဆုတောင်းပေးမှ ဖြစ်မှာပါ ဒူဒီရယ်၊ ဘုရားသခင်ကပြောတယ်၊ မင်းတို့ လက်စတာမိသားစု အားလုံး ဒုစရိုက်မှုတွေ ရှိနေတယ်တဲ့၊ သူကမင်းကို ပစ်မထားပါဘူးကွယ်"

ဒူဒီက ဘက်ဆီ၏မျက်နှာကို စူးစူးဝါးဝါးကြည့်သည်။ ဘက်ဆီသည် သူ့အား လူကောင်းလိုစိတ်ဖြစ်လာအောင် တောင်းပန်တိုက်တွန်းလျက်ရှိ၏။ သို့သော်လည်း သူကတော့ သတိမထားနိုင်၊ ဘက်ဆီ၏ နှာခေါင်းနှစ်ပေါက်ကိုသာ စိုက်ကြည့်နေမိ၏။

"မင်းက ဘာရယ်တာလဲ ဒူဒီ"ဟု ဘက်ဆီကပြောသည်။

"တိုများအားလုံး တစ်နေ့မဟုတ် တစ်နေ့မှာ ဆုတောင်းကြရမှာချည်းပဲ"

ဒူဒီကတော့ ဘက်ဆီနှင့် ကပ်၍ရပ်နေရသဖြင့် စိတ်မသက်သာဖြစ်လျက်ရှိ၏။

ဘက်ဆီက သူ့လက်မောင်းသားများနှင့် ပခုံးများကို ပွတ်သပ်နေပုံသည် သူ့အာရုံကြောများကို တင်းတင်းသွားစေသဖြင့် မခံမရပ်နိုင်အောင် ဖြစ်လျက်ရှိ၏။

"ခြေဖျားထောက်ထောက်ပြီး မြောက်ကြွမြောက်ကြွနဲ့ ဘာဖြစ်နေတာလဲကွ၊ ရပ်လိုက်စမ်း ဒူဒီ" ဟု ဂျီတာကပြောသည်။

"ဘာလဲ၊ မင်း နေမကောင်းဘူးလား"

ဘက်ဆီကတော့ ဒူဒီ၏ခေါင်းကို တိုး၍တင်းကျပ်စွာ ဖက်ပြီး ဒူဒီမျက်နှာကို ပြုံး၍ကြည့်နေသည်။

"မင်းက ဘက်ဆီ့ဘေးမှာ ဒူးထောက်ပြီးထိုင်နော်၊ ဘက်ဆီ





က မင်းလေးအတွက် ဆုတောင်းပေးမယ်၊ ခိုင်းတဲ့အတိုင်း လုပ်မယ် မဟုတ်လားဟင် ... ဒူဒီ"

ဒူဒီက သူ့လက်နှစ်ဖက်ဖြင့် ဘက်ဆီ၏လည်ပင်းကို သိုင်းဖက်လိုက်ပြီး ဘက်ဆီက သူ့လက်နှင့် ပခုံးများကို ပွတ်သပ်ပေးနေသလို ပြန်၍ပွတ်သပ်ပေးသည်။

"ကျုပ်ဘာသာကျုပ်ဆိုရင် ကျုပ်မကောင်းမှုတစ်ခု လုပ်မိလည်း ဆုမတောင်းပါဘူးဗျာ" ဟု ဒူဒီကကျိတ်၍ ရယ်ပြန်သည်။

"မင်းအတွက် အစ်မဆုတောင်းပေးစေချင်တယ်ဆိုတာ သိပါတယ်ဒူဒီရယ်"ဟု ဘက်ဆီကပြော၏။

"ဒီလိုလုပ်ပေးရင် မင်းရဲ့ မကောင်းမှုတွေအားလုံး ပျောက်သွားမှာပေါ့ကွယ်"

သူတို့သည် ဆင်ဝင်ရှေ့ လှုပ်ကုလားထိုင်ဘေးတွင် ဒူးထောက်ထိုင်၏။ ဒူဒီသည် ဘက်ဆီ၏ ပခုံးများကို လျှောတိုက်၍ ပွတ်နေဆဲ၊ ဘက်ဆီကလည်း ဒူဒီ၏ခေါင်းကို ဖက်ထားဆဲ ဂျီတာကတော့ သူတို့နောက်နားမှထိုင်ကာ အိမ်နံရံကိုမှီ၍ ဒူဒီအတွက် ဆုတောင်းသံကို နားစွင့်နေသည်။

"ချစ်လှစွာသော ဘုရားသခင်၊ ဘရာသာဒူဒီကို နတ်မိစ္ဆာလက်တွင်းမှ ကယ်ထုတ်ပြီး ကောင်းကင်ဘုံကို ပို့တော်မူပါ၊ ဒါပါပဲ အာမင်"

ဘက်ဆီက ဆုတောင်းခြင်းကို အဆုံးသတ်လိုက်သည်။ သို့သော်, သူရော ဒူဒီပါ မတ်တတ်ရပ်ဖို့ အားမထုတ်ကြ။

"ဘုရားသခင်ကို ချီးမွမ်းကြပါ" ဟု ဂျီတာက ရေရွတ်သည်။

"ဒါပေမဲ့ ဒူဒီလိုဆိုးတဲ့ကောင်အတွက် ဆုတောင်းတာက သောက်ကျိုးနည်းတော့တာပါကလားကွာ"

"ဒူဒီအတွက် ဒီထက်ရှည်ရှည် ဆုတောင်းနေဖို့ မလိုဘူး၊ သူက လူငယ်တစ်ယောက် မဟုတ်လား၊ ကျွန်မတို့ လူကြီးတွေ

လောက် ခုစရိုက်အလုပ် မများသေးဘူး၊ သူက ရှင့်လောက် ဘယ်ဆိုးဦးမှာလဲ ဂျိုတာရယ်"

"အေးပေါ့လေ၊ မင်းပြောတာ ဟုတ်ချင်လည်းဟုတ်မှာပေါ့" ဟု ဂျိုတာက ပြန်ပြော၏။ "ဒါပေမဲ့ ဒူဒီဆိုတဲ့ကောင်က တစ်ချိန်လုံး ငါ့ကိုဆဲလိုက်၊ သူ့အမေကိုဆဲလိုက် လုပ်နေတဲ့ကောင်၊ ငါတို့လင်မယားကို နည်းနည်းလေးမှ မရိုသေဘူး၊ အဲ့သလို ဖြစ်သင့်လို့ ဖြစ်လာတာလားတော့ မပြောတတ်ဘူးပေါ့လေ၊ ဒါပေမဲ့ ငါမှတ်မိသလောက်တော့ သမ္မာကျမ်းစာက သားတစ်ယောက်ဟာ အမေနဲ့အဖေကို မဆဲရဘူးလို့ ဆိုထားတာပဲ၊ အခု သူလုပ်နေတာဟာ မမှန်ဘူးပေါ့၊ သူက သူ့အစ်မ အယ်လီမေကိုတောင် တုတ်နဲ့ရိုက်မလို့ လုပ်နေတဲ့ကောင်၊ ဒါလည်း မလုပ်သင့်တဲ့ဟာပဲ၊ ဒါလည်း ခုစရိုက်မှု တစ်ခုပဲ၊ ဒါတွေအတွက်ပါ ထပ်ပြီးဆုတောင်းပေးမှပေါ့"

"ဒူဒီ ဒါမျိုးတွေ နောက်မလုပ်တော့ပါဘူး" ဟု ဘက်ဆီက ဒူဒီ၏ ဆံပင်များကို သူ့လက်ဖြင့် အသာအယာ ထိုးဖွပေးနေရာမှ ပြောသည်။

"ဒူဒီဟာ လူချောကလေးပဲ၊ သူက လူချောလူလှ မမ္မဆရာ တစ်ဦး ဖြစ်လာမှာပါ၊ သူက ကျွန်မယောကျ်ားငယ်ငယ်တုန်းက အတိုင်းပဲ၊ အခုမှ သေသေချာချာ သိရတယ်၊ သူတို့နှစ်ယောက်ကြား မှာ မတူတာသိပ်မရှိဘူးရှင့်...သိလား"

အေဒါက ဘာကြောင့် ဒူဒီဆင်ဝင်အောက်၌ သည်လောက် ကြာကြာ ထိုင်နေပါလိမ့်ဟု သိလိုစိတ်ဖြင့် နောက်လှည့်ကြည့်သည်။

ဒူဒီနှင့် ဘက်ဆီတို့သည် အခုထိ တစ်ယောက်ကို တစ်ယောက်ဖက်၍ ကုလားထိုင်ဘေးတွင် ဒူးထောက်ထိုင်နေကြဆဲ။

"အခုဆိုရင် ဒူဒီဟာ အသက်ဆယ့်ခြောက်နှစ်ရှိသွားပြီ" ဟု ဂျိုတာကပြောသည်။

"သူက အယ်လီမေထက် နှစ်နှစ်ငယ်တယ်၊ ဒီကောင် မကြာခင် မိန်းမရတော့မယ်လို့ ထင်တာပဲ၊ ငါ့သားတွေအားလုံး





ငယ်ငယ်ရွယ်ရွယ်နဲ့ မိန်းမရကုန်တာချည်းပဲ၊ သမီးတွေလိုပါပဲကွာ၊ တကယ်လို့ ဒူဒီမိန်းမရသွားရင် ငါ့ဆီမှာ ငါ့သားသမီးတွေထဲက အယ်လီမေတစ်ယောက်ပဲကျန်မယ်၊ အယ်လီမေကတော့ သူ့လက်ထပ်ယူမယ့်ယောကျ်ား တွေ့မယ်မထင်ဘူးကွဲ့၊ ငါကိုယ်တိုင် ဩဂတ်စတာသွားပြီး ဆရာဝန်တစ်ယောက်နဲ့ သူ့နှုတ်ခမ်းကွဲကို ချုပ်ပေးဖို့ စဉ်းစားတော့ထားတာပဲ၊ ဒါမှလည်း ယောကျ်ားမြန်မြန် ရမှာ၊ သူက မိန်းမတစ်ယောက်အနေနဲ့ အစွမ်းထက်မယ့် လက္ခဏာ ရှိတယ်၊ သူ့မှာ ဒီနှုတ်ခမ်းကွဲကလွဲပြီး တခြားဘာချွတ်ယွင်းချက်မှ မရှိဘူး၊ အဲဒါသာ မရှိလို့ကတော့ကွာ ပါးလ်အရင် ယောကျ်ားရမှာ သေချာတယ်"

"ဒါကတော့ ဘုရားသခင်ကိုယ်တိုင်က ကျွန်မတို့အားလုံး ကို အိမ်ထောင်ပြုစေချင်တာပဲ မဟုတ်လား၊ ဂျိုတာရယ်" ဟု ဘက်ဆီက ပြော၏။

"သူက ကျွန်မတို့ကို ဒီပုံစံအတိုင်းဖြစ်အောင် ဖန်ဆင်း ထားတာပဲ၊ ဒီစကားကို ကျွန်မယောကျ်ားမသေခင်က အမြဲတမ်း ပြောလေ့ရှိတယ်၊ "ကျွန်မက ယောကျ်ားတစ်ယောက်မှာ မိန်းမ တစ်ယောက်ရှိရမယ်လို့ပြောလိုက်ရင် သူကလည်း မိန်းမတစ်ယောက် မှာ ယောကျ်ားတစ်ယောက်ရှိရမယ်လို့ ပြန်ပြောတတ်တယ်၊ ဒီနေရာ မှာတော့ ကျွန်မယောကျ်ားဟာ ဘုရားသခင်နဲ့ တစ်သဘောတည်းပဲ၊ သူတို့မှာ တူညီတဲ့ယုံကြည်မှုရှိကြတယ်"

"ဘုရားသခင်က ငါတို့အားလုံး တစ်ယောက်နဲ့တစ်ယောက် ညားကြတာကို လိုလားတယ်ဆိုတာ ငါလည်းသိပါတယ်" ဟု ဂျိုတာ က ပြန်ပြောသည်။

"ဒါပေမဲ့ အယ်လီမေဖြစ်သလို နှုတ်ခမ်းကွဲနေတဲ့ မိန်းမ ကိုတော့ ဘယ်ယောကျ်ားက စာရင်းထဲဘယ်ထည့်မှာလဲ၊ သူ့ နှုတ်ခမ်းဟာတာကို မြင့်လိုက်တာနဲ့ တစ်ပြိုင်နက် ဘုရားသခင် လုပ်ပုံ မမှန်ဘူးလို့ ငါကတော့ထင်တာပဲ၊ ဒီစကားဟာ ဘုရားသခင်

ကို ဆန့်ကျင်တဲ့စကားမှန်းတော့ သိပါတယ်၊ ဒါပေမယ့် ဒီနတ်ခမ်းကွဲကြီးက ဘယ်လိုလုပ်ပြီး အသုံးဝင်မှာလဲ၊ ဘာကြောင့် ဒီလိုဖြစ်အောင် လုပ်လိုက်ရတာလဲ၊ နတ်ခမ်းကွဲကြီးနဲ့ တံတွေးထွေးလို့ ရမလား၊ လေချွန်လို့ကော ရမတဲ့လား၊ ဘယ်လိုမှမရဘူး၊ ဒါကျတော့ သက်သက်မဲ့ ယုတ်မာတာပဲ။ ဒီလိုမျိုးလုပ်လိုက်တာ ဘာကောင်းလဲ၊ ဒါဟာ အလွန့်ကို ယုတ်မာတဲ့အလုပ်ပဲ"

"ရှင် ဘုရားသခင်ကို ဒီလောက်အထိ မပြောသင့်ဘူး ဂျိုတာ၊ ဘုရားသခင်ဟာ သူ ဘာလုပ်လုပ်၊ ဘာကြောင့် လုပ်တယ်ဆိုတာ သိတယ်ရှင့်၊ သူက အရာရာတိုင်းကိုသိတာ၊ သူ့စိတ်ထဲမှာ စိတ်ကူးတစ်ခု၊ ရည်ရွယ်ချက်တစ်ခုရှိမှလုပ်တာ။ မရှိရင် ဘယ်တော့မှ မလုပ်ဘူး။ ယောကျ်ားတွေ မိန်းမတွေကို သူဘာအတွက် ဖန်ဆင်းထားတယ်ဆိုတာလည်း သူသိတာပဲ၊ သူက အယ်လီမေ့မျက်နှာကို အခုလိုနတ်ခမ်းကွဲပါအောင် လုပ်ပေးလိုက်တာဟာ နိုင်လုံတဲ့အကြောင်းကတော့ ရှိမှာပဲ၊ ဘာပဲဖြစ်ဖြစ် လုပ်လိုက်ကတည်းက အကောင်းဆုံးအကြောင်းမရှိဘဲ မနေပါဘူး။

"တကယ်လည်း မရှိပါဘူး၊ ဒါပေမဲ့ ကျွန်မသိပါတယ်"

"ဘုရားသခင်ကို ချီးကျူးပါ၏"ဟု ဂျိုတာကပြောသည်။

"မင်းက ငါ့ကို ဘုရားသခင်အပေါ် နားလည်လာအောင် မျက်စိဖွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်"

"ဘုရားသခင်က ရှင်တို့ ကျွန်မတို့ထက် လူတွေအကြောင်းကိုသိတယ် ဂျိုတာ"

ဘက်ဆီက ဒူဒီဘက်လှည့်၍ ပြုံးသည်။ ပြီးတော့ သူ့လက်နှစ်ဖက်ဖြင့် ဒူဒီ၏လည်ပင်းကို တိုး၍ တင်းကျပ်စွာဖက်လိုက်သည်။ ဒူဒီကတော့ နောက်ထပ် ဘာဆက်လုပ်ရမည်မသိ ဖြစ်ကာ ယောင်တိယောင်နှ ဖြစ်နေသည်။

သူ့အနေဖြင့် ဘက်ဆီကို ထိချင်ကိုင်ချင်သည်။ ဘက်ဆီကလည်း သူ့ကိုတအားကုန် ပြန်ဖက်ထားစေချင်သည်။ ဘက်ဆီ



ဆုတောင်းပွဲပြီးသွားသည်မှာ ဆယ့်ငါးမိနစ်ခန့်ရှိပြီ သို့သော် အခုအချိန်ထိ သူ့ကိုမလွှတ်သေး။

"ကဲ...ပြောစမ်းပါဦး စစ္စတာဘက်ဆီ" ဟု ဂျိုတာက ကိုယ်ကိုရှေ့သို့ကိုင်း၍ မေးသည်။

"မင်းနဲ့ဒူဒီ အဲဒီမှာထိုင်ပြီး တစ်ယောက်ကိုတစ်ယောက် ဖက်လိုက်မွှေ့လိုက် ပွတ်လိုက်သပ်လိုက်နဲ့ နာရီဝက်လောက်တောင် ရှိသွားပြီ၊ ဘယ်လိုဖြစ်ကြတာလဲ"

ဒူဒီကတော့ သူ့ကို အခုလိုဘက်ဆီက တအားမွှေ့ဖက်ပြီး ဖျစ်ညှစ်နေသည်ကို များစွာသာယာလျက်ရှိသည်။

ဘက်ဆီက ထိုင်ရာမှထရန် အားထုတ်သည်။ ဒူဒီက မလွှတ်။ ဘက်ဆီကပြန်ထိုင်သည်။ ပြီးတော့ ဒူဒီ၏ ဆံပင်များကို အသာအယာ သပ်ပေးနေ၏။

"မိန်းမမွှဆရာတစ်ယောက် အခုလို လုပ်နေတာမျိုးကို အရင်က ငါတစ်ခါမှ မမြင်ခဲ့ဖူးပေါင်ကွာ"ဟု ဂျိုတာက သူ့ခေါင်းကို ခါ၍ ပြောသည်။

"မင်းကြည့်ရတာ ဒီနေ့ကစပြီး တရားဟောတော့မယ့်ပုံ မဟုတ်ဘူး၊ မင်းနဲ့ဒူဒီ တစ်ယောက်နဲ့တစ်ယောက် မွှေ့ဖက် ပွတ်သပ်နေကြတာ မဟုတ်လား"

ဘက်ဆီသည် ထိုင်ရာမှထကာ လှုပ်ကုလားထိုင်ပေါ် ပြန်ထိုင်သည်။ ဒူဒီ သူ့အနားမှခွာရန် ကြိုးစားသည်။ သို့သော် ဒူဒီသည် သူ့ရှေ့တည့်တည့်၌ ရပ်နေသည်။

"ဘုရားသခင်က ကျွန်မကိုပြောထားတယ်" ဟု ဘက်ဆီက ပြော၏။

"ကျွန်မ နောက်ယောကျ်ားတစ်ယောက်ရှာပြီး လက်ထပ်သင့်တယ်တဲ့၊ ကျွန်မတစ်ယောက်တည်း အခုလိုလျှောက်ပြီး တရားဟောနေလို့ကတော့ မတော်တာ့တော့အမှန်ပဲ၊ တကယ်လို့ နောက်ထပ်အိမ်ထောင်ပြုလိုက်ရင်တော့ ပိုပြီးလုပ်နိုင်မှာပါ၊ ဘုရား

သခင်ကတော့ ကျွန်မနဲ့ရလာတဲ့ ယောကျ်ားကိုလည်း တရားဟောဆရာဖြစ်အောင်လုပ်ပေးမှာပဲ၊ ဒါဆိုရင် ကျွန်မတို့ လင်မယားနှစ်ယောက် နေရာအနှံ့အပြားကို ခရီးထွက်ပြီး တရားတော် ဖြန့်သွားအောင် ဖြန့်ဖြူးပေးလို့ရမှာပေါ့"

"ဘုရားသခင်က ဒူဒီကို လက်ထပ်ဖို့တော့ပြောမယ် မထင်ပါဘူး၊ ဒူဒီက ဓမ္မဆရာမှမဟုတ်တာ၊ ဓမ္မဆရာဖြစ်နိုင်လောက်တဲ့အထိလည်း သူ့မှာမရှိပါဘူး၊ အချိန်ကျလာလို့ ထိုင်ရာကထပြီး တရားဟောရတော့မယ်ဆိုရင် ဘာဟောရမှန်းသိမယ့်ကောင် မဟုတ်ပါဘူး"

"ဒူဒီဟာ ဓမ္မဆရာကောင်းတစ်ယောက် ဖြစ်နိုင်ပါတယ်ရှင်" ဟု ဘက်ဆီက ကြားဖြတ်ပြောသည်။ "ဒူဒီဟာ သေသွားတဲ့ကျွန်မယောကျ်ားလို ကောင်းကောင်းဟောနိုင် ပြောနိုင်မှာပါ၊ ဒီကသူ့ထက်တောင် သာချင်သာဦးမှာ၊ ဘုရားသခင်နဲ့ ကျွန်မက သူ့ကိုသင်ပြပေးနိုင်ပါတယ်၊ အစကလေးရလိုက်ရင် သိပ်မခက်ပါဘူး"

"ငါအသက် ပြန်ငယ်ချင်သကွာ၊ ငါငယ်ငယ်ရွယ်ရွယ်သာဆိုရင် ဒီကိစ္စကို မင်းနဲ့ငါ အတူတူတွဲလုပ်လို့ ရတာပေါ့၊ အခုလည်းလုပ်ရင်ရတာပဲ၊ တစ်ခုပဲရှိတယ်၊ အေဒါရှိနေလို့၊ အေဒါက ငါ့ကိုတခြားမိန်းမတွေနဲ့ ပရောပရီလုပ်တာ သဘောမကျဘူး၊ ငါလည်းပဲဟောတာပြောတာ ဆုတောင်းတာတွေကို ကောင်းကောင်းလုပ်နိုင်ပါတယ်"

"ကျွန်မအတွက်က လူငယ်တစ်ယောက်ရမှဖြစ်မှာရှင့်"ဟု ဘက်ဆီကပြောသည်။ "အမှန်တော့ ဒူဒီဟာ တရားဟောဖို့ရော၊ ကျွန်မနဲ့နေဖို့ရော အသင့်တော်ဆုံးလူပဲ၊ ဟုတ်တယ်နော် ဒူဒီ"

"ကျုပ် အခုတစ်ခါတည်း ခင်ဗျားနဲ့လိုက်ခဲ့ရမလား" ဟု ဒူဒီကမေးသည်။

"ဆုတောင်းကြည့်ရဦးမယ် ဒူဒီရဲ့"ဟု ဘက်ဆီကပြော၏။ "နောက်တစ်ခေါက် ဘက်ဆီဒီ ကိုပြန်လာတဲ့အခါကျတော့မှ ပြော





မယ်။ ဘက်ဆီက ဘုရားသခင်ဆီမှာ မင်းလုပ်နိုင်မယ် မလုပ်နိုင်ဘူးဆိုတာ မေးပြီးတဲ့အချိန်အထိတော့ စောင့်ဦးနော်၊ ဘုရားသခင်ကတစ်ခါတလေ ယောကျ်ားဓမ္မဆရာ ရွေးတဲ့နေရာမှာ သိပ်တိကျတယ်ကွဲ့၊ အထူးသဖြင့် မိန်းမဓမ္မဆရာနဲ့ လက်ထပ်မယ့်လူဆိုရင် ပိုပြီးသတိထားတတ်တယ်"

ဘက်ဆီသည် ဆင်ဝင်လှေကားထစ်များမှ ဆင်းကာခြံဝင်းအတွင်းရှိ ဖြူလွလွသဲပြင်ပေါ် ဖြတ်ပြေးသည်။ ဆေးရွက်ကြီးလမ်းပေါ်ရောက်သည့်အခါ ဖျတ်ခနဲရပ်လိုက်ပြီး နောက်သို့ ပြန်လှည့်ကြည့်သည်။ သူသည် မိနစ်ပေါင်းများစွာကြာမျှ လက်စတာမိသားစုကို လှမ်းကြည့်နေသည်။

ထို့နောက် ဘက်ဆီသည် အေးအေးဆေးဆေး လမ်းလျှောက်ခြင်း မပြုတော့ဘဲ နှစ်မိုင်ခန့်ကွာဝေးသော ဆာဗားနားမြစ်အပေါ်ဘက် မတ်စောက်သော ကမ်းပါးပေါ်ရှိ သူ့အိမ်ဘက်သို့အပြေးပြန်သွားသည်။

ဘက်ဆီ၏အိမ်မှာ အခန်းသုံးခန်းရှိသော အငှားအိမ်တစ်လုံးဖြစ်၍ မြစ်ကမ်းပါးအစွန်တစ်ဖက်တွင် တည်ရှိသည်။ ထိုနေရာသည် ရွံ့နွံထူထပ်သော ဆာဗားနားမြစ်ဝှမ်းအတွင်းသို့ဆင်းရာနေရာဖြစ်သည်။ သူ့အိမ်သည် အခိုင်အခံ့မဟုတ်သောကျောက်တိုင်သုံးတိုင်ပေါ်၌ ခနော်ခနဲ့ ရပ်တည်နေခြင်းဖြစ်သည်။ စတုတ္ထမြောက် ကျောက်တိုင်မှာ လွန်ခဲ့သော ဆယ့်နှစ်နှစ်ခန့်က ပြိုကျသွားသဖြင့် အိမ်၏ တစ်ဖက်အစွန်းသည် မြေပြင်ပေါ်သို့ နိမ့်ဆင်းလျက်ရှိလေသည်။

"အင်း..." ဂျိတာက သက်ပြင်းချသည်၊ "စစ္စတာ ဘက်ဆီတစ်ခုခုတော့ စိတ်ကူးနေပြီကွ၊ သူ့ပုံပန်းကြည့်ရတာတော့ဖြင့် ဒူဒီကိုယူဖို့ သူ့ခေါင်းထဲမှာ စီမံကိန်းချနေပုံပေါ်တယ်။ စောစောကသူတို့နှစ်ယောက် ဖက်ကြ၊ ပွေ့ကြလုပ်နေတာ အရှုအမူးပဲ၊ ဒီလောက်သဲကြီးမဲကြီး ဖြစ်နေတာမျိုး ငါတစ်ခါမှ မမြင်ဖူးခဲ့ဘူး၊ အဲ့ဒီအပွေ့

တွေ အဖက်တွေကြားထဲက တစ်ခုခုတော့ ထွက်လာတော့မယ့် လက္ခဏာရှိနေပြီ"

ခွေးဒီသည် သစ်ပင်နောက်တွင် ကွယ်၍ရပ်နေရာမှ ကျိတ်၍ ရယ်သည်။ အယ်လီမေကတော့ ထင်းရှူးပင်ငုတ်တိုပေါ်၌ ထိုင်နေဆဲ။ သူသည် စောစောက ဘက်ဆီပြောသွားသည့် စကားများကို ကြားထားရသဖြင့် သူ့မောင်၏အဖြစ်ကို ကြည့်၍ပြုံးသည်။

ဂျိုတာသည် ပိတ်စွယ်မြက်ပင်ကြီးများ အပြိုင်းအရိုင်း ပေါက်နေသည့် ယာမြေဆီသို့ ငေးမောနေသည်။ တစ်နေရာရာမှ လားတစ်ကောင်ငှားပြီး ဤယာမြေကို ထွန်ယက်မည်ဆိုလျှင် ဖြစ်နိုင်လေမလား၊ သည်နှစ် သီးနှံတစ်မျိုးလောက် စိုက်ကြည့်လျှင် အဆင်ပြေမလား စသည်ဖြင့်တွေးလျက်ရှိသည်။ ထွန်ရယက်ရမည့် နွေဦးပေါက်ရာသီအချိန်ကတော့ ရောက်နေပြီ၊ အခုလိုအချိန်ကျလေလေ သူ့မှာ ကိုယ်ရောစိတ်ပါ မငြိမ်မသက်ဖြစ်လေ၊ သူ့အနေဖြင့် လားတစ်ကောင် ဘယ်ကငှား၍ ရမည်ကိုမသိသေး။ ဝါမျိုးစေ့နှင့် မြေသြဇာကိုလည်း ဘယ်ပုံဘယ်နည်းရအောင် လုပ်ရမည်ကို မသိသေး။ သို့သော် အခုလောလောဆယ် မြေပေါ်တွင် မီးရှို့ထားလို့တော့ ရနိုင်၏။ အနည်းဆုံး ယာခင်းပေါ်မှ ပိတ်စွယ်မြက်များကို သူထွက်၍ မီးရှို့ထားလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ သို့သော် လောလောဆယ် အခုနေရသည်က သူ့အတွက် များစွာ သက်သောင့်သက်သာ ဖြစ်နေသည်ကို သတိပြုမိပြန်သည်။

တောင်ယာမီးရှို့သည့်အလုပ်ကို နောက်တစ်နေ့ကျမှ လုပ်လျှင် ဖြစ်နိုင်သားပဲ တွက်မိပြန်သည်။ တကယ်တော့ အချိန်တွေ အများကြီးရှိနေသေးသည် မဟုတ်လော၊ သူ့ယာလုပ်ငန်းကို တကယ်တမ်း စလုပ်လိုက်လျှင် အချိန်များစွာကြာမည်မဟုတ်၊ မြန်မြန်ဆန်ဆန် ပြီးသွားနိုင်သည်။

ယခုလို တစ်ယောက်တည်း ငေးငိုင်နေရပြန်သည့်အခါ လပ်စ်အပေါ် သူတို့လုပ်ခဲ့မိသည့် ကိစ္စအတွက် စိတ်မကောင်းဖြစ်လာ





ပြန်သည်။ လပ်စ် စိတ်ကျေနပ်အောင် တစ်ခုခုလုပ်ရလျှင် ကောင်းလေမလားဟူသော အတွေးဝင်လာသည်။ အကယ်၍ မနက်ဖြန်တွင် သူကိုယ်တိုင် ကျောက်မီးသွေးလျှောစင်သို့သွားပြီး လပ်စ်ကို တောင်းပန်စကားပြော၊ နောင်အခါတွင် လပ်စ်ထံမှ ဘာပစ္စည်းမျှ မခိုးတော့ပါဟု ကတိပြုလိုက်လျှင် လပ်စ်က ခွင့်လွှတ်လိမ့်မည်ဟု ထင်သည်။

သူ့ကို ကျောက်မီးသွေးတုံးကြီးများနှင့်တော့ ဆီး၍ ပေါက်လိမ့်မည်မထင်။ ထို့ပြင် လပ်စ်ထံရောက်သည့်အခိုက် သူကိုယ်တိုင် ပါးလ်ကို ဆုံးမစကားပြောနိုင်ဖို့ရှိ၏။ သူ့အနေဖြင့် ပါးလ်ကို ကြမ်းပေါ်ဆင်း၍ မအိပ်ရန်နှင့် လင်ယောကျ်ားလပ်စ်၏ အလိုဆန္ဒများကို စဉ်းစားလိုက်လျောရန် တိုက်တွန်းနိုင်လိမ့်မည်ဖြစ်၏။

အမှန်တော့ တစ်နေကုန်တစ်နေခန်း မိန်းမနှင့်ခွဲနေရသည်မှာ အလွန်ဆိုးသည်။ ညရောက်၍ ကိုယ့်မိန်းမနှင့် အတူတူမအိပ်ရဘဲ တစ်ယောက်တည်း အိပ်ရခြင်းကား အဆိုးဆုံးဖြစ်၏။ ဤသဘောကို ကောင်းစွာနားလည်နေသော ဂျိုတာသည် လပ်စ်အပေါ်တွင် များစွာ ကိုယ်ချင်းစာမိလေသည်။

"ဘယ်လိုလဲတော်၊ တော်က ဩဂတ်စတာကို ထင်းသွားရောင်းဖို့ စိတ်မကူးတော့ဘူးလား"ဟု အေဒါကလှမ်းမေးသည်။

"အိမ်မှာ စားစရာမရှိတော့ဘူး၊ အသားရော ဟင်းသီးဟင်းရွက်ရော အားလုံးပြောင်နေပြီ၊ ဘာဆိုဘာမှ မရှိတော့ဘူး"

"မနက်ဖြန် သန်ဘက်လောက် သွားရောင်းမယ် ငါ စိတ်ကူးထားတယ်"ဟု ဂျိုတာပြန်ပြောသည်။

"ငါ့ကို နွတ်အစမ္မနိုင်းလို့ မရဘူးမိန်းမရဲ့၊ မြို့ကို ထင်းတစ်ခါသွားရောင်းဖို့ကိစ္စဟာ လွယ်လွယ်မှတ်နေသလား၊ ငါ့မှာလည်း ကိုယ့်အကြောင်းနဲ့ကိုယ် စဉ်းစားစရာတွေက ရှိသေးတယ်၊ မဆိုင်တဲ့ကိစ္စမှာ မင်းဝင်မပါနဲ့၊ အေးအေးနေ"

"တော်ဟာ လူပျင်းပဲ၊ အသုံးမကျဖြစ်နေတာ အဲဒါပဲ၊

တော်သာ အဖျင်းမကြီးရင် နေ့တိုင်းထင်းသွားရောင်းလို့ ရတယ်တော့ သိလား၊ အိမ်မှာလည်း စားစရာလေးဘာလေး အနည်းအကျဉ်းတော့ ရှိမှာပေါ့၊ အခုလောက် ဘယ်ပြတ်သွားမှာလဲ"

"ငါ ယာပြန်စိုက်ဖို့ စဉ်းစားနေတယ်"ဟု ဂျိုတာကပြော၏။

"ငါဟာ ထင်းခုတ်သမားမဟုတ်ဘူးကွ၊ ယာသမားကွ နားလည်လား၊ ငါဟာ ယာသမားတစ်ယောက်၊ သြဂတ်စတာကို ထင်းသွားရောင်းနေတဲ့ ထင်းခုတ်သမားတွေက ယာစိုက်ဖို့အချိန် လည်း မရှိဘူး၊ စဉ်းလည်းမစဉ်းစားနိုင်ကြဘူး၊ ငါတော့ ဒီနှစ်အထုပ် ငါးဆယ်လောက် ဝါစိုက်မယ်လို့ စဉ်းစားထားတယ်။ ငါ ဖူးလား ဘက်က လားလည်းငှားလို့ရမယ်၊ မျိုးနဲ့ မြေသြဇာကိုလည်း အကြွေး ခံလို့ရမယ်ဆိုရင် ဒီနှစ်ဝါစိုက်ဖြစ်အောင် စိုက်မယ်ဟေ့သိလား၊ ငါဟာ ယာသမားကွ၊ ငါ ထင်းခုတ်ရောင်းတဲ့ကောင် မဟုတ်ဘူး"

"နှစ်စဉ်နှစ်တိုင်း ဒီရာသီရောက်လာရင် တော် ဒီစကားပဲ ပြောနေတာပဲ၊ ဒါပေမဲ့ လက်တွေ့ကျတော့ ဘာမှလည်း လုပ်တာ မဟုတ်ဘူး၊ အခုဆို ဘယ်နှစ်ရှိပြီလဲ၊ ခုနစ်နှစ်ရှစ်နှစ်ရှိနေပြီ၊ ယာစိုက်မယ့်အကြောင်း ထပ်တလဲလဲ နားထောင်ရလွန်းလို့ တော့် ပါးစပ်က ဘာတွေပဲပြောပြော ကျုပ်တို့တော့ မယုံတော့ဘူး၊ တကယ့် လူလိမ်လူညာကြီးပါလား၊ တော်တို့ ယောကျ်ားတွေအားလုံး အတူတူ နဲ့ အနူနူချည်းပဲ၊ ဒီနားတစ်ဝိုက်မှာ တော့်လိုလူစားတွေ ရာနဲ့ချီပြီး ရှိနေတာ ကျုပ်မသိဘဲနေမလား။ အားလုံးလေပဲအန်နေကြတာ၊ ဘယ်ကောင်မှ အလုပ်မလုပ်ဘူး၊ ကျန်တဲ့ကောင်တွေကျတော့ အားလုံးလည်ပြီး တောင်းစားနေကြတယ်၊ တော့်ကျတော့ လူဖျင်းကြီး မို့ တောင်းစားတဲ့အလုပ်တောင် မလုပ်တော့ဘူး"

"ဒီမယ် အေဒါ၊ ငါပြောတာနားထောင်" ဟု ဂျိုတာက ပြောသည်။

"ငါမနက်ဖြန်မနက် အလုပ်စလုပ်မယ်၊ ယာမီးရှို့မယ်၊ ပြီးရင် လားသွားငှားမယ်၊ တကယ်လို့ မျိုးစေ့ရော မြေသြဇာရော





ရပြီဆိုရင် ငါနဲ့ဒူဒီ ဝါစိုက်မယ်၊ ဒါပဲ"

'ဖွတ်'ဟု အေဒါကရေရွတ်ပြီး ဆင်ဝင်အောက်တွင် ထိုင်နေ ရာမှ ဖျတ်ခနဲထထွက်သွားသည်။

■

# ( ၉ )

ဂျိတာသည်လပ်စ်နှင့်တွေ့ရန် ကျောက်မီးသွေးလျှော့စင်သို့ သွားမည်ဟု စိတ်ကူးထားသော်လည်း လက်တွေ့ကျတော့မသွားဖြစ်၊ လပ်စ်၏ အိမ်သို့ဝင်ပြီး ပါးလ်အား ဆုံးမစကားပြောမည်ဟူသော ကိစ္စကိုလည်း မလုပ်ဖြစ်၊

ဂျိတာသည် သူလုပ်ရန်ရည်ရွယ်ထားသမျှ လုပ်ငန်းများကို စိတ်ကူးဖြင့် စနစ်တကျ အစီအစဉ်များ ရေးဆွဲချမှတ်လေ့ရှိ၏၊ သို့သော် သူရေးဆွဲထားသည့် အစီအစဉ်များထဲမှ မည်သည့်လုပ်ငန်းကိုမှ လက်တွေ့မလုပ်ဖြစ်ချေ၊

နေ့ရွှေ့ညရွှေ့နှင့် မလုပ်ဖြစ်သည်ကများသည်၊ မနက်ဖြန်ကျမှ လုပ်မည်ဟူသောစကားကို ပြောရသည်မှာ အလွန်လွယ်၏၊ သူပြောထားသည့် မနက်သို့ ရောက်လာသောအခါ သင့်တော်သည့် အချိန်တစ်ချိန်ကျမှ လုပ်မည်ဟု ရက်ရွှေ့ပြန်၏၊ ဤသို့ဖြင့် သူ့ဘဝတွင် ဤ သက်သာလွယ်ကူသော နည်းကိုပင် လိုက်နာကျင့်သုံး

လာခဲ့သည်မှာ နှစ်ကာလများစွာကြာခဲ့ပြီ။ သို့သော်ငြားလည်း ယခု တစ်ခန်းထပ်ခံ၍ သူ့ယာတောကို မီးရှို့မည်၊ သူ့ယာမြေကိုထွန်မည်၊ ဝါနိုက်မည်ဟု တာစူခဲ့ပြန်လေပြီ။

အယ်လီမေ၏ နှုတ်ခမ်းကွဲကို ဆရာဝန်နှင့်ပြ၍ ချုပ်ပေး'မည်ဟူသော ကိစ္စမှာလည်း သူလုပ်ရန် ရည်ရွယ်ထားသည့် အလုပ်များထဲမှ တစ်ခုဖြစ်၏။

ထိုအလုပ်ကို နေ့ရွှေ့ညရွှေ့ လုပ်လာခဲ့သည်မှာ အခုဆိုလျှင် ဆယ့်ငါးနှစ်ပင်ရှိခဲ့ပြီ။ သူ့အနေဖြင့် အယ်လီမေကို ဩဂတ်စတာမြို့သို့ ခေါ်သွားပြီး ဆရာဝန်တစ်ဦးထံပြ၍ အကုသခံမည်ဟူသော စကားကို နှစ်စဉ်နှစ်တိုင်း အကြိမ်ပေါင်းများစွာ ပြောခဲ့သည်မှာမှန်၏။

တကယ်တမ်းခေါ်သွားပြီး ပြသဖို့ကြိုးစားခဲ့သည်မှာလည်း မှန်သည်။ သို့တစေလည်း သူသည် မြို့တွင်းလမ်းဆုံလမ်းခွရှိ စတိုးဆိုင်သို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် ရှေ့ဆက်မသွားတော့ဘဲ မူလအစီအစဉ်သည် ပျက်ရလေတော့သည်။ တကယ်တော့လည်း ထိုနေရာတွင် သူ့စိတ်ကိုပြောင်းလွှဲစေနိုင်သည့် အရာများရှိနေသည် မဟုတ်ပါလော။

နှစ်ပေါင်း ဆယ့်ငါးနှစ်ကာလအတွင်းတွင် သူသည် နှစ်ကြိမ်သုံးကြိမ်မျှ အယ်လီမေကိုခေါ်၍ ဩဂတ်စတာသို့သွား၏။ နှုတ်ခမ်းကွဲကို ခွဲစိတ်ကုသခံစေမည်ဟူသော ရည်ရွယ်ချက်နှင့်ဖြစ်၏။ သို့သော် နောက်ဆုံးအချိန်ရောက်ကာမှ အယ်လီမေ၏ လိုအပ်ချက်ထက် သူ့လိုအပ်ချက်က ပို၍အရေးကြီးနေသည်ကို သူ့စိတ်က သတိပြုမိလာ၏။ ဟိုတစ်ချိန်တုန်းကတော့ ယာလုပ်ငန်းရှိနေသည်ဖြစ်ရာ ယာလုပ်ငန်းသုံးပစ္စည်းက အရေးတကြီး လိုနေတတ်သည်။

ယာလုပ်ငန်းသုံးပစ္စည်းဆိုသည်မှာ ရက်ရွှေ့၍ရသည့် ကိစ္စမဟုတ်။ နောက်ပိုင်းကျပြန်တော့ အိမ်၏ စားရေးသောက်ရေးအတွက် မဝယ်မဖြစ် ပစ္စည်းများရှိတတ်၏။ ဤကိစ္စမှာလည်း





ရက်ရွှေ့၍ ဖြစ်နိုင်သည့်ကိစ္စမဟုတ်။ ဤသို့ဖြင့်သူသည် စတိုးဆိုင်တွင် ရပ်နားကာ အိတ်ထဲတွင် ပါလာသမျှပိုက်ဆံလေး ခြောက်လောက်နှင့် လိုအပ်သည်များကို ဝယ်ယူရ၏။ ထိုအခါ အယ်လီမေအတွက် တာစူထားသည့် အလုပ်ကို မလုပ်ဖြစ်တော့ဘဲ သားအဖနှစ်ယောက် အိမ်သို့ပြန်ခဲ့ကြရ၏။

အယ်လီမေကလည်း သူ့ကိစ္စကို သိပ်ပြီးအလေးအနက်မထားပေ။ သူ၏ နှုတ်ခမ်းကွဲကို ခွဲစိတ်ပြီးပြန်ချုပ်လိုက်လျှင် အမာရွတ်နည်းနည်းလေး ထင်ရုံမျှတစ်ပါး အကောင်းပကတိ ပြန်ဖြစ်သွားလိမ့်မည်ဟူသော စကားကိုပင် မယုံကြည်သလို ဖြစ်နေခဲ့လေပြီ။ ကြာလာတော့ သူ့ပါးစပ်အထက်နားမှ နှုတ်ခမ်းကွဲသည် ရိုးလာ၏။ အသားကျကာ နေလို့ထိုင်လို့ဖြစ်လာသည်။

ဂျိတာကသူ့ကို ဆေးရုံခေါ်သွားရန် စီစဉ်နေသည့်အခါများတွင်ဖြစ်စေ၊ သို့မဟုတ် တစ်နေ့နေ့ဆေးရုံသို့ ခေါ်သွားပြီးပြမည်ဟု ပြောနေသည့် အခါများတွင်ဖြစ်စေ၊ အယ်လီမေသည် အိမ်၏ ထောင့်တစ်ထောင့်မှရပ်၍ သို့မဟုတ် ခြံဝင်းရှိသစ်ပင်တစ်ပင်၏ နောက်ကွယ်မှရပ်၍ ပြုံးဖြဲဖြဲလုပ်နေတတ်သည်။

သူ၏ နှုတ်ခမ်းကွဲ ခွဲစိတ်ကုသခံဖို့နှင့် ချုပ်ပေးဖို့ကိစ္စကို လက်စတာမိသားစုအတွင်း၌ မကြာခဏ ပြောလေ့ရှိသည်ဖြစ်ရာ ပြောဖန်များလာပြီး လက်တွေ့မလုပ်ဖြစ်သည့်အခါ အယ်လီမေသည် သူ့ရှေ့၌ ဤကိစ္စကိုပြောတိုင်း သူ့ကို သရော်သည် လှောင်ပြောင်သည်ဟုပင် ထင်လာခဲ့၏။

ထို့ကြောင့် သူ့နှုတ်ခမ်းကွဲအကြောင်း၊ ပြောပြီဆိုလျှင် အယ်လီမေသည် စကားလမ်းကြောင်း၊ မပြောင်းမချင်း တစ်နေရာ၌သွား၍ ပုန်းအောင်းနေတတ်၏။ သူ့အကြောင်းမပြောတော့ဟု သေချာပေါက်သိကာမှ ပုန်းရှောင်နေရာမှ ပြန်ထွက်လာတတ်လေသည်။

"အခုလိုဖြစ်လာတာကို အပြစ်ပြောလို့တော့ မရပါဘူး။

အယ်လီမေရယ်" ဟု ဂျိုတာကပြောခဲ့ဖူး၏။

"နင် ဒီကမ္ဘာလောကကြီးထဲကို ဘုရားသခင် ဖန်ဆင်းပေးလိုက်တဲ့ ပုံစံအတိုင်းရောက်လာရတာပဲဟာ၊ ဘုရားသခင်က နင့်မျက်နှာကို အနုပုံအတိုင်း ဖြစ်စေချင်တာကိုးဟ၊ တစ်ခါတလေ ငါတွေးမိတယ်။ နင့်နှုတ်ခမ်းကွဲကို ပြန်ချုပ်ပေးရင် မကောင်းမှုတစ်ခုကို လုပ်သလိုများ ဖြစ်နေမလားမသိဘူး။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်က လုပ်ပေးထားတဲ့ဟာကို ငါတို့က ပြန်ပြင်သလို ဖြစ်နေမလားလို့ပါ"

"တော် ပြောသလိုဆိုရင် ကျုပ်မှာလည်း ပြောစရာရှိတာပဲတော့"ဟု အေဒါကဝင်ပြော၏။

"ဒူဒီမှာ နှုတ်ခမ်းကွဲပါအောင် မဖန်ဆင်းဘဲ အယ်လီမေ့ကိုမှ ရွေးပြီးလုပ်တာဟာ တော့်ဘုရားသခင် ရက်စရာကောင်းလှချည့်ပေါ့တော်၊ မိန်းကလေးတစ်ယောက်ကို ဒီလိုမျိုးဖြစ်အောင် လုပ်တာဟာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်မှမဟုတ်တာ...။

"မိန်းမတွေဆိုတာ ယောကျ်ားယူပြီး ယောကျ်ားကိုအလုပ်အကျွေးပြုဖို့ပဲ အသုံးဝင်တာတော့်၊ ဒါကို သိနေလျက်နဲ့ မိန်းမတစ်ယောက်ကို ဒီလိုကြီးလုပ်လွှတ်လိုက်တော့ သူ့ကို ဘယ်ယောကျ်ားက အသုံးချတော့မှာလဲ၊ တကယ်လို့ ဒူဒီမှာသာ နှုတ်ခမ်းကွဲ ပါလာလို့ကတော့ ဘာအရေးလဲ၊ ယောကျ်ားဆိုတာက မိန်းမတွေလို မျက်နှာချောဖို့လိုတာမှ မဟုတ်တာ"

လက်စတာမိသားစုသည် အယ်လီမေကို ကျောင်းထားခဲ့ကြသေး၏။ သို့သော်လည်း သူကျောင်းစတက်သည့်နေ့ မွန်းမတည့်မီ အိမ်သို့ပြန်ရောက်လာ၏။ ထိုအချိန်မှစ၍ သူ့ကိုကျောင်းလွှတ်၍ မရတော့ချေ။

ဆရာက အယ်လီမေကို အခြားကလေးများနှင့် အတူတူ ရောပြီးစာသင်၍ မဖြစ်နိုင်လောက်အောင် အသက်ကြီးနေပြီဟု ပြောကာ ပြန်လွှတ်လိုက်ခြင်းဖြစ်၏။ တကယ်တော့ ဤစကားမှာ





ဆရာက လူကြားကောင်းအောင် အကြောင်းပြ၍ ပြောလိုက်ခြင်းဖြစ်၏။

အမှန်မှာ အခြားကျောင်းသူ ကျောင်းသားများက အယ်လီမေ၏ နှုတ်ခမ်းကွဲကိုကြည့်ပြီး အတောမသတ်နိုင်အောင် ရယ်မောနေကြသဖြင့် စာသင်ခန်းထဲ၌ စာသင်၍မရနိုင်တော့သည့် အခြေအနေသို့ ဆိုက်နေခဲ့၏။ ထို့ကြောင့် ဆရာက ကြံဖန်၍ အကြောင်းပြကာ ပြန်လွှတ်လိုက်ခြင်းဖြစ်လေသည်။

ဒူဒီမှာလည်း အယ်လီမေကဲ့သို့ပင် ကျောင်းမနေခဲ့ရပေ။ ဂျိုတာက ဒူဒီအား သူ့ယာလုပ်ငန်းတွင် ကူညီလုပ်ကိုင်ပေးဖို့ လိုသည်ဟုဆိုကာ ကျောင်းမထားခဲ့၍ ကျောင်းမနေခဲ့ရခြင်းဖြစ်သည်။

ဂျိုတာသည် အယ်လီမေ၏ကိစ္စကို လျစ်လျူရှုကာ ဥပေက္ခာပြုနိုင်ခဲ့သည်။ သို့သော် သူ့ဘဝတွင် ကိုယ်ရောစိတ်ပါ အားထုတ်ပြီး မဖြစ်မနေ ကြိုးစားလုပ်ကိုင်ခဲ့သည့် အလုပ်တစ်ခုကတော့ ရှိခဲ့သည်။ ယင်းအလုပ်မှာ အခြားမဟုတ်။ သူ့ယာမြေကို စိုက်ပျိုးရသည့် အလုပ်ပေတည်း။

လွန်ခဲ့သည့် ခြောက်နှစ်ခုနှစ်နှစ်ခန့်ကာလ တစ်လျှောက်လုံး သူ့ဘဝတွင် ဤလုပ်ငန်းအကြောင်း မစဉ်းစားဘဲ နေခဲ့သည့် အချိန်ဟူ၍ မရှိသလောက်ဖြစ်ခဲ့သည်။ နှစ်စဉ် အချိန်ရာသီကျရောက်တိုင်း သူသည် သူ့ယာမြေပေါ်တွင် ဝါကိုမဖြစ်မနေ စိုက်ပျိုးခဲ့၏။

ကပ္ပတိန်ဖွန်တစ်ယောက် ဩဂတ်စတာမြို့သို့ ပြောင်းရွှေ့သွားခဲ့သည့်လွန်ခဲ့သော ခုနစ်နှစ်ခန့်ကမှစ၍ ဤဘက်ဒေသရှိ ယာလုပ်ငန်းဟူသမျှသည် တစ်ခန်းရပ်သလို ဖြစ်သွားခဲ့ရသည်။

သို့သော်...

ဂျိုတာကတော့ အများနည်းတူ လက်လျှော့ခြင်းမပြု။ နွေဦးပေါက်လာတိုင်း အစွမ်းကုန်ကြိုးစား၍ သူ့ယာကိုထွန်၏။ ပြီးတော့ ဝါစိုက်သည်။

ဂျိုတာကတော့ သူ့မြေနှင့် မြေထွက်သီးနှံများကို

လက်လွှတ်ရခြင်းသည် လူတွေကလုပ်၍ ဖြစ်ပေါ်လာရသည့် ဘေးဒုက္ခကြီးတစ်ခုဟု မြင်သည်။ တစ်ခါတစ်ရံလျှင် အခုလို ဖြစ်ရခြင်းသည် တစ်စိတ်တစ်ဒေသအားဖြင့် သူ့အပြစ်ဟု ပြောလေ့ရှိသည်။ သို့သော်လည်း သူ့လက်ရှိအခြေအနေသို့ ဆိုက်ရောက်ရခြင်းသည် အခြားလူများကြောင့် ဖြစ်သည်ဟူ၍ကား အခိုင်အမာ ယုံကြည်လျက်ရှိ၏။

သို့သော် သူသည် ကပ္ပတိန်ဂျွန်ကိုတော့ အခြား လူများအပေါ် အပြစ်တင်သလောက် မတင်ခဲ့ပေ။ ကပ္ပတိန်ဂျွန်သည် သူ့အပေါ်ပို၍ လုပ်ကိုင်ပေးခဲ့သည်၊ ဖူးလားမြို့ရှိ စတိုးဆိုင်များမှ သူ အကြွေးဝယ်ယူခဲ့သည့် ပစ္စည်းများမှာ တစ်ခါတစ်ရံ အဆမတန် များနေတတ်၏။

ထိုအခါမျိုးတွင် ကပ္ပတိန်ဂျွန်သည် သူ၏ အကြွေးဝယ်ခွင့်ကို ဘယ်တော့မှ ကန့်ကွက်ခြင်းမပြု၊ ဆက်လက်ဝယ်ယူခွင့်ကို ပြုမြဲတိုင်းပြုထားသည်။ သို့သော် လမ်းဆုံသည် လျင်မြန်စွာပင် ရောက်လာခဲ့သည်။

ကပ္ပတိန်ဂျွန်၏ အလွန်ရှေးဆန်သော စနစ်အောက်တွင် ဝါစိုက်ပျိုးမှုလုပ်ငန်းသည် အကျိုးအမြတ် မရှိတော့ပေ။ ဤတွင် ကပ္ပတိန်ဂျွန်သည် ယာလုပ်ငန်းကို စွန့်လွှတ်ကာ သြဂတ်စတာမြို့ပေါ်သို့ ပြောင်းရွှေ့သွားခဲ့သည်။ အမှန်အားဖြင့် ကပ္ပတိန်ဂျွန်သည် သူ့ယာသမားများအား စရိတ်စက အကုန်အကျသက်သာပြီး အသစ်အဆန်းဖြစ်သည့် ခေတ်မီစိုက်ပျိုးနည်းများ သင်ကြားပြသပေးသင့်သည်။

သို့သော် သူသည် အစကတည်းက ထိုလုပ်ငန်းကို မဖြစ်နိုင်ဟု ယူဆခဲ့သည်။ ထို့ကြောင့် သူသည် သူပိုင်ဆိုင်သမျှ စိုက်ပျိုးရေးဆိုင်ရာ ကိရိယာပစ္စည်းများအားလုံးကို ရောင်းချပြီး ဤဒေသမှဝေးရာသို့ ရွှေ့သွားခဲ့သည်။ အမှန်တော့ သူ့မြေနှင့် သူ့ပစ္စည်းများသည် သူ့အပေါ် မှီခိုအားထား နေကြရသည့် ဂျိုတာနှင့်





အခြား ယာသမားများအတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည့် ပစ္စည်းများဖြစ်သည်။

သို့သော် ထိုပစ္စည်းများ ရောင်းချလိုက်သည့်အခါ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နေသူများ၏ လက်တွင်းသို့ မရောက်။ အကယ်၍သာ ထိုစဉ်အခါက ဂျိုတာတို့ ယာသမားများက ညီညွတ်ပေါင်းစည်းသောစိတ်ဖြင့် ပစ္စည်းအားလုံးကို စုပေါင်းဝယ်ယူပြီး သူတို့ ယာလုပ်ငန်းကို ဆက်လက်၍ လုပ်ကိုင်သွားနိုင်ကြမည်ဆိုလျှင် ဤမျှလောက်အထိ အခြေပျက်အနေပျက် ဖြစ်စရာအကြောင်းမရှိ။

အခုတော့ဖြင့် ဂျိုတာသည် ဆင်းရဲတွင်းနစ်လျက်ရှိလေပြီ။ သူ့အသက်မွေးဝမ်းကျောင်း အလုပ်မှာလည်း မရှိတော့။ သူ့မှာလည်း တစ်နေ့တခြား စားရမဲ့သောက်ရမဲ့ဖြစ်ကာ ဖြည်းဖြည်းချင်း ငတ်စပြုနေလေပြီ။ သူ့အိမ်ပတ်လည်ရှိ ယာမြေများ၏ မူလပိုင်ရှင်မှာ ဂျိုတာ၏ အဘိုးဖြစ်၏။

လွန်ခဲ့သော ခုနစ်ဆယ့်ငါးနှစ်ကတော့ ဤမြေသည် ဂျော်ဂျီယာပြည်နယ်၏ အနောက်အလယ်ပိုင်းဒေသ တစ်ခုလုံးတွင် မြေသြဇာအကောင်းဆုံးမြေများ ဖြစ်ခဲ့သည်။

ထို့ကြောင့်လည်း သူ့အဘိုးသည် ဆေးရွက်ကြီးများ စိုက်မည်ဟူသော ရည်မှန်းချက်ဖြင့် ဤမြေများကို ခုတ်ထွင်ရှင်းလင်းခဲ့ခြင်းဖြစ်၏။ ထိုအချိန်ကတော့ ဤမြေများသည် တခြားသီးနှံများထက် ဆေးရွက်များကြီးနှင့် ပို၍ သင့်တော်သည့် မြေများဖြစ်ခဲ့သည်။

သဲဆန်ပြီး မြေသြဇာကောင်းသော မြေများဖြစ်၏။ ထုန်းမြေများမှာမူ မြင့်မားသလောက် ခြောက်သယောင်းနေကြ၏။ ဟိုတစ်ချိန် ခေတ်အခါကောင်းစဉ်က တည်ဆောက်ထားခဲ့သော ဆေးရွက်ကြီးများသိုလှောင်ရာ ကျီများသည် ဖရိုဖရဲ ပြိုလဲကျကာ ဟိုတစ်ပုံ သည်တစ်ပုံ ပြန့်ကျဲလျက်ရှိကြ၏။ တချို့မှာမူ ယခုအချိန်

အထိ အပျက်အစီးမရှိဘဲ မားမားမတ်မတ် ရပ်တည်နေကြဆဲ၊ အများစုမှာမူ ပြိုပျက်ကျကာ တစ်စစီ တစ်ပိုင်းစီ ဖြစ်ကုန်ကြလေပြီ။

ဂျီတာနေထိုင်ရာ ဆေးရွက်ကြီးလမ်းသည် ဂျီတာ၏ အဘိုးဖောက်လုပ်ခဲ့သော လမ်းဖြစ်သည်။ အရှည် ဆယ့်ငါးမိုင်ခန့် ရှိ၍ အရှေ့တောင်စူးစူးသို့ ဦးတည်သွားပြီး ပိုင်းဒ်မွန့်တောင်ကုန်း ခြေရင်း၌ဆုံးသည်။ ဤနေရာတွင် စ၍ တွေ့မြင်ရသော သဲတောင် ကုန်းများသည် မြစ်ကမ်းပါးများဆီအရောက်တွင် ပျောက်သွားကြ၏။

ဤလမ်းကို ဆေးရွက်ကြီးပုံများ လိမ့်၍လိမ့်၍ သယ်ယူရာ၌ အသုံးပြုခဲ့ကြသည်။ ပထမ ဆေးရွက်ကြီးများကို ကျီများထဲ၌ လှောင်၍ ထည့်ရခြင်းဖြစ်၏။ ယင်းပုံကြီးများကိုသယ်ရာ၌ လိမ့်၍ သယ်ယူရခြင်းဖြစ်၍ လမ်းကောင်းဖို့လိုသည်။ ထို့ကြောင့်လည်း ဆေးရွက်ကြီးလမ်းကို ချောမွေ့ညီညာပြီး ခိုင်ခံ့အောင် တည်ဆောက် ထားခဲ့ခြင်းဖြစ်သည်။

တစ်ခါတစ်ရံတွင် ဆေးရွက်ကြီးများကို လူမည်း အလုပ် သမားများက မြစ်ဆိပ်ရှိ သင်္ဘောပေါ်အထိ လိမ့်၍သယ်ကြသည်။ တစ်ခါတစ်ရံတွင် လားများနှင့်ဆွဲ၍ ပို့ကြသည်။ တစ်ခါတစ်ရံ အမြင့်ပေါ်မှ လိမ့်ချလိုက်သော ဆေးရွက်ပုံများသည် အနီးအနားရှိ ချောင်းငယ်မြောင်းငယ်ထဲသို့ ကျသွားတတ်၏။ ဆေးရွက်ကြီးများမှာ ဆေးရွက်ရေစိုလျှင် ချက်ချင်းပျက်စီးပြီး တန်ဖိုးမရှိ ဖြစ်တတ်လေ သည်။

နှစ်ပေါင်း ခုနစ်ဆယ့်ငါးနှစ် ကုန်လွန်ခဲ့ပြီးသည့် နောက် ပိုင်းတွင်လည်း ဆေးရွက်ကြီးလမ်းသည် တည်ရှိဆဲပင်ဖြစ်သည်။ သို့သော် နေရာအများအပြားတွင် ရေလေတိုက်စား၍ ကျင်းများ ချိုင့်များ အပေါက်အပက်များ ဖြစ်နေကြပြီ။

ဆာဗားနားတောင်ကြားလွင်ပြင်၏ တစ်ဖက်ရောက်သည် အထိတော့ ဆေးရွက်ကြီးလမ်း၏ အမှတ်အသား ခြေရာလက်ရာများ မပျောက်သေး။ အချို့နေရာများတွင် တစ်မိုင်သို့မဟုတ် တစ်မိုင်ကျော်





ခန့်အထိ ရှည်လျားသောလမ်းရာများ ကျန်ရှိနေသေးသည်။ အချို့ နေရာများတွင်မူ ပိုင်းဒ်မွန့်တောင်ကုန်းခြေရင်း ရောက်သည်အထိ မိုင်အစိတ် မိုင်သုံးဆယ်ခန့်အထိ ရှည်လျားသော လမ်းရာများကို တွေ့နေရသေးသည်။

ဂျီတာ၏ဖခင်သည် သူ့အဖေပိုင်ဆိုင်ခဲ့သမျှ မြေအားလုံး၏ တစ်ဝက်ခန့်ကို အမွေဆက်ခံသည်။ သို့သော်လည်း သူရထားခဲ့သည့် မြေထဲမှ တစ်ဝက်ခန့်သည် လျင်မြန်စွာပင် သူ့လက်ထဲမှ ထွက်သွား ခဲ့၏။ ပထမဆုံး သူသည် အခွန်တော်ပြေလည်အောင် မပေးနိုင် သည့် ပြဿနာနှင့် ရင်ဆိုင်ခဲ့ရ၏။ ထိုအခါ မြေတချို့ကိုရောင်း၍ အခွန်ပေးခဲ့ရသည်။

လက်ထဲတွင် ကျန်ခဲ့သည့်မြေကို သူ တတ်အားသရွေ့ ကြိုးစားအားထုတ်ပြီး စိုက်ပျိုးခဲ့သည်။ နှစ်စဉ်ဝါကိုသာ အားထား၍ စိုက်ခဲ့၏။ သို့သော် မြေက သဲဆန်လွန်းသဖြင့် တစ်နှစ်ထက် တစ်နှစ် ဓာတ်မြေဩဇာများ ပို၍ပို၍ သုံးလာခဲ့ရသည်။ မိုးရာသီ ရောက်၍ မိုးရွာလာသည့်အခါ သဲမြေသည် ထည့်ပေးထားသည့် ဓာတ်မြေဩဇာများကို မထိန်းနိုင်။ ဝါပင်၏ အမြစ်များက မစားသုံး ရသေးမီ ဓာတ်မြေဩဇာအားလုံးသည် မိုးရေနှင့် ရောပါသွားကြလေ တော့သည်။

ဂျီတာယာခင်းထဲဆင်း၍ အလုပ်ကောင်းကောင်းလုပ်နိုင် သည့် အရွယ်သို့ ရောက်လာသည့်အခါတွင်မူ မြေများမှာ မြေဆီ မြေနှစ်ဟူ၍ မရှိတော့သလောက် ခန်းခြောက်သွားခဲ့ပြီဖြစ်၍ မြေများ ပေါ်တွင် ထင်းရှူးပင်များ အပြိုင်းအရိုင်းပေါက်လာခဲ့ကြလေပြီ။ တစ်နှစ်ပြီးတစ်နှစ် ဝါသီးနှံတစ်မျိုးတည်း စိုက်လာခဲ့သဖြင့် မြေဩဇာ မှာ ပျက်သုဉ်းကုန်ခန်းသွားခဲ့ရပြီဖြစ်၏။

ဝါအထွက်နှုန်းမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးလာ သည်မရှိ၊ ဆုတ်ယုတ်လျော့နည်းသည်ထက် လျော့နည်းလာခဲ့၏။ ဓာတ်မြေဩဇာများကို တိုး၍တိုး၍ ချပေးခဲ့သော်လည်း ချထားပေး

သမ္မ စာတ်မြေညြစာများသည် သဲမြေထဲတွင် ကြာရှည်မနေ၊ ဓါဝင်အခြစ်များဆီသို့ မရောက်မီ မိုးရေသယ်ဆောင်ရာနောက်သို့ ဓါသွားကြသဖြင့် အရှည်းနီး အလဟဿ ဖြစ်ရသည်ကများလေ၏။

သူဖခင် ဆုံးပါးသွားသောအခါ ဂျိုတာလက်တွင်းသို့ မြေများနှင့် ကြွေးကျန်များ လွှဲပြောင်းရောက်ရှိခဲ့သည်၊ ပထမဆုံး သူရင်ဆိုင်ရသည့် ပြဿနာမှာ သူဖခင်ပေါင်ထားခဲ့သည့် ပစ္စည်းများ ရုတ်တရက် ပြန်မရွေးနိုင်၍ အသိမ်းခံရခြင်းဖြစ်၏။ ကြွေးရှင်များ ကျေနပ်အောင် လုပ်ပေးရမည့်တာဝန်သည် သူ့တာဝန်ဖြစ်သည့် အားလျော်စွာ သူသည် သူပိုင်မြေပေါ်ရှိ သစ်အားလုံးကို ခုတ်၍ ရောင်းရသည်။

သူပိုင်မြေထဲမှ ကျောက်တော်များများကို ထပ်၍ ရောင်းရသည်။ နောင်နှစ်နှစ်အကြာတွင် ဂျိုတာသည် ကြွေးလည်ပင်းမိုက်နေပြီဖြစ်၍ ကြွေးရှိရှိသမျှကို ပေးဆပ်ပြီးသည့်အခါ သူ့လက်ထဲတွင် ကိုယ်ပိုင်မြေဆို၍ တစ်ဧကပင် မရှိတော့ပေ။ သက်ဆိုင်ရာအာဏာပိုင်များက လေလံတင်ရောင်းခဲ့သည်။

လယ်ယာများကို ဝယ်ယူရရှိသွားသူမှာ ကပ္ပတိန်ဖွန်ဟာမွန်ဆိုသူဖြစ်၏။ ကပ္ပတိန်ဖွန်သည် ဂျိုတာနှင့် သူ့မိသားစုအား သူပိုင်အိမ်များထဲမှ တစ်လုံးတွင် နေထိုင်ခွင့်ပေးခဲ့ပြီး ယာလုပ်ငန်းကိုလည်း ရှယ်ယာစနစ်ဖြင့် အငှားချ၍ လုပ်ကိုင်ခွင့်ပြုခဲ့၏။ ဂျိုတာ၏ ထိုအခြေအနေမှာ ကမ္ဘာစစ်ကြီး မဖြစ်ပွားမီ ဆယ်နှစ်က အခြေအနေဖြစ်ပေသည်။

ထိုအခြေအနေမှစ၍ နောက်ပိုင်းကာလတစ်လျှောက်တွင် ဂျိုတာသည် တစ်နှစ်ထက်တစ်နှစ်တိုး၍ ဆင်းရဲတွင်းနစ်လာခဲ့သည်။ မနှစ်ကထက် ဒီနှစ်ပို၍ ဆင်းရဲကာ ဒီနှစ်ထက်နောင်နှစ်တွင် ပို၍ ဆင်းရဲရသည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့သည်၊ နောက်ဆုံး ကပ္ပတိန်ဖွန်က သူပိုင်လားများနှင့် လယ်ယာလုပ်ငန်းသုံး ပစ္စည်းအားလုံးကိုရောင်းချပြီး ဩဂတ်စတာမြို့သို့ ပြောင်းသွားသည့်အခါ





တွင်မှကား ဂျိုတာ၏ဘဝသည် အဆိုးရွားဆုံး အခြေအနေသို့ ရောက်သွားခဲ့ရလေ၏။

ထိုအချိန်မှစ၍ သူ့အတွက် တစ်နှစ်တာပတ်လုံး အလုပ်လုပ်ပြီး ပစ္စည်းများ အကြွေးဝယ်ခွင့်လည်း လုံးဝရပ်ဆိုင်းသွားခဲ့၏။ ကပ္ပတိန်ဖွန်သည် သူပြုလုပ်ထားသည့် အကြွေးစနစ်ကို သူနှင့်တစ်ပါတည်း ယူသွားခဲ့လေပြီ၊ ဂျိုတာအနေဖြင့် ဘာလုပ်ရမှန်းမသိ၊ အစားအစာပင်မရှိဘဲ နေရသောဘဝတွင် ဆက်၍နေလို့မှ တန်ဖိုးရှိပါဦးမည်လော၊

ထိုအချိန်မှာပင် သူ့သားသမီးအများစုသည် အိမ်မှထွက်ခွာသွားကြသည်၊ ဩဂတ်စတာမြို့သို့ သွားသူကသွား၍ ခြေဦးတည့်ရာဆီသို့ သွားသူကသွားကြသည်၊ အခုဆိုလျှင် သူတို့တစ်တွေ ဘယ်မြို့ဘယ်ရွာ ဘယ်ဒေသသို့ ရောက်နေကြမှန်း ဂျိုတာမသိတော့၊

ဂျိုတာနှင့် အေဒါတို့လင်မယားတွင် သားသမီး ဆယ့်ခုနစ်ယောက်မွေးခဲ့၏။ ငါးယောက် အဖတ်မတင်ခဲ့၊ ကျန် ဆယ့်နှစ်ယောက်မှာလည်း ဟိုရောက်သည်ရောက် ဖြစ်ကုန်ပြီ၊ အိမ်တွင် အယ်လီမေနှင့် ရူဒီတို့မောင်နှမသာလျှင် ရှိတော့၏။ ပါးလ်ကတော့ အိမ်နှင့် နှစ်မိုင်ခန့်သာဝေးသော နေရာတွင်ရှိ၏။ သို့သော် သူသည် ဂျိုတာတို့အေဒါတို့ထံ လုံးဝမလာ၊ ဂျိုတာနှင့် အေဒါတို့ကလည်း သူ့ထံမရောက်၊

သေဆုံးသွားခဲ့သော ကလေးငါးယောက်ကိုမူ သူတို့ ယာမြေပေါ်မှာပင် မြှုပ်နှံထားခဲ့၏။

မြှုပ်နှံရာ၌ စည်းစနစ်ဖြင့် တစ်နေရာတည်း၌ သတ်သတ်မှတ်မှတ် မြှုပ်နှံကြခြင်းမဟုတ်၊ ဟိုတစ်ဦး၊ သည်တစ်ယောက် လျှောက်၍ မြှုပ်နှံခဲ့ကြခြင်းဖြစ်သည်၊ သူတို့သေဆုံးပြီးသည့် နောက်တွင် ယာမြေများကို ထွန်ခဲ့ယက်ခဲ့ကြရသည်ဖြစ်ရာ မူလကတည်းက အမှတ်အသားနှင့် မြှုပ်နှံမထားခဲ့သော မြေပုံများသည် ပျောက်ပျက်ကုန်ကြလေ၏။ အခုမှကြည့်လို၍ သူတို့မြေပုံများကို ရှာကြည့်မည်

ဆိုပါက ဘယ်လိုနည်းနှင့်မှ ရှာ၍ရနိုင်တော့မည် မဟုတ်ပေ။

ခွဲဒီနှင့် အယ်လီမေတို့မှလွဲ၍ ကျန် သားသမီးအားလုံး အိမ်ထောင်ကျကုန်ပြီဖြစ်၏။ သူ့သားအကြီးဆုံး တွမ်တစ်ယောက် ဘယ်ဆီရောက်နေသည်ကို ဂျိုတာ့စိတ်ထဲက သိသလိုလိုရှိသည်။ သို့သော်လည်း တိတိပပမဟုတ်၊ မရေမရာဖြစ်နေသည်။ ဖူးလား ဘက် တစ်ခေါက်ရောက်ခဲ့စဉ်က တွမ်သည် မိုင်နှစ်ဆယ်ခန့်အကွာရှိ အခြားကောင်တီခရိုင်နယ်မြေအတွင်းမှ နေရာတစ်နေရာတွင် မီးရထား စလီဖားတုံး အရောင်းဆိုင်တစ်ဆိုင် ဖွင့်ထားသလိုလို ကြားခဲ့ရလေသည်။

ကျန်လူစု ဘယ်ရောက်နေကြသည်ကို ဘယ်သူမှမသိကြ၊ သူတို့တစ်တွေ သေသလားရှင်သလားပင် မသိ။ အိမ်မှ နောက်ဆုံး ထွက်သွားသူမှာ လစ်စီဘဲလ်ဖြစ်၏။ သူထွက်သွားသည်မှာပင် နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ သွားစဉ်က ဩဂတ်စတာမြို့၏ မြစ်တစ်ဖက်ကမ်းရှိ ဝါကြိတ်စက်ရုံ၌ အလုပ်လုပ်မည်ဟုပြောသွားခဲ့၏။

ဟော့စ်ကရီတောင်ကြားလွင်ပြင်ဟုခေါ်သော ထိုနေရာ တစ်ဝိုက်တွင် ဝါကြိတ်စက်ရုံပေါင်း ဆယ်ခု သို့မဟုတ် ဆယ်ခု ကျော်ကျော်မျှရှိသည်။ လစ်စီဘဲလ်က သူ ဘယ်စက်ရုံ၌ လုပ်မည်ဟု အတိအကျ ပြောသွားသည်မဟုတ်၊ အချို့ကတော့ ဂျိုတာ့ကို လစ်စီဘဲလ်တစ်ယောက် ထိုအရပ်၌ရှိနေသေးသည်ဟု ပြောကြ၏။ လစ်စီဘဲလ်မှာ အိမ်ထောင်ကျကာ သားသမီး ခုနစ်ယောက်ပင် ရနေပြီဟု ဆို၏။

ထိုသတင်း မှန်မမှန်ကိုမူကား ဂျိုတာမသိ။ အဘယ်ကြောင့် ဟူမူ လစ်စီဘဲလ်ထံမှ မာကြောင်းချာကြောင်း၊ သတိရကြောင်း ရေးသည့်စာမျိုးကိုပင် တစ်စောင်တလေမှမရခဲ့။

သူ့အနီးအနားတွင် သားသမီးများမရှိသဖြင့် ဂျိုတာ၏ ရင်ထဲတွင် အထီးကျန်စိတ် ဝင်လာသည့်အခါဝင်သည်။ တချို့ တလေ သူ့ထံ ခဏတစ်ဖြုတ် ပြန်လာစေချင်သော ဆန္ဒ ပြင်းပြင်း





ပြပြဖြစ်သည်။

စာလေးဘာလေး ရေးစေချင်သည့် ဆန္ဒလည်း ပေါ်သည့် အခါပေါ်သည်။ တစ်ခါတစ်ရံကျတော့လည်း သူတို့ထည့်သည့် စာတွေ သူ့ထံမရောက်လို့များလားဟု တွေးမိသည်။

ကျေးလက်ဒေသဖြစ်သော ဆေးရွက်ကြီးလမ်းဘက်သို့ စာပို့သမားမလာ။ သူ့တွင် သီးသန့်စာတိုက်ပုံးလည်း မထားနိုင်။ ဖူးလားမြို့ရှိ စာတိုက်သို့သွား၍ လစ်စီဘဲလ် သို့မဟုတ် ကလယ်ရာ သို့မဟုတ် တွမ် သို့မဟုတ် အခြားသားသမီးများထံမှ သူ့အတွက် စာတစ်စောင်တလေ ရောက်မရောက် စုံစမ်းမည်ဟု သူအကြိမ်ပေါင်း များစွာ ပြောခဲ့သည်။ အကယ်၍ စာရပါမူ စာတတ်သူတစ်ဦးကို ရှာ၍ ဖတ်ခိုင်းရမည်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် သူရောအဒေါပါ စာသင်ကြားခွင့် မရခဲ့၍ စာမဖတ်တတ်ခြင်းကြောင့်ပေတည်း။ သူ ဖူးလားသို့ရောက်ခဲ့ သည်မှာ အကြိမ်ပေါင်းတစ်ရာထက် မနည်းတော့ပြီ။ စာတိုက်သို့ ဝင်၍ စုံစမ်းမည်ဟုလည်း စိတ်ကူးရှိခဲ့၏။ သို့သော် ယနေ့အထိ စာတိုက်ကို မရောက်ဖြစ်ခဲ့ချေ။

တစ်နေ့နေ့ကျလျှင် သူကိုယ်တိုင် ဘဲက်ခ်ကောင်တီခရိုင် နယ်မြေအထိသွားကာ တွမ်နှင့်တွေ့နိုင်လိမ့်မည်ဟူသော မျှော်လင့် ချက်လည်း သူ့ရင်ထဲ၌ ကိန်းအောင်းခဲ့သည်။ ထို့ကြောင့် ခရီးသွားဖို့ အစီအစဉ်ကို စိတ်ကူးဖြင့် ချမှတ်ခဲ့သည်မှာ ကြာပြီ။ သို့သော် မသွားဖြစ်။

မသွားဖြစ်ရခြင်း၏ ပထမအကြောင်းသည် သူ၏ မော် တော်ကားအိုကြီးဖြစ်သည်၊ ဒုတိယအကြောင်းမှာ ရာသီဥတု ဆိုးရွားသဖြင့် လမ်းတွေအားလုံး နွံ့ဗွက်တွေထနေ၍ ဖြစ်သည်။

တွမ့်ထံသွားရန် စီစဉ်ရခြင်းမှာ ရည်မှန်းချက်နှစ်ချက်ရှိ၏။ တစ်ချက်မှာ သူ့သားနှင့် မတွေ့ရသည်မှာ ကြာပြီဖြစ်၍ တွေ့လို မြင်လိုသည်။ စကားပြောလိုသည်။ ဒုတိယအချက်မှာ အဓိက

*အကျဆုံးသော ရည်မှန်းချက်ဖြစ်၏။*

တွမ်နှင့် သူတွေ့လျှင် အကျိုးအကြောင်းပြောပြမည်၊ သူနှင့် အောါစားရမဲ့ သောက်ရမဲ့ဖြစ်သည်အထိ ဆင်းရဲနေကြောင်း သိသွားလျှင် တွမ်က သူတို့ကို ငွေကြေးအထိုက်အလျောက် ပံ့မှန် ထောက်ပံ့သွားမည်ဟု ယုံကြည်ထားသည်။

ဖူးလားမြို့စတိုးမှ ကြားခဲ့ရသည့် သတင်းအရဆိုလျှင် တွမ်သည် သူ့ကိုအပတ်စဉ် ငွေကြေးဒေါ်လာ အနည်းငယ်မျှ ပေးနိုင်မည့် အခြေအနေရှိသည်ဟု ယူဆရသည်။ လူတွေပြောကြသည့် အတိုင်းဆိုလျှင် တွမ်သည် လားကောင်ရေ ငါးဆယ်ခြောက်ဆယ်ခန့် ပိုင်ဆိုင်နေပြီ၊ နွားတွေလည်း အများအပြား မွေးထားသည်။

မီးရထား စလီဖားတုံးများ ရောင်းချသည့်လုပ်ငန်းမှ ငွေ တွေ အမြောက်အမြား ရနေသည်။ ဤစကားများသည် ဂျိုတာ ဖူးလားမြို့သို့ရောက်တိုင်း ကြားနေရသည့် သတင်းများဖြစ်ရာ မှန်လိမ့်မည်ဟု ဂျိုတာကယူဆသည်။

အကယ်၍ သူတို့လင်မယား အလွန်ဆင်းရဲနေကြောင်း သူ့သားကို ပြောပြလိုက်ပါက တွမ် မကူညီဘဲ နေလိမ့်မည်မဟုတ် ဟု သူ ယုံကြည်လျက်ရှိ၏။ အခုဆိုလျှင် ဆောင်းရာသီ ကုန်သွားပြီ။ ဒီနှစ်နွေမှာတော့ သွားနိုင်လိမ့်မည်ဟု မျှော်လင့်သည်။ သည် ရာသီဆိုလျှင်တော့ လမ်းများတွင် ရွံ့ဗွက်များရှိတော့မည်မဟုတ်၊ နေ့တွေကလည်း နေ့တာရှည်လာကြတော့မည်။

ဆောင်းရာသီကုန်ဆုံး၍ နွေဦးပေါက်လာသည်နှင့် တစ်ပြိုင်နက် ဖြစ်နေကျ စိတ်အပြောင်းအလွဲသည် ဂျိုတာတွင် ပေါ်လာတတ်သည်။ ဖေဖော်ဝါရီလကုန်ပိုင်း၏ နွေးထွေးသော ရက်များသည် ဂျိုတာ၏စိတ်ကို များစွာလှုပ်ရှားထကြွစေသည်။ ထိုအချိန်တွင် သူ့ယာမြေကို အသစ်တစ်ဖန် ပြန်လည်စိုက်ပျိုး လိုသောစိတ်သည် ပြင်းထန်စွာ ဖြစ်ပေါ်လာသည်။

နှစ်စဉ်နှစ်တိုင်း ဤရာသီတွင် သူသည် မြေကိုထွန်ယက်





နိုင်ရန် ဝါမျိုးစေ့နှင့် မြေသြဇာများကို ဖူးလားမြို့ပေါ်ရှိ ကုန်သည် ကြီးများထံမှ အကြွေးဝယ်ရန် ကြိုးပမ်း၏။ သူ၏ ကြိုးပမ်းအားထုတ် မှုများသည် တကယ်တော့ အောင်မြင်သည်မရှိ။ သူ့ကို ဆယ်ဆင့် ဖိုးပင် အကြွေးပေးမည့်သူမပေါ်။ အားလုံးက ငြင်းလိုက်ကြသည်သာ ဖြစ်၏။

မည်သို့ပင်ဖြစ်စေ သူကတော့ နွေဦးပေါက်တိုင်း သူ့ ယာများကိုမီးရှို့၏။ သူ့ယာပေါ်၌ ပေါက်နေကြသည့် ပိတ်စွယ် မြက်များကို ရှင်းလင်းသုတ်သင်ထားခြင်းအားဖြင့် တစ်ဦးတစ်ယောက် ထံမှ လားငှား၍ရလာပြီး လိုအပ်သည့်မျိုးစေ့နှင့် မြေသြဇာများကိုပါ ရလာပါက ချက်ချင်းထထွန်ယက်နိုင်မည် မဟုတ်ပါလော။ လွန်ခဲ့ သော ခြောက်နှစ် ခုနစ်နှစ်ကာလအတွင်း၌ ဤဖြစ်ရပ်သည် နှစ်စဉ် ဖြစ်နေကျ ဖြစ်ရပ်ပင်တည်း။

ဂျိုတာ၏ မြေကိုချစ်သောစိတ်သည် မျိုးရိုးစဉ်ဆက် ဆင်း သက် ဆက်ခံလာခဲ့ရသည့်အမွေဖြစ်၏။ လယ်ယာစိုက်ပျိုးရင်း အကြီးအကျယ် ပျက်စီးဆုံးရှုံးခဲ့ရသည့် အတွေ့အကြုံများကပင်လျှင် သူ့ဘဝတစ်လျှောက်လုံး လက်စတာယာမြေများ၏ လက်ကျန် မြေ စကအနည်းငယ်ပေါ်၌ နေထိုင်ခဲ့ရသူဖြစ်သည်။

ထိုယာမြေများသည် သူ၏ တရားဝင်ပိုင်ဆိုင်ခွင့် မရှိတော့ သည့် မြေများဟုသိရသော အချိန်တွင်လည်း သူ့ရင်ထဲ၌ မြေပေါ်မှ ဝေးရာသို့ ပြောင်းရွှေ့သွားရလျှင် သေလိမ့်မည်ဟုပင် ထင်ခဲ့သည်။

သူ့အနေဖြင့် အခြားနေရာတစ်နေရာသို့ ပြောင်းရွှေ့နေထိုင် မည်ဟု လုံးဝစိတ်မကူး။ အကယ်၍ သူ့ကို တခြားလူတစ်ဦး၏ မြေပေါ်သို့ ရွှေ့ပြောင်းနိုင်းပြီး ရှယ်ယာစနစ်ဖြင့် စိုက်ပျိုးခွင့်ပေးလာ သည့်တိုင်အောင် သူကတော့ သူ့မြေပေါ်မှ ရွှေ့လိမ့်မည်မဟုတ်။

ဩဂတ်စတာမြို့သို့ရွှေ့ပြီး ဝါကြိတ်စက်ရုံ၌ အလုပ်လုပ်ဖို့ ဆိုသည်ကား သူ့အတွက် လုံးဝမဖြစ်နိုင်သည့် ကိစ္စတစ်ခုဖြစ်၏။ သူ၏ဘဝတူ ယာသမားများသည် ဝါကြိတ်စက်ရုံများရှိရာသို့ ပြောင်း

သွားနေကြသည်ကို သူမြင်တွေ့နေရ၏။

သို့သော်လည်း သူ့စိတ်တွင် သူတို့လိုလိုက်၍ လုပ်ချင်သည့် ဆန္ဒမပေါ်၊ ဝါကြီတ်စက်ရုံများတွင်ဝင်၍ အလုပ်လုပ်ခြင်းသည် အချို့လူများအတွက် အဆင်ပြေကောင်း ပြေလိမ့်မည်။ ဤမြေပေါ်မှာပင် ငတ်၍ပင်အသေခံမည်။ ဘယ်တော့မှ သွားမလုပ်ဟု ဂျီတာကပြောလေ့ရှိ၏။ ခုနစ်နှစ်မျှကာလအတွင်း ထို အယူအဆသည် ပြောင်းလဲခြင်းမရှိ။

လစ်စီဘဲလ် အိမ်မှထွက်သွားသောအခါ အေဒါက သူပါ ဩဂတ်စတာမြို့သို့ ပြောင်းချင်သည်ဟု ပြောခဲ့ဖူးသည်၊ သို့သော် ဂျီတာကလက်မခံ၊ မြေကိုစွန့်ခွာပြီး စက်ရုံတည်ရာမြို့တစ်မြို့သို့ ရွှေ့လိုသောဆန္ဒမျိုးကတော့ သူ့စိတ်တွင် ဘယ်တော့မှပေါ်စရာ အကြောင်းမရှိဟုဆိုသည်။

"မြို့ပေါ်က အနေအစားဟာ ဘုရားသခင်က ပေးတဲ့ဟာ မဟုတ်ဘူး" ဟု ဂျီတာက ခေါင်းတခါခါဖြင့်ပြော၏။

"မြေနံ့ကိုမရှူရတဲ့ ဩဂတ်စတာမြို့က ဝါကြိတ်စက်ရုံ ထဲမှာ နေရမယ်ဆိုတာဟာ လူတစ်ယောက်အတွက် သဘာဝကို မကျဘူး၊ အဲသလိုလုပ်တာဟာ တချို့လူတွေအတွက် ကောင်းချင် ကောင်းမှာပါ၊ ဒါပေမဲ့ ငါ့အတွက်ကတော့ အဓိပ္ပာယ်မရှိဘူး၊ ဘုရားသခင်က ငါ့ဘဝကို မြေကြီးပေါ်မှာ အစပြုခိုင်းခဲ့တာဟာ၊ ငါဒီမြေကို မခွာနိုင်ဘူး၊ ငါ့ကို ဝါကြိတ်စက်ရုံထဲမှာ ပိတ်လှောင်ခံထားရမယ် ဆိုရင်တော့ ကြက်တစ်ကောင် ခေါင်းဖြတ်အသတ်ခံရသလို ဖြစ်နေမှာပဲ"

"တော် စကားပြောတာက အရူးကြီးတစ်ယောက် ပြောနေသလိုပဲ" ဟု အေဒါက ဒေါသတကြီးပြန်ပြောသည်။ "ဒီမြေပေါ်မှာ နေပြီး ငတ်သေမှာနဲ့စာရင် ဟိုစက်ရုံမှာ သွားနေရတာက ပိုကောင်းတာပေါ့တော့၊ ဟိုမှာဆို ကျုပ်စားချင်တာတော့ စားရမှာပဲ၊ ဒီမှာက တော့ ဘယ်တော့မှ ဝအောင်စားရမှာမဟုတ်တော့ဘူး"





"တို့ကို ဘုရားသခင်က ကျွေးမှာပေါ့ဟာ" ဟု ဂျီတာက ပြောသည်။

"အခုဆိုရင် ဘုရားသခင်ပေးတဲ့ ပဲ့နှည်းကို ငါရတော့မှာပါ၊ သူက ငါတို့ကို ဒီမြေပေါ်မှာနေနိုင်းပြီး အငတ်တော့ထားမှာ မဟုတ်ပါဘူး။ မကြာခင် သူ တို့စားဖို့သောက်ဖို့ ပဲ့နှည်းတွေပေးမှာပါ၊ ငါဟာ တစ်သက်လုံး ဘုရားသခင်ကို ကြောက်ခဲ့တဲ့ကောင်ပါ၊ သူ ငါ့ကို နောက်ထပ် ဒုက္ခရောက်အောင် လုပ်မှာမဟုတ်တော့ပါ ဘူး"

"ကောင်းပါ့တော်၊ တော်ဒီမှာ ငုတ်တုတ်ကြီးထိုင်ပြီး စောင့်ကြည့်ပေါ့၊ ကနေ့ကစပြီး နောင်ဆယ်နှစ်ကြာလည်းပဲ တော့်အဖြစ်က ထူးခြားလာမှာမဟုတ်ဘူး။ အခုပုံအတိုင်းပဲနေမှာကတော့ သေချာ ပါတယ်၊ ကလေးတွေကမှ တော့်ထက် အသိဉာဏ်ရှိသေးတယ်၊ အရွယ်ရောက်လာကြတာနဲ့ တစ်ပြိုင်နက် ဝါကြိတ်စက်ရုံတွေကို သွားပြီး အလုပ်လုပ်နေကြတယ် မဟုတ်လား၊ ဒီမှာနေပြီး ရှင့်လက်နဲ့ သူတို့ပါးစပ်ပေါက်တွေထဲ အစာခွံ့ပေးနေတာကို ခံနေလို့မဖြစ်တော့ ဘူးဆိုတာ သူတို့ ကောင်းကောင်းသိနေကြတယ်၊ တကယ်လို့သာ ကျုပ်အသက်မကြီးဘူးဆိုရင် အခုချက်ချင်း ဝါကြိတ်စက်ရုံတွေကို သွားပြီးအလုပ်လုပ်မယ်၊ ငွေရအောင်ရှာမယ် သိလား"

"ဘုရားသခင်က ငါ့စိတ်ကို ခံနိုင်ရည်ရှိ မရှိ စမ်းသပ်ချင်လို့ ဒီဒုက္ခတွေကို ပေးနေတာပါ အေဒါရာ၊ သူက ငါ့အတွက် အကောင်းဆုံးတစ်ခု ပေးတော့မှာပါ၊ တကယ်တော့ ငါ့စိတ်ခံနိုင်ရည် ရှိနေပြီဆိုတာ သူလည်း သိတန်သရွေ့တော့ သိနေပါပြီ၊ သူက အခု ငါ နတ်ဆိုး နတ်မိစ္ဆာကို ယှဉ်ပြိုင်ပြီး တိုက်နိုင်တယ် မတိုက်နိုင်ဘူးဆိုတာ စောင့်ကြည့်နေလို့ပါ"

"ဟင်..."

အေဒါက မလိုတမာသံဖြင့် ရေရွတ်၏။

"တော် ပြောသလိုပဲ ထားလိုက်ပါတော့၊ ဒါပေမဲ့ တော့်

ဘုရားသခင်က ကျုပ်တို့အတွက် တစ်ခုခုကို မြန်မြန်သာ လုပ်မပေးနိုင်လို့ကတော့ တော်တို့ ကျုပ်တို့ဘဝဟာ လွယ်လိမ့်မယ် မဟုတ်ဘူး။ မထင်လိုက်ပါနဲ့။ ကျုပ်ဗိုက်ကတော့ သူ့ကိုငြိမ်အောင် လုပ်ပေးနိုင်မယ့် စားစရာဘာတစ်ခုမှမရှိလို့ တစ်နေကုန် တစ်နေခန်း နာလိုက်အောင့်လိုက်နဲ့ ဖြောင်းဆန်နေပြီ"

■

( ၈ )

သံတောင်ကုန်းများ ဒေသဘက်မှာတော့ ဂျိုတာ့အတွက် လုပ်စရာ အလုပ် ဘာမျှမရှိ။ တစ်နေ့လျှင် ဆင့်အနည်းငယ်မျှရနိုင်သည့် အလုပ်မျိုးပင်မရှိချေ။ ပတ်ဝန်းကျင် မိုင်နှစ်ဆယ် ပတ်ပတ်လည်တွင် သူရင်းငှားထား၍ အလုပ်လုပ်နေသည့် ယာသမားဟူ၍ တစ်ယောက်မျှမရှိ၊ ယာသမားအားလုံး၏ အခြေအနေသည် ဂျိုတာနှင့် အတူတူပင် ဖြစ်၏။

တချို့ယာသမားများမှာ သူ့ထက်ပင် အခြေအနေဆိုးသေးသည်။ ဤဒေသတစ်ဝိုက်တွင် သူ အလုပ်ဝင်လုပ်နိုင်သည့် သစ်စက်လည်းမရှိ၊ ထင်းရှူးဆီစက်ရုံများလည်းမရှိ။ ဤတစ်ဝိုက်တွင် အလုပ်အကိုင် ရနိုင်သည့်နေရာမှာ ကျောက်မီးသွေးလျှောစင်တစ်ခုသာရှိ၏။

ထိုအလုပ်မှာလည်း ဩဂတ်စတာနှင့် ကျော်ဂျီယာတောင်ပိုင်းမီးရထားလမ်း စတင်ဖောက်လုပ်ခဲ့သည့် အချိန်ကတည်းက လင်ဗ်၏ လက်တွင်းသို့ရောက်နေ၏။ အကယ်၍ ထိုအလုပ်ကို ဂျိုတာက လင်ဗ်၏လက်ထဲမှ လုယူနိုင်သည့်တိုင် သူ့အတွက် လုပ်နိုင်ဖို့ မလွယ်။

ထိုအလုပ်သည် သက်သာသော အလုပ်မဟုတ်။ အလွန်ကြီးမားသော သံခွက်ကြီးထဲသို့ တစ်နေကုန်တစ်နေခန်း ကျောက်

မီးသွေးများ အဆာတ်မပြတ် သယ်ထည့်ပေးရခြင်း၊ ထိုမှ တစ်ဆင့် မီးရထားခေါင်းတွဲ အင်ဂျင်စက်ထဲသို့ လောင်းထည့်ပေးရခြင်းစသော လုပ်ငန်းများသည် ကျောနှင့်လက်များ အားကောင်းမောင်းသန်ဖြစ်ဖို့ လိုသည်။

လပ်စ်ကတော့ ထိုအလုပ်များကို လုပ်နိုင်သည်။ ထိုအလုပ်များကိုလုပ်နိုင်သည့် အလေ့အကျင့်ရှိနေပြီ။ အကယ်၍ မီးရထားကုမ္ပဏီက သူ့ကိုငှားလိုက်ပြီဆိုဦးတော့ အခုလို ခန္ဓာကိုယ်ချည့်နဲ့ အားနည်းနေသည့် အခါမျိုးတွင် ထိုမျှလောက်ပင်ပန်းသော အလုပ်ကို ဝင်လုပ်ခြင်းသည် မိုက်မဲရာကျလိမ့်မည် ဖြစ်သည်။

သူ့သားတွမ်ကို ရှာတွေ့လိမ့်မည်ဟူသော မျှော်လင့်ချက်သည် ဂျိုတာ့အတွက် အားသစ်လောင်းရာ ဆေးတစ်ခွက်ဖြစ်ချေသည်။ တွမ်နှင့်တွေ့လျှင် တွမ်က သူ့ကိုငွေကြေး အထိုက်အလျောက် ထောက်ပံ့လိမ့်မည်ဟူသော မျှော်လင့်ချက်ကလည်းရှိ၏။ ယင်းမျှော်လင့်ချက်သည်လည်း သူသေသည့်အခါ ဝတ်စုံသစ်ကလေးတစ်စုံလောက်ဝတ်၍ မြေအမြှုပ်မခံရမည်ကိုတွေး၍ ပူပန်သောကကြီးနေသည့် သူ၏ကြောက်စိတ်ကို လျော့နည်းသက်သာစေသည်။ ဝတ်စုံမရှိဘဲ ပေရေစုတ်ပြတ်နေသည့် အပေါ်အကျီများနှင့် မြေခနေရမည့်အဖြစ်ကိုပင် သူတွေး၍ ကြောက်လာသည်မှာကြာပြီ။

အေဒါကလည်း ဂျိုတာလိုပင်ဖြစ်သည်။ သူသေသည့်အခါ အဝတ်အစား ကောင်းကောင်းမွန်မွန် လှလှပပဝတ်၍ မြေအမြှုပ်ခံချင်သည်။ အေဒါကတော့ ပိုးထည်ဂါဝန်ဖြစ်စေချင်သည်။ အရောင်ကတော့ အနက်ပဲဖြစ်ဖြစ်၊ အနီပဲဖြစ်ဖြစ် မရွေး။ သူ့ကိုယ်နှင့်တော်ဖို့သာအဓိက။ သူသေသည့်အချိန် ဝတ်ဆင်ပေးဖို့ဟူသော စိတ်ကူးဖြင့် ဝတ်စုံတစ်စုံ သိမ်းထားသည်မှာကြာပြီ။

သို့သော်... သူသေချိန်တွင် ထိုဝတ်စုံနှင့်သူ့ကိုယ် မတော်ဘဲနေမည်ကို အမြဲတစေ တွေး၍ပူလျက်ရှိ၏။ တစ်နှစ်တစ်နှစ်တွင် ကိုယ်ခန္ဓာအပိုင်းအခြား ပြောင်းလဲတတ်သတဲ့သို့ အကျီအဝတ်အစား





ကလည်း တိုခြင်း ကျပ်ခြင်း စသည့် ပြောင်းလဲမှုများရှိတတ်၏။

အကယ်၍များ သူသိမ်းထားသည့်ဝတ်စုံသည် သူ့ကိုယ်နှင့် မတော်ခဲ့သည်ရှိသော် ဤစိုးရိမ်သောကသည် သူ့ကိုအမြဲတစေ ခြောက်လှန့်လျက်ရှိ၏။ ထို့ကြောင့် သူသေလျှင်ဝတ်ဖို့ အဝတ်အစားအသင့်ရှိနေသော်လည်း ဂျိုတာအားထိုဝတ်စုံနှင့် မတော်ခဲ့သော် အသစ်တစ်စုံချုပ်ပေးဖို့ ကတိပြုနိုင်းထားလေသည်။

အေဒါသည် သူ့ကိုယ်သူ အချိန်မရွေး သေနိုင်သည်ဟု ယူဆထားသူဖြစ်၏။ မနက်ခင်း အိပ်ရာမှနိုးလာ၍ သူ အသက်ရှင်နေသေးသည်ကိုတွေ့တိုင်း တအံ့တသြ ဖြစ်နေတတ်သည်။ သူ့တွင်စွဲကပ်နေသည့် ပယ်လာဂရားရောဂါမှာ နာတာရှည်ရောဂါဖြစ်၍ သူ၏ ကြုံလှီသေးကွေးသော ခန္ဓာကိုယ်ထဲမှ အသက်ကို ဖြည်းဖြည်းချင်းထွက်သွားအောင် ညှစ်ထုတ်နေသည်ဟု ထင်ရသည်။

သူ့အမေ ဘွားအေကြီးမှာလည်း ပယ်လာဂရားရောဂါရှိ၏။ သို့သော်လည်း သူ့ကျတော့ သေလိမ့်မည်မဟုတ်။ အဘွားကြီးသည် သူ၏ပိန်လှီသေးကွေးသော ခန္ဓာကိုယ်နှင့် ရောဂါဖိစီးမှုဒဏ်ကို ကြံ့ကြံ့ခံလျက်ပင် ရှိနေသေးသည်။ အသားအရည်များ တဖြည်းဖြည်းချင်း ခြောက်သွေ့ပိန်လှီလာနေသော်လည်း ဘယ်နေ့သေလိမ့်မည်ကိုမူ မည်သူမျှမပြောနိုင်ပေ။

အခုဆိုလျှင် သူ့ကိုယ်ခန္ဓာ အလေးချိန်သည် ခုနစ်ဆယ့်ငါးပေါင်မျှသာရှိတော့၏။ တစ်ချိန်ကတော့ သူသည် အလွန်ထွားကျိုင်းသော မိန်းမကြီးတစ်ယောက်ဖြစ်ခဲ့သည်။ လွန်ခဲ့သောအနှစ်နှစ်ဆယ်ခန့်ကဆိုလျှင် သူ့ကိုယ်အလေးချိန်သည် ပေါင်နှစ်ရာထိရှိခဲ့သူဖြစ်၏။

မည်သို့ပင်ဖြစ်စေ အဘွားကြီးသည် သူ့အသက်နှင့်ကိုယ်တည်မြဲရေးအတွက် သူ့နည်းသူ့ဟန်နှင့် စားစရာရှာနေသည်။ မည်သို့ရနေသည်ကိုမူ မည်သူမှမသိ။ တစ်ခါတစ်ရံတွင် သူသည် အရွက်များနှင့် အမြစ်များကို ရေနှင့်ပြုတ်နေတတ်သည်။ တစ်ခါတစ်ရံ

ကျတော့ ယာခင်းများထဲဆင်း၍ မြက်ပင်များနှင့် ပန်းပွင့်များကို စားနေတတ်လေသည်။

ဂျိုတာသည် သူသေလျှင် သင်္ဂြိုဟ်ရေးနှင့်ပတ်သက်၍ လိုအပ်သမျှကို ညွှန်ကြားထားပြီးဖြစ်၏။ သူ့အစီအစဉ်အတိုင်း ဖြစ်၏။ ဤကိစ္စအတွက် လပ်ဖ်ကိုလည်း မှာထားပြီးဖြစ်သည်။

သို့သော် သူသေသည့်အခါ ကြုံရမည့် အရေးအခင်းများနှင့် ပတ်သက်၍ ဝတ်စုံလောက်နီးပါး အရေးကြီးသော လိုအပ်ချက် တစ်ချက်ကရှိနေပြန်သည်။

ဂျိုတာသည် အလွန်ကြောက်တတ်သူဖြစ်၏။ ဤအကြောက် သည် အလွန်ထူးဆန်းသော အကြောက်ဖြစ်သည်။ အမှန်တော့ သူသည် ဘဝတစ်လျှောက်လုံး ကြွက်များနှင့်နေခဲ့သူဖြစ်သည်။ သူ့ပတ်ဝန်းကျင်တွင် ကြွက်များသည် အမြဲမပြတ် လှုပ်ရှားနေသော သတ္တဝါများဖြစ်လေရာ ၎င်းတို့၏ အလေ့အထနှင့် သဘာဝကို သူ ကောင်းစွာသိ၏။

သို့သော်သူသည် ကြွက်များကိုမုန်းသည်။ မုန်းရသည့် အကြောင်းမှာ သူ လူငယ်ဘဝက သူ့အဖေဆုံးသည့်အချိန်တွင် ကြုံတွေ့ခဲ့ရသော အဖြစ်တစ်ခုကြောင့်ပေတည်း။

အဘိုးအို လက်စတာသည် အခုဂျိုတာနေသည့် အိမ်မှာပင် ကွယ်လွန်ခဲ့သည်။ သူ့ကို တစ်ရက်မျှထားပြီး နောက်တစ်နေ့တွင် သင်္ဂြိုဟ်မည်ဟု စီစဉ်ခဲ့ကြ၏။ ထိုညတွင် ဂျိုတာနှင့် သူ့အပေါင်း အသင်းများ အလောင်းစောင့်နေခိုက် တစ်ဦးက သူတို့အားလုံး ဖူးလားသို့သွား၍ ကိုကာကိုလာနှင့် ဆေးတံသောက်ဆေး ဝယ်ကြရ အောင်ဟု ဆိုသည်။

အမှန်တော့ သူတို့အားလုံး တစ်ညလုံးထိုင်နေကြရမည် ဖြစ်၍ အိပ်ချင်ပြေ သောက်စရာတစ်မျိုး နှစ်မျိုးတော့ ရှိဖို့လို၏။

ဂျိုတာအပါအဝင် အလောင်းစောင့်အားလုံး ဖူးလားသို့ သွားကြမည်ဖြစ်၍ အလောင်းကို ဂျုံလှောင်သည့်ကျီထဲ ထည့်ကြရ





မည်ဖြစ်၏။ ဂျိုတာတို့အိမ်တွင် တစ်စုံတစ်ခုကို လုံခြုံအောင်ထားဖို့ အရေးကိစ္စပေါ်လာလျှင် ထားစရာနေရာကရှားသည်။

အချို့လူမည်းများနှင့် လူဖြူများသည် ညညကျလျှင် ခြံထဲ သို့ဝင်လာပြီး တွေ့သမျှပစ္စည်းများကို ယူတတ်ကြသဖြင့် သတိ ကလည်းထားရသည်။ သူတို့တွင် လုံလုံခြုံခြုံထားနိုင်သည့် ထိုကျီ ကတော့ သော့ခတ်၍ရအောင် လုပ်ထားသဖြင့် စိတ်ချရ၏။

ဤသို့ဖြင့် ဂျိုတာတို့လူစုသည် အလောင်းကို ကျီထဲထည့် ပြီး အပြင်မှသော့ခတ်ကာ ဖူးလားသို့သွား၍ ကိုလာကိုလာနှင့် ဆေးတံသောက်ဆေး ဝယ်ကြသည်။

သုံးနာရီလေးနာရီခန့် အကြာတွင် သူတို့ အိမ်ပြန်ရောက် ကြ၏။ လားများကိုလှည်းမှဖြုတ်၍ လှည်းဘီးများတွင် ချည်နှောင် ထားခဲ့ပြီးသော် အလောင်းကို ကျီထဲမှပြန်ထုတ်လိုက်ကြ၏။ သူတို့ အားလုံး ခေါင်းအနီး၌ထိုင်ကာ ကိုကာကိုလာသောက်လိုက်ကြ၊ စကားပြောလိုက်ကြ၊ ဆေးတံသောက်သူက သောက်၍၊ ဆေးရွက်ကြီး ဝါးသူက ဝါး တစ်ညတာအချိန်ကို ဤနည်းဖြင့်ဖြုန်းလိုက်ကြသည်။

နောက်တစ်နေ့မွန်းလွဲပိုင်းတွင် ဂျိုတာ့အဖေကို သင်္ဂြိုလ် သည်။ ခေါင်းကို မြေကြီးထဲမချမီ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေ များက နောက်ဆုံးကြည့်ရမည့်အချိန်သို့ ဆိုက်ရောက်လာသောအခါ ခေါင်းအဖုံးကိုဖွင့်လိုက်ကြသည်။ အဖုံးပွင့်သွားသည်နှင့် တစ်ပြိုင်နက် အထဲမှ ကြွက်ကြီးတစ်ကောင် ခုန်ထွက်လာပြီး တောထဲသို့ပြေးဝင် သွားသည်ကို တွေ့လိုက်ကြရလေ၏။

သည်ကြွက် ခေါင်းထဲကို ဘယ်လိုများဝင်ပါလိမ့်ဟု ပထမ တော့ ဘယ်သူမှ သေသေချာချာမသိ၊ နောက်ဆုံးတွင် လူ တစ်ယောက်က သစ်သားခေါင်း၏ အောက်ဘက်တစ်နေရာတွင် အပေါက်တစ်ပေါက်ကိုတွေ့သည်။ ကြွက်သည် အပေါက်ဖောက်ပြီး ထိုအပေါက်မှနေ၍ ခေါင်းထဲသို့ဝင်ခြင်းပေတည်း။

ဆွေမျိုးများနှင့် မိတ်ဆွေများသည် ရှေ့နောက် တန်းစီကာ

ခေါင်းထဲမှ ပက်လက်ဖြစ်နေသော ဂျိုတာ့အဖေကို ငုံ့ငုံ့၍ကြည့်သွားကြ၏။ ကြည့်ပြီးတိုင်းရှေ့လူက နောက်လူကိုလှည့်ကြည့်၏။ ကြည့်ပုံမျက်နှာထားကလည်း တစ်မျိုး၊ တချို့မိန်းမတွေကတော့ သူတို့ပါးစပ်များကို လက်နှင့်ပိတ်ကာ ခိုးခိုးခစ်ခစ်ရယ်ကြသည်။

ထိုအခါ ယောကျ်ားများက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးဖြဲဖြဲဖြစ်နေကြသည်။ ဂျိုတာသည် ခေါင်းဆီသို့ အပြေးအလွှားသွား၍ကြည့်၏။ ကြွက် သူ့အဖေ၏ မျက်နှာနှင့် လည်ပင်း ဘယ်ဘက်တစ်ခြမ်းလုံးကို စားထားသဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်ကိုတွေ့ရ၏။ ဂျိုတာသည် ချက်ချင်း ခေါင်းအဖုံးကိုပြန်ပိတ်ပြီး ခေါင်းကိုမြေတွင်းထဲသို့ချ၍ မြှုပ်ပစ်လိုက်သည်။

ထိုနေ့ကို ဘယ်တော့မှမမေ့။

အခုကျတော့ သူကိုယ်တိုင် သေဖို့အချိန်သည် နီးကပ်လာနေပြီ။ အကယ်၍ သူသေခဲ့သည်ရှိသော် သူ့အလောင်းကို ကျီထဲမထည့်ရန်နှင့်၊ ကြွက်များလာနေသည့်နေရာ၌ မထားရန် တဖွဖွမှာ၏၊ သူ့ကို မြေမမြှုပ်မီ ကြွက်များနှင့်ဝေးရာ၌ ထားပါမည်ဟူသော ကတိကို လပ်ဗ်ကလည်း အနိုင်အမာပေးသည်။

"ငါ့အလောင်းထည့်ထားတဲ့ခေါင်းကို ကြွက်တွေဝင်နိုင်တဲ့နေရာမှာ မထားပါဘူးလို့ ကျမ်းကျိန်ပြီး ကတိပေးပါကွာ" ဟု ဂျိုတာက လပ်ဗ်ကို အကြိမ်ပေါင်းများစွာပြော၏။

"ငါ ဘုရားသခင်ကို တိုင်တည်ပြီး ပြောမယ်လပ်ဗ်၊ လူသေကောင်ကို ကြွက်တွေလာနိုင်တဲ့နေရာမှာ သွားထားတာဟာ လူသေကောင်ကို ပစ်စလက်ခတ် လုပ်ရာရောက်တယ်၊ ငါ့အဖေ ဖြစ်သွားတာကို မြင်ရတော့ ငါသိပ်ပြီး စိတ်ထိခိုက်ရတယ်၊ အဲဒီအဖြစ်ကို ငါနေ့တိုင်းသတိရနေတာပဲ။ ငါသေရင်တော့ အဲသလိုမဖြစ်ချင်ဘူးကွာ၊ သေပြီ ဆိုရင်တော့ ဘာမှလုပ်နိုင်မှာ မဟုတ်တော့ဘူး၊ ငါ သိပ်စိတ်ပူတယ်ကွ"

"စိတ်ပူစရာမလိုပါဘူးဗျာ၊ ခင်ဗျားသေသေချင်း ကျုပ်ကိုယ်တိုင်တူးပြီး မြှုပ်ပေးပါ့မယ်။ ခင်ဗျားကို တစ်ရက်တောင် မထားပါဘူးဗျ၊ သေသေချင်းကို မြှုပ်ပေးပါ့မယ်၊ ခင်ဗျားအလောင်းကို ကျုပ်ကိုယ်တိုင် ဂရုတစိုက် ကြည့်ပေးပါ့မယ်"ဟု လပ်ဗ်ကပြောသည်။

"ငါ့အလောင်းထည့်ထားတဲ့ ခေါင်းကို ကျီထဲတော့ လုံးဝမထည့်ပါနဲ့ကွာ၊ တခြားဘာပဲလုပ်လုပ် ရပါတယ်။ အခုဆိုရင်တော့ ဂျုံမလှောင်နိုင်တာ ကြာပြီမို့ အဲဒီထဲမှာ ကြွက်တွေမနေတော့ဘူးကွ သိလား၊ ဒါပေမဲ့ နေပူးတဲ့နေရာဆိုတော့ တစ်ချိန်ချိန်မှာ စားစရာရှိလိုရှိငြား ပြန်လာပြီး ကြည့်ချင်ကြည့်မှာ၊ သူတို့ ထွက်မသွားခင်က ဆိုရင် လားလည်ပတ်တွေတောင် ကုန်အောင်စားတယ်။ သူတို့ ဝါးလို့ရတာမှန်သမျှ အကုန်ကိုက်သွားတာကွ၊ ဒီကောင်တွေက ကျီထဲမှာ ဂျုံမရှိတော့ငါ့ကိုလည်း ဒေါပွချင်ပွနေကြမှာ၊ ငါက သူတို့ကို တုတ်တစ်ချောင်းနဲ့ ခေါင်းရိုက်ခဲ့တာပဲ၊ ဒါပေမဲ့ ကုန်တယ်လို့မရှိဘူး၊ မကြာသေးခင်က ငါကျီထဲဝင်တော့ ကြွက်တစ်ကောင်က ခြေသလုံးကို ကိုက်လွှတ်လိုက်သေးတယ်"

အဲဒါကလည်း ဂျိုတာသေလျှင် အလောင်းကို သူမုန်းတီးရွံ့ရှာသော ကြွက်များနှင့်ဝေးရာ၌ ထားပေးပါမည်ဟု ကတိပြုသည်။ သို့သော် ဂျိုတာသည် အဲဒါ၏ကတိကိုတော့ သိပ်ပြီး အရေးမထား၊ အကြောင်းမှာ အဲဒါက သူ့အလျင်သေလိမ့်မည်ဟု သူတစ်ထစ်ချ ယုံကြည်နေသည် မဟုတ်ပါလော။

အဲဒါကလည်း သူ့ကိုယ်သူ ဂျိုတာ့အလျင် သေလိမ့်မည်ဟု ထင်ထားသည်။ အခုဆိုလျှင် သူ့မှာ သွားတစ်ချောင်းမှ မရှိတော့။ သူ့အိမ်ထောင်ကျပြီး မကြာမီမှာ သွားတစ်ချောင်းပြီးတစ်ချောင်း ကျိုးကုန်သည်။ သူသေလျှင်လွမ်းဖို့ ဝတ်စုံအတွက်ကတော့ တအုံ့နွေးနွေးနှင့် စိတ်မအေးဖြစ်မိသည်မှာအမှန်၊ သူ့အနေဖြင့် ဂျိုတာကိုသိပ်မယုံ။ တကယ်ဖြစ်လာချိန်ကြတော့ ဂျိုတာက လွယ်သလိုလုပ်မည့်လူစား။

"တကယ်လို့ ကျုပ်သမီးတွေ ဘယ်မှာနေကြတယ်ဆိုတာ သိရရင်ကောင်းမယ်၊ သူတို့ကတော့ ကျုပ်သေရင် လွမ်းရမယ့်ဝတ်စုံ ကိစ္စ တာဝန်ယူနိုင်ကြမှာပဲ"ဟု အေဒါကပြော၏။

"လစ်စီဘဲလ်ကတော့ မအေကို သိပ်ချစ်တဲ့သမီးပဲ၊ သူ့ကို သာ ရှာတွေ့လို့ကတော့ ဒီကိစ္စကို သူကူညီမှာ သေချာတယ်၊ ကလယ်ရာကလည်း သိရင်တော့ နေမယ်မထင်ပါဘူး၊ မနက်အိပ်ရာ ကထလို့ ကျုပ်ခေါင်းဖြီးပြီး ဝတ်စားထွက်လာရင် 'အမေသိပ်လှတာပဲ' လို့ အမြဲပြောခဲ့တဲ့သမီးပဲ...။

"တခြားသားတွေ သမီးတွေကတော့ ကူညီချင်တဲ့စိတ် ရှိမရှိ ကျုပ်မသိဘူး၊ သူတို့ကို မမြင်မတွေ့ရတာကလည်း ကြာပြီ မဟုတ်လား။ မအေတစ်ယောက်ဖြစ်ပေမဲ့ ဒီလောက်ကြာလာ တော့လည်း သူတို့ရုပ်ရည်ကိုတောင် မမှတ်မိတော့ဘူး၊ တစ်ခါ တလေ နာမည်တွေကိုတောင် မမှတ်မိတော့သလို ဖြစ်ဖြစ်နေတယ်...

"လစ်စီဘဲလ်တစ်ယောက်လည်း စက်ရုံမှာ အလုပ်လုပ်လို့ ငွေအတော်များများ စုမိနေလောက်ပြီထင်ပါရဲ့"ဟု ဂျိုတာက ပြော သည်။

"သူ့ကိုတွေ့အောင်ရှာပြီး အကြောင်းစုံ ပြောပြလိုက်ရင် တော့ တို့ကိုငွေနည်းနည်းပါးပါး ထောက်မယ်လို့တော့ တွက်ရတာပဲ လေ၊ တို့အနေနဲ့ 'ဘေလီကိုတွေ့ရင်လည်း အဆင်ပြေမှာပါပဲကွ သိလား၊ အစားအစာတွေတော့ သူကလည်းထောက်မှာပါပဲ၊ ဘေလီ က သားတွေထဲမှာ အကောင်းဆုံးကောင် တစ်ကောင်မဟုတ်လား...။

"သူ..ငယ်ငယ်တုန်းကဆို ငါ့အပေါ် သိပ်ကောင်းတာ၊ ပြီးတော့ ငါတို့ညစာအတွက်ချန်ထားတဲ့ တင်လဲရည်တွေကို တခြား ကောင်တွေလို နိုးမစားဘူး၊ အခုလောက်ဆိုရင် ဒီကောင် တစ်နေရာရာမှာ ကုန်သည်ကြီး ဖြစ်ချင်ဖြစ်နေမှာနော...။

"သူ ခဏခဏ ပြောဖူးတာရှိတယ်လေကွာ၊ ပိုက်ဆံတွေ အများကြီးရအောင် လုပ်မယ်တဲ့၊ ဒါမှ တွမ်နဲ့ကလယ်ရာတို့လို





ဆောင်းတွင်းကြီး ဖိနပ်မပါဘဲ သွားရတဲ့ဘဝကလွတ်မှာတဲ့"

သားသမီးတွေအကြောင်း ပြောပြီဆိုလျှင် အေဒါသည် စိတ်ဝင်တစားပြောလေ့ရှိသည်။ တခြား အရေးကိစ္စများအကြောင်း ပြောသည့်အခါများတွင်မူ အေဒါသည် သိပ်ပြီးစိတ်ဝင်စားပုံမရ၊ ဘာတစ်ခွန်းမှဝင်၍ ပြောလေ့မရှိ။ ဂျိုတာကမေးမှသာ အဖြေပေး သည်။ အိမ်၌ စားစရာလုံးဝမရှိတော့သည့် အခါများတွင်လည်း ပါးစပ်မှ ဗျစ်တောက်ဗျစ်တောက်လုပ်ကာ ဂျိုတာကို အပြစ်ဆိုနေ တတ်သည်။

ထိုမှတစ်ပါး ကျန်အချိန်များတွင် စကားမပြော။ သို့သော် ဘေလီ၊ လစ်စီဘဲလ်၊ ကလယ်ရာ၊ ဝေါ့ကား စသော သားသမီးများ ၏ အမည်များကို ကြားသည့်အခါတွင်မူ သူ့မျက်လုံးများသည် မှုန်မှိုင်းရီဝေနေရာမှ ကြည်လင်တောက်ပလာတတ်၏။ တစ်နေ့လုံး နီးပါးမျှ ထိုင်၍ ပြောမည်ဆိုလျှင်လည်း ပြော၍မကုန်ဖြစ်တတ်၏။ အိမ်မှထွက်သွားကြသည့် သားသမီးများသည် တစ်ယောက်မှ လာ မလည်ကြ။ စာလေးတစ်စောင်မှပင် ရေးဖော်မရ။ ဂျိုတာနှင့် အေဒါ တို့သည် သူတို့သားသမီးများ ယခုအချိန်ထိ အသက်ရှင်နေသေး သည်ဟု ယုံကြည်ကြသည်။ မည်သို့ပင်ဖြစ်စေ၊ အတိအကျ သေသည်ရှင်သည်ကို သိနိုင်မည့်နည်းလမ်းကား လုံးဝမရှိချေ။

"ငါ ဘတ်ခ်ကောင်တီခရိုင်သွားပြီး တွမ်ကိုရှာမယ်ကွာ"ဟု ဂျိုတာကအေဒါ့ကိုပြော၏။

"ငါမသေခင် သူနဲ့တွေ့သွားချင်တယ်ဟ၊ ဒါကြောင့် သွား မယ်လို့ ဆုံးဖြတ်ထားတယ်၊ ဖူးလားကလူတွေကတော့ ပြောကြ တာပဲ၊ တွမ်က စလီဖားတုံးတွေကို နေ့ရောညပါ လှည်းနဲ့ပို့နေတယ် တဲ့၊ အဲဒီနေရာမှာ သူ့စလီဖားတုံး ဂိုဒေါင်ကအကြီးကြီးဆိုပဲကွ၊ လူတွေပြောနေကြတဲ့ စကားအရဆိုရင်တော့ တို့သားတွမ်ဟာ အခု ဆိုရင် လူချမ်းသာတစ်ယောက် ဖြစ်နေပုံပဲကွ...။

"ဒီကောင် ငါ့ကို ငွေတွေဘာတွေထောက်မှာ သေချာပါတယ်၊

လူချမ်းသာတစ်ယောက်ဟာ ဆင်းရဲသားကို ဘယ်တော့မှ မကူညီဘူး ကွ၊ ဆင်းရဲသားကသာ ဘာမှမရှိတဲ့လူကို သူ့မှာရှိ သလောက်ထဲက ခွဲဝေပြီးကူညီကြတာ။ ငါကတော့ အဲသလိုထင်တာပဲ။

"အမှန်တော့ အဲသလို မဖြစ်သင့်ဘူးကွ၊ ဒါပေမဲ့ကွာ လူချမ်းသာတွေမှာက နင်တို့ငါတို့လို ဆင်းရဲသားတွေနဲ့ ဆက်ဆံဖို့ အချိန်မရှိလို့ ဖြစ်ချင်ဖြစ်ပေမပေါ့"

"တော် တွမ်နဲ့တွေ့ရင် မင်းအမေက မင်းနဲ့တအားတွေ့ချင် နေတာပဲလို့ ပြောပြပါတော်၊ ပြီးတော့ သားသမီး ဆယ့်ခုနစ်ယောက် ထဲမှာ တွမ်ဟာ အကောင်းဆုံးသားလို့ ကျုပ်ကပြောနေတယ်ဆိုတာ ပြောလိုက်ပါ၊ ကလယ်ရာရယ်၊ လစ်စီဘဲလ်ရယ် သူတို့လည်း ကောင်းကြပါတယ်၊ ဒါပေမဲ့ တွမ်နဲ့ ဘောလီကတော့ အကောင်းဆုံးပဲ၊ ကျုပ်က ပြောလိုက်တာတော့ မမေ့ပါနဲ့ ဆက်ဆက်ပြောလိုက်ပါ၊ သူဟာ အားလုံးထဲမှာ အကောင်းဆုံးလို့၊ ဒါဆိုရင် ကျုပ်သေတဲ့အခါ ဝတ်ဖို့ ဝတ်စုံဖိုး ငွေလေးဘာလေး ထောက်ပံ့ချင်ထောက်ပံ့မှာ"

"တို့မွေးတဲ့အထဲမှာ ပါးလ်ဟာအလှဆုံးပဲကွ"ဟု ဂျိုတာက ပြော၏။

"တခြားသမီးတွေက သူ့ဆံပင်လို့ အဝါရောင်မဟုတ်ကြ ဘူး၊ သူ့မျက်လုံးတွေလို ပြာလည်းမပြာကြဘူး၊ တို့လက်စတာ မိသားစုထဲမှာ ဆံပင်အဝါရောင်နဲ့ မိန်းကလေးဆိုလို့ သူတစ်ယောက် ပဲရှိတယ်၊ အံ့ဩစရာတော့အကောင်းသား"

"ပါးလ်ဟာ ကျုပ်အချစ်ဆုံးသမီးလို့ ထင်တာပဲ"ဟု အဒေါ် က ပြန်ပြောသည်။

"တစ်ခါတလေ သူ အလည်လာရင် ကောင်းမှာပဲ၊ ကျုပ် သူ့ကို လပ်မ်နဲ့ လက်ထပ်တဲ့မနှစ်က နွေရာသီကတည်းက မတွေ့ရ တော့တာ"

"ငါကတော့ တွမ်ကို ငွေနည်းနည်းပါးပါး ထောက်ပံ့ဖို့ ပြောမှာပဲကွာ"ဟု ဂျိုတာကပြောသည်။





"ဖူးလားမြို့ကကောင်တွေ ပြောနေကြတာတော့ တွမ်ဟာ လူချမ်းသာတစ်ယောက် ဖြစ်နေပြီတဲ့"

"မင်းအမေက သူသေရင်ဝတ်ဖို့ ဝတ်စုံတစ်စုံလောက် ဝယ်ပေးဖို့မှာလိုက်တယ်၊ ဆိုတာတော့ ပြောဖို့မမေ့ပါနဲ့တော်၊ ဒီ ဝတ်စုံဖိုးလောက်တော့ သူနမြောမယ်မထင်ပါဘူး"

"အေးပါ၊ ငါကတော့ တွေ့ရင်အကုန်ပြောမှာပဲ၊ သူက ငါပြောတာကို ဘယ်လိုသဘောထားမလဲ ဆိုတာကျတော့ ငါလည်း မပြောတတ်ဘူး၊ ဒီကောင်မိန်းမရပြီး ကလေးတွေဘာတွေ ရချင်ရနေ ရောမယ်၊ အေးလေ ဘာပဲဖြစ်ဖြစ် ငါတောင်းတာကိုတော့ ပေးချင် ပေးမှာပါ"

"အင်း..ကျုပ်လည်း ထင်တယ်၊ သူ့မှာ သားသမီးတွေရှိချင် ရှိနေတော့မယ်"

"အေးပေါ့၊ နည်းနည်းပါးပါးပေါ့"

"အင်း...ကျွန်မ သူတို့တွေ့ချင်လိုက်တာတော်၊ ကျွန်မ စိတ်ထဲကသိနေတယ်၊ ကျွန်မရဲ့မြေးတွေ တစ်နေရာရာမှာ ရှိနေပြီ၊ ရှိလဲရှိရမှာပေါ့တော်၊ ကျုပ်သားသမီးတွေက အများကြီးမဟုတ်လား၊ တကယ်လို့ တွမ်နဲ့သာတွေ့ရရင် ကျုန်တဲ့သားတွေ သမီးတွေနဲ့ မတွေ့ရလို့ သိပ်ပြီး စိတ်ထိခိုက်စရာ မရှိတော့ဘူးလို့ ထင်တာပါပဲ တော်"

"လစ်စီဘဲလ်နဲ့ ကလယ်ရာတို့မှာလည်း သားသမီးတွေ ရနေလောက်ပြီ၊ ဖူးလားမှာ ပြောနေကြတာကတော့ လစ်စီဘဲလ်မှာ ကလေးတွေအများကြီးပဲတဲ့"

"ကျုပ်နဲ့တွေ့ရအောင် သူ့ကလေးတွေနဲ့ တစ်ခေါက် လောက် ဒီလိုလာလည်ဖို့ တွမ်ကိုပြောပါလားတော်၊ မင်းအမေက သူ့မြေးတွေကို သိပ်တွေ့ချင်နေရှာတယ်လို့ပြောပါ၊ ဒါဆိုရင် သူ သဘောတူချင် တူမှာပါ"

အဒေါ်သည် သူ့သားတွမ်ကို သူ့ကလေးတွေခေါ်ပြီး

အလည်လာတို့ အကြိမ်ပေါင်းများစွာ ပြောခဲ့သည်၊ ဂျီတာက တွမ့်ထံ သွားမည်ဟုပြောတိုင်း၊ ဂျီတာမမေ့အောင် ထပ်တလဲလဲမှာသည်၊ သို့သော်လည်း၊ တစ်နှစ်ကုန်၍ တစ်နှစ်သာကူးလာသည် တွမ်ရှိမည် ထင်သောအရပ်သို့ ဂျီတာမသွားဖြစ်၊ ထိုအခါ အောါသည် သူ့မြေး တွေနှင့်တွေ့ဖို့အကြောင်းကို သိပ်မပြောတော့၊ ဂျီတာကလည်း၊ သူ့ထုံးစံအတိုင်း မနက်ဖြန်သွားမည်ဟု ပြောသည်၊ မနက်ဖြန် ရောက်လာတော့ နောက်ရက်သို့ရွှေ့ပြန်လေသည်၊

ဂျီတာသည် အလုပ်တစ်ခုကို နေ့ရွှေ့ညရွှေ့ အမြဲလုပ်တတ် သည်၊ ဖူးလားမြို့သို့သွားမည်၊ မက်ကွိုင်းမြို့သို့သွားမည်၊ ဩဂတ် စတာကိုသွားမည် စသည်စသည်ဖြင့် ပြောတတ်သည်၊

အများအားဖြင့်တော့ သူသည် တစ်ချိန်က ဝါနိုက်ခဲ့သော ယာခင်းကြီးများဆီသို့ သွားလေ့ရှိသည်၊ ယာခင်းထဲတွင် ပေါက်နေ သည့် ပိတ်စွယ်မြက်ပင်များကို ကြည့်သည်၊ ကြည့်ရင်းကပင် အတွေး တစ်မျိုးပေါက်ကာ မြက်ပင်ကြီးများကြားသို့ ဝင်၍ ဟိုလျှောက် သည် လျှောက်လုပ်သည်၊

ခဏတစ်ဖြုတ်လှဲသည်၊ ပြီးတော့ တစ်ရေးတစ်မော အိပ် သည်၊ သူ့လိုလူက ဩဂတ်စတာသို့ သွားရောင်းဖို့ ထင်းခုတ်သည် ဟူသော ကိစ္စမှာ အံ့ဩစရာတစ်ခုပင် ဖြစ်သည်၊ သို့သော် သူသည် ထင်းကားတစ်စီးတိုက်ရဖို့အတွက် ရက်သတ္တတစ်ပတ်တိတိမျှ အချိန် ယူတတ်လေသည်၊

ထို့နောက် သူ့စိတ်ကို မကြာခဏ အမျိုးမျိုးအဖုံဖုံ ပြောင်း လဲ့နေအောင် ဖန်တီးလေ့ရှိသော ရာသီသို့ ဆိုက်ရောက်လာသည်၊ ပိတ်စွယ်မြက်ပင်များ မီးရှို့သည့်အနံ့နှင့် ထင်းရှူးပင်အနံ့များသည် နေ့စဉ်နေ့တိုင်း လေထဲတွင်တလှိုင်လှိုင်နှင့် မျောပါလာသည်၊ သူ့ ယာများနှင့် အတော်အလှမ်းဝေးသောနေရာ၌ မြေအချို့ကို ထွန်ယက် နေကြပြီ၊

သူသည် မိုင်ပေါင်းအတော်ကွာကွာမှ လတ်လတ် ဆတ်





ဆတ် ထွန်ယက်ထားသည့် မြေသင်းရနံ့ကိုပင် ရတတ်သူဖြစ်သည်၊ မြေသစ်၏ အနံ့ကို ဘယ်သူတွေမှ မရသော်လည်း၊ ဂျီတာ့နှာခေါင်း ကတော့ရသည်၊ ဤအနံ့ကို ရသည်နှင့် တစ်ပြိုင်နက် ယာခင်းထဲမှ မြက်ပင်များ ချုံနွယ်ပိတ်ပေါင်းများနှင့် အမှိုက်သရိုက်များကို မီးရှို့ ချင်စိတ်ဝင်သည်၊ သီးနှံတစ်မျိုး စိုက်ချင်စိတ် ပြင်းပြသည်၊ သူ့ ပတ်ဝန်းကျင်မှ ယာသမားတွေ ထွန်ကြယက်ကြပြီ၊ စိုက်ကြပျိုးကြ တော့မည်၊

သို့သော်...သူ့မှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ၊ အကယ်၍ လားတစ်ကောင် ငှား၍ရပြီဆိုဦးတော့ ဝါမျိုးစေ့နှင့် မြေဩဇာကို ဘယ်သူ့ဆီက အကြွေးယူလို့ရပါမည်နည်း၊ ဖူးလားမြို့ က ကုန်သည်များသည် ဂျီတာ၏ ခုခေယယ တောင်းပန်တိုးလျှိုး သံကို ကြားရဖန်များ၍ရိုးနေပြီ၊ သူတို့ တံခါးဝသို့ ဂျီတာရောက်လာ သည်ကို မြင်ရုံမျှဖြင့် သူဘာပြောမည်ကို သိနေကြပြီ၊ ထို့ကြောင့် ဂျီတာ၏နှုတ်မှ စကားမဟ ဆီး၍ ခေါင်းခါပြကာ သူလိုက်မလာနိုင် သည့် နေရာတစ်နေရာသို့ ရှောင်ထွက်သွားသည်၊ ဂျီတာ..ခများ ကြံရာမရဖြစ်ကာ ကျန်ရစ်ခဲ့တတ်၏၊

ဂျီတာသည် ယောကျ်ားတစ်ယောက်အနေဖြင့် အကြောင်း ပြ၍ရနိုင်သည့် အရာရာတိုင်းကို နေ့ရွှေ့ညရွှေ့ လုပ်တတ်သည်၊ သို့သော် ... သူ့ယာကိုထွန်ဖို့နှင့် ဝါနိုက်ဖို့ကျတော့ ခွဲနပဲကြီးစွာဖြင့် အားထုတ်ကြိုးပမ်းတတ်၏၊

နေ့စဉ် စိတ်အားထက်သန်စွာဖြင့် လုပ်စရာရှိသမျှကို ကုန်းကျုံးပြီးလုပ်သည်၊ ညကျတော့ လားတစ်ကောင် မရရအောင် ရှာ၍ငှားမည်ဟု ဆုံးဖြတ်လေသည်၊

■

# ( ၉ )

ဂျိုတာတို့အိမ်မှ မြန်းခနဲ ထ၍ပြန်သွားပြီး နောက်တစ်နေ့ မနက်တွင် ဘက်ဆီသည် တစ်ခေါက်ပြန်ရောက်လာသည်။ သူရောက်လာချိန်တွင် နေထွက်သည်မှာ မကြာသေး။ နာရီဝက်ခန့်သာ ရှိသေးသည်။ သူပြန်သွားစဉ်က သူ့ကို ဒူဒီနှင့် လက်ထပ်ခွင့်ပြုရန် ဘုရားသခင်ထံ ခွင့်တောင်းမည်ဟု ပြောသွားခဲ့၏။ ဂျိုတာကတော့ ဘက်ဆီသည် ရက်ပေါင်းအတန်ကြာမျှ ပြန်မလာဘဲ နေလိမ့်မည်ဟု ထင်ခဲ့လေသည်။

ဘက်ဆီ ခြံဝင်းထဲဝင်လာပြီး ဒူဒီ၏နာမည်ကို တကြော်ကြော် အော်ခေါ်၍ အိမ်ရှေ့တံခါးဝသို့ ပြေးသွားနေချိန်တွင် ခြံဝ၌ ဘယ်သူမှမရှိ။

"ဒူဒီရေ...ဟေး..ဒူဒီ၊ မင်းဘယ်ရောက်နေလဲ ဒူဒီ"

ဘက်ဆီ၏ ခေါ်သံကိုကြားရသည့်အချိန်တွင် ဂျိုတာသည် အိပ်ရာမှနိုး၍ ခုတင်ထက်မှ ဆင်း၏၊ သူကုလားထိုင် တစ်လုံးပေါ် ထိုင်၍ ဖိနပ်စီးနေစဉ်တွင် ဘက်ဆီသည် အိပ်ခန်းတွင်းသို့ ပြေးဝင်လာသည်။

"ဒူဒီနဲ့ဘာများ လုပ်ချင်လို့တုံး ဘက်ဆီ" ဟု ဂျိုတာက အိပ်ချင်မူးတူးဖြင့် ဆီးမေးသည်။ "ဒူဒီကို ဘာလုပ်ဖို့ ခေါ်နေတာတုံး"

ဘက်ဆီကတော့ အိပ်ခန်းထဲတွင် လှည့်ပြေးကာ အိပ်ရာများကို တစ်ခုပြီးတစ်ခု လျှောက်ကြည့်နေသည်။ လက်စတာမိသားစု အိပ်ရာမှာ သုံးခုရှိ၏။ ဂျိုတာနှင့်အေဒါက တစ်အိပ်ရာ၊ အယ်လီမေနှင့် အဘွားကြီးက တစ်အိပ်ရာ၊ ဒူဒီတစ်ယောက်တည်းက တစ်အိပ်ရာ။

အယ်လီမေသည် ဆူဆူညံညံအသံကြောင့် အိပ်ပျော်နေရာမှ ဝေါက်ခနဲထိုင်ပြီး မျက်စိများကို ပွတ်နေသည်။ ဘက်ဆီသည် ဒူဒီအိပ်ရာပေါ်မှ စောင်များကို ဆွဲဖယ်ပစ်သည်။ ထို့နောက် ခေါင်းမိုးပြိုကျနေသော အခန်းထဲသို့ ဝင်ပြေးသည်။

ထိုအခန်းမှာလည်း အိပ်ခန်းပင်ဖြစ်၍ ယခင်က သားသမီးများ အိပ်ခဲ့ဖူးသည်။ အသုံးမပြုတော့ဘဲ ပစ်ထားသည်မှာ ခေါင်မိုးတစ်ပိုင်း ပြိုကျသွား၍ဖြစ်၏။ တစ်ခန်းလုံး အမှိုက်သရိုက်များဖြင့် ပွစာတက်နေသည်။

ဘက်ဆီသည် အခန်းထဲမှပြန်ထွက်ကာ အေဒါ၏အိပ်ရာအောက်သို့ ငုံ့ကြည့်သည်။

"ဒီလိုအချိန်ကြီးမှာ ဒူဒီနဲ့ဘာများလုပ်စရာ ရှိနေလို့တုံး ဘက်ဆီ"ဟု ဂျိုတာကမေးပြန်သည်။

ဘက်ဆီကတော့ ဂျိုတာ၏ မေးခွန်းကိုမဖြေ၊ မီးဖိုးထဲသို့ ပြေးဝင်ကာ ဒူဒီကို အသံကုန်ဟစ်၍ ခေါ်နေသည်။

ဂျိုတာသည် ဖိနပ်ကြိုးများစီးပြီး၍ အပေါ်ဝတ်အင်္ကျီကို ကောက်စွပ်ပြီးသည်နှင့် တစ်ပြိုင်နက် ဘက်ဆီပြေးထွက်သွားရာ နောက်ဖေးဘက်သို့လိုက်၏။ သူ၏ ပုံပန်းပျက်နေသော ဦးထုပ်သည် သူ့ခေါင်းတွင် စွပ်ထားပြီးပြီ။ နံနက်ခင်းအိပ်ရာမှ နိုးလျှင်နိုးချင်း သူ ပထမဆုံးလုပ်သည့်အလုပ်မှာ ဤဦးထုပ်ကို ယူဆောင်းခြင်းဖြစ်၍ နောက်ဆုံး အိပ်ရာဝင်ကာမှပင်ချွတ်သည်။

ဒူဒီသည် ရေတွင်းထဲမှ ရေတစ်ပုံးဆွဲတင်နေသည်။ ရေပုံးနှုတ်ခမ်းတွင်းသို့ ပါးစပ်တေ့ပြီး ရေသောက်ဖို့လုပ်နေစိုက်တွင်





ဘက်ဆီသူ့ထံရောက်လာ၏။ ဘက်ဆီက ဒူဒီ၏ လည်ပင်းကို လက်နှစ်ဖက်ဖြင့် အားရပါးရသိမ်းဖက်ပြီး မျက်နှာတစ်ခုလုံးကို တရကြမ်းနမ်း၏။

ပထမတော့ ဒူဒီသည် ဘာမသိ၊ ညာမသိဖြစ်ကာ ဘက်ဆီကို ဆီး၍တွန်းဖယ်ပြီး ရုန်းထွက်ရန်အားထုတ်သည်။ သို့သော် ဘက်ဆီမှန်းသိသွားသောအခါ ပြုံးလိုက်ပြီး ခါးကို တအားပြန်စက်ထားလေ၏။

ဂျိုတာသည် သူတို့အနားထိ လျှောက်သွားပြီး ရပ်ကြည့်နေသည်။ ဘက်ဆီက သူ့ခေါင်းမှဘီးကိုဖြုတ်ကာ ဒူဒီ၏ထောင်နေသော ဆံပင်များကို လက်ဖဝါးဖြင့် သပ်သပ်ပြီးဖြီးပေး၏။ ဒူဒီ၏ ဆံပင်များမှာ မည်းနက်ပြီး ကြမ်းတမ်း၏။ ထိုးထိုးထောင်ထောင်နှင့် ဘယ်လောက်ပဲဖြီးဖြီး အမြဲထောင်နေသည့် ဆံပင်ဖြစ်သည်။

တစ်ခါတစ်ရံတွင် ခေါင်းကိုရေပုံးထဲထိုးနှစ်ပြီး ကပျာကယာ ဘီးနှင့်ဖြီးချလိုက်လျှင် သပ်သပ်ရပ်ရပ် ဖြစ်သွားတတ်၏။ သို့သော် ထိုသပ်ရပ်မှုသည် မိနစ်အနည်းငယ်မျှသာခံ၏။ ခေါင်းမှ ရေခြောက်သွားသည်နှင့် တစ်ပြိုင်နက် စပရိန်ဆွဲထားသည့်နယ် ချက်ချင်းပြန်ထောင်လာကြ၏။ ဒူဒီ၏ ဆံပင်သန်မာကျစ်လျစ်ပြီး ကြမ်းတမ်းမာကျောလွန်းလှသည် မဟုတ်ပါလော။

"မိန်းမ မွေးဆရာတစ်ယောက်က လူဖျိုပေါက် ကောင်လေးငယ်တစ်ယောက်ကို အခုလို ငမ်းငမ်းတက်ဖက်နေတာမျိုးကို ငါ တစ်သက်မှာ တစ်ခါမှ မတွေ့ဖူးခဲ့သေးပေါင်ဗျာ"ဟု ဂျိုတာကပြောသည်။

"ဒူဒီကို ဘာကြောင့် တကြော်ကြော် အော်ခေါ်နေတာလဲ ဘက်ဆီရဲ့၊ သူနဲ့မင်းတို့မလည်း တစ်ယောက်ကိုတစ်ယောက် ဖက်လှချည်ကလား၊ မနေ့က ဆင်ဝင်ရှေ့မှာနေခဲ့တဲ့ ပုံစံတိုင်းပဲ"

ဘက်ဆီက ဒူဒီနှင့် ဂျိုတာကိုကြည့်၍ ပြုံးသည်။ သူသည် ရေတွင်းတိုင်ကိုမှီလိုက်ပြီး ခေါင်းမှဆံပင်များကိုသပ်နေသည်။ ယနေ့

နေတတ် သူ့ဆံပင်များကို ကျကျနန မပြုပြင်ခဲ့ရသေး။

"ကျွန်မနဲ့ ခူဒီ လက်ထပ်ကြတော့မလို့"ဟု သူကပြော သည်။

"ဘုရားသခင်က လက်ထပ်ဖို့ ပြောလိုက်ပြီ...၊ ကျွန်မက သူ့ကိုထင်ပြတယ်၊ သူက ပြန်ပြောတယ်။

"စစ္စတာဘက်ဆီ၊ ငါ မင်းနဲ့ လက်ထပ်စေချင်နေတဲ့ လူဟာ ခူဒီပဲ၊ မနက်အစောကြီးထပြီး လက်စတာတို့ အိမ်ကိုသွား၊ ခူဒီကိုချက်ချင်း လက်ထပ်လိုက်တဲ့၊ အဲဒါ ဘုရားသခင်က ကျွန်မကို မနေ့ညက ပြောလိုက်တဲ့စကားပဲ၊ ကျွန်မ အိပ်ရာပေါ်ထိုင်ပြီး အာရုံပြုနေတုန်းမှာ ကျွန်မနားနဲ့ ဆတ်ဆတ်ကြားခဲ့ရတာ...၊

"ဒါကြောင့် ကနေ့မနက် နေလည်းထွက်ရော ကျွန်မ အိပ်ရာပေါ်ကဆင်းပြီး ဒီကို ခုန်းစိုင်းလာခဲ့တာ၊ ဘာပြုလို့လဲဆိုတော့ ဘုရားသခင်က သူပေးတဲ့ အစီအစဉ်ကို ချက်ချင်းလုပ်မှ ကြိုက်တာ၊ သူက ကျွန်မကို ခူဒီနဲ့ အခုချက်ချင်း လက်ထပ်စေချင်တာ"

ခူဒီက သူ့ဘေးပတ်လည်ကို စိတ်မသက်မသာ ဖြစ်နေ သည့် မျက်နှာထားဖြင့်ကြည့်၏။ သူ့ပုံပန်းမှာ တောထဲပြေးဝင်ပြီး ပုန်းရ ကောင်းနိုးနိုး စဉ်းစားချိန်ဆနေသည့်နှယ်ရှိသည်။ မနေ့က ဘက်ဆီက လက်ထပ်ဖို့ပြောလျှင် ဘက်ဆီ့အိမ်သို့ တစ်ချိုးတည်း လိုက်သွားလိုစိတ် ပြင်းထန်နေသည့်အဖြစ်ကို သူမေ့နေသည်။

"မင်း သူပြောနေတာကို ကြားရဲ့လား၊ ခူဒီ"ဟု ဂျိတာက မေး၏။

"စစ္စတာဘက်ဆီနဲ့ လက်ထပ်ဖို့ကိစ္စ မင်းဘယ်လို သဘော ရသလဲ"

"ရှူး"ဟု ခူဒီကဟန့်သည်။

"ကျုပ် လက်မထပ်နိုင်ဘူးဗျာ"

"ဘာပြုလို့ လက်မထပ်နိုင်ရမှာလဲကွ၊ မင်းက ဘာဖြစ်နေ လို့တုံး၊ မင်း အရွယ်မရောက်သေးလို့လား"





"ရောက်ချင်လည်း ရောက်နေရောပေါ့၊ ရောက်ချင်မှလည်း ရောက်ဦးမယ်၊ ဒါပေမယ့် ကျုပ်သူနဲ့နေရမှာကြောက်လို့"

"ဘာကြောင့် ကြောက်သတုံးဟ"ဟု ဂျိတာကမေးသည်။

"ဒီကိစ္စမျိုးမှာ ကြောက်စရာ ဘာတစ်ခုမှမရှိဘူးကွ၊ ဘက်ဆီက မင်းကိုကိုက်မစားပါဘူးကွာ၊ မင်းကို ဘယ်လိုပြုစုရမယ် ဆိုတာ သူကောင်းကောင်းသိပါတယ်၊ စစ္စတာဘက်ဆီက အိမ်ထောင် ပြုဖူးတဲ့မိန်းမ၊ အခုဆိုရင် သူမုဆိုးမဖြစ်နေပြီ၊ ယောကျ်ားတွေကို ဘယ်လိုပြုစုရမယ်ဆိုတာ သူသိပ်သိနေပြီ"

"ဘက်ဆီက မင်းကိုဘယ်လိုမှ ထိခိုက်အောင် မလုပ်ပါဘူး ခူဒီရယ်" ဘက်ဆီက ခူဒီ၏လည်ပင်းကို နောက်တစ်ကြိမ် သိမ်းဖက် ပြီးပြောသည်။

"ကြောက်စရာ ဘာမှမရှိပါဘူးကွယ်၊ ဘက်ဆီဟာ မင့် အစ်မနဲ့ အမေတို့လို မိန်းမတစ်ယောက်ပါ၊ မိန်းမတွေဟာ ယောကျ်ား တွေကို ကြောက်အောင်မလုပ်တတ်ပါဘူး။ မင်းဘက်ဆီနဲ့ လက်ထပ် ရတာကို သဘောကျမှာပါ"

အေဒါသည် ဂျိတာနှင့်ခူဒီတို့ကို တံတောင်ဖြင့် တွန်းဖယ် ပြီး ဝင်လာသည်။ ဘက်ဆီပြောလိုက်သော စကားကိုကြားလိုက် သည့်အတွက် သူ့ဆံပင်ကို ပြီးပြတ်သွားအောင် ဖွတ်မြီးမထိုးနိုင်တော့ ဘဲ ထလာခဲ့ခြင်းဖြစ်သည်။ သူသည် ခူဒီနှင့် ဘက်ဆီတို့ဘေးတွင် ရပ်လိုက်ပြီး ဖွတ်မြီးထိုးပြီးသွားသော ဆံပင်တစ်ဖက်ကို ကြိုးဖြင့်ချည် လိုက်ကာ နောက်တစ်ဖက်ကိုဆက်၍ ဖွတ်မြီးထိုးနေသည်။ သူသည် ဘက်ဆီလိုပင် စိတ်လှုပ်ရှားလျက် ရှိလေသည်။

"ဒီမယ် ဘက်ဆီ၊ ခူဒီခြေထောက်ကိုတော့ ခဏခဏ ရေဆေးနိုင်းနော်၊ မဆေးနိုင်းရင် စောင်တွေအိပ်ရာခင်းတွေ အကုန် ညစ်ပတ်ကုန်လိမ့်မယ်၊ တစ်ခါတလေ ဒီကောင်က ဆောင်းတွင်း တစ်တွင်းလုံး ရေမချိုးဘူး၊ စောင်တွေ အိပ်ရာခင်းတွေကတော့ ပေရေကုန်မှာ သေချာတယ်၊ ခူဒီက သူ့အဖေလို နမော်နမဲ့ကောင်၊

အိပ်ရာဝင်ယင် ခြေအိတ်စွပ်ဖို့ သတိပေးရတာ လူကိုမောနေတာပဲ၊ ခြေအိတ်စွပ်နိုင်းလို့ကလည်း မဖြစ်ဘူးမဟုတ်လား၊ ဒါမှ စောင်တွေ မေကျန်မှာ၊ ဒူဒီကတော့ သူ့အဖေလိုလာမယ့်ကောင်၊ အိပ်ရာဝင်တိုင်း ခြေအိတ်စွပ်နိုင်းဖို့ မမေ့နဲ့နော်။ ကြားလားဘက်ဆီ”

အယ်လီမေသည် အိမ်ထဲမှထွက်လာပြီး သစ်ပင်တစ်ပင်အောက်၌ ဝင်ရပ်ကာ ရေတွင်းဘေးမှ ပြောနေသမျှကို နားထောင်နေသည်။ လုပ်ကိုင်သမျှကိုကြည့်သည်။ ဘွားအေကြီးလည်း ဖြဝင်းထဲရောက်နေပြီ။ သူကတော့ သူ့ကို ဘယ်သူမှမမြင်အောင် အိမ်ထောင့်မှရပ်ကာ အပြင်သို့ ချောင်းချောင်းကြည့်နေသည်။

“အင်း…မင်းနဲ့ ဒူဒီကတော့ ငါသေရင် ဝတ်ဖို့ ဝတ်စုံတစ်စုံရအောင် လုပ်ပေးကြလိမ့်မယ်လို့ ထင်ပါရဲ့”ဟု အေဒါက ပြောသည်။ “မင်းတို့ကတော့ ဝတ်စုံတစ်စုံအတွက် ငါဘယ်လောက်အထိ စိတ်ပူနေသလဲဆိုတာ သိနေတယ်မဟုတ်လား၊ ဂျီတာကများ ဝယ်ပေးနိုင်မလားလို့ စောင့်နေခဲ့ရတာလည်း ကြာပါပြီ၊ သူကတော့ အချိန်မီဝယ်ပေးနိုင်တဲ့ လက္ခဏာမရှိဘူးကွယ်”

အားလုံး ရေတွင်းဘေး၌ရပ်ကာ တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။ ဂျီတာက ဒူဒီ၏ မျက်လုံးများကို စိုက်ကြည့်နေသည်။ ဒူဒီက ခေါင်းကိုငုံ့လိုက်ပြီး မြေပြင်ကို စိုက်ကြည့်နေသည်။ သူဘယ်လို စဉ်းစားပြီး ဘယ်လိုဆုံးဖြတ်ရမည်မသိ။ သူ မိန်းမယူချင်သည်မှာ မှန်သော်လည်း ဘက်ဆီကိုတော့ ကြောက်သည်။ ဘက်ဆီသည် သူ့ထက် အသက် နှစ်ဆယ့်ငါးနှစ်နီးပါးမျှကြီးနေသည် မဟုတ်ပါလား။

“ကျွန်မအခု ဘာလုပ်မယ်ဆိုတာ ရှင်သိလား”ဟု ဘက်ဆီက မေးသည်။

“ဘာလုပ်မှာလဲ” ဂျီတာကမေးသည်။

“ကျွန်မ မော်တော်ကားအသစ်တစ်စီး ဝယ်မလို့”

“မော်တော်ကားအသစ်”





“တကယ့်အသစ်စက်စက် တစ်စီးပေါ့၊ ကျွန်မ အခု ဖူးလားကိုသွားပြီးဝယ်မှာ”

“အသစ်စက်စက်ဟုတ်လား” ဟု ဂျီတာက မယုံကြည်နိုင်သည့်လေသံဖြင့် ရေရွတ်သည်။

“ဟုတ်မှလည်းလုပ်ပါ၊ တကယ်ပြောနေတာလား”

ဒူဒီသည် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူ့မျက်လုံးများကတော့ အရောင်တလက်လက်။

“ကားအသစ်ကို ဘာနဲ့ဝယ်မှာလဲ ဘက်ဆီ” ဟု ဂျီတာက မေးသည်။

“မင်းမှာ ငွေရှိလို့လား”

“ကျွန်မမှာ ဒေါ်လာရှစ်ရာလောက်ရှိတယ်၊ ကျွန်မယောကျ်ားသေတော့ ကျွန်မအတွက် ထားခဲ့တာ၊ သူ့မှာ အသက်အာမခံရှိတယ်၊ သူသေတော့ ကျွန်မကထုတ်ပြီး ဩဂုတ်စတာက ဘဏ်မှာအပ်ထားတယ်၊ အဲဒီငွေကို ကျွန်မယောကျ်ား သိပ်သဘောကျတဲ့ တရားဟောအလုပ်မှာသုံးမယ်လို့ ရည်ရွယ်ထားတယ်၊ ကျွန်မ ကားအသစ်တစ်စင်း ဝယ်ချင်နေတာကြာပြီဂျီတာ”

“ဘယ်တော့ သွားဝယ်မှာလဲ” ဟု ဂျီတာက ထပ်မေးပြန်သည်။

“အခုပေါ့၊ ကနေ့ပဲ သွားဝယ်မှာ၊ ကျွန်မဖူးလားကို သွားပြီးဝယ်မှာ၊ ကျွန်မနဲ့ ဒူဒီက အဲဒီကားနဲ့ ခရီးထွက်ပြီး တရားဟောမယ်၊ ဆုတောင်းပွဲလုပ်မယ်”

“ကားကို ကျုပ်မောင်းရမလား”ဟု ဒူဒီကမေးသည်။

“မင်းမောင်းဖို့ ဝယ်တာပေါ့ကွယ်၊ အစ်မတို့ သွားစရာလာစရာရှိရင် မင်းကမောင်းပို့ရမှာပေါ့”

“မင်းတို့က ဘယ်တော့လောက်ထွက်ပြီး တရားဟောကြမှာလဲ” ဟု ဂျီတာက ပြောသည်။ “ကားဝယ်ပြီးမှ လက်ထပ်မှာလား၊ မဝယ်ခင်လက်ထပ်မှာလား”

"တစ်ခါတည်း လက်ထပ်မှာပေါ့" ဟု ဘက်ဆီက ပြန်ပြောသည်။ "ကျွန်မတို့အခုပဲ ဖူးလားကို ခြေကျင်သွားမယ်၊ ဟိုရောက်တော့ ကားအသစ်ဝယ်မယ်၊ ပြီးရင် ကားနဲ့ တရားရုံးကို သွားပြီးလက်ထပ်မယ်"

"လက်ထပ်ခွင့်က ရှိလို့လား" ဟု ဂျီတာက သံသယ မကင်းသည့် လေသံဖြင့်မေး၏။ "မရှိရင်တော့ လက်မထပ်ဘဲ ဒီအတိုင်းနေရမှာ"

"လက်ထပ်ခွင့်လိုင်စင်ကို ကျွန်မရအောင်လုပ်မှာပေါ့ရှင့်"

"ဟ...အဲဒါအတွက်က နှစ်ဒေါ်လာတောင်ကုန်မှာ၊ နှင့်မှာ ဒေါ်လာရှိလို့လား၊ ဟိုအကောင်ဒူဒီမှာတော့ မရှိဘူး၊ ဒီအကောင့်မှာ ဘာဆိုဘာမှမရှိဘူး"

"ကျွန်မ ဒူဒီဆီက မြူးတစ်ပြားတောင် မယူဘူး၊ အဲဒီ အပိုင်းကို ကျွန်မကတာဝန်ယူမှာ၊ ကျွန်မဘဏ်မှာထားတဲ့ ဒေါ်လာ ရှစ်ရာအပြင် ငွေပိုငွေလျှံရှိသေးတယ်။ အရေးအကြောင်း ပေါ်လာ ရင်သုံးဖို့စုထားတာ"

ဂျီတာနှင့် ဘက်ဆီတို့ အချီအချ စကားပြောနေခိုက်တွင် ဒူဒီသည် ရေတွင်းထဲသို့ ကျောက်စရစ်ခဲကလေးများ ပစ်ပစ်ချနေ၏။ ထို့နောက် ဖျတ်ခနဲ ဘက်ဆီကိုလှမ်းကြည့်သည်။ မျက်နှာကို တည့်တည့်ကြီး ကြည့်နေခြင်းဖြစ်၏။ ဘက်ဆီ၏ နှာခေါင်းပေါက် များသည် သူ့ကိုရယ်ချင်စိတ်ပေါ်အောင် လုပ်လျက်ရှိသည်။

အရင်ကလည်း ဤနှာခေါင်းကို ကြည့်ခဲ့ဖူးပြီ၊ သို့သော် လည်း အခုတစ်ကြိမ်တွင် နှာခေါင်းပေါက်ကြီးများသည် ပို၍ကြီးလာ ပြီး ပို၍ဝိုင်းနေသည်ဟု ထင်၏။ နှစ်လုံးပြူးပြောင်းတိုသေနတ်၏ ပြောင်းဝထိပ်များကို ငုံ့ကြည့်နေရသည်နှင့် တူလွန်းလှ၏။ သူသည် မရယ်မိအောင် အောင့်ထားသော်လည်းမရ၊ အူလှိုက်သဲလှိုက် ရယ်ချ လိုက်သည်။

"ခင်ဗျား နှာခေါင်းပေါက်ကြီးတွေကို ရယ်တာဗျ" ဟု





ဒူဒီကပြောသည်။

"နှာခေါင်းထိပ် လုံးဝမရှိဘဲ အခုလိုကြီးဖြစ်နေတဲ့ နှာခေါင်း မျိုးနဲ့သူကို ကျုပ်တစ်ယောက်မှ မမြင်ဖူးဘူး"

ဘက်ဆီ၏ မျက်နှာသည် ဖွေးခနဲဖြစ်သွားသည်။ သူသည် သူ့နှာခေါင်းကို မမြင်အောင်ခေါင်းကို ဟိုယိမ်းသည်ယိမ်း လုပ်သည်။ သူ့မျက်နှာမှာ ဤချွတ်ယွင်းချက်ကို လူမြင်မှာအလွန်စိုးသည်။ သို့သော်လည်း ဘယ်လိုမှ လုပ်၍ရနိုင်သော ကိစ္စမဟုတ်။

သူ့နှာခေါင်းကို ပြုပြင်ဖို့လည်း သူမတတ်နိုင်။ နှာခေါင်းရိုး မပါဘဲ မွေးလာခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်းလေးဆယ်နီးပါး ရှိလာချိန် အထိ တိုးတက်လာခြင်းမရှိ။ သူသည် မျက်နှာကို လက်ဝါးနှစ်ဖက် ဖြင့် အုပ်ထားသည်။

"ငါ သိပ်ရှက်တာပဲ ဒူဒီ" ဟု ထွက်နေသည့် မျက်ရည်စ များကိုသုတ်ရင်း ဘက်ဆီကပြောသည်။

"အစ်မ ဘယ်လိုမှ မပြုပြင်နိုင်ဘူးဆိုတာ မင်းလည်း အသိပါကွယ်၊ အစ်မ လူမှန်းသူမှန်းသိတဲ့ အရွယ်ကစပြီး ဒီပုံအတိုင်း နေလာခဲ့ရတာ၊ အစ်မမျက်နှာမှာ နှာခေါင်းမပါသလိုပဲ"

ဒူဒီသည် သူ့ဖိနပ်ဦးဖြင့် မြေကြီးကို တူးဆွနေရာမှ ထပ်၍ရယ်တော့မလို ဖြစ်နေပြန်သည်။ သို့သော် ငုံ့နေသည့်ခေါင်းကို မော့ပြီး ဘက်ဆီမျက်နှာကို လှမ်းကြည့်လိုက်သော အခါတွင်မူ မျက်နှာပိုးသတ်ထားသည်။ ကားသစ်ဝယ်မည်ဟူသော စကားကို သတိရသဖြင့် အရယ်ရပ်ခြင်းဖြစ်၏။

အကယ်၍ သူ ကားသစ်တစ်စီးသာ ဝယ်မည်ဆိုပါက သူ့မျက်နှာ ဘယ်လိုပဲဖြစ်နေနေ သူ ဂရုမစိုက်။ နောက်ဆုံး ကုန်ကုန်ပြောရလျှင် သူ့အစ်မအယ်လီမေလို နှုတ်ခမ်းကွဲချင် ကွဲပါ စေ၊ သူမောင်းချင်သည့် မော်တော်ကားကိုသာ မောင်းနေရလို့ကတော့ သူ့ဘက်က အဆင်မပြေစရာမရှိ။ သူ ကားသစ်တစ်စီးကို တစ်ခါမှ မမောင်းဖူးသေး၊ အခုလောလောဆယ်ရှိနေသည့် သူ့ဆန္ဒအရ သူ

အလုပ်ချင်ဆုံး အလုပ်များထဲတွင် ကားသစ်တစ်စီး မောင်းလိုခြင်းသည် ထိပ်ဆုံးကဖြစ်နေသည် မဟုတ်ပါလော။

"တကယ်ပြောတာပါ၊ ခင်ဗျားနာခေါင်းကြီး ဘယ်လိုပဲဖြစ်နေနေ ကျုပ်ကဘယ်လိုမှ မအောက်မေ့ပါဘူး"

ဘက်ဆီက ပြုံးပြီး ဒူဒီ၏ ခါးကိုသိမ်း၍ ဖက်လိုက်သည်။ ဘက်ဆီ၏မျက်နှာသည် သူ့မျက်နှာနှင့် ထိလုစမန်း ငုံ့ကြည့်၍မဖြစ်၊ အနားကပ်၍ ကြည့်လေလေ အရုပ်ကဆိုးလေလေ၊ လက်မ အနည်းငယ်မျှခွာ၍ ကြည့်လျှင်တော့ ခပ်ဝါးဝါးဖြစ်နေသဖြင့် မြင်ရသည်မှာ စိတ်သက်သာရာရသည်။

"ကျုပ်ကားသစ်ကို တကယ်မောင်းရမှာလား"ဟု ဒူဒီကမေး၏။

"မောင်းရမှာပေါ့ကွယ်၊ မင်းမောင်းဖို့ ဝယ်တာပဲကွဲ့၊ ငါနဲ့မင်းနဲ့ လက်ထပ်မယ်၊ ပြီးရင် တို့နှစ်ယောက် သွားချင်တဲ့နေရာတွေကိုသွားမယ်၊ မင်းကမောင်းပို့"

"မော်တော်ကားအသစ်မှာ ဟွန်းတော့ပါမှာပေါ့နော်"

"ပါမှာပေါ့ကွယ်၊ ကားသစ်မှန်သမျှ ဟွန်းတွေတပ်ထားပြီးသား ဖြစ်မှာပေါ့"

"အင်းပေါ့.... ဟွန်းကတော့ ပါရမှာပေါ့"ဟု ဒူဒီကရေရွတ်၏။

"ဘာပဲဖြစ်ဖြစ်လေ၊ ခင်ဗျား ဝယ်ရင်တော့ ဟွန်းပါမပါ သေသေချာချာ ကြည့်ဝယ်ဗျ၊ ဟွန်းမပါရင်တော့ မော်တော်ကားဟာ အလကားပဲ"

"ဒူဒီဆိုတဲ့ကောင်က တော်တော့်ကို ကံကောင်းတာပဲကွာ" ဟု ဂျီတာကပြောသည်။

"ငါ..အေဒါနဲ့ လက်ထပ်တုန်းက ဘာတစ်ခုမှ မရခဲ့ဘူး၊ သူ့မှာ အဝတ်ဟောင်းတစ်ထည် နှစ်ထည်ပဲရှိတယ်၊ သူတို့က ဆင်းရဲလွန်းလို့ အခု ငါတို့ဖြစ်သလို ဖြစ်နေကြတာ၊ သူနဲ့ငါယူတော့





ဒုက္ခတွေ တစ်ပုံတစ်ပင်ကြီး ပါလာတာကလွဲလို့ တခြား ဘာတစ်ခုမှ မရခဲ့ဘူး"

အေဒါသည် ဘက်ဆီထံ လျှောက်သွားပြီး သူ့လက်တစ်ဖက်ဖြင့် ဘက်ဆီ၏ လက်မောင်းကိုလှမ်းကိုင်သည်။

"တကယ်လို့ ဟိုငွေတွေ ထုတ်မယ်ဆိုရင် မင်းနဲ့ဒူဒီက ငါ့အတွက် နာဘူးတစ်အိုးလောက် ဝယ်ပေးနိုင်မှာပါ၊ ဒူဒီ့အဖေအတွက် လုပ်ပေးရတာဆိုတော့ မင်းလုပ်ပေးနိုင်လိမ့်မယ် ထင်ပါတယ်၊ ဒူဒီဟာ ငါ့သားမဟုတ်လား။ ဒါကလေးတစ်ခုတော့ လုပ်ပေးပါလားကွယ်၊ တကယ်လို့ စေတနာရှိလို့ သုံးလေးအိုးလောက် ဝယ်လာမယ်ဆိုရင်တော့ သိပ်ကိုကောင်းသွားမှာ၊ ငါ့မှာ စားစရာ ဘာမှမရှိလို့ ဗိုက်ထဲကနာနာနေတဲ့အခါ အဲဒါလေးကို သုံးလိုက်ရရင် သက်သာတယ် ဘက်ဆီရဲ့"

"ငါ့မှာတော့ အပေါ်ဝတ်စုံတစ်စုံလောက် လိုနေတာ ကြာပြီ ဘက်ဆီ" ဟု ဂျီတာကပြောသည်။

"အခုဆို အိမ်ကနေပြီး ဘယ်ကိုမှ မသွားနိုင်ဘူး။ တော်တော်ကြာသွားနေရင်း ကျွတ်ကျမှာစိုးရတယ် မဟုတ်လား၊ မင်းတို့ ဖူးလားရောက်လို့ တစ်စုံလောက် ဝယ်လာခဲ့ကြမယ်ဆိုရင် ငါသိပ်ကို ဝမ်းသာမှာပဲ"

ဘက်ဆီက ဒူဒီကို ရေတွင်းနှင့်ဝေးရာသို့ ခေါ်သွားသည်။ သူတို့သည် အိမ်ကိုကျော်ပတ်ပြီး လျှောက်လာခဲ့ရာ လူအများ မမြင်နိုင်သည့်နေရာကို ရောက်လာသည်။ ဘက်ဆီက ဒူဒီကို နောက်မှနေ၍ တစ်အားကုန်ဖက်သည်။ ဒူဒီ အသက်ရှူကျပ်ကာ အနေရအထိုင်ရ ခက်လျက်ရှိ၏။

"ခင်ဗျား...ကျုပ်ကို ဘာပြုလို့ အဲသလိုလုပ်တာလဲဗျ"ဟု ဒူဒီကမေးသည်။

"ငါနဲ့မင်းနဲ့ လက်ထပ်တော့မှာ မဟုတ်ဘူးလား ဒူဒီရဲ့၊ မင်း အဲဒါကို သတိမရတော့ဘူးလား"

ဒူဒီက ဘက်ဆီ၏နောက်သို့ ကွေ့လျှောက်လာပြီး နောက်စေ့ကို သေသေချာချာကြည့်သည်။ ထို့နောက် ရှေ့သို့ပြန်လာပြီး ချွတ်နှာချင်းဆိုင်လိုက်သည်။

"ခင်ဗျား မော်တော်ကားအသစ် ဘယ်တော့ဝယ်မှာလဲ"

"အခုချက်ချင်းပေါ့ ဒူဒီရဲ့၊ ငါတို့ ခုချက်ချင်း ဖူးလားကို သွားပြီးဝယ်မှာ"

ဒူဒီသည် မော်တော်ကား အသစ်တစ်စီး မောင်းရမည့် အရေးကို တွေးကာ များစွာစိတ်လှုပ်ရှားလျက်ရှိ၏။ သူမြင်ဖူးခဲ့သော မော်တော်ကားများမှာ အများအားဖြင့် သူ့အဖေ ဂျိတာ၏ကားလို ကားအိုကားဟောင်းကြီးတွေသာ ဖြစ်သည်။ တစ်ခါတစ်ရံ ဩဂတ်စတာမြို့ရောက်မှ လူချမ်းသာတွေစီးသည့် ကားသစ်များကို သူ တွေ့ဖူးသည်။ မြို့ထဲတွင် သူတွေ့ခဲ့ဖူးသည့်ကားမျိုးကို မောင်းနှင်ရမည် ဆိုသောအခါ သူ့ကိုယ်သူ မယုံကြည်နိုင်အောင် ဖြစ်လျက်ရှိ၏။ ထို့ကြောင့် ဒူဒီမှာ ကြာကြာရပ်မနေချင်။ ဖူးလားကို အမြန်ဆုံး သွားလိုသည်။

"ကဲဗျာ လာ၊ အချိန်ကုန်တယ်၊ ကျုပ်တို့ ဖူးလားကို သွားကြရအောင်"

"တို့နှစ်ယောက် လက်ထပ်ကြရတော့မှာကို မင်းဝမ်းမသာဘူးလားဟင်"ဟု ဘက်ဆီကမေးသည်။ "သိပ်ကို ပျော်စရာကောင်းတာပဲဒူဒီရယ် နော် နော်"

လက်စတာမိသားစုသည် ဒူဒီနှင့် ဘက်ဆီတို့ နောက်မှ လိုက်ကြသည်။ အိမ်ထောင့်သို့ ရောက်သောအခါ ရပ်လိုက်ကြပြီး မျှော်ကြည့်နေကြသည်၊ အယ်လီမေကတော့ သူတို့စုံတွဲသွားရာဘက်သို့ မိုင်ဝက်ခန့်အထိ လိုက်သွားပြီးမှ အိမ်ဘက်သို့ ပြန်လာသည်။

ဒူဒီသည် ရှေ့မှလျှောက်သွားလျက်ရှိ၏။ ဘက်ဆီက သူ့နောက် ကိုက်အတော်ကွာကွာတွင် ကျန်ခဲ့သည်၊ သူတို့ နှစ်ယောက်သည် ပထမဆုံးတက်ရသည့် သဲတောင်ကုန်းထိပ်သို့





ရောက်သောအခါ နောက်သို့ ပြန်လှည့်ကြည့်ကြသည်၊ ဘက်ဆီက လက်တစ်ဖက် ဝှေ့ယမ်းပြသည်။

သူတို့နှစ်ယောက် ဖူးလားသို့အရောက် နှစ်နာရီနီးပါးမျှ လျှောက်သွားကြရသည်။ လမ်းတွင်ဘက်ဆီသည် မကြာမကြာ လမ်းဘေး၌ ထိုင်၍နားရသည်၊ သူတို့အိမ်မှ ထွက်ချိန်တွင် ဆယ်နာရီ ထိုးခါနီးနေပြီ၊ နေသည်တက်စဖြစ်၍ ပူပြင်းသည်၊ သဲပြင်ပေါ် လျှောက်ရသည်မှာလည်း သက်သာသည်မဟုတ်၊ အထူးသဖြင့် ဘက်ဆီအတွက် ခက်ခဲပင်ပန်းလှ၏။

တချို့နေရာတွင် သဲပြင်သည် တစ်ပေခန့်မျှ နက်သည် ဖြစ်ရာ ဘက်ဆီ၏ ခြေထောက်များသည် ချုပြီးတိုင်း မနည်းအားစိုက်၍ ပြန်နုတ်ယူရတတ်သည်။ ဒူဒီကတော့ လုံးဝထိုင်၍မနား၊ ဘက်ဆီ ထိုင်နေလျှင် သူက အနားမှာရပ်၍စောင့်သည်၊ ပါးစပ်မှလည်း မြန်မြန်သွားဖို့ လောဆော်သည်။

ဒူဒီသည် ဘက်ဆီကိုစောင့် လျှောက်နေရခြင်းဖြစ်၍ ခပ်ဖြည်းဖြည်း ခပ်မှန်မှန်ပင် လျှောက်သည်၊ သို့သော်...ဖူးလားနှင့် နီးလာသည့်အခါ သူ့ကိုယ်သူ မထိန်းနိုင်ဖြစ်လာသည်၊ သူသည် ရှေ့မှနေ၍ အပြေအလွှား သွားလိုက်သဖြင့် ဘက်ဆီနှင့် ကိုက်ပေါင်းများစွာ ဝေးသွားသည်၊ ထိုအခါ နောက်သို့ပြန်လှည့်၍ လျှောက်လာပြန်သည်။

ဘက်ဆီမပါဘဲ သူတစ်ယောက်တည်း သွားရလျှင် အကောင်းသားဟု တွေးသည်၊ သူတစ်ယောက်တည်းသွားပြီး ဟိုရောက်တော့ ဘာလုပ်မလဲဟု ဆက်တွေးမိသောအခါ အခုကြောင်ကြောင် ဖြစ်လာသည်၊ သူ့ရင်တွင် စိုးရိမ်ကြောင့်ကြမှုတစ်ခုကလည်း ဝင်နေသည်၊ အကယ်၍ ဘက်ဆီကို မမြင်နိုင်တော့သည့် နေရာသို့ သူရောက်သွားခဲ့လျှင် ဘက်ဆီပြန်လစ်လျှင် လစ်သွားမည်၊ ဘက်ဆီသာ ပြန်သွားလို့ကတော့ သူ မော်တော်ကားအသစ်မပါဘဲ အိမ်သို့ ပြန်ရတော့မည်ဖြစ်၏၊ ထို့ကြောင့် သူသည် ဘက်ဆီကိုမျက်ခြည်

ငြိတ်စခဲ့ရဲ၊

သူတို့နှစ်ယောက်စလုံး စကားမပြောကြ၊ ဘက်ဆီသည် မွေးတားသီချင်း တစ်ပိုင်းတစ်စကို သံနေသံထားဖြင့် ရွတ်လာသည်၊ ဆိုလို့ကောင်းသည့် နေရာသို့ရောက်လျှင် သူ့အသံသည် ကျယ်လာသည်၊ သူသည် ဒူဒီကို စကားပြောဖို့ လုံးဝမကြိုးစား၊ နှစ်ယောက်စလုံး ကိုယ့်အတွေးနှင့်ကိုယ်၊

■

## ( ၁၀ )

ဒူဒီသည် ကားဂိုထောင်ကြီး၏ အပြင်ဘက်မှရပ်ကာ အတွင်း၌ ခင်းကျင်းပြသထားသည့် မော်တော်ကားသစ်များကို မှန်ပြတင်းပေါက်မှနေ၍ လှမ်းကြည့်နေသည်၊ ဒူဒီက ဘက်ဆီအား သူအပြင်ဘက်လမ်းပေါ်၌နေခဲ့ပြီး ပြတင်းပေါက်မှတစ်ဆင့် အတွင်းကို ကြည့်ရှုသည်ဟုပြောကာ တစ်ယောက်တည်း လွှတ်လိုက်ခြင်းဖြစ်၏၊

ဘက်ဆီသည် ဂိုဒေါင်၏ နောက်ဘက်အခန်းထဲမှ လူတစ်ယောက် ထွက်မလာမချင်း ဂိုဒေါင်၏ အလယ်၌ရပ်ကာ မီနစ်ပေါင်းအတန်ကြာမျှ စောင့်နေရသည်၊ မကြာမီပင် နောက်ခန်းထဲမှ အရောင်းတာဝန်ခံတစ်ဦး ထွက်လာပြီး ဘာအလိုရှိပါသလဲဟု မေး၏၊ အရောင်းတာဝန်ခံသည် ဘက်ဆီကို မြင်လျှင်မြင်ချင်း ဘက်ဆီမျက်နှာမှ နှာခေါင်း၏ထူးခြားမှုကို သတိပြုမိလေ၏၊

"ကျွန်မ ဗိုဒ်ကားသစ်တစ်စီး ဝယ်ချင်လို့လာတာ"ဟု ဘက်ဆီကပြော၏၊

အရောင်းသမားသည် ဘက်ဆီ၏ နှာခေါင်းကိုသာ စိတ်ဝင်စားနေသဖြင့် သူ ဘာပြောလိုက်မှန်းမသိဖြစ်ကာ နောက်တစ်ကြိမ် ထပ်မေးရပြန်သည်၊

"ကျွန်မ ဗိုဒ်ကားတစ်စီးဝယ်ချင်လို့"

"ခင်ဗျားမှာ ငွေရှိလို့လား"

အရောင်းသမားသည် ခန်းမထဲ၌ တခြားသူများ ရှိမရှိ ဝေ့ကြည့်၏။ ရှိခဲ့ပါမူ ထိုလူများအား ဘက်ဆီ၏ နှာခေါင်းကို ကြည့်စေချင်သော ဆန္ဒပြင်းပြလျက်ရှိ၏။

"တကယ်လို့ ကားတန်ဖိုး ဒေါ်လာရှစ်ရာထက် မပိုဘူး ဆိုရင် ကားသစ်တစ်စီး ဝယ်နိုင်လောက်အောင်ရှိတယ်"

အရောင်းစာရေးသည် ပထမဆုံးအကြိမ် ဘက်ဆီနှင့် မျက်လုံးချင်းဆိုင်၍ကြည့်သည်။ ဘက်ဆီ၏ ပုံပန်းကိုကြည့်ပြီးတွင် ငွေဤမျှလောက် ရှိသည်ဟူသော စကားကို ယုံရအခက် မယုံရ အခက်ဖြစ်နေ၏။

"ဒီငွေတွေကို ဘယ်လိုရတာလဲ"

"ဘုရားသခင်က ပေးတာပေါ့၊ ဘုရားသခင်က သူ့ သမီးတွေကို အမြဲထောက်ပံ့ပေးကမ်းနေတာပဲ"

"ခင်ဗျားဘုရားသခင်က ကျွန်တော်တို့ကိုတော့ ဘာမှမပေးပါဘူး၊ အခုဆို ကျွန်တော် အသက်သုံးဆယ်ရှိနေပြီ၊ သူ့ဆီက ဘာတစ်ခုမှ မရသေးပါဘူး၊ ခင်ဗျားကတော့ သူ့ရဲ့အတွင်းလူဖြစ်နေလို့ ထင်ပါရဲ့"

အရောင်းစာရေးသည် သူ့ပြက်လုံးသူ သဘောကျကာ ရယ်သည်။ ပြီးတော့ ဘက်ဆီ၏နှာခေါင်းကို ထပ်၍ကြည့်ပြန်သည်။

"ရှင်က ဘုရားသခင်အပေါ်မှာ ယုံကြည်မှုမရှိဘဲကိုး"

"ခင်ဗျားမှာ ဒီလောက်များတဲ့ငွေတွေရှိတာ ဟုတ်ရဲ့လား၊ ဟုတ်မှလည်းလုပ်ပါဗျာ"

ဘက်ဆီက သူ့စကပ်အကျႌ အိပ်ကပ်ထဲမှ ချက်စာအုပ်ကို ထုတ်၍ပြ၏။ စာရေးက ချက်စာအုပ်၏ လက်ခံဖြတ်ပိုင်းပေါ်မှ နာမည်နှင့် လက်ကျန်ငွေကိုကြည့်နေစဉ် ဘက်ဆီသည် တံခါးဝကို လျှောက်သွားပြီး ဒူဒီကို အတွင်းသို့ဝင်ရန်ခေါ်သည်။





"အဲဒါ သူကဘယ်သူလဲ၊ ခင်ဗျားရဲ့သားလား"ဟု စာရေးက မေးသည်။

"အဲဒါ ဒူဒီလက်စတာ၊ ဆေးရွက်ကြီးလမ်းမှာဆိုရင် လက်စတာမိသားစုကို မသိတဲ့လူမရှိဘူး၊ ဒူဒီနဲ့ ကျွန်မက ဒီကနေ့ လက်ထပ်ကြတော့မှာ၊ ကားသစ်ဝယ်ပြီးတာနဲ့ တစ်ပြိုင်နက် အဲဒီ ကားနဲ့ တရားရုံးကိုသွားမယ်၊ လက်ထပ်မယ်"

အရောင်းစာရေးသည် ချက်စာအုပ်ကို ဘက်ဆီ၏လက်ထဲ သို့ ကသောကမျော ပြန်ထည့်ပေးပြီး ရုံးခန်းဘက်သို့ပြေးသည်။

"ဗျို့...ဟယ်ရီ၊ လာစမ်းပါဦးဗျ၊ ဒီကို မြန်မြန်လာပါ"ဟု အော်ခေါ်သည်။ "ခင်ဗျားကို အထူးအဆန်းတစ်ခု ပြချင်လို့ပါ"

ရုံးခန်းထဲမှ အသက်ခပ်ကြီးကြီး လူတစ်ယောက် ထွက်လာ ပြီး ဘက်ဆီနှင့် အရောင်းစာရေးတို့ ရပ်နေသည့်နေရာသို့ လျှောက် လာသည်။

"ဘာလဲကွ" ဟု မေးကာ အားလုံးကို တစ်ယောက်ချင်းစီ လိုက်ကြည့်နေသည်။

"ဟောဒီ မိန်းမကြီးက ဟိုချာတိတ်ကို လက်ထပ်မလို့တဲ့ ဘယ့်နှယ်လဲ...ဒါမျိုးကို အရင်ကခင်ဗျားတွေ့ခဲ့ဖူးသလား"

လူကြီးက ဒူဒီအား အသက်ဘယ်လောက်ရှိပြီလဲဟု မေး သည်။

ဒူဒီက သူ့အသက် ဆယ့်ခြောက်နှစ်ရှိပြီဟု ဖြေတော့မည် ဆဲဆဲတွင် ဘက်ဆီက သူ့ကိုဆွဲကာ နောက်ကိုတွန်းပို့လိုက်သည်။

"သူ့အသက် ဘယ်လောက်ပဲရှိရှိ ရှင်နဲ့ဘာမှ မဆိုင်ဘူး၊ ကျွန်မ ကားသစ်တစ်စီးဝယ်ဖို့လာတာ၊ ကျွန်မလာတဲ့ ကိစ္စကဒါပဲ၊ ဒီကိုရောက်ဖို့ ကနေ့မနက် ငါးမိုင်တိတိ လျှောက်ခဲ့ရတာ"

သူ့စကားဆုံးသွားသောအခါ လူနှစ်ယောက်သည် တစ် ယောက်နှင့်တစ်ယောက် ခေါင်းချင်းဆိုင်၍ တီးတိုးတိုင်ပင်ကြသည်။ လူကြီးသည် ဘက်ဆီ၏ မျက်နှာကို သေသေချာချာ ကြည့်သည်။

နှာခေါင်းပေါက်ကြီးနှစ်ပေါက်ကို မြင်သောအခါ ရှေ့သို့တိုးလာပြီး နှာခေါင်းပေါက်များကို အသေအချာကြည့်သည်၊ ဘက်ဆီက သူ့နှာခေါင်းကို လက်ဖြင့်အုပ်ထားသည်။

"ဘုရား...ဘုရား" ဟု လူကြီးက ရေရွတ်သည်။

"မြင်ရတာ မဆန်းဘူးလား" ဟု အရောင်းစာရေးက ပြောသည်၊

"သူ့မှာ ငွေပါသလား" ဟု ဟယ်ရီကမေးသည်၊ "သူ့မှာ ငွေမပါရင် သူနဲ့အချိန်ဖြုန်းမနေနဲ့၊ တောပိုင်းကလာတဲ့ လူတချို့ဟာ ဘာမှမဝယ်ဘဲ ဟိုမေးသည်မေး လုပ်တတ်တယ်"

"သူ့ဆီမှာ ချက်စာအုပ်တော့ ပါလာတယ်၊ ဩဂတ်စတာမြို့ လယ်သမားဘဏ်က ထုတ်ပေးထားတဲ့ ချက်စာအုပ်၊ သူက ပြောတယ်၊ ဘဏ်မှာ သူ့ငွေဒေါ်လာရှစ်ရာရှိသတဲ့၊ ချက်စာအုပ် လက်ခံဖြတ်ပိုင်းမှာလဲ သူပြောတဲ့ ငွေအတိုင်းရှိနေတာ တွေ့တယ်"

"ဘဏ်ကိုလှမ်းမေးပြီး သေချာအောင် စုံစမ်းလေကွာ"ဟု ဟယ်ရီကပြောသည်။

"သူ အမှန်ပြောတာ ဖြစ်ချင်လည်းဖြစ်မယ်၊ လိမ်နေတာ ရင်လည်းဖြစ်မယ်၊ တောပိုင်းက လူတချို့ကလည်း တစ်ခါတလေ သိပ်ယုံရတာမဟုတ်ဘူး၊ ချက်စာအုပ် ကောက်ရလာလို့ သူ့ဘာသာသူ ဖြည့်ချင်ဖြည့်ထားမှာ"

သူတို့သည် ရုံးခန်းထဲသို့ ပြန်ဝင်ပြီး တံခါးကိုပိတ်လိုက်သည်၊ နှစ်ယောက်စလုံး ဘက်ဆီ၏ နှာခေါင်းအကြောင်းကို မပြောဘဲမနေနိုင်ကြ၊ အရောင်းစာရေးသည် ဘဏ်သို့လှမ်း၍ စုံစမ်းသည်၊ ထို့နောက် နှစ်ယောက်စလုံး ဘက်ဆီနှင့် ဒူဒီတို့ထံပြန်လာကြသည်။

"ကားတစ်စီးအတွက် ငွေဘယ်လောက်ပေးနိုင်မလဲ" ဟု စာရေးကမေးသည်။

"ဒေါ်လာရှစ်ရာ"ဟု ဘက်ဆီက ပြောသည်။





ဟယ်ရီက စာရေးကို တံတောင်နှင့် အသာတွတ်လိုက်ပြီး အနီးရှိ ကားသစ်ဘစ်စီးကို မှိုလိုက်သည်၊ "ဒီကားဟာ ဒေါ်လာ ရှစ်ရာတန်ကားပဲ၊ ကနေ့ချက်ချင်း မောင်းသွားချင်ရင် မောင်းသွားလို့ ရတယ်၊ ကားလိုင်စင် နံပါတ်ပြားရတဲ့အထိ စောင့်နေဖို့မလိုဘူး၊ လိုင်စင်နံပါတ်ပြားကို လာမယ့်အပတ်ထဲမှာ ရအောင်ယူထားပေးမယ်၊ အဲ့ဒွလန်တာမြို့က လာမယ့်လိုင်စင်နံပါတ်ပြား မရောက်ခင် စုနစ်ရက် တိတိ လိုင်စင်မပါဘဲ ဘယ်ပြည်နယ်ထဲမှာမဆို မောင်းလို့ရတယ်"

ဟယ်ရီနှင့်စာရေးသည် တစ်ယောက်ကိုတစ်ယောက်ကြည့်၍ မျက်စိမှိတ်ပြကြသည်၊ မော်တော်ကားတစ်စီးကို မြန်မြန် အရောင်းအဝယ် ဖြစ်ချင်သည့်အခါ မော်တော်ယာဉ်ဥပဒေနှင့် ပတ်သက်သည်များကို လိမ်ညာပြောကြသည် မဟုတ်ပါလား၊

ဒူဒီက ဟယ်ရီမှိုရပ်နေသည့် ကားဆီသို့သွားကာ ဟွန်းကို အကြိမ်ပေါင်းများစွာ နှိပ်ကြည့်သည်၊ ဟွန်းသံကြားတိုင်း သူသဘောကျသည်၊ ပြီးတော့...ဘက်ဆီကိုကြည့်၍ စပ်ဖြဲဖြဲ ဖြစ်နေသည်၊

"မင်း သဘောကျသလား ဒူဒီ"

ဒူဒီက ဟွန်းကို တစ်ချက်နှိပ်လိုက်ပြီး "ကောင်းသားပဲ"ဟု ဆိုသည်။

"ကျွန်မဒီကားကို ယူမယ်" ဟု ဘက်ဆီက ကားကို လက်ညှိုးထိုးပြပြီး ပြောသည်၊

"ကဲ..ခင်ဗျား ချက်စာအုပ်ကြည့်ရအောင်"ဟု ဟယ်ရီက ပြောကာ ဘက်ဆီက လှမ်း၍မပေးမီ ကမျာကယာဆွဲယူသည်၊ သူသည် ချက်လက်မှတ်တစ်စောင်ကို ဆွဲဆုတ်လိုက်ပြီး ကမျာကယာပင် ဒေါ်လာရှစ်ရာအတွက် ရေးသွင်းစရာ ရှိသည်များကိုရေးသည်၊ ဟယ်ရီ ချက်လက်မှတ်နှင့် အလုပ်များနေခိုက်တွင် အရောင်းစာရေးသည် ဘက်ဆီ၏နှာခေါင်းကို တအံ့တသြ ကြည့်နေပြန်သည်၊ သူ့ဘဝ တစ်သက်တာတွင် ဤနှာခေါင်းမျိုးကို ဤတစ်ကြိမ်သာ မြင်ဖူးသဖြင့် သူ့အဖို့ အထူးအဆန်းဖြစ်လျက် ရှိနေ၏၊

"လက်မှတ် ဒီနေရာမှာထိုး"

"ကျွန်မက ကြက်ခြေပဲအမြဲခတ်တာ" ဟု ဘက်ဆီက ပြောသည်။

"နာမည်က ဘယ်လိုခေါ်လဲ"

"စန္ဒာ ဘက်ဆီရိုက်စ်"

"ဟာ..ဒါဆိုရင် ခင်ဗျား အမျိုးသမီးဓမ္မဆရာတစ်ယောက်ပေါ့။ ဟုတ်တယ်မဟုတ်လား"

"ကျွန်မ တရားလည်းဟောတယ်၊ ဆုလည်းတောင်းပေးတယ်"

ဘက်ဆီက ဖောင်တိန်ကိုယူ၍ ချက်လက်မှတ်ပေါ်ရှိ သူ့နာမည်အထက်နားတွင် ကြက်ခြေခတ်လိုက်၏။

"အဲ...မော်တော်ကားကို ခင်ဗျားပိုင်သွားပြီ၊ အိမ်ပြန်ရင် ချာတိတ်က မောင်းမယ်မဟုတ်လား"

"ခဏနေပါဦး"ဟု ဘက်ဆီကပြော၏။ "ကျွန်မ ဘုရားသခင်ကို အာရုံပြုဖို့မေ့သွားတယ်၊ ကဲ..ကျွန်မတို့ ကြမ်းပေါ်မှာ ခဏ ဒူးထောက်ထိုင်ကြရအောင်၊ အရောင်းအဝယ် မဖြစ်ခင် ဘုရားသခင်ကို ကန်တော့ကြမယ်"

"အရောင်းအဝယ်က ပြီးသွားပြီလေဗျ"ဟု တစ်ဦးကပြောသည်။

"ဘယ်ပြီးရမှာလဲ၊ မပြီးသေးဘူး"ဟု ဘက်ဆီက ခွတ်ပြောသည်။ "ဘုရားသခင်က ဒီကားအတွက် ကောင်းချီးမပေး သမျှကာလပတ်လုံး အရောင်းအဝယ် မပြီးသေးဘူး"

လူနှစ်ယောက်က ရပ်နေကြသော်လည်း ဘက်ဆီကတော့ ကြမ်းပေါ်ဒူးထောက်ထိုင်လိုက်သည်။ ဒူဒီကတော့ ကားဘေး၌ ဒူး ထောက်ထိုင်၏။ ဘက်ဆီ၏နောက်တွင် ရပ်နေကြသည့် လူနှစ်ယောက်ကတော့ မထိုင်ကြ။

"အဘ ဘုရားသခင်၊ အခု ဒီကားတိုဂိုထောင်ထဲမှာ





ပြုလုပ်နေကြတဲ့ မော်တော်ကား အရောင်းအဝယ်ကိစ္စကို ကောင်းချီး ပေးတော်မူပါ၊ တပည့်တော်မနဲ့ ဒူဒီတို့လုပ်နေကြတဲ့အလုပ်ကို သဘောတူတော်မူပါ...၊ ဒီမော်တော်ကားအသစ်ဟာ တပည့်တော်မနဲ့ ဒူဒီတို့ တောပိုင်းဒေသမှာလှည့်လည်ပြီး တရားဟောတဲ့အခါ အသုံးပြုဖို့ ဖြစ်ပါတယ်၊ ဒီကားနဲ့ သွားတဲ့အခါမှာ စက်မပျက်အောင်၊ မတိုက်မိ မနိုက်မိအောင် စောင့်ရှောက်ပေးပါ၊ ဤကားဂိုဒေါင်မှ တပည့်တော်မတို့ကို မော်တော်ကားရောင်းလိုက်တဲ့ လူနှစ်ယောက်ကိုလည်း ကောင်းချီးပေးတော်မူပါ။ ဒါမှသာ သူတို့ကားတွေကို ကောင်းကောင်းရောင်းနိုင်ပါလိမ့်မယ်၊ သူတို့လည်း တပည့်တော်မတို့လိုပဲ ခရစ်ရိုက်သားကောင်တွေ ဖြစ်ပါတယ်၊ မကောင်းမှုကို လုပ်ဖို့ရည်ရွယ်ချက်ကတော့ သူတို့မှာ ရှိမယ်မထင်ပါဘူး၊ ဒါပေမဲ့ လူတွေကို မော်တော်ကားရောင်းတဲ့အခါ ဘယ်လိုရောင်းရမယ်ဆိုတာ အဘဘုရားသခင်က သင်ကြားပေးတော်မူပါ၊ အဘဘုရားသခင် ကိုယ်တိုင် ဖူးလားကိုလာပြီး မော်တော်ကားရောင်းရင် ကျင့်သုံးမယ့် နည်းများကိုပါ ပြသပေးတော်မူပါ၊ တပည့်တော်မတို့အားလုံးကို မကောင်းတဲ့ နတ်ဆိုးနတ်မိစ္ဆာတွေရဲ့ ဘေးမှကယ်တင်တော်မူပါ၊ တပည့်တော်မတို့အတွက် ကောင်းကင်ဘုံမှာ နေရာပေးတော်မူပါ အာမင်"

ဒူဒီသည် ထိုင်နေရာမှထခုန်လိုက်ပြီး ကားဟွန်းကို ခြောက်ကြိမ်ခုနစ်ကြိမ်မျှ ဆက်၍နှိပ်လိုက်သည်။ ဘက်ဆီ၏နောက်၌ ရပ်နေသော လူနှစ်ယောက်သည် ဘက်ဆီရှေ့၌လာရပ်ကာ နဖူး၌ စိုနေသော ချွေးသီးချွေးပေါက်များကို သုတ်နေကြ၏။ ပြီးတော့မှ ဒူဒီနှင့် ဘက်ဆီတို့ကိုကြည့်၍ အားရပါးရရယ်သည်။ သူတို့သည် ဘက်ဆီ၏နှာခေါင်းကို စိတ်ဝင်တစား ကပ်၍ကြည့်နေကြပြန်သည်။ ဘက်ဆီက သူ့နှာခေါင်းကို လက်နှင့်အုပ်ထားကာမှပင် အကြည့်ရပ်ကြလေသည်။

ဒူဒီနှင့် ဘက်ဆီတို့သည် ကားထဲဝင်ထိုင်ကြသည်။ ဒူဒီ

သည် ထားဟွန်းကို နောက်ထပ် အကြိမ်ပေါင်းများစွာ နှိပ်နေပြန်၏။

"ဟော့…ဟော့၊ ခဏနေဦး" ဟု အရောင်းစာရေးက တားသည်။ "ကားကို အပြင်ရောက်သွားအောင် တွန်းထုတ်ကြရမှာ၊ အပြင်ရောက်မှ ဓာတ်ဆီရမှာ၊ အခုအတိုင်းမောင်းလို့ မရသေးဘူး"

ဘက်ဆီက ကားထဲမှ ဆင်းလိုက်သော်လည်း ခွဒီကတော့ ဟွန်းနှင့် စတီယာတိုင်ကို ကိုင်မြဲကိုင်ထားနေ၏။ လူနှစ်ယောက်က ကားကို တွန်းထုတ်ပေးသောအခါ သူက စတီယာတိုင်ကိုင်၍ ထိန်းပေးသည်။

ဓာတ်ဆီထည့်ပြီးသောအခါ ခွဒီကစက်နှိုးထားလိုက်သည်။ ဘက်ဆီက ကားထဲသို့ ပြန်ဝင်ပြီးနောက်ဘက်ထိုင်ခုံ အလယ်တွင် ထိုင်သည်။

"အခု ဘယ်သွားကြမှာလဲ" အရောင်းစာရေးက ဘက်ဆီကို လှမ်းမေး၏။

"လက်ထပ်ဖို့ သွားမှာလား"

"ဟုတ်တယ်၊ တရားရုံးကိုသွားပြီး လိုင်စင်ယူမယ်၊ ပြီးရင် လက်ထပ်မယ်"

လူနှစ်ယောက်သည် နှစ်ကိုယ်ကြားလေသံဖြင့် စကားပြောနေကြသည်။

"ခင်များ ဒီနှာခေါင်းမျိုးကို အရင်တုန်းက မြင်ဖူးခဲ့သလား ဟယ်ရီ"

"ငါအရက်မူးနေတုန်းကတောင် မမြင်ဖူးခဲ့ဘူး"

"သူ့မျက်နှာအပေါ်ကနေပြီး စိုက်ဆင်းလာတဲ့ အပေါက်ကြီးနှစ်ပေါက်ကို ကြည့်ပါဦး၊ မိုးရွာလို့ မိုးပေါက်တွေ မျက်နှာပေါ်ကျရင် ဒီအပေါက်ထဲကို မဆင်းအောင် သူဘယ်လိုလုပ်ပါ့မလဲ"

"ငါလည်းမပြောတတ်ဘူး၊ ရေတွေစီးမဝင်အောင် နှာခေါင်းပေါက်တွေကို ပုလင်းဘူးဆို့တွေနဲ့ ပိတ်ချင်ပိတ်ထားမှာပေါ့၊ ရေပန်းကရားနဲ့ရေချိုးရင် သူအဲသလိုပဲလုပ်မှာပေါ့"





ဘက်ဆီက ကိုယ်ကို ရှေ့သို့ကုန်းကာ ခွဒီကို လက်နှင့်တို့သည်။

"မောင်းတော့ ခွဒီ၊ ဒီမှာနေလို့ ဘာအစီအစဉ်မှမရှိဘူး"

ခွဒီသည် ကားကို ဂီယာထိုးကာ ဓာတ်ဆီကိုမှုသည်။ ကားသစ်ဖြစ်၍ အထိုင်မကျသေးသည်ကို သတိမထားမိတော့ ခွဒီသည် ဓာတ်ဆီကို မည်သည့်အတိုင်းအတာအထိ ယူရမည်မသိ၊ လိုအပ်သည်ထက် ပိုသွားသဖြင့် မော်တော်ကားသည် တစ်ချက်ခုန်ဆောင့်ထွက်ကာ အပေါ်သို့မြောက်သွားသည်။ ဘေးမှရပ်နေသော လူနှစ်ယောက်သည် သူတို့အား တိုက်မိမည်စိုးသဖြင့် အလန့်တကြားခုန်ရှောင်လိုက်ကြသည်။

ဘက်ဆီက တရားရုံးသို့သွားရာလမ်းကို ညွှန်သည်။ ရောက်သွားသည့်အခါ ခွဒီသည် ကားပေါ်မှ မရဲတရဲဖြင့် ဆင်းကာ ဘက်ဆီနောက်မှ ကပ်လိုက်သွားသည်။ သူ့အနေဖြင့် ကားထဲ၌နေခဲ့ပြီး ဟွန်းကိုသာနှိပ်ချင်နေ၏။ သို့သော်လည်း ဘက်ဆီက သူဝါလိုက်လာမှ လက်ထပ်ခွင့်လိုင်စင်ကို ရလိမ့်မည်ဟု ပြောနေသဖြင့် လိုက်လာရခြင်းဖြစ်လေသည်။

လိုင်စင်စာရေး၏ ရုံးခန်းသည် အဆောက်အအုံ၏ ပထမထပ် ခန်းမကြီးတစ်ခု၏ အစွန်၌တည်ရှိသည်။ သူတို့သည် တံခါးကို တွန်းဖွင့်ကာ ရုံးခန်းထဲသို့ ဝင်သွားကြသည်။ ပထမယောကျ်ားနှင့် လာစဉ်ကမြင်ခဲ့သော ဆိုင်းဘုတ်ကို ဘက်ဆီက မှတ်မိနေသဖြင့် လွယ်လွယ်ကူကူ ရှာတွေ့ခြင်းဖြစ်သည်။

စာရေးက ဘက်ဆီကို တစ်ချက်မှုမော့ကြည့်ပြီး လျှောက်လွှာပုံစံတစ်ရွက်ကို စားပွဲပေါ်ချပေးသည်။ ထို့နောက် ကလောင်တံတစ်ချောင်းလှမ်းပေးပြီး လျှောက်လွှာပုံစံထဲမှာ မေးထားသည့် မေးခွန်းများတွင် အဖြေများဖြည့်ရေးနိုင်သည်။

"ကျွန်မအတွက် ရှင်ပဲရေးပေးမှဖြစ်မှာ၊ ကျွန်မစာလုံးတွေ မရေးတတ်ဘူး"

"ခင်ဗျား စာမရေးတတ်ဘူးလား" ဟု စာရေးကမေးသည်။

"လက်မှတ်ကော မထိုးတတ်ဘူးလား"

"ကျွန်မ မသင်ခဲ့ရဖူးဘူး"

စာရေးက တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီး ဘက်ဆီကို မော့ကြည့်သည်။ သူသည် အခုတစ်ကြိမ်ကျမှ ဘက်ဆီ၏ နှာခေါင်းကို သတိထားမိသည်။ သူ့မျက်လုံးများသည် ပြူးပြူးလာသည်။ "ကောင်းပြီလေ၊ ခင်ဗျားအတွက် ကျွန်တော်ကပဲရေးပေးမယ်၊ ခင်ဗျားဘာသာ လက်မှတ်ထိုးရမယ့် အလုပ်ကတော့ ကျွန်တော်လုပ်ပေးရမယ့် အလုပ်မဟုတ်ဘူး၊ ခင်ဗျားဘာသာ ခင်ဗျား လုပ်သင့်တဲ့ အလုပ်ပဲ၊ ဒီလိုရေးပေးရတဲ့အတွက် ကျွန်တော့်မှာ တစ်ပြားတစ်ချပ်မှ ရတာမဟုတ်ဘူးဗျ"

"ရှင်က ကျွန်မကိုယ်စား ရေးပေးမယ်ဆိုရင်တော့ ကျေးဇူးသိပ်တင်ပါတယ်"

"ခင်ဗျား နာမည်"

"စန္ဒာ ဘက်ဆီရိုက်စ်"

"ဒါဆိုရင် ခင်ဗျားဟာ ဓမ္မဆရာ ရိုက်စ်ရဲ့ မယားမုဆိုးမ မဟုတ်လား"

"ဟုတ်တယ်၊ သူက ကျွန်မရဲ့ အရင်ယောကျ်ားပေါ့"

"အခု ခင်ဗျား ဘယ်သူနဲ့လက်ထပ်မှာလဲ စန္ဒာဘက်ဆီ ရိုက်စ်"

"ဟိုမှာ၊ တံခါးဝမှာရပ်နေတဲ့လူ"

"ဘယ်သူ..."

"ဒူဒီ၊ သူ့နာမည်က ဒူဒီလက်စတာ"

"ခင်ဗျားလက်ထပ်မှာက သူ...ဟုတ်ရဲ့လား"

"ကျွန်မလာတာ သူနဲ့လက်ထပ်ဖို့လာတာ၊ သူနဲ့ ကျွန်မ လက်ထပ်ကြမှာ"

"ဘယ်သူ...အဲဒီကောင်လေး ဟုတ်လား၊ ခင်ဗျား လက်





ထပ်မှာ ဒီကောင်ပေါက်စလေးကိုလား"

"ဒူဒီကပြောတယ်၊ သူ ကျွန်မကိုလက်ထပ်မယ်တဲ့"

"အဲဒီကောင်လေးက လက်ထပ်ဖို့အရွယ်မရောက်သေးဘူး စန္ဒာဘက်ဆီ"

"ဒူဒီက အသက်ဆယ့်ခြောက်နှစ်ရှိနေပြီရှင့်"

"ကျွန်တော် လိုင်စင်မပေးနိုင်ဘူး၊ ခင်ဗျားစောင့်တော့ စောင့်ရလိမ့်မယ်၊ လာမယ့်နှစ်လောက်မှာ တစ်ခေါက်ပြန်လာခဲ့ပါ"

"ဘုရားသခင် ကယ်တော်မူပါ"ဟု ဘက်ဆီက ရေရွတ်လိုက်ပြီး ကြမ်းပေါ်သို့ ဒူးထောက်ထိုင်လိုက်သည်။

"အို...ဘုရားသခင်၊ ဒီလူက တပည့်တော်မကို ဒူဒီနဲ့ လက်ထပ်ခွင့်မပေးနိုင်ဘူးလို့ ပြောနေပါတယ်၊ အို..ဘုရားသခင် သူ့ကို တပည့်တော်မတို့အား လက်ထပ်ခွင့်ပြုအောင် လုပ်ပေးပါဦး၊ အရှင်ဘုရားက တပည့်တော်မကို ဒူဒီနဲ့လက်ထပ်ပြီး တရားလည်း ဟောဖို့ ပြောခဲ့ပါတယ်၊ တပည့်တော်မရဲ့အဖြစ်ကို မြင်တော်မူပါဦး၊ တပည့်တော်မမှာ စိတ်ပင်ပန်းနေရပါပြီ၊ တကယ်လို့သာ လက်ထပ်ခွင့် လိုင်စင်ရအောင် အရှင်မြတ်က တပည့်တော်မကို မကူညီခဲ့ရင် တပည့်တော်မ ဘယ်လိုမကောင်းမှုမျိုးတွေ လုပ်မိတော့မယ် ဆိုတာ ..."

"ခဏနေပါဦး..ခဏနေပါဦး" ဟု စာရေးကအော်၏။

"ဆုတောင်းနေတာကို ရပ်လိုက်စမ်းပါ" ခင်ဗျားရဲ့ ဆုတောင်းသံကို နားထောင်နေရတာနဲ့စာရင် လက်ထပ်ခွင့်လိုင်စင် ပေးလိုက်တာကမှ သက်သာလိမ့်ဦးမယ်၊ နေဦး...ဒီကိစ္စအတွက် ကျွန်တော်တို့ တစ်ခုခုတော့ လုပ်ပေးနိုင်ကောင်းပါရဲ့"

ဘက်ဆီသည် ထိုင်နေရာမှထလာပြီး ပြုံးဖြဲဖြဲလုပ်နေသည်။

"ဘုရားသခင်က ကူညီမှာပဲဆိုတာ ကျွန်မသိသားပဲ"ဟု ပြောသည်။

"အဲဒီကောင်လေးက သူ့မိဘတွေဆီက သဘောတူညီမှု ရထားပြီလား၊ ဓအေးရော မအေးရော သဘောတူမှ လက်ထပ်ခွင့်ရမှာ၊ ဒါက ဥပဒေသဘောအရပြောတာ၊ အေးလေ..ထားပါတော့၊ သူက ခင်ဗျားကိုလက်ထပ်ချင်တာ ဘာအတွက်တဲ့လဲ၊ ပြောစမ်းပါဦး၊ ခင်ဗျားလို အသက်ကြီးကြီး မိန်းမတစ်ယောက်နဲ့လက်ထပ်ဖို့ သူက သိပ်ပြီး အသက်ငယ်နေသေးတယ်ဗျ၊ ကဲ...သားရေ၊ ဒီကို ခဏ လာစမ်း"

"ရှင်...သူ့ကို ဒါတွေပြောဖို့ အားမထုတ်ပါနဲ့"ဟု ဘက်ဆီက ဆိုသည်။

"ရှင်ပြောရင် ကျွန်မ ဘုရားသခင်ဆီထပ်ပြီး ဆုတောင်းရလိမ့်မယ်၊ ဘုရားသခင်က ကျွန်မတို့နှစ်ယောက် လက်မထပ်ဖြစ်အောင်လုပ်ဖို့ ရှင့်ကို ဘယ်နည်းနဲ့မှ ခွင့်ပြုမှာမဟုတ်ဘူး သိလား"

"မင်း...ဒီမိန်းမကြီးနဲ့ လက်ထပ်မယ်ဆိုပြီး ဒီကို လိုက်လာတာ ဘယ်လိုသဘောလဲသား၊ မင်း အရွယ်ရောက်လာအောင်စောင့်ပြီး သက်တူရွယ်တူ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်သင့်တယ်ကွ"

"ကျုပ် ဘာမှမသိဘူး"ဟု ဒူဒီကပြောသည်။

"ဘက်ဆီက ခေါ်လို့လိုက်လာတာဗျ"

"အေး...ဒီလိုဆိုရင်တော့ မင်းကို ဒီမိန်းမကြီးနဲ့ လက်ထပ်ဖို့ ငါခွင့်မပေးနိုင်ဘူး၊ အသက်ဆယ့်ရှစ်နှစ်အောက် လူငယ်တစ်ယောက်ကို မိဘသဘောတူညီမှုမရှိဘဲ လက်ထပ်ခွင့်ပြုရင် ဥပဒေကို ဖောက်ဖျက်တာပဲ၊ ဘယ်လောက်ပဲဘုရားသခင်ဆီ အာရုံပြု ရှိခိုး ရှိခိုး၊ အဲဒီရှိခိုးတဲ့အလုပ်က တရားဥပဒေကို မပြောင်းလဲနိုင်ဘူးကွ"

"အဘ ဘုရားသခင်" ဟု ဘက်ဆီက ရေရွတ်၏။

"တပည့်တော်မတို့ ကိစ္စကိုပျက်အောင်ဖျက်ဖို့ ဒီလူကို ခွင့်မပြုပါနဲ့၊ တပည့်တော်မ ဒူဒီကို ဘယ်လောက်လက်ထပ်ချင်နေတယ်ဆိုတာ ဘုရားသခင်အသိပါ၊ ဘုရားသခင်က ခွင့်မပြုသင့်.."





"နေပါဦးဗျာ...ခဏနေဦး၊ နောက်ထပ်ဆုတောင်းမနေနဲ့တော့"ဟု စာရေးက စိတ်ပျက်သံဖြင့်ပြောသည်။

"ဒီကောင်လေးရဲ့ မိဘတွေကဘယ်သူတွေလဲ"

"သူ့အမေနဲ့ အဖေက လုံးဝဂရုမစိုက်ပါဘူးရှင်"ဟု ဘက်ဆီကပြောသည်။

"သူတို့က ကျွန်မနဲ့လက်ထပ်တာကို ဝမ်းတောင်သာကြသေးတယ်၊ ဖူးလားမြို့ကို မလာခင် ကနေ့မနက်ဘဲ သူ့မိဘတွေနဲ့ ကျွန်မ စကားပြောခဲ့သေးတယ်ရှင့်သိလား"

"သူ့အဖေနာမည်က ဘယ်သူတဲ့လဲ"

"ဒူဒီအဖေက ဂျီတာလက်စတာတဲ့၊ သူ့အမေနာမည်ကို ပြောလဲ ရှင်သိမှာတော့ မဟုတ်ပါဘူး၊ သူ့အမေက အေဒါတဲ့"

"သိပ်သိတာပေါ့ဗျ၊ ကျွန်တော် ဂျီတာလက်စတာကို ကောင်းကောင်းသိတယ်၊ သူက ဂရုမစိုက်ဘူးဆိုတာ ယုံပါတယ်၊ ဟိုတစ်ခါက လပ်မ်ဘင်းဆေးနဲ့ သူ့သမီး အငယ်ဆုံးလေး လက်ထပ်တာ လိုင်စင်ထုတ်ပေးခဲ့ရသေးတယ်၊ သူက သူသဘောတူပြီးသားလို့ ပြောတယ်လေ၊ ကောင်မလေးကလှတယ်၊ သူ့ဆံပင်က အဝါရောင်၊ မျက်လုံးတွေက အပြာရောင်နဲ့၊ ဒီလောက်လှတဲ့ ကလေးမမျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ်၊ သူ့မျက်လုံးအရောင်က သပိတ်လွယ်ငှက်ဥအရောင်နဲ့ တထေရာတည်းပဲ၊ အင်မတန်မှ ကြည့်လို့လှတဲ့ မိန်းကလေးပါဗျာ"

"ဒူဒီက အဲဒီကောင်မလေးထက် အသက်ကြီးတယ်ရှင့်သိရဲ့လား"ဟု ဘက်ဆီကပြော၏။

"ခင်ဗျားကတော့ အသက်ဘယ်လောက်ရှိပြီလဲ စစ္စတာရိုက်စ်၊ ခင်ဗျားအသက်ကိုတော့ အခုထက်ထိ မပြောသေးဘူး"

"ကျွန်မက ပြောဖို့လိုသေးလို့လားရှင့်"

"ဒါက ဥပဒေသဘောအရပဲ၊ ခင်ဗျားအသက်ကို မပြောရင် ကျွန်တော်က လိုင်စင်ပေးလို့မှမရတာ"

"ကျွန်မ မကြာသေးခင်က သုံးဆယ့်ရှစ်နှစ် ပြည့်ခဲ့တယ်"

"အခု ဘယ်လောက်ရှိသွားပြီလဲ"

"သုံးဆယ့်ကိုး၊ ဒါပေမဲ့ မပြည့်သေးပါဘူး"

"ခင်ဗျားတို့နှစ်ယောက် ဘယ်သူတွေက ထောက်ခံမှာလဲ" ဟု စာရေးကမေးသည်။

"ဟိုကောင်လေးက ယောကျ်ားတစ်ယောက်ရဲ့ လုပ်ခတောင်မှ မရသေးဘူး မဟုတ်လား"

"ဒါကတော့ ဥပဒေနဲ့ဆိုင်သလားရှင်"

"မဟုတ်ပါဘူး၊ ဥပဒေကတော့ ဒီမေးခွန်းကို မေးရမယ်လို့ မဆိုထားပါဘူး၊ ဒါပေမယ့် ကျွန်တော့်စိတ်ထဲက သိချင်လို့မေးတာ"

"ဘုရားသခင်က ကျွေးမှာပေါ့" ဟု ဘက်ဆီကပြောသည်။

"ဘုရားသခင်က သူ့သားသမီးတွေအတွက် အမြဲပေးကျွေးနေတာပဲ"

"ခင်ဗျားဘုရားသခင်က ကျွန်တော့် သားသမီးတွေကိုတော့ ဂရုတောင်မစိုက်ဘူး"ဟု စာရေးကပြောသည်။

"ကျွန်တော် အသက်နှစ်ဆယ်ကတည်းက ဖူးလားဘက် ပတစ်ချာ့ပ်မှာ အသင်းဝင်တစ်ယောက်ဖြစ်ခဲ့တာပါ၊ ဒါပေမဲ့ သူက ကျွန်တော့်အတွက် ဘာတစ်ခုမှ ဟုတ်တိပတ်တိ လုပ်မပေးခဲ့ပါဘူး"

"ဒါကတော့ ရှင်ယူထားတဲ့ ဘာသာက မှန်မှမမှန်ဘဲ"ဟု ဘက်ဆီကပြောသည်။

"ကျွန်မဘာသာကတော့ ကျွန်မကို ပေးကျွေးနေတာပဲ"

"ခင်ဗျား ဘာဘာသာ ဘာပါလိမ့်"

"နာမည်ကတော့ ပုံမှန်မရှိပါဘူး၊ ကျွန်မကတော့ ဟိုးလီးလို့ပဲခေါ်တယ်၊ အခုဆိုရင် အဲဒီဘာသာရဲ့ အဖွဲ့ဝင်ဟာ ကျွန်မတစ်ယောက်တည်းပဲ ရှိသေးတယ်၊ ဒူဒီနဲ့ လက်ထပ်ပြီးရင် သူလည်း အဖွဲ့ဝင်တစ်ယောက် ဖြစ်လာမှာ၊ သူက ဓမ္မဆရာတောင်လုပ်ဦးမှာ"

"ခင်ဗျား ကျွန်တော့်ကို လိုင်စင်ခနစ်ဒေါ်လာ ပေးရမယ်"





ဟု စာရေးကပြောသည်။

"ငွေကောပါရဲ့လား"

"သိပ်ပါတာပေါ့ ဟော်ဒီမှာ၊ ဒါပေမဲ့ လူတွေ လက်ထပ်တာနဲ့ ပိုက်ဆံပေးရတာကတော့ အဓိပ္ပါယ်ကိုမရှိဘူး၊ ဒါလဲ ဘုရားသခင် အလိုတော်အတိုင်းပဲပေါ့လေ"

"ကျွန်တော် မေးချင်တာလေး တစ်ခုတော့ ရှိသေးတယ်၊ ဥပဒေအရ မေးတာတော့ မဟုတ်ပါဘူး၊ တချို့ စာရေးတွေကတော့ မေးလေ့မရှိပါဘူး၊ ဒါပေမဲ့ ကျွန်တော်ကတော့ မေးသင့်တယ်လို့ မေးတာပါ"

"ဘာမေးမှာလဲ"

"ခင်ဗျားတို့နှစ်ယောက်စလုံးမှာ ရောဂါကင်းကြရဲ့လား"

"ကျွန်မမှာတော့ ဘာမှမရှိဘူး၊ မင်းမှာရှိသလား ဒူဒီ"

"ဘာရှိရမှာလဲ"

"ရောဂါကွာ"ဟု စာရေးကမေးသည်။

"ပယ်လားဂရားတို့၊ ကျောက်ရောဂါတို့လိုဟာမျိုး ရှိသလားလို့မေးတာ၊ မင်းမှာ အဲသလိုဟာမျိုး တစ်ခုခုရှိသလား"

"ကျုပ်သိသလောက်တော့ ကျုပ်မှာဘာဘာမှမရှိဘူး" ဟု ဒူဒီကပြောသည်။

"ဒါပေမဲ့ အဲဒါဘာလဲဆိုတာ ကျုပ်လည်းသိတာမှ မဟုတ်တာ"

"ခင်ဗျားယောကျ်ားဆီက ဘာရောဂါမှ မကူးခဲ့ဘူးလား၊ သူသေတာ ဘာကြောင့်လဲ"

"အသက်ကြီးလို့ သေတာလို့ ထင်ရတာပဲ၊ ကျွန်မတို့ လက်ထပ်တော့ သူက အသက်ငါးဆယ်ရှိနေပြီ"

"ခင်ဗျားတို့မှာ ကာလသားရောဂါကော ရှိကြသလား"

"အဲဒါကဘာလဲ" ဟု ဘက်ဆီက မေးသည်။

"ခင်ဗျား...သိမှာပါ၊ ဟိုဒင်းလေ"ဟု စာရေးကပြောသည်။

"ကာလသားရောဂါလေဗျာ၊ ခင်ဗျားခေါ်ချင်ရင် လိင်ရောဂါလို့လည်း ခေါ်လည်းရပါတယ်"

"ကျွန်မကတော့ အားတိုးဆေးတစ်မျိုး အမြဲဝယ်သောက်နေတာပဲ၊ ဒါပေမဲ့ အခုနောက်ပိုင်းမှာတော့ ငွေမရှိလို့ ဝယ်ပြီးမသုံးနိုင်တော့ဘူး"

"ဟာ...အဲဒါ မဟုတ်ဘူးဗျ၊ ကျွန်တော် ပြောနေတဲ့ဟာက တစ်ခါတလေ ယောကျ်ားနဲ့အတူအိပ်တဲ့ မိန်းမတွေဆီကရတဲ့ ရောဂါကိုပြောတာ"

"ကျွန်မ အရင်ယောကျ်ားမှာ တစ်ခါတစ်ရံ ပိုးမွှားတွေ ကိုက်ခံရတာတွေ့ဖူးတယ်၊ ကျွန်မက သူ့ကိုရော ကိုယ့်ကိုပါ ရေနံဆီနဲ့ တိုက်တိုက်ပေးရတယ်"

"ဟာ...ပိုးမွှားကိုက်တာ ပြောတာမဟုတ်ဘူး၊ ဒါက လူအများ ကြုံတတ်ကြတာပဲ၊ ဒီလိုရှိတယ်၊ အိုဗျာ...ဒီရောဂါ ခင်ဗျားတို့မှာ ရှိမယ်မထင်ပါဘူး၊ ကျွန်တော် ပြောနေတာကိုတောင်မှ ခင်ဗျားတို့ နားမလည်ဘဲဟာ"

"ရှင် တခြားသိချင်တာတွေ ဘာရှိသေးလဲ"

"ဒါပါပဲလေ၊ ကဲ...ကျွန်တော့်ကို နှစ်ဒေါ်လာမွေးပေတော့"

ဘက်ဆီသည် သူ့လက်ထဲ၌ ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ဟောင်းနွမ်းကြေမွနေသည့် တစ်ဒေါ်လာတန် နှစ်ရွက်ကို စာရေးအား လှမ်းပေးသည်။ သူ့စကပ်အကျႌ အိတ်ကပ်ထဲတွင် ထိုစက္ကူမျိုး အတော်များများရှိနေသေးသည်။ လက်ကိုင်ပဝါ တစ်ထည်ဖြင့်ထုပ်ကာ စုစည်းထားသည်။ ဘဏ်၌ထားသည့် ဒေါ်လာ ရှစ်ရာကတော့ မော်တော်ကားဖိုးပေးလိုက်၍ ကုန်ခဲ့ပြီ။

"ခင်ဗျားတို့နှစ်ယောက် အဆင်ပြေကြလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်"ဟု စာရေးကပြောသည်။

"ရှင်ကော အိမ်ထောင်ရှိသလား"ဟု ဘက်ဆီကမေးသည်။

"ကျွန်တော် အိမ်ထောင်ကျတာ ဆယ့်ငါးနှစ်ကျော်လာပြီ၊





ဘာပြုလို့မေးတာလဲ"

"ဒါဆိုရင် ကျွန်မနဲ့ဒူဒီ လက်ထပ်ရတာ ဘယ်လောက် ဝမ်းသာမလဲဆိုတာ ကိုယ်ချင်းစာနိုင်လိမ့်မယ် ထင်ပါတယ်"ဟု ဘက်ဆီပြောသည်။

"အိမ်ထောင်သည်မှန်သမျှ သူတို့ ဘယ်လို လက်ထပ်ခဲ့ကြရတယ်ဆို သိနေကြတာပဲ"

"အင်းပေါ့လေ..အစမှာတော့ အဆင်ပြေကြတာချည်းပဲ၊ ဒါပေမဲ့ အဲဒီအဆင်ပြေမှုက ကြည်ရှည်မခံဘူး၊ လက်ထပ်ပြီး တစ်နှစ်နှစ်နှစ်လောက်လည်းနေရော ယောကျ်ားလုပ်တဲ့လူက အပြင်ထွက်ပြီး နောက်ထပ် လက်ထပ်ချင်ပြန်ရော၊ ဒါပေမဲ့ လက်ထပ်လို့ကလည်း မရဘူး၊ ဥပဒေက ပထမတစ်ကြိမ်လက်ထပ်ပြီးရင် သွားရော၊ မိန်းမသေရင်လည်းသေ၊ ထွက်ပြေးရင်လည်းပြေးမှ၊ အဲဒါမျိုးကလည်း ဖြစ်ခဲပါတယ်ဗျာ"

"ကျွန်မနဲ့ ဒူဒီကတော့ ရာသက်ပန် နေရမှာ၊ ဟုတ်တယ်နော် ဒူဒီ"

ဒူဒီက စပ်ဖြဲဖြဲလုပ်နေသည်။ ပါးစပ်က အဖြေမပေး။ ဘက်ဆီသည် သူလိုချင်သော လိုင်စင်ကိုရခဲ့ပြီ၊ စာရေးနောက်ထပ်ပြောနေသည့် စကားများကို ကြားချင်စိတ်မရှိတော့၊ သူသည် ဒူဒီကို အခန်းထဲမှ ဆွဲထုတ်လာ၏။ သူတို့သည် တရားရုံးထဲမှ မော်တော်ကားဆီသို့ ပြေးကြသည်။

သူတို့သည် ကားထဲသို့ဝင်ထိုင်သည်။ ဒူဒီကကားကို စက်မနိုးမီ ဟွန်းကိုအကြိမ်ပေါင်းများစွာ နှိပ်လိုက်သည်။ ဂီယာမထိုးမီ နောက်တစ်ကြိမ်နှိပ်ပြန်သည်။ ထို့နောက် သူသည်ကားကို လမ်းမအတိုင်းမောင်းကာ ဖူးလားမြို့မှထွက်လာပြီး ဆေးရွက်ကြီးလမ်းဆီသို့ ဦးတည်သည်။

ဘက်ဆီကတော့ ကားနောက်မှ ထိုင်ခုံထက်တွင် ကိုယ်ကို တောင့်တောင့်ကြီးထား၍ ရင်ကိုကော့၊ ခေါင်းကိုမော့ပြီး ထိုင်လျက်

လိုက်ပါလာသည်။ သူသည် လက်ထပ်ခွင့်လိုင်စင်စာရွက်ကို လက်နှစ်ဖက်ဖြင့် တအားကြီး ဆုပ်ကိုင်ထားသည်။ သို့မှသာလျှင်သူ့လက်ထဲမှ လိုင်စင်စာရွက်သည် လေနောက်သို့ ပါမသွားဘဲ နေလိမ့်မည် မဟုတ်ပါလော။

■

## ( ၁၁ )

လက်စတာမိသားစုသည် ဒူဒီ၏ မော်တော်ကားဟွန်းသံကို အဝေးကြီးကတည်းက ကြားရ၏။ သူတို့အားလုံး ခြံဝင်းထောင့်သို့ အပြေးအလွှားသွားကာ ဆေးရွက်ကြီးလမ်းအတိုင်း မောင်းလာမည့် ဒူဒီနှင့် ဘက်ဆီတို့၏ မော်တော်ကားကို ဆီးကြိုကြသည်။ ဘွားအေကြီးပင်လျှင် စိတ်လှုပ်ရှားလျက်ရှိသည်။ သူသည် သစ်ပင်တစ်ပင်၏နောက်တွင်ကွယ်၍ရပ်ကာ မော်တော်ကားအသစ်ကိုကြည့်ရန် စောင့်စားနေလျက်ရှိလေသည်။

"ဟော...သူတို့ လာကြပြီဟေ့" ဂျိတာက အော်သည်။ "ကြည့်လိုက်ကြစမ်း၊ ကားက တကယ့် အသစ်ကျပ်ချွတ်ကြီးဟ၊ ဆေးအနက်ရောင်ကဖြင့် ပြောင်လက်နေတာပဲ၊ ဒီနေ့ဟာ တကယ့်နေ့ပဲဟ၊ သူတို့လာနေပုံကို ကြည့်ကြစမ်းပါဦးကွာ"

ဒူဒီသည် မော်တော်ကားကို တစ်နာရီ မိုင်နှစ်ဆယ်နှုန်းမောင်းလာခြင်းဖြစ်သည်။ သူသည် တစ်လမ်းလုံး ကားဟွန်းကိုသာ အာရုံစိုက်ပြီးနှိပ်လာနေသဖြင့် ခြံဝင်းထဲသို့ ကွေ့ဝင်ချိန်အထိ သူ့ကားကို အရှိန်မသတ်မိ၊ ကားသည် လမ်းဘေးမြောင်းကြီးထဲသို့ အရှိန်ပြင်းစွာကျသည်။ နောက်မှ ထိုင်လိုက်လာသော ဘက်ဆီသည် အထက်သို့ သုံးလေးကြိမ်မျှ အမြင့်ကြီးမြောက်တက်သွားပြီး ထိုင်ခုံ

ပေါ်ပြန်ကျသည်၊ ထိုအခါကျမှ ဒူဒီသည် သတိပြန်ဝင်ကာ ဟွန်းကို လက်လွှတ်လိုက်ပြီး စက်ကိုအရှိန်သတ်သည်။ ကားသည် ခြံဝင်းကို ဖြတ်ကာ အိမ်၏ဘေးတစ်ဖက်တွင်ရပ်သည်။

ကားသစ်အနီးသို့ ပထမဆုံး ရောက်သွားသူမှာ ဂျိုတာ၊ သူသည် ဒူဒီကားကို အရှိန်သတ်စဉ်ကတည်းက နောက်မှ ပြေးလိုက်ပြီး ကား၏မတ်ကပ်ကိုဆွဲကာ ကားနှင့်အပြိုင်ပြေးကာလိုက်၏။ အယ်လီမေနှင့် အေဒါတို့ကလည်း ကားနှင့်အလှမ်းမဝေးလှ။ ဘွား အေကြီးကလည်း နောက်မှနေ၍ မြန်နိုင်သမျှ မြန်အောင် လျှောက်လိုက်၏။

"ဒီလောက်လှတဲ့ကားကို ငါတစ်သက်မှာ တစ်ခါမှ မမြင်ဖူးခဲ့ဘူးကွာ" ဟု ဂျိုတာကပြောသည်။

"ဒီလောက်လှတဲ့ကားကို မြင်ရတော့ ငါ့စိတ်ဟာ ပြန်ပြီး ပျော်လာသကွာ၊ ငါ့ကိုတစ်ပတ်နှစ်လောက် မောင်းပို့ပါလား၊ ဘက်ဆီရာ၊ ငါနည်းနည်းပါးပါးလောက် စီးစမ်းပါရစေဟာ"

ဘက်ဆီသည် တံခါးကိုဖွင့်၍ ကားပေါ်မှဆင်းသည်။ အောက်ရောက်လျှင်ရောက်ချင်း သူ ပထမဆုံးလုပ်သည့် အလုပ်မှာ သူ့စကပ်အနားစနှင့် ရှေ့ဖုံးများကို ဖုန်တိုက်ခြင်းဖြစ်၏။

"ရှင့်ကိုနောက်တော့ တစ်ခေါက်လောက်မောင်းပို့ပေးမယ်" ဟု ဘက်ဆီကပြော၏။

"ကျွန်မနဲ့ဒူဒီ ပြန်လာတဲ့အခါကျတော့ ပို့ပေးမှာပေါ့"

"နင်နဲ့ဒူဒီက ဘယ်သွားကြဦးမှာလဲ ဘက်ဆီ"

"လက်ထပ်ပြီးစ လူတွေလုပ်သလို ကားနဲ့ လျှောက်လည်မှာပေါ့"ဟု ဝင့်ကြွားစွာဖြင့်ပြော၏။

"လပ်ထပ်ပြီးစ စုံတွဲတွေဟာ သူတို့နှစ်ယောက်တည်း မော်တော်ကားနဲ့ တစ်နေရာကို သွားတတ်ကြတယ် မဟုတ်လား ရှင့်"

အေဒါနှင့် အယ်လီမေသည် မော်တော်ကားကို တအံ့





တသြနှင့် လှည့်ပတ်ကြည့်နေကြ၏။ နှစ်ယောက်စလုံးသည် သူတို့ စကပ်အနားများနှင့် ကား၏တံခါးများ မက်ကပ်များကို ပွတ်တိုက်ပေးကြသည်။ ကြည်လင်တောက်ပသော နေရောင်အောက်တွင် မော်တော်ကား၏အရောင်သည် မှန်သားသဖွယ် တဖိတ်ဖိတ် လက်လာသည်။

ဒူဒီသည် ကားပေါ်မှဆင်းလာပြီး သူ့အမေနှင့် အစ်မတို့ ကားနှင့် ဝေးဝေးနေရန် အမိန့်ပေးသည်။

"ခင်ဗျားနဲ့ အယ်လီမေတို့ အခုလိုနားကပ်ပြီး ရပ်နေရင်တော့ ကားအကြိတ်ခံရလိမ့်မယ်" ဟုပြော၏။

"လက်တွေနဲ့ မကိုင်နဲ့လေဗျာ၊ ကားနားလဲသိပ်ပြီး ကပ်မရပ်နဲ့ဗျ"

"နင်တို့ဖူးလားမှာ လက်ထပ်ခဲ့ပြီးပြီလားဟု" ဂျိုတာက ဘက်ဆီကိုမေး၏။

"လက်တော့ မထပ်ခဲ့ရသေးဘူး" ဟု ဘက်ဆီကဖြေသည်။

"လက်ထပ်ခွင့်လက်မှတ်တော့ ရခဲ့ပြီ၊ နှစ်ဒေါ်လာပဲကျတယ်"

"ကိစ္စပြီးပြတ်သွားအောင် ဓမ္မဆရာတစ်ယောက်ခေါ်ပြီး လက်ထပ်ဦးမယ် မဟုတ်လား"

"အေးပေါ့..မင်းလည်းလုပ်နိုင်တာပဲ"ဟု ဂျိုတာကပြောသည်။

"မင်းလည်း အလွန်တော်တဲ့ ဓမ္မဆရာမတစ်ယောက်ပဲဟာ"

ဘက်ဆီသည် လက်ထပ်ခွင့်လိုင်စင်ကို လက်ဖြင့်ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ဆင်ဝင်ဆီသို့သွားသည်။ ကျန်လူစုသည် မော်တော်ကားကို ကြည့်နေကြဆဲ။ အယ်လီမေနှင့် အေဒါတို့သည် ဒူဒီ့စကားကြောင့် ကားနှင့်ခပ်လှမ်းလှမ်းမှရပ်၍ ကြည့်နေကြသည်၊ ဘွားအေကြီးကတော့ သစ်ပင်နောက် ပြန်ရောက်သွားသည်။ သူသည် ပြုံတစ်ပြုံတစ်လုပ်ကာ အံ့သြခြင်းကြီးစွာဖြင့် ကြည့်နေ၏၊

ဒူဒီသည် ကားကို တစ်ပတ်လှည့်၍ ကြည့်ကာ ကားပေါ်

တွင် လက်ရာများ ကျန်မကျန် စစ်ဆေးနေသည်။

ဂျိုတာကတော့ မြေကြီးပေါ်၌ထိုင်ကာ ကားကို ချီးမွမ်း ခန့်ညား၍ မဆုံးနိုင်အောင်ဖြစ်နေဆဲ။

ဘက်ဆီသည် ဆင်ဝင်လှေကားမှ တက်သွားပြီး ဒူဒီသူ့ကို အာရုံစိုက်လာအောင် ကြိုးစားသည်။ အကြိမ်ပေါင်းများစွာ ချောင်းဆိုး သံပေးသည်။ ကြမ်းပြင်ကို ခြေထောက်နှင့် ပွတ်တိုက်ပြီး အသံပေး သည်။ ဂျိုတာက အသံများကြားသဖြင့် လှည့်ကြည့်သည်။

"လှပ်နေပုံက အရူးတစ်ယောက်လို ပါလားကွယ်တို့"ဟု ဂျိုတာက ထိုင်ရာမှထရပ်ပြီးပြော၏။

ကျန်လူစုက ဘက်ဆီကို လှည့်ကြည့်ကြသည်။ သစ်ပင် နောက်မှ အယ်လီမေက တခစ်ခစ်ရယ်၏။

"ဟော့..အေဒါ"ဟု ဂျိုတာကအသံပြုသည်။

"စစ္စတာဘက်ဆီက အိမ်ထဲကို ဝင်ချင်နေပုံရတယ်ကွ၊ သွားလိုက်ဦး"

အေဒါက အိမ်ထဲဝင်ပြီး ခန်းဆီးများကို ဖွင့်လိုက်၏။ အခန်းထဲမှ ကုလားထိုင်နှင့် စုတင်များတွန်းသံ၊ ရွှေ့သံများကြားနေရ ၏။

"ဖူးလားကအပြန် လမ်းမှာ မင်းနဲ့ဒူဒီ သစ်တောထဲ ခဏတစ်ဖြုတ် ဝင်ခဲ့ကြသေးသလား"ဟု ဂျိုတာက ဘက်ဆီကို မေးသည်။

"ဒီကို ပြန်ရောက်ချင်တဲ့စောက ကြီးနေလို့ မဝင်ဖြစ်ခဲ့ဘူး" ဟု ဘက်ဆီကပြောသည်။

"ကျွန်မက အဲဒီဟာ ဒူဒီကိုပြောသေးတယ်၊ သူက ကား ဟွန်းကိုပဲ တောက်လျှောက်နှိပ်နေတော့ ကျွန်မပြောတာ ဘာမှ မကြားတော့ဘူး"

"ဟော့ကောင်..ဒူဒီ"ဟု ဂျိုတာက လှမ်းခေါ်သည်။

"စစ္စတာဘက်ဆီ အိမ်ထဲသိပ်ပြီး ဝင်ချင်နေတာ မင်း





မမြင်ဘူးလားကွ၊ သူနဲ့ အိမ်ထဲဝင်လိုက်သွားပါဦးလား၊ မော်တော် ကားကို ငါကြည့်ထားလိုက်ပါ့မယ်"

ဂျိုတာက ဒူဒီကို အိမ်ထဲဝင်ဖို့ တိုက်တွန်းနေစိုက် ဘက်ဆီ သည် ဆင်ဝင်ကိုဖြတ်၍ အိမ်တံခါးဆီ လျှောက်သွားရင်း သူ့နောက် က ဒူဒီလိုက်လာမလား စောင့်ကြည့်လျက်ရှိ၏။

ဘက်ဆီသည် အိမ်ရှေ့တံခါးဝသို့ ရောက်ပြီးကာမှ နောက်သို့ ပြန်လှည့်သွားကာ မော်တော်ကားကို လှမ်းကြည့်ပြန် သည်။ အိပ်ခန်း ထဲမှ အေဒါထွက်လာပြီး သူ့ကိုဆွဲခေါ်သွားကာ အိပ်ခန်းထဲသို့ တွန်းသွင်းလိုက်မှပင် အထဲသို့ရောက်သွားသည်။

အိပ်ခန်းထဲတွင် အိမ်ထောင်ပရိဘောဂဆို၍ မရှိသလောက် ပင်ဖြစ်၏။ နှစ်ယောက်အိပ် စုတင်သုံးလုံးအပြင် ထောင့်တစ်ထောင့်၌ ခရီးဆယိုင်ဖြစ်နေသော မှန်တင်ခုံတစ်လုံးရှိသည်။ ထိုမှန်တင်ခုံသည် မျက်နှာသစ်ရာစင်အဖြစ်လည်းကောင်း၊ စားပွဲတစ်လုံးအဖြစ်လည်း ကောင်း အသုံးပြုကြသည်။ ထိုမှန်တင်ခုံ၏ အပေါ်ဘက်နံရံတွင် မှန်အကွဲတစ်ချပ် ချိတ်ထားသည်။ အခန်း၏ တစ်ဖက်သောအစွန်း တွင် မီးဖိုရှိရာ ပိတ်စွယ်မြတ်တံမြက်စည်းတစ်ချောင်း၊ တံခါး၏ နောက်တွင် ထောင်လျက်ရှိနေပြီး စုတ်ပြတ်နေသော ထီးအဟောင်း တစ်ချောင်းမှာမူ အေဒါ၏စုတင်အောက်တွင် လဲလျောင်းလျက်ရှိ၏။

အခန်းထဲတွင် ကုလားထိုင်နှစ်လုံးရှိသော်လည်း ဗီရို တစ်လုံးမှမရှိ။ အဝတ်အထည် တချို့သည် နံရံတွင်တန်းပစ်ထား သည့် ကြိုးပေါ်၌ရှိ၍ အချို့မှာ နံရံတွင်ရိုက်ထားသည့် သံငုတ်များ တွင် ချိတ်လျက်တည်ရှိကြလေသည်။

ဒူဒီ အခန်းထဲ ရောက်လာသည်နှင့် တစ်ပြိုင်နက် ဘက်ဆီ က တံခါးကိုပိတ်လိုက်ပြီး ဒူဒီကိုဆွဲခေါ်သည်။ သူသည်လက်ထပ်ခွင့် လိုင်စင်စာရွက်ကို စကပ်အကျီအိပ်ကပ်ထဲမှ ဆွဲထုတ်ကာ သူ့ရှေ့၌ ဖြန့်လိုက်သည်။

"မင်းက တစ်ဖက်ကကိုင်ထားဒူဒီ၊ တစ်ဖက်ကို ဘက်ဆီ

ဘ ကိုင်ထားမယ်"

"ခင်ဗျားက ဘာလုပ်ဦးမလို့လဲ"

"တို့များလက်ထပ်ကြမယ် ဒူဒီ"

"ဖူးလားမြို့ တရားရုံးမှာ ကိစ္စပြီးခဲ့ပြီ မဟုတ်လားဗျာ"

"အကုန်လုံးမပြီးသေးဘူးကွဲ့၊ ကျန်တာကိုအခုမှလုပ်ရမှာ"

"သလိုဆိုရင် ကျုပ်တို့ဘယ်တော့ ကားလျှောက်စီးရမှာလဲ"

"သိပ်မကြာတော့ပါဘူးကွဲ့. စီးရတော့မှာပါ၊ တို့များ ဒီမှာ ခဏတစ်ဖြုတ်တော့ နေကြဦးမှပေါ့၊ ကားစီးဖို့အချိန်တွေ အများကြီး ရှိပါသေးတယ်ကွဲ့."

"တစ်ချိန်လုံး ကားမောင်းနေမယ်ဆိုရင် ခင်ဗျားခွင့်ပြုမှာ လား"

"ခွင့်ပြုမှာပေါ့ကွယ်၊ အချိန်ရှိသရွေ့ မင်းစိတ်တိုင်းကျ မောင်းပါ၊ ဘက်ဆီကမှ မမောင်းတတ်တာပဲဟာ"

"တခြားလူတစ်ယောက်ကိုတော့ အမောင်းမခိုင်းပါဘူးနော်"

"အိုကွယ်...မင်းတစ်ယောက်တည်း မောင်းရမှာပါ"ဟု ဘက်ဆီကပြောသည်။

"ဒါပေမဲ့...တို့လက်ထပ်တာ ပြီးအောင်လုပ်ဦးမှ၊ ဘက်ဆီ က ဘုရားသခင်ကို အာရုံပြုနေတုန်းမှာ မင်းက လိုင်စင်စာရွက်ကို အဲဒီဘက်ကကိုင်ထား"

ဒူဒီသည် ဘက်ဆီအားမှရပ်ကာ ဆုတောင်းစာရွက် ဖတ် အပြီးကိုစောင့်နေသည်။ ဘက်ဆီသည် မိနစ်အတော်ကြာမျှ ငြိမ်သက်စွာ အာရုံပြုလျက်ရှိ၏။

"ကျွန်တော်မက ဒူဒီနှင့် ကျွန်မကို လင်နှင့်မယားအဖြစ် လက်ထပ်ပေးပါ၏၊ လင်နှင့်မယားအရာရောက်ပါစေ၊ ဒါပါပဲ ဘုရား သခင်၊ အာမင်"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အတန်ကြာ မျှ စိုက်ကြည့်နေကြသည်။





"ကျုပ်တို့ဘယ်တော့ ကားနဲ့သွားကြမှာလဲဗျ"ဟု ဒူဒီက မေးသည်။

"တို့အခု လက်ထပ်ပြီးကြပြီ ဒူဒီ၊ တို့လက်ထပ်ပြီးသွားတာ ကို မင်းဝမ်းမသာဘူးလားဟင်"

"အင်းပါလေ..ဟုတ်ပါတယ်၊ ကျုပ်တို့ ကားနဲ့ဘယ်တော့ ထွက်ကြမှာလဲ"

"ဘက်ဆီ ဆုတောင်းဦးမှ ဖြစ်မယ်ဒူဒီရဲ့"ဟု ပြောသည်။ "ကဲ..ဘက်ဆီ ဆုတောင်းနေတုန်း မင်းကခဏလေးဒူးထောက် ထိုင်လိုက်ဦးနော်"

နှစ်ယောက်သား ဒူးထောက်ထိုင်ကြပြန်၏။ ဒူဒီသည် လေးဘက်ထောက်၍ထိုင်ကာ မျက်စိများစုံမှိတ်ထားသည့် ဘက်ဆီ ၏နှာခေါင်းကို တည့်တည့်ကြီး စိုက်ကြည့်နေသည်။

"ချစ်လှစွာသော ဘုရားသခင်၊ ဒူဒီနဲ့ တပည့်တော်မတို့ အခုလက်ထပ်ပြီးကြပါပြီ၊ တပည့်တော်မတို့ မယားနဲ့ လင်ဖြစ်ကြပါ ပြီ၊ ဒူဒီဟာ ဘာမှမသိနားမလည်တဲ့ လူငယ်လေးတစ်ယောက်ပါ၊ တောပိုင်းမှာ ဖြစ်လေ့ရှိတဲ့ မကောင်းမှုဒုစရိုက်တွေနဲ့ တွေ့ဖူးကြုံဖူးသူ တစ်ဦးမဟုတ်ပါဘူး၊ တပည့်တော်မကတော့ အမျိုးသမီး ဓမ္မဆရာ တစ်ဦးပါ၊ အရှင်မြတ်က ဒူဒီကိုလည်း တရားဟောဆရာဖြစ်အောင် လုပ်ပေးပါ၊ ဒီတောပိုင်းဒေသက ဒုစရိုက်သမားတွေကို မော်တော် ကားနဲ့ တရားလည်ဟောဖို့ ခွင့်ပြုတော်မူပါ၊ အရှင်မြတ်အနေနဲ့ ဒူဒီကို ဓမ္မဆရာကောင်းတစ်ယောက်ဖြစ်အောင် လုပ်ပေးပါ၊ ဒါမှသာ ဆိတ်တွေကို သိုးတွေဖြစ်အောင် တပည့်တော်မတို့က လုပ်ပေးနိုင်မှာ ပါ၊ အခု တပည့်တော်မတို့ အရေးတကြီး ကိစ္စရှိနေလို့ခွင့်ပြုပါ၊ တပည့်တော်မတို့ကို မာရ်နတ်လက်ထဲကလွတ်အောင် ကယ်မပြီး ကောင်းကင်ဘုံရောက်အောင် စောင့်ရှောက်တော်မူပါ၊ အာမင်"

ဘက်ဆီသည် ဒူးထောက်ထိုင်နေရာမှ ခုန်ထလိုက်ပြီး အလွန်ရွှင်လန်းအားရစွာဖြင့် အခန်းထဲ၌လှည့်ပတ်ပြေးသည်။

ထို့နောက် ပြန်ပြေးလာပြီး ဒူဒီကိုဆွဲခေါ်သည်။ လက်နှစ်ဖက်ကိုယူ၍ သူ့ခါးကိုဖက်နိုင်းသည်။

ဒူဒီသည် သူ့လက်ကိုဆွဲပြီး အခန်းထဲ၌ လှည့်သွားသော ဘက်ဆီကို မိနစ်ပေါင်းအတန်ကြာမျှ စိုက်ကြည့်နေသည်။ နောက်ဆုံးတွင် ဘက်ဆီသည် အိပ်ရာစုတင်တစ်လုံးပေါ် ထိုင်ချလိုက်ပြီး ဒူဒီကိုသူ့ဘေး၌ ထိုင်နိုင်းလိုက်သည်။

"အခုအိပ်တော့မလို့လား"ဟု ဒူဒီကမေးသည်။ "အိပ်ချိန်မှ မရောက်သေးတာဘဲ၊ အခုမှမွန်းလွဲစပဲ ရှိပါသေးတယ်"

"အခုလောလောဆယ် ခဏလောက်ပါကွယ်"ဟု ဘက်ဆီကပြောသည်။ "ဒီမှာ ခဏလောက်နေပြီးရင် မော်တော်ကား လျှောက်မောင်းကြတာပေါ့"

ဒူဒီသည် အပြင်၌ရပ်ထားသည့် မော်တော်ကားကို ကြည့်ရန် ပြတင်းပေါက်သို့ ပြေးသွားသည်။ တဒင်္ဂမျှ သူသည် ကားကိုမေ့သွားသည်။

ဘက်ဆီသည် ပြတင်းပေါက်နားအထိ လိုက်လာပြီး ဒူဒီကို သူနှင့် မျက်နှာချင်းဆိုင်မိအောင် ဆွဲလှည့်သည်။ ထို့နောက် ခုတင်ဆီသို့ဆွဲခေါ်သွားပြီး သူ့ဘေးတွင်ထိုင်နိုင်းသည်။

ရုတ်တရက် ချက်ချင်းပင် ဒူဒီသည် သူ့ကိုယ်သူ ဘာဖြစ်၍ ဘာဖြစ်မှန်းမလိုက်ဘဲ အိပ်ရာပေါ်လဲကျကာ စောင်တစ်ထည်ခြုံပြီးသားဖြစ်နေ၏။ ဘက်ဆီက သူ့ကို တအားကုန်ဖက်ထားသဖြင့် နည်းနည်းကလေးမှ လှုပ်ရှားရန်ကန်၍မရ။

အပြင်ဘက်မှ အိမ်နံရံကို လေကားထောင်လိုက်သံ သူကြားရသည်။ ဂျီတာသည် မြင်းစားခွက်အောက်၌ ထိုးထားသည့် လေကားကိုတွေ့၍ ပြတင်းပေါက်ဆီသို့ ယူလာပြီး ထောင်လိုက်ခြင်းပေတည်း။

■



( ၁၂ )

ဒူဒီမော်ကြည့်လိုက်သည့်အချိန်တွင် အိပ်ခန်းတံခါးပွင့်နေသည်။ အယ်လီမေ၊ အေဒါနှင့် ဘွားအေကြီးတို့ လူစုံတံခါးဝ၌ စုပြုံ၍ ရပ်နေကြသည်ကိုတွေ့ရသည်။ ရုတ်တရက် သူဘာလုပ်ရမှန်း မသိ၊ သို့သော် သူတို့ကို အခန်းထဲမှထွက်သွားရန် မျက်ရိပ်မျက်ခြည်ပြ၍ နင်သည်။

အားလုံးခြံဝင်းထဲသို့ ပြန်ဆင်းလာကြသည့်အခါ ဒူဒီသည် ကားပေါ်တက်ထိုင်ကာ ဟွန်းကိုနှိပ်ပြန်သည်။ အမျိုးသမီးများကတော့ မော်တော်ကားကို ဖုန်သုတ်နေကြသည်၊ ဘွားအေကြီးကတော့ သစ်ပင်တစ်ပင်နောက်မှရပ်ကာ တခြားလူတွေ လုပ်ကိုင်နေသမျှကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။ ဂျီတာကတော့ မီးခိုးခေါင်းတိုင်ဘေး၌ထိုင်နေသည်။ အိမ်ထဲတွင် ဘက်ဆီပြောခဲ့သည့် စကားကို ပြန်စဉ်းစားနေသည်။ သူသည် သူ့စိတ်ကူးများကို အခုချက်ချင်း ထ၍မလုပ်သေးဟု ဆုံးဖြတ်သည်။ အချိန်တွေအများကြီး ရှိသေးသည်ဟု သူ့ကိုယ်သူဖြေသည်။

မီးဖိုထဲတွင် အစားအစာ အနည်းငယ်ရှိသေးသည်။ ပြီးတော့ အေဒါဖုတ်ထားသည့် ပြောင်းဆန်ပေါင်မုန့်တစ်လုံးလည်း ရှိသေးသည်။ ပေါင်မုန့်မှာ ပြောင်းမှုန့်၊ ဆား၊ ရေနှင့် ဆီနည်းနည်း စီရော၍ ဖြစ်ကတတ်ဆန်း ဖုတ်ထားခြင်းဖြစ်သည်။

အားလုံး မီးဖိုခန်းထဲမှ စားပွဲ၌ထိုင်ကာ ရှိသမျှအစာကို ခွဲဝေမျှတ၍ စားကြသည်။ ထိုနေ့အဖို့ ပထမဆုံးအကြိမ် အစားအစာနှင့် တွေ့ကြရခြင်းဖြစ်သည်။ နောက်ထပ်စားစရာ ဘာမှမကျန်တော့သဖြင့် ဤတစ်ကြိမ်သည် နောက်ဆုံးအကြိမ်ဖြစ်စို့ များနေသည်။

စားသောက်ပြီးကြသောအခါ အားလုံးခြံဝင်းထဲသို့ ထွက်ကာ မော်တော်ကားကို ကြည့်ကြပြန်သည်။ ဘွားအေကြီးသည် ပေါင် မုန့်ပိုင်းတစ်ပိုင်းကို သူ့ခါးစည်းအဝတ် အိပ်ကပ်ထဲထည့်၍ ဝှက်ထားသည်။ ပြီးတော့ သူ့အိပ်ရာခင်းအောက်၌ ပြောင်း၍ဝှက်သည်။ အကယ်၍ နောက်တစ်နေ့တွင် ဂျိုတာက ဘာအစားအစာမှ ဝယ်မပေးနိုင်ပါက ဤပေါင်မုန့်ကို သူဝါးနိုင်မည် မဟုတ်ပါလော။

ဂျိုတာကတော့ အခုချက်ချင်း မော်တော်ကားစီးချင်နေသည်။ သူ ကားစီးချင်းနေကြောင်းကိုလည်း ထုတ်ပြောသည်။ သူ အဆင်သင့်ဖြစ်နေကြောင်းကိုလည်း ဘက်ဆီအား အသိပေးသည်။

သို့တစေလည်း ဘက်ဆီမှာက အခြားအစီအစဉ်များနေသည်။ သူနှင့် ဒူဒီတို့ ထိုနေ့ နေ့ခင်းပိုင်းတွင် နှစ်ယောက်တည်း ကားလျှောက်စီးမည်။ ကားစီးရင်း သူတို့၏ မင်္ဂလာကိစ္စကို အရသာခံ၍ စားမြုံ့ပြန်ချင်မည်။ ပြီးတော့ ပြန်လာမည်။ သူတို့ ပြန်လာတော့ ဂျိုတာကိုလိုက်ပို့မည်ဟု ကတိပေးသည်။

ဘက်ဆီနှင့် ဒူဒီတို့ ကားထဲဝင်ထိုင်ကြသည်။ ဒူဒီသည် ကားကို ခြံဝင်းထဲမှမောင်းထွက်ကာ ဆေးရွက်ကြီးလမ်းပေါ် တက်သည်။ ထို့နောက် ပြည်နယ်အဝေးပြေး ကားလမ်းကြီးသို့ ဦးတည်သည်။ သူတို့နှစ်ယောက် ဩဂတ်စတာမြို့ကို သွားကြတာထင်တယ်





ဟု ဂျိုတာကတွေးသည်။ လှမ်း၍ မေးလိုက်မည်ဟု ဟန်ပြင်သည်။ သို့သော် မော်တော်ကားသည် သူ့စကားကိုကြားနိုင်သည့် နေရာ၌ မရှိတော့။ အဝေးသို့ ရောက်သွားပြီ။

"ဒူဒီဆိုတဲ့ကောင်က ကံအကောင်းဆုံးလူဖြစ်သွားပြီ"

ဟု ဂျိုတာက အယ်လီမေကိုလှမ်းပြောသည်။

"ငါပြောတာ ဟုတ်ရဲ့လား"

အယ်လီမေသည် ကားနောက်မှ အလိပ်လိပ်ထကျန်ခဲ့သော ဖုန်လုံးကြီးကို ငေးကြည့်နေသည်။ ဂျိုတာပြောသည့်စကားကို သူကြားသည်။ သို့သော်လည်း သူစိတ်ဝင်စားနေသည်မှာ လမ်းမပေါ် အတိုင်း မောင်းသွားနေသည့် ကားသစ်နှင့် ဒူဒီအဆက်မပြတ် နှိပ်နေသည့်ဟွန်းသံ။

"စီးဖို့ မော်တော်ကားသစ် တစ်စီးလည်းရသွားတယ်၊ တစ်ချိန်တည်းမှာ မိန်းမလည်းရတယ်"ဟု ဂျိုတာကဆက်ပြောသည်။ "ကားသစ်ရော မိန်းမရော တစ်ပြိုင်တည်းရတဲ့ ယောကျ်ား များများစားစား ရှိတာမဟုတ်ဘူးဟဲ့သိလား၊ ကားသစ်တစ်စီးပိုင်တာဟာ သိပ်ဂုဏ်ရှိတယ်၊ ငါတို့နေတဲ့ နေရာကနေပြီး ဟိုးမြစ်ဆိပ်ရောက်တဲ့အထိ ဒီကြားထဲမှာနေတဲ့ ကောင်တွေထဲမှာ မော်တော်ကားအသစ် တစ်စီးပိုင်တဲ့ကောင် တစ်ကောင်မှမရှိဘူး။ ပြီးတော့ စွတာ ဘက်ဆီလို တော်တဲ့မိန်းမမျိုး ရတဲ့ကောင်လည်း တစ်ကောင်မှမရှိဘူး၊ ဘက်ဆီဟာ ယောကျ်ားတစ်ယောက်အဖို့ မိန်းမကောင်းတစ်ယောက်ကွဲ့၊ ဒါပေမဲ့ ဒီကပေးနိုင်တာထက် သူကပိုပြီး လိုချင်နေမှာတစ်ခုတော့ ကြောက်ရတယ်၊ သူက သာယာမှုတော့ အစုလိုက် အပုံလိုက်ကိုရချင် ပုံပေါက်တယ်၊ ဒူဒီကပေးနိုင်မလား၊ ဒါကတော့ သူမကြာခင်တွေ့ရတော့မှာပါလကွာ၊ အင်း... ဒူဒီနေရာမှာ ငါသာဆိုရင် ဒီပြဿနာဟာ မပေါ်ပါဘူး၊ အစကတည်းက သူ့ကိုလိုသမျှ ဖြည့်ပေးထားမှာပေါ့"

ဂျိုတာပြောနေသည့် စကားတွင် အယ်လီမေစိတ်ဝင်စား

လာသည်။ သူသည် ဂျိုတာဆက်ပြောမည့် စကားများကို အသာ
နားစွင့်လျက်ရှိ၏။

"အခုဆိုရင် နင်လည်း ယောကျ်ားတစ်ယောက်ရအောင်
ရှာဖို့အချိန်ကျနေပြီ၊ ဒီအလှည့်ဟာ နင့်အလှည့်ပဲ၊ အမှန်ကတော့
ယောကျ်ားရသင့်နေတာ ကြာလှပြီ၊ ဝါးလိန့် ဒူဒီတို့မရှိခင်'အရင်ယူရ
မှာ၊ ဒါပေမဲ့ နင့်မျက်နှာကြောင့် ငါကခြွင်းချက်ထားပြီး စွင့်လွှတ်
ထားရတာ၊ တခြားကောင်မလေးတွေနဲ့စာရင် နင့်မှာက အဖော်ရဖို့
မလွယ်ဘူးလေ၊ ဒါပေမဲ့ ငါတို့တောပိုင်းမှာက လူတိုင်းလူတိုင်း
အချိန်တန်ရင် အဖော်ကတော့ ရှိရမယ်ဟ၊ ဒီတော့ကာ နင်အပြင်
ထွက်ပြီး လက်ထပ်နိုင်မယ့် ကောင်တစ်ကောင်တော့ ရှာသင့်ပြီ၊
အချိန်တွေကုန်အောင် အိပ်စောင့်နေလို့ကတော့ မဖြစ်ဘူး၊ သိပ်
နောက်ကျသွားရင် ကောသွားမယ်နော်၊ အဲသလိုတော့ အဖြစ်မခံနဲ့
ကြားလား၊ ငါပြောတာ၊ လပ်ဗ်ကိုလုပ်သလို အရှုးသွားလုပ်လို့လဲ
မဖြစ်ဘူး၊ ဟို သစ်စက်ဘက်မှာ ကောင်လေးတွေ အများကြီးရှိနေ
တာပဲ၊ နင်တစ်ရက်လောက် အဲဒီဘက်ကိုလျှောက်သွားပြီး
ကောင်လေးတွေမြင်အောင် လုပ်ကြည့်ပေါ့၊ ဒီအလုပ်က သိပ်ပြီး
ခဲယဉ်းတဲ့အလုပ် မဟုတ်ပါဘူးဟယ်"

ဂျိုတာက အယ်လီမေ့မျက်နှာကို လှမ်းကြည့်လိုက်ချိန်တွင်
အယ်လီမေသည် ရှိုက်ကြီးတငင် ငိုကြွေးလျက်ရှိလေပြီ။ နို့စို့ကလေး
ဘဝကတည်းက အယ်လီမေငိုသည်ကို သူပထမဆုံးအကြိမ် မြင်ဖူး
ခြင်းဖြစ်၏။ သူ ဘာလုပ်ရမှန်းမသိ၊ ဘာပြောရမှန်းလည်းမသိ၊
သူ့ ဘဝတစ်လျှောက်လုံး ဝမ်းနည်းပက်လက် ငိုကြွေးနေသည့်
မိန်းမတစ်ယောက်ကို သူရှာဖူးခဲ့သည်မဟုတ်၊ ထို့အတွေ့အကြုံမျိုး
သူ့တွင်မရှိ၊ သူ့မိန်းမအေဒါသည် ဘယ်တော့မှငိုသည်မဟုတ်၊

ဘာကြောင့် ငိုတာလဲဟု သူက မမေးလိုက်ခင် အယ်လီမေ
သည် ဝါခင်းဟောင်းကြီးဘက်သို့ ပြေးထွက်သွားသည်။ အိမ်နောက်
ဘက် ဝါခင်းထဲရှိ ပိတ်စွယ်မြတ်ပင်ကြီးများအကြားမှာ တိုးဝှေ့





ဖြတ်သန်းကာ သစ်တောဘက်သို့ ဦးတည်၍ ပြေးသွားနေခြင်းဖြစ်
သည်။ သူပြေးနေပုံသည် ကြောက်လန့်တကြား ဖြစ်နေသည့်
ယုန်ငယ်တစ်ကောင် ပြေးနေသည်နှင့်တူလှ၏။

"ဘယ်လိုလဲဟာ၊ ဒီကောင်မလေး အခုလိုဖြစ်တာတစ်ခါမှ
မတွေ့ခဲ့ပါဘူး"ဟု ဂျိုတာကရေရွတ်သည်။ "သူ အခုလိုဖြစ်သွားအောင်
ငါဘာများပြောလိုက်မိပါလိမ့်"

■

# ( ၁၃ )

အယ်လီမေဒိုယိုပြီး ထွက်ပြေးသွားသည့်နောက်တွင်လည်း ဂိုတာသည် မီးနိုးခေါင်းတိုင်ဘေးမှာပင် ဆက်၍ထိုင်နေသည်။ သူသည် မော်တော်ကားအသစ်မှ ထင်ကျန်ရစ်ခဲ့သည့် ဘီးရာများကို စိတ်ဝင်တစားငေးကြည့်ကာ တအုံတသြ ဖြစ်လျက်ရှိ၏။

အိမ်နှင့် ပြောင်းကျီကြားတွင် ရပ်ထားသော သူ၏ ကားတာယာများမှာမူ ပါးနေကြလေပြီ။ သဲပေါ်လိမ့်ယူလာသည့် အခါ လိမ့်လာသည့် အရာမှတစ်ပါး မော်တော်ကားဘီးနှင့် တူသည့်အရာဆို၍ ဘာအရာမှထင်၍ မကျန်ခဲ့ပေ။ သူ့တာယာများကို တစ်ခုခုလုပ်၍ရလျှင် မည်မျှကောင်းမည်နည်း။ အကယ်၍သာ လေဖြည့်အောင်ထိုး၍ရမည်ဆိုပါကမူ ထင်းတစ်စီးတိုက်တင်၍ ဩဂတ်စတာသို့ သွားရောက်ရောင်းချနိုင်ပေလိမ့်မည်။ သို့ဆိုလျှင် အနည်းဆုံး ငွေတစ်ဒေါ်လာတော့ ရနိုင်မည်ဖြစ်၏။

မြို့နှင့် အကွာအဝေးမှာ ဆယ့်ငါးမိုင်မျှ ရှိသည်ဖြစ်ရာ အသွားအပြန် ခရီးအတွက် ဓာတ်ဆီတော့ ဝယ်ရလိမ့်မည်ဖြစ်၏။ ဓာတ်ဆီသာ ဝယ်လိုက်ပါက ထင်းရောင်း၍ ရသည့်ငွေတစ်ဒေါ်လာသည် ဘာမျှကျန်တော့မည်မဟုတ်။ နှစ်ဆယ့်ငါးဆင့်မျှသာ ကျန်စရာရှိ၏။

ထိုငွေဖြင့် အစားအစာ အနည်းငယ်သာ ဝယ်နိုင်မည်ဖြစ်၏၊ သို့အတွက် ပြောင်းဆန်ကိုပင် ဝယ်နိုင်မည်မဟုတ်။ အလွန်ဆုံး ဝါစေ့မှုန့်ကိုသာ ဝယ်နိုင်မည်ဖြစ်သည်။ ပြောင်းဆန်မှုန့်မှာ အလွန်ဈေးကြီး၏။ သူတို့မိသားစု တစ်ပတ်လုံးလုံးစားနိုင်မည့် ဝါစေ့မှုန့် ဆယ့်ငါးဆင့်ပေးလျှင်ရသည်။

သို့သော်...ထင်းကားတစ်စီးတိုက်စားရဖို့ အပင်ပန်းခံရသည့်အတွက် ထိုက်ထိုက်တန်တန် အကျိုးရှိမရှိ သူတွက်၍ မရဘဲဖြစ်နေသည်။ ကားတစ်စီးတိုက် ထင်းရဖို့အတွက် သူသည် အနည်းဆုံး နေ့ဝက်ခန့် ခုတ်ရမည်ဖြစ်၏။ ဩဂတ်စတာသို့သွားရာ၌ နေ့တစ်ဝက်ခန့်ထပ်မံ၍ အချိန်ကုန်ရမည်ဖြစ်၏။ ဟိုရောက်ပြန်တော့ သူ့ထင်းကိုဝယ်မည့်သူ ရှာမရဘဲဖြစ်နေချင် ဖြစ်နေလိမ့်မည်။

ဒီနှစ်တော့ဖြင့် သူ ဝါပြန်စိုက်ချင်၏။ သူ့ အစီအစဉ်ကို ဘယ်လိုနည်းနှင့်မှ အပျက်မခံချင်။ အကယ်၍ မျိုးစေ့နှင့် ငှက်ချေး မြေဩဇာကိုသာရခဲ့လျှင် ဝါ ဆယ်ကေ၊ ဆယ့်ငါးကေခန့်တော့ လုပ်နိုင်ဖို့ရှိ၏။ ဖူးလားမြို့အနီး လားတစ်ကောင်တော့ ငှား၍ ရနိုင်လိမ့်မည်ဟု သူထင်သည်။ သူ့မှာ ထွန်ကတော့ အဆင်သင့်ရှိနေ၏။

သို့သော်လည်း ဝါစေ့နှင့် မြေဩဇာဝယ်ဖို့အတွက် ငွေ သို့မဟုတ် အကြွေးရယူနိုင်သည့် အခြေအနေ ရှိဖို့လိုနေ၏။ ဩဂတ်စတာမြို့ရှိ ဘဏ်မှငွေချေးဖို့ ဆိုသည်မှာလည်း ဖြစ်နိုင်စရာ လမ်းကမရှိ၊ ဘဏ်မှချေးငွေရဖို့ သုံးလေးကြိမ်ထက်မနည်း ကြိုးစားခဲ့ဖူးပြီ။

သို့သော်...သူတို့က ပထမဆုံးဆီး၍ မေးလိုက်သည့် မေးခွန်းမှာ သူ့စာချုပ်တွင် အာမခံလက်မှတ်ထိုးမည့်သူ မည်သူနည်း။ အာမခံပစ္စည်းက ဘာတွေလဲဟူသော မေးခွန်းဖြစ်သည်။

ချေးငွေရဖို့ သွား၍ကြိုးစားသည့်အခါတိုင်း ဤနေရာအရောက်တွင် သူလက်မြှောက်ခဲ့ရသည်ချည်းဖြစ်၏။ သူ့စာချုပ်အတွက် အာမခံလက်မှတ်ထိုးပေးသူ တစ်ဦးမှမရှိ၊ ချေးငွေအတွက်





အာမခံတင်စရာ ပစ္စည်းကလည်းဘာမှမရှိ၊ ထိုအခါ ဘဏ်မှလူများက ကုမ္ပဏီချေးငွေရဖို့ သူ့ကိုပြောကြလေသည်။

ကုမ္ပဏီငွေချေးသမားများသည် ဂျိတာ ဆက်ဆံခဲ့ဖူးသမျှလူများထဲတွင် စိတ်ကုန်စရာအကောင်းဆုံးလူများ ဖြစ်သည်ဟုထင်သည်။ တစ်ချိန်ကသူသည် ငွေချေးကုမ္ပဏီတစ်ခုမှ ဒေါ်လာနှစ်ရာ ချေးဖူးခဲ့၏။ သို့သော်...တစ်ခါဆက်ဆံ ဆယ်ခါလန့်ဖြစ်ခဲ့ရ၏။ နောက်ကိုဘယ်တော့မှ ကုမ္ပဏီချေးငွေ မယူတော့ပါဟုဝင်ကျိန်ဆိုခဲ့မိသည်ထိ စိတ်ရှုပ်ခဲ့ရ၏။

စ၍ချေးငွေလျှောက်လွှာ တင်ခဲ့သည့် အချိန်မှစ၍ ကုမ္ပဏီက လူများသည် တစ်ပတ်လျှင်နှစ်ကြိမ်သုံးကြိမ်မျှ သူ့ဆီလာလာတွေ့ပြီး ဟိုမေးသည်စမ်းလုပ်သည်။ အချို့က ယာထဲအထိ လိုက်လာပြီး ဝါဘယ်လိုစိုက်ရသည်။ မြေဩဇာဘယ်လောက် သုံးရသည်စသည် စသည်များကိုပါ မေးကြစစ်ကြသည်။ ထို့နောက် လဆန်းတစ်ရက်နေ့တိုင်း ချေးငွေအပေါ်မှ အတိုးလစာ ကောက်လေ့ရှိသည်။ သူကမပေးနိုင်သောအခါ ထိုအတိုးကို စာရင်းထဲပေါင်းထည့်ပြီး ထိုအတိုးပေါ်မှထပ်၍ အတိုးယူပြန်လေသည်။

သူ့ဝါများရောင်းချပြီးသည့် အချိန်တွင်မူ သူ့အတွက် ခုနစ်ဒေါ်လာမျှသာ ကျန်၏။ မူလ ချေးငွေပေါ်တွင် ယူထားသည့် အတိုးနှုန်းများ တစ်လလျှင် သုံးရာနိုင်နှုန်းဖြစ်လေရာ ဆယ်လအကုန်တွင် ရာနှုန်းသုံးဆယ်ဖြစ်လာသည်။ ထို့အပြင် မှန်မှန်မပေးနိုင်သည့် အတိုးများပေါ်မှအတိုး သုံးဆယ်ရာနှုန်း ထပ်ယူပြန်သဖြင့် အတိုးပေါ်အတိုးဆင့်လျက်ရှိသည်။

ဤကြားထဲမှာပင် ချေးငွေအတွက် အာမခံကြေးအဖြစ် ဒေါ်လာငါးဆယ် ပေးရသေးသည်။ ထိုအာမခံကြေးငွေကို သူက ဘာကြောင့်ပေးရသနည်း။ ဒါကို သူလုံးဝနားမလည်။ သဘောပေါက်အောင်လည်း ကုမ္ပဏီက အရေးတယူလုပ်၍ ရှင်းမပြ။ သူကဘဝင်မကျလွန်း၍ ဒီဒေါ်လာငါးဆယ်က ဘာကြောင့်ကျုပ်က ပေးရတာလဲ

ဟု မေးလိုက်သောအခါ ချေးငွေရအောင် လုပ်ပေးရသည့်အတွက် အခကြေးငွေပေးစရာလိုသည်ဟု ပြောသည်။ နောက်ဆုံး စာရင်းချုပ်လိုက်သောအခါ သူက ချေးငွေ ဒေါ်လာနှစ်ရာအတွက် ဒေါ်လာသုံးရာကျော်ကျော်မျှ ပြန်ပေးခဲ့ရ၏။ သူ့အတွက် ရှယ်ယာအဖြစ် နှစ်ဒေါ်လာသာရ၏။ တစ်နှစ်တာလုံး ထုန်းကျုံးရုန်းကန်ပြီး လုပ်ခဲ့ရသမျှအတွက် သူ့မှာ နှစ်ဒေါ်လာဟူသော အကျိုးအမြတ် ရလဒ်သည် လုံးဝတရားမျှတခြင်း မရှိဟုပင် ယူဆသည်။

သူ့အနေဖြင့် တစ်နှစ်တာပတ်လုံး နားရသည်မရှိ၊ လုပ်စရာရှိသမျှအားလုံးကို မနားမနေလုပ်ရသည်။ ကုန်ကျစရိတ်ကလည်း နည်းလှသည်မဟုတ်။ တကယ်တော့ သူ့မှာ လုပ်ငန်းပြီးသည်နှင့် တစ်ပြိုင်နက် အကြွေးလည်ပင်းနိုက်ပြီး ကျန်ခဲ့သည်။ လာမည့်နှစ်က ဆယ်ဒေါ်လာပေးရမည်ဖြစ်ရာ သူရသောရှယ်ယာ နှစ်ဒေါ်လာနှင့် ဘယ်လိုလုပ်၍ ပေးရပါမည်နည်း။ လပ်စ်နှင့် အေဒါတို့ အကူအညီဖြင့် တွက်ချက်ကြည့်လိုက်သောအခါ သူ သုံးဒေါ်လာပင်ရှုံးနေသည်ကိုတွေ့ရ၏။ လာမည့်နှစ်ရင်ကလည်း နားမှုနားဆာ လုပ်လှပြီ။ ထို့ကြောင့် ဂျိုတာသည် ငွေနှစ်ဒေါ်လာကို ပေးလိုက်ရသည်။ ကျန်ငွေ သုံးဒေါ်လာအတွက် တလည်လည်လျှောက်၍ ချေးခဲ့ရလေသည်။

ဩဂတ်စတာမြို့မှ ဤလူစား သူချမ်းသာများနှင့် ဘယ်တော့မှဆက်၍ မလုပ်တော့ဟု သူကျိန်ဆိုခဲ့သည်။ သူတို့သည် နေ့စဉ်လိုလိုပင် သူ့နောက်မှ အမဲလိုက်ခွေးများသဖွယ် တကောက်ကောက်လိုက်၍ ကိုယ်ရောစိတ်ပါ အနှောင့်အယှက် ပြုခဲ့ကြသည်။ ဝါကို ဘယ်လိုစိုက်ပါလား၊ ဘာလား ဆရာလုပ်ကြသည်။

နောက်ဆုံး ဝါရောင်းချိန်ကြတော့ သူတို့အားလုံး ရောက်လာပြီး၊ သူ့ထံတွင် ရှိသမျှအားလုံးကို သိမ်းကျုံးပြီးယူသွားကြသည်။ သူ့ကို သုံးဒေါ်လာ အကြွေးတင်အောင် လုပ်ပစ်ခဲ့ကြသည်။ လုပ်စရာ





အလုပ်မှန်သမျှကို သူနှင့် သူ့မိသားစုကလုပ်ရ၏။ ထွက်လာသည့် ဝါမှရလာသည့်ငွေကတော့ ကုမ္ပဏီကအကုန်သိမ်းယူ၏။ သူ့မှာတော့ သုံးဒေါ်လာအရှုံးနှင့် ကျန်ရစ်ခဲ့ရ၏။

ကိုယ်ချင်းစာတရား ကင်းမဲ့လွန်းလှလေခြင်း။ သူသည် တွေ့သမျှလူတိုင်းကို ရင်ဖွင့်သည်။ ဘုရားသခင်အနေဖြင့် အစုလိုက်မျိုး ဖြစ်အောင်ကတော့ မလုပ်သင့်ဟု သူက အပြစ်တင်သည်။ ကုမ္ပဏီမှ ကိုယ်စားလှယ်ဆိုသူများကိုလည်း သူ ရင်မဖွင့်ဘဲမနေနိုင်။

"ဩဂတ်စတာမြို့က ခင်ဗျားတို့ လူချမ်းသာတွေဟာ ကျုပ်တို့ ဆင်းရဲသား ယာသမားတွေကို သွေးစုပ်ပြီး အသက်မထွက်ထွက်အောင် လုပ်နေကြတာပဲ၊ အလုပ်ကျတော့ ဘာတစ်ခုမှ မလုပ်ဘူး၊ ကျုပ်တို့ ယာသမားတွေ လုပ်လို့ရထားတဲ့ငွေကျတော့ ကျုပ်တို့ဖို့တောင်မချန်ဘဲ ရသမျှအားလုံးကို ယူသွားကြတယ်...။

"ဒီယာထဲမှာ တစ်နှစ်လုံး အလုပ်လုပ်ခဲ့ကြတာက ကျုပ်တို့မိသားစုဗျ၊ ကျုပ်နဲ့ ကျုပ်သားဒူဒီက ထွန်ကြရတယ်၊ ကျုပ်မိန်းမ အေဒါနဲ့ ကျုပ်သမီး အယ်လီမေတို့က ခွေကျရင်ဝါပင်ဟောင်းတွေကို နုတ်ကြရှင်းကြရတယ်၊ ဆောင်းရာသီကျတော့ ဝါကောက်ရတယ်။ ဒီလောက်လုပ်ထားပြီးကာမှ ကျုပ်တို့ ဘာအကျိုးအမြတ်ရသလဲ၊ ဘာမှမရဘူး၊ သုံးဒေါ်လာ အကြွေးတင်တာကလွဲလို့ ကျုပ်မှာ ဘာတစ်ခုမှမရဘူး...။

"ဒါဟာတရားသလား၊ မတရားဘူးဗျ၊ မှန်ကောမှန်သလား၊ မမှန်ဘူးဗျ၊ နည်းနည်းလေး စဉ်းစားတတ်တဲ့ ကောင်ဆိုရင် ဘယ်မသိဘဲ မနေပါဘူး၊ ဒီလို လိမ်ညာတာမျိုး ကိုယ်ချင်းမစာတာမျိုး ရေရှည်မခံပါဘူးဗျ၊ ခင်ဗျားတို့ကိုယ် ခင်ဗျားတို့ သိပ်ထင်မနေပါနဲ့၊ ဘုရားသခင်က ခင်ဗျားတို့ကို သိပ်ပြီးသဘောကျနေတယ်လို့ မထင်လိုက်ပါနဲ့၊ ဘုရားသခင်က ဆင်းရဲသားကိုသာ သဘောကျတာဗျ"

ချေးငွေလာ၍ သိမ်းယူသွားသူများ ဂျိုတာပြောသမျှကို နားထောင်သည်။ သူ့စကားဆုံးသောအခါ ဝိုင်း၍ဟားတိုက်ပြီး

ရည်ကြ၏။ ထို့နောက် သူတို့မော်တော်ကား အသစ်ကြီးပေါ်တက်၍ ဩဂတ်စတာမြို့သို့ ပြန်မောင်းသွားကြလေ၏။

ဒီနှစ် ဝါစိုက်လို့မှ ဖြစ်ပါ့မလားဟူသော သံသယဝင်ခြင်းသည် ဤအကြောင်းတစ်ကြောင်းပါပါ၏။ သို့သော် အကယ်၍ ဖူးလားမြို့ရှိ လူတစ်ဦးထံမှသာ မျိုးစေ့နှင့်မြေသြဇာ အကြွေးဝယ်လို့ ရခဲ့ပါမူ သူအနေလောက် အရေးအခွာခံရမည်တော့မထင်။ ဖူးလားတွင် နေသူများမှာ သူတို့ယာသမားများပင် ဖြစ်ကြသည်။

သူတို့ကတော့ သူတို့ပေါ် ဟိုလူတွေလောက် လိမ်ကြညာကြမည်မထင်။ သို့သော် သူက သူတို့ထံချဉ်းကပ်ပြီး အကြွေးပေးဖို့ပြောတိုင်း ခေါင်းတခါခါ လည်တခါခါလုပ်ကာ သူ့ကိုနင်ကြ၏။ သူပြောမည့်စကားကို ဆုံးအောင်ပင်နားမထောင်။

"ဒီအကြောင်းကို ထပ်ပြောနေလို့ အကျိုးမရှိဘူး ဂျီတာ"ဟု သူတို့ကပြောသည်။

"ခင်ဗျားလိုပဲ တောပိုင်းကယာသမားတွေ ဖူးလားကို လာကြတယ်၊ သူတို့လည်း ခင်ဗျားပြောသလိုပဲ ပြောကြတယ်၊ ဒါမျိုးဆိုတာက တစ်ယောက်ကစ တစ်ရာဆိုတာမျိုးကလားဗျာ၊ အဖြစ်က တူနေကြတာကိုး၊ ဒါပေမဲ့ ကျုပ်တို့ကလည်း မကူညီနိုင်ကြဘူးဗျ၊ လွန်ခဲ့တဲ့နှစ်က ယာသမားတချို့ကို ကျုပ်တို့ကလည်း မျိုးစေ့ရော မြေသြဇာပါ အကြွေးပေးခဲ့ကြပါတယ်။ ဆောင်းရာသီရောက်တော့ ဝါကလည်းမဖြစ်စလောက်၊ ဈေးကလည်း ခုနစ်ဆင့်တောင် မပြည့်ဘူး...။

"အခုလို အခြေအနေမျိုးကြီးများမှာ လယ်တို့ယာတို့ စိုက်တာဟာ အရူးပဲဗျ၊ အဲဒီတော့ အမြဲတမ်း ကံကိုယုံပြီး ဆူးပုံတက်နင်းနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ကျုပ်တို့အားလုံးက လူချမ်းသာတွေကိုင်ထားတဲ့ငွေကို သူတို့လက်ထဲက ပြန်လွှတ်ပေးတဲ့ အထိတော့ စောင့်ကြည့်နေရုံပဲ တတ်နိုင်တယ်"

"ဒါပေမဲ့ ခင်ဗျားတို့ပြောသလို နေလို့ကလည်း ဖြစ်မှ





မဖြစ်တာ၊ ကျုပ်တို့ ဆေးရွက်ကြီးလမ်းပေါ်နေတဲ့ လူအားလုံး ငတ်နေကြပြီဗျ၊ စားစရာဆိုလို့ ဘာမှမရှိတော့ဘူး၊ မသကာစားစရာဝယ်လို့ ရနိုင်အောင် ငွေရဖို့ပစ္စည်းတစ်ခုခု ရောင်းစရာရှိရင်လည်း တော်သေးရဲ့၊ အခုတော့ ရောင်းစရာပစ္စည်းကလည်း ဘာမှမရှိဘူး၊ ခင်ဗျားတို့ဆီက ကုန်စုံဆိုင်ပိုင်ရှင်တွေကလည်း ကပွတိန်ဖျွန် ပြောင်းသွားကတည်းက ဘာပစ္စည်းမှ အကြွေးမပေးတော့ဘူး၊ အဲဒီတော့ ကျုပ်တို့ ယာသမားတွေရဲ့သွေးကို စုပ်နေတာ၊ ရပ်တန့်က မရပ်ရင်တော့ ကျုပ်နဲ့ ကျုပ်မိသားစု ဘာတွေဖြစ်ကုန်မယ်ဆိုတာ မပြောပြတတ်တော့ဘူး၊ ငွေတွေရှိသမျှ အားလုံး သူတို့လက်ထဲမှာ ကိုင်ထားကြတယ်၊ ဘဏ်တွေမှာထားကြတာဗျ၊ လူတစ်ယောက်က သူ့လက်နှစ်ဖက်ကိုဖြတ်ပြီး အာမခံပစ္စည်းအဖြစ် မပေးနိုင်မှု ငွေမချေးဘူး၊ သိပ်ကောင်း၊ အလွန်ကောင်း၊"

"ခင်ဗျားလုပ်သင့်တဲ့ အကောင်းဆုံးအလုပ်ကတော့ တခြားမဟုတ်ဘူးဂျီတာ"ဟု သူတို့ကပြောကြသည်။

"ခင်ဗျားတို့ မိသားစု ဩဂတ်စတာမြို့ကိုပြောင်း၊ တောင်ကာရိုလိုင်းနားပြည်နယ်ထဲက မြစ်ကိုဖြတ်ပြီး ဟော့စ်ကရီတောင်ကြားလွင်ပြင်ကိုသွား၊ အဲဒီမှာ စက်ရုံတွေရှိတယ်၊ စက်ရုံတစ်ရုံမှာ အလုပ်ဝင်လုပ်၊ ဒါပါပဲ၊ ခင်ဗျားအတွက် ရွေးစရာလမ်းက ဒီတစ်ခုပဲရှိတော့တာ၊ တခြားဘာမှမရှိတော့ဘူး"

"ဒီအလုပ်မျိုးတော့ ကျုပ်က လုံးဝမလုပ်ဘူး" ဟု ဂျီတာက ပြော၏။

"ဘုရားသခင်က မြေကိုဖန်ဆင်းပေးခဲ့တယ်၊ ပြီးတော့ ကျုပ်ကို ဒီမြေပေါ်မှာ စိုက်ပျိုးစားဖို့ထားခဲ့တယ်၊ ကျုပ်အဖေ ကျုပ်အဘိုးတွေ ဒီမြေပေါ်မှာ စိုက်ပျိုးစားခဲ့လို့ ကျုပ်လည်း စိုက်ပျိုးစားလာတာ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်ကတည်းကပဲ၊ ဝါကြိတ်စက်ရုံတွေဆိုတာ မိန်းမတွေသာဝင်လုပ်သင့်တဲ့ နေရာတွေပါဗျ...။

"အဲဒီ နေရာတွေက ကျုပ်တို့ယောကျ်ားတွေနဲ့ တော်တဲ့

နေရာမဟုတ်ဘူး၊ ဘီးပေါက်စနေလေးတွေ လည်နေတာကို ထိုင်ကြည့်ပြီး ကြိုးတလေးတွေပဲ ဆက်ပေးနေရတာမျိုးဟာ အလုပ်တဲ့လား။ ကျုပ်တို့ ယောကျ်ားတွေ လုပ်ခဲ့တဲ့အလုပ်မျိုးမှမဟုတ်တာ၊ ကျုပ်ကတော့ ဒီမြေပေါ်မှာနေပြီး ဝါပဲစိုက်မယ်၊ ဒါဟာ စိုက်ရမယ့်နေရာဗျ၊ တစ်ပတ်မှ ဆယ့်ငါးဒေါ်လာလောက် အများဆုံးရတဲ့အလုပ်နဲ့ အချိန်ကုန်မခံနိုင်ပေါင်ဗျာ၊ ကျုပ်ကတော့ ဒီမြေပေါ်မှာနေပြီး ဒီမြေပေါ်မှာပဲသေမယ်"

"ဒါကတော့ ခင်ဗျားသဘောပေါ့" ဂျိုတာရယ်၊ ဒါပေမဲ့ ခင်ဗျားစဉ်းစားဖို့ကတော့ ကောင်းတယ်၊ ဝါကြိတ်စက်ရုံမှာ အလုပ်သွားလုပ်ရင် မှားမယ်မထင်ဘူး၊ ဒီ ဖူးလားတစ်ဝိုက်မှာရှိနေတဲ့ လူတိုင်းလိုလို ဒီလိုပဲ လုပ်နေကြတာပဲ၊ တချို့က ဩဂတ်စတာကို သွားတယ်။ တချို့က ဟော့စ်ကရိ တောင်ကြားလွင်ပြင်ဘက် သွားကြတယ်၊ သူတို့အားလုံး ဘယ်ကိုပဲသွားသွား ဝါကြိတ်စက်ရုံတွေမှာပဲ အလုပ်လုပ်ကြတယ်၊ ခင်ဗျားနဲ့ ခင်ဗျားမိန်းမဆိုရင် တစ်ပတ်ကို ဒေါ်လာနှစ်ဆယ်၊ နှစ်ဆယ့်ငါးဒေါ်လာတော့ ရနိုင်တာပေါ့ဗျ၊ ဒီမှာနေလို့ကတော့ ဘာအလုပ်မှလည်း ရှိမှာမဟုတ်ဘူး၊ ဝင်ငွေလည်း တစ်ပြားမှရမှာမဟုတ်ဘူး၊ ခင်ဗျားဒီမှာနေပြီး ဝါပဲစိုက်နေလို့ကတော့ မကြာခင် ကောင်တီနယ်မြေ သူဆင်းရဲဂေဟာကို ရောက်သွားမှာပဲ"

"ဒါဆိုရင် ကျုပ်တို့ကို သူဆင်းရဲဂေဟာကို ရောက်အောင် လုပ်တဲ့ကောင်တွေဟာ အခွင့်ထူးခံ လူချမ်းသာတွေဖြစ်ရမယ်"ဟု ဂျိုတာကပြော၏။

"တကယ်လို့ ကျုပ်တို့သူဆင်းရဲဂေဟာ ရောက်သွားကြရင် ဘာကြောင့်လဲသိလား၊ အခွင့်ထူးခံနေတဲ့ လူချမ်းသာတွေဟာ ရှိသမျှငွေအားလုံးကို သူတို့ကချည်း လက်ဝါးကြီးအုပ်ပြီး ယူထားလို့ပေါ့ဗျ၊ ကျုပ်တို့တစ်တွေရဲ့ လက်ထဲမှာ ငွေဟာလည်ပတ်နေရမှာ၊ ဒါမှ ကျုပ်တို့ကလိုအပ်တဲ့ ဝါမျိုးစေ့တို့၊ မြေဩဇာတို့ဝယ်ပြီး အလုပ်





လုပ်လို့ရမယ် မဟုတ်လား၊ အဲဒါကို မလည်ပတ်အောင် သူတို့ပဲ လုပ်တာပေါ့"

"ဒါကတော့ ခင်ဗျားအသိကင်းမဲ့ရာ ကျနေပြီဂျိုတာ၊ ခင်ဗျားယာစိုက်လို့ မဖြစ်တော့ဘူးဆိုတာ သိသင့်နေပြီ၊ ဒီခေတ်မှာ လူချမ်းသာက ယာဝင်လုပ်ပြီး သူဆင်းရဲက စက်ရုံတွေမှာ အလုပ်ဝင်လုပ်နေကြရပြီ"

"ကျုပ် အသိကင်းမဲ့ချင်လည်း မဲ့မှာပေါ့လေဗျာ၊ ဒါပေမဲ့ ကျုပ်ကတော့ စက်ရုံမှာ အလုပ်ဝင်လုပ်ဖို့ လုံးဝ စိတ်မကူးဘူး၊ ကျုပ်ဟာ ဘဝအစကတည်းက မြေပေါ်နေလာတဲ့ကောင်ဗျ၊ ကျုပ်ရဲ့ ဘဝ အဆုံးသတ်တာလည်း ဒီမြေပေါ်မှာပဲ အဆုံးသတ်ရမှာပေါ့"

"ခင်ဗျား သားသမီးတွေကမှ ခင်ဗျားထက် အသိဉာဏ် ပိုရှိသေးတယ်၊ သူတို့က ဒီမှာအငတ်ခံပြီး မနေကြဘူး၊ သူတို့အားလုံး စက်ရုံတွေမှာဝင်ပြီး အလုပ်လုပ်နေကြပြီ၊ အခုဆိုရင် လစ်စီဘဲလ်ရယ်၊ ပြီးတော့...."

"ဟုတ်တယ်လေဗျာ၊ ကျုပ်သားသမီးတွေထဲက တချို့က တော့ လုပ်နေကြတယ်၊ ဒါပေမဲ့ ဒီစကားဟာ အပြည့်အဝ မမှန်ပါဘူး၊ ကျုပ်သားဒူဒီဆိုရင် အခုလက်ရှိ ဘယ်မှမသွားဘူး ဒီမှာပဲ ရှိနေသေးတယ်၊ တစ်နေ့ကျရင် သူဟာ ကျုပ်တို့ယာစိုက်ခဲ့သလို စိုက်မှာပဲ"

"ဒူဒီက အသိမှမရှိတာ၊ တခြားကလေးတွေလို သူ့မှာ အသိရှိရင်လည်း ဒီမှာ ဘယ်နေမလဲဗျာ၊ အခုလိုအချိန်မှာ ယာစိုက်ဖို့ ကြိုးစားနေတာဟာ လူမိုက်အလုပ်ဆိုတာ သူမှမမြင်တာပဲ၊ လူချမ်းသာတွေဆိုတာကတော့ သူတို့ရဲ့ ကိုယ်ပိုင်စက်ရုံတွေနဲ့ လုပ်ငန်းတွေ တည်ထောင်နိုင်တဲ့အထိ ငွေတွေကို ကိုင်ထားမှာပဲ၊ စိတ်သာချ"

ဂျိုတာသည် မီးနိုးခေါင်းတိုင်ဘေး၌ထိုင်ရင်း ဟိုတစ်ချိန်က ပြောခဲ့ဖူးသည့် စကားများကို သတိရနေသည်။ သူသည် ဖေဖော်ဝါရီလ၏ ပူပြင်းသော နေရောင်အောက်တွင် ပူနွေးသော ထရံကိုမှီ၍

ချောက်တတ်ရာရာများကို တွေးနေခြင်းဖြစ်သည်။

ဗူးလားမြို့ပေါ်မှ လူတွေပြောသည့် ဤစကားများကို သူကြားခဲ့ဖူးသည်မှာ အကြိမ်ပေါင်း တစ်ဒါဇင်ထက်မနည်းတော့။ နောက်ဆုံး သူတို့အနီးမှ ထွက်ခွာလာခြင်းဖြင့်သာ အဆုံးသတ်ခဲ့သည်။

နောက်ဆုံး မြေနှင့်ပတ်သက်၍ သူ့ရင်တွင်းမှ ခံစားချက်ကို သူတို့တစ်တွေ နားမလည်ကြ၊ နှစ်စဉ် နွေဦးပေါက်၍ ထွန်ချိန်၊ ယက်ချိန်ကျလာလျှင် ဖြစ်ပေါ်လာတတ်သည့် စိတ်၏ သဘော သဘာဝကို သဘောမပေါက်ကြ။

အခုလည်း ထိုစိတ်ဆန္ဒနှင့် ထိုခံစားမှုများသည် သူ့ရင်တွင်း ပေါ်ပေါက်လာနေပြန်ပြီ။ ယခုတစ်ကြိမ်ပေါ်လာပုံမှာ ယခင်က ထက် ပို၍အလေးအနက်ရှိနေ၏။ လွန်ခဲ့သော ခြောက်နှစ်၊ ခုနှစ်နှစ် ကတော့ သူစိုက်ချင်မျိုးချင်စိတ် ပေါ်လာ၍ သူ့ဆန္ဒအတိုင်း မဖြစ်လာ သည့်အခါတိုင်း ဝမ်းနည်းကြေကွဲခြင်း ဖြစ်ရသည်။ ထိုဝမ်းနည်း ကြေကွဲမှုကို လာမည့်နှစ်ကျတော့ စိုက်တာပေါ့ဟူသော မြေသိမ့်မှုဖြင့် ဖိနှိပ်ထားခဲ့သည်။

သို့သော်... ဒီနှစ်ကျတော့ သူ့တွင် လိုအပ်နေသည့် ဝါမျိုးစေ့နှင့် မြေသြဇာများကို အကြွေးဝယ်မရလျှင် ဘယ်နည်းနှင့်မျှ စိုက်၍မဖြစ်ဟု စိတ်ထဲက အနိုင်အမာသိနေသည်။ ယခင်နှစ်တွေ ကလို သူကိုယ်သူလှည့်စား၍ မရနိုင်တော့သည့် အဖြစ်ကို နားလည် နေသည်။

နှစ်စဉ်နှစ်တိုင်း စိုက်ချင်စိတ်ပေါ်လာလိုက်၊ လိုအပ်သော ပစ္စည်းများကို အကြွေးဝယ်မရ၍ လက်လျှော့လိုက်နှင့် လုံးချာလည် နေသည့်အဖြစ်မှာ ကြာခဲ့ပြီ။ အခုလို စောင့်ရင်းစောင့်ရင်းနှင့်ပင် သူ့ကိုယ်ခန္ဓာသည် နေ့စဉ်နှင့်အမျှ အားနည်းလာနေပြီ။ အကယ်၍ လိုအပ်သည့် ပစ္စည်းများကို အကြွေးရသည့်တိုင်အောင် ထွန်လက်တံ ကြားမှ လမ်းလျှောက်၍မလိုက်ချင်သော အဖြစ်သို့ ဆိုက်ရောက်





သွားမည်ကို တွေးတောပူပန်နေရပြီ။

စိတ်အားလျှော့နေရသည့် အဖြစ်ကြောင့်ပေလားမသိ၊ ယခု နှစ် ယာတောမီးရှို့၍ ထွက်လာနေသော အနံ့များနှင့် ထွန်ယက်၍ ထွက်လာနေသော မြေသင်းနံ့များသည် ပို၍ပြင်းထန်ကာ ပို၍ စူးစူးရှရှ ရှိနေသည်။ နေရာတိုင်းမှ ယာသမားများသည် ယာခင်းများ ပေါ်မှ သစ်ပင်ချုံနွယ်များနှင့် ပိတ်စွယ်မြက်ပင်ကြီးများကို မီးရှို့နေကြ ပြီ။ ဝါခင်းတောင်ယာမြေများကို ထွန်ယက်နေကြပြီ။

မြေကိုထွန်ယက်ပြီး ဝါစိုက်လိုသောဆန္ဒနှင့် စိုက်ပြီးနောက် ပူပြင်းသော နွေရာသီလများအတွင်း သစ်ပင်တစ်ပင်၏ အရိပ်ခိုကာ ဝါပင်များပေါက်လာ ပွင့်လာမည်ကို စောင့်ကြည့်ချင်သော ဆန္ဒတို့ ကြောင့် သူ့ဝမ်းဗိုက်ထဲမှ ဆာလောင်ငတ်မွတ်၍ ခံစားနေရသည့် နာကျင်မှုထက် အဆပေါင်းများစွာ ပို၍ပြင်းထန်ကြီးမားလျက်ရှိ သည်။

သူ့အနေဖြင့် ဆာလောင်မှုဝေဒနာကို အေးအေးဆေးဆေး နှင့် တည်တည်ငြိမ်ငြိမ် ထိုင်၍ခံနိုင်ပါ၏။ သို့သော်လည်း နေ့စဉ်နှင့် အမျှ မထွန်ယက်ရသေးသည့် ယာမြေများကိုကြည့်၍ ကိုယ်စိတ် နှစ်ပါး ဆင်းရဲနေရသည့် ဒုက္ခကိုမူ နောက်ထပ်ကြာရှည်မခံနိုင်အောင် ဖြစ်လာနေ၏။

သူ့ခေါင်းသည် သူ့ဒူးနှစ်လုံးပေါ်သို့ ငိုက်စိုက်ကျလျက် ရှိသည်။ ချက်ချင်းအိပ်ပျော်သွားသည်။ သူ၏ ပင်ပန်းနွမ်းနယ်လျက် ရှိသော နှလုံးသားနှင့် ကိုယ်ခန္ဓာအတွက် ငြိမ်းအေးချမ်းမြသော နားနေမှုသည် သူ့အား လွှမ်းမိုးလျက်ရှိလေပြီ။

■

# ( ၁၄ )

ဒူဒီနှင့် စစ္စတာဘက်ဆီတို့သည် နေ့ဝင်ချိန်တွင် ပြန်လာကြသည်။ အိမ်နှင့် တစ်မိုင်ခန့်အကွာကတည်းက ဒူဒီသည် ကားဟွန်းကို အဆက်မပြတ်နှိပ်လာသည်။ ဟွန်းသံကို ပထမဆုံးကြားရသူမှာ ဂျိုတာ။ သူနှင့် အေဒါတို့သည် ကားဝင်လာသည်ကို ကြည့်ရန် လမ်းမဘက်သို့ ပြေးထွက်လာကြ၏။ ကားဟွန်းသံမှာ သာယာလှသည်ဟု ဂျိုတာကတွေး၏။

သူ့အတွေးနှင့်သူ ဒူဒီဟွန်းတီးပုံကို သဘောကျလျက်ရှိ၏။ ဒူဒီဟွန်းတီးပုံမှာ ပထမ ဟွန်းခလုတ်ကိုလက်နှင့် အသာနှိပ်လိုက်သည်။ ပြီးတော့ စက္ကန့်အနည်းငယ်ပြန်လွှတ်ထားလိုက်ပြီးနောက် တစ်ဖန်ပြန်နှိပ်ခြင်း ဖြစ်သည်။ ကျောက်မီးသွေးလှော်စင်မှ ထွက်ခွာကာနီး မီးရထားခေါင်းတွဲစက်မောင်း ဥသြဆွဲနေပုံနှင့် တူလှသည်ဟု သူထင်သည်။

"ဒူဒီ ဟွန်းတီးနေတာ ကြားလားဟဲ့" ဟု ဂျိုတာက ပြောသည်။

"ဟွန်းတီးပုံ ဘယ်လောက်ကောင်းသလဲ၊ ဒီကောင်က မော်တော်ကားမောင်းချင်သလို ဟွန်းကျတော့လည်း သိပ်တီးချင်တဲ့ကောင်ကွ၊ ငါ့ကားကို သူတက်မောင်းပြီဆိုရင် ဟွန်းကိုပဲ ဆဲနေတာပဲ၊ ဆဲမယ်ဆိုဆဲချင်စရာပဲ၊ မြည်မှ မမြည်တာ၊ ဝိုင်ယာတွေပြုတ်ပျက်နေတာကို ငါကလည်း အချိန်မရလို့ ပြန်မပတ်နိုင်ဘူး"

အေဒါသည် လှမ်းမပေါ်ထွက်ရပ်ကာ တဖြည်းဖြည်းနီးလာနေသောကားကို မျှော်ကြည့်နေ၏။ ဆိုက်ကလုန်းလေမုန်တိုင်းတစ်ခု တိုက်ခတ်နေသဖြင့် လွတ်ရာသို့ ဒုန်းစိုင်းသွားနေသော မြင်းရထားကြီးနှင့် တူလှသည်ဟု အေဒါကပြောသည်။

မော်တော်ကားနောက်မှ တလိပ်လိပ်ထနေသော ဖုန်လုံးကြီးသည် အရှိန်အဟုန်နှင့် ပြေးလာနေသည့် လေမုန်တိုင်းတစ်ခုနှင့် တူသည်ဟု သူကဆိုသည်။

"ကြည့်လို့ မလှဘူးလားဟင်"ဟု အေဒါကမေးသည်။

"အေးပေါ့...အဲဒါ ငါတို့သား ဒူဒီမောင်းလာနေတာကွ၊ ဟွန်းကိုလည်း သူပဲတီးလာနေတာ"ဟု ဂျိုတာက ပြန်ပြောသည်။

"သူ ဟွန်းတီးတာသိပ်ယာတာပဲ၊ နားထောင်လို့ မကောင်းဘူးလားအေဒါ"

ဂျိုတာသည် သူ့သားအတွက် ဂုဏ်ယူမဆုံး ဖြစ်နေသည်။

"ကျုပ်သားသမီးတွေအားလုံးကို မြင်စေချင်လှသတော်" ဟု အေဒါကတမ်းတ၏။

"လစ်စီဘဲလ်ဆိုရင် မော်တော်ကားတွေကိုသာ ကြည့်နေရလို့ကတော့ သိပ်သဘောကျတာတော့၊ စီးရရင်လည်း သိပ်ကိုဝမ်းသာတာ၊ အင်း အခုလောက်ဆို သူ့မှာလည်း ကားတစ်စီးလောက်တော့ ပိုင်ချင်ပိုင်နေရောပေါ့၊ ကျုပ် သိချင်လိုက်တာတော်"

စစ္စတာဘက်ဆီနှင့် ဒူဒီတို့သည် ကားကို အရှိန်သတ်ကာ ခြံဝင်းထဲသို့ ကွေ့ဝင်လာသည်။ ဂျိုတာနှင့် အေဒါတို့က ကားဘေးမှ ပြေးလိုက်ကြသည်။ အိမ်၏ မီးနိုးခေါင်းတိုင်ဘေးရောက်၍ ကားစက်သတ်ကာမှပင် အပြေးရပ်ကြသည်။ အိမ်ထောင့်၌ရပ်နေသော အယ်လီမေသည် သူတို့လူစု လှုပ်ရှားနေသမျှ အားလုံးကို မြင်နေသည်။

"ဟဲ့...နင်တို့ ဘယ်အထိမောင်းခဲ့ကြလဲ"ဟု ဂျိုတာက ကားတံခါးဖွင့်၍ ဆင်းလာသော စစ္စတာဘက်ဆီကို မေးသည်။





"တစ်နေ့ခင်းလုံး မောင်းကြတာကိုး၊ နင်တို့ ဩဂတ်စတာအထိ ရောက်ကြသလား"

ဘက်ဆီသည် သူ့စကပ်အနားစဖြင့် ကားဘေးတွင် ကပ်နေသည့် ဖုန်များကိုသုတ်နေသည်။ အေဒါနှင့် အယ်လီမေတို့ကလည်း ကား၏တစ်ဖက်ဘေးသို့သွားကာ ဖုန်များကိုသုတ်ကြသည်။

ဘွားအေကြီးကတော့ ပေသုံးဆယ်ခန့်အကွာရှိ သစ်ပင်တစ်ပင်နောက်မှ ချောင်းကြည့်လျက်ရှိ၏။ ဒူဒီသည်ကားပေါ်မှ မဆင်းသေး၊ ဟွန်းကိုလည်း တီးနေဆဲ။

"ကျွန်မတို့ မောင်းရင်း မောင်းရင်းနဲ့ မက်ကွိုင်းမြို့ကို ရောက်သွားတယ်" ဟု ဘက်ဆီကပြောသည်။

"အံမယ်...မက်ကွိုင်းအထိဆိုရင် မိုင်သုံးဆယ်လောက်ရှိတယ်ဟ" ဂျိုတာက တအံ့တဩ ရေရွတ်သည်။

"မင်းတို့ ဟိုအထိရောက်ပြီးမှ ပြန်လာခဲ့ကြတာပေါ့လေ...ဟုတ်လား"

"ဒါပေါ့ဗျ" ဟု ဒူဒီကပြောသည်။

"ကျုပ်လေ အိမ်နဲ့ဒီလောက်ဝေးတဲ့ ခရီးဝေးဝေးကို တစ်ခါမှ မသွားခဲ့ဖူးဘူးသိလား၊ အဲဒီအပိုင်းက အတော်ကို လှတယ်ဗျို့"

"မင်းတို့ ဩဂတ်စတာကျတော့ ဘာပြုလို့မသွားတာလဲ" ဟု ဂျိုတာကမေးပြန်သည်။ "ငါလည်း မင်းတို့နှစ်ယောက် အဲဒီကိုတော့ မုချသွားမှာပဲလို့ တွက်ထားတာ"

"ကျုပ်တို့က အဲဒီလမ်းကိုမှ မသွားတာ" ဟု ဒူဒီကပြောသည်။ "လမ်းဆုံးကနေပြီး မက်ကွိုင်းသွားတဲ့လမ်းအတိုင်း လိုက်တော့ မက်ကွိုင်းကိုရောက်သွားတာပေါ့"

ဂျိုတာသည် ကားရှေ့သို့လျှောက်သွားပြီး ကြည့်သည်။ ဒူဒီက ကားပေါ်မှဆင်းသည်။ ခဏတစ်ဖြုတ်တော့ ဟွန်းသံကို မကြားရတော့။

"ဘုရားသခင် ကယ်တော်မူပါ"ဟု ဂျိုတာက အလန့်တကြား ရေရွတ်သည်။ "ဒါက ဘယ်လိုဖြစ်တာလဲဟ" သူသည် မော်တော်ကား၏ ယာဘက်ထိပ်ကို လက်ညှိုးထိုးပြပြီး မေး၏။ ဖုန်သုတ်နေသူများသည် ဂျိုတာဆီသို့ ပြေးလာကြသည်။ မော်တော်ကား ယာဘက်တစ်ခြမ်း ပိန်ခွက်ရှုံ့ဝင်နေသည်။ တစ်စုံတစ်ဦးက ပန်းပဲဖိုသုံး တူကြီးတစ်လက်ဖြင့် စိတ်ရှိလက်ရှိ ထုရိုက်ခြင်း ခံထားရသည့် ပုံစံမျိုးဖြစ်၏။ ယာဘက်မီးလုံးမှာ ပြုတ်ထွက်နေပြီး မီးလုံးနေရာတွင် ကြေမွတွန့်လိမ်နေသော စလောင်းခွက်နှင့် ဝိုင်ယာကြိုးအစအနများသာ ကျန်ခဲ့သည်။

"အဲဒါ မြင်းလှည်းတစ်စီးကြောင့် ဖြစ်ရတာဗျ"ဟု ဒူဒီက ပြော၏။ "ကျုပ်တို့ မက်ကွိုင်းကအပြန်မှာ ကျုပ်က ထင်းရှူးဆီချက်တဲ့စက်ရုံကြီးကို လှမ်းကြည့်နေတုန်း ဖြန်းဆိုဖြစ်သွားတာပဲ။ ကျုပ်တို့ ကားက မြင်းနှစ်ကောင်တပ် မြင်းရထားကြီးကို နောက်ကနေ ဝင်အောင်းတာဗျ"

ဘက်ဆီသည် တိုက်ထားသည့်နေရာကို ကြည့်သည်။ သို့သော် ဘာတစ်ခွန်းမှမပြော။ ဤတစ်ကြိမ်တွင် နတ်ဆိုးကိုလည်း အပြစ်မတင်။ ကားတိုက်မှုဖြစ်စဉ်က ကားပေါ်တွင် သူပါရှိနေသည် မဟုတ်ပါလော။ သို့သော် ယနေ့နံနက် ဖူးလားသို့သွား၍ ကားဝယ်စဉ်က ဘုရားသခင်အား အသေးစိတ်တိုင်တည်ခဲ့ပြီး ဖြစ်သဖြင့် အခုလို တိုက်မှုမဖြစ်အောင်တော့ ဘုရားသခင်က စောင့်ရှောက်နိုင်သည်ဟူတော့ ထင်ဟန်ရှိသည်။

"ဒါပေမဲ့ကွာ၊ စက်ကတော့ ဘာမှမဖြစ်ဘူးမဟုတ်လား"ဟု ဂျိုတာကမေးသည်။

"စက်ကတော့ တကယ့်အသစ်စက်စက် အတိုင်းပဲ"ဟု ဒူဒီကပြောသည်။ "ဟွန်းလဲ ဘာမှမဖြစ်ဘူး၊ မနေ့မနက် ထွက်သွားစတုန်းကလိုပဲ၊ အသံကတော့ ကောင်းသလားမမေးနဲ့"

မော်တော်ကားမတ်ကပ်မှာ ပြန်ပြင်၍ မရနိုင်လောက်အောင်



ပျက်စီးသွားခဲ့လေပြီ။ မတ်ကပ်သည် ကြေမွတွန့်လိမ်ကာ စက်ဖုံးကို သွား၍ကပ်လျက်ရှိသည်။ ရှေ့မီးလုံးတစ်လုံးမှတစ်ပါး အခြားနေရာများတွင် ပျက်စီးခြင်းမရှိသည်မှာကား ထင်ရှားသည်။ ကားဘော်ဒီတွင် အချိုင့်အခွက်ဟူ၍မရှိ၊ ဘီးများနှင့် ဝင်ရိုးများသည် နဂိုအတိုင်း တစ်ဖြောင့်တည်းပင် ရှိကြဟန်ရှိသည်။ သို့သော် စပရိန်ကျိုးသွားသဖြင့် ဘယ်ဘက်နောက်မြီးသည် နိမ့်ဆင်းသွားသည်။

"တခြားတော့ ဘာမှမထိခိုက်ပါဘူး"ဟု ဂျိုတာကပြောသည်။ "သိပ်စိတ်ပူပြီး လျှောက်ကြည့်မနေပါနဲ့တော့ ဘက်ဆီရာ၊ ထားလိုက်ပါတော့၊ မင်းဝယ်တုန်းကနဲ့ ဘာမှထူးခြားမှာ မဟုတ်ပါဘူး၊ စက်က ဘာမှဖြစ်တာမှ မဟုတ်ဘဲ"

"ဟုတ်ပါတယ်" ဟု ဘက်ဆီကပြောသည်။ "စိတ်ကတော့ မပူပါဘူး၊ ဒူဒီကြောင့်ဖြစ်တာမှ မဟုတ်တာ၊ ကျွန်မနဲ့ဒူဒီ ထင်းရှူးဆီစက်ရုံကြီးကို စိတ်ဝင်စားပြီး လှမ်းကြည့်နေတုန်း မြင်းရထားက ကားရှေ့ဝင်လာတာ၊ မြင်းရထားသမားလူမည်းက ကားလာနေမှန်းသိရင် ရှောင်ဖို့ကောင်းတယ်၊ သူကမရှောင်တော့ တိုက်တာပေါ့"

"မင်းက ဟွန်းမတီးဘူးလားကွ" ဂျိုတာက မေးသည်။

"အဲဒီအချိန်က မတီးလိုက်ဘူးဗျ၊ ကျုပ်က စက်ရုံကို ကြည့်နေတော့ တီးဖို့ကို သတိမရတာ၊ ဒီလောက်ကြီးတဲ့ စက်ရုံကို ကျုပ်မတွေ့ဖူးဘူးဗျို့၊ တကယ်ကြီးမှ ကြီးပဲ"

"တစ်ခုပဲရှိတယ်၊ ကားသစ်ကြီး ဝယ်လာတာမှ မကြာသေးဘူး၊ အခုလိုတိုက်လာတယ်ဆိုတော့ ရှက်စရာကောင်းတာပေါ့"။ ဘက်ဆီသည် မော်တော်ကားဘော်ဒီကို ဖုန်သုန်နေရင်းကပြောသည်။ "မှန်းမတည့်ခင် အချိန်တုန်းက အသစ်စက်စက်ကြီး၊ အခု နေဝင်ချိန်လည်းကျရော၊ တိုက်ထားလို့ ကြေမွနေပြီ"

"ဒါက ဟိုငမည်းကောင်ကြောင့် ဖြစ်ရတာပါဗျ"ဟု ဒူဒီက ပြောသည်။ "မြင်းရထားပေါ်မှာ ဒီကောင်ကြီးက အိပ်ငိုက်လာတာ သူသာအိပ်မလာရင် အခုလို ဘယ်ဖြစ်ပါ့မလဲ၊ ကားကဝင်ဆောင့်လို့

သူ မြင်းရထားပေါ်ကလွှင့်ပြီး လမ်းဘေးမြောင်းထဲ ကျသွားတယ်၊ အဲဒီအချိန်ကျမှ သူနိုးလာတာဗျ"

"သူ့မှာ ဒဏ်ရာတွေ အများကြီးရသွားသေးလား" ဟု ဂျိုတာကမေးသည်။

"ကျုပ်လည်း မသိပါဘူးဗျာ"ဟု ဒူဒီကဖြေသည်။ "ကျုပ်တို့ ကားထွက်လာတော့ သူမြောင်းထဲမှာ ပက်လက်ကြီးလဲနေတုန်းပဲ၊ မြင်းရထားက သူ့အပေါ်ပိနေတာ၊ သူ့မျက်လုံးတွေက ပွင့်နေတာပဲ၊ ဒါပေမဲ့ စကားတော့တစ်ခွန်းမှမပြောဘူး၊ သူ့ကြည့်ရတာ သေပြီ ထင်တာပဲ"

"အင်း... လူမည်းများကတော့ သေတာများပါတယ်၊ သူတို့ အတွက်ကတော့ သေမင်းကို ပိတ်ပင်တားဆီးဖို့ နည်းလမ်းမရှိသလို ပါပဲ"

နေဝင်သွားချိန်မှာ နာရီဝက်ခန့်ပင်ရှိပြီ။ နွေဦးပေါက်ရာသီတွင် ရှိမြဲဖြစ်သော စိုစွတ်ထိုင်းမှိုင်းမှုသည် မြေပြင်ထက်သို့ ကျဆင်းလာလျက်ရှိ၏။

ဘွားအေကြီးကတော့ အိမ်ထဲရောက်သွားပြီး အိပ်ရာပေါ်မှာပင် လှဲနေပြီ။ အေဒါသည် လက်နှစ်ဖက်ကိုပိုက်၍ အိမ်ထဲသို့ ဝင်သည်။ ဘက်ဆီကလည်း နောက်မှလိုက်သွားသည်။

ဒူဒီနှင့် ဂျိုတာတို့ကတော့ အမှောင်ထုဖုံးလာသည့် အချိန်ကျမှ အိမ်ထဲသို့ ဝင်ခဲ့ကြလေသည်။

နေရာအနှံ့မှ ရှိထားသည့် တောမီးများဆီမှ မီးတောက်မီးလျှံများသည် ကောင်းကင်ကို ပက်ဖျန်းလျက်ရှိ၏။ စိုစွတ်သောညနေခင်း၏ လေထုကြားတွင် ထင်းရှူးသားမီးနံ့များသည် လွင့်မျောလိုက်ပါသွားနေကြသည်။ နေရာတိုင်းတွင် မီးပုံးများသည် တထိန်ထိန် တညီးညီး။ တချို့ ရှိထားသည်မှာ တစ်ပတ်၊ တစ်ပတ်ကျော်ကျော် ရှိခဲ့ပြီ။ အချို့မှာမူ ထိုနေ့ နေ့ခင်းပိုင်းကမှ ရှိထားခြင်းဖြစ်သည်။





နွေဦးပေါက်တွင် သူတို့မြေမျိုးပေါ်၌ မီးရှို့ထားကြသည်မှာ ယာသမားတို့၏ ထုံးစံဖြစ်သည်။ ထိုကဲ့သို့ မီးရှို့ထားလျှင် ဝါပိုးများ မကျနိုင်ဟု သူတို့ကဆိုကြသည်။ တကယ်တော့ ဤအကြောင်းကြောင့် နှစ်စဉ်ပုံမှန် မီးရှို့ကြခြင်းဖြစ်၏။ ဘာကြောင့် ထင်းရှူးပင်ပေါက်ကလေးများနှင့် သစ်ပင်ခပ်ကြီးကြီးများကိုပါ မီးရှို့ပစ်ရသနည်းဟု တစ်စုံတစ်ဦးက မေးခဲ့ပါမူ ဘိုးဘွားဘီဘင် လက်ထက်ကတည်းက ကျင့်သုံးလာခဲ့သော အလေ့အထကို စွန့်ပစ်ရန်အကြောင်း မရှိ၍ ရှို့ခြင်းဖြစ်သည်ဟု ဖြေတတ်ကြသည်။

ဝါခင်းထဲသို့ မြေဩဇာမချလျှင် မဖြစ်သကဲ့သို့ ယာတောကို မီးမရှို့၍မဖြစ်။ ယင်းကဲ့သို့ ပုံမှန်မီးရှို့ပေးပါမှ ဝါထွက်ကောင်းနိုင်သည်ဟုလည်း သူတို့ကယုံကြည်ကြသည်။ အကယ်၍ သစ်တောကို ပြာကျသည်အထိ မီးမရှို့ဘဲ အပေါ်ယံသာ လောင်ကျွမ်းအောင် ရှို့ထားမည်ဆိုပါက ထင်းအဖြစ်သုံးနိုင်သည်။ တချို့ တစ်ပိုင်းတစ်စမျှသာ လောင်ကျွမ်းထားသည့် အပင်ကြီးများကျတော့ သစ်စက်တွင် ခွဲပြီး ရောင်းချနိုင်သည်။ အမှန်တော့ ဘယ်လောက်ပဲမီးရှို့ရှို့ ဝါပိုးများကတော့ များများစားစား မသေနိုင်။ အချိန်ကျလာလျှင် ဝါပင်များကို ပိုးသတ်ဆေးမဖျန်း၍မရ။

မည်သို့ပင်ဖြစ်စေ... ယာသမားတို့သည် နှစ်စဉ်နွေဦးပေါက်တိုင်း သူတို့မြေပေါ်တွင် မီးရှို့ကြသည်။ သူတို့အဖေများလက်ထက်က ရှို့ခဲ့ကြ၍ သူတို့ကလည်း ဓလေ့ထုံးစံမပျက် ရှို့ကြခြင်းဖြစ်၏။

ဂျိုတာသည်လည်း သူ့မြေပေါ်တွင် အမြဲတစေ မီးရှို့နေသူဖြစ်သည်။ သူ ဘာကြောင့် မီးရှို့ရသနည်း။ ဒါကိုတော့ သူ ရေရေရာရာ မသိ။ အခုဆိုလျှင် သူ့မြေပေါ်၌ ဘာသီးနှံမှ မစိုက်တော့သည်မှာ ကြာခဲ့ပြီ။

သို့သော်...နှစ်စဉ် မီးရှို့သည့် အလုပ်ကိုတော့ ပုံမှန်ပင် လုပ်လာခဲ့သည်။ ထို့ကြောင့် သူ့ယာမြေများပေါ်၌ ပိတ်စွယ်မြက်ပင်

လို အဖိုးမတန်သည့် အပင်များမှတစ်ပါး အခြားဘာပင်မှ မရှိခြင်းဖြစ်သည်။ ပိတ်စွယ်မြက်ကတော့ နှစ်စဉ်နှစ်တိုင်း အသစ်အသစ်ပေါ်လာလေ့ရှိလေသည်။

အိမ်ထဲမှ အမျိုးသမီးများသည် အမှောင်ထဲတွင် ထိုင်ကာ ဂျိုတာနှင့်ဒူဒီတို့ ရောက်အလာကို စောင့်မျှော်နေကြသည်။ ဘွားအေကြီးကတော့ သူ့စောင်စုတ်များကိုခြုံ၍ အိပ်ရာပေါ်တွင် ငြိမ်နေသည်။ အယ်လီမေကတော့ ပိတ်စွယ်မြက်တောထဲ ဝင်သွားသည်။ ယခုထက်ထိ ပြန်ရောက်မလာသေး။ ဘက်ဆီနှင့် အေဒါတို့ကတော့ ကိုယ့်အိပ်ရာပေါ်မှာ ကိုယ်ထိုင်လျက်။

အိပ်ရာသုံးခုသည် လက်စတာမိသားစု အားလုံးအတွက် အိပ်စရာနေရာပင်ဖြစ်သည်။ တစ်ခါတစ်ရံ လူပေါင်းရှစ်ယောက်မှ ကိုးယောက်အထိ ရှိတတ်၏။ နွေရာသီဆိုလျှင် တချို့က ကြမ်းပေါ်ဆင်းအိပ်ကြသည်။ ဆောင်းတွင်းကျတော့ အားလုံးစုပြုံပြီး အိပ်ရာသုံးခုပေါ်တွင် အိပ်ကြသည်။

အခုကျတော့ ဒူဒီနှင့် အယ်လီမေမှတစ်ပါး ကျန်သားသမီးများ အဝေးသို့ ရောက်ကုန်ကြပြီဖြစ်၍ အိပ်စရာနေရာသည် အလုံအလောက်ရှိနေပြီ။ ဘက်ဆီတွင် ငှားထားသော အိမ်တော့ရှိသည်။ သို့သော်... အိမ်အမိုးက ပျက်နေသည်။ မိုးထားသည့် အုတ်ကြွပ်များမှာ အားလုံးလိုလိုပင် ပြုတ်ပျက်ထွက်ကုန်ပြီ။ မိုးရွာပြီဆိုလျှင် အိမ်ထဲရှိ အခန်းသုံးခန်းထဲမှ ပစ္စည်းများသည် ရေထဲတွင် နစ်နေကြလေသည်။

တစ်ခါတစ်ရံ ညလယ် ညဉ့်နက်သန်းခေါင် အချိန်ကြီးရောက်ခါမှ ရုတ်တရက် မုန်တိုင်းကျတတ်သည်။ ဘက်ဆီ၏ အိပ်ရာထက်တွင် မိုးရေများရွှဲစိုနေတတ်သည်။ 'အဝတ်အစား ဟူသမျှမှာလည်း မိုးရေများဖြင့် ရွှဲနစ်နေတတ်၏။ ခေါင်မိုးမှ မိုးရေကလည်း အဆက်မပြတ် ကျလာနေတတ်သည်။ အုတ်ကြွပ်အသစ်မိုး၍ မပြီးမချင်းထိုအိမ်၌ သူနေလိုစိတ်မရှိဟု ဘက်ဆီက အေဒါကိုပြောခဲ့





ဖူးသည်။

ဘက်ဆီ၏အိမ်ရှိရာ အဆောက်အအုံနှင့် ပတ်ပတ်လည်ရှိ မြေအားလုံးကို ပိုင်ဆိုင်သူမှာ ကပ္ပတိန်ဖွန်ဟာမွန်ဖြစ်သည်။ သူသည် ပြောင်းသွားပါပြီဆိုကတည်းက ဆေးရွက်ကြီးလမ်းသို့ တစ်ခေါက်မှ ပြန်မရောက်လာတော့ပေ။ သူပိုင် အဆောက်အအုံများကိုလည်း လုံး၀ ပြင်ဆင်ခြင်းမပြုတော့ပေ။ သူက ဂျိုတာနှင့် ဘက်ဆီတို့သာမက ဤနေရာတစ်ဝိုက်၌ နေထိုင်လျက်ရှိကြသူ အားလုံးကို သူပိုင် အဆောက်အအုံများထဲ၌ အဆောက်အအုံများ မြေပေါ်ပြိုကျသွားသည်အထိ နေနိုင်ကြောင်း၊ အခကြေးငွေဟူ၍ တစ်ပြားတစ်ချပ်မှ တောင်းမည်မဟုတ်ကြောင်း ပြောပြသွားသည်။

သူ့သဘောထားကို အားလုံးက နားလည်ကြသည်။ သူပိုင် အဆောက်အအုံများမှ ဘာတွေပဲ ပျက်ကျပျက်ကျ သူကတော့ နောက်ထပ်ပြင်ဆင်ခြင်း၊ မွမ်းမံခြင်းပြုတော့မည် မဟုတ်။ အကယ်၍ အိမ်တွေပြိုကျသွားပါကလည်း သူ့အတွက်ကတော့ ဘာမှ ထိခိုက်စရာမရှိ။ နေသူများကတော့ ကံဆိုးခြင်းပင်ဖြစ်သည်။ အကယ်၍ မပျက်မစီး မပြိုမလဲဘဲ တည်ရှိနေခဲ့ပါမူကား ဂျိုတာ ဘက်ဆီနှင့် တကွ အခြားလူအားလုံးသည် နေလက်စအိမ်များတွင် ရာသက်ပန် နေသွားဖို့သာရှိသည်။

ဂျိုတာနှင့်ဒူဒီတို့သည် အိမ်ထဲသို့ဝင်လာကြသည်။ အမှောင်ထဲ လျှောက်ရခြင်းဖြစ်၍ ဟိုတိုးသည်တိုက်၊ အိမ်တွင် ရေနံဆီမီးအိမ်တစ်လုံးတော့ ရှိပါ၏။ သို့သော် တစ်ဆောင်းတွင်းလုံး ရေနံဆီမဝယ်နိုင်။ လက်စတာမိသားစုအနေဖြင့် မှောင်မိုက်ထဲ အိပ်ရာဝင်သော အလေ့အထရနေသည်မှာ ကြာပြီ။

ဂျိုတာသည် သူ့အိပ်ရာပေါ်ရှိ အေဒါဘေးတွင် ဝင်ထိုင်ကာ ရှူးဖိနပ်ကြီးများကို ချွတ်သည်။ ကြမ်းပေါ်သို့ ကျသွားသည့် ဖိနပ်သံများသည် ခါးလောက်အမြင့်မှနေ၍ အုတ်ခဲကြီးများ ပစ်ချလိုက်သည့်နှယ်ရှိသည်။

"ကျွန်မတို့လမ်းမှာ အိမ်တိုင်းလိုလို ဝင်ပြီးလည်ခဲ့ကြတယ်" ဟု ဘက်ဆီကပြောသည်။

"တချို့ကတော့ ဆုတောင်းပွဲလုပ်ချင်ကြတယ်၊ တချို့ကတော့ မလုပ်ချင်ကြဘူး၊ ဒီကိစ္စကတော့ ကျွန်မအဖို့ သိပ်အကြောင်းမဟုတ်လှပါဘူး၊ ကျွန်မနဲ့ ဒူဒီက လက်ထပ်ပြီးစ မော်တော်ကားစီးချင်လို့သွားတာ မဟုတ်လား၊ တချို့လူတွေကတော့ စပ်စုကြတယ်၊ ကားသစ်ကြီးတစ်စီး ဝယ်စီးနိုင်လောက်အောင် ငွေတွေဘယ်ကရသလဲ၊ ဘာပြုလို့ ဒူဒီကို လပ်ထပ်တာလဲတဲ့၊ ကျွန်မကလည်းပြောလိုက်တယ်၊ သေသွားတဲ့ ကျွန်မယောကျ်ားက ဒေါ်လာ ရှစ်ရာထားခဲ့တယ်၊ ဒူဒီကို တရားဟောဆရာလုပ်နိုင်းဖို့ လက်ထပ်တာလို့၊ ဒါက အမှန်အတိုင်း ဖြေတာပဲလေ၊ ဒူဒီကို လက်ထပ်တာဟာ ဒီအကြောင်းက အဓိကပဲရှင့်"

"ဒါတွေအတွက် နင့်ကို ဘယ်သူကမှ အပြစ်မပြောကြဘူးထင်ပါတယ်၊ သူတို့က ပြောနေကြလို့လား စစ္စတာဘက်ဆီရဲ့" ဟု ဂျီတာကမေးသည်။

"တချို့လူတွေကတော့ ဒီလိုပါပဲဟယ်၊ တောပြောတောင်ပြော ပြောချင်ကြတယ်ဟဲ့"

"ဒါပေါ့လေ၊ တချို့က ကျွန်မဒူဒီနဲ့ လက်ထပ်တာကို ကဲ့ရဲ့ချင်ကြတယ်၊ အသက်ကြီးကြီး မိန်းမကြီးက ဒူဒီလို ငယ်ငယ်ကောင်လေးကိုလက်ထပ်တာ မတော်ဘူးတဲ့၊ ဒါပေမဲ့ သူတို့ ဒီစကားပြောတဲ့အချိန်မှာ ကျွန်မတို့က ကားပေါ်ပြန်ရောက်လို့ ထွက်တောင်လာပြီ၊ အများစုကတော့ သေသွားတဲ့ ယောကျ်ားထားခဲ့တဲ့ ငွေတွေနဲ့ ကားသစ်တစ်စီးဝယ်၊ ဒူဒီလို ကောင်ပေါက်စလေးကို လက်ထပ်၊ ပြီးတော့ လျှောက်လည်လာ ရှက်စရာကောင်းတယ်တဲ့ ဒုစရိုက်မှုတစ်ခုကိုပြုတာတဲ့၊ ဒါပေမယ့် သူတို့ ဒီစကားပြောနေချိန်မှာ ကျွန်မတို့က ကားပေါ်ရောက်နေပါပြီ၊ ဟုတ်တယ်နော် ဒူဒီ"

ဒူဒီက အဖြေမပေး။





"ဒူဒီ အိပ်ပြီထင်တယ်" ဟု ဂျီတာကပြောသည်။

"ကနေ့ ဒီကောင် တော်တော်ပင်ပန်းသွားပြီ၊ မက်ကွိုင်း အသွားအပြန်ခရီးဟာ မနီးလှဘူး"

အေဒါက အိပ်ရာပေါ်တွင် ထထိုင်သည်။

"တော့်အဝတ်တွေကို အကုန်ချွတ်ပစ်ဂျီတာ" ဟု အေဒါက ဒေါသတကြီးပြောသည်။

"ကျုပ် ဒီလိုဟာမျိုးကို လုံးလုံးမကြိုက်ဘူး၊ ဒီလောက် ညစ်ပတ်ပေရေတဲ့ ဘောင်းဘီကြီးနဲ့ အိပ်ရာထဲဝင်မအိပ်နဲ့၊ ဒီကိစ္စဟာ အမြဲတမ်းပြောနေရတာပဲ၊ တော် နားလည်ဖို့ ကောင်းပါတယ်တော်"

"ကနေ့ည အေးလာပြန်ပြီဟ၊ အဝတ်တွေ အကုန်ချွတ်အိပ်ရင် ငါအအေးမိတော့မပေါ့၊ ကိုယ်နေချင်သလိုတောင် မနေရတော့ပါလားကွာ၊ အဝတ်အစားတွေ ဝတ်အိပ်တာများ ဘယ်သူ့ကို ထိခိုက်မှာမို့လဲဟာ"

"အဝတ်မချွတ်ဘဲ အိပ်တဲ့လူဆိုလို့ တော်တစ်ယောက်တည်းပဲ တွေ့ဖူးတယ်၊ တော့်လို ဝတ်အိပ်တဲ့လူ တစ်ယောက်မှ မရှိပေါင်တော်"

ဂျီတာကပြန်မပြော၊ အိပ်ရာပေါ်မှလူးလဲထကာ အောက်သို့ဆင်းပြီး ဘောင်းဘီရှည်နှင့် အင်္ကျီများကိုချွတ်ကာ ခုတင်ခြေရင်းတွင် တင်လိုက်သည်။ စောင်ခြုံအောက်သို့ ပြန်ရောက်သွားသောအခါ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက်ရှိလေ၏။

ဘက်ဆီ၏ လှုပ်ရှားသံကို ကြားနေရ၏။ ဘဏ်ဆီသည် အိပ်ရာဝင်ရန် အဝတ်အစားများ ချွတ်နေခြင်းပေတည်း။ ဂျီတာသည် အိပ်ရာပေါ်မှ ခေါင်းထောင်ထကာ ဘက်ဆီဘက်သို့ လှမ်းကြည့်သည်။

"မင်း ဒီမှာလာအိပ်တာ ငါတော့ တော်တော့ကို သဘောကျတယ်၊ မိန်းမမစ္စဆရာတစ်ယောက် လာအိပ်တာ ငါ့မှာ အားသစ်တွေ ဝင်လာပြီ" ဟု ဂျီတာကပြောသည်။

"ကျွန်မဟာ မိန်းမစမ္မဆရာတစ်ယောက်ဆိုတာကတော့ မှန်တယ်လေ"ဟု ဘက်ဆီက ပြန်ပြောသည်။

"ဒါပေမဲ့ တခြားဟာတွေမှာတော့ တခြားမိန်းမတွေနဲ့ ဘာမှ မခြားနားဘူး၊ အားလုံး အတူတူပဲ၊ အဲဒါကိုတော့ ရှင်လည်း သိမှာပါ ဂျိုတာ"

ဂျိုတာလည်း အိပ်ရာပေါ် တံတောင်တစ်ဖက်ထောက်ကာ အမှောင်ထဲမှ ဘက်ဆီကို မြင်နိုင်အောင် အားထုတ်၍ကြည့်သည်။

"မင်း ငါတို့နဲ့ မြန်မြန်ဆန်ဆန်ကြီးတော့ ခွဲမသွားနဲ့ဦးနော်" ဟု ဂျိုတာကပြောသည်။

"မင်းဒီအိမ်မှာ တစ်သက်လုံးအိပ်မယ်ဆိုရင် ငါက သိပ်ပြီး ဝမ်းသာမှာဘက်ဆီရဲ့"

အေဒါက သူ့တံတောင်ဖြင့် ဂျိုတာ၏ နံကြားတစ်ဖက်ကို တစ်အားကုန်တွက်လိုက်သည်။ ဂျိုတာသည် နာလွန်းသဖြင့် တစ်ချက်ညည်းညူကာ အိပ်ရာပေါ်သို့ လဲကျသွားသည်။

ဘက်ဆီအိပ်ရာပေါ် တက်သွားသံကို ကြားနေရသည်။ အိပ်ရာခင်းများဆီမှ ဖြိုးဖြိုးဖြောက်ဖြောက်မြည်သံ၊ တစ်ကိုယ်လုံးလှဲချလိုက်သဖြင့် ထွက်ပေါ်လာသည့် ခုတင်ကြမ်းများအသံ။ ဘက်ဆီသည် အိပ်ရာပေါ် ပက်လက်လှန်ကာ မိနစ်ပေါင်းများစွာ ငြိမ်နေသည်။ ထို့နောက် သူ့လက်များကိုဆန့်ကာ သူ့ဘေးကိုစမ်းသည်။ ကြမ်းခင်းများဆီမှ မြည်သံများသည် ပို၍ကျယ်လာသည်။

သူသည် ဖြုန်းခနဲထထိုင်လိုက်ပြီး ကိုယ်ပေါ်မှ စောင်များကို ဖယ်ချလိုက်သည်။

"ဒူဒီ ဘယ်မလဲ"ဟု ဒေါသတကြီးမေးသည်။ သူ့အသံမှာ ကြမ်းတမ်းမာကျောလှသည်။ "ဟော့...ဒူဒီ၊ မင်းဘယ်မှာလဲ"

အခန်းထဲမှ ဘာသံမျှမကြားရ၊ အေဒါက ထထိုင်သည်။ ဂျိုတာကလည်း ဖြုန်းခနဲထထိုင်၏။ ဘက်ဆီအိပ်ရာဆီမှ အသံများသည် ပို၍ကျယ်လာသည်။ ထို့နောက် ဖိနပ်မပါဘဲ လျှောက်သွား





နေသည့် ဘက်ဆီ၏ခြေသံများ။ ဂျိုတာထံမှ စကားပြောသံလည်း မကြားရ၊ လှုပ်ရှားသံလည်း မကြားရ၊ သူသည် အခြားအသံများကို ငြိမ်၍ နားစွင့်နေခြင်းဖြစ်၏။

"ဒူဒီ၊ ဟော့...ဒူဒီ"

ဘက်ဆီသည် အခန်းအလယ်တည့်တည့်မှ ရပ်ကာ တကြော်ကြော် အော်လျက်ရှိသည်။ အခြားအိပ်ရာများဆီသို့လည်း စမ်းတဝါးဝါးဖြင့် လျှောက်သွားလျက်ရှိသည်။ "မင်းဘယ်မှာလဲ ဒူဒီ၊ မင်းဘာပြုလို့မထူးတာလဲ၊ မင်း အဲသလိုပုန်းမနေပါနဲ့ ဒူဒီရယ်"

"ဘာဖြစ်နေတာလဲ ဘက်ဆီ"ဟု ဂျိုတာကမေးသည်။

"ဒူဒီ အိပ်ရာထဲမှာမရှိဘူး၊ သူ့ကိုဘယ်မှာမှ ရှာလို့မတွေ့ဘူး"

ဂျိုတာသည် သူ့အကျီဘောင်းဘီများကို လှမ်းယူပြီး အိပ်ရာပေါ်မှ ခုန်ဆင်းလိုက်သည်။ အကျီအိပ်ကပ်များထဲ နှိုက်၍ မီးခြစ်ဆံရှာသည်။ နောက်ဆုံးတွင် မီးခြစ်ဆံတစ်ဆံ တွေ့သည်။ ကြမ်းပြင်နှင့် ပွတ်ဆွဲပြီးခြစ်သည်။

မီးခြစ်ဆံမှ မီးတောက်သည် အခန်းထဲရှိ လူအားလုံးကို မြင်လာသည်။ အယ်လီမေနှင့် ဒူဒီမှတစ်ပါး အခြားလူအားလုံးရှိကြသည်။ ဘက်ဆီသည် ဂျိုတာနှင့် ပေအနည်းငယ်မျှသာ ကွာသည်။ ဂျိုတာက ဘက်ဆီကိုမြင်အောင် ကြည့်နိုင်ဖို့ကြိုးစားသည်။ ဘက်ဆီကတော့ အလင်းရောင်ကြောင့် မျက်စိများကိုကာထားသည်။

ဂျိုတာသည် တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။ လက်ထဲရှိ မီးခြစ်ဆံမှ မီးတောက်သည် သူ့လက်ညှိုးနှင့် လက်မကိုလောင်သည်။ သူသည် ကပျာကယာထပြီး အကျီနှင့်ဘောင်းဘီကို ဝတ်၏။ သူသည် နောက်ထပ် မီးခြစ်ဆံရလိုရငြား အိပ်ကပ်ထဲနှိုက်၍ ရှာပြန်သည်။

ဘက်ဆီသည် ဂျိုတာ့ဘေးတွင် ယောင်တီယောင်ကန်းဖြင့် ရပ်နေဆဲ၊ ဂျိုတာက မီးခြစ်ဆံကို ထပ်ခြစ်လိုက်သောအခါ သူသည်

ဘွားအေကြီး လက်တော၏ ခုတင်ဆီသို့ ထွက်ပြေးသည်။ သူသည် စောင်ခြုံထဲဝင်ရန် စောင်များကို ဆွဲဖယ်သည်။ စောင်အောက်တွင် ဒူဒီသည် နစ်မြုပ်နှာအိပ်မောကျလျက်ရှိ၏။ ဘွားအေကြီးကတော့ နိုးနေသည်။ သူသည် သူ့အဝတ်ဟောင်း စုတ်စုတ်ပြတ်ပြတ်များ အကြားတွင် တစ်ကိုယ်လုံး တုန်လျက်ရှိလေသည်။

ဂျိုတာက ဒူဒီကို အတင်းလှုပ်နှိုးပြီး ကြမ်းပေါ်သို့ ဆွဲချသည်။ အေဒါက သူ့သားလက်ကို ဆောင့်ဆွဲသည်။

"မင်းက ဘက်ဆီနဲ့ အတူတူမအိပ်တာ ဘာသဘောလဲကွ" ဟု ဂျိုတာက ဒူဒီ၏ ကော်လာစကို ခပ်ကြမ်းကြမ်းဆောင့်ဆွဲပြီး မေးသည်။

ဒူဒီက သူ့ပတ်ပတ်လည်ကို မျက်တောင်ပုတ်ခတ်ပုတ်ခတ် လုပ်ပြီးကြည့်သည်။ မီးခြစ်မှမီးရောင်ကြောင့် ဘာကိုမျှ ပြတ်ပြတ် ထင်ထင် မမြင်ရ။

"ဘာလဲဗျ၊ ဘာလုပ်ချင်လို့လဲ" ဟု ဒူဒီက သူ့မျက်စိများ ကို ပွတ်၍မေးသည်။

"ဒူဒီက ဘယ်အိပ်ရာမှန်းမသိလို့ အစုလိုဝင်အိပ်တာ ထင်ပါရဲ့"ဟု စစ္စတာဘက်ဆီက လေသံအေးအေးဖြင့်ပြောသည်။ "သူက သိပ်ပင်ပန်းပြီး သိပ်အိပ်ချင်နေတော့ ကမူးရှူးထိုးနဲ့ အိပ်ရာ လွဲပြီး အိပ်တာဖြစ်မှာပါ၊ ဟုတ်တယ်မဟုတ်လား ဒူဒီ"

"ဟော့ကောင် ဒူဒီ၊ မင်း ဒီအချိုးမျိုး မလုပ်နဲ့လေကွာ"ဟု ဂျိုတာကပြော၏။ "လက်ထပ်ပြီးစမှာ မင်းမျက်စိတွေကို ကျယ်နိုင် သမျှ ကျယ်အောင်ဖွင့်ထားရတယ်ဟ၊ ဒီမှာတွေ့လား၊ ဘက်ဆီခမျာ အိပ်ရာထဲမှာ မင်းကိုမတွေ့လိုက်တော့ အရူးလိုဖြစ်သွားတာ"

အေဒါက သူ့အိပ်ရာဆီသို့ ပြန်သည်။ ဂျိုတာကနောက်မှ လိုက်သွားသည်။ ဂျိုတာသည် အဝတ်အစားများကို မချွတ်တော့ဘဲ အိပ်ရာထဲဝင်သည်။ သည်တစ်ကြိမ်မှာတော့ အေဒါသည် ဂျိုတာ၏ ကိုယ်ပေါ်မှ အဝတ်အစားများကို သတိမရတော့ပေ။





နောက်တစ်ခဏမျှအကြာတွင် အယ်လီမေဝင်လာပြီး သူ့ ဘွားအေကြီးဘေးရှိ သူ့အိပ်ရာတွင် ဝင်၍အိပ်သည်။ ဘယ်သူကမျှ သူ့ကိုမေးလားမြန်းလား မလုပ်။

ဘွားအေကြီးကတော့ တစ်ချိန်လုံး အိပ်ပျော်သည်မဟုတ်။ ဘယ်သူကမှလည်း သူ့ကို စကားမပြောကြ၊ ထို့ကြောင့်လည်း စောစောက သူ့ဘေး၌ ဒူဒီဝင်အိပ်နေကြောင်းကို ပြောပြဖို့ အားမထုတ်ခြင်းဖြစ်သည်။ တခြားလူများက သူ့ကိုပြောလေ့ရှိသည့် စကားမှာ "ရှေ့ကဖယ်စမ်း"နှင့် "ပေါင်မုန့်ကို နောက်ထပ်မစားနဲ့တော့" ဟူသော စကားများသာလျှင်ဖြစ်သည်။ ထိုစကားများမှတစ်ပါး အခြားဘာစကားမျှ ပြောစရာမရှိ။

ဒူဒီနှင့် ဘက်ဆီတို့သည် အိပ်ရာပေါ်ပြန်တက်ကာ လှဲလိုက်ကြသည်။ စစ္စတာဘက်ဆီသည် ဒူဒီနှင့် စကားလက်ဆုံ ကျဖို့ ကြိုးစားသည်။ သို့သော် မောပန်းနွမ်းနယ်ပြီး အိပ်ချင်စိတ် ပြင်းထန်နေသော ဒူဒီသည် ဘက်ဆီကို စကားပြန်မပြော။

■

# ( ၁၅ )

ဂျိတာသည် ချိုကိုရီတတီယခွက်ကိုသောက်ပြီး လည်ချောင်းရှင်းလိုက်၏။ ဒူဒီကတော့ မီးဖိုခန်းထဲမှထွက်ကာ ခြံဝင်းထဲသို့ ဆင်းသွားပြီဖြစ်၏။ စန္ဒတာဘက်ဆီကတော့ နောက်ဖေးဘက်တွင်ရပ်ကာ သူ့ဆံပင်ကို ဖြီးလျက်ရှိ၏။ ဒူဒီသည် နောက်ဖေးလှေကားမှ ဆင်းကာ ရေတွင်းသို့သွားပြီး မှီရပ်နေသေည်။

"တကယ်လို့သာ ငါကနေ့ ထင်းကားတစ်စီးတိုက်ကို ဩဂတ်စတာမြို့မှာ သွားရောင်းနိုင်ရင် အတော့်ကိုဟန်ကျမှာပဲ" ဟု သူကပြော၏။

"ဒါနဲ့ ဒူဒီ ခုတ်ထားတဲ့ထင်းတွေ မနည်းဘူးကွဲ့သိလား၊ တကယ်လို့ မင်းကားအသစ်နဲ့သာ သယ်သွားရရင် သိပ်ကောင်းမှာပဲ၊ ဘက်ဆီ မင်းဘယ်လို သဘောရသလဲ"

ဘက်ဆီက ချက်ချင်းအဖြေမပေး၊ သူ့ဆံပင်ကို ဖြီးအောင်ဖြီးကာ ဆံညှပ်များထိုးနေသည်။ ထို့နောက် ဂျိတာနှင့်အတူတွဲကာ မော်တော်ကားဆီသို့ လျှောက်သွားသည်။

"ကုန်တင်လို့ကတော့ ရချင်လည်းရမှာပေါ့"ဟု သူကပြောသည်။

"ဒါပေမဲ့ နောက်ခန်းကကျဉ်းတော့ သိပ်များများဆံ့မှာ မဟုတ်ဘူး"

"ငါ့ကားကတော့ တော်တော်ဆန့်တယ်ကွဲ့၊ မင်းကားက ငါ့ကားထက်လည်း မကြီးပါဘူး၊ နှစ်စီးစလုံး အမျိုးတူကားတွေပါ၊ ခြားနားတာတစ်ခုပဲရှိတယ်၊ မင်းကားက အသစ်စက်စက်ကြီး"

ဒူဒီသည် ခလုတ်ကိုလှည့်ဖွင့်ကာ စက်နှိုးကြည့်သည်။ စက်သံမှာ ဘာချွတ်ယွင်းချက်မှမရှိ။ မနေ့က စက်နှိုးတိုင်း ကျပ်ကျပ်နေသည့် ချွတ်ယွင်းချက်လည်း မရှိတော့။ စက်သည် ပုံမှန်အခြေအနေ၌ ရှိနေသည်။ ဒူဒီသည် ဂျိုတာကို ပြုံးဖြဲဖြဲလုပ်၍ ကြည့်ကာ မော်တော်ကားဟွန်းကို အကြိမ်ပေါင်းများစွာနှိပ်၏။

"ဩဂတ်စတာကို သွားချင်ရင်တော့ရပါတယ်"ဟု ဘက်ဆီကပြောသည်။

"မနေ့က ဒူဒီနဲ့ကျွန်မ အဲဒီကိုသွားမလို့၊ နောက်ကျမှ စိတ်ပြောင်းပြီး မက်ကွိုင်းကိုရောက်သွားတာ"

"ကားနောက်ထဲမှာ ထင်းတင်တာ မကြာလိုက်ပါဘူး"ဟု ဂျိုတာကပြောသည်။

"ငါတို့ မြန်မြန်ထွက်နိုင်မှာပါ၊ ကဲကွာ...ဒူဒီ မင်းကားကို ဟိုယာခင်းထဲဖြတ်မောင်း၊ ဟိုဘက်မှာ မင်းနဲ့ငါ ပြီးခဲ့တဲ့အပတ်က ခုတ်ပြီး ပုံထားတဲ့ထင်းတွေ သွားတင်ကြရအောင်၊ လမ်းမှာ ထင်းတွေ ထွက်မကျအောင် ငါ ဝိုင်ယာကြိုးတွေနဲ့ စုပြီးချည်ခဲ့မယ်"

ဘက်ဆီက ဒူဒီဘေးတွင် ဝင်ထိုင်သည်။ သူတို့သည် မော်တော်ကားကို ဝါခင်းဟောင်းထဲမှ ဖြတ်မောင်းသည်။ ယာခင်းထဲမှ ပိတ်စွယ်မြက်ပင်များသည် လေးပေခန့်မြင့်နေပြီ။ ဤမြေသည် တစ်ချိန်က အနီးအနားတစ်ဝိုက်ရှိ မြေများထဲတွင် အကောင်းစားဆေးရွက်ကြီးများအတွက် အကောင်းဆုံးမြေ ဖြစ်ခဲ့ဖူးလေသည်။

နောက်ဆုံး စိုက်ပျိုးခဲ့သည့် ဝါပင်ဟောင်းများသည် ယခုထိ ရှိနေဆဲဖြစ်၏။ ချိုင့်များကျင်းများနှင့် အဖုအထစ်များကြောင့် ကား





သည် အဆက်မပြတ်ဆောင့်လျက်ရှိရာ ဒူဒီရော ဘက်ဆီပါ အပေါ် မြောက်သွားလိုက်၊ ပြန်ကျလာလိုက်နှင့် ဗြောင်းဆန်လျက်ရှိသည်။ ဒူဒီအနေဖြင့် စတီယာတိုင်ကို တအားဆုပ်ကိုင်ထားသဖြင့် အနည်းငယ် သက်သာသလိုရှိသော်လည်း ခြေလွတ်လက်လွတ် ရှိနေသော ဘက်ဆီမှာမူ ဝါပင်အတန်းများပေါ်မှာ ကားဖြတ်တိုင်း လူတစ်ကိုယ်လုံး ထိုင်ခုံနှင့်လွတ်လွတ်သွားတတ်သည်။

ထို့ကြောင့် တစ်လမ်းလုံး သူ့ခေါင်းသည် ကားအမိုးနှင့် တဒိန်းဒိန်းဆောင့်ကာ လိုက်ပါလာသည်။ ခရီးနှစ်ဖာလုံခန့် ပေါက်လာပြီး ထင်းပုံနှင့် မလှမ်းမကမ်းအရောက်တွင် ကားသည် ရုတ်တရက် တစ်စုံတစ်ခုနှင့် ဝင်တိုက်ကာ စက်ရပ်သွားလေသည်။

တိုက်လိုက်သည့်အရှိန်ဖြင့် ဒူဒီသည် စတီယာတိုင်နှင့် ဝင်ဆောင့်သည်။ ဘက်ဆီကတော့ ထိုင်ခုံနှင့်လွတ်ကာ ရှေ့သို့ အရှိန်ဖြင့်လျှောသွားသည်။ သူ့ခေါင်းသည် ကားရှေ့မှ လေကာမှန်ကို ပြေးဆောင့်သည်။ နဖူးနှင့်တအားတိုက်မိသည့် အရှိန်ကြောင့် မှန်သည် အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားသည်။ သို့သော် မှန်ကွဲအစအနများကတော့ ထွက်ကျခြင်းမရှိ။ ဘက်ဆီသည် သူ့ကိုယ်သူ ဘာဂဖြစ်သွားမှန်းပင် မသိလိုက်။

ဘက်ဆီက အော်ကြီးဟစ်ကျယ် ဘုရားတသည်။ ကားထဲတွင် ခေါက်တီခေါက်ကွေး ဖြစ်နေရာမှ ကုန်းကျုံးပြီးထသည်။

"ဒီတစ်ခါ ဘာဖြစ်ပြန်တာလဲ ဒူဒီ"

"ကျုပ်တို့ သစ်ငုတ်တိုတစ်ခုနဲ့ ဝင်တိုက်တယ်ထင်တာပဲ" ဟု ဒူဒီကပြောသည်။

"ဒီမြက်ပင်တွေကြားမှာ သစ်ငုတ်တိုတွေ အများကြီး ရှိနေတယ်ဆိုတာ ကျုပ်မေ့သွားတယ်၊ မြက်ပင်ကြီးတွေက သိပ်ရှည်နေတော့ မမြင်မကန်းဖြစ်ပြီး ဝင်တိုက်မိတာပေါ့"

နှစ်ယောက်သား ကားပေါ်မှဆင်း၍ ကားရှေ့သို့ပြေး၏။ နှစ်ပေခန့်မြင့်သော သစ်ငုတ်ကြီးသည် ကားရှေ့တွင် ကန့်လန့်၊

မီးလောင်ထားသည့် ထင်းရှူးသားငုတ်တိုကြီးဖြစ်၏၊ လေးပေခန့် အမြင့်ရှိသော ပိတ်စွယ်မြက်များကြားတွင် ရောက်နေ၍ မမြင်ရခြင်းဖြစ်သည်။ သစ်ငုတ်ကို တစ်ခြမ်းပဲ့ထွက်သွားသည်။

ဝင်ရိုးမှာ ဆိုးဆိုးရွားရွား ကောက်သွားခြင်းမရှိ၊ သို့သော် မူလအနေအထားထက် အနည်းငယ်မျှ ရွေ့သွားသဖြင့် ကားသည် တစ်နာရီလျှင် ဆယ့်ငါးမိုင်ခန့်သာ သွားနိုင်တော့မည်ဖြစ်၏။ ဤ ဖွတ်ယွင်းချက်မှတစ်ပါး အခြားဘာမှမဖြစ်၊ ကားသည် အသစ် အတိုင်းလိုပင်ဖြစ်သည်။

ဂျိုတာသည် ကျိုနောက်မှရှာတွေ့လာတော ဝါယာကြိုးများ ကို ပွေ့ကာ ပြေးလာသည်။ ဒူဒီနှင့် ဘက်ဆီတို့က မော်တော်ကား ဘာဖြစ်သွားသည်ကို ဆီးကြို၍ ရှင်းပြနေစရာမလို၊ ကားဝင်ရိုးနှင့် သစ်ငုတ်ဝင်တိုက်ပြီး ရှေ့ဘီးနှစ်ဘီး၊ မြေကြီးနှင့်လက်မအနည်းငယ် လွတ်သွားသည်ကို သူကိုယ်တိုင် မြင်ပြီးပြီဖြစ်၏။

"သိပ်ပြီး နာသွားပုံတော့ မရပါဘူးကွာ"ဟု ဂျိုတာက ပြောသည်။"

"ဘာမှတောင် ဖြစ်မယ်မထင်ပါဘူး၊ ငါတို့ ဒီနေ့တော့ ဩဂတ်စတာကို ထင်းသွားရောင်းမှဖြစ်မှာ၊ အိမ်မှာ စားစရာ သောက် စရာ ဘာမှ မရှိတော့ဘူးကွ"

ဒူဒီသည် စက်ကိုပြန်နှိုးကာ ကားကို နောက်ပြန်ဆုတ်ပြီး ထင်းပုံရှိရာသို့ ခပ်ဖြည်းဖြည်းမောင်း၍ ချဉ်းကပ်သည်။ ဂျိုတာက ထင်းများကိုကောက်၍ ကားနောက်ခန်းထဲသို့ပစ်တင်သည်။ ဘက်ဆီ ကလည်း ဝင်၍ကူသည်။

"အေဒါလိုက်ဖို့ နေရာလေးရှိမလားဒူဒီ"ဟု ဂျိုတာက မေးသည်။ "သူလိုက်ရရင်တော့ သိပ်ကို ဝမ်းသာမှာကွ၊ ဟိုတစ်ခါက ငါနဲ့ ဒူဒီတို့ ဩဂတ်စတာသွားတာ အေဒါနဲ့ အယ်လီမေတို့က သိပ်လိုက်ချင်ကြတာပဲ၊ ဒါပေမဲ့ ကားတစ်စင်းလုံး ထင်းတွေအပြည့် တင်ထားတော့ ထိုင်စရာနေရာက မရှိဘူး"





"ကျွန်မကတော့ အိမ်မှာ မနေခဲ့နိုင်ဘူး"ဟု ဘက်ဆီက ပြောသည်။ "ကျွန်မကိုထားခဲ့လို့ကတော့ မဖြစ်နိုင်ဘူး"

"ကျုပ်လည်း လိုက်မှာပဲ"ဟု ဒူဒီကပြောသည်။ "ကျုပ်ကို ထားခဲ့လို့ကတော့ ရလိမ့်မယ်မထင်နဲ့၊ ကျုပ်က ကားမောင်းတာဗျ"

"ငါကလည်း မလိုက်လို့မဖြစ်ဘူးလေကွာ"ဟု ဂျိုတာက ပြောသည်။ "ရောင်းရမှာက ငါ့ထင်းတွေကွ၊ ငါမပါလို့ ဘယ်ဖြစ် မလဲ".

ထင်းများမှာ လွန်ခဲ့သော အပတ်ကတည်းက ဂျိုတာနှင့် ဒူဒီတို့ခုတ်ထားခဲ့သော ဝက်သစ်ချသားများဖြစ်သည်။ အချို့မှာ အရှည်တစ်ပေခန့်ရှိ၍ အများစုသည် သုံးပေမှ ခြောက်ပေအထိ ရှည်ကြသည်။

သူတို့ ထင်းတင်နေသည်မှာ နာရီဝက်ခန့်ကြာသည်။ ကားနောက်ခန်းနှင့် အပြည့်တင်ထားသည့်ထင်းများကို ဂျိုတာက စုစည်းပြီး ကားဘော်ဒီနှင့်တွဲ၍ ကြိုးတစ်ချောင်းနှင့် ကပ်ချည်သည်။ လမ်းတွင် ကျမကျန်ရစ်အောင် လုပ်ခြင်းဖြစ်၏။ မည်မျှပင် ကြိုးနှင့် ချည်သော်လည်း အချို့ ထင်းချောင်းများသည် ထိုးထိုးထောင်ထောင် နှင့် ဘေးဘက်ထွက်သည်များကထွက်ကာ နောက်ဘက်သို့ရှည်ထွက် နေသည်များက ရှည်ထွက်နေကြသည်။

သံချေးတက်နေသော ဝါယာကြိုးဟောင်းများသည် မကြာ ခဏ ပြတ်ပြတ်သွားနေသဖြင့် နောက်ဆုံးတွင် ဂျိုတာသည် ကြိုးများ ကို အားစိုက်၍ မချည်တော့ဘဲ အဖျားမှလိမ်၍ ပတ်လိုက်သည်။

ထင်းများကားပေါ်၌ အထိုင်ကျအောင် လုပ်နေရသည်မှာ နှစ်နာရီနီးပါးမျှကြာ၏။ ဤမျှလောက် လုပ်ကိုင်ထားသော်လည်း တစ်ယောက်လောက်က ကားကိုမှီလိုက်၍ အသာအယာ ထိမိ တိုက်မိရုံမျှဖြင့် ထင်းများသည် အပြင်သို့ထွက်ကျကုန်တတ်လေ သည်။

ထင်းများကို နေသားတကျ တင်ပြီးသောအခါ ဒူဒီသည်

မော်တော်ကားကို အိမ်ဘက်သို့ပြန်မောင်းသည်။ အလာတုန်းကလို အရှိန်နှင့်မဟုတ်။ လူတစ်ယောက် လမ်းလျှောက်နေသည့်နှုန်းလောက်မျှသာဖြစ်သည်။ ဤကြားထဲမှပင် ထင်းများသည်ထွက်ကျလျက်ရှိ၏။ နောက်မှလိုက်လာသော ဂျိုတာနှင့်ဘက်ဆီသည် ကားပေါ်မှကျသမျှ ထင်းများကိုကောက်၍ အိမ်ဘက်သို့သယ်သွားကြလေသည်။

အေဒါနှင့် အယ်လီမေသည် သူတို့အားလုံးကို ခြံဝင်းထဲမှ ဆီးကြိုနေကြသည်။ ဘွားအေကြီးကတော့ သူ့အကျင့်အတိုင်း သစ်ပင်နောက်မှရပ်ကာ သူတို့တစ်တွေ လုပ်သမျှကို ချောင်းကြည့်နေသည်။ အေဒါသည်ကားပေါ်၌ သူထိုင်၍ရနိုင်မည့်နေရာကို လိုက်ရှာကြည့်လျက်ရှိ၏။ ဘွားအေကြီးသည် သစ်ပင်နောက်မှနေ၍ အိမ်ထောင့်သို့ ရောက်သွားသည်။ သူသည် ထိုနေရာမှရပ်၍ ချောင်းကြည့်နေပြန်၏။ သူ့တစ်ကိုယ်လုံးကို အမြင်ခံထားသော်လည်း မျက်နှာကိုတော့ မမြင်နိုင်အောင်ကွယ်ထားသည်။

"ကျုပ်က ဘယ်နေရာမှာ ထိုင်ရမှာလဲတော့" ဟု အေဒါက ပြောသည်။ "ထင်းတွေအပြည့်အသိပ် တင်ထားတော့ ထိုင်စရာနေရာကို မရှိတော့ဘူး"

အေဒါ၏အမေးကို ဘက်ဆီက ဖြေလိုဖြေငြားဟူသော မျှော်လင့်ချက်ဖြင့် ဂျိုတာသည် မိနစ်အတော်ကြာမျှ ငြိမ်ပြီးနားစွင့်နေသည်။ ဘက်ဆီက မဖြေသောအခါ ဂျိုတာသည် ကားရှေ့ခန်းထဲဝင်ပြီး ဒူဒီဘေး၌ထိုင်ချလိုက်သည်။

"နင့်အတွက် နေရာမရှိတော့ဘူးဟ"ဟု ဂျိုတာကပြောသည်။

"အံမယ်...ကျုပ်အတွက် ဘာပြုလို့ နေရာမရှိရမှာလဲတော့၊ တော့်အတွက်ရယ်၊ ဒူဒီအတွက်ရယ်၊ ပြီးတော့ ဟိုမိန်းမအတွက်ကျတော့ နေရာတွေရှိသပေါ့လေ...ဟုတ်လား"

"မင်းက ဘာပြုလို့ ဘက်ဆီကို မိန်းမလို့ ပြောရတာလဲ





ကွ"ဟု ဂျိုတာကပြောသည်။

"မင်းပါးစပ်ပိတ်ထားစမ်း အေဒါရယ်၊ တို့သွားကြစို့၊ ဒီထင်းတွေကို ကနေ့သွားရောင်းမှဖြစ်မှာ"

ဒူဒီက ကားစက်နှိုးသည်။ ဘက်ဆီက ကားပေါ်တက်ကာ ဂျိုတာ့ဘေးတွင် ဝင်ထိုင်သည်။ ကားပေါ်တွင် သူတို့သုံးယောက်အတွက်တော့ နေရာအလုံအလောက်ရှိသည်။

အေဒါသည် နောက်မှပြေးလိုက်ပြီး ကားဘေးမှခြေနင်းခုံပေါ်သို့ခုန်တက်ရန် အားထုတ်သည်။ သို့သော်... ဒူဒီက ကားအရှိန်မြှင့်လိုက်သဖြင့် သူတက်၍မရ။ ခြံဝင်းထဲမှ ကွေ့ထွက်ပြီး ဆေးရွက်ကြီးလမ်းပေါ်သို့ အတက်တွင် နောက်ဘီးသည် တစ်ချက်မျှချော်ပြီး အေဒါ၏ခြေထောက်ကို ဖြတ်ကြိတ်သွားသည်။

အေဒါသည် သူတို့ကို အသံကုန်ဟစ်၍အော်သည်။ သို့သော် ထိုအချိန်တွင် ကားအရှိန်မှာ အလွန်မြန်နေပြီဖြစ်၍ နောက်မှ အပြေးလိုက်၍လည်းမရ၊ အော်၍ဟစ်၍လည်းမရ။ သူသည် ခြံထဲသို့ အယ်လီမေနှင့်အတူ ပြန်ဝင်လာပြီး မော်တော်ကားနောက်မှ တလိပ်လိပ်ထလာနေသော ဖုန်လုံးကြီးများကို လှမ်းမျှော်ကြည့်နေသည်။ ဘွားအေကြီးသည် အိမ်ထောင့်တွင် ကပ်၍နေရာမှ ထွက်လာပြီး အိတ်ဟောင်းကြီးကို သွားယူသည်။

ထင်းကောက်ထွက်ရန် ပြင်ခြင်းပေတည်း။ လွန်ခဲ့သော နှစ်နှာရီ၊ သုံးနာရီခန့်က ချိုကိုရီတစ်ခွက် သောက်ထားခဲ့ရသည်မှာ မှန်သော်လည်း အခု သူ့ဝမ်းက ပြင်းပြင်းပြပြ ဆာလောင်နေပြန်လေပြီ။

ဒူဒီသည် လမ်းဆုံဘက်သို့ နီးလာသောအခါ ကားစက်ကို အရှိန်လျှော့ချလိုက်သည်။ ဤလမ်းဆုံရောက်လျှင် ဆေးရွက်ကြီးလမ်းပေါ်မှနေ၍ ဩဂတ်စတာမြို့သို့သွားရာ ပြည်နယ်အဝေးပြေးကားလမ်းမကြီးပေါ် တက်ရတော့မည် မဟုတ်ပါလော။

မည်သို့ပင်ဖြစ်စေ သူ့ကား၏ အရှိန်လျှော့ပုံမှာ မမှန်။

ထို့ကြောင့် ကားနောက်ခန်းထဲမှ ထင်းများသည် လမ်းမပေါ်သို့ အစုလိုက်အပြုံလိုက် လွင့်စဉ်ကျကုန်သည်။

ဂျိတာနှင့် ဒူဒီတို့သည် နာရီဝက်ခန့်ကြာမျှ အချိန်ကုန်ခံ၍ ထင်းများကို ပြန်တင်နေရပြန်၏။ ဘက်ဆီက သူတတ်နိုင်သရွေ့ ဝင်ကူသည်၊ ထင်းအားလုံးတင်ပြီးသောအခါ ကြိုးနှင့်ထပ်စည်းရန် ကြိုးရှာရပြန်သည်။

ဂျိတာသည် လမ်းဘေးယာခင်းတစ်ခုကိုဖြတ်၍ လူမည်းတဲတစ်တဲသို့သွားပြီး ထွန်ကြိုးငှားသည်။ ထွန်ကြိုးရသောအခါ ပြန်လာပြီး ထင်းများကိုစုစည်း၍ ခိုင်နေအောင်ချည်သည်။

"ဒီတစ်ခါတော့ ဒီထင်းတွေ ကျမှာမဟုတ်တော့ပါဘူး"ဟု ရေရွတ်သည်။

"ဝါယာကြိုးနဲ့ထွန်ကြိုးဟာ လောကမှာအခိုင်ဆုံးပဲ"

သူတို့သည် အဝေးပြေးလမ်းမကြီးပေါ်အတိုင်း ဩဂတ်စတာမြို့သို့ ဦးတည်၍ ကားကိုမောင်းခဲ့ကြ၏။ ဩဂတ်စတာမြို့သည် ဤလမ်းဆုံနှင့် ဆယ့်နှစ်မိုင်သာ ဝေးတော့သည် မဟုတ်ပါလော။

ဒူဒီသည် ဒရိုင်ဘာကောင်း တစ်ယောက်ဖြစ်ပါ၏။ သူသည် အခြားကားတစ်စီးကို တွေ့လိုက်တိုင်း သူ့ကားကို လမ်းဘေးသို့ရောက်အောင် ဆွဲဆွဲချသွားတတ်သည်။ နှစ်ကြိမ်၊ သုံးကြိမ်မျှသာ အခြားကားများနှင့် ခေါင်းချင်းဆိုင်၍ တိုက်မိတော့မလိုဖြစ်သည်။

သူ့အာရုံမှာ ဟွန်းအပေါ်၌သာရှိနေသည်။ သူသည် ဟွန်းတီးဖို့လောက်သာ မဲနေသဖြင့် သူ့ကားကိုလမ်း၏ ယာဘက်ဘေးမှ မောင်းဖို့ မေ့မေ့သွားတတ်သည်၊ သူတို့နှင့် တွေ့သမျှကားများသည် အဆက်မပြတ်တီးလာနေသည့် ဟွန်းသံများကို ကြားရသောအခါ အဝေးကြီးသို့ ပြေးပြေးကပ်ကာ ရှောင်ပေးကြလေသည်။

တစ်လမ်းလုံး အသက်ကိုမရှူရဲဘဲ အောင့်ထားနေရသော ဂျိတာသည် စကားတစ်ခွန်းမှမပြောနိုင်၊ ကားအရှိန်မြန်မှုကို အကြီး





အကျယ် ကြောက်လန့်နေသဖြင့် ဘက်ဆီမေးနေသည့် မေးခွန်းများကိုလည်း၊ လုံးဝမကြား။ ဖြေလည်း မဖြေ၊ ဘက်ဆီကတော့ တစ်ချိန်လုံး ခေါင်းကိုမော့ကာ ရှေ့တည့်တည့်ကိုကြည့်၍ လိုက်ပါလာသည်၊ သူသည် သူ့ကားအတွက် မာနတက်လျက်ရှိ၏။

လမ်းဘေးယာခင်းထဲမှ လူမည်းများနှင့် ယာသမားများသည် ဤကားကို သူပိုင်ကြောင်းသိကြလိမ့်မည်။ ဤကားသည် ဂျိတာနှင့် ဒူဒီတို့၏ ကားမဟုတ်မှန်း သိကြလိမ့်မည် စသည်ဖြင့် တွေးတောမျှော်လင့်လျက် ရှိလေသည်။

ခရီးတစ်ဝက် ကျိုးသောအခါ မွန်းလွဲနေပြီဖြစ်၏။ ဩဂတ်စတာမြို့သည် ရှေ့တွင် ခုနစ်မိုင်ခန့်သာ ကွာတော့၏။ နောက်ဆုံး တောင်ကုန်းထိပ်သို့ရောက်လျှင် ရွှံ့နွံများဖြင့်ညစ်ပေနေသော မြစ်ဘေးရှိ တောင်ကြားလွင်ပြင်ထဲမှ မြို့ကို မြင်ကြရပေတော့မည်။

သူတို့တက်ကြရမည့် နောက်ဆုံးတောင်ကုန်းသည် ခရီးရှည်တစ်ခုဖြစ်သည်။ တောင်ခြေရှိ ချောင်းကလေးမှ တောင်ထိပ်မာတတ်ဆိုင်အထိ တစ်မိုင်ခွဲရှိသည်၊ သူတို့တက်လာ၍ ခရီးတစ်ဝက်အရောက်တွင် ကားသည် ရုတ်တရက်အရှိန်နှေးသွားသည်။

အင်ဂျင်ထဲမှရေဆူသံ၊ ပြီးတော့ အသံကြီးတစ်ခု၊ အသံမှာ ဂျိတာ၏ ကားအိုကြီးထဲမှ မြည်ခဲ့ဖူးသည့်အသံမျိုး၊ တစ်ခုသာကွာသည်၊ အခုကြားနေရသော အသံကပို၍ကျယ်သည်။

"ဘာဖြစ်ပြန်ပြီလဲ" ဘက်ဆီက ကားတံခါးကိုမှီ၍ အပြင်ကို ခေါင်းပြူကြည့်ပြီးပြောသည်။

"တောင်တက်ရလို့ ထင်ပါရဲ့"ဟု ဒူဒီကပြောသည်။

"တခြားဘာချွတ်ယွင်းချက် ရှိတယ်ဆိုတာတော့ ကျုပ်လည်းမသိဘူး"

ကားသည် ကိုက်တစ်ရာခန့်သွားပြီးနောက် ရပ်သွားသည်၊ အင်ဂျင်သည် ဖွတ်ချက်ဖွတ်ချက်မြည်ပြီး အသံပျောက်သွား၏။ ရေနွေးငွေ့ဆူသံနှင့် ဥသြမှုတ်လိုက်သည့် အသံမျိုး။

ဂျိုတာသည် ကားအောက်သို့ ခုန်ဆင်းလိုက်ပြီး လမ်းဘေးမှ ကျောက်ခဲကြီးတစ်လုံး ပြေးကောက်သည်။ မော်တော်ကားနောက်ဘီးမှခုပေးသည်။ ကားသည် နောက်ပြန်လိမ့်ဆင်းနေရာမှ ရပ်သွားသည်။

"ကား ဘာဖြစ်သလဲ ဒူဒီ" ဟု ဘက်ဆီကမေးပြန်သည်။

"တစ်ခုခု ဖြစ်သွားပြန်ပြီလား"

"ရေတိုင်ကီပူတာပါဗျ" ဒူဒီကဖြေသည်။

သူသည် ကားပေါ်မှဆင်းဖို့ စိတ်မကူး။ စတီယာရင်ကိုတအားဆုပ်ကိုင်ပြီး ဟိုဘက်လှည့်လိုက်၊ သည်ဘက်လှည့်လိုက် လုပ်နေသည်။ ဤကြားထဲမှပင် ဟွန်းကို မကြာမကြာလှမ်း၍ နှိပ်လိုက်သေးသည်။

"မင်း ဟွန်းတီးနေလို့ ဘာမှ ထူးမလာနိုင်ဘူးကွ ဒူဒီရ" ဟု ဂျိုတာကပြောသည်။

"အားတိုင်းယားတိုင်း တစ်ချိန်လုံး ဒီသောက်ဟွန်းပဲ နှိပ်နေလို့ရှိရင် ဖျက်တော့မှာပေါ့ဟ၊ မင်းဘာပြုလို့ ကားထဲက အောက်ဆင်းပြီး တစ်ခုခုမလုပ်တာလဲ"

ကားအများအပြားသည် အရှိန်ပြင်းစွာဖြင့် တောင်ပေါ်သို့ တက်နေကြ၏။ အချို့ကတောင်ပေါ်မှ ဆင်းလာကြ၏။ သို့သော်လည်း ဘယ်ကားကမှ သူတို့ကို အကူအညီမပေး။ ခဏတစ်ဖြုတ်ရပ်၍ပင် မေးမြန်းခြင်း၊ စုံစမ်းခြင်းမပြု။

နောက်တစ်စီး သူတို့နောက်မှတက်လာ၏။ တက်လာနေပုံမှာ နေးနေးကွေးကွေး။ သူတို့ကားကို ကျော်ဖြတ်တက်သွားပြီးနောက် ကားထဲမှ လူမည်းတချို့က ခေါင်းများပြူ၍ ကြည့်၏။

တစ်ယောက်က ဂျိုတာကိုအော်မေး၏။ "ဗျို့ လူဖြူကြီးကွ၊ ခင်ဗျားတို့ကား ဘာဖြစ်လို့တုံး၊ ကြည့်ရတာကတော့ ဆက်မောင်းလို့ရမယ့်ပုံ မဟုတ်တော့ဘူး"

"ဟေ့ကောင်လူမည်း၊ မင်းနာမည်ဘယ်သူလဲ"ဟု ဂျိုတာက





မေး၏။ "မင်းတို့ ဘယ်ကလည်းကွဟေ"

"ကျုပ်တို့ ဘတ်ခ်ကောင်တီနယ်မြေကဗျ" ဟု လူမည်းက ပြန်ပြော၏။

"ခင်ဗျားက ဘာကြောင့်များ သိချင်ရတာတုံး လူဖြူကြီး"

ဂျိုတာက ဘာတစ်ခွန်းမှ ပြန်၍မပြောနိုင်မီ လူမည်းများ၏ကားသည် ကိုက်တစ်ရာခန့်အကွာသို့ ရောက်သွားသည်။ ဂျိုတာက လူမည်းများ၏ မော်တော်ကားရပ်လျှင် သူတို့ကားကို ဆွဲပေးဖို့ ပြောရန် စိတ်ကူးရှိသည်။ ကားကမရပ်။

ဒူဒီက ကားစက်ကိုနှိုးလိုက်ပြီး ဂီယာထိုးလိုက်၏။ မော်တော်ကားသည် ဖြုန်းခနဲစုန်၍ထွက်၏။ ဂျိုတာနှင့်ဘက်ဆီသည် ကားလေ့ကားခြေနင်းခုံပေါ်သို့ အမြန်ခုန်တက်ကြရ၏။ ဒူဒီ၏ကားသည် အရှိန်မြန်စွာဖြင့် ပြေးသွားလျက်ရှိ၏။ အင်ဂျင်အေးသွားပြီဖြစ်၍ အရှိန်ကမြန်လာခြင်းဖြစ်ရာ လူမည်းများ၏ကားထက် ပို၍မြန်လာသည်။ လူမည်းများ၏ကားကို ချက်ချင်းမီလာသည်။ သို့သော် ရှေ့မှကားကိုကျော်တက်ရန် အားယူကာမှ စက်သံသည် ဖွတ်ချက်ဖွတ်ချက် မြည်ကာသွားပြန်၏။

"ငါတွေ့ဖူးသမျှ ကားတွေထဲမှာတော့ အသုံးမကျဆုံးကားတစ်စီးပဲဟေ့"ဟု ဂျိုတာကသြဘာပေးသည်။

ဤတစ်ကြိမ်တွင် ကားသည် တောင်ထိပ်၌ရပ်သွားခြင်းဖြစ်၏။ ဒူဒီက သူ့ကားကို အရှိန်နှင့်လိမ့်ဆင်းရန် အားထုတ်သည်။ ဂျိုတာက ဓာတ်ဆီဆိုင်ကို လှမ်းမြင်လိုက်သဖြင့် ဒူဒီကို ခဏနေဖို့ တားသည်။

"ငါရေတစ်ပုံးလောက် သွားယူပြီး ထည့်လိုက်မယ်" ဟု ပြော၏။ ဂျိုတာသည် လမ်းကိုဖြတ်ကူးကာ ဓာတ်ဆီဆိုင်ထဲသို့ ဝင်သွားသည်။ မိနစ်အနည်းငယ်မျှ ကြာသောအခါ ရေတစ်ပုံးဆွဲပြီး ပြန်ရောက်လာ၏။ ဓာတ်ဆီဆိုင်မှလူသည် သူနှင့် ပါလာသည်။

ဂျိုတာသည် ရေတိုင်ကီအဖုံးကိုဖွင့်နေခိုက် ဓာတ်ဆီဆိုင်မှ

လူက ကားစက်ဖုံးကိုဖွင့်၍ ဆီတိုင်းကြည့်သည်။

"ခင်ဗျားတို့ဒုက္ခက တခြားမဟုတ်ဘူး အစ်ကိုတို့ရေ၊ ကားထဲမှာ ဆီတစ်စက်မှမရှိတော့ဘူး"ဟု ဓာတ်ဆီဆိုင်မှလူက ပြောသည်။ "ခင်ဗျားတို့ကား ဗယ်ရာရင်ကတော့ လောင်သွားပြီ၊ ခင်ဗျားတို့ အခုဘယ်လောက် ခရီးဝေးဝေးက လာကြတာလဲ"

ဂျိုတာက သူတို့ဖူးလားမြို့အနီးမှ ဆေးရွက်ကြီးလမ်းတွင် နေကြောင်းပြောသည်။

"ခင်ဗျားတို့ ကိုယ့်ကားအသစ်ကြီးကို ဖျက်ဆီးပစ်တာပဲ" ဟု ထိုလူကပြော၏။ "ဒါဟာ သိပ်ရှက်ဖို့ကောင်းတယ်၊ ကား အကြောင်း လုံးဝမသိတဲ့လူတွေဆိုရင် ကျွန်တော်ကသိပ်မုန်းတယ်ဗျာ"

"ကားက ဘာဖြစ်တာလဲရှင့်"ဟု ဘက်ဆီက ဝင်မေးသည်။

"အစ်မရေ၊ ခင်ဗျားကားကတော့ ပျက်စီးသွားပြီ၊ ဆီ တစ်ဂါလန်ခွဲလောက်တော့ ထည့်မှဖြစ်တော့မှာ၊ ထည့်ပေးရမလား"

"ဘယ်လောက်ကျမလဲ" ဟု ဘက်ဆီကမေးသည်။

"တစ်ဒေါ်လာခွဲ"

"တစ်ပြားမှအကုန်ခံဖို့ စိတ်မကူးဘူး"

"ဒါကတော့ ခင်ဗျားသဘောပေါ့၊ ဆီမထည့်လို့ကတော့ ခင်ဗျားကားကရွေ့မှာမဟုတ်ဘူး၊ ကြည့်ရတာ ပိုက်ဆံပါပုံမရဘူး ဟုတ်လား"

"မပါဘူး၊ နှစ်ဒေါ်လာပဲရှိတယ်"ဟု ဘက်ဆီကပြောသည်။

"ကျုပ်နဲ့ ဒူဒီမှာတော့ တစ်ပြားမှကိုမပါဘူး"ဟု ဂျိုတာက ပြော၏။ "ဒါပေမဲ့ ကျုပ် ဟောဒီကထင်းတွေကို ရောင်းလိုက်ရင် တစ်ဒေါ်လာခွဲလောက်တော့ရမယ်"

"ဒီလိုဆိုလည်း ဆီထည့်လိုက်ပါ"ဟု ဘက်ဆီကပြောသည်။ ကျွန်မကားအသစ်ကြီး မပျက်စေချင်ဘူး၊ မနေ့ကမှ ဖူးလား သွားပြီး ဝယ်လာခဲ့တာ"

"ကားက မကောင်းတော့ဘူး အစ်မရဲ့" ဟု ဆီဆိုင်မှ





လူကပြောသည်။ "ဒါပေမဲ့ ခင်ဗျားတို့ ဩဂတ်စတာနဲ့ ဖူးလား သွားနိုင်ပြန်နိုင်အောင်တော့ ဆီထပ်မထည့်လို့ မရဘူး၊ ထည့်သွား ရမှာပဲ"

ဓာတ်ဆီထည့်နေခိုက်တွင် သူတို့အားလုံး ငြိမ်သက်စွာ ထိုင်စောင့်နေကြ၏။ ထို့နောက် ဘက်ဆီက ငွေလှမ်းပေးသည်။ ဘက်ဆီသည် ငွေစက္ကူများကို လက်ကိုင်ပဝါတစ်ထည်ဖြင့် ကျစ်ကျစ် ပါအောင်ထုပ်၍ သိမ်းထားခြင်းဖြစ်၏။ ငွေပေးဖို့အတွက် ထို လက်ကိုင်ပဝါကို အချိန်များစွာ အကုန်ခံ၍ ဖြေခဲ့ရလေသည်။

ဒူဒီသည် မော်တော်ကားစက်ကိုနှိုးသည်။ သူတို့သည် တောင်ထိပ်မှနေ၍ ဆင်ခြေလျှောလမ်းအတိုင်း ဖြည်းဖြည်းမှန်မှန် ဆင်းလာခဲ့သည်။ တောင်ခြေရင်းရောက်တဲ့အထိ ကားသွားပုံသည် အသစ်တုန်းကအတိုင်းပင်ဖြစ်၏။ သို့သော် စက်သံကမကောင်း၊ စက်မြည်သံသည် ဂျိုတာ၏ကားထဲမှ စက်မြည်သံထက်ပို၍ ဆူဆူ ညံညံနိုင်နေသည်။

တောင်ဆင်းလမ်းပေါ်တွင် ကားသစ် တစ်နာရီ ဆယ့်ငါး မိုင်နှုန်းကျော်ကျော်မျှ ပြေးလွှားလျက်ရှိ၏။ ချောင်နေပြီဖြစ်သော ဗယ်ရာရင်၊ ကော်နက်တင်း၊ ရော့ဒ်တို့၏ ဂလောက်ဂလောက် မြည်သံများသည် အဆက်မပြတ် ထွက်ပေါ်လျက်ရှိလေသည်။

■

( ၁၆ )

ကားနှင့်တင်လာသော ထင်းများကိုရောင်းချဖို့အတွက် သုံးနာရီတိတိ အချိန်ကုန်သည်။ ဩဂတ်စတာမြို့ထဲတွင် ဂျိုတာတို့၏ ထင်းများကို ဝယ်ယူလိုသူ တစ်ဦးမျှမရှိသည်မှာ ထင်ရှားလျက်ရှိသည်။ ဂျိုတာ ရောက်သွားသည့် အချို့အိမ်များက ပထမတော့ သူတို့ထင်းဝယ်လို သည်ဟု ဆိုကြသည်။

သို့သော်လည်း ဈေးကိုမေး၍ အဖြေကိုကြားလိုက်သည့် အခါ သံသယဝင်ကာ အင်တင်တင်ဖြစ်သွားကြသည်။ ဂျိုတာက ပြောသည့်ဈေးမှာ တစ်ဒေါ်လာမျှသာဖြစ်သဖြင့် သံသယဝင်ကြခြင်း ဖြစ်၏။ ဤမျှလောက် ဈေးနည်းခြင်းသည် ထင်းရှူးသား အကျိုးအပဲ့ အစအနများ ဖြစ်နေ၍လားဟု ထပ်မေးကြသည်။ ဂျိုတာကသူယူ လာသည့် ထင်းအမျိုးအစားများကို ပြောပြသည်။ ထင်းအားလုံးမှာ အလုံးလိုက်အလုံးလိုက်ဖြစ်၍ ခွဲပင်မခွဲရသေးပါဟု ရှင်းပြသည်။

ထိုကဲ့သို့ ရှင်းပြပြီးနောက် သူသိလိုက်ရသည်မှာ အိမ်ရှင် က တံခါးကိုဆောင့်ပိတ်လိုက်ခြင်းပင် ဖြစ်သည်။ ဤသို့ဖြင့် သူသည် နောက်တစ်အိမ်သို့သွားကာ ထင်းရောင်းဖို့စပ်ရပြန်လေ သည်။

ညနေခြောက်နာရီထိုးပြီးစ အချိန်တွင်လည်း ကားပေါ်မှ ထင်းများသည် နေရာမှမရွေ့သေး။ ကားနောက်ခန်းထဲတွင် အိမ်က တင်လာသည့်ပုံစံအတိုင်းပင် ခြေရာလက်ရာမပျက်ရှိနေဆဲ။ ဝယ်မည့်သူလည်း မတွေ့သေး။ နောက်ဆုံးတော့ ကြံရမရတော့သဖြင့် ဂျိုတာသည် လမ်းသွားလမ်းလာများအား သူ့ထင်းများကို ဆယ့်ငါးဆင့်ဖြင့် ဝယ်ဖို့လိုက်စပ်သည်။ သို့သော် ဂျိုတာသွားစပ်သည့် ယောကျ်ားများနှင့် မိန်းမများသည် ကားပေါ်မှထင်းပုံကို တစ်ချက်မျှ ငဲ့ကြည့်ပြီး သူတို့လမ်းသူတို့ ဆက်သွားကြ၏။

ဂျိုတာက သူတို့ကို တမင်သက်သက်လာ၍ နောက်ပြောင်သည်ဟုပင် ထင်ကြပုံရ၏။ ထင်းရှားသား ထင်းအကောင်းဆုံး ဖြစ်နေချိန်တွင် သူ၏ထင်းလို အညံ့စားထင်းကို အမိုက်ခံ၍ ဝယ်မည့်သူ တစ်ဦးမျှပင်မရှိပေ။

"ငါတို့ ဘယ်လိုဆက်လုပ်ကြရမှန်းတောင် မသိတော့ပါဘူးကွာ"ဟု သူက ဘက်ဆီကိုပြောသည်။ "အိမ်ပြန်ဖို့တောင် သိပ်နောက်ကျနေပြီ၊ ထင်းဝယ်မယ့်လူကလည်း အခုထက်ထိ တစ်ယောက်မှ မတွေ့ရသေးဘူး၊ အရင်တုန်းက ဒီလောက် အခက်အခဲမရှိဘဲ ရောင်းနေကျပါဟာ"

ဒူဒီကဆာသည်ဟုပြော၏။ တစ်နေရာရာသွားပြီး တစ်ခုခု စားချင်သည်ဟုဆိုသည်။ စင်္ကာဘက်ဆီတွင် ဒေါ်လာဝက်ရှိ၏။ ဂျိုတာတွင်တစ်ပြားမရှိ၊ ဒူဒီတွင်လည်း တစ်ပြားမှမရှိ။

ဂျိုတာသည် သူ့ထင်းများကို တစ်ဒေါ်လာနှင့်ရောင်းပြီး ရသည့်ငွေနှင့် စားစရာနည်းနည်းပါးပါးဝယ်၍ အိမ်ပြန်မည်ဟု စီစဉ်ထားခဲ့သည်။ အခုကျတော့ သူစီစဉ်ထားသလို ဖြစ်မလာသဖြင့် ဘာဆက်လုပ်ရမှန်းမသိ။ သူသည် "တို့ ဘာဆက်လုပ်ကြမလဲ" ဟု မေးလိုသည့် မျက်နှာထားဖြင့် ဘက်ဆီမျက်နှာကို လှမ်းကြည့်သည်။

"ကျွန်မတို့ ဖူးလားကိုပြန်ကြရင် ကောင်းမယ်ထင်တယ်"ဟု





ဘက်ဆီကပြော၏။ "ကျွန်မ ဆီနစ်ဂါလန်လောက် ဝယ်နိုင်ရင် လုံလောက်မယ်ထင်ပါရဲ့"

"ကျုပ်တို့ ဘာမှမစားရတော့ဘူးလားဗျ"ဟု ဒူဒီကပြောသည်။ "ကျုပ်ဗိုက်တစ်ခုလုံး ပူလောင်ခြောက်သွေ့နေပြီ"

"ငါတို့မှာ ထင်းကလွဲပြီး တခြားတစ်ခုခု ရောင်းပစ်လိုက်ရင် ကောင်းမလားကွာ" ဟု ဂျိုတာကမော်တော်ကားကိုကြည့်၍ ပြော၏။ "ဒါပေမဲ့ ဘယ်ပစ္စည်းရောင်းရမှန်း မသိတာကခက်တယ်"

"ကျွန်မကားကိုတော့ မရောင်းနိုင်ဘူး" ဟု ဘက်ဆီက ပြောသည်။ မနေ့ကမှဝယ်တာ၊ ကားသစ်ကြီးရှင့်၊ ဒီပစ္စည်းမျိုးကိုတော့ ဘယ်သူမှမရောင်းဘူး"

ဂျိုတာသည် မော်တော်ကားကို ခေါင်းမှဖင်၊ ဖင်မှခေါင်း အပြန်အပြန်အလှန်လှန် ကြည့်နေသည်။

"မဟုတ်ပါဘူးဟယ်၊ ငါကလည်းရောင်းဖို့ မစဉ်းစားပါဘူး၊ ဒါပေမဲ့ ဘက်ဆီရယ်၊ မင်းလဲအသိသားပဲ၊ ကားထဲကပစ္စည်း တစ်ခုခုကို ရောင်းပစ်လိုက်မယ်ဆိုရင်တော့ ဖြစ်တာပေါ့"

သူသည် ကားကို တစ်ပတ်မျှပတ်၍ ကြည့်ပြန်သည်။ ကားအပိုဘီးကို ယူလာပြီးပြသည်။ "ဒီမှာတွေ့လား၊ ဒါဟာ အပိုပစ္စည်းတစ်ခုပဲ"ဟုပြောသည်။ "ဒါကြီးရောင်းလိုက်လို့ ကားမှာ ထိခိုက်စရာအကြောင်း မရှိပါဘူးဟယ်"

"အင်း...ဒါကိုတော့ ရောင်းလိုက်ရင် ကောင်းမယ်ထင်တယ်"ဟု ဘက်ဆီကနေးကွေးလေးလံစွာဖြင့် ပြောသည်။ "ဒီကားဘီးကတော့ လောလောဆယ် အကျိုးမရှိပါဘူး၊ ကားကလည်း ဘီးလေးဘီးနဲ့သာ မောင်းလို့ရတာ၊ ငါးဘီးတပ်လို့ ဖြစ်မှမဖြစ်တာ"

သူတို့သည် ကားဂိုဒေါင်တစ်ခုကို လိုက်ရှာကြသည်။ တွေ့သောအခါ ဂျိုတာကဝင်၍ စုံစမ်းသည်။ လူတစ်ယောက်ထွက်လာပြီး ဂျိုတာလက်ထဲမှဘီးကို စစ်ဆေးကြည့်သည်။ ဘီးကို ဂိုဒေါင်တံခါးပေါ် လှိမ့်ကြည့်လိုက်သေးသည်။

ဂျိုတာသည် စက္ကူစိမ်းစိမ်းများကိုကိုင်၍ ကားဂိုဒေါင်ထဲမှ သုတ်သီးသုတ်ပျာ ပြန်ထွက်လာသည်။ သူသည် စက္ကူများကို ဘက်ဆီနှင့်ခူဒီတို့ရှေ့မှောက်တွင် တစ်ရွက်ချင်းရေကြည့်နေသည်။

"ငါတို့ မော်တော်ကား ကံကောင်းတယ်ကွ" ဟုပြောသည်။

"ဘယ်လောက်တောင် ရခဲ့သလဲ"ဟု ဘက်ဆီကမေး၏။

"သုံးဒေါ်လာထက် ပိုမရနိုင်ဘူးလို့ သူကဆိုတာပဲ၊ ငါအဖို့ကတော့ သုံးဒေါ်လာဆိုတာ နည်းနည်းနောနောငွေမှ မဟုတ်တာ၊ ဟောဒီမှာတွေ့လား၊ အားလုံး ထောင်မလဲ သဲကော် အသစ်ကျပ်ချွတ်တွေချည်းပဲ၊ ဖူးလားမှာဆိုရင် ငွေစက္ကူတွေက အဟောင်းတွေချည်းပဲ၊ တချို့များစုတ်ပြတ်နေပြီ၊ ဒီ ဩဂတ်စတာမှာတော့ လူတွေက အသစ်တွေချည်း ကိုင်သုံးနေကြတာ..."

သူတို့ မော်တော်ကားရပ်သည့် နောက်တစ်နေရာမှာ ကုန်စုံဆိုင်ဖြစ်သည်။ ဂျိုတာသည် ဆိုင်ထဲသို့ဝင်ကာ မုန့်ခြောက်ကြီးတစ်ထုပ်နှင့် ဒိန်ခဲနှစ်ပေါင်ဝယ်သည်။ ပြီးတော့...ပြန်လာပြီး ခူဒီနှင့် ဘက်ဆီတို့ကိုပေးသည်။ သူတို့သည် ဒိန်ခဲနှင့်မုန့်ခြောက်များကို ခွဲဝေပြီးစားကြသည်။

"စား ဘက်ဆီ၊ ယူစား"ဟု ဂျိုတာကပြောသည်။ "စားနိုင်သလောက်စားပါဟ၊ ဗိုက်ပြည့်အောင်တော့ စားမှပေါ့"

ဂျိုတာသည် ကိုယ်ရောစိတ်ပါ သာယာကျေနပ်လျက်ရှိ၏။ သူ ဩဂတ်စတာကိုရောက်တိုင်း စားချင်ပါလျက်နှင့် ဘာတစ်ခုမှ ဝယ်မစားနိုင်ဘဲ ပြန်ခဲ့ရ၏။ အခုတစ်ခေါက်တော့ဖြင့် သူဆာနေသော အချိန်တွင် သူစားချင်တာကလေးကို ဝအောင်စားလိုက်ရ၏။ ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ်ပေတည်း။ သူသည် ဘက်ဆီနှင့် ခူဒီကိုကြည့်၍ပြုံးလိုက်၊ လမ်းသွားလမ်းလာများကိုကြည့်၍ ပြုံးလိုက်နှင့် ရွှင်မြူးလျက်ရှိသည်။ ကားနားမှဖြတ်သွားသော မိန်းမကြီးတစ်ယောက်ကိုပင် သူဦးထုပ်ချွတ်၍ ဦးညွတ်ပြီး နှုတ်ဆက်လိုက်ပါသေးသည်။





"ဩဂတ်စတာဟာ သိပ်ကိုသာယာတာပဲနော်"ဟု ပြောသည်။

"ဒီကလူတွေဟာ ငါတို့နဲ့ အတူတူပါပဲကွာ၊ သူတို့က ချမ်းသာတယ်၊ ဒါပေမဲ့...ငါ့အဖို့ကတော့ ခြားနားမှုရှိတာ မတွေ့ပါဘူး အခုဆိုရင် ငါ သူတို့အားလုံးကို ခင်မင်နေမိပြီ"

"ကဲ...အခု ကျွန်မတို့ ဘယ်ကိုသွားကြမှာလဲ"ဟု ဘက်ဆီကမေး၏။

"ဟိုစတိုးဆိုင်ရဲ့အပေါ်မှာ အိပ်စရာနေရာရှိတယ်"ဟု ဂျိုတာကပြောသည်။ "ဆိုကြပါစို့ရဲ့၊ ကနေ့ညငါတို့ဒီမှာ တစ်ညအိပ်ပြီး မနက်မြန်ကျတော့ ထင်းထွက်ရောင်း၊၊ အဲဒါဆို မကောင်းဘူးလားဟင်"

ခူဒီကဂျိုတာ၏ စိတ်ကူးကို သဘောကျသည်။ ဘက်ဆီကတော့ တုံ့ဆိုင်းဆိုင်း။ ဟိုတယ်တစ်ခုတွင် ဝင်၍အိပ်ကြမည်ဆိုပါက ငွေတွေထပ်၍ ကုန်ဦးမည်မဟုတ်ပါလော။

"ပိုက်ဆံသိပ်ကုန်မှာ" ဟု ဘက်ဆီကပြောသည်။ "ရှင်အပေါ်တက်သွားပြီး ဘယ်လောက်ကျမလဲဆိုတာ စုံစမ်းကြည့်ပါလား"

ဂျိုတာသည် မုန့်ခြောက်များနှင့် ဒိန်ခဲများကို လက်တစ်ဆုပ်စာယူ၍ ပါးစပ်ထဲထိုးထည့်ပြီး စတိုးဆိုင်အပေါ်ထပ်သို့ တက်သွားသည်။ မီးလုံးမှိန်မှိန်ကလေး တွန်းထားသည့် တံခါးဝတွင် 'ဟိုတယ်' ဟု ရေးထားသော ဆိုင်းဘုတ်ကလေး ချိတ်ဆွဲထားလေသည်။

ဂျိုတာသည် ငါးမိနစ်ပင်မကြာ၊ ပြန်ဆင်းလာသည်။

"တစ်ယောက်ကို ဆင့်ငါးဆယ်ပေးရမယ်တဲ့" ဂျိုတာကပြော၏။

"သူတို့ကပြောတော့ လူသိပ်များတယ်တဲ့၊ ဒါပေမဲ့ တစ်ခန်းတော့ ကျန်သေးတယ်တဲ့၊ တည်းချင်ရင် အဲဒီအခန်းရမယ်တဲ့၊ မင်းဘယ်လို သဘောရသလဲဘက်ဆီ၊ ငါတော့ဖြင့် ဟိုတယ်မှာ

ညလုံးပေါက်တစ်ခါမှ မထည်းခဲ့ဖူးဘူး"

ထိုတစ်ခဏမှာပင် ဘက်ဆီက မြို့ကြီးတစ်မြို့မှ ဟိုတယ်တစ်ခုတွင် တစ်ညတာ တည်းချင်စိတ်ပေါက်နေပြီဖြစ်၏။ တစ်ယောက်မှ ဆင့်ငါးဆယ်ကျမည်ဟူသော စကားကိုကြားလိုက်ကတည်းက ဟိုတယ်ပေါ်တက်သွားရန်ပင် အဆင်သင့်ရှိနေပြီဖြစ်၏။

"ကဲ...ကဲ ဒီငွေကို ရှင်ယူထား ဂျိုတာ၊ မပျောက်စေနဲ့"ဟု ဘက်ဆီကပြောသည်။ "ပျောက်လို့မဖြစ်ဘူးနော်၊ ငွေကအများကြီးရယ်"

သူတို့သည် လှေကားမှတက်လာခဲ့ကြသည်။ ခပ်ကျဉ်းကျဉ်း ညစ်ပတ်ပေရေနေသော အခန်းတစ်ခန်းထဲ ရောက်သွားကြသည်။ ဟိုတယ်အဝင်ခန်းမပင်ဖြစ်၏။ မီးမှိန်မှိန်ထွန်းထားသည့် အခန်းထဲတွင် ကုလားထိုင်ခြောက်လုံးနှင့် စားပွဲတစ်ခုခင်းထားသည်။ ဟိုတယ်ပိုင်ရှင်က သူတို့ကို စားပွဲသို့ခေါ်သွားပြီး ဧည့်စာရင်းမှတ်ပုံတင် စာအုပ်တွင် လက်မှတ်ထိုးခိုင်းသည်။ ဂျိုတာက သူတို့အားလုံး ကြက်ခြေခတ်ကြရလိမ့်မည်ဟု ပြောသည်။

"ခင်ဗျားနာမည်"ဟု ပိုင်ရှင်ကမေးသည်။

"ဂျိုတာ"

"ဂျိုတာနောက်ကဘာလဲဗျ"

"ဂျိုတာလက်စတာ၊ ဖူးလားမြို့နားက လာတာ"

"ဟိုကောင်လေးနာမည်က..."

"ဒူဒီနာမည်က ဒူဒီပေါ့၊ ကျုပ်နာမည်လိုပဲ"

"ဒူဒီလက်စတာပေါ့ ဟုတ်လား"

"ဟာ...ဟုတ်တာပေါ့"

"သူကကော" ဟိုတယ်ပိုင်ရှင်က ဘက်ဆီကိုမော့ကြည့်ပြီး မေးသည်။

ဘက်ဆီက ဟိုတယ်ပိုင်ရှင်ကိုကြည့်ပြီး ပြုံးသည်။ ဟိုတယ်ပိုင်ရှင်က ဘက်ဆီခြေထောက်များကိုကြည့်သည်။ ဘက်ဆီသည် သူ့ဘယ်ဘက်ပခုံးကို ရှေ့သို့ခပ်ကုန်းကုန်းလုပ်ပြီး ခေါင်းကို ငုံ့ထားသည်။ ပိုင်ရှင်က ဘက်ဆီကိုထပ်၍ ကြည့်နေပြန်၏။

"သူ့နာမည်က မစ္စက်ဒူဒီတဲ့" ဟု ဂျိုတာကဝင်ဖြေ၏။

ဟိုတယ်ပိုင်ရှင်သည် ဒူဒီကိုလှမ်းကြည့်သည်။ ထို့နောက် ဘက်ဆီကိုကြည့်သည်။ ပြီးတော့ပြုံးသည်။ သူသည် ကလောင်တံကို သူတို့သုံးယောက်အစား ကိုင်ထားပြီး သူတို့အမည်များဘေးတွင် ကြက်ခြေများခတ်ပေးသည်။

ဂျိုတာသည် ငွေပေးသောအခါ ဟိုတယ်ပိုင်ရှင်က သူတို့သုံးယောက်ကို တတိယထပ်သို့ခေါ်သွားသည်။ လူသွားစင်္ကြံလမ်းများသည် မှောင်နင့်မည်းမည်း၊ အခန်းများမှာ မှုန်ကုပ်ကုပ်နှင့် လေကောင်းလေသန့်မရ၊ ဟိုတယ်ပိုင်ရှင်သည် အခန်းတစ်ခန်းတံခါးကို ဖွင့်၍ သူတို့ကို အထဲဝင်ခိုင်းသည်။

"ဒါ ကျုပ်တို့အိပ်ရမယ့် အခန်းလား" ဂျိုတာကမေးသည်။

"ဟုတ်တယ်၊ ဒီတစ်ခန်းပဲ ကျန်တာ၊ ကနေ့ညသည်သိပ်များတယ်၊ ဟိုတယ်နဲ့ ပြည့်လုခမန်းပဲ"

"နေရာကတော့ ကောင်းသားဗျ"ဟု ဂျိုတာကပြောသည်။ ဟိုတယ်တွေ ဒီလောက်ကောင်းတယ်ဆိုတာ ကျုပ်အရင်က လုံးဝမသိခဲ့ဘူး၊ ဒီကို လပ်စ်ဆိုတဲ့ကောင် ရောက်လာပြီး ငါ့ကိုမြင်စေချင်တယ်ကွာ"

အခန်းထဲတွင် အိပ်ရာခုတင်တစ်လုံးသာရှိသည်။ ခုတင်ကတော့ အကြီးကြီး၊ ကြမ်းပြင်အထက် အတော်မြင့်သည်။

"သုံးယောက်အိပ်ရင် အိပ်ရာပေါ်မှာတော့ ပြည့်ကျပ်နေမှာပဲကွ"ဟု ဂျိုတာကပြောသည်။

"ခင်ဗျားတို့သုံးယောက်ထဲက တစ်ယောက်အတွက် အိပ်ရာတစ်လုံးတော့ ရှာလို့ရမှာပါ။ ကျွန်တော်ရှာကြည့်လိုက်ဦးမယ်" ဟု ဟိုတယ်ပိုင်ရှင်ကပြောပြီး အခန်းထဲမှ ပြန်ထွက်သွားလေသည်။

ဂျိုတာသည် ခုတင်ပေါ်၌ထိုင်ကာ သူ့ဖိနပ်များကို ချွတ်

သည်။ ခူဒီကတော့ ကုလားထိုင်တစ်လုံးတွင်ထိုင်ကာ အခန်းတစ်ခန်းလုံးကို လျှောက်ကြည့်နေသည်။ နံရံများ၊ မျက်နှာကြက်များကိုပါ စေ့စေ့စပ်စပ် လိုက်ကြည့်နေသည်။ နေရာတိုင်းတွင် အဖာရာများဖြင့် ပြည့်လျက်ရှိ၏။ အချို့နေရာများတွင် သစ်သားစများ ပြုတ်ဖျက်ထွက်နေပြီး အတော်အသင့် ပြင်းသည့်မြေငလျင်သာ လှုပ်လိုက်လျှင် ပြိုကျမည်မှာ သေချာလျက်ရှိလေသည်။

"ဟေ့…ငါတို့အိပ်ကျရင်ကောင်းမယ်"ဟု ဂျိုတာက ပြောသည်။ "ဒီလိုချည်းထိုင်နေလို့ အဓိပ္ပာယ်မှမရှိတာ"

သူသည် ဦးထုပ်ကို နံတင်တိုင်တစ်တိုင်တွင် ချိတ်လိုက်ပြီး အိပ်ရာပေါ်သို့ လှဲချလိုက်သည်။ ဘက်ဆီကတော့ မှန်တင်ခုံရှေ့၌ ရပ်ကာ ဆံပင်ဖြီးနေဆဲ။

"အခုလိုတုန်းမှာ ငါ့ကို အေဒါမြင်စေချင်တယ်ကွာ"ဟု ဂျိုတာကပြောသည်။ "ငါ့တစ်သက်ဟိုတယ်မှာ တစ်ညတောင် မအိပ်ဖူးခဲ့ဘူး။ ငါ့အိမ်ပြန်လို့ ပြောပြရင်လည်း အေဒါကမယုံမှာ သေချာတယ်"

အပြင်မှ တစ်စုံတစ်ဦး၏ တံခါးခေါက်သံ။ သူတို့က အဖြေမပေးမီ သူ့ဘာသာသူ တံခါးဖွင့်၍ဝင်လာသည်။

"စောစောက ပြောသွားတာ ခင်ဗျားနာမည်ဘယ်သူ"ဟု ဟိုတယ်ပိုင်ရှင်က ဘက်ဆီကိုမေးသည်။ သူသည် လက်ဆေးခွက်နား၌ရပ်နေသော ဘက်ဆီထံလျှောက်သွားပြီး ဘေး၌ကပ်ရပ်သည်။

"မစ္စက်ခူဒီလေဗျာ"ဟု ဂျိုတာကလှမ်းပြောသည်။ "ခင်ဗျားကို အခုနပဲပြောခဲ့ပြီးပြီပဲဟာ"

"သိတယ်လေ၊ ဒါပေမဲ့ သူ့ရှေ့ဆုံးကနာမည်ကို မေးတာ၊ သူ့အမျိုးဘဝတုန်းက ခေါ်တဲ့နာမည်ကို ပြောတာဗျာ"

"ဘက်ဆီပါ၊ ရှင်ကဘာပြုလို့ မေးတာလဲ"

"ဟုတ်ပြီ…ဟုတ်ပြီ၊ ဘက်ဆီ၊ ကျွန်တော်သိချင်တာ အဲဒါပါပဲ"





သူပြန်ထွက်သွားပြန်သည်။

"မြို့သားတွေဟာ ထူးထူးဆန်းဆန်းအလုပ်တွေ သိပ်လုပ်တတ်ကြတယ်"ဟု ဂျိုတာကပြောသည်။ "ဒီအကောင် နောက်တစ်ခါ ဘာများ လာမေးဦးမလဲမသိဘူး"

ခူဒီသည် သူ့ဖိနပ်နှင့် ကုတ်အင်္ကျီများကိုချွတ်ပြီး ဘက်ဆီ အိပ်ရာထဲဝင်အလာကို စောင့်နေသည်။ ဘက်ဆီကတော့ ကြမ်းပေါ်၌ ထိုင်ကာ ဖိနပ်နှင့်ခြေအိတ်များ ချွတ်လျက်ရှိသည်။

ဂျိုတာကလည်း အိပ်ရာပေါ်မှာထိုင်ကာ ဘက်ဆီရောက်အလာကို စောင့်နေသည်။ အနီးရှိကပ်လျက်အခန်းမှ တံခါးဆောင့်ပိတ်သံထွက်လာသည်။ တံခါးပိတ်ပုံပြင်းထန်လွန်းသဖြင့် မျက်နှာကြက်တွင် ကပ်ထားသော ပလာစတာများ အိပ်ရာနှင့်ကြမ်းပေါ်သို့ ထွက်ကျလာကြသည်။

ရုတ်တရက် တံခါးခေါက်သံပေါ်လာပြန်သည်။ ပြီးတော့ ချက်ချင်းတံခါးပွင့်သွားသည်။ ယခုတစ်ကြိမ်ဝင်လာသူမှာ သူတို့တစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူးခဲ့သည့် လူစိမ်းတစ်ယောက်။

"အပြင်လိုက်ခဲ့ ဘက်ဆီ" ဟု လူစိမ်းကပြောသည်။

လူစိမ်းသည် ဘက်ဆီထိုင်ရာမှထပြီး တံခါးဝသို့လျှောက်လာသည်အထိ အပြင်မှရပ်စောင့်နေသည်။

"ကျွန်မကိုလား"ဟု ဘက်ဆီကမေးသည်။

"ရှင်က ကျွန်မကို ဘာလုပ်မလို့တုံး"

"တခြားအခန်းကို သွားမလို့ပါ ဘက်ဆီရဲ့၊ ဒီမှာက လူသိပ်များနေတယ် မဟုတ်လား"

"ဩော်…တို့အတွက် အိပ်ရာတစ်ခုရှာပေးမယ်လို့ စောစောက ပြောသွားတယ်။ အခုတွေ့ပြီနဲ့တူတယ်"ဟု ဂျိုတာကပြောသည်။

"ငါထင်တာတော့ သူတို့မှာ အိပ်ရာအပိုတွေ အတော်များများ ရှိနေပုံရသကွ"

ဘက်ဆီသည် သူ့အဝတ်အစားများကို သိမ်းဆည်းပြီး

အခန်းထဲမှထွက်သွားသည်။ သူသည် အဝတ်အစားများ၊ ဖိနပ်နှင့် ခြေအိတ်များကို လက်တစ်ဖက်ကကိုင်ပြီး အခြားတစ်ဖက်နှင့် ဦးထုပ်ကိုကိုင်ကာ ထွက်သွားခြင်းဖြစ်သည်။ သူထွက်သွားပြီး အခန်းတံခါးပိတ်သွားချိန်မှစ၍ ဟိုတယ်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပြန်လေ၏။

"မြို့သူမြို့သားတွေ လုပ်ပုံကိုင်ပုံဟာ အဆန်းချည်းပဲကွ ဒူဒီရ" ဟု ဂျိတာကတစ်ဖက်သို့ စောင်းလိုက်ပြီး မျက်လုံးများကို စုံမှိတ်၍ပြောသည်။

"သူတို့က တို့ဖူးလားတစ်ဝိုက်က လူတွေနဲ့တော့ လုံးဝမတူဘူးကွ"

"အိပ်ရာတွေ့ရင်လည်း ခင်များကြီးက ဘာကြောင့်လိုက်မသွားတာလဲ"ဟု ဒူဒီကပြောသည်။

"ဟိုလူကတော့ ဘာပြုလို့ခင်များကို မခေါ်ဘဲ ဘက်ဆီကို ခေါ်သွားရတာလဲ"

"ဒါက ဒီလိုရှိတယ်လေကွာ၊ မြို့သားတွေလုပ်ပုံက အထူးအဆန်းတွေချည်းပဲကွ၊ သူတို့ ဘာလုပ်မယ်ဆိုတာ ဘယ်တော့မှ မင်းတို့ငါတို့ ကြိုပြီးမပြောနိုင်ဘူး"

နှစ်ယောက်စလုံး အိပ်မပျော်၊ မျက်လုံးကျယ်နေကြသည်။ သို့သော် စကားတော့မပြော။ အခန်းထဲတွင် မီးရောင်သည် လင်းလျက်ရှိ၏။ မီးလုံးကို မည်သူကမှ ထ၍မပိတ်။

လူသွားစင်္ကြံဘက်မှ လျှောက်လာနေသည့် ခြေသံကို ကြားရသည်။ အဝတ်အစားများကို လက်နှစ်ဖက်ဖြင့်ပွေ့ပြီး အခန်းထဲသို့ ဝင်လာသူမှာ ဘက်ဆီ။

"ဟဲ့..ဘယ်လိုလဲ၊ သူတို့ပေးတဲ့အိပ်ရာကို မကြိုက်လို့လား" ဟု ဂျိတာကအိပ်ရာပေါ်မှ ခေါက်ခနဲ ထထိုင်လိုက်ပြီးမေးသည်။

"ဘာပြုလို့ ပြန်လာရတာလဲဟဲ့"

"ကျွန်မလည်း မပြောတတ်ဘူး၊ အိပ်ရာမှာပြီး ဝင်လာမိသလား၊ ဒါမှမဟုတ် တစ်ခုခုမှားပြီး ရောက်သွားတာလားတော့ မသိဘူး"ဟု ဘက်ဆီကပြောသည်။

"အိပ်ရာထဲမှာ လူတစ်ယောက်ရှိနေတယ်"

ဒူဒီသည်မျက်စိများကိုပွတ်ကာ ဘက်ဆီကိုမော့ကြည့်သည်။

"အခုလိုဆိုတော့လည်း ဘက်ဆီဟာ မိန်းမချော တစ်ယောက်ပဲကွ၊ မင်းသေသေချာချာ ကြည့်စမ်း၊ မလှဘူးလား"ဟု ဂျိတာက ဘက်ဆီကို အသေအချာကြည့်ပြီး ပြောသည်။

"အစကတည်းက အဲဟိုကောင် သူဘာလုပ်နေတယ်ဆိုတာ သိဖို့ကောင်းပါတယ်ကွာ၊ လူတွေကို တစ်ညလုံးအိပ်ရာပြောင်း အိပ်နိုင်းနေတယ်ဆိုတဲ့ အလုပ်ဟာ တော်တော့်ကို အသိဉာဏ်တုံးတဲ့ အလုပ်ကွ၊ လူတစ်ယောက်ကို တစ်ညလုံး အိပ်ရာတစ်ခုတည်းမှာပဲ အိပ်နိုင်အောင် လုပ်ပေးထားမှာပေါ့ကွ"

"ဟိုတယ်တစ်ခုမှာနေတဲ့ ယောကျ်ားတွေဟာ ဆန်းတော့ ဆန်းတယ်ရှင့်သိလား"ဟု ဘက်ဆီကပြောသည်။

"သူတို့က ထူးဆန်းတဲ့ဟာတွေပြောပြီး ထူးဆန်းတာတွေ လုပ်ကြတယ်"

တံခါးခေါက်သံ ပေါ်လာပြန်သည်။

အခန်းဝ၌ရပ်နေသည့် လူတစ်ယောက်။ သူသည် ဘက်ဆီကို လှမ်းကြည့်ပြီး မျက်ရိပ်မျက်ခြည်ဖြင့်ခေါ်သည်။

"ကဲလာကွာ ဘက်ဆီ၊ မင်းအတွက် အောက်ထပ် လူသွားစင်္ကြံအဆုံးနားမှာ အခန်းတစ်ခန်းရှိတယ်"ဟု ထိုလူကပြောသည်။

ထို့နောက် အခန်းတံခါးကို မဟာတဟာဖွင့်ထားပြီး သူကတော့ အပြင်မှရပ်စောင့်နေသည်။

"စောစောကပဲ ကျွန်မအခန်းတစ်ခန်းကို ရောက်ခဲ့သေးတယ်၊ အိပ်ရာထဲမှာ ယောကျ်ားတစ်ယောက်ရှိနေတယ်"

"ကိစ္စမရှိပါဘူးဘက်ဆီရဲ့၊ အခုဟာကလည်း မင်းအတွက် တစ်ခန်းပေါ့၊ ကဲပါကွယ်...လာစမ်းပါ၊ ငါမင်းကို လိုက်ပို့မှာပါ"

"ဘုရားသခင် ကယ်တော်မူပါ"ဟု ဂျိုတာကရေရွတ်သည်။

"ဒီလိုဟာမျိုးကို ငါ့တစ်သက်မှာ တစ်ခါမှ မကြုံခဲ့ဖူးပေါင်ဗျာ၊ ယောကျ်ားတွေက ဘက်ဆီကိုထုတ်ထုတ်သွားပြီး တစ်ညလုံး တစ်အိပ်ရာပြီး တစ်အိပ်ရာ လျှောက်ပို့နေကြသတဲ့ ကောင်းကြရော၊ ဒီလိုဟိုတယ်မျိုးကို ငါနောက်ဘယ်တော့မှ မတည်းတော့ဘူးသိလား၊ ငါ့မှာ တစ်ညလုံးနားအေးပါးအေး အိပ်ရတယ်ကိုမရှိဘူး"

ဘက်ဆီသည် သူ့အဝတ်များကိုပွေ့ကာ အပြင်သို့ ထွက်သွားပြန်သည်။ ထို့နောက် တံခါးပိတ်သွားပြီး ဘက်ဆီနှင့်လူစိမ်းတို့ လျှောက်သွားကြသည့် ခြေသံများကို ဒူဒီတို့ကြားရသည်။

"ဒီတစ်ချီဘက်ဆီတော့ အိပ်ရာတစ်ခု အတည်တကျ ရသွားလိမ့်မယ်ထင်တယ်၊ ဒါဆိုရင်တော့ နောက်ထပ်အိပ်ရာ ပြောင်းဖို့ မလိုတော့ပါဘူး" ဟု ဂျိုတာကပြောသည်။

"ငါတော့ တစ်ညလုံး မနေနိုင်ဘူးဟေ့"

မိနစ်အနည်းငယ်မျှအတွင်း ဒူဒီရော ဂျိုတာပါ အိပ်ပျော်သွားကြလေသည်။

နံနက်လင်းသည့်အခါ ဂျိုတာကအရင်နိုးသည်။ သူသည် ညကချွတ်ထားသည့် အဝတ်အစားများကို ပြန်ဝတ်သည်။

ဒူဒီကတော့ သူ့နောက်မှနိုးသည်။ သူတို့သည် ဘက်ဆီ ပြန်အလာကို အခန်းထဲမှ ထိုင်၍စောင့်ကြသည်။

နာရီဝက်ခန့်ကြာသော်လည်း ဘက်ဆီရောက်မလာ။ ဂျိုတာသည် အခန်းအပြင်ဘက်ထွက်၍ ဟိုဟိုသည်သည် မျှော်ကြည့်သည်။

"ငါတို့ဘက်ဆီကို လိုက်ရှာမှဖြစ်တော့မယ်ထင်တယ်"ဟု ဂျိုတာကပြောသည်။

"သူ ငါတို့အခန်းကို မမှတ်မိတာနဲ့ ရှာလို့မတွေ့ဖြစ်နေပုံရတယ်၊ မနေ့ညက တို့တက်လာတော့ သိပ်မှောင်နေတယ် မဟုတ်လား၊ မြို့မှာက နေ့ခင်းဆိုရင် တစ်မျိုးဖြစ်သွားတတ်တယ်"





သူတို့သည် တံခါးကိုဖွင့်ကာ အပြင်ဘက် စင်္ကြံလမ်းဆုံးအထိ လျှောက်ကြသည်။ အခန်းတံခါးအားလုံးမှာ ပိတ်ထားကြဆဲ။ ဂျိုတာသည် ဘယ်အခန်းတံခါးကို ဖွင့်ရမှန်းမသိ။

သူ ပထမဆုံးဖွင့်ကြည့်သည့် အခန်းနှစ်ခန်းတွင် လူမရှိ၊ တတိယအခန်းကျတော့ လူရှိသည်။

အိပ်ရာပေါ်တွင် စုံတွဲတစ်တွဲ အိပ်နေသည်၊ မိန်းမမှာ ဘက်ဆီမဟုတ်၊ ဂျိုတာသည် အခန်းထဲမှ ပြန်ထွက်ခဲ့ပြီး တံခါးကို ပိတ်လိုက်သည်။

ဒူဒီက နောက်တစ်ခန်း၏ တံခါးကိုဖွင့်သည်၊ သော့ခတ်မထားသဖြင့် အလွယ်တကူပင် ပွင့်သွားသည်၊ ဂျိုတာကအိပ်ရာပေါ်မှ မိန်းမကိုသွားကြည့်သည်။

ဘက်ဆီမဟုတ်၊ အခြားအခန်းများတွင်လည်း ဘက်ဆီမရှိ၊ ဂျိုတာကြံရာမရ ဖြစ်လာသည်၊ နောက်ဆုံးဝင်ကြည့်သည့် အခန်းထဲတွင် အိပ်ရာမှာ လူတစ်ယောက်အိပ်နေတင်ဖြစ်သည်။

သူ အိပ်ရာပေါ်မှလူကိုကြည့်ပြီး အခန်းထဲမှ ပြန်ထွက်ရန် တံခါးကို ပိတ်မည်လုပ်ကာမှ အိပ်ပျော်နေသော မိန်းကလေးသည် မျက်လုံးများပွင့်လာပြီး ထထိုင်သည်။

ဂျိုတာကသူ့ကို လှမ်းကြည့်ကာ ဘာပြော၍ဘာဆိုရမှန်း မသိဖြစ်လျက်ရှိသည်၊ မိန်းကလေးက သူ့ကို ပြုံးပြပြီးလှမ်းခေါ်သည်။

"ဘာပြောမလို့လဲ"ဟု ဂျိုတာကမေးသည်။

"ရှင် ဘာလို့ဒီအခန်းထဲ ဝင်လာတာလဲ"ဟု မိန်းကလေးက ပြန်မေးသည်။

"ငါ ဘက်ဆီကို လိုက်ရှာနေတာဟ၊ ကဲ...ငါသွားရှာဦးမှ ဖြစ်မှာ၊ ဒီမှာရပ်ပြီး နင့်ကိုကြည့်နေရင် ကိုယ့်သိက္ခာကိုယ်ချသလို ဖြစ်တော့မယ်"

မိန်းကလေးက ဂျိုတာ့ကိုခေါ်ပြန်သည်၊ ဂျိုတာကကျောခိုင်းကာ အပြင်သို့ပြေးထွက်သည်။

ဒူဒီမှာလည်း ဘုမသိဘမသိဖြစ်ကာ သူ့အဖေနှင့်ရော၍ ပြေးသည်။

"ဘုရား...ဘုရား" ဟု ဂျိုတာရေရွတ်သည်။ "ငါဖြင့် ဒီလောက်ချော၊ ဒီလောက်လှတဲ့ မိန်းကလေးတွေနဲ့ မိန်းမတွေ အများကြီးရှိနေတဲ့ နေရာမျိုးတစ်ခါမှ မရောက်ခဲ့ဖူးဘူးဟေ့ အမယ်လေး၊ ဒီဟိုတယ်မှာ သူတို့ချည်းပဲဟ၊ ပြည့်နေတာပဲ၊ ဒီမှာသာ ငါကြာကြာနေရင်တော့ ငါ့မှာ ဘာသာတောင်ရှိမှာ မဟုတ်တော့ဘူး ဒူဒီရာ၊ ငါတော့ လမ်းပေါ်ကိုသာ မြန်မြန်ရောက်အောင် သွားမှ ဖြစ်တော့မယ်"

လှေကားမှ ဆင်းလာကြသောအခါ မနေ့ညက သူတို့အား အခန်းငှားခဲ့သောလူနှင့် ဆုံမိကြသည်။

ထိုသူသည် သတင်းစာတစ်စောင်ဖတ်လျက် ရှိလေသည်။

"ကျုပ်တို့ သွားကြတော့မယ်ဗျ" ဟု ဂျိုတာကပြော၏။ "ဒါပေမဲ့ ဘက်ဆီကရှာမတွေ့လို့"

"မနေ့ညက ခင်ဗျားတို့နဲ့ပါလာတဲ့မိန်းမလား"

"ဟုတ်တယ်၊ သူပေါ့၊ နာမည်က စစ္စတာဘက်ဆီတဲ့"

"ဟာ...ရှိပါတယ်"ဟု ပြောကာ လှေကားမှတက်သွားသည်။ ဒါနဲ့မေးရဦးမယ် သူ့နှာခေါင်းက ဘာဖြစ်တာလဲ၊ မနေ့ညက လုံးဝသတိမထားမိခဲ့ဘူး၊ အခုမနက်ကျမှမြင်တာ၊ ကြည့်ရအတော်ဆိုးတာပဲ"

"မေးရာပါဗျ" ဟု ဂျိုတာကပြောသည်။

"ကျွန်တော် မြင်ဖူးခဲ့သမျှ နှာခေါင်းတွေထဲမှာ အရုပ်အဆိုးဆုံး နှာခေါင်းတစ်ခုပါပဲဗျာ"ဟု ထိုလူက လှေကားထစ်များဆက်၍ တက်သွားနေရင်း ပြောသွားသည်။ "အခုလို မှောင်ထဲမှာ အရှုံးအလုပ်ခံရတာမျိုး နောက်တစ်ခါ မကြုံတော့ဘူးလို့ မျှော်လင့်ပါတယ်ဗျာ"

ငါးမိနစ်အတွင်း ဟိုတယ်ပိုင်ရှင်နှင့် ဘက်ဆီတို့ လှေကား





မှ ဆင်းလာခဲ့ကြသည်။ ဟိုတယ်ပိုင်ရှင်က ရှေ့မှ၊ ဘက်ဆီက နောက်မှ။

ကားဆီသို့ပြန်ရောက်သောအခါ ဂျိုတာသည် မုန့်ခြောက်နှင့် ဒိန်ခဲအိတ်ကိုတွေ့သဖြင့် ယူ၍စားသည်။

ဒူဒီကလည်း လက်ဖြင့်ဆုပ်ယူပြီး ပါးစပ်ထဲထည့်သည်။ ခပ်လှမ်းလှမ်းတွင် စတိုးဆိုင်တစ်ဆိုင်၊ ကိုကာကိုလာ ရသည်ဟု ဆိုင်းဘုတ်တပ်ထားသည်၊ အားလုံးဆိုင်ထဲဝင်၍ ကိုကာကိုလာ သောက်ကြလေ၏။

"ကဲ...နင့်ကြည့်ရတာ မနေ့ညက တစ်ညလုံး မအိပ်ခဲ့ရသလိုပါလား"ဟု ဂျိုတာကပြောသည်။

"နင်ညက မအိပ်နိုင်ဘူးလား"

ဘက်ဆီ တစ်ချက်မျှ အားရပါးရ သမ်းလိုက်ပြီး မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့် ပွတ်သည်။

သူ့ကြည့်ရသည်မှာ အဝတ်များကိုပင် အရေးတကြီး ဝတ်လာရပုံပေါ်နေသည်။ ဆံပင်ကိုပင် မဖြီးရသေး။

"မနေ့ညကဟိုတယ်မှာ လူကတော့အပြည့်ပဲ" ဟု ဘက်ဆီကပြောသည်။ "ကျွန်မကို ခဏခဏလာခေါ်ပြီး အခန်းပြောင်းပြောင်းပေးတယ်။ ကျွန်မရောက်သွားတဲ့ အခန်းကျတော့လည်း ယောကျ်ားတစ်ယောက်ယောက် ရှိနေတာချည်းပဲ"

ဂျိုတာခေါင်းဆောင်ပြီး ဆိုင်ထဲမှထွက်လာကြသည်။ သူတို့သည် ကားကို လူနေရပ်ကွက်များဆီသို့ မောင်းသည်။

တသမ်းသမ်း တဝေဝေဖြစ်နေသော ဘက်ဆီသည် တရေးအိပ်ဖို့ ကြိုးစား၏။

ထင်းများရောင်းသည့် ကိစ္စမှာမူ မနေ့ကကြုံခဲ့ရသည့်အတိုင်းပင်ဖြစ်၏။

ဘယ်သူကမှ မဝယ်ချင်ကြ၊ မွန်းလွဲသုံးနာရီထိုးသောအခါ အားလုံးပင် ပင်ပန်းနွမ်းနယ်လာကြသည်။

ထင်းရောင်းသည့် အလုပ်ပေါ်တွင် စိတ်ကုန်ခန်းလာကြသည်။

စနေတာဘက်ဆိက အိမ်ပြန်ချင်နေပြီ။ ဂျိုတာကလည်း ထိုနည်းတူပင်ဖြစ်၏။ ဘက်ဆိက သိပ်အိပ်ချင်နေပြီ။ လူကလည်း မောဟိုက်နွမ်းနယ်နေပြီ။

ဂျိုတာသည် လူတစ်ယောက်ကိုမြင်တိုင်း ကျိန်ဆဲသည်။ ဩဂတ်စတာ မြို့သူမြို့သားများအပေါ်တွင် ထားရှိနေသည့် သူ့အမြင်သည် စောစောကလို မကြည်လင်တော့၊ ပြီးတော့ မြို့တော်ထဲမှ ဒေါ်လာငွေကိုပါ ရစရာမရှိအောင် ကျိန်ဆဲသည်။

ဒူဒီကတော့ သိပ်ပြီးမပြန်ချင်သေး၊ မြို့တွင်းလမ်းမကြီးများပေါ်၌ လှည့်ပတ်မောင်းရင်း ဟွန်းတီးရသည်ကို အားမရသေး။

ဘက်ဆိက ခါတ်ဆီထည့်နိုင်းသည်။

ဂျိုတာက ယမန်နေ့ညက ဘက်ဆီအပ်ထားသည့် လက်ကျန်ငွေထဲမှ ဓာတ်ဆီဖိုးရှင်းသည်။

အင်ဂျင်ကလည်း ဒုက္ခမပေးသေးသဖြင့် အပြန်ခရီးတွင် တစ်နာရီဆယ်မိုင်နှုန်းခန့် မောင်းလာနိုင်ခဲ့ကြလေသည်။

"ကား ခဏလောက်ရပ်ဦးကွာ"ဟု ဂျိုတာကပြောသည်။

ဒူဒီကရပ်ပေးသည်။ အားလုံးကားပေါ်က ဆင်းကြသည်။

ဂျိုတာသည် ထင်းစည်းမကြီးများကိုဖြေသည်။

"ထင်းတွေကို ဘာလုပ်ဦးမှာလဲ" ထင်းချောင်းများကိုယူ၍ ပစ်ချနေသောဂျိုတာကိုကြည့်ကာ ဘက်ဆီကမေးသည်။

"ဒီထင်းတွေကို ဘယ်အကောင်မှ မသုံးစေရဘူးကွသိလား" ဟု ဂျိုတာကပြောသည်။

"ဩဂတ်စတာက လူချမ်းသာတွေက ငါ့ထင်းတွေကို မဝယ်ရင် ငါကသူတို့လာကောက်ပြီး သုံးနိုင်အောင် ဒီနေရာမှာ ထားခဲ့ရမတဲ့လား၊ ဟင်း...ဝေးပါသေးတယ်ကွာ"

သူသည် သစ်ရွက်ခြောက်များကို လိုက်စုပြီး ထင်းပုံ





အောက်သို့ ထိုးထည့်ကာ မီးခြစ်ဆံမီးဖြင့်ရှို့သည်။

သစ်ရွာခြောက်များမှ မီးတောက်များထလာ၏။

မီးခိုးများသည် အတန်းလိုက်ထွက်ကာ လေထဲတွင်မျောပါသွားကြ၏။

ဂျိုတာသည် ခေါင်းမှဦးထုပ်ဖြင့် မီးကိုယပ်ခပ်ပေးသည်။ မီးတောက်သည် တဖြည်းဖြည်းချင်း ထင်းများကိုစွဲကာ တောက်လောင်လာ၏။

"ဒီတစ်ခါ ဩဂတ်စတာကို သွားရတဲ့ခရီးဟာ ကံမကောင်းဘူး"ဟုပြော၏။

"အရင်တုန်းက ဒီလိုကံဆိုးတာမျိုးနဲ့ တစ်ခါမှမကြုံဖူးဘူး၊ ငါသွားတိုင်း ငါ့ထင်းတွေရောင်းရတာချည်းပဲ။ နောက်ဆုံး ထင်းကားတစ်စီးတိုက်ကို နှစ်ဆယ့်ငါးဆင့်တော့ ရခဲ့သေးတာပဲ၊ ဒါပေမဲ့ အခုတစ်ခေါက်မှာတော့ အလကားပေးရင်တောင် မယူချင်တဲ့ အဖြစ်မျိုးနဲ့ ကြုံခဲ့ရတယ်"

"ကျွန်မကတော့ တစ်ခေါက်လောက်ပြန်သွားပြီး ဟိုတယ်မှာ တကာယ့်ပျော်စရာကြီးပဲ၊ မိန်းမတွေကို ဘယ်လိုပြုစုရမယ်ဆိုတာ သူတို့က ကောင်းကောင်းကြီး သိတဲ့လူတွေပဲ"

သူတို့သည် ထင်းများကို မီးစွဲလောင်သည်အထိ စောင့်ကြသည်။

ပထမပုံပေးထားသည့် သစ်ရွက်များသည် ပြာကျသွားသဖြင့် မီးတောက်များငြိမ်းသွားသည်။ ဂျိုတာသည် နောက်ထပ် သစ်ရွက်ခြောက်များကို စုပုံကာမီးရှို့ပြန်သည်။

မီးသည် မိနစ်အနည်းငယ်ကြာမျှ တောက်လောင်နေသေးသည်။

သို့သော်...အစိုဓာတ်ရှိနေသေးသော ထင်းများကို မစွဲနိုင်။ အတန်ကြာတော့ ပြန်ငြိမ်းသွားပြန်လေ၏။

ဂျိုတာသည် စိတ်ထိခိုက်နေသော မျက်နှာထားဖြင့် ထင်းပုံ

ကို ရပ်ကြည့်နေသည်။

အားလုံးကို လောင်သွားအောင် သူဘယ်လိုရှို့ရပါမည်နည်း။

နည်းလမ်းရှာ၍မတွေ့။ ဒုဒီက ကားတိုင်ကီထဲမှ ဓာတ်ဆီအနည်းငယ်ထုတ်ပြီး ထင်းပုံပေါ်ဖျန်းသည်။

မီးတောက်သည် အထက်သို့ဆယ်ပေ၊ ဆယ့်နှစ်ပေခန့်ထိ ဝုန်းခနဲထတောက်သည်။

သို့သော်...ခဏမျှသာဖြစ်၏။ မကြာခင်မှာပင် မီးတောက်သည် ပြန်ကျသွားသည်။ ထို့နောက် လုံးဝငြိမ်းသွားသည်။

"အင်း...ဒီထင်းတွေကို ပြုတ်ပြုတ်ပြုန်းအောင် လုပ်နိုင်တဲ့နည်းလမ်းကတော့ မရှိတော့ပါဘူး၊ ဒါ လက်ကုန်ပဲ"ဟု ဂျိုတာက ကားပေါ်ပြန်တက်ရင်း စိတ်ပျက်လက်ပျက်ဖြင့် ပြောသည်။ "သူတို့ကို ဖျက်ဆီးပစ်နိုင်မယ့် နည်းလမ်းဟာ မရှိတော့သလိုဖြစ်နေပြီ၊ ရောင်းလို့လည်းမရဘူး၊ မီးရှို့တော့လည်းမလောင်ဘူး၊ ဒီထင်းတွေမှာ နတ်ဆိုးတွေဝင်နေပြီ ထင်တာပဲ"

သူတို့သည် မော်တော်ကားကို အလိပ်လိပ်ထနေသော အဝါရောင်ဖုန်ကြားမှ ဖြတ်၍ မောင်းခဲ့ကြသည်။

မကြာခင်မှာပင် ဆောက်ကြီးလမ်းဆီ နီးကပ်လာသည်။ ဒုဒီသည် ထူထဲသောသဲမြေများပေါ်တွင် ကားကိုဖြည်းညင်းစွာ မောင်းသည်။

အိမ်ဘက်သို့ သွားရာလမ်းထစ်လျှောက်လုံးတွင် မော်တော်ကားဟွန်းကို အဆက်မပြတ်တီးလျက်...။

■

( ၁၇ )

ဩဂတ်စတာမြို့မှ ပြန်လာသည့်နောက် ဂျိုတာမော်တော် ကားနှင့် ထပ်၍သွားလိုသော နေရာတစ်နေရာ ရှိနေပြန်သည်။

ယင်းမှာ ဘတ်ခ်ကောင်တီခရိုင်နယ်မြေဖြစ်သည်။

သွားလိုခြင်း၏ အဓိကအကြောင်းရင်းမှာ သူ့သား တွမ်နှင့်တွေ့ရန်ဖြစ်၏။

ထိုဒေသဘက်သို့ ရောက်ခဲ့သူများထံမှ သူ အဆက်မပြတ်ကြားခဲ့ရသည့် သတင်းများအရဆိုလျှင် တွမ်သည် အောင်မြင်သော စလီဖားတုံး ကန်ထရိုက်တာတစ်ဦးဖြစ်နေပြီ။

စလီဖားတုံးလုပ်ငန်းနှင့် အဆက်အစပ်ရှိသော လူများသည် ထိုဒေသရှိ စလီဖားတုံးများ ရောင်းချရာစခန်းဆီသို့ ရောက်ခဲ့ကြသည်။

ဖူးလားသို့ ပြန်ရောက်လာကြသည့်အခါ သူတို့က ဂျိုတာအား တွမ်သည် အခြားလူများထက် ပို၍ဝင်ငွေကောင်းနေသည်ဟု ပြောကြသည်။

ဂျိုတာသည် ဒူဒီအတွက် ဂုဏ်ယူနေသလို တွမ်အတွက်လည်း ဂုဏ်ယူ၍မဆုံးနိုင်အောင် ဖြစ်လျက်ရှိလေသည်။

တွမ်လက်စတာနှင့် ပတ်သက်၍ ဂျိုတာသိရသည်မှာ ဤမျှသာဖြစ်၏။

ထို့ထက်ပို၍ များများစားစား သိရသည်မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ... ဂျိုတာကတော့ ဤသတင်းကြောင့်ပင် တွမ်ထံ သွားလိုသောစိတ် ထက်သန်နေခြင်းဖြစ်သည်။

ပထမဆုံး သူသိချင်နေသည့်အချက်မှာ တွမ်လက်ထဲတွင် ငွေမည်မျှလောက်အထိ စုမိနေပြီနည်းဟူသော အချက်ဖြစ်သည်။

ထိုအချက်ကို သိပြီးပါက သူကိုအပတ်စဉ် ငွေနည်းနည်းပါးပါး ပုံမှန်ထောက်ပံ့သွားဖို့ ပြောမည်ဟု စိတ်ကူးထားလေသည်။

ဘက်ဆီနှင့် ဒူဒီတို့ကလည်း သူတို့၏ မော်တော်ကားကို မောင်းလို့ရနေသမျှ ကာလပတ်လုံး အိမ်တွင်နေဖို့ စိတ်မကူးကြချေ။

ဩဂတ်စတာသို့သွားခဲ့သော ခရီးတွင် ကြုံတွေ့ခဲ့ရသော ပြဿနာများသည် သူတို့အား နောက်ထပ်မော်တော်ကားနှင့် ခရီးထွက်ချင်စိတ် ပျောက်သွားအောင် မလုပ်နိုင်ခဲ့ပေ။

ဂျိုတာကဲ့သို့ပင် နောက်ထပ် ခရီးသွားလိုစိတ် ပြင်းပြနေဆဲပင် ဖြစ်သည်။

မော်တော်ကားရှေ့ဝင်ရိုး အနည်းငယ်ကောက်သွားခြင်း၊ လေကာမှန်ကွဲသွားခြင်း၊ ဘော်ဒီတွင် ပွန်းရာခြစ်ရာများ ထင်ခဲ့ခြင်း၊ ထိုင်ခုံများပေါက်ကုန်ခြင်းနှင့် ကားအပိုဘီးရောင်းပစ်ခဲ့ရခြင်း စသည်များမှာ မော်တော်ကားစီးလိုသူများ ကြုံတွေ့နေရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ်များဟုသာ ယူဆကြသည်။

မော်တော်ကား ယာဘက်တစ်ခြမ်း ပိန်သွားခြင်း၊ နောက်ဘက်မှ ဝင်ရိုးစပရိန်တစ်ချောင်း ကျိုးသွားခြင်း စသည်တို့ကြောင့် ဖြစ်ပေါ်နေခဲ့သော ပူပင်သောကစိတ်မှာလည်း အနည်းငယ်သက်သာရာ ရခဲ့သည်။





မက်ကျိုင်းသို့ရောက်ခဲ့စဉ်က မြင်းရထားတစ်စီးကို ဝင်တိုက်မိပြီး လူမည်းတစ်ယောက် သေဆုံးခဲ့ရသောကိစ္စမှာလည်း ကြာလာတော့ ရေးကြီးခွင်ကျယ်လုပ်ဖို့ မလိုသည့်အရာတစ်ခုလို ဖြစ်လာခဲ့လေသည်။

ဤသို့ဖြင့် သူတို့လူစု ဩဂတ်စတာမြို့မှ ပြန်လာပြီး နောက်တစ်နေ့ နံနက်မှာပင် ဂျိုတာက သူ ဘတ်ခ်ကောင်တီခရိုင် နယ်မြေဘက်သို့ တစ်ခေါက်လောက် အလည်သွားပြီးသူ့သား တွမ်နှင့် တွေ့လိုကြောင်းပြောသည်။

ထိုအချိန်က ဒူဒီသည် တိုင်ကီထဲ ရေဖြည့်နေခိုက်ဖြစ်၏။ သူသည် အလုပ်ကိုရပ်ထားလိုက်ပြီး ဘက်ဆီက သူ့အဖေအား ပြန်ပြောမည့်စကားကို အသာငြိမ်၍ နားစွင့်နေသည်။

ဘက်ဆီက ဘာမှပြန်မပြောသည့်အခါ သူသည် ပုံးကို ပြန်ကောက်ပြီး ရေများလျှံကျလာသည်အထိ ထပ်ဖြည့်နေသည်။

ဂျိုတာသည် ဘက်ဆီ စဉ်းစားဆုံးဖြတ်နိုင်ရန် အချိန်ပေးသည့်အနေဖြင့် အဝေးသို့ထွက်သွားသည်။

သူသည် အိမ်နောက်ဖေးသို့သွား၍ ရှောင်နေရခြင်းဖြစ်၏။ ရှောင်နေသည်ဟု ဆိုရသော်လည်း မော်တော်ကားကိုတော့ မျက်ခြည်အပြတ်မခံ။ ကားနှင့်မျက်ခြည်ပြတ်သွားလျှင် ဘက်ဆီသည် သူထင်ရာ သူလုပ်သွားနိုင်ဖွယ်ရာရှိသည်။

"ဒီမယ်ဒူဒီ မြန်မြန်လုပ်၊ တို့နှစ်ယောက်တည်း အသာကလေး လစ်သွားကြရအောင်"ဟု ဘက်ဆီက ဒူဒီအား တိုးတိုးကလေး ထပ်ပြောသည်။

ပြီးတော့ ဒူဒီကို ကားဆီသို့တွန်းပို့သည်။

"မြန်မြန်လုပ်၊ မင်းအဖေတို့ကို မမြင်ခင် လစ်ကြရအောင်"

ထိုအချိန်တွင် ဂျိုတာသည် ရေတွင်းနားရောက်နေခိုက်ဖြစ်သည်။

ယာခင်းပေါ်မှ ပိတ်စွယ်မြက်ပင်များကို လှမ်းမျှော်ကြည့်နေ

နိုက် ဖြစ်၏။

ဘက်ဆီတို့အပေါ် အာရုံမရှိခိုက်ဖြစ်၏။

ဒူဒီမော်တော်ကား စက်နှိုးသံကို ကြားလိုက်ရသောအခါ ဂျိုတာသည် ဒုန်းစိုင်း၍ပြေးဝင်လာသည်။

ထိုအချိန်တွင် ဒူဒီသည် ကားကိုဂီယာထိုးပြီးနေပြီ။ ခြံဝင်းထဲမှထွက်ကာ ဆေးရွက်ကြီးလမ်းဆီသို့ မောင်းသွားနေပြီ။

သူသည်ခြံဝင်းထဲမှအထွက် သစ်ပင်များကိုကွေ့ရာ၌ ကပ်၍ကွေ့လိုက်မိသဖြင့် အရှိန်မသတ်နိုင်ဖြစ်ကာ မြောင်းထဲသို့ ဝုန်းခနဲကျသွားသည်။ သို့သော် ဂျိုတာလမ်းပေါ် ထွက်မလာနိုင်မီ ကားသည် လမ်းမပေါ်ရောက်သွားကာ အရှိန်ပြင်းစွာဖြင့် ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

ဂျိုတာသည် လမ်းပေါ်မှရပ်ကာ ကားဆီသို့မျှော်ကြည့်ကျန်ရစ်ခဲ့လေသည်။

"ဒီလို အလုပ်ခံရတာမျိုးကို အရင်က ငါတစ်ခါမှ မကြုံခဲ့ဖူးဘူး"ဟု ဂျိုတာကပြော၏။

"သူတို့ငါ့ကို အနှလိုထားခဲ့ပြီး တိတ်တိတ်ကလေး လစ်သွားတာ ဘာသဘောလဲ၊ ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာ ငါဖြင့် စဉ်းစားလို့ကိုမရဘူး၊ ငါဘက်ဆီကို အမြဲတမ်းကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့ပါတယ်၊ လူတစ်ယောက်အိုသွားပြီဆိုရင် လူတွေကကားနဲ့ ခေါ်မသွားချင်ကြဘူး၊ အိမ်မှာပဲ ထားခဲ့ချင်ကြတယ်။ ဒီသဘောပဲ ထင်ပါရဲ့"

သူသည် သူ့မျက်စိအောက်မှ မော်တော်ကား ပျောက်ကွယ်သွားသည်အထိ ရပ်ကြည့်နေသည်။

အေဒါနှင့် အယ်လီမေတို့ကလည်း ဆင်ဝင်အောက်မှ ရပ်ကာ တဖြည်းဖြည်းပျောက်ကွယ်သွားနေသော ကားကို ငေးကြည့်နေကြသည်။

သူတို့သားအမိသည် ကားစက်နှိုးသံကြားကတည်းက အိမ်





တံခါးဝသို့ ပြေးထွက်လာခဲ့ကြခြင်းဖြစ်သည်။

သူတို့ကလည်း ကားနှင့် တစ်နေရာရာကို သွားချင်စိတ် ပြင်းပြနေကြသည်။

ဤကားသစ်ကို ဝယ်လာပါပြီဆိုကတည်းက အခုအချိန်ထိ ကားထဲသို့ပင် ဝင်၍ထိုင်ခွင့်ရကြသေးသည်မဟုတ်။

ဂျိုတာသည် ဆင်ဝင်၌ထိုင်ကာ သူတို့ ပြန်အလာကို စောင့်သည်။

ထိုနေ့ တစ်မနက်ခင်းလုံး သူမှုန်တေတေ အောက်သိုးသိုး ဖြစ်လျက်ရှိ၏။

ညစာ စားချိန်တွင် အေဒါကသူ့ကို မီးဖိုချောင်ထဲ ဝင်လာပြီး ဒိန်ခဲနှင့် မုန့်ခြောက်စားဖို့ခေါ်သည်။

ဂျိုတာကတော့ သူထိုင်နေသည့် ကုလားထိုင်ပေါ်မှ မထ။ အေဒါသည် ဂျိုတာကိုနောက်ထပ် စွတ်တိုက်တွန်းခြင်းမပြုတော့ဘဲ အိမ်ထဲသို့ဝင်သွားသည်။

အစားက နည်းနေသဖြင့် သူလာမစားသည်ကို အေဒါက ဝမ်းသာနေသည်။

မနေ့က ဩဂတ်စတာမှပါလာသည့် ဒိန်ခဲနှင့် မုန့်ခြောက် အကျန်များမှာ ဖြစ်လောက်သည်မဟုတ်။

လူတစ်ယောက်နှစ်ယောက်စာ တစ်နပ်စာမျှသာရှိ၏။

အကယ်၍ဂျိုတာသည် ဆင်ဝင်ရှေ့မှ ထမလာပါက သူနှင့် အယ်လီမေတို့ပို၍ စားကြရမည်မဟုတ်ပါလား။ ဘွားအေကြီးအတွက်ကတော့ အကြောင်းမဟုတ်။

ဒိန်ခဲကလနားသားများနှင့် မုန့်အကြေများကို ပေးလိုက်လျှင် လုံလောက်သည်။

ဂျိုတာသည် အစာစားလျှင် အလွန်မြန်သူဖြစ်ရာ သူနှင့် အတူတွဲ၍စားလျှင် ဘယ်သူမှသူ့လောက်မစားရ။

ဂျိုတာသည် အစားတစ်ခုစားလျှင် ထိုအစားကို နောက်

ဘယ်တော့မှ မစားရတော့ဟု ယူဆပြီး စားနေသူတစ်ဦးနှင့် အလွန်တူလေသည်။

အေဒါနှင့် အယ်လီမေတို့သည် ဂျိုတာကို မခေါ်တော့ဘဲ စားစရာရှိသမျှကို သူတို့နှစ်ယောက်တည်းထိုင်၍ စားကြ၏။

ညနေစောင်းတွင် ဘက်ဆီနှင့်ဒူဒီတို့ ပြန်ရောက်လာကြသည်။

ဂျိုတာသည် ဆင်ဝင်၌ထိုင်၍ သူတို့ကိုစောင့်နေဆဲ။ သူတို့ပြန်လာနေသည်ကို မြင်သောအခါ ထိုင်ရာမှထပြီး ကားရပ်သည့်မီးခိုးခေါင်းတိုင်ဘေးအထိ ယိုက်သွားသည်။

စောစောက ဒေါသထွက်နေသော်လည်း အခုကျတော့ ထိုဒေါသကို မေ့သွားပြီဖြစ်သည်။

သူ့အနေဖြင့် ဘက်ဆီတို့လင်မယား သူ့သားတွမ်နှင့် တွေ့မတွေ့ဟူသော အချက်ကိုသာ သိချင်စိတ်ပြင်းပြလျက် ရှိလေသည်။

"နင်တို့ တွမ်နဲ့တွေ့ခဲ့သလား"ဟု ဘက်ဆီကိုမေးသည်။

"သူ ဘာအလုပ်လုပ်နေသလဲ၊ ငါ့အတွက် ငွေနည်းနည်းပါးပါး ပေးလိုက်သေးသလား"

အေဒါက အိမ်ထဲမှထွက်လာပြီး နားစွင့်သည်။

ဘွားအေကြီးကတော့ ထုံးစံအတိုင်း သစ်ပင်တစ်ပင်နောက်တွင်ကွယ်၍ ရပ်ကာ ချောင်းကြည့်ပြီး နားစွင့်နေသည်။

အယ်လီမေကတော့ သူတို့အနားအထိ လျှောက်လာသည်။

"တွမ်က ကျွန်မနဲ့သိစတုန်းက တွမ်လိုမဟုတ်တော့ဘူး။ စိတ်တော်တော်ပြောင်းသွားတယ်"ဟု ဘက်ဆီက ခေါင်းရမ်းပြီး ပြောသည်။

"ကျွန်မတော့ သူဘယ်လိုဖြစ်သွားတယ်ဆိုတာ နားမလည်နိုင်ဘူး"

"ဘာပြုလို့လဲဟ"ဟု ဂျိုတာကမေးသည်။





"သူ...ဘာလုပ်ကိုင်နေသလဲ၊ သူက ဘာပြောလိုက်လို့လဲ၊ သူက ငါ့အတွက်ပေးလိုက်တဲ့ ငွေဟာ ဘယ်မှာလဲ"

"တွမ်က ငွေတစ်ပြားမှ မပေးလိုက်ဘူး၊ သူက ရှင့်ကို ကူညီမယ့်အရိပ်လက္ခဏာလည်း မမြင်ခဲ့ရဘူး၊ အခုတွမ်ဟာ တော်တော်လေး ယုတ်မာနေတဲ့ လက္ခဏာပဲ"

"နင်ငါ့ကို ခေါ်သွားဖို့ကောင်းပါတယ် ဘက်ဆီရယ်"ဟု ဂျိုတာကပြောသည်။

"ငါတွမ့်အကြောင်းကို ကောင်းကောင်းသိပါတယ်ဟာ။ တစ်လျှောက်လုံးတွမ်ဟာ ငါ့အတွက် သားလိမ္မာတစ်ယောက်ပါ။ တို့ သားအဖနှစ်ယောက်ဟာ အမြဲတမ်း တတွဲတွဲနေခဲ့ကြတာပါ။ တခြား သားသမီးတွေက ငါ့ဆိုရင် အမြဲရန်လိုနေကြတာချည်းပဲ၊ တွမ်ကတော့ ဘယ်တော့မှ ငါ့ကိုအဲသလိုမလုပ်ဘူး။ ဒီကောင်ကြီးလာတော့လည်း လူကောင်းကလေးပါပဲဟယ်"

ဘက်ဆီက ဂျိုတာပြောသမျှကို နားထောင်နေသည်။ သူ့ကိုခေါ်မသွားဘဲ ထားပစ်ခဲ့သည့်ကိစ္စကိုလည်း ထပ်ပြီးပြောမနေချင်။

ဤကိစ္စမှာ ပြီးသွားပြီ။

ခရီးကိုလည်း သွားခဲ့ပြီး၍ သူတို့အခုပြန်ရောက်နေကြပြီ မဟုတ်ပါလား။

"နင်က ငါ့ကိုဘာကြောင့် ခေါ်မသွားရတာလဲ ဘက်ဆီရာ" ဟု ဂျိုတာကပြောပြန်သည်။

"တွမ်က နွားအကောင်တစ်ရာနဲ့ အလုပ်လုပ်နေတာရှ သိလား"ဟု ဒူဒီကဝင်ပြောသည်။

နွားတွေအများကြီးပိုင်နေသော သူ့အစ်ကိုအပေါ်တွင် ဒူဒီသည် အလွန် အထင်အမြင်ကြီးလျက်ရှိသည်။

"အဲဒီအပိုင်းမှာ အဲသလောက်နွားအများကြီး ပိုင်တဲ့လူ မရှိဘူးဗျ"

"တွမ်က ငါ့ဆီဘယ်တော့လာမယ်လို့ ပြောလိုက်သလဲကွ" ဟုဂျိုတာကမေးသည်။

"တွမ်ကပြောလိုက်တယ်၊ သူ ဒီအိမ်ကိုဘယ်တော့မှ ပြန်မလာဘူးတဲ့"ဟု ခူဒီကပြောသည်။

"သူက ကျူပ်ကိုမှာလိုက်တယ်၊ သူအခုရောက်နေတဲ့ နေရာမှာပဲ တစ်သက်လုံးနေတော့မှာတဲ့"

"တွမ်ဟာ အဲသလိုပြောတတ်တဲ့ ကောင်စားမဟုတ်ပါဘူးကွာ" ဟု ဂျိုတာက ခေါင်းတယမ်းယမ်းဖြင့်ပြောသည်။

"အလုပ်ကသိပ်များလွန်းပြီး မသွားနိုင်မလာနိုင် ဖြစ်နေဟန်တူပါတယ်"

"မဟုတ်ဘူးရှင့်"ဟု ဘက်ဆီကဝင်ပြောသည်။

"တွမ်က အခုနက ခူဒီပြောပြတဲ့အတိုင်း ပြောလွှတ်လိုက်တာ၊ သူကပြောတယ်၊ သူဒီကို ဘယ်တော့မှပြန်မလာဘူးတဲ့၊ ပြန်လာချင်တဲ့စိတ်လည်း မရှိဘူးတဲ့"

"တွမ်ပြောတတ်တဲ့ လေသံမျိုးမဟုတ်ပါလားကွာ၊ ငါနဲ့ တွမ်ဟာ သိပ်အဆင်ပြေတာ၊ ဘယ်ကိစ္စမှာမဆို တစ်သဘောတည်းပဲ၊ တခြားသားသမီးတွေနဲ့ ဆက်ဆံရတာ မပြေလည်ပေမဲ့ သူနဲ့ကျတော့ ငါသိပ်ကို အဆင်ပြေတယ်၊ တခြားသားသမီးတွေက ငါ့ကို ခဲနဲ့ချောင်းပစ်တာတို့ ဘာတို့ လုပ်ပေမဲ့ သူကဘယ်တော့မှမလုပ်ခဲ့ဘူး။ ဘာကြောင့် သူ့စိတ်က ပြောင်းသွားရပါလိမ့်။ အခုအတိုင်းဆိုရင် သူလည်း တခြားသားသမီးတွေလိုပဲ ဖြစ်သွားပြီပေါ့ကွာ"

"ကျွန်မက သူ့ကိုပြောပါတယ်၊ မင်းအဖေနဲ့ အမေတို့ အခြေအနေ သိပ်ဆိုးနေတယ်"လို့ ဘက်ဆီကပြောသည်။

"သူတို့ခမျာ အိမ်မှာစားစရာလည်း မှန်မှန်မရှိဘူး၊ ယာကိုလည် မစိုက်နိုင်ကြရှာဘူးလို့လည်း ပြောပြပါတယ်။ တွမ်ကဘာပြောတယ်ထင်သလဲ၊ ရှင်နဲ့အဒေါ်တို့ ကောင်တီသူဆင်းရဲဂေဟာကို သွားနေကြပေါ့တဲ့"





"ငါ ယာမစိုက်ဘူးလို့ တွမ်ကိုသွားပြောတာ နင်မှားတာပဲ ဘက်ဆီ၊ ငါဒီနှစ် ဝါအကြီးအကျယ်စိုက်မှာ၊ တကယ်လို့ ဝါမျိုးစေ့နဲ့ မြေဩဇာသာရရင် စိုက်ကိုစိုက်မှာ၊ ကျန်တဲ့အပိုင်းကတော့ နင်ပြောခဲ့တာ မှန်ပါတယ်၊ ငါတို့မှာ ဝဝလင်လင်ကို မစားရတော့တာကြာပြီ၊ ဒီစကားကတော့ လိမ်ပြောတာမဟုတ်ပါဘူး"

"ထားပါတော့လေ၊ ဒါပေမဲ့ သူပြောလိုက်တဲ့ စကားကတော့ အမှန်အတိုင်း ပြန်ပြောပြတာပဲ၊ သူက ရှင်ရောအဒေါ်ပါ ကောင်တီသူဆင်းရဲဂေဟာကို သွားနေကြတဲ့"

"အမှန်တော့ တွမ်ဟာ အဲသလိုအပြောမျိုး မပြောတတ်ဘူး၊ ငါ့ကို အရင်က ဒီလိုပြောတတ်တာမဟုတ်ဘူး၊ ဘာကြောင့် ငါနဲ့ သူ့အမေကို သူဆင်းရဲဂေဟာမှာ သွားနေလို့ပြောရတာလဲကွာ၊ ငါဟာ သူ့အဖေပါကွာ"

"အခုအချိန်မှာတော့ အဖေမကလို့ ဘာကြီးပဲဖြစ်နေနေ၊ သူ့အတွက် ထူးခြားပုံမပေါ်ဘူး"ဟု ဘက်ဆီကပြောသည်။

"တွမ်က သူ့အရေးကိစ္စကလွဲပြီး တခြားဘာကိုမှ စိတ်ဝင်စားပုံမရတော့ဘူး"

"ငါလေ အသက်ပြန်ပြီး ငယ်ချင်လိုက်တာကွာ၊ ဒါဆိုရင် ဘယ်အကောင့်ကိုမှ ခယနေစရာမလိုဘူး၊ ဘယ်ကိုယ့်သားသမီးဆီတောင်မှ လက်ဖြန့်ခံနေစရာမလိုဘူး၊ ဒါပေမယ့် တွမ်ဟာဒီလိုအစားတော့ မဟုတ်ပါဘူး၊ ငါနဲ့သူ့အမေအတွက် ငွေလေးဘာလေး နည်းနည်းပါးပါးတော့ ပေးမှာပဲလို့ထင်မိတာ"

"တွမ်က ပြောလိုက်သေးတယ်၊ ခင်ဗျားတို့ ငရဲပြည်သွားချင်လည်း သွားနေကြတဲ့"ဟု ခူဒီကဝင်ပြောသည်။

ဘက်ဆီက ခူဒီဘက်သို့ခုန်လိုက်ပြီး လည်ပင်းကို ဆွဲညှစ်ကာ တအားခါယမ်းသည်။

ခူဒီလည်ပင်းကို ခေါင်းမပြုတ်ထွက်သွားအောင် လုပ်တော့မည့်ပုံစံမျိုးဖြစ်သည်။

သူသည် ဒူဒီ၏လည်ပင်းကို လုံးဝလွှတ်မပေး။ သူ့လက်တွင်းမှ ဒူဒီကလွှတ်အောင် ရုန်းထွက်သွားကာမှပင် လွှတ်ပေးလိုက်သည်။

"နင်ဂျိုတာကို ဒီစကားမပြောသင့်ဘူး"ဟု ဘက်ဆီက ဒေါသတကြီးအော်သည်။ "ဒီစကားမျိုးဟာ ယုတ်မာတဲ့ကောင်မှ ပြောတာဟဲ့၊ ဒီထက် အပြစ်ကြီးတဲ့ဟာမျိုးမရှိဘူးဆိုတာ နင်နားလည်ရဲ့လား၊ နံတ်ဆိုးကနင့်ကို ငါနဲ့ဝေးအောင် လုပ်နေပြန်ပြီသိလား၊ နင့်ကို ငါက တရားဟောဆရာဖြစ်အောင် လုပ်နိုင်ပါတော့မလားဟဲ့ အကောင်ရဲ့"

ဒူဒီကလည်း ပြန်အော်သည်။

"ခင်ဗျားကျုပ်ကို သေအောင်သတ်တာလား ဟင်၊ ကျုပ်သေတော့မလို့ နည်းနည်းပဲလိုတယ် သိလား၊ ဒီစကားက ကျုပ်ပြောတာမဟုတ်ဘူး၊ တွမ်ကပြောလိုက်တာ၊ ကျုပ်က သူပြောတဲ့အတိုင်း ပြန်ပြောပြတာ၊ ခင်ဗျားကြီး ကျုပ်နားမကပ်နဲ့၊ ကျုပ်ခင်ဗျားကို ဘာမှမလုပ်ဘူး"

ဘက်ဆီက ဘုရားတသည်။

"နင်ဒီလိုအပြောမျိုးတွေ ပြောနေသမျှကာလပတ်လုံး ဘယ်တော့မှ တရားဟောဆရာ ဖြစ်မှာမဟုတ်ဘူး၊ နင်က ဆဲတာတွေ၊ ကျိန်တာတွေ မလုပ်တော့ပါဘူးလို့ပြောတယ်၊ ငါကတော့ နင့်စကားကိုယုံနေတာ၊ နင်ဒီအပြောမျိုးတွေ ဘာဖြစ်လို့မစွန့်သေးတာလဲဟင်"

"ကျုပ် နောက်ကို မပြောတော့ပါဘူးဗျာ"ဟု ဒူဒီက တောင်းပန်၏။

မော်တော်ကားသည် ဘက်ဆီပိုင်ပစ္စည်းဖြစ်သည်ကို သတိရလိုက်၍ ဤစကားကိုပြောခြင်းဖြစ်၏။

"စောစောက ပြောတာလည်း ခင်ဗျားကကျုပ်လည်ပင်းကို ညှစ်လို့ပြောမိတာပါဗျာ"

ဂျိုတာသည် ကားကိုကွေ့ပတ်လျှောက်ကာ စောစောက





ကြားခဲ့ရသည်များအတွက် သူ့စိတ်သူပြေအောင် ကြိုးစားသည်။

ကိုယ့်အဖေကိုယ် ငရဲပြည်သွားဟု ပြောဝံ့ပြောရက်သည့်လူတစ်ယောက်ဘဝသို့ တွမ်ရောက်သွားသည်ကို သူမယုံကြည်နိုင်အောင် ဖြစ်လျက်ရှိ၏။

ဂျိုတာသည် ကားနောက်တွင်ရပ်ကာ ဘီးအပိုနှင့် တာယာများထားသည့်စင်ကို လှမ်းကြည့်နေ၏။

ထိုနေရာရှိ ကားဘော်ဒီတွင် အလွန်ကြီးမားသော ချိုင့်ခွက်ကြီးတစ်ခု။ ထိုချိုင့်ခွက်ကြီးကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေသည်။

ဘက်ဆီနှင့် ဒူဒီတို့ကတော့ စကားများနေကြဆဲ။

"နင်ဒီလိုသာ ဆဲလားကျိန်လား လုပ်နေလို့ကတော့ လာမယ့်တနင်္ဂနွေနေ့မှာ တရားဟောဆရာဖြစ်ဖို့ မလွယ်တော့ဘူး" ဘက်ဆီကပြောသည်။

"ကျုပ်နောက်ကို မပြောတော့ပါဘူးလို့ ပြောထားပြီးပြီပဲဗျာ" ဒူဒီကပြန်ပြောသည်။

ဂျိုတာက သူတို့နှစ်ယောက်ကို သူ့အနားသို့လာရန် လက်ပြ၍ခေါ်၏။

ကားဘော်ဒီပေါ်မှ ပိန်ခွက်နေသောနေရာကို လက်ညှိုးထိုးပြသည်။

ပိန်ခွက်နေသည့်နေရာ၏ အလယ်တည့်တည့်သည် ဆယ်လက်မ ဆယ့်နှစ်လက်မကျယ်၏။

ကားဘော်ဒီကို အလယ်မှနေ၍ တစ်ခြမ်းစီအညီအမျှ ခွဲထားသည့်နှယ်ရှိ၏။

"အဲဒါကြီးက…ဘယ်လိုဖြစ်တာလဲ"ဟု ဂျိုတာကမေးသည်။

"စလီဖာ၊တုံးစခန်းကအပြန် ကားကိုနောက်ဆုတ်လိုက်မှာ ထင်းရှူးပင်ကြီးတစ်ပင်ကို ဝင်တိုက်မိတာ"ဟု ဘက်ဆီကပြောသည်။

"ဘာကြောင့် အခုလိုဖြစ်နေရတာလဲဆိုတာ ကျွန်မလည်း

မပြောတတ်တော့ပါဘူး၊ ဖြစ်လာသမျှတွေဟာ ကျွန်မရဲ့ကားကို ပျက်အောင် ဖျက်ဆီးနေတာချည်း ဖြစ်နေတယ်"

ဒွဒီက ထိုအချိုင့်ကြီးကို သူ့လက်နှင့်စမ်းကြည့်၏။

ပိန်ချိုင့်နေသောနေရာမှ ဆေးများသည် သဲပြင်ပေါ်သို့ ကွာကျသွား၏။

"ကားကတော့ သွားနေတာပဲ မဟုတ်လား"ဟု ဂျိုတာက မေးသည်။

"အခုဖြစ်တာက ကားဘော်ဒီပျက်တာပဲ၊ စက်တော့ဘာမှ မဖြစ်ဘူးမဟုတ်လား၊ စက်ကတော့ ကောင်းနေတာပဲ မဟုတ်လား"

"ကျွန်မတော့ အဲသလိုထင်တာပဲ"ဟု ဘက်ဆီကပြောသည်။

"ဒါပေမဲ့ တောင်ပေါ်အဆင်းလမ်းဆိုရင် ကားစက်သံက သိပ်ကိုမြည်တာပဲ၊ တောင်ပေါ်အတက်လမ်းကျတော့လည်း အဲသလို မြည်တာပါပဲ၊ မထူးတော့ပါဘူး"

အေဒါသည် ကားအနီးသို့ရောက်လာပြီး ပိန်ခွက်နေသော နေရာကိုကြည့်သည်။

ထို့နောက် အသာအယာပွတ်ကြည့်သည်။ ဆေးများသည် သူ့ခြေထောက်အနီးသို့ ကွာကျလာသည်။

"တွမ်ရဲ့ ရုပ်ကဘော ဘယ်လိုနေသလဲ"ဟု အေဒါက ဘက်ဆီကိုမေးသည်။

"အရင်ရုပ်နဲ့တော့ တူမှာ မဟုတ်တော့ဘူးလို့ထင်တယ်"

"သူက ဂျိုတာနဲ့သိပ်တူတယ်"ဟု ဘက်ဆီကပြောသည်။

"ရှင်နဲ့ကျတော့ သိပ်မတူဘူး"

"နင်က နင်နဲ့ဒွဒီ လက်ထပ်ပြီးပြီလို့ပြောတော့ တွမ်က ဘာပြောသလဲ" ဟု ဂျိုတာကပြောသည်။

"ဘာမှသိပ်မပြောပါဘူး၊ ကျွန်မထင်တာကတော့ ဘာမှလဲ စိတ်ဝင်စားပုံမပြပါဘူး"





"တွမ်ကပြောတယ်၊ ဘက်ဆီဟာ နှစ်ဆယ့်ငါးဆင့်တန် မိန်းမရွှင်တဲ့" ဒွဒီကပြောသည်။

"အဲဒီစကားက သူကိုယ်တိုင် ဘက်ဆီကို တိုက်ရိုက်ကြီး ပြောတာဗျ၊ ဒါပေမယ့် ဘက်ဆီက ဘာမှပြန်မပြောဘူး"

စစ္စတာဘက်ဆီသည် ဒွဒီ၏လည်ပင်းကို နောက်တစ်ကြိမ် ထပ်ညှစ်ပြီး ခါယမ်းပြန်သည်။

ဘေးမှရပ်နေသော ဂျိုတာနှင့် အေဒါတို့က ဝင်၍မဖျင်၊ သည်အတိုင်းပင် ရပ်ကြည့်နေကြ၏။

သူတို့ပြောသမျှကို အယ်လီမေကလည်းကြားသည်။ သို့သော် အနားသို့မလာ။

ယခုတစ်ကြိမ်တွင်မူ ဒွဒီက သူ့လည်ပင်းကို ဘက်ဆီ လက်ထဲမှ အမြန်ဆုံးလွတ်အောင် ရုန်းထွက်သည်။ ဘယ်လိုရုန်းလျှင် လွတ်မည်ကို သူကောင်းစွာ နားလည်သွားပြီ။

"ခင်ဗျားကြီး . . . ကျုပ်ကိုမထိနဲ့"ဟု ဒွဒီကအော်သည်။ မျက်နှာကို လက်သီးနှင့်ထိုးသည်။

"မဟုတ်ဘူး ဒွဒီ"ဟု ဘက်ဆီက ခပ်ယယ လေသံဖြင့် ပြော၏။

"မဆဲတော့ မကျိန်တော့ဘူးလို့ မင်းကတိပေးထားတယ် မဟုတ်လား၊ လူကောင်းတွေဟာ ဆဲတတ်ဆိုတတ် ရိုင်းရိုင်းစိုင်းစိုင်း ပြောတတ်တဲ့ တရားဟောဆရာတစ်ယောက်ရဲ့ တရားကို နာပါ့မလား ဒွဒီရယ်"

ဒွဒီက ပခုံးနှစ်ဘက်ကို တွန့်လိုက်ပြီးအနားမှ ထွက်သွားသည်။

ဘက်ဆီမကြားလိုသော စကားတစ်ခွန်းကို သူ့ပါးစပ်မှ ထွက်တိုင်း ဘက်ဆီက သူ့လည်ပင်းကို ထထညှစ်နေသည့်အတွက် သူ စိတ်ရှုပ်လာပြီဖြစ်သည်။

"ဒွဒီဘယ်တော့လောက် တရားဟောဆရာ လုပ်မှာလဲ"ဟု

ဂျိုတာကမေးသည်။

"လာမယ့် တနင်္ဂနွေနေ့ စာသင်ကျောင်းမှာ တရား နည်းနည်းပါးပါး ဟောဖို့စီစဉ်ထားတယ်၊ တရားဟောတဲ့အခါ ဘယ်လိုပြောရ၊ ဟောရမယ်ဆိုတာ ကျွန်မသူ့ကို သင်ပေးထားပြီးပြီ"

"သူကိုယ်သူ သိသင့်တယ်လို့ ငါကတော့ ထင်တာပဲလေ" ဟု ဂျိုတာကပြောသည်။

"အရာရာတိုင်းကို နင်ကချည်း သင်ပေးနေရမှာလား၊ သူကကော ဘာမှ မသိဘူးတဲ့လား"

"သူက ကျွန်မလို တရားဟောတဲ့ အလေ့အကျင့်မှ မရှိသေးပဲကိုး၊ အဲဒီတော့ ဘာပြောရမယ်၊ ဘယ်လိုပြောရမယ်ဆိုတာတွေ သင်ပေးနေရတာပေါ့၊ အခုလို သင်ပေးနေတာက ကြာမယ်တော့ မထင်ပါဘူး၊ သူသိသွားရင် ကျွန်မက သင်ပေးစရာမလိုတော့ဘူးပေါ့၊ ကျွန်မယောကျ်ားက ကျွန်မကို ဘာဟောရပြောရမယ်ဆိုတာ စနေနေ့ ညမှာ သင်ပေးတယ်။ နောက်တစ်နေ့ နေ့ခင်းကျတော့ စာသင်ကျောင်းသွားပြီး တရားဟောတာ သုံးနာရီလောက်ကိုကြာတယ်၊ အထာလေးကိုသိသွားရင် မခက်ပါဘူး ဒီက လာမယ့် တနင်္ဂနွေနေ့မှာ သူဘာဟောမယ်ဆိုတာ ကျွန်မကို ပြောထားပြီးပြီ။ အချိန်ကျလာရင် သူဘာပြောရမယ်ဆိုတာ သိနေပြီရှင့်"

"တနင်္ဂနွေနေ့ကျရင် သူက ဘာဟောမှာတဲ့လဲ"

"ယောကျ်ားတွေ ရုပ်အကျီအနက်တွေ ဝတ်တဲ့အကြောင်း ပြောမှာတဲ့"

"ရုပ်အကျီအနက်တွေ၊ ဘာလဲဟ၊ အဲဒါဘာဆိုင်လို့လဲ"

"ရှင် သူ့ကိုမေးကြည့်ပေါ့၊ သူကတော့သိတယ်"

"ရုပ်အကျီအနက်တွေအကြောင်းဟာတော့ တရားဟောစရာ မရှိပါဘူးလေဟာ၊ ငါတွေးလို့ရသလောက်ကတော့ ဘာမှလည်း မဆိုင်ပါဘူး။ ဒီအကြောင်းငါဖြင့် တစ်ခါမှ မကြားခဲ့ဖူးပေါင်ဗျာ"

"တနင်္ဂနွေနေ့ နေ့ခင်းကျတော့ စာသင်ကျောင်းကို လာပြီး နားထောင်ကြည့်ပေါ့၊ ဒါဆိုရင် သိလာမှာပေါ့"

"ဒါဆိုရင် သူက ရုပ်အကျီနက်အကြောင်းကို အကောင်း ဟောမှာလား၊ အဆိုးဟောမှာလား"

"အဆိုးဟောမှာ"

"ဘာအတွက် အဆိုးဟောရမှာလဲ ဘက်ဆီရဲ့"

"ဒီဟောမယ့် တရားအကြောင်းကိုပြောဖို့က ကျွန်မအလုပ် မှ မဟုတ်တာ၊ သိချင်ရင် စာသင်ကျောင်းကိုသွားပြီး နားထောင်ပေါ့။ တရားဟောဆရာတွေဟာ သူတို့ဟောမယ့်တရားကို လူတွေ ကြိုသိ သွားတာ မကြိုက်ကြဘူး၊ လူတွေသိသွားရင်လည်း တရားဟောတဲ့ နေရာအထိ ဒုက္ခခံပြီး ဘယ်လာနားထောင်တော့မှာလဲ"

"တရားအကြောင်းတွေကို ငါသိပ်ပြီး သိချင်မှသိမယ်ပေါ့ ဟယ်၊ ဒါပေမဲ့ ယောကျ်ားတွေ အကျီနက်ဝတ်တဲ့ တရားဆိုတာမျိုး ကတော့ ငါတစ်သက်မှာတစ်ကြိမ် တစ်ခါမှ မကြားဖူးခဲ့တာ အမှန်ပဲ၊ ပြီးတော့ အကျီနက်ဝတ်တာကို ဆန့်ကျင်မယ့်တရားတဲ့၊ ယောကျ်ား တစ်ယောက်က ဘုရားသခင်ကို မကောင်းပြောလို့ ဘယ်ဖြစ်မလဲ၊ သူ့အနေနဲ့ နတ်ဆိုးတို့၊ ဒုစရိုက်မှုတို့ကိုသာ မကောင်းဟောလို့ရတာ၊ လူတွေကလည်း ဒါမျိုးပဲကြားချင်ကြတာ၊ သူတို့က မကောင်းတာ တွေပဲ ကြားနေချင်ကြတာရှင့်"

"နင်ဟာ တော်တော်ကိုလည်တဲ့ မိန်းမတစ်ယောက်ပါလား ဘက်ဆီ" ဟု ဂျိုတာကပြောသည်။

"ဘုရားသခင်ကတော့ နင့်လိုခပ်လည်လည်မိန်းမ တရား ဟောဆရာတစ်ယောက် ရထားတဲ့အတွက် သိပ်ကိုဂုဏ်ယူမှာပဲ၊ ဒါပေမဲ့ ဒီဒီကျတော့ သူက ဘယ်လိုသဘောထားမယ်မသိဘူး၊ အထူးသဖြင့် ယောကျ်ားတွေ ရုပ်အကျီအနက်ဝတ်တာ မကောင်းဘူး ဆိုတဲ့ တရားကိုသာဟောရင် သူ ဘယ်လိုများ သဘောထားမလဲ မပြောတတ်ဘူး၊ ငါဖြင့် ရုပ်အကျီအနက်ဝတ်တဲ့ ကောင်ဆိုလို့ တစ်ကောင်မှ မတွေ့ဖူးပေါင်၊ တို့တောပိုင်းမှာ အဲသလို ဝတ်တာမျိုး

ရှိလိမ့်မယ်လို့လည်း ငါမထင်ပါဘူး"

ဂျိုတာသည် ကားဘော်ဒီပေါ်မှ အချိုင့်ကြီးကို လက်ဖြင့် ပွတ်နေသည်။

သူ့လက်သည်းများသည် ကားဘော်ဒီမျက်နှာပြင်ရှိ ဆေးများကို ခြစ်မိ၏။ ဆေးများသည် အဖတ်လိုက်အဖတ်လိုက် ကွာကျနေကြလေသည်။

"ကျွန်မကားကို လက်နဲ့မပွတ်ပါနဲ့" ဟု ဘက်ဆီက ဟန့်သည်။

"ရှင်နဲ့ အေဒါပွတ်လို့ ဆေးတွေအတော်ကွာကုန်ပြီ"

"နင် ငါ့ကိုအဲသလို မပြောပါနဲ့ဘက်ဆီရာ၊ နင့်ကားကို နင်တို့ လုပ်ထားသလောက် ထိခိုက်အောင် ငါမလုပ်သေးပါဘူး"

"ဘာပဲဖြစ်ဖြစ် ရှင် ကျွန်မကားကိုမကိုင်နဲ့"

ဂျိုတာသည် နောက်သို့ ခွာသွားပြီး အိမ်ထောင့်တွင် မှီ၍ ရပ်နေသည်။

ပါးစပ်က ဘာမှပြန်မပြောသော်လည်း မျက်လုံးများဖြင့် ဘက်ဆီကို စူးစူးဝါးဝါးကြည့်နေသည်။

"ရှင်တို့ကို ကားနားကပ်ခွင့်တောင် မပေးသင့်ဘူး၊ ဟိုထင်းတွေကို ဩဂတ်စတာသယ်သွားတဲ့အတွက် ထိုင်ခုံတွေအားလုံး ရစရာမရှိအောင် ပေါက်ပြဲကုန်ပြီ၊ တွေ့တယ်မဟုတ်လား"

"နင်က ငါ့ကို ကားပေါ်တက်ခွင့်တောင် မပေးတော့ဘူး ဆိုပါတော့၊ ဟုတ်လား"

"တော်လောက်ပါပြီရှင်၊ ကျွန်မကားကို စီးခွင့်ရဖို့ မမျှော်လင့်ပါနဲ့တော့၊ ဒါကြောင့်လည်း ကနေ့မနက် တွမ်ဆီကိုသွားတော့ ရှင့်ကိုခေါ်မသွားတာ၊ ရှင် ကားနားကိုတောင် မကပ်ပါနဲ့တော့"

"နင်က အဲသလိုလုပ်ရင် ငါကလည်းလုပ်ရမှာပဲ၊ နင် အခုချက်ချင်း ငါ့မြေပေါ်ကထွက်သွား၊ ဘာပဲဖြစ်ဖြစ် ငါနင့်ကို ဒီမြေပေါ် နေခွင့်မပေးနိုင်တော့ဘူး"





ဘက်ဆီသည် ရုတ်တရက်ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ သူသည်ပတ်ဝန်းကကျင်ကို တစ်ချက်ဝေ့ကြည့်ပြီး ဒူဒီကို ရှာသည်။ ဒူဒီအနားတွင် မရှိ။

"ရှင်က ကျွန်မကိုနှင်တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ် နှင်တယ်၊ ငါပြောပြီးပြီကော၊ အခုချက်ချင်း ငါ့မြေပေါ်ကထွက်သွားလို့"

"ဒါ ရှင်ပိုင်တဲ့မြေမဟုတ်ဘူး၊ ကပ္ပတိန်ဂျွန်ရဲ့မြေ၊ ဒီမြေကို သူပိုင်တာ"

"အံမယ်...ဒါဟာ လက်စတာပိုင်တဲ့မြေဟ၊ နင့် ကပ္ပတိန်ဂျွန်လည်း ဒီမြေကိုမပိုင်ဘူး၊ ဘယ်အကောင်မှ မပိုင်ဘူး၊ ဩဂတ်စတာက သူဌေးကောင်တွေ ဒီကိုလာပြီး ငါတို့ပိုင်ဆိုင်မှုအားလုံးကို ယူသွားပေမဲ့ တို့ယာတွေကို ယူသွားနိုင်သလား၊ ဝေးပါသေးတယ်၊ ဒီကောင်တွေငါ့မြေကို ငါ့လက်ထဲက လုံးဝလုယူမသွားနိုင်ပါဘူးဟ၊ ဒီမြေတွေကို ငါ့အဖေပိုင်ခဲ့တယ်၊ ငါ့အဖေအရင်က သူ့အဖေပိုင်ခဲ့တယ်၊ ငါ့လက်ထက်မှာ ငါအသက်ရှင်နေသမျှ ကာလပတ်လုံး ငါ့လက်ထဲက တစ်လက်မတောင် အလွတ်မခံဘူးဟေ့သိလား၊ ကဲ မယ်မင်းကြီးမ ငါ့မြေပေါ်က အခုချက်ချင်းကြွ"

"ကျွန်မနဲ့ဒူဒီမှာ နေစရာမရှိတာ၊ ကျွန်မအိမ်ကလည်း ခေါင်မိုးတွေအားလုံး ပေါက်ပြဲနေပြီ"

"နင်တို့ နေစရာမရှိတာ ငါနဲ့မဆိုင်ဘူး၊ နင်တို့ဟာနင်တို့ ဘယ်ကိုပဲသွားသွား သွားကြ၊ နင်တို့ငါ့မြေပေါ်မှာ မနေနဲ့၊ နင့်ကားကို ငါစီးချင်တဲ့အချိန် စီးခွင့်မပေးလို့ကတော့ နင်တို့လည်း ဒီမြေပေါ်မှာ မနေရဘူး၊ ဒါပဲ၊ နင့်ရဲ့ နပ်ချေးတွေတပေပေဖြစ်နေတဲ့ နှာခေါင်းပေါက်ကြီးနှစ်ပေါက်ကို ကြည့်နေရတာလည်း ငါစိတ်ကုန်သွားပြီ သွားပေတော့"

ဘက်ဆီက ဂျိုတာထံသို့ပြေးကာ မျက်နှာကိုလက်သည်းများဖြင့် ကုတ်ဖဲ့သည်။

"နင်ဟာ အလွန်စုတ်ပဲ့ထွဲ လူကြီး။ နင့်ကို ဘုရားသခင်က ချေမြည်ကိုပို့ပါစေတော့၊ ဘယ်တော့မှ ပြန်ပြီးမကယ်ပါစေနဲ့"

ဘက်ဆီ၏ အော်သံများ ကြားလိုက်ရသောအခါ အေဒါသည် အိမ်ကို ကျော့ပတ်ပြီးပြေးလာသည်။

ဂျိုတာ၏မျက်နှာ သွေးချင်းချင်း နီရဲနေသည်ကို မြင်လိုက်သောအခါ ထိန်းမနိုင်လောက်အောင် ဒေါသထွက်လာသည်။

သူသည် ဘက်ဆီကိုလက်သီးဆုပ်များဖြင့် ထုသည်၊ ခြေထောက်ဖြင့် တစ်အားကျုံး၍ကန်သည်။

ဒူဒီသည် အပြေးအလွှားရောက်လာသည်။

သုံးယောက်သား တစ်ယောက်နှင့်တစ်ယောက် ထိုးကြိတ်ကြ၊ ကုတ်ဖြဲ၊ ဖဲ့ကြဖြစ်နေသည်ကို ရပ်၍ကြည့်နေသည်။

သစ်ပင်နောက်ကွယ်မှ အယ်လီမေကတော့ ရယ်နေသည်။

တိုက်ပွဲမှ ပထမဆုံးနောက်ဆုတ်သူမှာ ဘက်ဆီ။ အေဒါနှင့် ဂျိုတာတို့နှစ်ယောက်က သူ့ကိုဝိုင်းတွယ်နေကြသဖြင့် လက်တုံ့မပြန်နိုင်ဖြစ်နေသည်။

သူသည် ကားဆီသို့ပြေးကာ ကားပေါ်သို့ခုန်တက်သည်၊ ဂျိုတာသည် တုတ်တစ်ချောင်းကောက်ကာ ဘက်ဆီကို အချက်ပေါင်းများစွာရိုက်သည်။

အေဒါသည် ဂျိုတာ့လက်ထဲမှတုတ်ကို ဆွဲလုပြီး ထိုတုတ်ဖြင့် ဘက်ဆီ၏နံကြားများကို ဆောင့်ဆောင့်ထိုးသည်။

ဂျိုတာသူ့ခေါင်းနှင့် လက်မောင်းများကို ရိုက်ခဲ့က အခုလောက်မနာ၊ တုတ်အချွန်နှင့်ထိုးကာမှ ပို၍နာလာသဖြင့် သံကုန်ဟစ်၍ အော်လေတော့သည်။

အယ်လီမေနှင့် ဘွားအေကြီးတို့သည် သစ်ပင်နောက်မှ ထွက်လာကြပြီး ရန်ပွဲကိုကြည့်နေကြသည်။

ဒူဒီသည် ကားပေါ်ခုန်တက်ပြီး ကားကို လမ်းဘက်သို့ နောက်ပြန်ဆုတ်သည်။





သူ့အဖို့ကတော့ ခွေးရေးရာတစ်လမ်းသာရှိ၏၊ သူသည် မော်တော်ကားကို မမောင်းဘဲမနေနိုင်၊ ထို့ကြောင့် သူဘက်ဆီကို လက်လွှတ်မခံနိုင်။

သစ်ပင်နောက်ကွယ်မှ ကြည့်နေသော အဘွားကြီး လက်စတာသည် ရန်ပွဲကိုကောင်းစွာ မမြင်ရတော့သဖြင့် အခြား သစ်ပင် တစ်ပင်ဆီသို့ကူး၏။

သစ်ပင်နှစ်ပင်ကြား လမ်းခုလတ်အရောက်တွင် နောက်ဆုတ်လာသည့်ကားက မရှောင်နိုင်တော့ဘဲ ဝင်တိုက်သဖြင့် လဲကျသွားသည်။

ဘက်ဆီသည် ကားပေါ်မှရှေ့သို့ကုန်းကာ အေဒါနှင့် ဂျိုတာတို့ကို လှက်နှင့်လှမ်းရိုက်၏။

အေဒါတို့က ဆေးရွက်ကြီးလမ်းပေါ် ရောက်သည်အထိ နောက်မှလိုက်သွားကြ၏။

အေဒါသည် ကျောက်ခဲကြီးတစ်လုံး ကုန်းကောက်ပြီး မော်တော်ကားဆီသို့ တစ်အားကုန်ပစ်ပေါက်၏။

ထိုအချိန်တွင် ဘက်ဆီနှင့်ဒူဒီတို့သည် ပေပေါင်းအတော်ကွာသို့ ရောက်နေပြီ။ အေဒါပစ်လိုက်သော ခဲလုံးကြီးသည် ပစ်မှတ်ဆီသို့မရောက်၊ ပစ်မှတ်နှင့် လေးပုံသုံးပုံခန့်အကွာတွင် ကျသည်။

တကယ်တော့ ညှုံ့မှုလောက်ကြီးမားသော ခဲလုံးကြီး တစ်လုံးကို ညှုံ့မှုလောက်ဝေးဝေးရောက်အောင် ပစ်နိုင်လောက်သည့် ခွန်အား သူ၌မရှိသည်ကို သူသိသင့်၏။

အဘယ်ကြောင့်ဆိုသော် သူပစ်လိုက်သော ကျောက်ခဲကြီးသည် အလုံပိတ်မီးဖိုကြီးတစ်လုံး၏ အဖုံးတစ်ခုလောက် ကြီးနေခြင်းကြောင့်ပေတည်း။

■

## ( ၁၈ )

တလိပ်လိပ်ထနေသော မုန်မှုန့်များလမ်းပေါ်သို့ ပြန်ကျပြီးသည့် အခါကျမှပင် အေဒါနှင့် ဂျိုတာတို့သည် မြဲထဲသို့ပြန်ဝင်ကြ၏။

ဂျိုတာသည် ရေတွင်းမှရေတစ်ပုံးဆွဲ၍ တစ်ဝသောက်လိုက် ပြီးသော် ယာခင်းထဲရှိ ပိတ်စွယ်မြက်ပင်များကြားသို့ လျှောက်သွား၏။

မြေကြီးများကို မည်မျှလောက်အထိမာသည်ကို စမ်းသပ် သွားခြင်းပေတည်း။

မြေထဲတွင် ထွန်လို့ရလောက်သည့် အစိုဓာတ်ရှိနေသည် ဟူ၍ကား သူယုံကြည်ထား၏။

သို့သော် သေချာစေချင်၍ ယခုကဲ့သို့ ကန်ကြောက်ကြည့် နေခြင်းဖြစ်၏။

ဒီနှစ်တော့ လားတစ်ကောင်ခေါင်ငှား၍ ရလိမ့်မည်ဟု သူ တွက်ထား၏။ လားသာရလျှင်ယာကို အမြန်ထွန်မည်။ ပြီးတော့ လာမည့် အပတ်ထဲဝါမျိုးကြဲမည်။

ဂျိုတာသည် သူ၏ ခါးစောင်းလောက်မြင့်သည့် ပိတ်စွယ် မြက်များကို ကွေ့ပတ်ပြီးလျှောက်လာသည်။

ထိုအခိုက်မှာပင် ဆောရွက်ကြီးလမ်းအတိုင်း ကဆုန်ပေါက်၍ ပြေးလာနေသည့် လပ်ဗ်ကိုလှမ်းမြင်၏။

လပ်ဗ်တွင် ဦးထုပ်ပင်မပါ၊ လူကလည်း အသက်ရှူမှန်ပုံမရ၊ အိမ်ရှေ့ခြံဝသို့ ရောက်လျှင်ရောက်ချင်း လပ်ဗ်ကဂျီတာကို အော်ခေါ်၏။

ဂျီတာက မြက်ပင်များကို တိုးဖေ့ပြီးခြံဝသို့ပြေးသည်။ လပ်ဗ်၏အဝတ်အစားများသည် ညစ်ပတ်ပေရေလျက်ရှိသည်။

စီးထားသည့်ဖိနပ်ကလည်း ကျောက်မီးသွေးကော်သည့် အချိန်တွင် စီးသည့်ဖိနပ်။ သူ့ခေါင်းမှဦးထုပ်သည် ဂျီတာ့ထံ ပြေးအလာ လမ်းတွင်ကျွတ်ကျကျန်ခဲ့၏။

သူသည် သူ့ဦးထုပ်ကိုပင် ပြန်ကောက်ဖို့အချိန်မရ။ လပ်ဗ်၏ နီရဲရဲဆံပင်သည် အပေါ်သို့ထောင်လျက်ရှိ၏။

သာမန်အားဖြင့်ဆိုလျှင် သူ့ဆံပင်များသည် သူ့နဖူးကို အုပ်ကာ မျက်စိများထဲသို့ ဝင်နေတတ်လေ၏။

လပ်ဗ်သည် ခြံဝင်းထဲ၌လဲနေသော ဘွားအေကြီးကို တွေ့သဖြင့် အရှိန်ကိုသတ်လိုက်ပြီး တစ်ချက်မျှငုံ့ကြည့်၏၊

သို့သော် သူသည် ထိုနေရာ၌ရပ်မနေ။ ဂျီတာနှင့် မျက်နှာချင်းဆိုင်မိသည်အထိ ဆက်ပြေးသည်။

"ဟ...ဒီအချိန်ကြီး ဘာဖြစ်လို့ဒီကိုလာရတာလဲ"ဟု ဂျီတာက ဆီး၍မေးသည်။

"လျှောစင်မှာအလုပ်မရှိဘူးလား"

အသက်ပင်မရှူနိုင်လောက်အောင် မောနေသော လပ်ဗ်က ချက်ချင်း အဖြေမပေးနိုင်။

သူသည် မြေကြီးပေါ်သို့ ထိုင်ချလိုက်၏။

ဂျီတာက သူ့ဘေးနားတွင် ဆောင့်ကြောင့်ထိုင်လိုက်သည်။

သူတို့ထိုင်ချလိုက်သော နေရာသည် ရေတွင်းနှင့်မနီးမဝေး။ ဂျီတာထံသို့ လပ်ဗ်ရောက်လာချိန်တွင် အယ်လီမေသည်





ရေတွင်းအနီး၌ ရောက်နေခိုက်ဖြစ်၏။

သူသည်ရေပုံးထဲမှရေကို သောက်နေဆဲဖြစ်သည်၊ သူသည် ရေတွင်းအနီးမှ ချက်ချင်းခွာမသွား။ လပ်ဗ်ထိုင်လိုက်ချိန်အထိ ရပ်ကြည့်နေသည်။

သို့မှသာလျှင် လပ်ဗ်က ဂျီတာအား ဘာတွေပြောနေသည်ကို သူကြားရမည် မဟုတ်ပါလား။

"ဘာဖြစ်လို့လဲ လပ်ဗ်"ဟု ဂျီတာကမေးသည်။

"ဒီလောက်ကြီး အမောတကော ပြေးလာရအောင်ဟာ ကျောက်မီးသွေးလျှောစင်မှာ ဘာဖြစ်လို့တုံး"

"ပါးလ်ဗျ...ပါးလ်၊ သူထွက်ပြေးပြီ"

"ဘယ်ကို ပြေးတာလဲ"ဟု ဂျီတာကထပ်မေး၏။

သူသိပ်ပြီး စိတ်ဝင်စားသည့်ကိစ္စ ဖြစ်နေသဖြင့် စိတ်တော့ ပျက်သွားသည်။

"နေပါဦးလေကွာ၊ ပါးလ်က ဘယ်ကိုထွက်ပြေးတာတုံး"

"ဩဂတ်စတာကိုဗျ"

"ဟုတ်လား"ဟုပြော၍ ဂျီတာကခါးကိုဆန့်လိုက်သည်။

"သူအရင်က လုပ်နေကျအတိုင်း သစ်တောထဲဝင်ပုန်းနေတာ ဖြစ်ချင်ဖြစ်မယ်ကွ၊ မင်းက ဘာကြောင့်ဩဂတ်စတာကို ပြေးတာလို့ တပ်အပ်ပြောနိုင်တာလဲ"

"ကျုပ်လည်းမသိတော့ပါဘူးဗျာ"ဟု လပ်ဗ်ကညည်းသည်းညူညူပြော၏။

"ဒါပေမဲ့ သူထွက်သွားတာတော့ အမှန်ပဲ၊ ကနေ့မနက် ကျုပ်သူ့ကို ရိုက်လားနှက်လားလည်း မလုပ်ပါဘူးဗျာ၊ တစ်ခုပဲလုပ်မိတယ်၊ ကျုပ်က သူ့ကို အိပ်ရာပေါ်ဆွဲတင်တယ်၊ သူကရုန်းတော့ လွတ်သွားရော၊ အဲဒါကတည်းက ထွက်ပြေးတာပဲဗျ"

"မင်းက သူ့ကိုတခြားဘာများ လုပ်ခဲ့မိသေးလဲ"

"ဘာမှ မလုပ်ပါဘူးဗျာ၊ ကျုပ်က သူ့ကိုထွန်ကြိုး

တစ်ချောင်းနဲ့တုပ်ထားရင် အိပ်ရာပေါ်မှာ သူနေသွားလိမ့်မယ်ထင်လို့ပါ၊ တကယ်လို့ တုပ်ထားရင်လည်း ခဏပါ၊ ချက်ချင်း ပြန်လွှတ်ပေးမှာပါ"

"မင်းက သူဩဂတ်စတာထွက်ပြေးတာလို့ ဘယ်လိုလုပ်ပြီးသိတာလဲကွ၊ သစ်တောထဲဝင်ပြီး ပုန်းချင်ပုန်းနေမှာပေါ့ဟ၊ သူ ဩဂတ်စတာကိုပြေးမယ်လို့ မင်းကိုပြောသွားလို့လား"

"သူက ကျုပ်ကို ဘာမှတော့ ပြောမသွားဘူးဗျ"

"ဒီလိုဆိုရင် မင်းက ဘာကြောင့် သူအဲဒီပြေးတယ်လို့ ပြောရတာလဲ၊ အရင်က လုပ်နေကျအတိုင်း သစ်တောထဲ ဝင်ပုန်းနေတာကော မဖြစ်နိုင်ဘူးလား"

"ပထမတော့ သူထွက်ပြေးတာတောင် ကျုပ်မသိပါဘူး၊ နောက်မှ ဂျုန်းပီးအော်ဒီရောက်လာပြီး ပြောတော့မှသိတာ။ ဂျုန်းပီးအော်ဒီက ဩဂတ်စတာမြို့မှာ ပါးလ်ကိုတွေ့ခဲ့တယ်လို့ပြောတယ်။ သူကလည်း ဩဂတ်စတာကို သစ်တင်ကားအလွတ်ကြီးမောင်းပြီး ဖူးလားကိုအပြန်မှာ ဆုံမိကြတာတဲ့ဗျ။ သူက မော်တော်ကားရပ်ပြီး၊ ဟဲ့...နင်ဘယ်သွားမလို့လဲလို့ မေးတော့ သူက ဘာမှပြန်မပြောဘူး။ ပီးအော်ဒီကပြောတော့ ပါးလ်ကိုကြည့်ရတာ တစ်ခုခုကို အသက်ထွက်တော့မလောက် ကြောက်နေပုံပေါ်သတဲ့ဗျ"

"အင်း...ပါးလ်ကလည်း လစ်စီဘဲလ်လိုဖြစ်တာပဲ ထင်ပါရဲ့ကွာ လစ်စီဘဲလ်လည်းအိမ်က အခုလိုထွက်ပြေးတာပေါ့။ ဘာပြုလို့ပြေးသလဲဆိုတာ ပထမတော့ ငါလည်းမသိပါဘူး၊ နောက် ဩဂတ်စတာက လမ်းတစ်လမ်းထဲမှာ အမှတ်မထင် သူနဲ့တစ်ကြိမ်ဆုံတော့မှ အကြောင်းမှန်ကိုသိရတယ်...။

"ဟဲ့...နင်ငါ့ကိုလည်းမပြော၊ နင့်အမေကိုလည်းမပြော၊ အိမ်ကဘာလို့ ထွက်သွားတာလဲလို့ ငါကမေးတယ်ကွသိလား၊ ဒါပေမဲ့ သူက ဘာမှပြန်မပြောဘူး၊ ငါကတော့ ဟိုနားဒီနား လျှောက်သွားသလိုမျိုးပဲ ထင်မိတာကိုးကွ၊ သေသေချာချာ သူ့ကို





ကြည့်လိုက်တော့ ငါသဘောပေါက်လာတယ်...။

"အံမယ်၊ သူက အဝတ်အစားတွေ ဝတ်ထားလိုက်တာကြော့နေတာပဲ၊ ခေါင်းမှာလည်းဦးထုပ်ဆောင်းလို့၊ သူက ထုတ်ဖော်မပြောပေမဲ့ ငါကလည်းရိပ်မိပါတယ်ကွာ၊ သူက ဝါကြိတ်စက်ရုံမှာ အလုပ်လုပ်တယ်၊ မြစ်တစ်ဖက်ကမ်းမှာပေါ့၊ အင်း... သူ ဘာကြောင့်အိမ်ကထွက်ပြေးတာလဲဆိုတာ စဉ်းစားစရာရလာတာပေါ့၊ အေဒါနဲ့တွေ့တော့ အေဒါကပြောပြတယ်၊ လစ်စီဘဲလ်ဟာ ခေတ်မီမီ၊ ခေတ်ဆန်ဆန် အဝတ်အစားတွေ ဝတ်ချင်ရှာတယ်တဲ့၊ ဒါကြောင့်မို့ ဟိုကိုသွားပြီး စက်ရုံမှာအလုပ်ဝင်လုပ်တာတဲ့၊ ဒါမှလည်း သူဝတ်ချင်တာတွေ ဝတ်ရမှာတဲ့"

"ခင်ဗျားပြောသလို အဝတ်အစားတွေ ဦးထုပ်တွေလိုချင်တယ်လို့ ပါးလ်ကကျုပ်ကို လုံးဝမပြောပါလားဗျာ"ဟု လပ်စ်က ပြောသည်။ "ကျုပ် ကျောက်မီးသွေးလျှောစင်မှာ လုပ်နေတာ တစ်နေ့ တစ်ဒေါ်လာရနေတာပဲ၊ သူလိုချင်တဲ့ ဦးထုပ်တို့၊ အဝတ်ဆန်းဆန်းတို့ကို ကျုပ်ဝယ်ပေးနိုင်ပါတယ်ဗျာ၊ သူက ကျုပ်ကို ဘာမှပြောတာမှမဟုတ်ဘဲ၊ သူက ဘယ်သူ့ကိုမှလည်း စကားပြောတာ မဟုတ်ဘူး၊ ကျုပ်နဲ့လည်း အတူတူမှ မအိပ်တာဘဲ"

"အကောင်းဆုံးနည်းကတော့ သူအခုထွက်ပြေးတာကို ဒီအတိုင်းပဲ လွှတ်ထားလိုက်ပေါ့ကွာ၊ သူက ဆေးရွက်ကြီးလမ်းမှာ နေရတာကို မကျေနပ်တော့ဘူး၊ မင်းက သူ့ကိုသွားပြန်ခေါ်တာလဲ ထူးမှာမဟုတ်ပါဘူး၊ အခုပြေးတာထက် နှစ်ဆလောက်မြန်အောင် ဝေးအောင်ပြေးတော့မှာကွ၊ သူက လစ်စီဘဲလ်တို့နဲ့တူသွားပြီ၊ တခြားမိန်းကလေးတွေ စိတ်မျိုးလည်းဝင်သွားပြီကွ၊ မိန်းကလေးတွေကတော့ ငါလည်း သူတို့နာမည်တွေ မမှတ်မိတော့ပါဘူး၊ သူတို့အားလုံး အတူတူနဲ့ အနူနူချည်းပါပဲ၊ အားလုံး အဝတ်အစားခေတ်ဆန်ဆန် ပုံလှလှလေးတွေ ဝတ်ချင်ကြတာချည်းပဲ၊ သူတို့က သူတို့ အမေတွေချုပ်ပေးတဲ့ သရက်ထည်ဂါဝန်တို့ ဘာတို့နဲ့ မကျေ

နပ်ကြတော့ဘူးကွာ...။

"ဒီမယ်၊ ငါ့အဘွားကြီး အေဒါတောင် ကောင်မလေးတွေလိုပဲ ဝတ်ချင်နေပြီ၊ ဒါပေမဲ့ သူကတော့ ဝတ်သာဝတ်ချင်တာ၊ ရအောင်တော့ မလုပ်နိုင်တော့ပါဘူး၊ အဲဒါဟာ ကောင်မလေးတွေ သူတို့အမေတွေဆီကတစ်ဆင့် ပညာရခဲ့ကြတာချည်းပဲ၊ အေဒါက အခုတော့ အဝတ်အစားဆန်းဆန်းတွေ ဝယ်ပေးဖို့ မပူဆာပါဘူး။ ဒါပေမဲ့ သူသေရင်ဝတ်ဖို့ အဝတ်အစားတော့ ဝယ်နိုင်းနေတုန်းပဲ၊ ဒါကလည်း လွယ်မယ်မထင်ပါဘူးကွာ၊ သူ့မှာ အခုရှိနေတဲ့ အဝါရောင် သရက်ထည်ဂါဝန်နဲ့ပဲ မြေမြှုပ်ခံရမှာပဲ"

"သူ ပြန်များလာမလား မသိဘူး"ဟု လပ်ဇ်ကပြောသည်။

"သူပြန်လာလိမ့်မယ်လို့ကော ခင်ဗျားထင်သလား"

"ဘယ်သူလဲ၊ ပါးလ်ကိုပြောတာလား၊ ဒါကတော့ ငါ စိတ်ချလက်ချ ဘယ်ပြောရဲပါ့မလဲကွ၊ လစ်စီဘဲလ်ထွက်သွားတယ်၊ ပြန်မလာဘူး၊ တခြားကောင်မလေးတွေကော ဘယ်မှာပြန်လာကြလို့လဲ"

"ကျုပ်ကတော့ သူ့ကို လက်လွှတ်ရမှာ စိုးရိမ်တယ်ဗျာ၊ အကြောင်းကလေးတွေက ရှိနေလို့ပါ၊ ပါးလ်က အတော်လှတဲ့ ကောင်မလေးဗျ၊ ဆံပင်က အဝါရောင်အခွေလိုက် အလိပ်လိုက်၊ သူ့ နောက်ကျောပေါ် ကျနေလိုက်ကကိုက လှတာဗျ၊ သူ အိပ်ခန်းထဲမှာ ဆံပင်ဖြီးနေရင် ကျုပ်ကပြတင်းပေါက်က ချောင်းချောင်းကြည့်ခဲ့တာ"

"အေး...ဟုတ်တယ်၊ မင်းပြောတာအမှန်ပဲ"ဟု ဂျိုတာက ပြောသည်။ "ပါးလ်ရဲ့ဆံပင်တွေက အဝါရောင်ဆိုတော့ တော်တော် လှတယ်၊ ဒါပေမယ့် သူက တစ်ယောက်တည်းနေချင်တဲ့စိတ် ရှိနေတာက အတော်ဆိုးတယ်ကွ၊ ငါ့မိန်းမအေဒါကလည်း သူ့ကို ချောစေချင်သကွာ၊ အေဒါက ငယ်ငယ်တုန်းကလည်း သိပ်မချောဘူး ကွ၊ ဒါပေမဲ့ ဟို...သောက်ကောင်မ ဘက်ဆီလောက်တော့ အရုပ်





တော့ မဆိုးပါဘူး၊ အဲဒီကောင်မကြီးရဲ့ နှာခေါင်းကြီးနှစ်ပေါက်ဟာ ဘယ်လောက်များ ကြည့်ဆိုးလိုက်သလဲကွာ"

"ပါးလ်က ခက်တယ်ဗျာ၊ ကျုပ်တို့ဘက်အပိုင်းမှာ သူ့လောက်လှတဲ့မိန်းကလေး တစ်ယောက်မှမရှိဘူးလို့ ကျုပ်က သိပ်ပြောချင်တာပဲ၊ ဒါပေမဲ့ သူက ကျုပ်ဘာပြောပြော နားမထောင်ဘူးဗျ၊ ကျုပ်က သူ့ကိုနေ့စဉ် မြင်နေရတဲ့လူဆိုတော့ အခုလို သူ ကျုပ်လက်ထဲက ထွက်ပြေးပြီး ဩဂတ်စတာမှာနေတော့ မယ်ဆိုရင် ကျုပ်ဘယ်လိုလုပ်ပါ့မလဲ...။

"ကျုပ်သူ့ကို အမြဲလွမ်းနေတော့မှာ၊ သူ့ဆံပင်အဝါလေးတွေနဲ့၊ မျက်လုံးအပြာလေးတွေကို ကျုပ်လုံးဝမေ့လို့မရဘူး၊ မနက်စောစော နေမထွက်ခင် သူ့မျက်လုံးပြာပြာလေးတွေကို မြင်ရတာစိတ်ချမ်းသာတယ်၊ တစ်ခါတလေများ သူ့ကိုကျုပ်ဆွဲညှစ်ပစ်ချင်တယ်ဗျာ"

"အေးကွာ... ငါလဲဘာမှ မတတ်နိုင်ဘူး၊ မင်း အယ်လီမေကို ပါးလ်အစား ခေါ်မသွားချင်ဘူးလား"ဟု ဂျိုတာကပြောသည်။

"သူ့မှာ ရည်းစားလည်းမရှိဘူး၊ ရည်းစားရဖို့လည်း လွယ်မထင်ပါဘူးကွာ၊ ဟိုတစ်လောက မင်းနဲ့အယ်လီမေတို့ တစ်ယောက်ကို တစ်ယောက် အိမ်ရှေ့မှာဖက်နေကြတာ ငါမြင်ခဲ့ရဖူးတယ်၊ မင်းအနေနဲ့ အဲဟိုနေ့ကနေသလို နေချင်စိတ်များ မရှိတော့ဘူးလား"

"တကယ်လို့ ကျုပ် ဩဂတ်စတာလိုက်သွားပြီး သူ့ကို ရှာရင်ကောင်းမယ်၊ ပြန်ကောလိုက်ပါ့မလား"ဟု လပ်ဇ်ကမေးသည်။

"သူ ပြန်လိုက်လိမ့်မယ်လို့ ခင်ဗျားထင်သလား"

"ဘယ်သူလဲ၊ ပါးလ်လား"ဟု ဂျိုတာကပြောသည်။

"မလုပ်နဲ့၊ ငါအာမမခံနိုင်ဘူး၊ မင်း သူ့သွားရှာနေရင် အချိန်ကုန်မယ်၊ အလုပ်ပျက်မယ်၊ သေချာတဲ့ကိစ္စဆိုရင် ငါအစ ကတည်းက လိုက်ရှာပြီးခေါ်ဖို့ ပြောမှာပေါ့၊ ပါးလ်က လစ်စီဘဲလ် ကလယ်ရာနဲ့ တခြားကောင်မလေးတွေလို ဖြစ်သွားတာ၊ သူတို့ အားလုံး ခေတ်ဆန်ဆန် အဝတ်အစားတွေ ဝတ်ချင်လို့ ရူးနေကြတာ

ကွ၊ ငါ့သမီးတွေကလည်း သူတို့အမေ အေဒါချုပ်ပေးတဲ့ သရက်ထည် ဂါဝန်တို့ဘာတို့ကို ဝတ်ချင်ကြတာမဟုတ်တော့ဘူး"

"ဒါပေမဲ့...ပါးလ်က ဘာမှမသိနားမလည်တော့ ဩဂတ်စတာမှာနေရင် ဒုက္ခရောက်မယ်"

"လစ်စီဘဲလ်နဲ့ ကလယ်ရာတို့ကတော့ သူတို့ကိုယ်သူတို့ ထိန်းနိုင်တယ်ကွာ...ဟုတ်လား၊ . သူတို့မှာ ဘာမှဒုက္ခမဖြစ်ဘူး၊ အဲသလိုပဲ နေမှာပါကွာ၊ ကဲ...အခု ငါပြောနေတာက အယ်လီမေ အကြောင်း၊ မင်းသဘောကျရင် သူ့ကိုအိမ်ခေါ်သွားနိုင်တယ်၊ အယ်လီမေကတော့ မင်းတို့ဘက်မှာ နေချင်လွန်းလို့ ရူးနေတာ၊ သူကတော့ ပါးလ်လို ကြမ်းပေါ်ဆင်းအိပ်မှာတော့ မဟုတ်ဘူး လပ်စ်၊ စိတ်သာချ"

"ပါးလ်ရဲ့ ဆံပင်ဝါဝါ အခွေအလိပ်ကလေးတွေကို မျက်စိထဲ ပြန်မြင်ယောင်လာယင် ကျုပ်ငိုချင်တယ်ဗျာ၊ သူ့ဆံပင်နဲ့ မျက်လုံးလှလှကလေးတွေကို မြင်ယောင်မိတဲ့အခါတိုင်း သူ့ကိုမတွေ့ရ မဖက်ရ မထိရ မကိုင်ရ ဖြစ်ခဲ့တာတွေကို စဉ်းစားပြီး ယူကျုံးမရဖြစ်မိတယ်၊ ဒါပေမဲ့ဗျာ သူနဲ့ကျုပ်အတူတူ နေကြပြန်တော့လည်း သူက ကျုပ်ကို အနားတောင်အကပ်ခံတာ မဟုတ်ဘူး၊ အဲသလိုလုပ်လို့ ကျုပ်မျက်လုံးထဲက မျက်ရည်တွေကျရတဲ့ အကြိမ်လည်းမနည်းပါဘူး၊ ဟောဒီဘက်ပိုင်းမှာ ကျုပ်လောက် အထီးကျန်နိုင်တဲ့ကောင် တစ်ကောင်မှ မရှိဘူးထင်ပါတယ်၊ ပါးလ်လိုသိပ်လှတဲ့ ကောင်မလေး တစ်ယောက်က အခုလိုဟာမျိုး လုပ်တာဟာ မကောင်းမှုတစ်ခုခု ပြုတာပဲဗျ"

"အယ်လီမေဟာ ယောကျ်ားတစ်ယောက်တော့ ရမှဖြစ်မှာကွ၊ ဒီအိမ်မှာ တို့နဲ့တစ်သက်လုံးနေလို့ကတော့ ဘယ်ဖြစ်မလဲ၊ ငါနဲ့အေဒါသေသွားရင် သူ့မှာအားကိုးစရာ ရှိပါတော့မလား၊ တကယ်လို့ ငါတို့မရှိရင် သူတစ်ယောက်တည်းနေရမှာ၊ သူတစ်ယောက်တည်းနေလို့ကတော့ လူမည်းကောင်တွေက ဒီအိမ်နား





က ဘယ်ခွာတော့မလည်းကွာ၊ တရုန်းရုန်းလုပ်နေကြတော့မှာပေါ့"

"ကျုပ် ပါးလ်ကို အစိမ်းရောင်ပုတီးလေးတစ်ကုံး ဝယ်ပေးဖူးတယ်သိလား၊ သူ့လည်ပင်းမှာဆွဲထားတာ သိပ်လှတာပဲ၊ ကျုပ်တို့တောပိုင်းမှာ သူ့လောက်လှတဲ့မိန်းကလေး မရှိဘူးဆိုတာ ကျုပ်ကျိန်ပြီးပြောရဲပါတယ်ဗျာ"

"အေးပါလေကွာ...ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ကွာ၊ တကယ်လို့မင်းအခု အယ်လီမေကိုခေါ်သွားမယ်ဆိုရင် ငါသူ့ကို ရေမိုးချိုးပြီး အဆင်သင့်ဖြစ်အောင် လုပ်ထားဖို့ပြောလိုက်မယ်"

"ကျုပ်အယ်လီမေကို ခဏတစ်ဖြုတ်ခေါ်ချင်လည်း ခေါ်သွားမယ်၊ မခေါ်ချင်လည်းမခေါ်ဘူး၊ ပါးလ်နဲ့ပတ်သက်ပြီး ဘာလုပ်မယ်ဆိုတာ ကျုပ်မသိသေးဘူး၊ ကျုပ်ကတော့ သူ့ကိုပဲပြန်လာစေချင်တယ်ဗျာ"

"အယ်လီမေကတော့...."

"အယ်လီမေကတော့ မျက်နှာက အရုပ်ဆိုးတယ်ဗျ" ဟု လပ်စ်ကပြောသည်။ "သူ့မျက်နှာကို ကျုပ်ကြည့်နိုင်အောင် မနည်းလုပ်ရမှာ"

"ဒါကတော့ကွာ၊ မြင်ရဖန်များတော့ ရိုးသွားမှာပါကွာ၊ ဒါမျိုးက ဖြည်းဖြည်းချင်းမှ ရိုးရတာကိုးကွ...ဟုတ်ဖူးလား" ဟု ဂျိတာက ပြောသည်။ "အခုဆိုရင် ငါသူ့ကိုကြည့်ရတာ ဘယ်လိုမှ မနေတော့ဘူး၊ သူ့နှုတ်ခမ်းကွဲကို ငါသတိတောင် မရတော့ဘူး"

လပ်စ်သည် ထိုင်ရာမှထရပ်ကာ အိမ်နံရံကိုမှီလိုက်သည်။ သူသည် အချိန်အတော်ကြာမျှ စကားမပြောဘဲ ပိတ်စွယ်မြက်ပင်ကြီးများဆီသို့ ငေးကြည့်နေသည်။

ဂျိတာက အိတ်ဆောင်မောင်းချစားတစ်ချောင်းဖြင့် တုတ်တစ်ချောင်းကိုလှီးရင်း လပ်စ်၏ အရိပ်အကဲကို ကြည့်နေပါသည်။

ထိုအချိန်တွင် အယ်လီမေသည် သစ်ပင်တစ်ပင်၏ နောက်၌ ရောက်နေပြီဖြစ်သည်။

လပ်ဗ်နှင့်ဂျီတာတို့ စကားပြောနေခိုက်တွင် သစ်ပင်တစ်ပင်မှ တစ်ပင် ကူးပြောင်းရောက်ရှိလာခြင်း ဖြစ်သည်။

အခုသူရောက်ရှိနေသော သစ်ပင်သည် ဂျီတာတို့နှင့် အနီးဆုံးဖြစ်၍ ပြောနေသမျှ စကားများကို အကုန်အစင် ကြားရလေသည်။

လပ်ဗ်သည် ပိတ်စွယ်မြက်ပင်များဆီသို့ ငေးမောနေရာမှ အယ်လီမေဘက်သို့ ဖျတ်ခနဲလှည့်ကြည့်၏။

အယ်လီမေက သူ့မျက်နှာကို လပ်ဗ်မမြင်အောင် သစ်ပင်နောက်သို့ ကွယ်လိုက်သည်။

"ကျုပ် ကျောက်မီးသွေးလျှောစင်ကို မပြန်လို့မဖြစ်ဘူး"ဟု လပ်ဗ်ကပြောသည်။

"နေ့ခင်းဆိုက်နေကျ ကုန်ရထားဆိုက်ကာနီးပြီ၊ ဒီကုန်ရထားက ကျောက်မီးသွေးပြတ်လာတာများတယ်၊ လူစီးရထားမဆိုက်ခင်ကျုပ်က ကျောက်မီးသွေးဖြည့်ပေးရမှာပဲ"

လပ်ဗ်နှင့်ဂျီတာတို့သည် အိမ်ကိုကွေ့ပတ်ပြီး မျက်နှာစာမြဲဝင်းဆီသို့ လျှောက်လာကြသည်။

နှစ်ဦးစလုံး ဘွားအေကြီးလက်စတာကို သတိမရကြ၊ သဲပြင်ပေါ်တွင် အခုအချိန်အထိ ပက်လက်ဖြစ်နေသည်ကို မြင်ကာမှပင် သတိရလာကြ၏။

အဘွားကြီးသည် မှောက်လျက်တွား၍သွားခဲ့သဖြင့် အိမ်နှင့်အတော်ကြီး နီးကပ်နေပြီ။

"အဘွားကြီးက ဘာဖြစ်တာလဲ" ဟု လပ်ဗ်ကမေး၏။

"ဒူဒီနဲ့ဘက်ဆီတို့ မော်တော်ကားက ဝင်တိုက်သွားတာ၊ ငါကဘက်ဆီကို ထိုးကြိတ်နေတုန်း လွတ်အောင်ထွက်ပြေးရင်း အဘွားကြီးကို ဝင်တိုက်သွားတာ၊ ဒီတရားဟောဆရာမအတွက် ငါ့မှာလာပြီး ဝန်တက်နေတယ်၊ ငါကတော့ ကောင်မကို ငါ့မြေပေါ် ခြေအချမခံနိုင်တော့ဘူး၊ ငါမော်တော်ကားစီးလိုက်တာကို သူက





ကြီးကြီးကျယ်ကျယ်လုပ်ပြီး စကားပြောနေတယ်၊ သူက ငါ့ကို သူ့ကားစီးခွင့် မပေးနိုင်ဘူးလေကွာ"

လပ်ဗ်က အဘွားကြီးဆီသို့သွား၍ ငုံ့ကြည့်၏။

သွေးအထွက်ကတော့ ရပ်နေပြီ၊ အဘွားကြီးထံမှ ညည်းညူသံပင်မကြားရ။

"သေပြီနဲ့တူတယ်"ဟု လပ်ဗ်ကပြောသည်။

"သူသေပြီလား ဂျီတာ"

"လူကတော့ တောင့်မသွားသေးဘူးကွ၊ ဒါပေမဲ့ အသက်တော့ ရှင်မယ်မထင်တော့ပါဘူးကွာ"

သူတို့သည် အဘွားကြီးကို ခြေမှတစ်ယောက် လက်မှတစ်ယောက်ဝိုင်းမကာ ယာခင်းထဲရှိ ပိတ်စွယ်မြက်ပင်များကြားသို့ သွား၍ချထားကြ၏။

ဂျီတာက ကျီနောက်မှ ဂေါ်ပြားတစ်လက်ကို သွားယူသည်။

"ငါ အယ်လီမေနဲ့ပတ်သက်ပြီး ပြောခဲ့သမျှကို မင်းစဉ်းစားပါ"ဟု ဂျီတာကပြောသည်။

"မင်းအတွက် ညစာအချိန်မီချက်ထားနိုင်အောင် ငါ အယ်လီမေကို မင်းအိမ်လွှတ်လိုက်မယ်၊ အယ်လီမေကတော့ ပါးလိုမလုပ်ပါဘူး၊ ကြမ်းပေါ်ဆင်းပြီး အိပ်မှာလည်းမဟုတ်ပါဘူး"

လပ်ဗ်သည် ဆေးရွက်ကြီးလမ်းပေါ်သို့ ပြန်တက်ကာ ကျောက်မီးသွေးလျှောစင်ဘက်သို့ ဦးတည်ပြီးလျှောက်သည်။

လမ်းပေါ်မှသဲများသည် သူ့ရှူးဖိနပ်များအတွင်း အဆက်မပြတ် ဝင်ရောက်လျက်ရှိ၏။

သူသည် နောက်ဘက်သို့ လုံးဝလှည့်မကြည့်။

ဂျီတာသည် ဂေါ်ပြားကိုထမ်းကာ ယာခင်းထဲသို့ဆင်း၍ တွင်းတစ်တွင်းတူးသည်။

ထို့နောက် အယ်လီမေကိုလှမ်းခေါ်၏။ သစ်ပင်နောက်

ကွယ်မှရပ်၍ ဂျိုတာ၏ အခေါ်ကိုမျှော်နေသော အယ်လီမေသည် ခေါသံကြားလိုက်သည်နှင့် တစ်ပြိုင်နက်ထွက်လာသည်။

"နင်ရေလေးဘာလေးချိုးပြီး လပ်ဗ်အိမ်ကိုသွား၊ သူ့အတွက် လုပ်ပေးစရာရှိတာလုပ်ပေး၊ ကြားလား"ဟု ဂျိုတာကဂေါ်ပြား လက်ကိုင်ကိုအားပြု၍ ရပ်နေရာမှလှမ်းပြော၏။

"ကနေ့ည သူပြန်လာတဲ့အခါ ညစာအချိန်မီစားနိုင်အောင် သူခိုင်းတဲ့အတိုင်း ချက်ပြုတ်ပေး"

အယ်လီမေသည် ဂျိုတာစကားအဆုံးမသတ်ခင် အိမ်ထဲသို့ ဝင်ပြေး၏။

ဂျိုတာက ဂေါ်ပြားကိုပစ်ချထားပြီး အယ်လီမေ့နောက် အပြေးလိုက်သည်။

ပါးစပ်မှလည်း အယ်လီမေနာမည်ကို တကြော်ကြော် အော်ခေါ်သွားသည်။

"မနက်ဖြန်မနက် လပ်ဗ်အလုပ်သွားချိန်ကျရင် နင်အိမ်ပြန်ခဲ့၊ စားစရာလေးဘာလေး ယူခဲ့နော်၊ ငါပြောတာကြားရဲ့လား အယ်လီမေ"ဟု ဂျိုတာကအော်ပြောသည်။

"လပ်ဗ်က တစ်နေ့တစ်ဒါလာရတဲ့ကောင်၊ သူ့မှာ စားစရာ သောက်စရာ ပိုပိုလျှံလျှံရှိတယ်၊ ငါနဲ့နင့်အမေမှာ စားစရာဘာမှ မရှိဘူး၊ တစ်ခါတလေ အရမ်းကိုဆာဆာနေတာ နင်အသိပဲ၊ ငါမှာ တာမှတ်မိရဲ့လား"

အယ်လီမေသည် ခြံဝင်းထဲမှထွက်ကာ ဆေးရွက်ကြီး လမ်းမအလယ်အတိုင်း ကဆုန်စိုင်း၍ပြေးသည်။

ဂျိုတာကနောက်ထပ် ပြောစရာရှိသေး၍ ပြောမည်ဟု ဟန်ပြင်နေခိုက်မှာပင် အယ်လီမေသည်ဂျိုတာနှင့် ကိုက်တစ်ရာခန့် အကွာသို့ ရောက်သွားခဲ့လေပြီ။

ဂျိုတာ့အနေဖြင့် မနက်ဖြန်မနက် အယ်လီမေစားစရာများ ယူလာသည့်အခါ လပ်ဗ်၏ အဝတ်အစားများထဲက ဝတ်စုံတစ်စုံ





လောက် သူ့အတွက် ယူခဲ့ဖို့မှာလိုက်ချင်သေးသည်။

သို့သော် အယ်လီမေသည် သူဘာပဲမှာမှာ မကြားနိုင်သော နေရာသို့ရောက်သွားပြီ။

သူက လပ်ဗ်အိမ်ကိုသွားတော့ဟု ခွင့်ပြုလိုက်ကတည်းက အယ်လီမေသည် ထိုအိမ်ကို အမြန်ဆုံးရောက်ဖို့သာ စိတ်စောနေဟန် တူ၏။

သည်လိုဆိုလျှင် ကိစ္စမရှိ။ အယ်လီမေသည် သူလိုချင်သည့် အဝတ်အစားတစ်စုံယူပြီး နောက်တစ်ရက်မနက်ကျတော့ နောက်တစ်ခေါက် လာနိုင်သေးသည် မဟုတ်လော။

■

# ( ၁၉ )

နွေဦးပေါက်ကာလ၏ ထွန်ယက်ချိန်သည် ကျော်လွန်သွားခဲ့လေသည်။

ဖေဖော်ဝါရီလကုန် နောက်ဆုံးရက်သတ္တပတ်နှစ်ပတ်ကာလတစ်လျှောက်လုံး ရာသီဥတုသည် ခြောက်သွေ့လျက်ရှိ၏။

ထွန်ဖို့ယက်ဖို့ စိုက်ဖို့ပျိုးဖို့အတွက် ရာသီဥတု အခြေအနေမပေးသည်မှာ ခြောက်နှစ်ခုနှစ်နှစ်ခန့်ရှိခဲ့လေသည်။

ဖြစ်ရိုးဖြစ်စဉ်အတိုင်းဆိုပါက မိုးကျလာသည့် ရက်အနည်းငယ်အတွင်း မြေကြီးသည် စိုစွတ်ကာ စေးထိုင်းထိုင်း ဖြစ်လေ့ရှိ၏။

သို့သော် ဤနှစ်တွင် အချိန်ကျရောက်ပုံမှာ နောက်ကျသည်။ ရာသီသည် ဖေဖော်ဝါရီလလယ်ရောက်မှ အစပြုသည်။ ကောင်းကင်တွင်လည်း မြူတိမ်ကင်းကာ ကြည်လင်နေသည်။

ဆောင်းကုန်မိုးရပ်သွားကတည်းက တောက်လျှောက်ရိုက်ခတ်နေသောလေသည် မြေကြီး၌ကျန်ရှိနေသေးသည့် အစိုဓာတ်ကိုပင် ခြောက်သွေ့သွားအောင် ဖန်တီးပေးလျက်ရှိလေသည်။

ဖူးလားတစ်ဝိုက်မှ ယခုနှစ်ဝါစိုက်ရန် အားထုတ်နေကြသော ယာသမားများသည် ဖေဖော်ဝါရီလအကုန်တွင် အားလုံးထွန်ယက်ပြီးနေကြလေပြီ။

ထိုကဲ့သို့ အချိန်ရာသီမကျမီ စောစောစီးစီး စကြရခြင်း၏အကြောင်းရင်းကို မည်သူမှ ဂဃနဏ ပြောနိုင်ကြသည့် လက္ခဏာမရှိပေ။

စောစောစီးစီးစသည့်အတွက် ပူပြင်းသောရာသီနှင့် ကြုံကြိုက်ရသဖြင့် တစ်ဧကဝါအထွက်နှုန်းသည် လျော့နည်းနေတတ်၏။

အကယ်၍ မြေဩဇာကို အလျှံပယ်ဝယ်၍ ထင်သလို သုံးနိုင်လျှင်' တစ်ဧကဝါအထွက်နှုန်း ပေါင်ချိန်လည်းများစွာ တိုးလာနိုင်သည်ဟု တွက်ကြ၏။

ဖူးလားတစ်ဝိုက်ရှိ လယ်သမားတို့၏ မျှော်မှန်းချက်မှာ တစ်ဧကလျှင် ဝါဂွမ်းအထုပ်ကြီး တစ်ထုပ်စာထွက်ရန်ပင် ဖြစ်သည်။

သို့သော် ဝါပိုးကျပြီး နွေရာသီရောက်ကာမှ မိုးရွာလိုက်မည်ဆိုလျှင် ဝါအထွက်နှုန်းသည် တစ်ဝက်ခန့်လျော့နည်းသွားတတ်သည်။

ထို့ပြင် ဝါအထွက်နှုန်းကောင်းသော နှစ်များတွင် ဝါဈေးသည် ကျသွားတတ်ပြန်၏။

ဂျိုတာသည် သူ၏ဘဝတစ်လျှောက်လုံး အချိန်အခါ ရာသီကျသည်နှင့် တစ်ပြိုင်နက် ယာခင်းပေါ်၌ပေါက်နေသည့် ပိတ်စွယ်မြက်ပင်များနှင့် ထင်းရှူးပင်ပေါက်များကို မီးရှို့သည်။

နွေဦးပေါက်ကာလ တစ်လျှောက်လုံး ထွန်ခြင်းယက်ခြင်းဖြင့် အချိန်ကုန်ခဲ့ရသည်။

ယခုတော့မူ ထိုနှစ်ခုစလုံးကို သူမလုပ်နိုင်၊ အချိန်တော့နောက်ကျသည်ဟုမဆိုသာပေ။

သို့သော် ဂျိုတာ၏လက်ထဲတွင် လားတစ်ကောင်မှမရှိ။





ဝါမျိုးစေ့နှင့် မြေဩဇာများကိုလည်း အကြွေးဝယ်၍မရောင်း။ ဒီနှစ်တော့ဖြင့် လားတစ်ကောင်နှင့် လိုအပ်သော ပစ္စည်းများကို အချိန်နှင့်ကပ်ပြီး ရလာလိမ့်မည်ဟု သူအကြီးအကျယ်မျှော်လင့်ခဲ့၏။

သို့သော်လည်း ထိုမျှော်လင့်ချက်မှာ သဲထဲရေသွန် ဖြစ်ရတော့မည့် အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်သည်။

သူ့အနေဖြင့် ယခုနှစ်မစိုက်လျှင် လာမည့်နှစ်စိုက်နိုင်လိမ့်မည်ဟု ဖြေမည်ဆိုက ဖြေနိုင်စရာရှိပါ၏။

သို့သော် ထိုဖြေသိမ့်မှုမှာ ယခင်ကလောက် ထက်သန်တက်ကြွခြင်းမရှိတော့။ သူ့စိတ်ဓာတ်သည် ကျသည်ထက်ကျလာခဲ့ပြီဖြစ်သည်။

သူ့အခြေအနေမှာလည်း တစ်နှစ်ထက်တစ်နှစ် နိမ့်ကျသည်ထက် နိမ့်ကျလာခဲ့ပြီဖြစ်သည်။

ဘုရားသခင်နှင့် မြေပေါ်၌ အစဉ်အဆက် ထားရှိလာခဲ့သော ယုံကြည်မှုသည်ပင် ပျက်ပြားလာခဲ့ရသည်။

သူ့တွင် ဘာမှမရှိ၊ ဘာကြောင့် ထိုကဲ့သို့ ဖြစ်ရသနည်း။ ဒါကိုနားလည်ဖို့ သူကြိုးစားပါ၏။

နားမလည်။ ဘဝတစ်လျှောက်လုံး သူ့တွင်ဘာမှ ပိုင်ဆိုင်မည့် လက္ခဏာလည်းမရှိ။ ဘာကြောင့် ထိုကဲ့သို့ဖြစ်ရပါသနည်း။

သူ့ပတ်ဝန်းကျင်တွင် ထိုအချက်ကို နားလည် သဘောပေါက်သူဟူ၍ တစ်ဦးမျှမရှိ။ ထို့ကြောင့်လည်းသူ့ကို နားလည်သဘောပေါက်သွားအောင် ပြောပြနိုင်မည့်သူ တစ်ဦးမှမရှိ။ ဤအချက်သည် သူ့ဘဝ၏ မဖော်နိုင်သော လျှို့ဝှက်ချက်တစ်ခုဖြစ်နေပေသည်။

မည်သို့ပင်ဖြစ်စေ၊ သူစိုက်ပျိုးလိုသောဝါကို ဤနှစ် မစိုက်ပျိုးနိုင်သည့်တိုင်အောင် လုပ်သင့်လုပ်ထိုက်သည့် ကြိုတင်ပြင်ဆင်မှုများကိုတော့ လုပ်ထားနိုင်လိမ့်မည်ဟု သူမျှော်လင့်သည်။

သူ့အနေဖြင့် ယာမြေပေါ်ရှိ အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများ၊ ပိတ်စွယ်မြက်ပင်ကြီးများနှင့် ထင်းရှူးပင်ကြီးများကို မီးရှို့ထားနိုင်၏။

အကယ်၍ ကံကောင်းထောက်မသဖြင့် လားတစ်ကောင်၊ ဝါမျိုးစေ့နှင့် ဓာတ်မြေဩဇာများကို ရလာခဲ့သည်ရှိသော် အချိန်မီစိုက်ပျိုးနိုင်ဖို့ရှိ၏။ နှစ်စဉ်လုပ်နေကျအတိုင်း မြေကိုပြုပြင်ထားလိုက်မည်ဆိုပါက အရေးကြုံလာသည့်အခါ...။

မတ်လ၏ ပထမပတ် မွန်းလွဲပိုင်းဖြစ်သည်။

ဂျိုတာသည် ဝါခင်းဟောင်းကြီးထဲရှိ ပိတ်စွယ်မြက်ပင်များကြားမှ ဖြတ်၍လျှောက်သွားနေ၏။

သူသည် လမ်းတစ်လျှောက်လုံး မြေကြီးကို ဖိနပ်ဦးဖြင့် ကန်သွား၏။

လိုအပ်သောပစ္စည်းများကိုသာ ဖူးလားမြို့ရှိ စတိုးဆိုင်များမှ အကြွေးဝယ်၍ ရမည်ဆိုပါက လုပ်နိုင်ကိုင်နိုင်သည့် အခြေအနေရှိသေးသည်ဟု တွေးလာသည်။

ယာမီးရှို့ခြင်းနှင့် ထွန်ယက်ခြင်းလုပ်ငန်းသည် မနေ့ကပင် ကုန်ဆုံးသွားခဲ့သည်။

သို့သော် အနံ့အသက်ကတော့ ကျန်သေးသည်။ မြေသင်းနံ့နှင့် ထင်းရှူးပင်ပေါက်များ မီးရှို့ထားသည့်အနံ့တို့သည် မတ်လ၏ ပူနွေးနေသောလေထဲတွင် လွင့်မျောလျက်ရှိသည်။

ဂျိုတာသည် လေထဲ၌ပါလာသော ထိုအနံ့များကို အားရပါးရ ရှူရှိုက်လိုက်သည်။

"ဘုရားသခင်က ဝါစိုက်နိုင်အောင် ကူညီချင်ကူညီမှာ"ဟု တစ်ယောက်တည်းပြောလာ၏။ "သူက ဒီမှာလာပြီး မြေကိုဖန်ဆင်းထားတယ်၊ ပြီးတော့ နေနဲ့မိုးကိုလည်း ဖန်ဆင်းထားတယ်၊ ဘာပဲဖြစ်ဖြစ် တစ်နည်းမဟုတ် တစ်နည်းနဲ့တော့ မျိုးစေ့တို့ ဓာတ်မြေဩဇာတို့ရအောင် လုပ်ပေးသင့်တာအမှန်ပဲ"





ဂျိုတာသည် သူ၏ခန္ဓာကိုယ်နှင့် စိတ်ကို ဆက်လက်ရှင်သန် ဖွံ့ဖြိုးစေနိုင်မည့် အခြေအနေတစ်ရပ်သည် နောက်ဆုံးအချိန်ကျမှကပ်ပြီး ဖြစ်ပေါ်လာလိမ့်မည်ဟု အခိုင်အမာ ယုံကြည်နေဆဲဖြစ်သည်။ ထိုမျှော်လင့်ချက်ကလေးကတော့ အခုအချိန်အထိ သူ့ရင်၌ အမြစ်တွယ်နေဆဲဖြစ်သည်။

မွန်းလွဲပိုင်းနေသည် ပူနွေးနွေး၊ လေကတော့ ဖြည်းဖြည်းသာသာ တိုက်ခတ်လျက်ရှိ၏။ ညဥ့်ပိုင်းများတွင် အအေးဓာတ်မရှိတော့သည်မှာ တစ်ပတ်လောက်ရှိခဲ့ပြီ။ လူအများသည် ညပိုင်းကျလျှင် ဆင်ဝင်ရှေ့၌ ထိုင်နေနိုင်ကြပြီ။

အရှေ့ဘက်မှ လေပြည်လေညင်းသည် သာသာယာယာ တိုက်ခတ်လျက်ရှိ၏။ ယာမြေပေါ်မှ မီးရှို့ထားသော ပိတ်စွယ်မြက်ပင်များဆီမှ မီးခိုးငွေ့များသည် အနောက်ဘက်သို့ ရွေ့လျားနေကြ၏။ ဂျိုတာသည် သူ့နှင့်အလှမ်းဝေးရာသို့ ပြေးသွားနေသော မီးခိုးများကို မျှော်ကြည့်နေသည်။

ဤပတ်ပတ်လည်၌ မီးမရှို့ဘဲ စွန့်ပစ်ထားသည့် ယာမြေကွက်များစွာရှိသည်။ မစိုက်မပျိုးဘဲ နေလာခဲ့သည်လည်းကြာပြီ၊ အချို့ဆိုလျှင် နှစ်ပေါင်းဆယ်နှစ်မှ ဆယ့်ငါးနှစ်ထိ ကြာမြင့်ခဲ့ပြီ၊ ယာမြေများ၏ တစ်ဖက်တွင်မူ ထင်းရှူးတောများ။

"တကယ်လို့များ တွမ်နဲ့တခြားသားတွေသာရှိရင် ဝါမျိုးစေ့နဲ့ မြေဩဇာရအောင် လုပ်ပေးချင်လုပ်ပေးနိုင်မှာ"ဟု သူ့နှုတ်မှ ရေရွတ်သည်။ "ငါ့မှာ ဝါမျိုးစေ့နဲ့ မြေဩဇာရနိုင်ရင် လားတစ်ကောင်လောက် ငှားလို့ရနိုင်တဲ့နေရာကို ငါသိတယ်၊ ဒါပေမဲ့ ဝါစေ့နဲ့ မြေဩဇာမရှိလို့ကတော့ လားရလည်းအလကားပဲ၊ ငါ့မြေတွေပေါ်မှာ ပိတ်စွယ်မြက်ပင်နဲ့ ပေါင်းပင်ချုံပင်တွေကလွဲပြီး တခြား ဘာအပင်မှလည်း မစိုက်နိုင်တော့ပါလား"

သူသည် အိမ်ဘက်သို့ ပြန်လျှောက်လာပြီး နောက်ဖေးလှေကားခုံတွင် ဝင်ထိုင်သည်။

သူသည် အိပ်ရာမဝင်မီ နားနေသည့်သဘောဖြင့် ဤနေရာ၌ထိုင်ကာ တထိန်ထိန်တညီးညီး တောက်လောင်နေသည့် ယာမြေများပေါ်မှ မီးတောက်မီးလျှံများကို မျှော်ကြည့်နေသည်။

အမှောင်ထုသည် နက်ရှိုင်းလာသည်။ သူသည် ထိုင်ရာမှထကာ အိမ်ထဲသို့ဝင်ခဲ့၏။

အိပ်ခန်း၏နောက်ဘက် ပြတင်းပေါက်အနီးသို့ သွားရပ်ကာ သူ့ရှူးဖိနပ်ကြီးများကို ချွတ်သည်။

အမှောင်ထုကြီးထဲမှ တထိန်ထိန်တညီးညီးဖြစ်နေသော မီးပုံများ၊ သူမြင်နေရသမျှ မီးတောက်မီးလျှံများသည် အမြင်လှနေကြပေသည်။ အချို့မီးတောက်မီးလျှံများသည် တောင်ကုန်းများပေါ်သို့ တရွေ့ရွေ့တက်သွားနေကြသည်။

ဤမီးတောက်များကြောင့် မိုးကောင်းကင်တွင် လိမ္မော်ရောင်သန်းနေသည်။ အချို့ကတော့ ယာခင်းထဲတွင် ကွေ့ကွေ့ကောက်ကောက်လျှောက်၍ လောင်သွားနေကြသည်။

မြွေကြီးတစ်ကောင်နှင့်တူပင် တူလေသေး၏။ ယာမီးများသည် အိမ်ရှေ့ဘက်မှာရော၊ အိမ်နောက်ဘက်၌ပါ တောက်လောင်နေကြခြင်းဖြစ်၏။ သူ နေ့ခင်းကရပ်၍ မီးစရှို့ခဲ့သော နေရာတွင်မူ မီးလောင်ကျွမ်း၍ဖြစ်ပေါ်လာသည့် အမည်းကွက်ကြီး။ ဤအမည်းကွက်ကြီးသည် မိုးထပ်၍မရွာမချင်း ဤအတိုင်းပင်တည်ရှိနေလိမ့်မည်ဖြစ်၏။ အေဒါအိပ်မောကျနေပြီ ဖြစ်သော်လည်း သူအိပ်၍မရသေး။ တစ်အိမ်လုံးတိတ်လျက်ရှိ၏။

အိမ်ထဲတွင် သူတို့နှစ်ယောက်မှတစ်ပါး အခြားလူမရှိ။ သူအိပ်မပျော်၍ အဖော်ရှာမည်ဆိုပါကလည်း အဖော်လုပ်စရာ လူတစ်ယောက်မျှမရှိ။ ဂျိတာသည် အိပ်ရာထက်တွင်ပင် ဘယ်ပြောင်းညာလူးဖြစ်လျက်ရှိသည်။

ထင်းရှူးသားများနှင့် ပိတ်စွယ်မြက်ပင်များ မီးလောင်နေသည့်အနံ့သည် ညဥ့်လေထဲတွင် လိုက်ပါလာလျက်ရှိ၏။





ထိုအနံ့များနှင့်အတူ အဝေးကြီးက လွင့်ပါလာသော မြေသင်းနံ့။ သူသည် မျက်နှာကြက်မည်းမည်းကြီးကို စိုက်ကြည့်နေသည်။ မနက်ဖြန် မနက်ကျလျှင် လားတစ်ကောင်တော့ ရရအောင် ရှာ၍ငှားမည်ဟု အခိုင်အမာ သန္နိဋ္ဌာန်ချသည်။

သူအသက်ရှင်နေသမျှ ကာလပတ်လုံး ယာမြေအကုန်လုံးကို မစိုက်နိုင်သည့်တိုင်အောင် ယာတစ်ကွက်လောက်မှာ ဝါစိုက်မည်ဟူသော ဆုံးဖြတ်ချက်များဖြင့် ပြည့်နေသည်။ မီးသည် ညဥ့်အမှောင်ထဲတွင် အရှိန်အဟုန်ပြင်းစွာဖြင့် တောက်လောင်လျက်ရှိ၏။

မီးတောက်များသည် ထင်းရှူးပင်ပေါက်များတည်ရှိရာ ဒေနောက်ဘက်သို့ တရွေ့ရွေ့လောင်သွားလျက်ရှိသည်။

ထို့နောက် ထင်းတောကိုဖြတ်၍ လောင်သည်။

ဝက်သစ်ချရိုင်းပင်များကတော့ မားမားမတ်မတ် ကျန်နေခဲ့သော်လည်း အရောင်အဆင်းကတော့ မီးသွေးခဲသဖွယ် မည်းနက်နေသည်။ ထိုအပင်များကတော့ ထင်းရှူးပင်များလို သေသွားကြလိမ့်မည်မဟုတ်။ အရှေ့ဘက်တစ်ခွင်၌ အရုဏ်ဦး၏ အလင်းရောင်သီည် သန်းစပြုလာပြီ။

လေသည် မြောက်ဘက်သို့ ရှေးရှုပြီးတိုက်ခတ်နေသည်။ နေ့မရောက်မီည၏ နောက်ဆုံးလေဖြစ်၍ ညင်သာသည်။

သို့တစေလည်း...လေကြောင်းကပြောင်းသွားသဖြင့် အိမ်၏ဘေးတစ်ချက်ရှိ မီးတောက်များသည် အရှိန်အသစ်ပြန်ရကာ လေကြောင်းအတိုင်း လျှောက်လိုက်လေသည်။

တဖြည်းဖြည်းနှင့် မူလစပေါင်ရှို့ခဲ့သည့်နေရာသို့ ဦးတည်ပြီးလောင်လာသည်။

ပိတ်စွယ်မြက်ပင်များ မရှိတော့သည့် ထိုနေရာသို့ရောက်လျှင် မီးတောက်သည် အညွန့်ကျိုးကာ ငြိမ်းသွားဖို့သာရှိတော့သည်။

လောင်စရာဆို၍ အိမ်၏တစ်ဖက်တစ်ချက်တွင် ယာခင်းများရှိ၏။ ထိုယာခင်းများကိုလောင်ပြီး ဆက်၍လောင်နိုင်သောနေရာ

မှာ တောအုပ်အတွင်းမှ မြေများနှင့် တောင်ကုန်းများပေါ်မှ မြက်ပင်များ၊ အိမ်ဘေးအရှောက်တွင် ပိတ်စွယ်မြက်ဝင်များကြားမှ မီးတောက်သည် နံနက်ခင်းလင်း၍ လေ၏ကြားတွင် ခုန်ပျံလူးပ်ရှားလျက်ရှိ၏။

မီးတောက်သည် အိမ်ဘက်သို့ ကပ်၍ကပ်၍လာ၏။

အိမ်နှင့်မီးတောက်ကြား ခြားထားသည့် သဲမြေပြင်သည် မကျယ်လှ၊ အကယ်၍ လေသာခပ်ပြင်းပြင်း တိုက်လိုက်မည်ဆိုပါမူ မီးတောက်သည်ကြီးလာမည်။

ထိုအခါ အိမ်ဘေးရှိမြက်ပင်များမှ မီးအစအနများသည် ဟိုသည်မြူးကာ လွင့်ကြစဉ်ကြမည်။

နေထွက်လာချိန်တွင် လေသည် မီးတောက်ကိုဖမ်းမိကာ ခြောက်သွေ့နေသော မြက်ပင်များဆီသို့ပို့ပေး၏။

မြက်ပင်များမှ မီးစမီးနများသည် အိမ်ပေါ်သို့မိုးရွာချသည့်နှယ် ပြန့်ကျဲပြီးကျသည်။

အချို့သည် လမ်းခုလတ်မှာ ငြိမ်းသွားသော်လည်း အချို့ကတော့ နှစ်ပေါင်းငါးဆယ်ကျော်မျှ မပြုမပြင်ဘဲထားခဲ့သည့် အိမ်ခေါင်မိုးပေါ်သို့ မီးမသေဘဲကျကြ၏။

ခေါင်မိုးမှအပေါက်များ ဗလပွရှိနေသည်ဖြစ်ရာ မီးစများသည် ထိုအပေါက်များမှတစ်ဆင့် အတွင်းသို့ကျ၏။

ထိုမီးအစအနများသည် နီးစပ်ရာလောင်စာများဆီသို့ လျင်မြန်စွာ ကူးစက်ပျံ့နှံ့ကြလေ၏။

ဂျိုတာနှင့် အေဒါတို့သည် နေနှင့်အတူ အိပ်ရာမှနိုးမြဲဖြစ်၏၊ အခုဆိုလျှင် နေထွက်ပြီ၊ သူတို့နိုးချိန်ရောက်နေပြီ၊ သို့သော် တစ်ယောက်မျှ ပြတင်းပေါက်အနီးသို့ ရောက်မလာ၊ နှစ်ယောက်စလုံးအိပ်ပျော်နေကြဆဲဖြစ်၏၊ စက္ကန့်အနည်းငယ်မျှအတွင်း မီးသည် ခေါင်မိုးတစ်ခုလုံးကို ဟုန်းဟုန်းတောက်မျှ စွဲလောင်သည်။

နှစ်ပေါင်းများစွာကြာပြီဖြစ်၍ ဆွေးမြည့်ခြောက်သွေ့နေပြီ





ဖြစ်သော ထုပ်၊ လျောက်၊ ဒိုင်းစသည်များသည် မိနစ်အနည်းငယ်မျှအတွင်း ကြမ်းပြင်နှင့် အိပ်ရာများပေါ်ပြုတ်ကျကြသည်။

ခေါင်မိုးကို မီးစွဲပြီးသည့်နောက် နာရီဝက်ခန့်မျှ အကြာတွင် တစ်အိမ်လုံးပြာကျသွား၏။ အေဒါနှင့်ဂျိုတာတို့သည် ဘာဖြစ်သွားကြသည်ကိုပင် မသိလိုက်ကြပေ။

နံနက်နေထွက်စအချိန်တွင် အိပ်ရာမှနိုးကြသော အနီးအနားမှ ယာသမားများသည် မီးခိုးများနှင့် မီးတောက်များကို မြင်ကြသည်။ အများစုသည် ဆေးရွက်ကြီးလမ်းအတိုင်း ပြေးလာကြပြီး ယာခင်းများကိုဖြတ်ကာ လက်စတာမိသားစုနေအိမ်သို့ ရောက်လာကြသည်။

အိမ်ထဲမှပစ္စည်းများကို ရနိုင်သမျှ သယ်ထုတ်ပေးကြရန် ဟူသော ရည်ရွယ်ချက်ဖြင့် ရောက်လာကြခြင်းဖြစ်၏။

သူတို့အနေဖြင့် အလွန်အမင်း ခြောက်သွေ့နေသော အိမ်တစ်လုံး မီးလောင်ရာ၌ မည်မျှလောက်မြန်ဆန်သည်ကို မသိကြ၊

လပ်စ်၊ အယ်လီမေ၊ ဘက်ဆီနှင့် ဒူဒီတို့ ဆိုက်ရောက်သွားကြသောအခါ ပြာကျနေပြီဖြစ်သော အိမ်၏အနီး၌ လူနှစ်ဆယ်သုံးဆယ်ခန့် ရပ်နေသည်ကိုတွေ့ကြရ၏။

ဘာမှလုပ်၍ မရနိုင်တော့သည့် အခြေအနေဖြစ်၏၊ ဂျိုတာ၏ မော်တော်ကားအိုကြီးမှာလည်း မီးသွေးပုံကြီးဖြစ်လျက်ရှိ၏၊

အချို့လူများက ပြာပုံကြီးကို တုတ်ဖြင့်လျှောက်ထိုးကြ၏၊ အလောင်းများကိုရှာတွေ့လျှင် အမြန်ဆုံးသယ်ထုတ်ရန်ဖြစ်သည်၊ သို့သော်လည်း ပြာပုံက အဆမတန် ပူနေသဖြင့် အနားသို့ကပ်မရဘဲ ဖြစ်လျက်ရှိသည်။

"ဘုရားသခင် ဒီအိမ်ကိုကျိန်စာတိုက်ထားတာ"ဟု ဘက်ဆီက ပြောသည်။

"သူက ဒီအိမ်ကို ဆက်ပြီးမမြင်ချင်တော့ဘူး"

ဘက်ဆီကိုမည်သူကမျှ ဂရုမစိုက်ကြချေ။

"အခုလိုဖြစ်သွားတာ ဂျိုဒ်တာ့အတွက်ကောင်းပါတယ်ကွာ" ဟု ယာသမားတစ်ဦးက မှတ်ချက်ချ၏။

"သူ့ခများ၊ အမြဲတမ်းလိုလို ဝေါ်ပြီးသေတော့မလောက် ဖြစ်နေတာပဲ၊ ဘာမှလည်း မစိုက်နိုင်ဘူး၊ ငါထင်တာတော့ သူ့သား သမီးတွေက အိမ်မှာ ဥမကွဲသိုက်မပျက်နေပြီး သူ့အဖေကို ယာစိုက် နိုင်အောင် ကူညီသင့်ပါတယ်ကွာ"

မီးတငွေ့ငွေ့လောင်နေသော ပြာပုံကိုကြည့်ပြီး လပ်ဇ် ပထမဦးဆုံး တွေ့မိသည့်အရာမှာ သူသေသည့်အခါ အဝတ်အစား သစ်များ ဝတ်ဆင်ပေးပါဟူသော ဂျိုဒ်တာ၏ စကားဖြစ်သည်။

အခုတော့လည်း ဘာမှလုပ်စရာမလိုတော့။ အားလုံး ပြာကျကုန်ပြီဖြစ်၏။ မီးများငြိမ်းသွားသည့်အခါ လူများသည် ပြာပုံ ထဲသို့သွား၍ ရှာကြသည်။ အလောင်းနှစ်လောင်းကို ထုတ်ယူလာပြီး လမ်းဘေးရှိ သစ်ပင်တစ်ပင်အောက်တွင် ချထားလိုက်ကြ၏။

သစ်ရွက်များမှာ မီးဟပ်ထားသဖြင့် ခြောက်သွေ့နေကြ၏။ အိမ်နှင့်အလှမ်းဝေးသော အပင်ဖြစ်သဖြင့် မီးတော့လောင်မသွားပေ။ ခြံဝင်းထဲရှိ အိမ်နှင့်နီးသော သစ်ပင်ဟူသမျှမှာ အိမ်နှင့်အတူပြာကျ သွားခဲ့ပြီဖြစ်၏။

ချက်ချင်းပင် အလောင်းနှစ်လောင်းမြှုပ်ရန် တွင်းတူးဖို့ ပြင်ဆင်ကြသည်။ မီးလောင်ထားသော ဂေါ်ပြားနှစ်လက်သုံးလက် ကို ရှာဖွေတွေ့ရှိကြသည်။ သူတို့က "တွင်းဘယ်နားတူးချင်ကြသလဲ" ဟု လပ်ဇ်ကိုမေးကြသည်။

နောက်ဆုံးတွင် ယာမြေနှင့်ဝေးသော သစ်တောထဲ၌ တူး မည်ဟု ဆုံးဖြတ်လိုက်ကြ၏။

အကယ်၍ယာထဲ၌ မြှုပ်နှံခဲ့ပါမူ လာမည့်နှစ်သီးနှံစိုက် ချိန်ကျ၍ ထွန်ယက်သည့်အခါ အလောင်းများပြန်ပေါ်လာမည်ကို စိုးရိမ်သောကြောင့်ဖြစ်ပေသည်။

လူများသည် တွင်းတူးကြသည်။





ထို့နောက် အလောင်းနှစ်လောင်းကို တွင်းထဲသို့ ချလိုက် သည်။

အချို့လူများသည် သေသူနှစ်ဦးအတွက် ဆုတောင်းရန် ဘက်ဆီအားတိုက်တွန်းကြ၏။

သို့သော်ဘက်ဆီက ဂျိုဒ်တာနှင့်အဒေါ်တွက် သူ ဆုတောင်း မပေးနိုင်ဟုဆို၏။

ထို့ကြောင့် ဘာဆုမှမတောင်းတော့ဘဲ အလောင်း နှစ် လောင်းကို မြေမြှုပ်ပစ်ရန်မှတစ်ပါး အခြားလုပ်ရန်မရှိတော့ပေ။

ယာသမားအံများစုသည် နံနက်စာစားရန်အတွက် အိမ်သို့ ကသုတ်ကရက်ပင် ပြန်ကြသည်။

သူတို့တွင် ထိုအလုပ်မှတစ်ပါး အခြားဘာမှ လုပ်စရာ မရှိပေ။ လပ်ဇ်သည် စောစောက အလောင်းနှစ်လောင်းချထားသည့် သစ်ပင်ဘေး၌ထိုင်ကာ မီးလောင်ပြင်ကို ငေးကြည့်နေသည်။

ဘက်ဆီနှင့် ဒူဒီတို့က လပ်ဇ်အလာကို စောင့်နေကြ၏။ အယ်လီမေကတော့ ခပ်လှမ်းလှမ်းမှပင် ရပ်ကြည့်နေသည်။

"အခုလိုဖြစ်သွားတာဟာ ဂျိုဒ်တာအတွက်အကောင်းဆုံးပဲ" ဟု လပ်ဇ်ကပြော၏။

"သူဟာ အချိန်ရှိသမျှ ယာစိုက်ဖို့အတွက်တွေးပြီး သောက ရောက်နေတာ၊ သူ့အဖို့ကတော့ တခြားအလုပ်တွေထက် ဝါစိုက်တဲ့ အလုပ်ကပိုပြီး အရေးကြီးနေတာပဲ၊ အခုဆိုရင် တို့နယ်မှာ သူ့လို စိတ်ရှိတဲ့လူ များများစားစား မကျန်တော့ဘူးလို့ထင်တယ်၊ လူများစု ကတော့ ဝါကြိတ်စက်ရုံတစ်ရုံမှာ အလုပ်တစ်ခုရဖို့ကလွဲပြီး တခြား ဘာမှဂရုမစိုက်တော့ဘူး၊ ဒါပေမဲ့ စက်ရုံတွေကလည်း လူအားလုံး ကို အလုပ်မပေးနိုင်ပါဘူး၊ သူတို့အနေနဲ့ သေတဲ့အထိ ဒီယာမြေ ပေါ်မှာ ဂျိုဒ်တာ့လို ဒုက္ခခံပြီးနေသွားကြရမှာပဲ...။

"အခုအချိန်မှာ သီးနှံတစ်မျိုးမျိုး စိုက်ဖို့ဆိုတာကလည်း အဓိပ္ပာယ်မရှိတော့ဘူး၊ စိုက်ပျိုးရေးလုပ်ငန်းကလည်း ဝင်ငွေမှ

မကောင်းတာ၊ ဝင်ငွေကောင်းဖို့မပြောနဲ့ ထမင်းဝအောင်စားဖို့တောင် မလွယ်ဘူး၊ တကယ်လို့ ဝါစိုက်ပြန်တော့လည်း ထွက်လာသမျှ ဝါတွေကို နည်းအမျိုးမျိုးနဲ့ လိမ်ညာပြီးယူသွားကြတာပဲ၊ ဘုရားသခင်ကလည်း စိုက်တဲ့ပျိုးတဲ့အလုပ်နဲ့ စိုက်တဲ့ပျိုးတဲ့လူတွေကို အရင်ကလို ဂရုမစိုက်တော့ဘူး။ သူကလည်း အခွင့်ထူးခံနေတဲ့ လူချမ်းသာတွေရဲ့ လက်ထဲကငွေတွေကို ထွက်လာအောင်လုပ်မပေးတော့ဘူး"

ဒူဒီသည် မီးလောင်ပြင်မှပြာများကို တုတ်တစ်ချောင်းဖြင့် ယက်ကာ ပစ္စည်းတစ်ခု တွေ့လိုတွေ့ငြား ရှာဖွေလျက်ရှိ၏။

သူတို့အိမ်တွင် အဖိုးတန်ပစ္စည်းဟူ၍ ဘာတစ်ခုမှ ရှိသည် မဟုတ်။

သို့သော် မီးလောင်ထားသည့် မီးဖိုချောင်သုံးပစ္စည်းများကို ကြည့်လို၍ ရှာဖွေနေခြင်းဖြစ်သည်။

"ဂျိုတာရဲ့ ဆန္ဒတစ်ခုကတော့ ပြည့်သွားပါတယ်"ဟု လပ်ဗ်ကပြောသည်။

"ပြည့်သွားတယ်လို့တော့လည်း အတိအကျ မပြောနိုင်ဘူးပေါ့၊ သူကငါ့ကိုပြောလေ့ရှိတယ်၊ သူသေရင် သူ့အလောင်းကို ကျီထဲမှာမထားပါနဲ့၊ သူ့အဖေဖြစ်သလို ဖြစ်မှာကြောက်လို့တဲ့၊ သူ့အဖေသေတုန်းက ဂျိုတာနဲ့ သူ့အပေါင်းအသင်းတွေက အလောင်းကို ကျီထဲမှာထည့်ပြီး ဖူးလားကို ဆေးတံသောက်ဆေးနဲ့ ကိုကာကိုလာ သွားဝယ်ကြတယ်၊ နောက်တစ်နေ့ အလောင်းကို မြေမြှုပ်တော့ ခေါင်းထဲကကြွက်ကြီးတစ်ကောင် ထွက်လာတယ်၊ ကြွက်က ဂျိုတာ အဖေရဲ့မျက်နှာနဲ့ လည်ပင်းတစ်ခြမ်းကို စားသွားသတဲ့...။

"ဂျိုတာကအဲသလိုဖြစ်မှာ သိပ်ကြောက်တာ၊ ဒါကြောင့် သူသေရင် သူ့အလောင်းကို ကျီထဲထည့်မထားပါနဲ့လို့ အမြဲတမ်း မှာတယ်၊ အမှန်တော့ကွာ၊ ဒီကိစ္စဟာ သူဒီလောက်ပူစရာ ကိစ္စ မဟုတ်ဘူး၊ ဘာပြုလို့လဲဆိုတော့ ကျီထဲမှာ ကြွက်တွေမနေတာ ကြာလှပြီမဟုတ်လား၊ ကျီထဲမှာစားစရာဘာမှမရှိတော့ ကြွက်တွေက ဘယ်နေတော့မှာလဲ၊ တစ်ခါတစ်ရံ အစာရှိလိုရှိငြား လာကြည့်ရုံက လွဲပြီး ဘယ်အမြဲနေတော့မလဲ"

"ဘုရားသခင်ဟာ ဂျိုတာကိုသိပ်ပြီး စောင့်ရှောက်တယ်လို့ ကျွန်မကတော့ မထင်ဘူး"ဟု စစ္စတာဘက်ဆီကပြောသည်။

"ဂျိုတာက အတော်ဆိုးတဲ့ ခုစရိုက်သမားဆိုတော့ ဘုရားသခင်က ကျွန်မကိုစောင့်ရှောက်သလို သူ့ကိုမစောင့်ရှောက်ဘူး၊ ဘုရားသခင်က ရှင်တို့ကျွန်မတို့အကြောင်း ကောင်းကောင်းသိတယ်နော်၊ ဘယ်အချိန်မှာ ကျွန်မတို့ကောင်းနေတယ်၊ ဘယ်အချိန်မှာ ကျွန်မတို့ဆိုးနေတယ်ဆိုတာ သိတယ်"

"အခုမှတော့ ဒါတွေဟာ မထူးတော့ပါဘူးဗျာ"ဟု လပ်ဗ်က ပြောသည်။ "ဂျိုတာသေသွားပြီပဲ၊ သူမြေကြီးထဲမှာ တစ်ခုခုစိုက်ချင်တဲ့အတွက် ပူပင်သောက ရောက်စရာလည်း မလိုတော့ဘူး၊ သူ့အနေနဲ့ အသက်ရှင်နေတုန်းကဆိုရင် သိပ်ပြီး စိုက်ချင်ပျိုးချင်တာ၊ ဒါပေမဲ့ စိုက်ခွင့်ပျိုးခွင့် မရခဲ့ဘူး။ ဂျိုတာက ကောင်းကင်ဘုံ သွားဖို့ထက် ဝါစိုက်ဖို့ပိုပြီး စိတ်ထက်သန်နေတဲ့လူပါ"

"တကယ်လို့ သူသြဂတ်စတာသွားပြီး ဝါစက်ရုံမှာ အလုပ်လုပ်မယ်ဆိုရင် သူ့ဘဝဟာ အထိုက်အလျောက်တော့ အဆင်ပြေမှာပဲ၊ သူ့လိုဆင်းရဲတဲ့ ယာသမားက ပစ္စည်းအကြွေးမရတဲ့ အခါကျတော့ ယာစိုက်ဖို့ အခွင့်အလမ်း ဘယ်လိုလုပ်ပြီး ပွင့်မှာလဲ"

"ကျုပ်ကတော့ ဂျိုတာလုပ်တာ မှန်တယ်လို့ထင်တယ်"ဟု လပ်ဗ်ကပြောသည်။ "သူက မြေကြီးပေါ်မှာ စိုက်ပျိုးစားချင်တဲ့လူ၊ စက်ရုံတွေဆိုတာက မော်တော်ကားတွေလိုပဲ၊ ပျော်ဖို့ပါးဖို့လောက်သာ အားထားရတာ၊ မြေကြီးလို မေတ္တာကိုတော့ မပေးနိုင်ဘူး၊ မြေကြီးက သူ့အပေါ်နင်းသွားနေတဲ့ လူတွေကိုပြန်ပြီး ဂရုစိုက်တယ်"

ဒူဒီသည် ပြာပုံပေါ်မှ ပြန်ထွက်လာသည်။ သူ့ဖိနပ်နှင့် အဝတ်အစားများပေါ်၌ တင်နေသည့်ပြာများကို ခါချသည်။ ပြီးတော့ မြေကြီးပေါ်တွင် ဖင်ထိုင်ချကာ ပြာပုံကိုငေးကြည့်နေသည်။ အယ်လီ

မောကတော့ ခပ်လှမ်းလှမ်းမှာပင်ရပ်နေ၏။ သူ့အပြုအမူသည် ပြာပုံအနီးသို့လာရမည်ကို ကြောက်ရွံ့နေသည့်နယ်ရှိသည်။

"အေဒါလည်း အဝတ်အစားသစ်ရမသွားဘူး၊ ဒီဟာကတော့ သနားစရာကောင်းပါတယ်၊ ဒါပေမယ့်ကွာ ထူးတော့မထူးပါဘူး၊ သူ့အဝတ်ဟောင်း ဝတ်လျက်ကြီးနဲ့ မီးအလောင်ခံရတာဆိုတော့ ဘုရားသခင် စီမံပေးတဲ့အတိုင်းပေါ့။ အခုလိုဖြစ်သွားတာကပိုတောင်ကောင်းလိမ့်ဦးမယ် ထင်ပါတယ်"

ဘွားအေကြီးအကြောင်းကိုတော့ မည်သူမျှစကားစပ်၍မပြောကြပေ။ သို့သော် ဘွားအေကြီးတစ်ရက်စော၍ သေသွားသည့်အတွက် လပ်ဇ်ကဝမ်းသာသည်။

အဘွားကြီး၏အလောင်းကို ဂျိုတာနှင့် အေဒါတို့၏တွင်းထဲ၌ အတူတူရော၍ မမြှုပ်ရသည့်အတွက်လည်း စိတ်ထဲတွင်မခံစားရပေ။ ဒူဒီသည် ကားထဲသို့ အရင်ဆုံးဝင်ထိုင်သည်။ သူ့နောက်မှ စန္ဒတာဘက်ဆီ လိုက်သွားသည်။

ကားပေါ်သို့ လပ်ဇ်တက်ထိုင်သည့်အခါ အယ်လီမေကပါကားပေါ်တက်လာပြီး ဘေးမှဝင်ထိုင်သည်။

ကားသည်ခြံဝင်းထဲမှ ထွက်ကာ ဆေးရွက်ကြီးလမ်းပေါ်အတိုင်း ကျောက်မီးသွေးလျှောစင်နှင့် ရွံ့နှံ့ထူထပ်သော မြစ်ဆီသို့ဦးတည်၍မောင်းသည်။ ဒူဒီသည် မော်တော်ကားဟွန်းကို နှိပ်လိုက်၏။ သူတို့ကား ပထမဆုံး သဲတောင်ကုန်းပေါ်သို့ ရောက်သွားသည့်အခါ လပ်ဇ်ကနောက်သို့ မျှော်ကြည့်သည်။

လက်စတာမိသားစု၏ နေရာကိုမြင်နေရ၏။

နံနက်ခင်း နေရောင်အောက်တွင် မည်းနက်နေသော အုတ်မီးဖိုတိုင်ကြီးသည် ပိပြင်ပြတ်သားစွာ ပေါ်လျက်ရှိ၏။

ဒူဒီသည် သူ့လက်ကိုဟွန်းပေါ်မှ ခွာလိုက်ပြီး လပ်ဇ်ကိုလှည့်ကြည့်သည်။

"ကျုပ်ဒီနှစ်တော့ တစ်နေရာရာက လားတစ်ကောင်ရအောင်



ငှားမယ်၊ ဝါမျိုးစေ့နဲ့ မြေဩဇာကိုလည်း ရအောင်လုပ်မယ်၊ ပြီးတော့ဝါစိုက်မယ်"ဟု ဒူဒီကပြောသည်။

"ဒီနှစ်ဝါအထွက်ကောင်းလိမ့်မယ်လို့ ကျုပ်စိတ်ထဲမှာထင်နေတယ်ဗျ၊ အဖေ အမြဲတမ်းပြောနေသလိုပေါ့၊ ကျုပ်လည်းဝါအထွက်ကောင်းအောင် စိုက်နိုင်မှာပါ။

**မောင်ထွန်းသူ**

၁၉၈၈ ခုနှစ်၊ ဧပြီလ (၁၆) ရက်။

